www.burmeseclassic.com

စာပေဗိမာန်စာမူဆုရ

# တစ်ခေတ်တစ်ချိန်က
# ချင်းရိုးမသီရောက်ခဲ့စဉ်

သောင်းညွှန့်သစ်



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

၂၀၀၇ ခုနှစ်၊ စာပေဗိမာန်စာမူဆု

စာပဒေသာ ဒုတိယဆုရ

# တစ်ခေတ်တစ်ချိန်က ချင်းရိုးမဆီရောက်ခဲ့စဉ်

## သောင်းညွန့်သစ်

BURMESE CLASSIC .com

စီစဉ်တည်းဖြတ်သူ - ဒေါ်တင်တင်ဝင်း (ဒီဇင်ဘာမွန်း)
စာတည်း
မျက်နှာဖုံးပန်းချီ - ညီညီ
အတွင်းဓာတ်ပုံများ - ဆန်နီငြိမ်း

စာပေဗိမာန်ထုတ် ပြည်သူ့လက်စွဲစာစဉ်

www.burmeseclassic.com

www.burmeseclassic.com

၂၀၀၉ ခုနှစ်၊ ပထမအကြိမ်၊ အုပ်ရေ - ၁၅၀၀

တန်ဖိုး ( ၆၀၀ ) ကျပ်

ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း

စာပေဗိမာန် စာတည်းမှူးချုပ်က

မှတ်ပုံတင်အမှတ် (၀၇၄၉၂) ဖြင့် ရိုက်နှိပ်၍

မှတ်ပုံတင်အမှတ် (၀၃၉၁၁) ဖြင့်ထုတ်ဝေသည်။

အလုပ်အမှတ် ၅၈၁/၂၀၀၉ ဖြင့်

အောင်ဆန်းပုံနှိပ်စက်ရုံတွင် ပုံနှိပ်သည်။

BURMESE CLASSIC .com

"ယဉ်ကျေးမှုဟူသည် လူသားများ၏ လူမှုဘဝ အဆင့်ဆင့် တိုးတက်ပြောင်းလဲဖြစ်ပေါ်နေသော လူနေမှုဘဝသရုပ်များပင် ဖြစ်သည်"

"တိုင်းရင်းသားတို့၏အမွေအနှစ်"

ပြည်ထောင်စုမြန်မာနိုင်ငံကြီးအစွန်အဖျားစည်းလုံး နိုင်မြဲရေးသည် ပြည်ထောင်စုကြီးအတွင်း၌နေထိုင်ကြသော တိုင်းရင်းသားလူမျိုးအသီးသီးတို့၏ တည်တံ့ခိုင်မြဲမှုအပေါ်မူတည်ပေသည်။

တိုင်းရင်းသားအားလုံးတို့၏ တည်တံ့နိုင်ရေးသည် ထိုလူမျိုးအသီးသီးတို့၏ စာပေ ဘာသာစကား၊ ယဉ်ကျေးမှုနှင့် စောင့်ထိန်းအပ်သောထုံးဓလေ့များကို အလေးထားကာ တိုးတက်နိုင်မာလာအောင် မော်ဆောင်အားထုတ်ကြိုးပမ်းခြင်းသည် ခရီးအရောက်ဆုံးသော နည်းလမ်းတစ်ရပ်ဖြစ်ပေသည်။

"သမိုင်းမော်ကွန်း"

တိုင်းရင်းသားနယ်ချဲ့တော်လှန်ရေးသမိုင်းတစ်လျှောက်တွင် သေအတူရှင်မကွာ၊ လက်တွဲတိုက်ပွဲဝင်၍ အမျိုးသားရေးတာဝန် ကျေပွန်ခဲ့ကြသော ချင်းမျိုးချစ်ခေါင်းဆောင်များနှင့် တိုင်းရင်းသားတို့၏ သမိုင်းဝင်ထင်ရှားသည် မြန်မာ့လူ့ဘောင်အစွန်အဖျားတည်တံ့နေသမျှ ထာဝရ ထွန်းပြောင်နေမည်သာတည်း။

www.burmeseclassic.com

www.burmeseclassic.com

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- ✿ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- ✿ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး။
- ✿ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ✿ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- ✿ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ✿ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ✿ ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ✿ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- ✿ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
- ✿ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- ✿ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- ✿ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

BURMESE CLASSIC .com

# မာတိကာ


| စဉ် | အကြောင်းအရာ | |
|---|---|---|
| ၁။ | စာရေးသူ၏အမှာ | |
| ၂။ | ဦးဂေဒ္ဒီရှိန်း၏အမှာ | |
| ၃။ | ချင်းရိုးမက သွေးချင်းများဆီသို့ | ၁ |
| ၄။ | ချင်းဟူသောအမည် | ၆ |
| ၅။ | ချင်းမျိုးနွယ်များ | ၁၀ |
| ၆။ | ခူမီးချင်းတို့ဒေသပလက်ဝ | ၁၇ |
| ၇။ | ခူမီးချင်းဓလေ့နတ်ပူဇော်ပွဲတစ်ခု | ၃၀ |
| ၈။ | နတ်ပူဇော်တာကို ကြောက်လို့ | ၃၇ |
| ၉။ | ဦးကြာအောင်၏အောင်ပွဲ | ၅၂ |
| ၁၀။ | ခူမီးချင်းဓလေ့ နွားစားပွဲတော် (အရိုင်စံ) | ၆၀ |
| ၁၁။ | မြို့နယ်အတွင်းကျင်းပမြဲ ထင်ရှားသောရိုးရာပွဲများနှင့် ဓလေ့ထုံးစံများ | ၇၁ |
| ၁၂။ | အသုဘရှုဓလေ့များ | ၇၉ |
| ၁၃။ | ပြန်ပေါင်းမင်္ဂလာပွဲတစ်ပွဲ | ၈၇ |
| ၁၄။ | ပလက်ဝမှ မြို့တော်ဟားခါးသို့ | ၉၇ |
| ၁၅။ | နှင်းမှုန်ကြားက မြို့တော်ဟားခါး | ၁၁၃ |
| ၁၆။ | မြို့တော်ဟားခါးမှ ခေါ်နူးစုမ်သို့ | ၁၂၉ |
| ၁၇။ | ကန်ပက်လက်မြို့နယ် | ၁၄၆ |


www.burmeseclassic.com

www.burmeseclassic.com

၁၈။ ကန်ပက်လက်မြို့နယ်အတွင်းရှိ ထင်ရှားသော မလေ့ထုံးစံအချို့ ၁၅၇
၁၉။ တောင်ပိုင်းမြို့တော် မင်းတပ်သို့ ၁၉၂
၂၀။ ချင်းပြည်နယ်၏ဂုဏ်ဒြပ်နွားနောက် (သို့မဟုတ်) နတ်နွား ၁၉၆
၂၁။ မြလေးရုံတောင်တော်၏ သာသနာ့နယ်မြေသို့တစ်ခေါက် ၂၀၁
၂၂။ မုန်းချောင်းကပြန်ခဲ့တယ် ၂၀၇
၂၃။ နွေရာသီစပါးစိုက်၊ မိုးရာသီစပါးရိတ် ၂၂၅
၂၄။ မုန်းချောင်းချိုင့်ဝှမ်း ချင်းပုံခေါ်အူပူးချင်းတို့နှင့်စပ်လျဉ်း၍ ၂၃၀
၂၅။ ပါးရဲထိုးဓလေ့ ၂၃၆
၂၆။ စတုဂံနယ်မြေနှင့် ကျားမုဆိုးများ ၂၄၄
၂၇။ မုန်းချောင်းသစ်တောများနှင့် ကျွန်းသစ်ထုတ်လုပ်ရေး ၂၅၄
၂၈။ ဇနီးမယားတစ်ဦးထက်ပိုယူရခြင်းသည် ၂၆၂
၂၉။ ချင်းတို့၏အတိတ်နိမိတ်ဖတ်ပုံနှင့် အယူအဆများ ၂၇၄
၃၀။ ချင်းဓလေ့ခေါင်ရည် ၂၈၂
၃၁။ လေးစားထိုက်ပါသည် အောက်ချင်းဓာနည် ၂၈၈
- ကျမ်းကိုးစာရင်း
- မှတ်တမ်းတင်ဓာတ်ပုံများ

## စာရေးသူ၏အမှာ

ဤစာမူကိုရေးသားထားခဲ့သည်မှာ နှစ်ပေါင်း (၂၅) နှစ်ခန့်ပင် ရှိသွားပြီဖြစ်ပါသည်။ ၁၉၈၅ ခုနှစ်အတွင်းက ချင်းပြည်နယ်သို့ ပြောင်းရွှေ့အမှုထမ်းရွက်ခဲ့စဉ်ရေးသားခဲ့သော ခရီးသွားမှတ်တမ်း၊ မှတ်စုတစ်ခုပင်ဖြစ်သည်။ ချင်းတောင်ရောက် မြေပြန့်သား တစ်ဦးအနေဖြင့် ချင်းတောင်သို့ရောက်ခဲ့ရာ အရပ်တိုင်း၊ အချိန်ကာလတိုင်း၌ ဘဝအတွေ့အကြုံသစ်များနှင့်အတူ ထူးခြားသော မြင်ကွင်း၊ အသိဗဟုသုတ အသစ်အဆန်းများသာ ဖြစ်နေရပေ သည်။

ချင်းတောင်ဒေသအချို့နေရာများသည် ရောက်နိုင်ပေါက်နိုင်ခဲလှသော နေရာများသာဖြစ်သည်။ တွေ့ကြုံနိုင်ခဲသော အတွေ့အကြုံအမြင်များလည်း များစွာရှိနေပေသည်။ ထို့ကြောင့် မတွေ့ဖူး၊ မကြုံဖူး၊ မရောက်ဖူးသေးသော ဒေသအတွေ့အကြုံအသစ်များ၊ အသိအမြင်သစ်များကို မိမိကဲ့သို့ သိရှိခံစားကြည့်မြင်စေလိုသောဆန္ဒဖြင့် လက်ဆင့်ကမ်းဖြန့်ဝေပေးချင်စိတ်များ



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ပေါ်မိပါသည်။ သို့ကြောင့် ရောက်ရှိတာဝန်ထမ်းဆောင်ရာ ကာလများ၌ လှုပ်ရှားသွားလာ၊ ကြုံကြိုက်၊ တွေ့ဆုံ၊ ဆွေးနွေး မေးမြန်းချက်များနှင့် တွေ့ရှိလေ့လာရသောမှတ်တမ်းမှတ်ရာများ အရ ရရှိခဲ့သော ဗဟုသုတများကို ထုတ်နုတ်ရေးသားတင်ပြခြင်း ဖြစ်ပါသည်။

ကြုံကြိုက်တွေ့ထိခဲ့ရသော အကြောင်းအရာအချက် အလက်များသည် ၁၉၈၅နှင့် ၁၉၈၆ ခုနှစ်ကာလများ၌သာ ဖြစ်ပါ၍ လွန်ခဲ့သော ၂၅ နှစ် အတိတ်ကာလများ၏ အဖြစ် အပျက်အကြောင်းအရာများအနေဖြင့်သာ နားလည်ရှုမြင် ပေးနိုင် ပါရန်တင်ပြအပ်ပါသည်။ အချို့အကြောင်းအရာအချက်အလက်တို့ သည် ကာယကံရှင်များ၏အမည်မှန်၊ နေရာဒေသမှန်တို့အား အရှိကို အရှိအတိုင်း အကြောင်းအရာအမှန်ကို၊ သမိုင်းကြောင်း တန်ဖိုး မယုတ်လျော့စေရန်အတွက် ရည်ရွယ်ရေးသားခြင်းဖြစ်ပါသည်။ မည်သူတစ်ဦးတစ်ယောက်ကိုမျှ ထိခိုက်နစ်နာစေလိုသော ဆန္ဒ မရှိပါကြောင်း ရိုးသားစွာဝန်ခံအပ်ပါသည်။ ဘာသာစကား အသံထွက်များကို မြန်မာစာဖြင့် ရေးသားဖော်ပြရာတွင်လည်း အနီးစပ်ဆုံး စေ့စပ်သေချာအောင် ချင်းအမျိုးသားလူကြီးပိုင်းတို့နှင့် ညှိနှိုင်း ရေးသားအပ်ပါသည်။ ထို့ပြင် ချင်းလူမျိုးများ၏ သမိုင်းဖြစ်စဉ်နှင့် ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများ (အကျဉ်း) ၂၀၀၁ စာအုပ်ကို ထုတ်ဝေခဲ့သော ရန်ကုန်မြို့ရှိ ချင်းသမိုင်းရှာဖွေ ပြုစုရေးကော်မတီ ဒုတိယ ဉက္ကဋ္ဌ ဦးဂေခွီရှိန်း၊ ပြည်နယ် တရားသူကြီးဉက္ကဋ္ဌ (ငြိမ်း)၊ စာရေးဆရာမင်းတပ် (ယူဂျင်း)



က ဖတ်ရှု စိစစ်ပေးခဲ့သဖြင့် အထူးကျေးဇူး ဉပကာရ တင်ရှိပါ သည်။

နိုင်ငံတော်အစိုးရသည် စာပေနှင့် စာနယ်ဇင်းဆိုင်ရာများ နှင့် ပတ်သက်၍ နိုင်ငံတော်အား ဖျက်လိုဖျက်ဆီး အဖျက်သမား သဘောဆောင်သော စာပေများမှအပ အကျိုးပြုစာပေမှန်သမျှ လွတ်လပ်စွာရေးသားဖော်ပြခွင့်ပြု၍ အားပေးချီးမြှောက်လျက်ရှိနေ ပြီဖြစ်ပါသည်။ စာပေမိတ်ဆွေရောင်းရင်းများကလည်း ဤစာအုပ် သည် ရှားပါးသော အတွေ့အကြုံအကြောင်းအရာများဖြစ်၍ တိမ်မြုပ်ပျောက်ကွယ်မသွားစေသင့်ကြောင်း အကြံပြုကြခြင်း လည်း ရှိပါသည်။

ယခင် ၂၅ နှစ် ကာလက အတိတ်သမိုင်း အကြောင်း အရာများသည် ၁၉၈၈ ခုနှစ် နောက်ပိုင်း တပ်မတော်အစိုးရ လက်ထက်ကာလနှင့် နှိုင်းယှဉ်ပါက ဆီနှင့်ရေလိုကွာခြားသွား ခဲ့ပေပြီ။ ခေတ်နှစ်ခေတ်နှိုင်းယှဉ်သိမြင်ခံစားနိုင်စေရန် ခေတ် ဟောင်းကိုလည်း တတ်စွမ်းနိုင်သလောက် သမိုင်းတင်ထားသင့် သည်ဖြစ်ရာ ၁၉၈၅-၁၉၈၆ ခုနှစ် ချင်းတောင် ခရီးသွား မှတ်တမ်း၊ မှတ်စုများကို "တစ်ခေတ်တစ်ချိန်က ချင်းရိုးမဆီ ရောက်ခဲ့စဉ်" တအုပ် အဖြစ်ရေးသားဖြစ်ခဲ့ပါသည်။ မိမိခရီးသွား အတွေ့အကြုံများ၏ ရလဒ်အဖြစ် မှတ်ဖွယ်ရာမှတ်စုအဖြာဖြာတို့ကို ခေတ်ဆင့်ကမ်း တင်ပြခွင့်ရပြီဆိုလျှင် ဤစာအုပ်ရေးသားပြုစု ရကျိုးနပ်ပေပြီ။



www.burmeseclassic.com

www.burmeseclassic.com

## ဦးဂေဒ္ဗီရှိန်း၏အမှာစာ

ဝေးလံသီခေါင်သော ချင်းပြည်နယ်တွင် သစ်တောအရာရှိ ပုဂ္ဂိုလ်တစ်ဦးအနေဖြင့် "ဘုရားဖူးရင်း၊ လိပ်ဥတူးရင်း" ဆိုသလို မိမိ၏ အစိုးရတာဝန်ဝတ္တရားများဆောင်ရွက်ရင်း၊ ရောက်ရှိနေသည့် ပြည်နယ်၏ ဒေသလေ့ထုံးစံများကို နိုက်နိုက်ချွတ်ချွတ် လေ့လာဆည်းပူးပြီး၊ ပြုစုရေးသားသော စာရေးဆရာ သောင်းညွန့်သစ် (၁၀၂၄) အား ဤအမှာစကားဖြင့် ဂုဏ်ပြုပါ၏။

စာရေးဆရာ သောင်းညွန့်သစ် (၁၀၂၄) သည် ၁၉၈၅-၈၆) ခုနှစ် ချင်းပြည်နယ်တွင် နိုင်ငံတာဝန်ကို ထမ်းဆောင်ခဲ့သူ တစ်ဦးဖြစ်သည်။ ထိုအချိန်တွင် ကျွန်တော်သည် ချင်းပြည်နယ် ပြည်သူ့ကောင်စီတရားသူကြီးအဖွဲ့ ဥက္ကဋ္ဌတာဝန်ထမ်းဆောင်ချိန် ဖြစ်ပါသည်။ ကျွန်တော်သည် ချင်းပြည်နယ်ကို ပြည်နယ်သား တစ်ဦးအနေဖြင့် များစွာစိတ်ဝင်စားပါသည်။ အင်္ဂလိပ်ကိုလိုနီ ခေတ်တွင် နိုင်ငံခြားသား စာရေးဆရာများက ချင်းလူမျိုးတို့ အကြောင်းကို ရေးသားကြသည့် စာအုပ်စာတမ်းများမှာ အနည်း ငယ်သာ တွေ့ရှိရပါသည်။ တောင်ပိုင်းချင်းပြည်နယ်အကြောင်း ရေးသားမှတ်တမ်းတင်သူများမှာ သိန်းဖေမြင့်၊ ချစ်ကိုကို၊



ဟသ်ာနှင့် အချို့အနည်းငယ်ကလွဲ၍ မရှိသလောက်ဖြစ်ပါသည်။ ယခုသော် စာရေးဆရာသောင်းညွန့်သစ်က ကျွန်ုပ်တို့၏ ပြည်နယ် တောင်ပိုင်း၊ မြောက်ပိုင်းအပါအဝင် ယဉ်ကျေးမှုဓလေ့ထုံးစံအချို့ကို ရှာဖွေပြုစုရေးသားထားသည်ကို တွေ့ရှိရပါသဖြင့် များစွာ နှစ်ထောင်းအားရပြီး ကြိုဆိုပါသည်။ ထို့အပြင် စာမူရေးသားရာ တွင် ပြည်နယ်ဒေသ၏ မူရင်း ယဉ်ကျေးမှုစာစောင်၊ စာပေများ နှင့်အညီ လိုက်နာပြီး စေ့စပ်သေချာစွာရေးသားထားသည်ကို လည်း တွေ့ရသဖြင့် လေးစားမိပါသည်။

"သမိုင်းတစ်လျှောက်တွင် ချင်းပြည်နယ်သည် မြန်မာ ပြည်မကို မည်သည့်အထောက်အကူတစ်ခုမျှ မပြုခဲ့ဖူးပါ" ဟု တစ်စုံတစ်ဦးကဆိုခဲ့သော် ချင်းအမျိုးသားတစ်ဦးအတွက် နားခါး စရာဖြစ်သော်လည်း ခွင့်လွှတ်ရမည်သာ။ အကြောင်းမှာ ထိုပုဂ္ဂိုလ် သည် ချင်းပြည်နယ်နှင့် ချင်းအမျိုးသားများ၏အကြောင်းကို ကောင်းစွာမလေ့လာခဲ့သောကြောင့်ပင်။

ချင်းအမျိုးသားများသည် မြန်မာပြည်မနှင့် ရင်ပေါင်တန်း လျက် မြန်မာ့နိုင်ငံရေး၊ စစ်ရေးနှင့် စီးပွားရေးတို့တွင် အရေးကြီး သည့် ကဏ္ဍများမှ ပါဝင်ခဲ့ကြပါသည်။

နိုင်ငံရေးအရ ကြည့်မည်ဆိုလျှင် ချင်းပြည်နယ်တစ်ခုလုံး ကို မဆိုထားဘိ၊ တောင်ပိုင်းချင်းပြည်နယ်၊ မင်းတပ်မြို့နယ်ကိုသာ ခွက်ပြီးကြည့်မည်ဆိုလျှင် လွတ်လပ်ရေးရရှိရေးအတွက် ကြိုးပမ်း ဆောင်ရွက်ခဲ့ကြသည့် သခင်အောင်မောင်း (ခေါ်) ဦးဝ[illegible] သူမောင်း၊ သခင်အောင်ညွန့် (ခေါ်) ဦးရှိသားအွမ်းနိန်၊ သခင် အောင်မင်း (ခေါ်) ဦးကီးဖေလိန်းတို့အပါအဝင်သခင် (၃၄)



www.burmeseclassic.com

www.burmeseclassic.com

ဦးတို့ရှိခဲ့ရာ ၄င်းတို့သည် ချုံကို သင်ဖြူး၊ ဆူးကိုမွေ့ယာအဖြစ် အင်္ဂလိပ်တို့၏ အကျဉ်းထောင်တွင် အကြိမ်ကြိမ်အကျဉ်းကျခဲ့ကြပါသည်။ မြန်မာ့လွတ်လပ်ရေးအတွက် အရေးပါသည့် ပင်လုံစာချုပ်ချုပ်ဆိုရာတွင် လည်း ဦးကီယိုမန်း (ဟားခါး)၊ ဦးလှုရ်မှုန်း (ဖလမ်း) နှင့် ဦးထောင်းဇခုပ် (တီးတိန်) တို့ပါဝင်လက်မှတ်ထိုးခဲ့ကြပါသည်။

စစ်ရေးအရကြည့်မည်ဆိုလျှင် ချင်းအမျိုးသားတို့သည် BIA,BDA,BDF တို့တွင် အသီးသီးပါဝင်ခဲ့ကြပြီး နိုင်ငံတော်က ချီးမြှင့်သော မော်ကွန်းဝင်ပေါင်း (၃၀၂) ဦးက ဆွတ်ခူးခဲ့ကြပါသည်။ ၁၉၄၉ ခုနှစ် ရောင်စုံသောင်းကျန်းသူများက ရန်ကုန်မြို့ကြီးကို သိမ်းယူတော့မည့်အချိန်တွင် 1st Chin and 2nd Chin Battalian တပ်ရင်းတို့က ဘွဲ့ထူး၊ ဂုဏ်ထူးများ ရရှိခဲ့ကြပါသည်။ ချင်းပြည်နယ်တောင်ပိုင်း မတူပီမြို့နယ်သား ဗိုလ်ကြီး တိုက်ချွန်း (သူရဘီကျီအမ်) ဘွဲ့ရသူသည် မြန်မာနိုင်ငံ၏ အမြင့်ဆုံးသော သူရသတ္တိအတွက် နိုင်ငံတော်က ချီးမြှင့်သော "အောင်ဆန်းသူရိယ" ဘွဲ့ကို ချီးမြှင့်ခြင်းခံရပါသည်။

စီးပွားရေးအရ ကြည့်မည်ဆိုလျှင် ချင်းပြည်နယ်တွင် ကျွန်း၊ ပျဉ်းကတိုး၊ အင်ကြင်း၊ ပိတောက် စသည့်သစ်မာများကို တစ်နှစ်လျှင် ပျမ်းမျှတန် (၈၀၀၀-၁၀၀၀၀) အထိ ထုတ်လုပ်နိုင်ခဲ့ပါသည်။ ထိုကဲ့သို့ များပြားလှသော ကျွန်းနှင့် သစ်ထုတ်လုပ်ခြင်းအားဖြင့် ချင်းပြည်နယ် ၉ မြို့တို့အကြား ကတ္တရာလမ်းများ လုံလောက်စွာ ခင်းကျင်းနိုင်သည့်အပြင် ဝန်ထမ်းများ၏ လစာများကိုပင် ပေးနိုင်သော နိုင်ငံခြားဝင်ငွေ ရရှိစေခဲ့ပါသည်။ ချင်းပြည်နယ်မြောက်ပိုင်း ဆီရင် (Siyin) ကျိုးဝိုင်း၊ ဟားခါးမြို့နယ်၊ မင်းတပ်မြို့နယ် (မီအယ်ကျိုးဝိုင်း) စသည်များမှ ကျွန်းသစ်များနှင့် သစ်မာများ၊ ကန်ပက်လက်မြို့နယ် (မုန်းခွင်သစ်တောကျိုးဝိုင်း)၊ ပလက်ဝမြို့နယ် (ယွူးချောင်း) စသည့် ကျိုးဝိုင်းများမှ ကျွန်းနှင့် သစ်မာစသည့် သစ်များစွာထွက်ရှိသဖြင့် ချင်းပြည်နယ်၏ သယံဇာတထွက်ရှိမှုမှာလည်း မနည်းပါးလှပါ။



ချင်းပြည်နယ်ရှိ အမြင့်ဆုံးသော တောင်ကြီးကို ဒေသခံတို့က ခေါ်နူးစုမ် (ဝေါ်) ခေါ်နူးမသုန် Khaw Nu M'cuung or Khaw Nu M'htung) ဟုခေါ်ပါသည်။ ခေါ်စုမ် (ဝါ) ခေါ်မသုန်မှာ တောင် Nu မှာ အကြီး၊ ထို့ကြောင့် ခေါ်နူးစုမ် = တောင်ကြီးဟုအမှန်အစ်ပွာယ်ပြန်ဆိုခဲ့ကြပြီး အချို့ကလည်း "နတ်မတောင်" ဟု တရားဝင်ကဲ့သို့ သုံးစွဲနေကြပါသည်။

စာရေးဆရာ သောင်းညွန့်သစ် (၁၀၂၄) သည် ချင်းအမျိုးသားအချို့တို့၏ ဓလေ့ထုံးစံများကို အပတ်တကုတ် ကြိုးစားလေ့လာပြီး ချင်းပြည်နယ်နှင့် ချင်းအမျိုးသားတို့ကို တစ်နည်းအားဖြင့် ဂုဏ်ပြုခြင်းအတွက် လှိုက်လှိုက်လှဲလှဲ ကြိုဆိုပြီး ကျေးဇူးတင်ရှိပါကြောင်း ဆန္ဒပြုရင်း ဤအမှာစာဖြင့် ဆရာသောင်းညွန့်သစ် (၁၀၂၄) အား ဂုဏ်ပြုလိုက်ပါသည်။

ဂေခွီရှိန်း

ချင်းပြည်နယ်တရားသူကြီးဉက္ကဋ္ဌ (ငြိမ်း)

(မင်းတပ်-ယူဂျင်း) (၂၁၉၆)



www.burmeseclassic.com

www.burmeseclassic.com

# ချင်းရိုးမက သွေးချင်းများဆီသို့

၁၉၈၅ ခုနှစ်၊ နိုဝင်ဘာလအတွင်းက ကျွန်တော်သည် ချင်းတောင်သို့ ပြောင်းရွှေ့အမှုထမ်းရန် အမိန့်စာထွက်ခဲ့သည်။ ရာထူးတိုးမြှင့်ခြင်း၊ အသစ်ခန့်ထားခြင်းမျိုးမဟုတ်ဘဲ ရုတ်တရက် ပြည်နယ်တောင်တန်းဒေသများသို့ ပြောင်းရွှေ့မိန့်ကျသဖြင့် အမျိုးမျိုးဝေဖန်ကြပါသည်။

''ချင်းတောင်ထရန်စဖာ ထိတယ်ဆို၊ ဘာပြဿနာဖြစ်လို့လဲ''

''ချင်းတောင်ဆိုရင်တော့ အလုပ်သာထွက်ပါတော့ဗျာ'' စသည်ဖြင့်စုံနေတော့သည်။

မည်သို့ဆိုကြပါစေ၊ မပြောင်းရွှေ့မီ ရန်ကုန်သစ်တောရုံးချုပ်သို့ သွန်ကြားရေးမှူးချုပ်ထံ သြဝါဒခံယူရန်နှင့် လေယာဉ်လက်မှတ်ကိစ္စအတွက်သွားရဦးမည်။ သူတို့ပြောသလို အလုပ်ကတော့မထွက်နိုင်၊ ပြောင်းရန်စီစဉ်ရတော့မည်။ (ထိုစဉ်က သစ်တောဦးစီးရုံးချုပ်သည် ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းတွင် တည်ရှိပါသည်။)

ထိုနေ့က ရုံးချုပ်တွင် ကျွန်တော်နှင့် အလုပ်လွှဲပြောင်းရမည့် ချင်းပြည်နယ်က ပလက်ဝမြို့နယ်ဦးစီးမှူး ချင်းအမျိုးသားဦးထန်ကဲ့ကိုလည်း တွေ့ရ၏။ သွန်ကြားရေးမှူးချုပ်၏ သြဝါဒခံယူသည့်အခါ—

www.burmeseclassic.com

www.burmeseclassic.com



"ဦးသောင်းညွန့် နောက်တစ်ဆင့်ရာထူးတိုးမြှင့်ရမည်ဆိုလျှင်
ပြည်နယ်လုပ်သက် (State Service) လိုတယ်၊ အတွေ့အကြုံလည်း
လိုအပ်တယ်။ ဒါကြောင့် ခင်ဗျားကို ချင်းပြည်နယ်မှာ နေရာချထား
တယ်။ ဟားခါးမှာ ပြည်နယ်မှူးနဲ့သွားတွေ့လိုက်ပါ။ ခင်ဗျားက
စာပေသမားဆိုတော့ အတော်ပါပဲ။ အရောက်အပေါက်နည်းပါးတဲ့
တောင်တန်းဒေသတွေရောက်ဖူးတာပေါ့။ တန်ဖိုးရှိတဲ့အတွေ့အကြုံ
ဗဟုသုတတွေလည်းရတာပေါ့ဗျာ" ဟုဆိုပါသည်။

ဆရာ၏ဩဝါဒစကားကပင် ရှင်းနေပါပြီ။ ပြဿနာကြောင့်
လားဟု မေးရန်မလိုတော့ပါချေ။ "ဘယ်ပြည်နယ်ပဲဖြစ်ဖြစ် အစိုး
စရိတ်နဲ့ သွားရတာပဲဆရာ၊ ယယ်ရွယ်တုန်းသွားရတာ ကျေနပ်ပါတယ်၊
ဒါပေမဲ့ ကျွန်တော်နယ်ပြောင်းရတာ ပြဿနာတစ်ခုခုကြောင့်လို့
ပြောနေကြတယ် ဆရာ"

အမှန်မှာမူ ဝန်ထမ်းဘဝပြောင်းရွှေ့အမှုထမ်းရသည်မှာ အဆန်း
တော့လည်းမဟုတ်ပေ။

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ပြည်နယ်နှင့် တိုင်း (၁၄)
ခုအနက် စတုတ္ထမြောက်ပြည်နယ်ဖြစ်သော ချင်းပြည်နယ်သည် ၁၉၈
ခုမတိုင်မီကာလများက လမ်းပန်းဆက်သွယ်ရေးအလွန်ခက်ခဲသော
ဒေသဖြစ်ခဲ့သည်။ ဝန်ထမ်းများကို တာဝန်ချထားရာ၌ ခေါင်၍ခက်ခဲ
သော တောင်တန်းဒေသတစ်ခုအဖြစ် သတ်မှတ်ခဲ့ပေသည်။ မြေပြန့်
သားတို့လည်း အလွန်အရောက်အပေါက်နည်းပါးခဲ့ကြသည်။

ထိုအချိန်ကာလများက ချင်းတောင်ပြောင်းကြရမည်ဆိုလျှင်
ကြောက်ကြသည်။ ရာသီဥတုကြမ်းတမ်းတယ်၊ အစားအသောက်



များပါးတယ်၊ တောင်ကြီးတွေတက်ရဆင်းရနဲ့ မြေပြန့်ဟူ၍မရှိ၊
ဆက်သွယ်ရေးခက်သည့်ဒေသဟု ပြောဆိုခဲ့ကြသည်။

အမှန်တော့ ချင်းပြည်နယ်သည် အလွန်ငြိမ်းချမ်းသော၊
အေးချမ်းသာယာလှပသော နယ်မြေဖြစ်ပေသည်။ သောင်းကျန်းသူဟူ၍
သမိုင်းတစ်လျှောက်ရန်စွယ်ရန်ငုတ်ပင်မရှိပေ၊ ချင်းရိုးမ၏ တောင်
တန်းတို့သည် တောင်ဇလပ်ဖြူတို့ ပွင့်လန်းအလှဆင်သော သစ္စာ
နယ်မြေဖြစ်သည်။ တောင်ဇလပ်နီတို့ တင့်ရွှန်းဝေဆာသော နယ်ချဲ့
တော်လှန်ရေး၊ ရဲစွမ်းသတ္တိပြခဲ့ကြသည့် အမျိုးသားနယ်မြေဖြစ်သည်။
ပြည်ထောင်စုကြီး၏ အရွယ်တူကြယ်ဖြူ (၁၄) လုံးအနက်က ကြယ်ဖြူ
တစ်ပွင့်ပင်ဖြစ်သည်။

မရောက်ဖူးသေးသော တောင်တန်းဒေသ၊ နယ်မြေအနှံ့သွား
ရမည်၊ အတွေ့အကြုံသစ်တွေလည်းရမည်။ ဗဟုသုတရှာမှီးစုဆောင်း
ပြီးလျှင် စာလည်းရေးမည်ဟူ၍ "ချင်းရိုးမက သွေးချင်းများဆီ
သို့" ခရီးသစ်ခြေဆန့်ခဲ့ပါသည်။

စာရေးသူအနေဖြင့် ၁၉၈၅-၁၉၈၆ ခုနှစ်အထိ (နှစ်) နှစ်ကျော်
တာဝန်ကျခဲ့ပါသည်။ ချင်းရိုးမအစွန်အဖျားဒေသများသို့ မိမိ
များဖြင့် သွားလာရောက်ရှိနေထိုင်ခဲ့ရာတွင် ဒေသခံသွေးချင်းညီ
ကို မောင်နှမများ၏ ဘဝသရုပ်နှင့် ဒေသန္တရဗဟုသုတ၊ အတွေ့
အကြုံများ၊ ထူးခြားသည့်ဖြစ်ရပ်များကို အလျဉ်းသင့်တိုင်း လေ့လာ
နိုင်ခွင့်ရခဲ့ပါသည်။

ချင်းတောင်တန်းဒေသနှင့်စပ်လျဉ်းသော စာအုပ်စာစောင်
ပါးစသည်များလည်း ထွက်ပေါ်ခြင်းရှိပါသည်။ သို့သော် ပြီး
ယ်မရှိပေ။ ချင်းပြည်နယ်မြောက်ပိုင်း ဖလမ်းမြို့နယ်ခွင်ကို

www.burmeseclassic.com

www.burmeseclassic.com



အခြေခံရေးဖွဲ့သော ဆရာဟသ်ာ၏ ''ထင်းရှူးနံ့သင်းတဲ့ချင်းတို့မြေ''၊ မင်းတပ်မြို့မှ မတူပီမြို့ခရီးကို ရေးဖွဲ့သော ဆရာမောင်နေဝင်း၏ ''တောင်ဇလပ်ပန်းတို့လန်းရာမြေ'' စသည်တို့ကဲ့သို့ စာရေးသူများက မိမိတို့ရရှိလိုက်သည့် အခွင့်အခါကောင်းကို လက်လွှတ်မခံကြပေ၊ ကွက်လပ်ဖြည့်ရန် ကျန်ရှိနေသေးသော ချင်းပြည်နယ် တောင်ပိုင်းဒေသ များဖြစ်သည့် ပလက်ဝ၊ ကန့်ပက်လက်၊ မင်းတပ်၊ မတူပီနှင့် ချင်းရိုးမ ကြီးနှင့် စပ်ရာ ယောနယ်ဒေသအချို့တို့မှ သတင်းစကားများဖြင့် ဖြည့်စွက်တင်ပြအပ်ပါသည်။

မိမိတို့ရောက်ရှိနေထိုင်ခဲ့ရာတို့မှ လက်လှမ်းမီသမျှ ဒေသ အတွေ့အကြုံဖြစ်ရပ်အဖုံဖုံတို့ကို လေ့လာမှတ်သားရေးသားသွားခြင်းဖြင့် မြန်မာ့သမိုင်းရေစီးကြောင်းတွင် အုတ်တစ်ချပ်သဲတစ်ပွင့်အဖြစ် သမိုင်းမှတ်တိုင်များစိုက်ထူပေးသော ပြည်သူ့အကျိုးပြုစာအုပ်စာပေများ ထွက်ပေါ်လာနိုင်မည်ဖြစ်ပါသည်။

ထို့ပြင် တိုင်းရင်းသားတို့၏မြတ်နိုးဖွယ်ရာ ရှေးအစဉ်အလာ ရိုးရာယဉ်ကျေးမှု၊ ဓလေ့ထုံးစံအရပ်ရပ်တို့လည်း ပေါ်လွင်လာပြီး အခိုင် အမာမှတ်တမ်းတင်ထားနိုင်မည်ဖြစ်ပေသည်။ တောင်ပေါ်မြေပြန့်စာပေ ပေါင်းကူးသတင်းစကားများဖြင့် လူမှုအဆောက်အအုံ၏အခြေခံကျသော လူမှုရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုစနစ်အရပ်ရပ်တို့အပေါ် တိုးတက်သော အတွေးအခေါ်ယူဆချက်၊ ရှုမြင်သုံးသပ်ချက်တို့ဖြင့် ပေါင်းစပ် အားဖြည့် သွားနိုင်ခြင်းဖြင့်လည်း တိုင်းရင်းသားစည်းလုံးညီညွတ်မှုနှင့် ဒေသဖွံ့ဖြိုး တိုးတက်မှုကို အထောက်အကူပြုနိုင်မည်ဟုယုံကြည်ပါသည်။

သို့ဖြစ်၍ မိမိအတွေ့အကြုံများကို ကိုယ်တိုင်ခံယူချက်နှင့် ရိုးသား စွာ ဝေဖန်ချက်များနှင့်အတူ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ဒေသ



ဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်ကာ ချင်းရိုးမတောင်တန်းဒေသ၏ သဘာဝအခြေအနေများ၊ သွေးချင်းတို့၏ ဘဝသရုပ်မှန်ဓလေ့ထုံးစံ ဖြစ်ရပ်မှန်များကို အလေးပေးရေးသားအပ်ပါသည်။

ရေးသားပြုစုရာတွင် ချင်းတိုင်းရင်းသား မျိုးနွယ်များစွာတို့၏ ရိုးရာဓလေ့ထုံးစံများသည် များလည်းများ၊ ရှုပ်လည်းရှုပ်ထွေးပါသဖြင့် တစ်ကျောင်းတစ်ဂါထာ၊ တစ်ရွာတစ်ပုဒ်ဆန်း မဖြစ်စေရန်လည်း ကောင်း၊ ပိုမိုပြည့်စုံမှန်ကန်စေရန်လည်းကောင်း၊ တစ်ပြေးညီဖြစ်နိုင်စေရန် အတွက် မြို့နယ်မှတ်တမ်းများ၊ ပြည်နယ်အတွင်းပြုစုရေးသားထားသော ချင်းရိုးရာဓလေ့ထုံးစံယဉ်ကျေးမှုစာစောင် စသည်များနှင့် ညှိနှိုင်း ရေးသားသင့်ပါသည် ဟူသော သက်ဆိုင်ရာအဖွဲ့အစည်းများမှ ပုဂ္ဂိုလ် တို့၏ စာပေသတိပေးစကား ဩဝါဒများကိုလည်း အလေးထား ရေးသားပါသည်။

လူမျိုးနွယ်စုတို့၏ ရိုးရာဓလေ့ထုံးစံများသည် အရေးပါသော တိုင်းရင်းသားယဉ်ကျေးမှုတစ်ရပ်ဖြစ်သည်နှင့်အညီ ချွတ်ချော်မှုမရှိစေရန် ဒီလေ့လာချက်များကို မြို့နယ်အစိုးရအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များနှင့် ဒေသခံသက်ကြီးလူကြီးပိုင်းအချို့တို့၏အကူအညီရယူကာ ''မြို့နယ် မှတ်တမ်းစာအုပ် (GAZETTEER) များနှင့်လည်းကောင်း၊ မြို့နယ် တိုင်းရင်းသားများ၏ သမိုင်းကြောင်းယဉ်ကျေးမှုဖော်ထုတ်ပြုစုရေး ကော်မတီ'' မှထုတ်ဝေသော ''ယဉ်ကျေးမှုစာစောင်'' များနှင့်လည်း ကောင်း ညှိနှိုင်းစိစစ်ရေးသားအပ်ပါသည်။

◆ ◆ ◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

# ချင်းဟူသော အမည်

ချင်းလူမျိုးတို့ကို ရှေးဟောင်းအာသံစကားဖြင့်လည်းကောင်း၊ ဗင်္ဂလီဘာသာစကားဖြင့်လည်းကောင်း၊ 'ကုကီ' လူမျိုးဟု အသံထွက်ခေါ်ဝေါ်ခဲ့ကြသည်။ ပုဂံခေတ်ရှေးဟောင်းကျောက်စာတို့တွင် အနောက်ဘက်တောင်ပေါ်ဒေသတို့၌ နေထိုင်ကြသူတို့ကို 'ချင်' ဟူ၍ရေးထိုးထား၏။ ဧရာဝတီမြစ်၏ အကြီးဆုံးလက်တက်ဖြစ်သော ချင်းတွင်းမြစ်ကို 'ချင်တွင်' (သို့မဟုတ်) ခ္လင်တွင်ဟူ၍ ရေးထိုးထားခဲ့သည်။

ကျွန်ုပ်တို့မြန်မာအပါအဝင် အခြားသောတိုင်းရင်းသားတို့က 'ချင်း' ဟုခေါ်နေကြသော်လည်း ချင်းတိုင်းရင်းသားတို့က မိမိတို့ကိုယ်မိမိ 'ချင်း' ဟူ၍ ဘယ်သောအခါမျှ မခေါ်ဝေါ်ခဲ့ကြပေ၊ အခြားတိုင်းရင်းသားတို့က ၎င်းတို့ကို ချင်းဟုခေါ်နေသည်ကိုပင် မသိသူများ ရှိနေခဲ့သည်ဟုဆိုကြသည်။

၁၈၉၃ ခုနှစ်ဝန်းကျင်က ရေးသားထုတ်ဝေခဲ့သော (The Chin Hill Gazetteer) စာအုပ်၊ အတွဲ (၁) စာမျက်နှာ (၃) တွင် တယ်ရီနှင့် တပ်ခ်ဆိုသူတို့က ဤသို့မှတ်ချက်ပြုခဲ့ကြ၏။

''ကျွန်ုပ်တို့က 'ကူကီး' အနွယ်ဝင် 'ချင်း' ဟုခေါ်သော လူမျိုးတို့သည် မိမိကိုယ်ကို ချင်းဟု အခေါ်ခံရသည်ကို မသိသကဲ့သို့ ထိုစကားလုံးကိုလည်း ၎င်းတို့က အသုံးပြုခြင်းမရှိကြ'' ဟုဖော်ပြခဲ့ပေသည်။



ချင်းဟူသော စကားလုံးသည် မည်သည့်အချိန်ကာလ၌ မည်သို့ပေါ်ပေါက်လာခဲ့သည်ကို ချင်းသမိုင်းသုတေသီအတော်များများတို့က လေ့လာခဲ့ကြသည်။ အချို့အဆိုကလည်း 'ဂျင်လုံး' ဆိုသူပုဂ္ဂိုလ်က ဆင်းသက်ပေါက်ဖွားလာခြင်းကို အစွဲပြုလာရာက မြန်မာတို့က 'ဂျင်' မှရွေ့လျော၍ 'ချင်း' ဟုခေါ်နေကြသည်ဟု ဆိုကြသည်။ ဤအဆိုမှာ ခိုင်လုံသော သမိုင်းစဉ်အထောက်အထားမရှိဘဲ တစ်ဆင့်စကားဖြင့် ဒဏ္ဍာရီဆန်လှပေသည်။

## လိုင်မျိုးနွယ်အစ ဆွန်တလားဂူက (Sunthla Cave)

ချင်းပြည်နယ် သစ်တောဦးစီးမှူးကြီး၏ ပြောပြချက်အရ ဗဟုသုတ ဖြစ်ဖွယ်သမိုင်း မှတ်တမ်းတစ်ခုလည်းရှိသည်။ ဖလမ်းမြို့မှ တစ်မိုင်ခန့်အကွာ ရိဒ်ရေကန် သွား ကားလမ်းမှ သုံးမိုင်ဝေးသော 'ဆွန်တလား' ရွာတွင် ဒေသခံတို့အမြတ်တနိုးထားရှိကြရာ အထိမ်းအမှတ်ဆွန်တလားဂူ (Sunthla Cave) တစ်ခုရှိပေသည်။ ထိုဂူသည် လိုင်ဇို (Laizo) မျိုးနွယ်စုဝင်ချင်းလူမျိုးတို့၏ 'လိုင်မျိုးနွယ်အစ ဆွန်တလားဂူက' ဟု မျိုးနွယ်သမိုင်းအဖြစ် မော်ကွန်းတင်ထားကြခြင်း ရှိလေသည်။ လိုင်ဇိုမျိုးနွယ်စုဝင်ချင်းလူမျိုးတို့သည် ထိုဂူမှ စတင်ပေါက်ဖွားဆင်းသက်လာကြသည်ဟု ယူဆချက်များရှိကြပေသည်။ ပြည်နယ် သစ်တောဦးစီးမှူးပင်လျှင် လိုင်မျိုးနွယ်ဝင်ဖြစ်၍ ထိုအချက်ကို အလေးထားခြင်းရှိပေသည်။

အဆိုပါ ဆွန်တလားဂူအတွင်း၌ ရှေးလူတို့အသုံးအဆောင်ပစ္စည်းများဖြစ်သည့် ရှေးဟောင်းအိုးခွက်ပန်းကန်များရှိခဲ့ရာ လူတို့က ဆောင်ရွက်သည့်အခါ သွားရောက်ယူဆောင်သုံးပြီးနောက် မသွားတကျပြန်

www.burmeseclassic.com



သိမ်းဆည်းထားလေ့ရှိခဲ့ကြသည်။ နှောင်းခေတ်လူတို့သည် ပစ္စည်းများ ယူသုံးပြီးပြန်မပို့ဘဲနေခဲ့ကြရာမှ ကာလကြာသော် အကြောင်းအမျိုးမျိုးဖြင့် ဆွန်တလားဂူပိုင် ရှေးဟောင်းပစ္စည်းများသည် ပျောက်ပျက်ကုန်ဆုံးသွားခဲ့ကြောင်းသိရပေသည်။

တစ်ဖန် ကချင်လူမျိုးတို့က ၄င်းတို့ဘာသာစကားဖြင့် ချင်းကို 'ခန်း (HKANG)' ဟုယနေ့တိုင်ခေါ်ဝေါ်နေကြရာ ခန်းမှရွေ့လျော၍ မြန်မာတို့က ချင်းဟူ၍ ခေါ်ဆိုနေကြသည်လားဆိုသည်ကိုလည်း စဉ်းစားခဲ့ကြသည်။

ချင်းမျိုးနွယ်များထဲတွင် မိမိတို့မျိုးနွယ်ကို 'ခိအန်း' (KHANG) ဟုခေါ်ဝေါ်နေကြသူများ ပလက်ဝမြို့နယ်ထဲ၌ ရှိသည်။ လူရှိုင်းအနွယ်ဝင်လူမျိုးစုထဲတွင်လည်းရှိသည်။ ထို့ကြောင့် ၄င်း 'ခိအန်း'မှ ရွေ့လျောပြီး 'ချင်း' ဟူ၍ ဖြစ်လာနိုင်ကြောင်းလည်း လေ့လာရသည်။

ချင်းသမိုင်းနှင့်စပ်လျဉ်း၍ အနီးစပ်ဆုံးနှင့် အခိုင်မာဆုံးလေ့လာချက်တစ်ရပ်သည် ရန်ကုန်တက္ကသိုလ်သမိုင်းပါမောက္ခအဖြစ် အမှုထမ်းခဲ့ဖူးသော ဂျီအိပ်ချ်လု့စ် (G.H.Luce) တင်ပြချက်ပင်ဖြစ်သည်။ သမိုင်းလေ့လာရေးနယ်ပယ်၌ ထင်ရှားသော သုတေသနစာတမ်း တစ်ဆူဖြစ်ခဲ့ပေသည်။ သူ၏တင်ပြချက်တွင် အောက်ပါအတိုင်း လေ့လာရ၏။

ချင်းလူမျိုးများနှင့် မြန်မာလူမျိုးများတို့သည် ရှေးအခါကပင် တစ်ဦးနှင့်တစ်ဦး စစ်မက်ဖြစ်ပွားတိုက်ခိုက်ခဲ့ခြင်းမရှိကြဘဲ ကူးလူးဆက်ဆံပေါင်းသင်းလာခဲ့ကြရာ မြန်မာတို့က အစဉ်သဖြင့် မိတ်ဖွဲ့ပြီး သူငယ်ချင်းဟုခေါ်ဝေါ်နေခဲ့ကြရာမှ 'ချင်း' ဟူ၍ ဖြစ်ပေါ်လာခဲ့သည်ဟု ရေးသားဖော်ပြခဲ့ပေသည်။



ထို့ပြင် တစ်ချိန်က ချင်းလူမျိုးများသည် ချင်းတွင်းမြစ်ဝှမ်းဒေသတစ်ခွင်တွင် ကျက်စားနေထိုင်ခဲ့ကြသဖြင့် ထိုဒေသကို ချင်းတို့ခိုအောင်းနေထိုင်ရာ 'ချင်းတွင်း' ဟုခေါ်ခဲ့ကြပြီး မြစ်ကိုလည်း ချင်းတွင်းမြစ်ဟူ၍ ပင် ခေါ်ဆိုခဲ့ကြောင်း ရေးသားဖော်ပြခဲ့ပေသည်။

သို့ဖြစ်၍ ပါမောက္ခလုစ်၏ လေ့လာယူဆတင်ပြချက်စာတမ်းအရ ချင်းတိုင်းရင်းသားတို့သည် မုံရွာမြို့အထက်ပိုင်း ချင်းတွင်းမြစ်ဝှမ်းဒေသတွင် ကျင်လည်ကျက်စားနေထိုင်သည့် အချိန်မှစ၍ မြန်မာတို့က 'ချင်း'ဟူ၍ အစွဲပြုခေါ်ဝေါ်ခဲ့ကြခြင်းသည် 'ချင်း' ဟူသော ဝေါဟာရစကားလုံး၏ ဇာစ်မြစ်ဖြစ်နိုင်သည်ဟူ၍သာ ယူဆရန်အကြောင်းရှိပေသည်။

⌘ ⌘ ⌘ ⌘ ⌘

www.burmeseclassic.com

www.burmeseclassic.com

# ချင်းမျိုးနွယ်များ

ချင်းမျိုးနွယ်တိုင်းရင်းသားအားလုံးသည် ရှေးအထက်ကျော် ကာရီက မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်လာခဲ့ကြသော တိဗက်မြန်မာ အုပ်စုဝင် ချင်း၊ ကချင်အုပ်စုခွဲတွင် ပါဝင်ပြီး တိဗက်မြန်မာအုပ်စုဝင် ဘာသာစကားကို ပြောဆိုကြသူများသာဖြစ်ပေသည်။ ချင်းပြည်နယ် တစ်ခွင်လုံး၌ နေရာဒေသခြားနားသည့်အလိုက် တောင်တစ်လုံးခြားသွား လျှင်ပင် ဘာသာစကားမျိုးနွယ်စုများ အနည်းငယ်စီကွဲပြားလျက်ရှိနေပေ သည်။ ထိုသို့ကွဲပြားနေခြင်းမှာလည်း ပထဝီရေမြေအနေအထားအရ လည်းကောင်း၊ ဘာသာစကားကွဲပြားမှုကြောင့်လည်းကောင်း၊ အုပ်ချုပ် ရေးမျိုးစဉ်ဆက်အရလည်းကောင်း မျိုးနွယ်စုများစွာ ကွဲပြားလျက်ရှိနေ ခြင်းပင်ဖြစ်သည်။

ပြောဆိုသုံးနှုန်းသော ဘာသာစကားကိုလိုက်၍ ကသည်း၊ မထေးနှင့် ချင်းရိုးရိုးဟူ၍ သတ်မှတ်ခဲ့ကြခြင်းရှိသည်။ တစ်ဖန် ရှေးကုကီချင်း၊ မြောက်ပိုင်းချင်း၊ အလယ်ပိုင်းချင်း၊ တောင်ပိုင်းချင်း ဟူ၍ သတ်မှတ်လာခဲ့ပြန်သည်။ ဘာသာစကားများကို လေ့လာရာတွင် ဘာသာတူအသံကွဲများရှိသကဲ့သို့ အခြေခံအားဖြင့် တူညီပြီး ဘာသာ စကားကွဲပြားသည်များကိုလည်း တွေ့ရသည်။ ချင်းသုတေသီတို့ လေ့လာရသမျှမှာ ချင်းပြည်နယ်တစ်ခွင်တွင် မျိုးနွယ်အလိုက် ဘာသာစကားပေါင်း (၄၄) မျိုးမျှ ကွဲပြားလျက်ရှိကြောင်း သိရပေသည်။



## ရှေးကုကီချင်း

ရှေးနှစ်ပေါင်း (၁၅၀) ကျော်လောက်ကတည်းကပင် အာသံ နယ် လူရှည်တောင်တန်း၌ အခြေစိုက်နေထိုင်လာခဲ့ခြင်းရှိပြီး 'သာဒိုးချင်း' များဝင်ရောက်နယ်ချဲ့လာမှုကြောင့် မြောက်ပိုင်းသို့ပြောင်းရွှေ့လာကြရာမှ လူရှည်တောင်တန်းမြောက်ဖျားနှင့် မဏိပူရနယ်မြေတစ်ဝိုက်တွင် ယခုကာလတိုင် နေထိုင်ကြသည်။

ကုကီချင်းတို့၏ ဘာသာစကားသည် အလယ်ပိုင်းချင်းတို့၏ စကားနှင့် အနီးစပ်ဆုံးတူညီကြောင်း လေ့လာရသည်။ ၎င်းမျိုးနွယ်ဝင်တို့ ကို ကချာနယ်မြောက်ပိုင်း 'တိပါရတောင်' 'စီလဟက်' ဒေသတွင် အများဆုံးတွေ့ရှိရသည်။ ထို့ပြင် 'ရန်ခေါ'နှင့် 'ဟာလန်' များ၊ မဏိပူရပြည်နယ်ရှိ 'အနာလ' များ၊ ရခိုင်တောင်တန်းနယ် ကုလားတန် မြစ်တစ်ဝိုက်၌ တွေ့ရှိရသော 'ကျော' သို့မဟုတ် 'ချော' ဟုခေါ်သော မျိုးနွယ်များလည်း ပါဝင်ပေသည်။

## မြောက်ပိုင်းချင်း

မြောက်ပိုင်းချင်းဆိုသည်များကို အနီးစပ်ဆုံးဘာသာစကား အလိုက် 'သာဒိုးချင်း' များနှင့် စုက္ကတဲ (Sukte)၊ ကမ်ဟောင် (Kanhau)၊ စိယင် (Siyin) ချင်းများဟူ၍ နှစ်စုတွေ့ရသည်။

တစ်ဖန် 'သာဒိုး' ချင်းနှင့် 'ယိုး' ဟူသောမျိုးနွယ်တို့သည် နှစ်ပေါင်း (၄၀၀) ကျော်လောက်က နာဂဒေသ 'စုံမရတောင်တန်း' ချင်း နေထိုင်လာခဲ့ကြရာမှ ယခုတိုင် တီးတိန်ချင်းဟုခေါ်ဆိုသူများဖြစ် ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



တီးတိန်မြို့နယ်အတွင်း၌ ယခုအခါ တီးတိန်ချင်း (၁) ဇီဇန် (ဆီးယင်း) (SIHZANG) (၂) ထာဒို (THADO)(၃) ဇို (ZO) (၄) တေဇန် (TEIZANG) (၅) ဆိုင်းဇန် (SAIZANG) (၆) ခေါနိုး (KHUANO) (၇) ဒိမ် (DIM) (၈) ခွေးတဲ (QUITE) (၉) ဟွာလ်ငို (HAULNGO) (၁၀) ဗန်တဲ့ (VANGTEH) (၁၁) ဖိုင်လဲင် (PHAILEENG) (၁၂) ဗိုင်းဖေ (BAIPHE) စသည့်မျိုးနွယ်စု (၁၂) မျိုး နေထိုင်ကြသည်။

မြို့နယ်အတွင်း၌လည်း ကုန်းမြင့်တောင်ပေါ်ပိုင်း၌ နေထိုင်သူများကို ဇို (ZO) ဟူ၍လည်းကောင်း၊ ကုန်းနိမ့်ပိုင်းခြောက်သွေ့ပူပြင်းသော ဒေသ၌ နေသူများကို 'ဆင်းမ်' ဟူ၍လည်းကောင်း၊ အနောက်မြောက်ပိုင်းအေးမြသောဒေသ၌နေသူများကို 'မာလ်' ဟူ၍လည်းကောင်း သုံးမျိုးသုံးစားခွဲခြားခေါ်ကြပြန်သည်။ ၄င်းသုံးမျိုးအနက်တစ်မျိုးစီတွင် မိသားစုမျိုးနွယ်စုပေါင်း (၃၀) ကျော်မျှ ရှိသည်ဟုသိရသည်။

- **အခြေခံအားဖြင့် ပြောဆိုသောဘာသာစကားအရ** 'တဲဒင်မ် (တီးတိန်) ဆီဇန်၊ ဆိုင်းဇန်၊ ဒင်မဲ၊ ခွေးတဲ၊ ဇို၊ ထာဒို
- **သွေးမျိုးစုအရ** စုံတ်တဲ၊ ထွမ်ဘိမ်း၊ ဘွမ်ခိုင်၊ ဂွါလ်နမ်း၊ မန်းလွန်၊ မန်းထွန် (အဖမျိုးနွယ်ကို လိုက်၍ ကွဲပြားသည်)
- **အုပ်ချုပ်ရေးအရ** 'စုတ်တဲး' သူကြီးမျိုးအုပ်ချုပ်သော နယ်များ၊ 'ဆိုင်းဇန်' သူကြီးအုပ်ချုပ်သောနယ်များ စသည်တို့ ကွဲပြားကြသည်။ (ဟွာလ်ငိုမျိုးနွယ်သည် မြန်မာတိုင်းရင်းသား လူရိုင်းများဖြစ်သည်ဟု လေ့လာသိရှိရသည်။)



**အလယ်ပိုင်းချင်းများ**

ယခု 'မြောက်ပိုင်းချင်းပြည်နယ်' ဟုခေါ်နေကြသည့် ရှေးယခင်အခါများက ဖလမ်းဟားခါးနယ်ဒေသများ အားလုံးကိုခြုံ၍ 'အလယ်ပိုင်းချင်းတောင်' ဒေသများဟု ခေါ်ခဲ့ကြသည်။ ဖလမ်းနယ်ဒေသတွင် 'ရှန်ကွ' (သို့မဟုတ်) 'တရှုံချင်း'၊ 'ဇဟောင်' (ZAHAU) (သို့မဟုတ်) 'ယဟောင်ချင်း'၊ 'လိုင်ဇို' (LAIZO) (သို့မဟုတ်) 'လွန်စီအို'၊ 'ကွန်လီ' 'ငွန်' (သို့မဟုတ်) 'တပေါင်ချင်း'၊ 'လူရှေ' (သို့မဟုတ်) 'ငင်တေးချင်း'၊ 'ဗုန်လငိုချင်း' နှင့် 'ဇင်ဂျက်ချင်း' များ ပါဝင်ကြပြီး 'လိုင်ဇို' စကားကို အများဆုံးအသုံးပြုခဲ့ကြောင်း ရှေးရိုးစဉ်လာရှိခဲ့ကြသည်။

ယခုအခါအဓိကအားဖြင့် (၁) တာရှွန်း (Taishon) (၂) လိုင်ဇို(Laizo) (၃) ခွန်လီ(Khuaugli) (ခေါ်) ဆင်းမ် (၄) ခွာလ်ဆင်းမ်း(khualsin) (၅) ဇာဟောင်(Zahau)(၆) ဇန်ညပ် (Zanniat) (ဇန်နီယပ်) (၇) တပေါင် (Tapou)(၈) လင်တဲ (Lente)(၉) ငွန်း (Ngawn)(၁၀) ဟွာလ်ငို (Hualngo) ဟူ၍ မျိုးနွယ်ပေါင်း (၁၀) မျိုး တွေ့ရှိရသည်။

ဖလမ်းမြို့ရှိ တိုင်ချွန်းမျိုးနွယ်တို့သည် ရှေးအခါက အုပ်ချုပ်ရေးဆိုင်ရာ တန်ခိုးရှိန်ဝါကြီးမားခဲ့သူများဖြစ်ခဲ့သည်။ (လိုင်ဇိုဇာဟောင်နှင့် ဇန်ညပ်) တို့သည် လူအမည်ကိုစွဲ၍ ဖြစ်ပေါ်လာသော မျိုးနွယ်စုများ ဖြစ်ပေသည်။

**ဟားခါးဒေသ**

ဟားခါးဒေသမြောက်ပိုင်း၌ 'လိုင်'(Lai) (ဟားခါး)၊ 'ကလန်[illegible]' နှင့် 'ယိုကွ'၊ ဟားခါးတောင်ပိုင်း၌ လောက်တူ (Lautu)၊

www.burmeseclassic.com

www.burmeseclassic.com



"ဇိုထုန်"၊ "ဆင်မ်ထန် (Senthaug)စသည်တို့ အစဉ်အလာအတိုင်း နေထိုင်လာခဲ့ကြရာ ယခုအခါ (၁) လိုင် (၂) ဆင်မ်ထန် (၃) လောက်တူ (၄) ဇိုဖေ (၅) မဲအေဲ (၆) မီရမ် (၇) ထောရ် (၈) ခွလ်ဆိမ် ဟူ၍ မျိုးနွယ်ရှစ်မျိုးနေထိုင်ခဲ့ကြ၏။ ဟားခါးချင်းမျိုးနွယ် အားလုံးသည် "လိုင်" စကားကိုသုံးကြသည်။ (ဝှန်လငိုချင်းတို့မှအပ ဆိုခဲ့သောမျိုးနွယ်တို့သည် ဆံပင်ကို ဦးခေါင်းထိပ် (သို့မဟုတ်) နဖူးပေါ် ၌ ထုံးလေ့ရှိကြသဖြင့် ၎င်းတို့ကို မြန်မာတို့က "ဗောင်းရှည်" ဟူ၍ လည်းခေါ်ခဲ့ကြ၏။) (ရခိုင်တောင်တန်းမြောက်ဖျားဘက်၌ လူရှည် နှင့် လခါတို့ကိုလည်း အနည်းအကျဉ်းတွေ့ရ၏။) (ကဘော်တမူးဒေသ တွင် (၁) မြန်မာလူရှိုင်း (၂) အနန် (၃) ဂန်တဲဟူ၍မျိုးနွယ်စု သုံးစု တို့လည်း ရှိကြသည်။)

## အလယ်ပိုင်းချင်းများ (တောင်ပိုင်းချင်းပြည်ဟုလည်းခေါ်ကြသည်)

မင်းတပ်၊ ကန်ပက်လက်၊ မတူပီမြို့နယ်ဒေသများပါဝင်သည်။ မင်းတပ်မြို့နယ်အတွင်း၌ (၁) မွင်း (၂) မကန်း (၃) ရောင်တူဟူ၍ မျိုးနွယ်စုသုံးမျိုး၊ ကန်ပက်လက်မြို့နယ်တွင် (၁) မွင်း (၂) ယင်ဒူး (၃) အူးပူးဟူ၍သုံးမျိုး၊ မတူပီမြို့နယ်တွင် (၁) မတူ (၂) မီရမ် (၃) ဒိုင် (ယင်ဒူး) (၄) ဇိုတုံး (၅) "လောက်တူ" ဟူ၍ ငါးမျိုးအခြေခံ မျိုးနွယ်စုများအဖြစ် နေထိုင်ခဲ့ကြောင်း လေ့လာရသည်။ (နောက်ပိုင်း၌ မျိုးနွယ်စုများတိုးပွားကွဲပြားလာသည်ကို တစ်မြို့နယ်ချင်းမှတ်တမ်းများ၌ အသေးစိတ်ဖော်ပြပါမည်)

## တောင်ပိုင်းချင်းများ

တောင်ပိုင်းချင်းတို့ဒေသသည် ပလက်ဝမြို့နယ်ဒေသများ အများဆုံးပါဝင်၏။ ပလက်ဝမြို့နယ်၌ (၁) ခူမီး၊ (၂) ဝါကင်းမ်



(ခေါ်) မရို၊ (၃) အနူး၊ (၄) ခေါင်စို၊ (၅) ပနမ်း၊ (၆) လေးမြို့ ဟူ၍ ခြောက်မျိုး၊ ရှင်းလက်ဝကျေးရွာအုပ်စု နယ်မြေဘက်တွင် (၁) ရော (၂) ကလင်ကော့ (လူရှေ) ဟူ၍နှစ်မျိုးရှိပေသည်။

အကြောင်းအမျိုးမျိုးဖြင့် ချင်းမျိုးနွယ်စုများစွာ ကွဲပြားခြားနား နေကြစေကာမူ မျိုးနွယ်တူများ ပေါင်းလိုက်သော် အဓိကအားဖြင့် (၃၄) မျိုးမျှသာရှိသည်ဟုဆိုသည်။ ဘာသာစကားအနည်းငယ်အလိုက် ကွဲပြားနေကြသော်လည်း မျိုးနွယ်အလိုက် "ပင်မ" စကားများရှိကြ သည်။ လေယူလေသိမ်း အသံထွက်နှင့် ဒေသအလိုက်ဝေါဟာရများ သာ ကွဲပြားလျက်ရှိပေသည်။

## မျိုးနွယ်အလိုက်ဘာသာစကားများ

မြောက်ပိုင်းမျိုးနွယ်စုများတွင် အသုံးပြုကြသော ဘာသာစကား များမှာ -

(၁) တီးတိန်တစ်မြို့နယ်လုံးရှိ မျိုးနွယ်စုအားလုံးနားလည်သော "တီးတိန်" စကား၊

(၂) ဖလမ်းတစ်မြို့နယ်လုံးရှိ မျိုးနွယ်စုအားလုံးနားလည် ပြောဆိုနိုင်သော "တီးတိန်"စကား၊

(၃) ဟားခါးမြို့၊ တစ်မြို့နယ်လုံးရှိ မျိုးနွယ်စုအားလုံးနားလည် ပြောဆိုနိုင်သော ဟားခါး (လိုင်စကား) တို့ဖြစ်သည်။

အလယ်ပိုင်း၌ မင်းတပ်၊ မတူပီတို့တွင် မျိုးနွယ်စုအများသုံး "ပင်မစကားမှာ" (၁) မွင်းနှင့် ဟားခါး (လိုင်) စကားကို သုံးပြု သည်။ မွင်းမေကန်း၊ ဂါ၊ ယင်ဒူး၊ အူးပူးတို့အားလုံးသည့် မွင်း

www.burmeseclassic.com

www.burmeseclassic.com



(သို့မဟုတ်) 'ချိုး' (Cho) ဟူသောစကားကိုသုံးကြသည်။ (ချိုးဆို သောစကားမှာ) ဇို (Zo)၊ ယို (Yo)၊ (ရှို) ဟူသောစကားလုံးများ၏ အသံကွဲဖြစ်ပေသည်။

မတူပီနယ်၌ 'မတူ' ဒိုင်နှင့် မရာတို့သည် ဟားခါး (လိုင်) စကားကို အသုံးပြုကြသည်။ သီးခြားစကားများရှိသည်ဟု ဆိုသော် လည်း ဟားခါးစကားကို အသုံးများကြသည်။ 'ဒိုင်' ဆိုသည်ကို တီးတိန်ဘက်တွင် ဒမ်ဟုခေါ်ပြီး 'မရာ' ဆိုသည်ကိုလည်း ဟားခါးဘက်၌ 'မီရန်' ဟုခေါ်နေသော စကားသံများဖြစ်သည်။

ပလက်ဝမြို့နယ်ဒေသတွင် 'ပင်မစကား' မှာ 'ခူမီး' စကားဖြစ် ပြီး မျိုးနွယ်စုအားလုံးနားလည်ပြောဆိုနိုင်ကြပေသည်။

ယခုအခါ ချင်းပြည်နယ် (၉) မြို့နယ်စလုံး၌သာမက မြန်မာ ပြည်မြေပြန့်ဒေသအနှံ့အပြားတို့တွင် ချင်းလူမျိုးတို့ ပျံ့နှံ့ရောက်ရှိနေထိုင် လျက်ရှိကြသည်။ ဆိုခဲ့သော် ရှေးရိုးရာချင်းမျိုးနွယ်များသာမကတော့ ပေ။ အဆက်ဆက်ပြန့်ပွားလာဟန်ရှိသော ချင်းမျိုးနွယ်စုတို့သည် များစွာတိုးပွားလျက်ရှိပေသည်။

& & & & &

## ခူမီးချင်းတို့ဒေသ ပလက်ဝ

၁၉၈၅ ခု၊ ဒီဇင်ဘာလတွင် ခူမီးချင်းတိုင်းရင်းသားတို့ အများဆုံးနေထိုင်ရာ ပလက်ဝမြို့နယ်သို့ရောက်ရှိခဲ့သည်။ အလုပ် လွှဲပြောင်းလက်ခံပြီးသည်နှင့် မိမိနေထိုင်ရတော့မည့် ပလက်ဝမြို့နယ်၏ အနေအထား စရိုက်လက္ခဏာကို ပဏာမ ယေဘုယျ သိရှိထားရန် အတွက် လေ့လာခဲ့ရသည်။

မြို့နယ်၏သမိုင်းကြောင်း၊ မှတ်တမ်းမှတ်ရာအချက်အလက်များ နှင့် စပ်လျဉ်း၍ လေ့လာပြုစုရာတွင် ကူညီပံ့ပိုးပေးကြသော ထိုစဉ်က ဒေသခံ ဦးအောင်သာတန်း၊ ဦးလှဝင်းနှင့် ဒုရုံးအဖွဲ့မှူး ဦးသန်းထွန်းတို့အား လည်းကောင်း၊ သစ်တောကြိုးဝိုင်းစိုက်ခင်းများနှင့် မြို့နယ်အတွင်း တတ်အားသမျှ လိုက်လံပို့ဆောင်ပြသကူညီပေးသော မြို့နယ်သစ်တော ဦးစီးမှူး ဦးထန်ကျဲအားလည်းကောင်း၊ အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

### ပလက်ဝမြို့နယ်

မြန်မာပြည်တောင်တန်းဒေသများအနက် သဘော်စီး၍သွားရ သော မြို့တစ်မြို့ကို ပြပါဆိုလျှင် ချင်းပြည်နယ်တွင်းက ပလက်ဝမြို့ကို ပြရမည်ဖြစ်ပါသည်။ ပြည်မြန်မာ၏ အနောက်မြောက်စွန်း အိန္ဒိယ

www.burmeseclassic.com

www.burmeseclassic.com



နယ်စပ်တွင်ရှိပြီး ရန်ကုန်မြို့မှဆိုလျှင် ရေမိုင်အားဖြင့်စစ်တွေအထိ (၅၄၀) မိုင်နှင့် ပလက်ဝအထိ (၆၃၆) မိုင်ရှိသည်။

ရန်ကုန်မှ စစ်တွေမြို့သို့ လေယာဉ်ခရီး မိနစ် (၅၀) မျှ စီးရပြီး စစ်တွေမှတစ်ဆင့် ကုလားတန်မြစ်ကြီးကို ဆန်ကာသင်္ဘောတစ်ညအိပ် စီး၍ ရောက်နိုင်ပေသည်။ မည်သို့ပင်ဖြစ်စေ ယာဉ်အသုံးပြု၍သွားပါလျှင် စစ်တွေမြို့မှတစ်ဆင့် သွားရောက်နိုင်ပေသည်။ သို့မဟုတ် ဟားခါး၊ မတူပီတို့မှ တောလမ်းခြေကျင်ခရီးဖြင့်လည်း ရောက်ရှိနိုင်ပေသည်။

စစ်တွေမှပလက်ဝသို့ သင်္ဘောပတ်ခရီးစဉ်သည် ရက်သတ္တတစ်ပတ်လျှင် တနင်္ဂနွေတစ်ရက်ပုံမှန်ရှိသည်။ မိုးရာသီမြစ်ရေများချိန်၌သာ ပလက်ဝမြို့အရောက် တိုက်ရိုက်ခုတ်မောင်းဆိုက်ကပ်နိုင်ပြီး နွေရာသီ ရေကျချိန်များတွင် ပလက်ဝမြို့၏အောက်ဘက် (၄) မိုင်ခန့်အကွာရှိ လောင်းဂဒူးရွာ ဆိပ်ကမ်းအထိသာ သင်္ဘောကပ်နိုင်ပေသည်။ နွေအခါ မြစ်ကြောင်းရေတိမ်ချိန်များ၌ လောင်းဂဒူးအထက်နားရှိ ကျောက်ဆောင် တန်းကြီးတစ်ခု ပေါ်ထွန်းနေလေ့ရှိသဖြင့် သင်္ဘောများ အန္တရာယ်မရှိစေရန် လောင်းဂဒူးဆိပ်ကမ်းမှာသာ ဆိုက်ကပ်ပေးနိုင်ခြင်းဖြစ်သည်။ စက်လှေ၊ မော်တော်ငယ်များနှင့်တစ်ဆင့် ပလက်ဝမြို့ပေါ်အရောက် သွားရပေသည်။

ပလက်ဝမြို့သည် ယခင်အခါက နယ်ပိုင်ရုံးစိုက်ရာတောင်ပိုင်းချင်းတောင်ခရိုင်မြို့တစ်မြို့ ဖြစ်ခဲ့ပေသည်။ ကုလားတန်မြစ် အနောက်ဘက်ကမ်းတွင် တည်ရှိသည်။ မြို့၏မြောက်ဘက် (၉) မိုင်ခန့်ဝေးသော ကျောက်ပန်းတောင်အဖိုနှင့် ကျောက်ပန်းတောင်အမတို့ တောင်နှစ်တောင်ကြားမှ မြစ်ဖျားခံသည့် ပလက်ချောင်းသည် ပလက်ဝမြို့နယ်



တွင် ကုလားတန်မြစ်ကြီးထဲသို့ စီးဝင်သဖြင့် ပလက်ချောင်းဝတွင် တည်ရှိသည်ကို အစွဲပြု၍ ပလက်ဝမြို့အမည်တွင်ခဲ့သည်။

ပလက်ချောင်းမြစ်ဖျားခံရာတောင်ကြား၌ ရှေးအခါက လင်းနို့များ ရှိခဲ့ဟန်တူသည်။ လေးမြို့ချင်းများက လင်းနို့ကို 'ပိလက်' ဟုခေါ်ရာမှ ပလက်ချောင်း၊ ပလက်ဝမြို့ စသည်ဖြင့် တွင်ခဲ့သည်ဟုလည်း ဆိုစမှတ်ရှိခဲ့ကြသည်။

ပလက်ဝမြို့နယ်သည် မြောက်ဘက်တွင် အိန္ဒိယနိုင်ငံ၊ အာသံပြည်နယ် လူရှည်တောင်တန်း၊ အရှေ့ဘက်တွင် ကန်ပက်လက်မြို့နယ်၊ မင်းတပ်မြို့နယ်၊ မတူပီမြို့နယ်၊ တောင်ဘက်တွင် ရခိုင်ပြည်နယ် ကျောက်တော်၊ မြောက်ဦးနှင့် မင်းပြားမြို့နယ်၊ အနောက်ဘက်တွင် ဘူးသီးတောင်မြို့နယ်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့နှင့် နယ်နိမိတ်ချင်းစပ်လျက်ရှိသည်။ တိုင်းတစ်ပါးတစ်ဖက်နိုင်ငံနှစ်နိုင်ငံနှင့် မြန်မာနိုင်ငံ နယ်နိမိတ်တို့ သုံးပွင့်ဆိုင်ရာမြို့နယ်ဖြစ်သည်။ နယ်စပ်နယ်နိမိတ်ရေးရာတို့နှင့်စပ်လျဉ်း၍ အရေးပါအချက်အချာကျသော မြို့နယ်တစ်မြို့နယ်ဖြစ်ပေသည်။

ချင်းပြည်နယ်တွင် ဧရိယာအားဖြင့် အကျယ်အဝန်းဆုံးမြို့နယ်ဖြစ်ပြီး ပင်လယ်ရေပြင်အမြင့်အားဖြင့် (၁၉၇) ပေသာ ရှိ၍ အနိမ့်ဆုံးမြို့ဖြစ်သည်။ မြို့နယ်တည်နေပုံသည် တောင်နှင့်မြောက် အလျားမိုင် (၇၀) ခန့်နှင့် အရှေ့နှင့်အနောက် (၄၆) မိုင်ခန့်ရှိရာ စတုရန်းမိုင်ပေါင်း (၃၁၇၆) ကျယ်ဝန်းပေသည်။

မြန်မာပြည်အနောက်ဘက် တောင်ကုန်းဒေသဖြစ်သည့်အလျောက် တောင်တန်း၊ တောင်ကုန်း၊ တောင်ကြွယ်များ ထူထပ်ပေါများပြီး မြေပြန့်ဟူ၍ တစ်မြို့နယ်လုံးဧရိယာ၏ (၂.၉) ရာခိုင်နှုန်းသာရှိပေသည်။

www.burmeseclassic.com

www.burmeseclassic.com



မြို့နယ်အတွင်း ဖြတ်သန်းစီးဆင်းလျက်ရှိသော ကစ္ဆပနဒီခေါ် ကုလားတန်မြစ်ကြီးသည် ပလက်ဝမြို့နယ်၏တစ်ခုတည်းသော အသက်သွေးကြော လမ်းပန်းဆက်သွယ်ရေးဖြစ်သည်။ စီးပွားရေးဖွံ့ဖြိုးမှုကိုလည်း အထောက်အကူပြုလျက်ရှိနေပေသည်။ 'ကစ္ဆပနဒီ'၊ 'ကစ္ဆပ' ဟူသည် ပါဠိမြန်မာအဘိဓာန်၌ 'လိပ်' ဟုအနက်ပေးထားသဖြင့် 'လိပ်မြစ်' ဟုဆိုနိုင်၏။

ကစ္ဆပနဒီ၏တည်နေဟန်သည် ထူးခြားသော မြစ်တစ်သွယ်ဟု ဆိုရပါမည်။ ချင်းပြည်နယ်မြောက်ပိုင်း ဖလမ်းမြို့နယ် 'ရာဟို' အရပ်မှ မြစ်ဖျားခံပြီး 'ဘွဲနူး' အမည်ဖြင့်လည်းကောင်း၊ ဟားခါးမြို့နယ်ထဲတွင် 'တီမစ်' အမည်ဖြင့်လည်းကောင်းခံယူသည်။ ထိုမှ ဘွေပါတောင်တန်းတစ်လျှောက် ကွေ့ပတ်စီးဆင်းလာပြီး အိန္ဒိယနိုင်ငံအတွင်းသို့ 'တွီပွီပါမြစ်' (Tuipuiva) အမည်နှင့် မီဇိုပြည်နယ်ထဲတွင် 'သွေးဝီး' မြစ်အမည် စသည်ဖြင့် ဖြတ်သန်းစီးဆင်းကာ ဆမင်တလင်နှင့် ကာဇီတလင် တောင်ကြားမှတစ်ဆင့် ပလက်ဝမြို့နယ်ထဲသို့ စီးဝင်လာသည်။ တစ်ဖန် 'ဆလီမင်တောင်' နှင့် 'အန်ခိုတောင်ဗီ' တောင်တန်းကြားမှ အရှေ့ဘက်ခပ်ယွန်းယွန်းဆီသို့ စီးဆင်းလာပြီး၊ ကုလားတန်ရွာအနီးရောက်သည့်အခါ 'ကုလားတန်မြစ်' ခေါ် ကစ္ဆပနဒီအမည်ဖြင့် ရခိုင်ပြည်နယ် ဘင်္ဂလားပင်လယ်အော်ကြီးထဲသို့ စီးဝင်လေသည်။ မြစ်၏အလျားအရှည်မိုင်ပေါင်း (၃၈၀) ကျော်ရှိသည်။ ပလက်ဝမြို့နယ်ထဲတွင် (၈၈) မိုင် စီးဆင်းလျက်ရှိသည်။ မြစ်ဖျားခံရာတစ်ပိုင်းနှင့် အရင်းတစ်ပိုင်းသည် မြန်မာပိုင်နက်အတွင်းရှိနေပြီး ခါးတစ်ပိုင်းသည် တိုင်းတစ်ပါးအခြားနိုင်ငံအတွင်း၌ တည်ရှိနေလေသည်။

ပလက်ဝဒေသသည် မိုးစောစွာကျတတ်လေ့ရှိပြီး၊ မိုးအနည်းငယ်များသည်မှအပ၊ ဒီရေရောက်သောမြစ်ကမ်းဘေးမြို့ဖြစ်သဖြင့် ရာသီ



ဥတုမျှသည်။ ချင်းပြည်နယ်တွင် နွေရာသီကာလများ၌ အပူအိုက်ဆုံးမြို့ဖြစ်သည်။

မြို့ပေါ်မြို့မရပ်ကွက် (၃) ခုရှိသည်။ ကျေးရွာအုပ်စု (၉၇) အုပ်စု၊ ကျေးရွာခွဲပေါင်း (၁၀၄) ရွာရှိပေသည်။ ၁၉၈၃ ခုနှစ်ကောက်ယူထားသော စာရင်းအရ လူဦးရေ (၅၉၀၈၄) ရှိပြီး၊ မြို့ပေါ်နေဦးရေသည် (၉·၃၇) ရာနှုန်းသာရှိသည်။ ၁၉၈၅ ခုနှစ် ကျေးလက်နေသူဦးရေမှာ အခြားသောမြို့နယ်များထက် ထူးကဲစွာ များပြားလျက်ရှိသည်။

ချင်းမျိုးနွယ်အများစုနေထိုင်ပြီး ရခိုင်၊ ကရင်၊ ဗမာ အနည်းအကျဉ်းသာရှိပေသည်။ ချင်းမျိုးနွယ်စုတွင် ခူမီး၊ ပနန်း၊ အနူ၊ ခေါင်စို၊ မရာ၊ ကလင်တော့ (လူရှည်)၊ ရေလးမြို့ချင်း (ခို၊ လိုက်တူ) တာမင်၊ ရာခန်၊ ကထက်၊ ကယက်၊ ဆောင်းမတူ၊ ဝါးကုန်၊ ခင်နောက်၊ မတူတအွာ စသည့် ချင်းမျိုးနွယ်စုတို့နေထိုင်ကြသည်။

(ပလက်ဝတစ်မြို့နယ်လုံး၌ ချင်းမျိုးနွယ်စုငယ်ပေါင်း (၂၀) ခန့်မျှ ရှိနိုင်သည်ဟု ခန့်မှန်းကြသည်။ မျိုးနွယ်အလိုက် ဘာသာစကားမှာလည်း ၂၀ မျှရှိမည်ဟုဆိုကြသည်။ သို့ရာတွင် အခြေခံအားဖြင့် တူညီမှုရှိကြ၍ အားလုံးနားလည်ကြပေသည်။)

ခမီ (သို့မဟုတ်) ခူမီးချင်းတို့တွင် အမျိုးသားခမီစာပေရှိကြသည်။ ဒေသရင်းတွင် ခူမီးစကားသည် အများသုံးစကားဖြစ်ပေသည်။ ခမီ (သို့မဟုတ်) ခူမီးဆိုသည်မှာ ခူ = နယ်မြေ၊ ပိုင်နက် (ခူကုန်၊ ခူတား၊ ခူပန်း၊ ခူတိုင်း၊ တကီးဟူ၍ အခြေခံဝေါဟာရများဖြစ်သည်။ မီး = အသက်၊ ဝိညာဉ်ရှိသူ၊ လူဟူ၍ အဓိပ္ပာယ်ဖွင့်ဆိုသည်။ ထို့ကြောင့် ခူမီးဆိုသည်မှာ ကိုယ့်မင်းကိုယ့်ချင်းလူမျိုးဟု ဆိုလိုပေသည်။) (သို့ဖြစ်၍

www.burmeseclassic.com

www.burmeseclassic.com



ခမိ၊ ခမီ၊ ခမီး၊ ခမွေး စသည်ဖြင့် မည်သို့ပြောဆိုရေးသားနေကြသည်ဖြစ်စေ၊ မူရင်းအမှန်စင်စစ်မှာ ခူမီးချင်းဟူ၍ပင်ဖြစ်ပေသည်ဟူ၍ ချင်းလူမျိုးများသမိုင်းဖြစ်စဉ်နှင့် ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများ (အကျဉ်း) စာအုပ်တွင် ဖော်ပြထားပါသည်။

ယုံကြည်ကိုးကွယ်ရာဘာသာအလိုက် နတ်ကိုးကွယ်သူ (၄၈.၃) ရာခိုင်နှုန်း၊ ဗုဒ္ဓဘာသာ (၃.၆) ရာခိုင်နှုန်းနှင့် အခြားဘာသာဝင်အနည်းငယ်မျှလောက်သာရှိပေသည်။ နတ်ကိုးကွယ်သူတို့၏ ဘာသာရေးအဆောက်အအုံများကို မတွေ့ရှိရပေ။ ၁၉၅၈ ခုနှစ်တွင် ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးကျောင်းပေါင်း (၃၅) ကျောင်းနှင့် ခရစ်ယာန်ဘုရားရှိခိုး ကျောင်းပေါင်း (၅၆) ကျောင်းရှိခဲ့သည်။

နေထိုင်သူအများစုသည် မိရိုးဖလာတောင်ယာ၊ ကိုင်းကျွန်း၊ ဥယျာဉ်ခြံလုပ်ငန်းနှင့် လယ်ယာစိုက်ပျိုးရေးတို့ဖြင့်သာ အသက်မွေးဝမ်းကျောင်းပြုကြ၏။ မွေးမြူရေးကို မိသားစုတစ်နိုင်မွေးမြူသည်မှအပ စီးပွားဖြစ်မွေးမြူရေးခြံများ မတွေ့ရှိရပေ၊ အစိုးရမွေးမြူရေးခြံလုပ်ငန်းများလည်း မရှိပေ။ ချင်းပြည်နယ်သားများ၏ အဓိက နွားနောက်မွေးမြူခြင်းလုပ်ငန်းကိုပင် ပလက်ဝ၌ တွင်ကျယ်စွာ မွေးမြူခြင်း မတွေ့ရပေ။

စိုက်ပျိုးရေးတွင် တစ်မြို့နယ်လုံး၌ စပါးစိုက်လယ်မြေသည် (၁၁၅၂) ဧကရှိပြီး ၎င်းလယ်မြေနှင့် တောင်ယာအပါအဝင် စပါးစိုက်ဧကသည် (၂၃၉၂၇) ဧကရှိကြောင်းသိရသည်။ မြို့နယ်စပါးစိုက်ပျိုးထုတ်လုပ်မှု မှတ်တမ်းများအရ ပျမ်းမျှတစ်ဧကအထွက်နှုန်း (၃.၅၈) တင်း ထွက်ရှိကြောင်းသိရပေသည်။ သို့ကြောင့် ထိုစဉ်က မြို့နယ်၏ ဝမ်းစာအတွက် မြေပြန့်မှဆန်ကို အားထားရသည်။ စပါးအထူးအထွက်တိုးစီမံကိန်းကို ၁၉၈၅ ခုနှစ် စပါးစိုက်ရာသီမှစပြီး အကောင်အထည်ဖော်ခဲ့ကြပြီဖြစ်ပေသည်။



မြို့နေလူထုသောက်သုံးရေသည် ကုလားတန်မြစ်ရေကို အားထားသုံးစွဲကြလျက်ရှိသည်။ မြို့မရပ်ကွက်အားလုံး မြစ်ထဲမှပင် သယ်ယူသုံးစွဲကြသည်။ အဝီစိရေတွင်းများ တူးဖော်ရန်မှာလည်း မြေအောက်ရေအလွန်ဝေးလွန်းသည့်အပြင် ကျောက်သားများခံနေခြင်းကြောင့် အဝီစိတွင်းဟူ၍ မတွေ့ရှိရပေ၊ မိုးရာသီအချိန်၌သာ ရပ်ကွက်ထဲရှိ အုတ်ရေတွင်းတစ်တွင်းကို အများဆုံးအသုံးပြုကြသည်ကို တွေ့ရ၏။ တစ်ချိန်က မြို့အနီးရှိ သင်းသေချောင်းရေတံခွန်ကြီးမှ သဘာဝစမ်းထွက်ရေကို ရေလှောင်ကန်ပြုလုပ်၍ ပိုက်နှင့်ဆက်သွယ်ယူပြီး ဆေးရုံနှင့် မြို့မရပ်ကွက်အချို့တို့တွင် သုံးစွဲခဲ့ကြသည်။ သို့သော် ရေလှောင်ကန်ကြီးပျက်စီးချို့ယွင်းသွားသဖြင့် ရေမရတော့ပေ။ မြို့အနီး သစ်တောများပြုန်းတီးလာသဖြင့် ရေတံခွန်စမ်းပေါက်များလည်း ဆုတ်ခန်းလာသဖြင့် ထိုချိန်က မြို့ပေါ်လူထုရေဖူလုံရေးနှင့် ကျေးရွာရေ ရရှိရေးလုပ်ငန်းများလိုအပ်လျက်ရှိနေလေသည်။

ရပ်ကွက်လမ်းမီး၊ အိမ်မီးများသည် ဒီဇယ်ဆီသုံးအင်ဂျင်စက်ဖြင့်မောင်းသော လျှပ်စစ်ဓာတ်အားနှင့် သုံးစွဲလျက်ရှိသည်။ တစ်ခါတစ်ရံ ဒီဇယ်ပြတ်လပ်မှုကြောင့် အမှောင်ညများနှင့် ကြုံရသည်များလည်း မနည်းတော့ပေ။ မြို့ပေါ်ရပ်ကွက် (၃) ရပ်ကွက် လူထုကြိုးပမ်းမှုဖြင့် သင်းသေချောင်းတွင် ရေလှောင်တမံပိတ်၍ အသေးစားရေအားလျှပ်စစ်တည်ဆောက်သုံးစွဲကြရသည်။ သို့သော်လည်း လုံလောက်မှုမရှိပေ။ ၁၉၈၈ ခုနှစ်တွင် မဂ္ဂါဝပ် ၀.၀၅ ရှိ အသေးစားရေအားလျှပ်စစ်စက်ရုံကို ပြင်ဆင်တည်ဆောက်နိုင်ခဲ့၍ ပလက်ဝမြို့၏ လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်မှုကို မြှင့်တင်ပေးနိုင်ခဲ့ပြီဖြစ်ပေသည်။

၁၉၈၈ ခုနှစ်မတိုင်မီက ချင်းပြည်နယ်တွင် ဇာလွှီး (တီးတိန်မြို့နယ်)၊ ဒေါင်ဗား (ဟားခါးမြို့နယ်)၊ ငဆစ်ဗား (ဖလမ်းမြို့နယ်)

www.burmeseclassic.com

www.burmeseclassic.com



နှင့် ပလက်ဝ (ပလက်ဝမြို့နယ်) စသည့် အသေးစားရေအားလျှပ်စစ်စက်ရုံ (၄) ရုံသာရှိခဲ့ရာမှ တပ်မတော်အစိုးရ လက်ထက်တွင် ဒီဇယ်အင်ဂျင်မောင်း မာတ်အားပေးစက်ရုံ (၃) ရုံနှင့် ရေအားလျှပ်စစ်စက်ရုံ (၄) ရုံကို ထပ်မံတည်ဆောက်ပေးနိုင်ခဲ့ပေသည်။ (မတူပီမြို့နယ်တွင် နမ့်လောင်ချောင်း) (၀.၂ မဂ္ဂါဝပ်)၊ ဖလမ်းမြို့နယ်တွင် လိုင်ဗား (၀.၆ မဂ္ဂါဝပ်)၊ တွန်းဇံမြို့နယ်တွင် ထီးဆောင်း (၀.၂ မဂ္ဂါဝပ်) မင်းတပ်မြို့နယ်တွင် ချိချောင်း (၀.၂ မဂ္ဂါဝပ်) တို့ ထပ်မံတည်ဆောက်နိုင်ခဲ့ကြောင်း နိုင်ငံတော်ဖွံ့ဖြိုး တိုးတက်မှုမှတ်တမ်း (၁၉၈၈ မှ ၂၀၀၅) တွင် ဖော်ပြထားသည်။

တောင်ကုန်းတောင်စွယ်များ ပေါများခြင်းကြောင့် လမ်းပန်းဆက်သွယ်ရေး ခက်ခဲလှရာ မော်တော်ကား၊ ဆိုက်ကား၊ မြင်းလှည်း၊ နွားလှည်းမှအစ မီးရထားလမ်းများ မရှိပေ။

တစ်ရွာနှင့်တစ်ရွာ လူသွားလမ်းခြေကျင်ခရီးဖြင့် ဆက်သွယ်သွားလာကြသည်။ မိုးရာသီအခါ ချောင်းမြောင်းများရေပြည့်ချိန်တွင် လောင်းလှေငယ်တို့ဖြင့် ကုန်စည်ပို့ဆောင်ကြသည်။ ဒုတိယကမ္ဘာစစ်ကြီးအတွင်းက ဘင်္ဂလားဒေ့ရှ်နိုင်ငံအထိ ဖောက်လုပ်အသုံးပြုခဲ့သော ကားလမ်းဟောင်းကြီးတစ်လမ်းရှိခဲ့သော်လည်း နှစ်ပေါင်းများစွာ ပြုပြင်ထိန်းသိမ်းမှု မရှိတော့၍ ပျက်စီးနေပေသည်။ လူသွားလမ်းအဖြစ် လောက်သာ ရှိတော့ကြောင်း သိရပေသည်။

ပလက်ဝမြို့မှ မတူပီမြို့သို့ တောင်ပေါ်ကားလမ်းခရီးမိုင် (၁၃၅) မိုင်ကို ဖောက်လုပ်နေဆဲဖြစ်ရာ ထိုအချိန်က ပလက်ဝမြို့မှအထွက် (၁၅) မိုင်ခန့်အထိ ပြီးစီးခဲ့ပြီး၊ ကျန် (၁၂၀) မိုင်မှာ နှစ်ပေလမ်းအူကြောင်း ဖောက်လုပ်ထားဆဲရှိသည်ကို တွေ့ရ၏။



ပလက်ဝမြို့နယ်အတွင်း သစ်တောဧရိယာသည် အလွန်ကျယ်ပြန့်လှ၏။ မှတ်တမ်းများအရ သစ်တောဧရိယာဧက (၅၆၄၂၂၄) ရှိရာမြို့နယ်ဧရိယာ၏ ထက်ဝက်နီးပါးဖုံးလွှမ်းနေသည်။ သို့သော် ရွှေ့ပြောင်းတောင်ယာစနစ်ဆိုးကြောင့် တောပျက်ဖုန်းဆိုးတောများကသာ များပေသည်။ ကုလားတန်သစ်တောကြိုးဝိုင်းကြီးအတွင်း သက်တမ်းအနှစ် (၅၀) မျှ ခန့်မှန်းရသော သက်ကြီးကျွန်းစိုက်ခင်းတောကြီးများသည် နေပြောက်မထိုးအောင် မှိုင်းညို့နေဆဲဖြစ်သည်။

ပလက်ဝမြို့တွင် ယာဉ်နှင့်သွားလာနိုင်သော ဆက်သွယ်ရေးလမ်းသည် ကုလားတန်မြစ်ကြောင်းတစ်ခုသာရှိသည်။ ဤမြစ်ကြောင်းဖြင့် စစ်တွေမြို့သို့မှတစ်ပါး အခြားလမ်းမရှိပေ။ ၁၉၇၆ ခုနှစ်က ပလက်ဝမြို့ လူထုလှုပ်ရှားမှုလုပ်အားဖြင့် ဖောက်လုပ်ဖွင့်လှစ်ခဲ့သော 'တွင်အော်တာ' လေယာဉ်ငယ်များဆင်းသက်နိုင်သည့် ကွင်းအကျယ်ပေ (၂၁၀၀×၃၀၀) ရှိ လေယာဉ်ကွင်းတစ်ကွင်းရှိခဲ့သည်။ ပလက်ဝမြို့အပါအဝင် ချင်းပြည်နယ်တောင်ပိုင်းဒေသများနှင့် မကွေးတိုင်း ယောဒေသ၊ ပခုက္ကူဒေသတို့ကိုပါ လွှမ်းခြုံဆက်စပ်၍ သွားလာနိုင်သော နှစ်ပေါင်းများစွာက ပိတ်ထားရသည့်ကျောက်ထုလေဆိပ် (လေယာဉ်ကွင်း) ကို ၂၀၀၄ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်နေ့က ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ပေရာ ချင်းပြည်နယ်၏ လမ်းပန်းဆက်သွယ်ရေး အဆင့်အတန်းသည်လည်း ပိုမိုမြင့်မားလာပြီဖြစ်ပေသည်။

အဆိုပါ ပလက်ဝမတူပီ (၁၃၅) မိုင် ခရီးလမ်းသည် ပြည်နယ်၏ ဗဟိုချက်အဓိကလမ်းမကြီးဖြစ်သည့် ဟားခါး-မတူပီလမ်း(၁၇၂ မိုင် ၇ ဖာလုံ) နှင့် မတူပီမြို့တွင် ပေါင်းဆုံပြီး ချင်းပြည်နယ်တောင်ပိုင်းနှင့် မြောက်ပိုင်းမြို့များသို့ ဖြန့်ကျက်ပေါင်းကူးသွားလာနိုင်သောလမ်း

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပေသည်။ သို့ဖြစ်၍ တပ်မတော်အစိုးရလက်ထက်တွင် ပြည်နယ်၏ အသက်သွေးကြောလမ်းမကြီး ဟားခါး-မတူပီလမ်းကို အပိုင်းအလိုက် အဆင့်မြင့်တိုးချဲ့ပြုပြင်ဆောင်ရွက်ပေးခဲ့ပေသည်။

ပလက်ဝမြို့နယ်တွင် အခြေခံပညာအထက်တန်းကျောင်း (၂) ကျောင်းရှိသည်။ အလယ်တန်းကျောင်း (၈) ကျောင်း၊ မူလတန်းကျောင်းပေါင်း (၂၀၅) ကျောင်းရှိပေသည်။ တစ်မြို့နယ်လုံးတွင် စာမတတ်သူဦးရေ (၃၉.၂) ရာခိုင်နှုန်းမျှ ရှိခဲ့ရာ ၁၉၈၆ ခုနှစ်၊ ဧပြီလမှစ၍ စာတတ်မြောက်ရေးလှုပ်ရှားမှုလုပ်ငန်းကို အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်ခဲ့ပြီးဖြစ်ပေသည်။

ကျန်းမာရေးကဏ္ဍတွင် ခုတင် (၂၅) လုံးဆံ့ မြို့နယ်ဆေးရုံတစ်ရုံနှင့် ခုတင် (၁၆) လုံးဆံ့ တိုက်နယ်ဆေးရုံတစ်ရုံရှိသည်။ မြို့နယ်ဆေးရုံတွင် မိခင်နှင့် ကလေးစောင့်ရှောက်ရေးဌာန၊ ငှက်ဖျားရောဂါကာကွယ်တိုက်ဖျက်ရေးဌာန၊ အနာကြီးရောဂါကာကွယ်တိုက်ဖျက်ရေးဌာန၊ အဆုတ်ရောဂါကာကွယ်တိုက်ဖျက်ရေးဌာန တို့ကိုလည်း တွဲဖက်ဖွင့်လှစ်ထားရှိသည်။ ကျန်းမာရေးဌာန ဆေးပေးခန်း (၈) ခုနှင့် ဌာနခွဲ (၃၂) ခုကိုလည်း ဖွင့်လှစ်ထားရှိပြီးဖြစ်သည်။ မြို့နယ်ကြက်ခြေနီသူနာပြုတပ်ဖွဲ့တစ်ဖွဲ့ထားရှိသည်။ တပ်မတော်အစိုးရလက်ထက်တွင် ဆက်သွယ်ရေးတယ်လီဖုန်းအလုံး (၅၀) အထိ တိုးမြှင့်ဆောင်ရွက်ထားရှိပြီးဖြစ်သည်။ မြို့ပေါ်အစိုးရဌာနပေါင်း (၁၇) ခုရှိပြီး ကျေးရွာ (၇) ရွာတို့တွင် ဌာနေပြည်သူ့စစ်အင်အား (၂၅၀) ကို ဖွဲ့စည်းသင်တန်းပေးထားပြီးဖြစ်ပေသည်။ ဝေးလံသီခေါင်လှသော နယ်စပ်ဒေသမြို့နယ်အတွက် လိုအပ်သော လုံခြုံမှုအင်အားများပင်ဖြစ်ပေသည်။ ထပ်မံတိုးချဲ့ဖွဲ့စည်းတာဝန်ပေးရန် အစီအစဉ်ရှိကြောင်း သိရပါပေသည်။



(လွန်ခဲ့သော ၂၄ နှစ် (၁၉၈၆ ခုနှစ်) က အခြေအနေများသည် ယခုမျက်မှောက် တပ်မတော်အစိုးရလက်ထက်ကာလများနှင့် နှိုင်းယှဉ်သိမြင်နိုင်ရန် သမိုင်းတန်ဖိုးအရ မူလအတိုင်းဖော်ပြအပ်ပါသည်။)

ပလက်ဝဒေသတစ်ခွင်တွင် အဖိုးတန်သဘာဝသယံဇာတတွင်းထွက်သတ္တုပစ္စည်းများ ထူးထူးခြားခြားထွက်ရှိမှု မရှိသေးပေ၊ စီမံကိန်းလုပ်ငန်းကြီးများလည်း မရှိသေးပေ။ သို့ရာတွင် မြို့နယ်၏ မြောက်ဘက် မိုင် (၄၀) ကျော်အကွာတွင် ကျောက်မီးသွေးနှင့် ထုံးကျောက်ထွက်ရှိနိုင်သည့် ဘူမိဗေဒသဲလွန်စများ တွေ့ရှိထားကြောင်း သိရသည်။

ထို့အပြင် ပင်လယ်ရေပြင်အထက် အမြင့်ပေ (၄၀၀၀) ကျော်မြင့်မားသော ကျောက်ဖန်းတောင်းတောင်အမည်ရှိ ထူးခြားသောတောင်ကြီးတစ်ကောင်ရှိသည်။ ခူမီးဘာသာအားဖြင့် 'ကီမိုမွယ်' ဟုခေါ်ကြသည်။ ယင်းတောင်မကြီး၏အမည်ကိုယူကာ မြို့နယ်ခန်းမဆောင်ကြီးကို ကီမိုခန်းမဟုလိုက်ဖက်အမည်ပေးထားကြသည်။

ယင်းတောင်ကြီးသည် ထူးခြားချက်များရှိနေသည်။ တောင်မကြီး၏ပုံသဏ္ဌာန်သည် အင်္ဂလိပ်စာလုံး (စီ) ပုံစံရှိပြီး မြားဦးသဏ္ဌာန်တောင်စွယ်၊ တောင်ထွတ်၊ ကျောက်ဆောင်၊ ကျောက်စွယ်များဖြင့် ညီညာစွာ ဖြာထွက်နေပြီး ပန်းများစီထည့်ထားသော တောင်ကြီးသဖွယ် လှပနေသည်ကို တွေ့မြင်ရ၏။ တောင်ကလပ်ပေါ်တွင် အဖိုးတန်သဇင်ဥ၊ ရှားပါးသစ်ခွမျိုးစုံနှင့် အစွမ်းထက်ဆေးဖက်ဝင်သစ်ပင်မျိုးစုံ၊ ဂမုန်းမျိုးစုံပေါက်ရောက်လျက်ရှိသည်။ သဘာဝတောရိုင်းတိရစ္ဆာန်မျိုးစုံလည်း ကျက်စားနေထိုင်လျက်ရှိပေသည်။ သဘာဝခရီးသွားစခန်းများတည်ထောင်သင့်ပေသည်။ ကျောက်ဖန်းတောင်းတောင်မကြီးသည်

www.burmeseclassic.com

www.burmeseclassic.com



တစ်ချိန်က တကောင်းမင်းဆက် သကျသာကီဝင်မျိုး ကံရာဇာကြီးမင်းက တောင်ကလပ်ပေါ်၌ ၇၄ နှစ်ကြာစိုးစံပြီးမှ ဓညဝတီကို တည်ထောင်ခဲ့ကြောင်း သမိုင်းကအဆိုရှိခဲ့သည်။

ကံရာဇာမင်းကြီး၏ သမိုင်းကိုပြန်ကောက်ရသော် မဇ္ဈိမဒေသ ကပိလဝတ်ပြည်မှ မြန်မာနိုင်ငံတွင်းသို့ ပထမဦးစွာဝင်ရောက်သူ သကျသာကီဝင်မင်း အဘိရာဇာ၏သားကြီးဖြစ်၏။ အဘိရာဇာသည် ဂေါတမမြတ်စွာဘုရား ပွင့်တော်မမူမီ မြန်မာနိုင်ငံမြောက်ပိုင်း ရှေးအကျဆုံးမြို့တော်ဖြစ်သည့် 'သင်္ကဿရဋ္ဌ' တကောင်းပြည်ကို စတင်တည်ထောင်ခဲ့သည်။ ခမည်းတော်နတ်ရွာစံသောအခါ ညီတော်ကံရာဇာနှင့် ထီးမွေနန်းမွေလုကြရာ ရန်စစ်မထိုးဘဲ ကုသိုလ်စစ်ထိုးကြရာတွင် အရေးနိမ့်သဖြင့် မိုလ်ပါတို့ကို စုရုံးခေါ်ဆောင်ကာ သလ္လာဝတီမြစ်ကို ဆန်တက်၍ ကလေး၊ တောင်ညိုအရပ်တွင် ရာဇဂြိုဟ်မြို့တော်ကို တည်ထောင်သည်။ ထိုမြို့တွင် (၆) လကြာမျှ မိုလ်ပါစုဆောင်းလေသည်။ ထိုမှတစ်ဖန် ကစ္ဆပနဒီမြစ်အရှေ့ဘက်သို့ ရွှေ့ပြောင်းပြန်ကာ ကျောက်ပန်းတောင်းမြို့ကို တည်ထောင်ပြန်သည်။ ထိုမြို့တွင် (၇၄) နှစ်တိုင် စိုးစံလေသည်။ ထိုမှတစ်ဖန် ရှေးမာလာယုမင်းတို့ တည်ထောင်ခဲ့သော ဓညဝတီမြို့ဟောင်းကို သိမ်းယူ၍ ထီးနန်းမြို့ပြပြင်ဆင်စံနေခဲ့သည်။

ကံရာဇာကြီးမင်းတွင် သုဘဒ္ဒါဒေဝီမိဖုရားမှ 'မုဒုစိတ္တ' မည်သော သားတော်တစ်ပါးဖွားသည်။ ထိုသားတော်ကို 'သုနာပရန္တတိုင်း' မှ ပျူ၊ ကမ်းယံ၊ သက်လူမျိုးတို့က မင်းလျာတောင်းသောကြောင့် ပျူတို့အရပ်တွင် မင်းပြုရန်စေလွှတ် အုပ်ချုပ်စေခဲ့သည်ဟူ၍ မြန်မာ့စွယ်စုံကျမ်းအတွဲ (၁) စာမျက်နှာ (၄၅၇) တွင် လေ့လာတွေ့ရှိရပေသည်။



သို့ကြောင့် ကျောက်ပန်းတောင်းတောင်သည် သမိုင်းအစဉ်အလာအခိုင်အမာရှိခဲ့ရာဒေသဖြစ်ပေသည်။ သုတေသီတို့အတွက် လေ့လာဖော်ထုတ်စရာများက လက်ယပ်ခေါ်နေပေသည်။

တောင်မကြီးပေါ်မှ ကြည့်လိုက်လျှင် မိုင် (၂၀) ခန့်ဝန်းကျင်အတွင်း အလွန်လှပသာယာချမ်းမြေ့ဖွယ် သဘာဝရှုခင်းပသာဒအလှကို ကောင်းစွာမြင်တွေ့နေရသည်။ သူမတူအောင် လှပသာယာနေသည်ကို တွေ့ရမည် ဖြစ်သည်။ ဒေသခံတိုင်းရင်းသားတို့က အားလပ်ရက်များတွင် အပန်းဖြေပျော်ပွဲစားခရီးထွက်ပြီး လည်ပတ်လေ့ရှိကြသည်။ နိုင်ငံတော်အနေဖြင့် စီမံကိန်းဝင်အပန်းဖြေစခန်းကြီးတစ်ခုအဖြစ် (သို့မဟုတ်) အမျိုးသားဥယျာဉ်ကြီးများ တည်ထောင်သင့်ကြောင်းလည်း အကြံပြုကြသည်။ သစ်တောဦးစီးဌာနက ဘေးမဲ့တောတည်ထောင်ရန် လျာထား ထားသည်ဟုလည်း သိရပေသည်။

ပလက်ဝမြို့နယ်၏ တည်နေဟန်ကို ယေဘုယျအားဖြင့် လေ့လာမှတ်သားခဲ့ပြီး မြို့နယ်အတွင်း ဝေးလံလှသော ကျေးလက်တောင်ပေါ်ဒေသများတွင် သွေးချင်း၊ ခူမီးမျိုးနွယ်တို့နှင့် အကျွမ်းတဝင်နေထိုင်ခဲ့ရသော အချိန်ကာလအတွင်း ကြုံဆုံရသောဖြစ်ရပ်၊ အတွေ့အကြုံ၊ ဓလေ့ထုံးစံများနှင့် လေ့လာချက်များကို ဖြစ်ရပ်မှန်များအတိုင်း ဆက်လက်တင်ပြသွားပါမည်။

www.burmeseclassic.com

www.burmeseclassic.com

# ခူမီးချင်းဓလေ့ နတ်ပူဇော်ပွဲတစ်ခု

ကိုယ်တွေ့ဖြစ်ရပ်တစ်ခုဖြစ်ပါသည်။ ပလက်ဝမြို့မှ (၁၅) မိုင်ခန့် ဝေးသော ခူမီးချင်းရွာငယ်ကလေးတစ်ရွာတွင် ဖြစ်သည်။ ရွာဟုဆိုသော်လည်း ဆွေစုမျိုးစု စုစည်းနေထိုင်လျက်ရှိသော အိမ်ခြေ (၁၅) လုံးမျှသာရှိသည့် ရွာငယ်ကလေးဖြစ်သည်။

ချင်းပြည်နယ်အတွင်း ဒေသအနှံ့တွင် ယုံကြည်ကိုးကွယ်ရာအလိုက် နတ်ပူဇော်ပွဲဓလေ့အမျိုးမျိုးရှိနေကြသည်။ တချို့သော နတ်ပူဇော်ခြင်းဓလေ့နှင့် အယူသီးမှုတို့သည် လူမှုဘဝကို ရစ်ပတ်နှောင်ဖွဲ့ထားသည်ဟု မြင်မိပါသည်။ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး စသည်ဖြင့် ချို့ယွင်းဆုတ်ယုတ်ဖွယ်အကြောင်းတစ်ရပ် ဖြစ်ပေါ်လာလျှင် နတ်ကြောင့်ဟုသာ ယိုးစွပ်တတ်ကြလေ့ရှိပြီး နတ်ပူဇော်ခြင်းကိုသာ အဓိကထားပြုလုပ်ဆလေ့ရှိကြသည်။

ပလက်ဝခူမီးချင်းတို့ဒေသတွင် မကျန်းမာဖြစ်လာသည့်အခါများ၌ နတ်ပူဇော်ပသခြင်းဖြင့် ကုသလျက်ရှိပြီး နတ်ပူဇော်ပသပြီဆိုလျှင် ဆေးဝါးမစားရ ရှောင်ရသည်။ ညှော်သည်ရှောင်ရသည်။ အစားအသောက်အချို့ကိုလည်းရှောင်ရသည်။ ထို့အပြင်ာစုန်စင်အောင်မဖော်ပြနိုင်သော အခြားအယူအဆ အယူသီးမှုအမျိုးမျိုးများလည်း စုံနေအောင်ရှိသေးပေသည်။



ထိုနေ့က နတ်ပူဇော်ပွဲတစ်ပွဲရှိ၍ ကျေးရွာလူကြီးတစ်ဦး၏ အိမ်တွင် တစ်ညအိပ်တည်းခိုခွင့်ရပြီး လေ့လာခဲ့ရသည်။ ရွာလယ်ရှိ နတ်ပူဇော်ပွဲရှင် ၏ အိမ်ရှေ့မြေကွက်လပ်တွင် ကျင်းပပြုလုပ်ကြသည်။ ငုတ်တိုင်တစ်တိုင် စိုက်ထူထားပြီး အဖျားပိုင်း၌ အရွက်အခက်များ ဝေဆာနေသော ဝါးတစ်လုံးကို ကပ်ချည်ထား၏။ ဝါးတိုင်အဖျားတွင် ဝါးနီးဖြာ၍ ဖွတ်မြီးကျစ်ထားသော ကြိုးရှည်တစ်ချောင်းကို ပန်းပွားများလုပ်ပြီး တွဲလောင်းချချည်ထားသည်ကိုတွေ့ရ၏။ တိုင်ငုတ်တွင် တောပန်း၊ တောင်ပန်းတို့ဖြင့် ဆင်ယင်ပေးပြီး နုပျိုသန်မာသော နွားပေါက်တစ်ကောင်ကို ချည်နှောင်ထားကြသည်။ ဤအပြင်အဆင်အားဖြင့် နတ်ပူဇော်ပွဲပြုလုပ်မည်ဆိုသော အထိမ်းအမှတ်လက္ခဏာတစ်ရပ်အဖြစ် သိစေလေသည်။

မကြာမီ နံနက်ကိုးနာရီလောက်မှစ၍ ရွာတွင်းရှိလူကြီး၊ လူငယ်၊ ယောကျ်ား၊ မိန်းမစုံညီစွာ ရောက်ရှိလာကြပြီး နွားချည်ထားသော ယဇ်တိုင်ကို ဝိုင်းပတ်နေရာယူလိုက်ကြသည်။ ဗုံ၊ မောင်း၊ လင်းကွင်း၊ တူရိယာ (၃) မျိုးကို စည်းချက်ညီညီ တီးခတ်လိုက်သည့်အခါ ပရိသတ်အားလုံးက ခြေကိုရှေ့တိုးနောက်ဆုတ် ဆုတ်တက်ခြေလှမ်းဖြင့် ကိုယ်ကို ဘယ်ညာ ယိမ်း၍ ဗုံစည်းချက်နှင့်အညီ ကကြလေ၏။ တစ်နေ့လုံးကကြရင်း မွန်းလွဲ (၂) နာရီခန့်တွင် အကခေတ္တရပ်လိုက်ကြသည်။ ထိုအချိန် နွားကိုသတ်ရန်အချိန်ကျပြီဟုဆိုကြသည်။

လူတစ်ဦးက လှံကိုကိုင်ရွယ်လျက် နွားကိုထိုးရန် လှ[illegible]တ်လိုက်သည်။ နွားသည်သတ်မည်ကိုသိသည့်အလား ကျွေးတ်ရှောင်တိမ်းနေသည်။ ဗုံသံ၊ မောင်းသံ၊ လင်းကွင်းသံ၊ ဆိုင်းချက်သံပို၍မြန်လာသည်။ ထိုခဏမှာပင် နွား၏လက်ပတ်ချက်ကောင်းကို လှံသွားတစ်ဆုံး

www.burmeseclassic.com

www.burmeseclassic.com



ထိုးစိုက်လိုက်သည်။ လုံထိုးအလွန်ကျွမ်းကျင်လှသည်။ လျှပ်တစ်ပြက် အတွင်း လုံသွားမှာလက်ထဲ၌ပင် ပြန်ရောက်နေသည်ကိုတွေ့ရ၏။ နောက်တစ်ကြိမ်ကျန်သည့် လက်ပတ်တစ်ဖက်ကို ထပ်ထိုးလိုက်သည့် အခါ နွားသည် မြေသို့ဒူးထောက်ဝပ်ကျ သေဆုံးသွားတော့သည်။

နွားသေကြီးတစ်ကောင်လုံးကို ပွဲရှင်၏ အိမ်ပေါ်တာပျင်း (အိမ်ရှေ့စင်မြင့်) ပေါ်သို့ ဝိုင်းမဆွဲတင်ကြပြီး တစ်စစီဖျက်ကြသည်။ မကြာမီအချိန်ကလေးအတွင်း နွားတစ်ကောင်လုံးမှ အသားတုံးများကို အိုးကြီးအိုးငယ်တို့ဖြင့် ချက်ပြုတ်ကြတော့သည်။ နွား၏လျှာ၊ အသည်း တို့ကို လှီးယူပြီး ယဇ်တိုင်မှာ တင်မြှောက်ပသ၍ ဆုတောင်းကြသည်။

ထိုမျှမကသေးပေ။ ဝက်တစ်ကောင်နှင့် ခွေးတစ်ကောင်ကို လည်း လူအုပ်နှင့်ဝိုင်းလိုက်ကြပြီး လုံနှင့်ထိုးသတ်ကြပြန်သည်။ ထိုနေ့က ပွဲရှင်အိမ်တွင် နွားသား၊ ဝက်သား၊ ခွေးသားတို့ဖြင့် စည်ကားလျက်ရှိနေ သည်။ တစ်ညနေလုံး ခေါင်ရည်ပွဲဖြင့် တည်ခင်းသောက်သုံးကြသည်။

ထိုပွဲသည်ပွဲရှင်၏ အိမ်မှကလေးငယ်တစ်ဦးနေမကောင်း၍ နတ်ပူဇော်ပွဲလုပ်သည်ဟုဆိုပါသည်။ ကလေးငယ်ကို ကျွန်တော်သတိပြု ကြည့်မိရာ သုံးနှစ်သမီးကလေးဖြစ်ပြီး ငှက်ဖျားရောဂါ စွဲကပ်နေခြင်းဖြစ် သည်။ ဗိုက်ပူနံကား အသားဝါဖန့်ဖန့်နှင့် အသည်းရောင်နေဟန်ရှိပါ သည်။ ကျွန်တော့်တွင် ပါလာသော ငှက်ဖျားဖြတ်ဆေးများကိုပေးပြီး အနီးဆုံး ပလက်ဝဆေးရုံကို သွားရောက်ပြသကုသရန် အကြံပြုလိုက်မိ ပါသည်။ သို့သော် ကျွန်တော်ပေးသော ဆေးများကို သူတို့မယူပါ။ နတ်ပူဇော်လျှင် ဆေးမစားရ၊ ရှောင်ရမည်။ နတ်ပူဇော်ပွဲ ပြုလုပ်ခြင်းဖြင့် ပျောက်ကင်းချမ်းသာရာရလိမ့်မည်ဟုဆိုကြပါသည်။



သို့ရာတွင် အထင်နှင့်အမြင်ပါစင်အောင်လွဲတော့သည်။ နောက် တစ်ရက် ညနေပိုင်းတွင် ကလေးငယ်သည် ဝေဒနာပြင်းထန်စွာ ခံစား ရပြီး မကြာခဏတက်နေရာမှ သေဆုံးသွားတော့သည်။ "နတ်ပူဇော် လျှင် ဆေးဝါးရှောင်ရသည်" ဆိုသော အယူအဆအစွဲကြီးက လူ တစ်ယောက်အသက်တစ်ချောင်းကို မဆုံးရှုံးသင့်ဘဲ ဆုံးရှုံးရလေတော့ သည်။ ကျန်းမာရေးနှင့်ပတ်သက်လာလျှင် ရောဂါဝေဒနာတစ်ခုဖြစ်လာ ပါက အနာနှင့်ဆေးတည့်အောင်ပေး၍ သင့်တော်သော ဆေးဝါးကုသမှု ကိုခံယူခြင်းက အကောင်းဆုံးဖြစ်ပေသည်။ ရှောင်ရမည်ဆိုကတည်း ကပင် အနာနှင့် ဆေးဝေးသည်ထက်ဝေး၍ ဘေးဒုက္ခနှင့် ကြုံရမည်မှာ မလွဲပေ။

နတ်ပူဇော်ခြင်းဓလေ့နှင့်စပ်လျဉ်း၍ လူမျိုးဘာသာ အတော်များ များတို့၌ ယုံကြည်ရာထုံးစံအမျိုးမျိုးရှိကြပေသည်။ ဗုဒ္ဓဘာသာ မြန်မာမှု တွင်လည်း မိရိုးဖလာရိုးရာနတ်ပူဇော်ခြင်း ဓလေ့ထုံးစံများရှိပေသည်။ သို့ရာတွင် ကျန်းမာရေးနှင့်စပ်လျဉ်း၍ နတ်ပူဇော်သော်လည်း ရောဂါ သက်သာပျောက်ကင်းစေနိုင်မည့် ဆေးဝါးကုသမှုခံယူခြင်းကိုတော့ လက် လွှတ်ကြပေ။ အချို့ဆိုလျှင် လူမမာဆေးရုံတွင် တက်ရောက်ကုသ နေသည့်တိုင် အိမ်တွင် မိရိုးဖလာရိုးရာနတ်များကို ထုံးစံနှင့်အညီ မပျက် ပူဇော်ပသကြပါသည်။

ဗုဒ္ဓဘာသာမြန်မာမှုနယ်ပယ်တွင် နတ်နှင့်ပတ်သက်၍ ဗုဒ္ဓပေး သော ဩဝါဒတရားတော်များရှိပေသည်။ အလျဉ်းသင့်၍ တင်ပြအပ်ပါ သည်။

www.burmeseclassic.com

www.burmeseclassic.com



### ဗုဒ္ဓတရားတော်တွင်

"မိမိတို့၏မိရိုးဖလာဖြစ်သည့် အတွင်း၌ရှိသော အပြင်၌ရှိသော နတ်များ၏ ပူဇော်ရာအရပ်များရှိကြကုန်၏။ ထိုအရပ်များကို တရားနှင့် အညီ ပူဇော်ကြရမည်။ ရှေးကပူဇော်ခြင်းထက် ယုတ်လျော့ခြင်း မရှိစေရ" ဟု အပရိဟာနိယတရားတော်တွင် ဟောကြားတော်မူသည်

တရားနှင့်အညီပူဇော်ရမည်ဆိုသည်ကို ထောက်ခြင်းအားဖြင့် သူ့အသက်ကို သတ်ဖြတ်ယဇ်ပူဇော်ခြင်းမျိုးကို မပြုအပ်ဟုမှတ်သားရ သည်။ နတ်များကို ပူဇော်ခြင်း၊ မပူဇော်ခြင်းနှစ်ရပ်၌ မှတ်သားရ အချက် (၂) ချက်လည်းရှိသည်။

(၁) နတ်တို့ကိုမပူဇော်ခြင်းကြောင့် မဖြစ်သေးသော ဆင်း ခြင်းကို ဖြစ်စေခြင်းငှာ မစွမ်းနိုင်သော်လည်း ဖြစ်ပြီး သောရောဂါကို တိုးပွားအောင် လုပ်နိုင်ခြင်း၊ စစ်ဖြစ် သည့်အခါ၌ အဖော်သဟဲမရခြင်းသည်ဖြစ်၏။

(၂) နတ်တို့ကိုပူဇော်ပသခြင်းကြောင့် မဖြစ်သေးသော ချမ်းသာကိုဖြစ်စေခြင်းငှာ မတတ်နိုင်သော်လည်း ဖြစ်ပြီး သောရောဂါများကို ပယ်ဖျောက်နိုင်စွမ်း၏။ စစ်ထိုးသည့် အခါ အဖော်သဟဲရခြင်းသည်ဖြစ်၏။

သို့ရာတွင် ဆိုခဲ့သည့်အတိုင်း ပြုလုပ်နိုင်သည်မှာ အခါခပ်သိမ်း စွမ်းဆောင်နိုင်သည်မဟုတ်ပေ။ လူ၏ ကံနိမ့်ကံမြင့်ကိုသာလိုက်၍ ပြုလုပ်နိုင်သည်ကိုလည်း မှတ်အပ်ပေသည်။ အချို့သူတို့သည် နတ် ပူဇော်ပသခြင်းသည် ဘာမျှ အကျိုးမပေးနိုင်၊ ဆိုးကျိုးသာပေးနိုင်သည် ဟု တစ်ဖက်စွန်းအယူအဆဖြင့် ပစ်ပယ်ကြသည်လည်းရှိပေသည်။



ဆိုးအဆိုသည် အကုသိုလ်မကောင်းမှုဒုစရိုက်ဖြင့် ပူဇော်ရသော နတ်ဆိုး နတ်ယုတ်များကိုသာ ဆိုမည်ဆိုက ဆိုနိုင်ပေလိမ့်မည်။

လောကတွင် မကောင်းသော လူဆိုးလူယုတ်များရှိသကဲ့သို့ ကောင်းသောလူသူတော်ကောင်းများလည်း ရှိပေသည်။ ထို့အတူ နတ်လောကတွင် နတ်ဆိုးများရှိသကဲ့သို့ နတ်ကောင်းနတ်မြတ်များ လည်းရှိကြပေသည်။ လူကောင်းသူကောင်းတို့နှင့် ပေါင်းဖော်မှီဝဲရခြင်း ဖြင့် ကောင်းကျိုးချမ်းသာကိုဖြစ်စေနိုင်ပြီး လူဆိုးလူမိုက်နှင့်ပေါင်းဖော်မိပါက အားဒုက္ခရောက်နိုင်ပေသည်။ လူဆိုးလူမိုက်ဆိုသည်မှာလည်း မိမိတို့နှင့် ပေါင်းဖော်သူ အသိုင်းအဝိုင်းတို့အပေါ်တွင်သာ ဆိုးညစ်ဒုက္ခ ပေးတတ် လေ့သာရှိ၏။ လူစိမ်းများအပေါ်မပြစ်မှားဝံ့ကြပေ။ ထိုနည်းတူစွာပင် နတ်ကောင်းနတ်မြတ်တို့အား ပူဇော်ပသခြင်းဖြင့် ကောင်းကျိုးချမ်းသာ ဖြစ်စေနိုင်ပေသည်။ နတ်ဆိုးနတ်ယုတ်များသည် မိမိတို့အား ကိုးကွယ် ခဲ့သူတို့အပေါ် အမှားမခံဖမ်းစားတတ်ခြင်းရှိကြပေသည်။

အချုပ်အားဖြင့်ဆိုရလျှင် နတ်များကို လုံးဝပစ်ပယ် မှောက်မှား ဆက်ကားခြင်း၊ အလွန်အားကိုးမှီခိုခြင်းလည်း မပြုအပ်ဘဲ လူအချင်းချင်း ကျွေးမွေးပေးကမ်းလှူဒါန်းသကဲ့သို့ နတ်များကိုလည်း အလှူသဘောမျိုး အားကာ ပူဇော်ပသပြုသင့်ကြပေသည်။

ဗုဒ္ဓ၏တရားတော်အလိုအားဖြင့် မိမိတို့ကောင်းမှုကုသိုလ်အလှူ များပြုတိုင်း နတ်တို့ကို အမျှပေးဝေခြင်း၊ နတ်တို့နှစ်သက်သော ဗုဒ္ဓဟော ကြားထားသည့် "မဟာသမယ" သုတ်တော်ကို ရွတ်ဖတ်ခြင်းသည်သာ အကောင်းဆုံးဖြစ်ပေသည်။

ထိုသို့ကောင်းမှုအဖို့ကို အမျှပေးဝေခြင်းအားဖြင့် နတ်များတွင် ဘုန်းတန်ခိုးကူဒ္ဒိပတ်ကြီးခြင်း၊ ဘုံဗိမာန်ရခြင်း စသည်တို့ဖြစ်သဖြင့် အမျှပေး

www.burmeseclassic.com

www.burmeseclassic.com



ဝေသူကို နတ်တို့က ပြန်လည်စောင့်ရှောက်ကြမည်မှာ မွေ့တာပင်ဖြစ်ပေ သည်။ ဤအကြောင်းကို 'ဒီဃနိကာယ်မဟာဝဂ်ပါဠိတော် မဟာပရိ နိဗ္ဗာနသုတ်တော်' ၌ အောက်ပါအတိုင်း ဟောကြားထားခဲ့ခြင်းရှိပေ သည်။ မှတ်သားသင့်၊ လေ့လာသင့်သည်ကို ကောက်နုတ်ဖော်ပြအပ်ပါ သည်။

''ပုဏ္ဏားတို့ ပညာရှိသည် အကြင်အရပ်၌ အိမ်ရာဆောက် လုပ်နေထိုင်၏။ ဤအရပ်၌ သီလရှိသော ကိုယ်နှုတ်နှလုံးစောင့်သုံး သောအကျင့်ကိုကျင့်သော ပုဂ္ဂိုလ်တို့အား ဆွမ်းကျွေးပြီးလျှင် ထိုအရပ်၌ရှိ သော နတ်တို့အား အလှူ၏အဖို့ကို အမျှပေးဝေရာ၏။ ဤသို့အမျှ ပေးလတ်သော် နတ်တို့သည် ပူဇော်ခံရသဖြင့် အမျှပေးဝေသူကို တုံ့ပြန် ၍ ပူဇော်ကုန်၏။ တုံ့ပြန်၍ မြတ်နိုးကုန်၏။ ထို့ကြောင့် မိခင်သည် ရင်ဝယ်သားကို စောင့်ရှောက်သကဲ့သို့ နတ်တို့သည် အမျှပေးဝေသူကို စောင့်ရှောက်ကုန်၏။ နတ်တို့စောင့်ရှောက်ခြင်းခံရသောသူသည် အခါ ခပ်သိမ်း ကောင်းခြင်းမင်္ဂလာတို့ကိုသာ တွေ့မြင်ရလေ၏'' ဟု ဟော ကြားထားခဲ့လေသည်။

◆ ◆ ◆ ◆ ◆

# နတ်ပူဇော်တာကို ကြောက်လို့

၁၉၈၆ ခုနှစ်၊ ဇန်နဝါရီလထဲတွင် ကုလားတန်မြစ်ဖျားပိုင်းဒေသ၊ ကုလားတန်သစ်တောကြိုးဝိုင်းကြီးထဲသို့ ခရီးထွက်ဖြစ်ခဲ့၏။ ပလက်ဝ မြို့နယ်၏ စီးပွားရေးစီမံကိန်းလျာထားချက်အရ ကျွန်းစိုက်ခင်းဧက (၂၀၀) ကို ကုလားတန်သစ်တောကြိုးဝိုင်းအကွက်အမှတ် (၃၂) နှင့် (၂၃) တို့တွင် စိုက်ပျိုးတည်ထောင်ရန် ပြည်နယ်က အကွက်သတ်မှတ် ပေးထားသည်။ တစ်ပင်နှင့်တစ်ပင်အကွာအဝေး ၈ ၁/၂ ပေ၊ ၈ ၁/၂ ပေ စိုက်ကွက်ဖြစ်၍ ဧက (၂၀၀) အတွက် ကျွန်းပင်ပေါင်း (တစ်သိန်း နှစ်သောင်းကျော်) စိုက်ပျိုးရမည်ဖြစ်ပေသည်။ သို့ကြောင့် လာမည့် မိုးရာသီ ဇွန်၊ ဇူလိုင်လတွင် အချိန်မီစိုက်ပျိုးနိုင်ရန် ဖေဖော်ဝါရီလထဲ၌ စိုက်ကွက်တောရှင်း၊ တောင်ယာခုတ်ခြင်း၊ သစ်ပင်ပျိုးထောင်ခြင်း ပြီးစီးမှသာဖြစ်ပေမည်။ မတ်လထဲ၌ တောင်ယာနေလှန်း၍ ဧပြီ ပထမပတ်တွင် ယာမီးရှို့ကျွန်းခွေပြီး ပန္နက်ဆက်ရိုက်ရမည်ဖြစ်သည်။ စိုက်ခင်းလုပ်ငန်းများသည် ရာသီချိန်ကိုက်ပြီးစီးမှသာ အောင်မြင်နိုင်ပေ မည်။ သို့ကြောင့် ဖေဖော်ဝါရီလထဲတွင် တောင်ယာခုတ်တောရှင်း လုပ်ငန်းပြီးစီးမှုက စိုက်ခင်းအောင်မြင်မှု၏ အဆုံးအဖြတ်ဖြစ်နေပေ သည်။ သို့ရာတွင် ဇန်နဝါရီလကုန်ရန် ၁၅ ရက်သာကျန်တော့သည်။ ပလက်ဝမြို့မှ (၉) မိုင်ကျော်ခန့်ဝေးသော လိပ်ကုန်းရွာသစ်တော

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်တဲတွင် စခန်းချ၍ ယာသမားများနှင့်အတူ ကိုယ်တိုင်ကိုယ်ကျ အပူတပြင်း လုပ်ရတော့မည်ဖြစ်ပေသည်။ ထို့ကြောင့် လိပ်ကုန်းဗိုလ်တဲသို့ ဇန်နဝါရီ ၁၅ ရက်နေ့ အရောက်သွား၍ စခန်းချလိုက်ရတော့သည်။ သို့ရာတွင် မမျှော်လင့်ဘဲ ပြဿနာတစ်ရပ်က ဂြိုဟ်ကပ်လာတော့သည်။ ဖြစ်ရပ်ကတော့ မဆန်းပါ။ သို့သော် ကျွန်တော့်အဖို့ကတော့ ထူးသည်ဟုဆိုရပါမည်။

ချင်းတောင်၏ဇန်နဝါရီသည် အအေးဓာတ်က ပိုနေဆဲပင်ရှိသေးသည်။ နေမပြူခင် နံနက်ခင်းများက မြူနှင်းမှိုင်းတို့အုံ့ဆိုင်းနေဆဲရှိ၏။ ဗိုလ်တဲထပ်ခိုးနှင့် သွပ်မိုးကြားမှ စာကလေးများ၏ ကျွလိလိ အသံမှာ ဆူနေပေပြီ၊ အစာရှာထွက်ရန် ပြင်ဆင်နေကြပြီ၊ အိပ်ရာထမျက်နှာသစ် တုန်းရှိသေး၊ တောခေါင်းမောင်နီဘွေး ရောက်လာသည်။

"ဆရာလိန်းကိန်းနဲ့ မန်းတာရွာက စိုက်ခင်းယာသမားတွေ လိုက်လာကြတယ်၊ ဆရာ့ဆီမှာ ပြဿနာတစ်ခုတိုင်တန်းချင်လို့ ပြောတယ်။ သူတို့လာတဲ့ခရီးက (၁၀) မိုင်လောက်တော့ရှိတယ်ဆရာ၊ ကြားထဲမှာ တောင်သုံးလုံးလောက်ကျော်လာရတယ်။ ပြဿနာကတော့ သေးပုံမပေါ်ဘူး။ ဒီကို လူစုလူဝေးနဲ့ တစ်ခါမှ လိုက်လာလေ့မရှိဘူး ဆရာ"

ဗိုလ်တဲပြတင်းပေါက်မှ အပြင်သို့လှမ်းငုံ့ကြည့်လိုက်ရာ လူနှစ်ဆယ်အစိတ်ခန့် ရောက်ရှိနေသည်ကို တွေ့ရ၏။

"ကဲဆိုစမ်းပါဦး နီဘွေး၊ ဘာပြဿနာလဲကွ"

"အောက်မှာ နေရာပြင်ထားတယ်ဆရာ သူတို့ဆီသာ လိုက်တွေ့ပါ"



သစ်ပင်ရိပ်အောက်တွင် တံမြက်စည်းအပြောင်လှည်းထားသည်။ လူအုပ်ကြီးထိုင်နေသည့်ရှေ့တွင် ပက်လက်ကုလားထိုင် တစ်လုံးချထားသည်ကိုလည်း တွေ့ရ၏။ ကျွန်တော်ဆင်းသွားပြီး လူအုပ်ကြီး၏ရှေ့တွင် ဒူးတိုက်ဆွေးနွေးရန် ဝင်ထိုင်လိုက်ရာ၊ သူတို့အထဲမှ အကြီးအကဲဖြစ်သူက ထုံးစံအရ ကုလားထိုင်မှာသာထိုင်ရမည်ဟုဆိုကာ လက်ဆွဲ နှုတ်ဆက်သည်။ ကျွန်တော် ကုလားထိုင်တွင် ဝင်ထိုင်လိုက်ရသည်။ ယာသမားခေါင်းဆောင်လုပ်သူ ဦးထွန်းအောင်က စာတစ်စောင်လာပေးသည်။ မြန်မာစာလုံးဝိုင်းဝိုင်း၊ လက်ရေးလှလှဖြင့် တစ်ဦးတစ်ယောက်က ရေးပေးထားသည်ထင်ပါသည်။ သူတို့တင်ပြလာသောစာကို မူရင်းအတိုင်းဖော်ပြလိုက်ပါသည်။

မြို့နယ်သစ်တောဦးစီးမှူး

ခေတ္တ လိပ်ကုန်းစခန်း

နေ့စွဲ၊ ၁၅-၁-၈၆

အကြောင်းအရာ။ ။ ကျွန်းစိုက်ခင်းခုတ်ရန် ရှပ်ထွေးနေသည်ကို ရှင်းပေးပါရန်လျှောက်ထားပါသည်။

ကျွန်တော်တို့ မန်းတာရွာ ခုတ်လုပ်မည့်နေရာတွင် လိန်းကိန်းကျေးရွာမှ တင်ရွှေဆိုသူသည် မိမိတာဝန်ကျသည့် နေရာတွင်မခုတ်ဘဲ ကျွန်တော်တို့ခုတ်မည့်နေရာတွင် ဝင်ခုတ်ပါသည်။ ကျွန်တော်တို့က တားဆီးပါရာ တင်ရွှေက နတ်ပူဇော်ပွဲပြုလုပ်သည်မှာ ပန်းပေါင်းစုံနှင့် ဆမင်း ၆ ဆုပ်၊ ဆီးမီးတိုင် ၆ တိုင်၊ ငါး ၆ ကောင်နှင့် နတ်ပူဇော်ပွဲပြုလုပ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ ခမီးထုံးစံအရ ထိုသို့မလုပ်ကောင်းပါ၊ သို့အတွက်နှင့် လူကြီးမင်းတို့က ကျွန်တော်တို့ပြဿနာကို ရှင်းလင်းပေးပြီး နေရာသစ်တစ်ခု ရွေးချယ်ပေးပါရန် ရိုသေစွာလျှောက်ထားပါသည်။

မန်းတာကျေးရွာလူကြီး

ဦးထွန်းအောင်

နေရာသစ်ရှာခိုင်းနေပုံထောက်လျှင် နတ်ပူဇော်လိုက်ခြင်းကို အတော်ကြောက်ရွံ့နေကြပုံရပါသည်။ ထိုရွာသားများသည် အစိုးရကျွန်းစိုက်ခင်းတွင် ဝင်ရောက်လုပ်ကိုင်နေသော တောင်ယာသမားများဖြစ်ကြသည်။ တစ်ဦးလျှင် (၂) ဧကကျစီ မဲနှိုက်ပြီး နေရာကွက်ချထားပေးပြီးဖြစ်သည်။ တင်ရွှေဆိုသူက တိုင်ကြားကြသူ ယာသမားများ၏နေရာတွင် ကျူးကျော်ဝင်ရောက် တောခုတ်ရှင်းခဲ့ရာ တားမြစ်သည့်အခါကျမှ သူတို့ဓလေ့အတိုင်း တန်ပြန်နတ်ပူဇော်ခြင်းဖြင့် ဟန့်တားလိုက်ခြင်းဖြစ်ကြောင်း သိရပေသည်။ သို့ကြောင့် ကျန်သောယာသမားများက တင်ရွှေ နတ်ပူဇော်ထားသော နေရာနှင့်အနီးတဝိုက်တွင် ယာလုပ်ငန်းမည်သူမျှမလုပ်ကိုင်ဝံ့ကြတော့ဘဲ နတ်ဖမ်းစားခံရမည်ကို အလွန်ကြောက်ရွံ့တုန်လှုပ်နေကြလေသည်။ သို့ကြောင့် သူတို့အားလုံးက သတ်မှတ်ပေးထားပြီး နေရာအကွက်ကို စွန့်လွှတ်ပြီး နေရာသစ် ထပ်မံတိုင်းတာပေးရန် တောင်းဆိုကြခြင်းဖြစ်ပေသည်။ တစ်အုပ်စုလုံးကလည်း အခြားနေရာသစ်သို့ပြောင်းရွှေ့သွားကြရန် ပြင်ဆင်ထားကြပြီးဖြစ်သည်။

သူတို့၏ တိုင်စာဖတ်ပြီး ကျွန်တော်အတော်စိတ်အိုက်သွားမိပါသည်။ ပွဲဦးထွက်ရောက်ဖူးတွေ့ဖူးသည့် ဒေသအတွေ့အကြုံဖြစ်၍



ဒေသခံတို့၏ စိတ်သဘောနှင့် စရိုက်လက္ခဏာများကို ကောင်းစွာမသိရသေးခြင်းကြောင့်ဖြစ်ပါသည်။

ကျွန်းစိုက်ခင်းလုပ်ငန်းဆိုသည်မှာလည်း သူ့ရာသီ၊ သူ့အချိန်နှင့်ချိန်ကိုက်ပြီးစီးထားမှသာ အောင်မြင်နိုင်မည်ဖြစ်သည်။ ယခုတော့ နောက်ထပ်နေရာသစ်ဧက (၂၀၀) ထပ်ရှာပေးရမည်ဆိုသည်မှာ လွယ်ကူသောကိစ္စမဟုတ်ပေ။ ကနဦးသစ်တောအဖွဲ့တို့က မြေနေရာရွေးချယ်၊ မြေတိုင်းလုပ်ငန်းများကို အပြီးသတ်လုပ်ကိုင်အတည်ပြုထားပြီးဖြစ်နေသည်။

ယခုပြဿနာကို တိကျခိုင်မာသော ဆုံးဖြတ်ချက်ချပေးရပေတော့မည်။ မိမိဆုံးဖြတ်ချက်တစ်ခါတည်းမှန်သွား၍ နာခံသွားကြလျှင်တော့ ကောင်းပေမည်။ သို့မဟုတ်ပါက သိက္ခာလည်းကျ၊ ပြဿနာတွေလည်း တစ်လှေချည်းရှုပ်ထွေးလာနိုင်သည်။

သို့ကြောင့် သတ်မှတ်ပေးပြီးနေရာမှ မပြောင်းရွှေ့ရဘဲ ရာသီချိန်ကိုက် စိုက်ခင်းလုပ်ငန်းများ ပြီးစီးရလေအောင် တင်ရွှေနှင့် ရွာသားများ ပဋိပက္ခလည်း ပြေငြိမ်းစေရန် နတ်ပူဇော်ခြင်းကိုလည်း ပြေပျောက်စေရန် သားရွှေအိုးထမ်းမည့် အဖြေရှာဖွေရပေတော့မည်။

သို့ကြောင့် ကျွန်တော်ချက်ချင်းဆုံးဖြတ်ချက် မပေးသေးဘဲ ရွာသားများအားလုံးကို နံနက်စာထမင်းစားခိုင်းလိုက်ပါသည်။ ထမင်းစားရင်း ခေါင်းအေးအေးနှင့်စဉ်းစားရန် အချိန်ယူလိုက်ရခြင်းဖြစ်ပါသည်။ ဌာနဆိုင်ရာအလုပ်စည်းမျဉ်း စည်းကမ်းနှင့် ဒေသခံတို့၏ ရိုးရာဓလေ့ထုံးစံ အားပြိုင်လာသည့်ပြဿနာဖြစ်၍ အတော်ပင်သတိထားဆုံးဖြတ်ရမည်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



မကြာလှပါ၊ ကံကောင်းထောက်မစွာပင် လျှပ်တစ်ပြက်ဆိုသလို ခေါင်းထဲအကြံတစ်ခုပေါ်လာသည်။ ကျွန်တော် ထမင်းဆက်မစားဘဲ ချက်ချင်းအပြီးသတ်လိုက်သည်။ ယာသမားများ စားပြီးချိန်တွင် ဆွေးနွေးပွဲ ပြန်စလိုက်ပါသည်။

''စောစောက ဦးထွန်းအောင်တို့ တင်ပြတဲ့ကိစ္စကို လိန်းကိန်းရွာမှာပဲ အဆုံးအဖြတ်ပေးပါ့မယ်၊ ကျွန်တော်တို့အားလုံး ယာကွက်ရှိရာကို သွားကြတာပေါ့၊ ကျွန်တော်လည်း တစ်ခါတည်းလိုက်ခဲ့မယ်''

ခဏတော့ အသံတိတ်သွားသည်။ ပြီးမှ····

''ကောင်းပါပြီဆရာ၊ ဒီလိုဆိုရင်လည်း အချိန်ရှိတုန်းဖြတ်လမ်းကပဲ သွားရမှာပဲ၊ ဒီကနေ တောင်နှစ်လုံးတော့ ကျော်ရမယ်၊ ဒီနေရာတစ်ခွင်မှာတော့ အမြင့်ဆုံးတောင်တွေပဲ၊ ဒါပေမဲ့ ခရီးကတော့ နီးပါတယ်''

ရွာသူကြီးဦးထွန်းအောင်က သူ့ရွာသားများကို ခူမီးဘာသာစကားဖြင့် ရှင်းပြလိုက်သည်။ လူအုပ်ကြီးသည် တုတ်၊ ဓား၊ လှံ၊ ဒူးလေး၊ တူမီး စသည့်လက်နက်မျိုးစုံဖြင့် ခရီးပြင်လိုက်ကြသည်။ သူတို့ရွာက ထွက်ကတည်းကပင် လက်နက်များ ပါလာခဲ့ဟန်တူပါသည်။ မနက် ၄ နာရီ ခန့်လောက်ကတည်းက ထလာခဲ့ကြသည်ဟုဆိုသည်။ သို့ကြောင့် လိန်းကိန်းနှင့် လိပ်ကုန်းသည် ၄ နာရီ ခရီးလျှောက်ရမည်ဖြစ်သည်။ ကျွန်တော်တို့ လူစု နံနက် ၁၁ နာရီမှစ၍ ထွက်ခဲ့ကြ၏။ မြင့်မားလိုက်သည့် တောင်ထွတ်ကြီးများပင်ဖြစ်သည်။ တောင်ခြေမှစ၍ တောင်ထိပ် ရောက်ရန် ကြားခရီးတွင် (၈) ကြိမ်နားပြီးမှရောက်သည်။ တောင်ဆင်းတွင်လည်း ဒူးမတတ်နိုင်သဖြင့် (၄) ကြိမ်နားရ



သည်။ ဤသို့သော တောင်ထွတ်ကြီး ၂ လုံးကို တက်ဆင်းပြီး ညနေ ၅ နာရီထိုးမှ တစ်ဘက်တောင်ခြေအဆင်းရှိ လိန်းကိန်းရွာလေးသို့ ရောက်ကြသည်။

တောင်တက်တောင်ဆင်း ၅ နာရီကြာသဖြင့် အလွန်ပြင်းထန်သော ခရီးပင်ဖြစ်ပါ၏။ လိန်းကိန်းရွာသူကြီး ဦးတိုက်မင်း အိမ်ပေါ်တွင် ခဏအနားယူရင်း မှိန်းနေလိုက်ရ၏။ ယာသမားများသည် ဤမျှသော ခရီးကို အသွားအပြန် လျှောက်ပြီးကြသော်လည်း ပင်ပန်းကြဟန် မတူပေ။ ရွာထဲတွင် သွားလာနေကြသေး၏။ ရွာလယ်တွင် ဝါးတဲဇရပ်တစ်ဆောင်ကိုတွေ့ရ၏။ ကျေးရွာ၏ အရေးအခင်းမှန်သမျှ ဤရွာဘုံဇရပ်တွင် စုဝေးဆုံးဖြတ်ကြလေ့ရှိ၏။ လိန်းကိန်းရွာသည် အိမ်ခြေ ၂၄ အိမ်သာရှိ၏။

''ဆရာကြီး··· အတော်မောသွားပြီထင်တယ်၊ ထပါဦး၊ အချိန်လေးရှိတုန်း စလိုက်ကြရအောင်၊ မန်းတာက လူတွေလည်း ပြန်ချိန်ရတာပေါ့''

ဦးတိုက်မင်းလာခေါ်သဖြင့် ကျွန်တော်အိပ်နေရာမှ ထလိုက်ရသည်။ သို့မဟုတ်လျှင် တစ်ခါတည်းအိပ်ပျော်သွားမည်ထင်ပါသည်။ မောသည်ပန်းသည် သဘောထား၍မရတော့၊ ဇရပ်ပေါ်တွင် ယာသမားများ နေရာယူထားကြပေသည်။

''ကဲ··· လူစုံတက်စုံရောက်နေကြပြီ ဆိုရင်လည်း စလိုက်ကြတာပေါ့ဗျာ''

ဇရပ်ပေါ်တက်ပြီး လူအုပ်၏ရှေ့ဆုံးတွင် ကျွန်တော်နေရာယူလိုက်ပါသည်။ ရွာလုံးကျွတ်ရှိနေသဖြင့် ဇရပ်ပေါ်သာမက မြေကြီး

www.burmeseclassic.com

www.burmeseclassic.com



တွင်ပါ ထိုင်နေသူများကိုတွေ့ရ၏။ ဤလူအုပ်ထဲတွင် တင်ရွှေဆိုသူလည်း ပါဝင်၏။ ကျွန်တော်လူအုပ်ကြီးကို အကဲခတ်၍ လိုက်ကြည့်လိုက်သည်။ ကျွန်တော်၏ ဆုံးဖြတ်ချက်ကို နားစွင့်နေကြသည်။ အားလုံးတိတ်ဆိတ်နေကြပြီး ကျွန်တော့်ကိုလည်း သူတို့က ပြန်ပြီး အကဲခတ်နေကြလေသည်။ ကျွန်တော်၏ကြိုတင်စဉ်းစားထားသော ဆုံးဖြတ်ချက်ကို စပြီးဆွေးနွေးလိုက်ပါသည်။

"အားလုံး ရွာသားများနားထောင်ကြပါ၊ အချို့ ကျွန်တော်ပြောတာကို မသိနားမလည်သူများရှိရင် ဗမာစကား နားလည်သူတို့က ရေလည်အောင်ရှင်းပြပေးပါ၊ ခုကိစ္စကိုလည်း အားလုံးသိပြီးဖြစ်တဲ့ အတွက် ကျွန်တော့်အဆုံးအဖြတ်ကို နာခံကြစေလိုပါတယ်"

"ကိုတင်ရွှေက ကျူးကျော်ခုတ်ထားတဲ့ ယာကွက် (၂) ဧကကို စွန့်လွှတ်ပါ၊ ဆက်မလုပ်ပါနဲ့။ ကိုယ်တာဝန်ကျတဲ့နေရာမှာပဲ လုပ်ရပါမယ်။ ခုခုတ်ထားတဲ့နေရာကို ကျွန်တော်တို့ဝန်ထမ်းတွေက ကျွန်းပင် အစားထိုးစိုက်ပေးလိုက်မယ်"

"နတ်ပူဇော်တဲ့ကိစ္စကို လုံးဝပြေပျောက်သွားစေရန် ကျွန်တော် အမိန့်စာပြန်ပေးပါ့မယ်။ ဒီတော၊ ဒီတောင်၊ ဒီသစ်တောကြီးကို နိုင်ငံတော်အစိုးရကပိုင်ပါတယ်။ အစိုးရဆိုတာက ရေမြေသနင်း ပြည့်ရှင်မင်းပဲ၊ ဒါကြောင့် ပိုင်ရာဆိုင်ရာ တောစောင့်နတ်၊ တောင်စောင့် နတ်တို့ကို နိုင်ငံအုပ်ချုပ်မင်းလုပ်သူက အုပ်စိုးရပါတယ်။ ဒီတော့ အစိုးရမင်းက အခွင့်အာဏာလွှဲအပ်ပေးပြီး အုပ်ချုပ်ခွင့်ရသူ မြို့နယ် သစ်တောဦးစီးမှူးဖြစ်တဲ့ ကျွန်တော်ဟာ ဒီတော၊ ဒီတောင်တွေကို ပိုင်စိုးအုပ်ချုပ်သူဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော့်ရဲ့ အမိန့်ပြန်ချက်ဟာ



နတ်ပူဇော်မှုကို ပပျောက်စေလိုက ပပျောက်နိုင်ပါတယ်။ ပူဇော်သူ တင်ရွှေအတွက်သာ သက်ဆိုင်စေပြီး အခြားသူတွေကို မသက်ဆိုင်စေရပါဘူး"

"နောက်တစ်ချက်က ခုသတ်မှတ်ပေးထားပြီးဖြစ်တဲ့ ယာကွက် အားလုံးဟာ နိုင်ငံတော်ရဲ့ စီးပွားရေးစီမံကိန်းအရ ပြည်နယ်ရုံးအဆင့်ဆင့်၊ အထက်အဖွဲ့အစည်းများက အတည်ပြုထားပြီးဖြစ်လို့ ကျွန်တော်တို့ သဘောနဲ့ နေရာသစ်၊ အကွက်သစ်ရွှေ့ခွင့်မရှိပါဘူး၊ ဒါကြောင့် တင်ရွှေ ခုတ်ပြီး နတ်ပူဇော်ထားတဲ့ နေရာကွက်ကွက်ကလေးကိုသာ ချန်ပြီး ကျန်တဲ့သူတွေက နဂိုအတိုင်းဆက်လုပ်ကြရမှာဖြစ်ပါတယ်"

ကျွန်တော့်စကားအဆုံးတွင် ယာသမားများ စီညံစီညံနှင့် တစ်ယောက်တစ်ပေါက်ဖြစ်လာကြသည်။ အချို့လည်း ထပြန်တော့မည့် ဟန်ဖြစ်နေကြသည်။ မကြာမီ လူအုပ်စုတစ်စုက သူတို့ခေါင်းဆောင်နှင့် ရုပ်အောက်သို့ ဆင်းသွားပြီး သစ်ပင်အောက်တွင် စုဝေးဆွေးနွေးနေကြသည်။ ကျွန်တော်လည်း ဦးတိုက်မင်းလာပေးသောခေါင်းရည်တစ်ခွက်ကို ဖြည်းဖြည်းချင်းမော့သောက်နေလိုက်မိသည်။ မတ်တတ်ထ၍ သူတို့ဆန္ဒကို တင်ပြလာသည်။

"ကောင်းပြီဆရာကြီး၊ အစိုးရမင်းတို့က နေရာသစ်ပြောင်းမပေးနိုင်ဘူးဆိုရင် ခုနေရာအကွက်မှာ ဆက်လုပ်ပါ့မယ်၊ ဒါပေမယ့် တင်ရွှေ နတ်ပူဇော်ပွဲလုပ်ထားတဲ့ မြေကွက်ရဲ့ ၂ ဧက ပတ်လည်ကိုတော့ ဘယ်သူကမျှ မလုပ်ရဲကြပါဘူး၊ ချန်ထားခွင့်ပေးပါ၊ နောက်ပြီးတော့ တင်ရွှေက -

(၁) သားတစ်ကြိမ်ပေါက်ပြီး ဝက်မတစ်ကောင် အလျော်ပေးပါ။

www.burmeseclassic.com

www.burmeseclassic.com



(၂) သုံးနှစ်အတွင်း ရွာထဲတွင် လူဖျား၊ လူနာ၊ လူသေခြင်း မရှိစေရန် တာဝန်ယူပါ။

(၃) ဆရာပြောသလို အမိန့်စာပြန်ပေးပါ။

သူတို့တင်ပြသည်က ဤ (၃) ချက်ဖြစ်သည်။ ခက်ချေပြီ။ ဒါပေမယ့် သုံးနှစ်အတွင်းလူမသေစေရန် တာဝန်ယူပေးပါ ဆိုပါလား။ မည်သို့သောယုံကြည်ချက်၊ တွေးဆချက်တွေရှိနေပါသလဲ။ ရှိစေတော့ ကျွန်တော် မတ်ရပ်ထလိုက်ပြီး အောက်ပါအတိုင်းဆုံးဖြတ်ချက်ချမှတ်ပေးလိုက်ပါသည်။

- ကိုတင်ရွှေက သားတစ်ကြိမ်ပေါက်ပြီး ဝက်မ တစ်ကောင် အလျော်ပေးလိုက်ပါ။
- နတ်ပူဇော်ထားတဲ့နေရာကို ကျွန်တော်အမိန့်စာ ပြန်ပေးပါ့မယ်။
- ဒါပေမယ့် သုံးနှစ်အတွင်း လူမသေရအောင် တာဝန်ယူပါ ဆိုတာကတော့ လုံးဝမဖြစ်နိုင်တဲ့ကိစ္စဖြစ်တဲ့အတွက် ကျွန်တော်တောင်းပန်ပါရစေ၊ ဒီတစ်ချက်ကိုတော့ ခွင့်လွှတ်ကြပါ။ အမိန့်စာပြန်တာဟာ အားလုံးအတွက် ကာကွယ်မှု ပေးပြီးဖြစ်ပါတယ်။

"အလျဉ်းသင့်လို့ ကျွန်တော်ဆက်ပြီးဆွေးနွေးပါဦးမယ်၊ သေခြင်းတရားဆိုတာ ကျွန်တော်တို့ကိုးကွယ်တဲ့မြတ်စွာဘုရားပင် မလွန်ဆန်နိုင်ပါဘူး။ သက်ရှိသတ္တဝါမှန်သမျှ ဘယ်လိုဆိုဆို သူ့အချိန်တန် လျှင် အိုရ၊ နာရ၊ သေကြရတာပါပဲ။ ဒါဟာ ဓမ္မတာသဘောပါ၊ သေတာနဲ့ပတ်သက်လို့ ကျွန်တော်တို့ မြန်မာမှုမှာ သေခြင်းတရား



လေးပါးရှိတယ်။ အရွယ်ကုန်လွန်လို့ သေရတယ်၊ အရွယ်ကျန်ရှိနေသေးသော်လည်း သက်တမ်းကုန်သွားရင် သေရတယ်၊ အရွယ်ရော သက်တမ်းရော ရှိသေးပေမယ့် ကံကုန်သွားရင်လည်း သေရတာပါပဲ။ အရွယ်လည်းရှိသေးတယ်၊ သက်တမ်းလည်း ကျန်နေသေးတယ်၊ ကံလည်းမကုန်သေးဘူးဆိုပေမယ့် ရုတ်တရက်အကြောင်းကြောင်းတွေကြောင့် ဥပစ္ဆေဒက ကံဆိုတာကြောင့် သေရတာလည်းရှိပါတယ်။ ဒါကြောင့် အချိန်အခါမရွေး၊ ဘယ်သူ ဘယ်သတ္တဝါမဆို နာနိုင်ကြတယ်။ သေနိုင်ကြတာပါပဲ၊ ကျွန်တော်တောင်းပန်ပါရစေ၊ ဒီအချက်ကိုတော့ ထည့်ပြီးမစဉ်းစားကြပါနဲ့ဗျာ"

လူအုပ်ကြီးက အသံတိတ်ဆိတ်နေသည်၊ စဉ်းစားနေကြဟန် ရှိသည်။ ကျွန်တော်လည်း ရင်တထိတ်ထိတ်နှင့် သူတို့အဖြေကို စောင့်မျှော်နေမိ၏။ မကြာလှပါ ခေါင်းဆောင်တစ်ဦးက မတ်တတ်ထလိုက်သည်။

"ဆရာကြီးပြောသလိုဆိုရင် လူတွေက ဘယ်အချိန်ပဲဖြစ်ဖြစ် သေသွားနိုင်တာပဲ။ ဖျားတယ်၊ နာတယ်ဆိုတာတွေကတော့ အမျိုးမျိုး ရှိကြပါတယ်။ ဒါပေမဲ့ ဆရာကြီးအမိန့်စာပြန်ပေးမယ်ဆိုတော့လည်း ကျွန်တော်တို့က သဘောတူပါတယ်။ ဆရာကြီးဆုံးဖြတ်ချက်အတိုင်းသာ စီစဉ်ပေးပါတော့။"

ဆွေးနွေးပွဲသည် ညနေ ၆ နာရီတွင် အပြီးသတ်သွားပါသည်။ တင်ရွှေက သူ့မှာသားတစ်ကြိမ်ပေါက်ပြီး ဝက်မ မရှိသည့်အတွက် ရွာထဲမှသားချင်းတစ်ဦးထံ တန်ဖိုးပေးဝယ်ပြီး အလျော်ပေးလိုက်သည်။ အလျော်ရသူတို့ဘက်က ချက်ချင်းလိုက်ဖမ်း ယူကြသည်။ နေဝင်ဖျိုးဖျဆိုသော်လည်း အနောက်ဘက်တောင်ကုန်းဒေသဖြစ်၍ ညနေ ခြောက်

www.burmeseclassic.com

www.burmeseclassic.com



နှာရိုခွဲအထိပင် တိမ်ရောင်တောက်ပပြီး လင်းရောင်ခြည်ရှိနေသော သည်။

မကြာလှပါ။ ဝက်ကို ခြေလေးချောင်းကြိုးတုတ်ပြီး မျော တစ်ချောင်းနှင့်လျှို၍ ထမ်းလာကြတော့သည်။ ဝက်အော်သံစူးစူးဝါးဝါး နှင့် လူစု၏ အော်ဟစ်ပြောဆိုသံများ ရောထွေးဆူညံနေသည်။

''ကဲ... ဆရာကြီးသွားကြမယ်၊ ဒီမှာ တင်ရွှေလည်းလိုက် မယ်။ ဟိုကျတော့ ဆရာကြီးအမိန့်ပြန်ပေးပေါ့''

ဦးတိုက်မင်းက လူအုပ်ကို ဦးဆောင်ပြီး ကျွန်တော့်ကို ခေါ်လာ သည်။

''နေဝင်တော့မယ် ဦးတိုက်မင်း၊ တောင်ယာထဲကျတော့ မှောင် နေလိမ့်မယ်ထင်တယ်။ နောက်နေ့မနက်မှ လုပ်ကြပါလားဗျာ''

ကျွန်တော်တောင်းပန်လိုက်သည့်အချိန်မှာ ကျွန်တော်တို့ ပြည်မ ဆိုလျှင် နေဝင်ချိန်ပင်ဖြစ်ပါသည်။

''နေရောင်ရှိပါသေးတယ်ဆရာကြီး၊ တောင်ပေါ်ကျရင် နေကို တောင်မြင်ရမှာပါ၊ မန်းတာက အဖွဲ့တွေလည်း ဒီနေ့ပြန်ကြမှာ ဆရာကြီး''

သူတို့ဒေသအခြေအနေကို သူတို့သာသိနိုင်ပေလိမ့်မည်။ သို့ကြောင့်ကျွန်တော်လည်း လိုက်သွားရတော့သည်။ ၁၅ မိနစ်ခန့် လောက်သာ တက်လိုက်ရသည်။ တင်ရွှေနတ်ပူဇော်ထားသော ယာကွက်သို့ရောက်သွား၏။ ထမ်းလာသောဝက်ကို ဝါးချွန်တုတ်နှင့် ထိုးသတ်လိုက်ရာ ဝက်မကြီး ငြိမ်ကျသွားတော့သည်။



နှုတ်မှတတွတ်တွတ်ဖြင့် တင်ရွှေဘာတွေရွတ်နေသည်ကိုတော့ မသိပါ။ ကျွန်တော်လည်း ငေးငိုင်၍သာ ကြည့်နေမိသည်။

''ဆရာကြီးအမိန့်စာပြန်ပေးပါ''

ဦးရွှေလှပြောလိုက်တော့မှ ကျွန်တော်အသင့်ရေးယူလာသော အမိန့်စာကိုထုတ်၍ ကိုရွှေလှကိုပေးလိုက်ပါသည်။ ကိုရွှေလှက မြန်မာစာကောင်းကောင်းဖတ်နိုင်ပြီး မြန်မာသံလည်းပီသစွာ ပြောဆိုနိုင် သူဖြစ်ပါသည်။ ထိုစဉ်က ကျွန်တော်စီစဉ်ထားသည့်အတိုင်း ရေးယူ လာခဲ့သော အောက်ပါအတိုင်း အမိန့်စာမူရင်းကို ဖော်ပြလိုက်ပါသည်။

**“ကုလားတန်သစ်တောကြိုးဝိုင်းအကွက်အမှတ် (၂၃) တောင် ယာတဲတွင် ပြန်ဆိုခဲ့သော အမိန့်စာ”**

ကုလားတန်သစ်တောကြိုးဝိုင်းအကွက်အမှတ် (၂၃)၊ ယာကွက် နေရာတွင် လိန်းကိန်းရွာသားတင်ရွှေသည် သူ၏ယာလုပ်ငန်းကောင်းမွန် စေရေးအတွက် ဆိုင်ရာနတ်များကို ပူဇော်ပသလျက် လိုရာဆုတောင်း ခဲ့ပါသည်။

ကိုတင်ရွှေနတ်ပူဇော်ပသမှုသည် ပူဇော်ပသမှုပြုသူ ကိုတင်ရွှေ ကိုသာလျှင် သူ၏ကျန်းမာရေး၊ စီးပွားရေး၊ ဘေးအန္တရာယ်ကင်းဝေး စေရေးစသည်တို့ကို စောင့်ရှောက်နိုင်ကြပါစေ၊ တင်ရွှေမှအပ အခြား သူများအား လုံးဝမသက်ဆိုင်ပါစေနှင့်။

သို့အတွက် ဆိုင်ရာနတ်မင်းသည် ဤနေရာဤဒေသ၌ မှီတင်း နေထိုင်ကြကုန်သော ရွာသူရွာသားများအား နာမကျန်းဖြစ်အောင်၊ သေ ကြေပျက်စီးအောင်၊ ထိတ်လန့်အောင် မကောင်းနိမိတ်များဖြစ်စေအောင် ဖမ်းစားခြင်း၊ နှောင့်ယှက်ခြင်းများမပြုပါရန် ဤသစ်တောကြိုးဝိုင်းကြီး

www.burmeseclassic.com

www.burmeseclassic.com



အား စီမံအုပ်ချုပ်ရသူ မြို့နယ်ဦးစီးမှူး ကျွန်ုပ်က မေတ္တာရှေ့ထား အမိန့်ပြန်ကြားခြင်းဖြင့် တားမြစ်အပ်ပါသည်။

မိမိကိုယ်ကိုယ်ချမ်းသာစွာ ရှက်ဆောင်နိုင်ပါစေသတည်း။

ပုံ/××××××
မြို့နယ်သစ်တောဦးစီးမှူး
ပလက်ဝမြို့နယ်
ချင်းပြည်နယ်

ကိုရွှေလှက အမိန့်စာဖတ်၍ပြီးဆုံးသည်နှင့် သူ၏ တူမီးသေနတ်ကို မိုးပေါ်ထောင်၍ တစ်ချက်ဖောက်ပစ်လိုက်သည်။ ပြီးမှ အမိန့်စာရွက်ကို အနီးရှိ ဝါးရုံတွင်ညှပ်ထားခဲ့သည်။ တောင်စွယ်မှာလည်း နေကွယ်သွားပြီ၊ မှောင်ရီသန်းလာပြီဖြစ်၍ ဝက်ကို ထမ်းသူက ထမ်းပြီး တက်သုတ်ပြန်လာခဲ့ကြတော့သည်။

ရွာရောက်သည့်အခါ အလျော်ရသော မန်းတာရွာသားများက ဝက်ကို ယူပြီးရွာကို ထမ်းပြန်မည်ဟု ကျွန်တော်ထင်မိပါသည်။ သို့သော် ထိုသို့မဟုတ်ပေ။ ဝက်ကို ချက်ချင်းဖျက်၍ တစ်ကောင်လုံးချက်ပြုတ်ပြီး ရွာသားအားလုံးနှင့် တင်ရွှေအပါအဝင်ဝိုင်းဖွဲ့၍ ညစာကို တပျော်တပါးစားသောက်ကြသည်။ ကျွန်တော်ပင်လျှင် သူတို့အားလုံး၏ ထမင်းဝိုင်းကြီးကို ကြည့်ပြီး ဝမ်းသာပီတိဖြစ်မိသည်။ မိမိ၏ ဆုံးဖြတ်ချက် ချောမောပြေပြစ်စွာ ပြီးပြတ်ခဲ့သည်ကိုလည်း ဂုဏ်ယူအားတက်မိပါသည်။

တင်ရွှေနှင့်ရွာသားများ၏ ပဋိပက္ခလည်း ပြေလည်သွားခဲ့ပြီး နောက်နေရာသစ်ကိုလည်း မပြောင်းရွှေ့ရတော့ဘဲ လုပ်အားအရှိန်



အခြေမပျက် သတ်မှတ်စိုက်ကွက်တွင်ပင် အောင်မြင်မှုရခဲ့သည်။ အစိကကတော့ "နတ်ပူဇော်တာကို ကြောက်လို့" ဟူသည့်ပြဿနာကို ဖြေရှင်းနိုင်ခဲ့ခြင်းပင်ဖြစ်ပါသည်။ သို့မှလည်း ကျွန်းစိုက်ခင်းစီမံကိန်းမှာ သတ်မှတ်လျာထားချက်အတိုင်း ရာသီချိန်ကိုက် ပြီးစီးနိုင်ပေတော့မည် ဖြစ်ပေသည်။

ဝက်တစ်ကောင်အလျော်ဖြင့် ကျေအေးကြသော ပွဲတွင် အလျော်ရသူတို့က အပိုင်ရယူသွားခြင်းမျိုးမဟုတ်ဘဲ အလျော်ပေးသူ၏ရွာမှာပင် ရွာသားချင်းကျေကျေအေးအေး ခင်မင်မှုကို သရုပ်ဖော်ပြီး ဝိုင်းဖွဲ့စားသောက်ကြသည့် လေ့သည် ရိုးသားသည့်ချစ်စရာကောင်းသော ညီညွတ်ရေးထုံးလေ့တစ်ခုပင်ဖြစ်ပေသည်။

❖ ❖ ❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

# ဦးကြာအောင်၏ အောင်ပွဲ

ဤပွဲကို ဦးကြာအောင်၏အောင်ပွဲဟု ကျွန်တော်က အမည်တပ်ပေးထားခြင်းဖြစ်ပါသည်။ အမှန်မှာ 'ဝမ်း' ခေါ် 'အသွင်းဖိုး' ကျေလည်သောနေ့တွင် မျိုးနွယ်ရေးတာဝန်တစ်ရပ်ကို ကျေပွန်သော အထိမ်းအမှတ်အဖြစ် ပျော်ပွဲရွှင်ပွဲ၊ မင်္ဂလာပွဲ တစ်ခုကျင်းပကြခြင်းဖြစ်ပါသည်။

'အသွင်းဖိုး' ဆိုသည်မှာ ခူမီးချင်းဓလေ့ထုံးစံအရ မိန်းကလေးတစ်ဦးကို လက်ထပ်ထိမ်းမြားသည့်အခါတွင် မိန်းကလေးရှင်မိဘများ၊ အုပ်ထိန်းသူများတို့ဘက်က မင်္ဂလာကြေးတောင်းခံကြသည့် ငွေကြေးမည်မျှ၊ ကျွဲနွားမည်မျှ၊ လှံမည်မျှပေးရန် သတ်မှတ်တောင်းဆိုသောတန်ဖိုးဖြစ်ပေသည်။ မင်္ဂလာပွဲတွင် ညှိခံပွဲကုန်ကျစရိတ်အတွက်သာဖြစ်သည်။ အချို့ဒေသတွင် ထောင်ဂဏန်းမှ သောင်းဂဏန်းထိပင် သတ်မှတ်တောင်းဆိုလေ့ရှိကြသည်။ အချို့အပေါ်ယံသာ နားလည်ထားကြသူတို့သည် အသွင်းဖိုးပေးရသည်မှာ မိန်းမတစ်ဦးကို တန်ဖိုးသတ်မှတ်တောင်းဆိုရယူသည့် သဘောမျိုးအဖြစ် လက်ခံသဘောပေါက်နေကြသည်။

အမှန်မှာ အသွင်းဖိုးတင်သော ငွေကြေးအားလုံးသည် မည်သူကမျှ ရယူကြသောငွေမဟုတ်ပေ။ မင်္ဂလာပွဲတွင် ညှိခံကျွေးမွေးခြင်း၊ လှံဖိုးနှင့် ပျော်ပွဲရွှင်ပွဲတို့တွင် အားလုံးအသုံးပြုလိုက်ကြသော ဓလေ့ရှိ၏။



သတ်မှတ်အသွင်းဖိုးကို လက်ထပ်စဉ်မှာ အားလုံးအကျေပေးနိုင်လျှင် တတ်နိုင်သလောက်အချို့အဝက်သွင်းထားလျှင်လည်းရပေသည်။ ကျန်သော အသွင်းဖိုးငွေကို နောင်တစ်ချိန်တွင် အကျေပေးဆပ်ရလေ့ရှိသည်။ အသွင်းဖိုးကျန်ငွေ အကြွေးနှင့်ပတ်သက်၍ ကျေသူလည်းမရှိသလောက်ပါပင်။ ချင်းမျိုးနွယ်စုတွင် မင်္ဂလာကြေးအသွင်းဖိုးမကျေလည်ပါက အသိုင်းအဝိုင်းမဝင်ဆံ့ဖြစ်ကြရသည်။ အကယ်၍ မကျေလည်ခင် သေဆုံးသွားသည့်တိုင် ကျန်ရစ်သူအမျိုးအဆွေတို့အထဲက ပေးဆပ်ရန် ကတိပြုကြရသည်။ သို့မဟုတ်ပါက အသုဘစျာပနကို မြေမြှုပ်သင်္ဂြိုဟ်ခွင့်မပြုဘဲ တားမြစ်ကန့်ကွက်လေ့ရှိကြသည်ဟု သိရပေသည်။

မည်သို့ပင်ဖြစ်စေ မိရိုးဖလာမျိုးရိုးစဉ်ဆက် ထုံးဓလေ့ဖြစ်လာခဲ့သည့်အတွက် လက်ထပ်စာချုပ်များ၊ သက်သေများနှင့် ရေးချုပ်ကြရန်မလိုတော့ပေ။ ချင်းမျိုးနွယ်တို့၏ အသွင်းဖိုးကတိသည် စာချုပ်ထက်ခိုင်မာပါသည်ဟုဆိုကြသည်။

ယခု ဦးကြာအောင်၏ပွဲသည် 'အသွင်းဖိုး' ကတိထုံးဓလေ့ကို သက်သေပြလိုက်သော ပွဲတစ်ပွဲဟုဆိုက မမှားနိုင်ပေ။ အဘဦးကြာအောင်က အသက် (၆၃) နှစ်၊ အဘွားက (၅၉) နှစ်ရှိပြီး အိမ်ထောင်သက် အနှစ် (၄၀) ကျော်ရှိနေပေပြီ။ သားသမီး ၅ ယောက်မြေးတစ်ကျိပ်ကျော်ရှိပါသည်။

လွန်ခဲ့သောနှစ်ပေါင်း (၄၀) ကျော် ဂျပန်ခေတ်ကာလက ဦးကြာအောင်က အဘွားကို လက်ထပ်ထိမ်းမြားခဲ့စဉ်မှာ အသွင်းဖိုး တန်ဖိုး ၅၀၀ ကျပ်နှင့်သတ်မှတ်ခဲ့ကြသည်။ အဘကငွေ ၄၀၀ ကျပ်သာ တင်နိုင်ခဲ့သဖြင့် အသွင်းဖိုးအကြွေးငွေ ၁၀၀ ကျပ် ကျန်ထားခဲ့ပေ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ယခုအချိန်တွင် အဘတို့က မုန့်ညင်းခင်းအောင်သည့်အတွက် အခင်း ပြတ်ရောင်းရငွေ ၂၀၀၀ ကျပ် ရရှိခဲ့သည်။ သို့ကြောင့် ယခင်က အကြွေး ကျန်ငွေ ၁၀၀ ကျပ်ကို ယခုခေတ်တန်ဖိုး ၁၀၀၀ ကျပ်သတ်မှတ်၍ အဘွား၏အမျိုးအဆွေဘက်မှ မိဘ၊ ဦးလေးသားချင်းများကို ပေးပို့ထောက်ပံ့ကန်တော့နိုင်ခဲ့သည်။ အဘ၏ယောက္ခမများ၊ အမျိုးအနွယ်များဘက်က ဝက်တစ်ကောင်နှင့် နွားတစ်ကောင်ပြန်ပြီး လက်ဆောင် ပေးလိုက်ကြသည်။ ဝက်တစ်ကောင်ကို ဆွေမျိုးများ ရွာမှာပင် ပျော်ပွဲ၊ ရွှင်ပွဲ၊ ခေါင်ပွဲဖြင့် စားသောက်ခဲ့ကြပြီး နွားတစ်ကောင်ကို အဘတို့ရွာ အရောက်ဆွဲပြန်လာခဲ့ကြသည်။ အဘတို့က မန်းခွဲရွာမှာ နေထိုင်ကြသူများ ဖြစ်သည်။ အိမ်ခြေ (၂၀) မျှသာရှိပြီး သားသမီး၊ မြေးမြစ်၊ ဆွေမျိုးတစ်စုနေထိုင်ကြသော တောင်ယာရွာငယ်လေးဖြစ်သည်။ ပလက်ဝမြို့မှဆိုလျှင် (၁၄) မိုင်ကွာဝေးပြီး ခြေကျင်ခရီးမှလွဲ၍ အခြားမရှိပေ။

အဘတို့တစ်မိသားစုသည် အစိုးရစိုက်ခင်းတောင်ယာသားများ ဖြစ်ကြ၍ အဘ၏အသွင်းဖိုးကျေသောနေ့၊ အပျော်ဆုံးနေ့ မျိုးနွယ်ရေးကတိတာဝန်ကျေပွန်သောနေ့၊ မင်္ဂလာပွဲကြီးကို အဘ၏သား ကိုရိုက်တလင်းတို့အိမ်တွင် ၃ ညအိပ်တည်းခိုလေ့လာခွင့်ရခဲ့သည်။ မင်္ဂလာပွဲခင်းကို အဘတို့အိမ်ရှေ့ကွက်သာတွင် ကျင်းပပြုလုပ်သည်။ ကျွန်တော်တည်းခိုသည့် အဘ၏သား ကိုရိုက်တလင်းအိမ်နှင့် မျက်နှာချင်းဆိုင်ဖြစ်၍ အချိန်ပြည့်ကြည့်ရှုလေ့လာနိုင်ခဲ့ပေသည်။

ပွဲရက်ကို ၂ ရက်ကြာ ကျင်းပကြသည်။ ကွက်သာ၏ အလယ်တွင် ယဇ်တိုင်ကို စိုက်ထူထားပြီး တောပန်း၊ တောင်ပန်းများ၊ ဝါးစိတ်မျှင်ပန်းပွားများဖြင့် အလှဆင်ယင်ထားကြသည်။ လက်ဆောင်



ရခဲ့သော နွားကို တိုင်မှာချည်ထားလိုက်ကြသည်။ နံနက်ပိုင်းတွင် မန်းခွဲရွာအနီးဝန်းကျင်မှာရှိသည့် လိပ်ကုန်း၊ မန်းတာ၊ လိန်းကိန်း၊ ပိန္နဲကုန်းစသည့်ကျေးရွာများမှ ဖိတ်ကြားထားသော ဧည့်ပရိသတ်များ စုံညီစွာရောက်လာကြသည်။

ပထမနေ့နံနက်ပိုင်းမှစတင်၍ မင်္ဂလာပွဲစတင်ပေပြီ။ နွားချည်တိုင်ကို ပရိသတ်များက ဝိုင်းပတ်နေရာယူကြသည်။ အမျိုးသား၊ အမျိုးသမီးများတစ်ယောက်ခြား၊ အချို့အစုက ယောက်ျားလေးများချည်းစီလျှင် မိန်းကလေးများချည်းဆက်၍ တန်းစီသည်လည်းရှိ၏။ ကျွန်တော်တို့ မိတ်ဆွေကြီးကိုရွှေလှက အမျိုးသမီးနှစ်ယောက်ကြားတွင် နေရာယူထားလေသည်။ ကျွန်တော့်ကိုလည်း နေရာချပေးပြီး ဝင်ကခိုင်း၍ ခပ်ရှက်ရှက်ဖြင့် ဝင်ကရသည်။ တူရိယာနှစ်မျိုးတည်းနှင့် အခမ်းအနားက မြိုင်စပြုလာလေသည်။ မောင်းနှင့် ဘူးခါးပလွေသာ တီးမှုတ်ကြ၏။ ကိုရိုက်တလင်းက တူမီးသေနတ် (၃) ချက်မျှ အချက်ပေးပစ်ဖောက်လိုက်သည်။ ပရိသတ်များက ဘယ်ခြေ၊ ညာခြေ၊ ဆုတ်တက်ဖြင့် ကိုယ်ကိုဘယ်ညာညိမ့်၍ ဝိုင်းပတ်ကကြသည်။ ဘူးခါးပလွေခုနစ်လုံးကို လူခုနစ်ယောက်က တစ်ပြိုင်တည်းမှုတ်နေကြသည်။ မောင်းစည်းချက်ကလည်း ချက်ကျကျ တဒူဒူနှင့် တီးနေလေသည်။ မြူးကြွသောသံစဉ်တစ်မျိုးဖြစ်၍ နားစွဲမိပါသည်။ ဘူးခါးပလွေသည် ဒေသလက်ဖြစ် ရိုးရာတူရိယာတစ်မျိုးဖြစ်ပါသည်။ ဘူးခါးခွံအခြောက်ကို ခါးလယ်တွင် ထုတ်ချင်းပေါက် အပေါက်ဖောက်ထားပြီး အရှည်တစ်တောင်ခန့်ရှိသည့် ပလွေတံဝါးကို စွပ်လျှိုထားသည်။ ပလွေတံ၏ အရင်းအပေါက်နေရာတွင် လေလုံစေရန် ပျားဖယောင်း၊ ပွဲလျှက်တို့ဖြင့် ဖာထေးထားသည်။ ဘူးခါးခွံထဲတွင် ရောက်နေသော ပလွေတံအပိုင်း

www.burmeseclassic.com

www.burmeseclassic.com



တွင် အသံထွက်နိုင်သည့် လျှာခင်ပြွလုပ်ထားရှိသည်။ ပလွေကို မှုတ်လိုက်ကြသည့်အခါ ဘူးခါးအလုံးအကြီးအသေးအလိုက် အသံစုံပြိုင်ထွက်လာသဖြင့် ရိုးရာသီချင်းကို သံစဉ်ဖြင့် ကနိုင်ကြလေသည်။ ဘူးပလွေ၊ ဘူးသံစုံနဲ့ဟုလည်းခေါ်ကြသည်။

နေ့လယ်ပိုင်းတွင် ပတ်ဝန်းကျင်ကျေးရွာများမှ ဧည့်ပရိသတ်များ စုံညီစွာရောက်ရှိကြပေပြီ။ နေ့လယ် ၂ နာရီခန့်၌ အကအဖွဲ့နှင့်တူရိယာအဖွဲ့တို့ ခေတ္တရပ်နားကြသည်။ နွားသတ်ပွဲစရန် အချိန်ဖြစ်ပါသည်။ ယခုပွဲမျိုးတွင် နွားကို သတ်ပေးရမည့်သူမှာ သီးသန့်သတ်မှတ်ထားရသော ထုံးစံရှိလေသည်။ နှမပေးယောက်ဖဖြစ်သူက လှံဖြင့်နွားကို ထိုးသတ်ပေးရသည်။ ထို့ကြောင့် အဘဦးကြာအောင်ဇနီး၏ မောင်တစ်ဦးက သတ်ပေးရလေသည်။ ဤနွားသတ်ပွဲကို ဧည့်ပရိသတ်ယောကျ်ား၊ မိန်းမအားလုံးက မျက်လှည့်ဝိုင်းတစ်ခုသဖွယ် ဝိုင်းဝန်းကြည့်ရှုနေကြသည်။ တူရိယာတီးမှုတ်ခြင်းမရှိသဖြင့် တိတ်ဆိတ်နေသည်။ လှံထိုးသူသည် အလွန်ကျွမ်းကျင်လျင်မြန်လှပါသည်။ နွား၏လက်ပတ်တစ်ဖက်တစ်ချက်စီကို လျှပ်တစ်ပြက်အတွင်း အပြီးထိုးနိုင်သည်ကို တွေ့ရ၏။ ထိုမှ နွား၏ ချိုနှစ်ခုကြား ဦးခေါင်းပေါ်သို့ လက်မောင်းလုံးမျှရှိ မျောချောင်းနှင့် ဆင့်၍ရိုက်ချလိုက်သည်။ သည်တော့မှ နွားမှာတုတ်တုတ်မျှမလှုပ်တော့ပေ။ ချည်တိုင်မှ ကြိုးဖြေ၍ ဦးကြာအောင်၏ နေအိမ်တန်းပျင်းပေါ်သို့ ဝိုင်းမဆွဲယူတင်သွားပြီး ချက်ချင်းဖျက်ကြတော့သည်။

ခမီးချင်းတို့ ထုံးစံမလေ့အရ နွားသတ်ပေးသူယောက်ဖကို ဦးကြာအောင်က နွားထိုးလက်ဆောင်အဖြစ် စောင်တစ်ထည်ပေးရလေသည်။ ထိုအချိန်တွင် လူငယ်ကာလသ၁း၊ ကာလသမီးတို့က မျက်နှာ



ဘွင် ဆန်မှုန့်အဖြူရောင်များ အကြောင်အကျားသုတ်လိမ်းထွက်လာကြပြီး ဆက်လက်ဝိုင်းပတ်ကကြသည်။ တူရိယာတီးမှုတ်သည့်အဖွဲ့ကလည်း ပို၍ပင် မြိုင်အောင်တီးမှုတ်ကြပြန်သည်။ ကိုရိုက်တလင်း၏ ဘူမိသေနတ်သံကလည်း ဝန်းကျင်တစ်ခွင်လုံး ပဲ့တင်ဟိန်းနေတော့သည်။

ညနေပိုင်းမှောင်ရီပျိုးချိန်တွင် ဦးကြာအောင်၏ အိမ်ပေါ်သို့ အားလုံးတက်ကြသည်။ ညစာထမင်းကို ရွာလုံးကျွတ် ပရိသတ်အားလုံး တပျော်တပါးဝိုင်းဖွဲ့စားသောက်ကြသည်။

ကိုရိုက်တလင်းက ခေါင်အိုးကြီးတစ်လုံးကို သူ၏အိမ်အပေါက်ဝတွင် ချထားပြီး ကျွန်တော့်ကိုခေါ်၍ ပလူတံဖြင့် စုပ်ခိုင်းပါသည်။ ဦးကြာအောင်၏ ဂုဏ်ပြုခေါင်အဖြစ် ကျွန်တော့်ကိုအကြီးအကဲဧည့်သည်အနေဖြင့် ဦးစွာ စုပ်ပေးရန် စီစဉ်ပေးခြင်းဖြစ်ပါသည်။

ခေါင်အိုးမှာ ဤပွဲအတွက် ရည်မှန်းပြီး သောက်ရေအိုးကြီးအရွယ်ဖြင့် နှစ်လမျှ ကြိုတင်ထည့်ထားသော ခေါင်အိုးဟုဆိုပါသည်။ အိုးအဝတွင် ကျွန်းဖက်၊ ငှက်ပျောဖက်များဖြင့် ပိတ်ဆို့ထားပြီး ပလူတံတစ်ချောင်း စိုက်ထားသည်။ ပလူတံဘေးနားတွင် နှီးပြားတစ်ချောင်း စိုက်ထားသည်ကို တွေ့ရ၏။

ထုံးစံအလိုက် ကျွန်တော်ဝတ္တရားကျေအနည်းငယ်စုပ်လိုက်ပါသည်။ ကိုရိုက်တလင်းက အိုးထဲသို့ ရေပြန်လောင်းဖြည့်ရန်ကြည့်ပြီး ကျွန်တော့်ဘက်သို့လှည့်၍ ပြန်ခေါ်ပြန်ပါသည်။

"ကျွန်တော်တို့ထုံးစံအရ အကြီးအကဲဖြစ်တဲ့ ဧည့်သည်ဆရာကို ပထမဦးဆုံး စုပ်ခိုင်းလိုက်ရင် ကျန်တဲ့နောက်ပိုင်းစုပ်တဲ့ပရိသတ်က

www.burmeseclassic.com

www.burmeseclassic.com



ဆရာစုပ်တဲ့အရစ်အတိုင်းကျအောင် လိုက်စုပ်ကြရတယ်ဆရာ၊ ပိုရင်သာ ပိုရမယ် လျှော့မစုပ်ကြရပါဘူး၊ ဆရာစုပ်တာက ရေရစ်တောင်မကျသေးဘူး၊ ထပ်စုပ်ပါဦး''

ကိုရိုက်တလင်းက ပြောပြောဆိုဆို လက်ကိုဆွဲပြီး ထပ်စုပ်ခိုင်းပြန်ပါသည်။ ကျွန်တော်ပလူတံကို ကိုင်၍ ထပ်စုပ်ရပြန်သည်။

''ဆရာအများဆုံး စုပ်နိုင်သလောက်စုပ်ပေးပါ။ ကျသွားတဲ့ ရေရစ်မှာ ဘောကနီးစကို ချိုးမှတ်ထားပေးရမယ်''

ကျွန်တော်တဖြည်းဖြည်းနှာ၍ စုပ်လိုက်ရာ ရေအိုးလည်ပင်း အရစ်၏ အောက်နားသို့ လျော့ကျသွားတော့သည်။ သည်တော့မှ ကိုရိုက်တလင်းက ရေအရစ်နှင့်အညီ နေရာမှမှတ်၍ နီးစကို ချိုးလိုက်သည်။ ပြီးလျှင် ရေထပ်ဖြည့်လောင်းထည့်လိုက်သည့်အခါ နီးစအများမှာ ရေအောက်တွင် မြုပ်နေလေတော့သည်။ နောက်စုပ်သူတို့မှာ ငှင်းနီးပြားအစ ပေါ်သည်အထိ စုပ်ကြရသည်။ ထို့ထက်ပိုစုပ်၍လည်း ရပေသည်။ နည်း၍သာမစုပ်ရဟုဆိုပါသည်။

ပွဲလာပရိသတ်များအတွက်လည်း ခေါင်အိုးများတန်းစီနေရုံမျှမက အရက်အိုးများလည်း လိုလေသေး ရှိ အလျှံပယ် တည်ခင်းထားပေးလေသည်။ ထိုနေ့တစ်ညလုံး သောက်လိုက်၊ ကလိုက်၊ စားလိုက်ကြဖြင့် မိုးလင်းပါသည်။ မိုးလင်းပိုင်းအအေးပိုလာသဖြင့် မီးဖိုမှမီးတောက်များလည်း ငြိမ်းစပြုပြီဖြစ်သည်။ တစ်ညလုံး မည်သူမျှ အိပ်ကြသည် မရှိပါ။ မီးပုံကို ဝိုင်းပတ်ကနေကြသည်။ ကျွန်တော်နှင့် ကျွန်တော့်အဖွဲ့တို့သာ မတတ်နိုင်ကြ၍ လဲလျောင်းကြရတော့သည်။



မိုးစင်စင်လင်း၍ ကျွန်တော်ထကြည့်ရာ ညကဝိုင်းပတ်ကနေကြသော ပရိသတ်အဖွဲ့ကြီးသည် ကမြဲဝိုင်းကနေသည်ကို အံ့သြစွာတွေ့ရ၏။ တတ်လည်းတတ်နိုင်ကြသူတွေပင် ဖြစ်ပါသည်။ နံနက် ၈ နာရီခန့်လောက်တွင် အကဝိုင်းတွင် ပရိသတ်နည်းစပြုလာသည်။ အချို့လည်း ရပ်ဝေးရွာသားများဖြစ်၍ ပြန်သွားကြပြီဖြစ်၏။ ဦးကြာအောင်နှင့် သူ၏သား ကိုရိုက်တလင်းတို့က နွားခေါင်းကြီးကို အသားအရည်များစင်ကြယ်အောင် ဆေးကြောပြီး ဦးကြာအောင်၏ အိမ်နောက်တွင် အမှတ်တရချိတ်ဆွဲထားလိုက်ကြသည်။ ယမနေ့သားသစ်ပင်မှ သစ်လုံးတစ်လုံးကိုလည်း ထွင်းလှေကားပြုလုပ်ပြီး လှေကားအသစ် (လုမ္ဗလိန်း) အဖြစ် မူလလှေကားအဟောင်းနှင့်လဲ၍ ထောင်လိုက်ကြသည်။ ဤပွဲ ဤထုံးစံအရ ယမနေ့သားလှေကားသစ် (လုမ္ဗလိန်း) ကို အဟောင်းနှင့် လဲကြရသည်မှာ ရိုးရာဓလေ့ထုံးစံတစ်ရပ်ဖြစ်ကြောင်းသိရပါသည်။

ဦးကြာအောင်၏ အသွင်းဖိုးကျေသော မင်္ဂလာပွဲသည် ကျွန်တော်၏ ကိုယ်တွေ့ပွဲတစ်ပွဲဖြစ်ပါသည်။ ဤပွဲမျိုးသည် ခူမီးချင်းဓလေ့ နွားစားပွဲတော် (အရိုင်စံ) ဆိုသည့်ပွဲနှင့်ဆင်တူပါသည်။ နွားစားပွဲတော်များအကြောင်းကို ခူမီးချင်း လူကြီးပိုင်းခေါင်းဆောင်များထံမှ မေးမြန်းလေ့လာခဲ့ရသော မှတ်စုအချက်အလက်များနှင့် မြို့နယ်သမိုင်းကြောင်း၊ ယဉ်ကျေးမှုစာစောင်၊ မြို့နယ်မှတ်တမ်းများကို စုဆောင်းညှိနှိုင်းပြီး ပြုစုခဲ့ရသည်။ မြို့နယ်ပါတီယူနစ်ဥက္ကဋ္ဌ ဦးအောင်သာဘန်းနှင့် စာရေးကြီး ဦးခင်မောင်တို့ကလည်း လိုအပ်သည်များကို ပံ့ပိုးကူညီပေးကြသဖြင့် နွားစားပွဲတော်အကြောင်းကို အတော်ပြည့်ပြည့်စုံစုံ ရေးသားရရှိခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

## ခူမီးချင်းမလေ့ နွားစားပွဲတော် (အရိုင်စံ)

နွားစားပွဲတော်တွင် ပွဲတော်အဆင့် (၅) ဆင့်ရှိသည်။ သတ်မှတ်အဆင့်ကို ကျော်ပြီးမကျင်းပရပေ။ အဆင့်တစ်ဆင့်ကိုသာ ထပ်မံကျင်းပလိုက ကျင်းပနိုင်သည်။ ထိုပွဲများကို 'အရန်နန်းပွဲ' (သူဌေးဘွဲ့ခံပွဲ) အဖြစ်လည်းသတ်မှတ်ကြသည်။

(၁) ပထမအဆင့် နွားတစ်ကောင်ပွဲ (ရိုင်စီး)

(၂) ဒုတိယအဆင့် နွားသုံးကောင်ပွဲ (ရိုင်တန်း)

(၃) တတိယအဆင့် နွားငါးကောင်ပွဲ (ရိုင်ပွီး)

(၄) စတုတ္ထအဆင့် နွားဆယ်ကောင်ပွဲ (တမွှယန်း)

(၅) ပဥ္စမအဆင့် နွားတစ်ကောင်ပွဲ (တမွှစန်း) နောက်ဆုံးပွဲ

ပွဲကျင်းပချိန်သည် စပါးရိတ်သိမ်းပြီး တလင်းပြီးစီးချိန် ပြာသို၊ တပို့တွဲလ၊ သဇင်၊ လက်ပံတို့ဖူးပွင့်ချိန် ရာသီတွင်ဖြစ်ပေသည်။ ပွဲတော်အဆင့်ငါးဆင့်စလုံးသည် အခြေခံအားဖြင့်တူညီမှုရှိသော်လည်း ကျင်းပပုံဓလေ့အနည်းငယ်စီကွဲပြားခြင်း ရှိသည်ကို လေ့လာရပေသည်။



### (၁) ပထမအဆင့်-နွားတစ်ကောင်ပွဲ (ရိုင်စီး)

ပွဲရက် (၃) ရက် ကျင်းပလေ့ရှိသည်။

ဒေသအခေါ်အဝေါ်အားဖြင့် တန်းပျင်း (အင်ကိုး) ကိုပွဲရှင်၏ အိမ်နှင့် တစ်ဆက်တည်းဆောက်လုပ်ကြရသည်။ ခူမီးမျိုးနွယ်တို့၏ အိမ်အတော်များများသည် အိမ်မနှင့်တစ်ဆက်တည်းအိမ်ရှေ့မျက်နှာစာတွင် ကြမ်းခင်းစင်တစ်ဆောင်ကို တွဲ၍ ဆောက်လုပ်ထားကြသည်ကို တွေ့ရပါသည်။ ၎င်းကြမ်းခင်းစင်ပေါ်၌ အမိုးမိုးထားခြင်းမရှိပေ။ ၎င်းကို 'တန်းပျင်း' ဟုခေါ်ကြသည်။

၎င်းတန်းပျင်းကို ဝါးစိတ်မျှင်ပန်းဖွားများဖြင့် အလှဆင်ယင်ကြသည်။ တန်းပျင်းအတွက် ဝက်တစ်ကောင်နှင့် ခွေးတစ်ကောင်သတ်ရသည်။ ပွဲရှင်၏ နေအိမ်ရှေ့ကွက်လပ်တွင် နွားချည်တိုင်စိုက်ထူပြီး တောပန်း၊ တောင်ပန်းတို့ဖြင့် အလှဆင်ယင်ပေး၍ နွားတစ်ကောင်ကို ချည်နှောင်ပေးရသည်။ ၎င်းပထမနေ့တွင် နွားကိုမသတ်ကြချေ။ ပရိသတ်တို့က မောင်း၊ ဘူးခါးပလွေ၊ ရိုးရာတူရိယာကို တီးမှုတ်ပြီး ညလုံးပေါက်ရိုးရာခြေအကဖြင့် စုပေါင်းကကြသည်။

**ဒုတိယနေ့ (အလယ်နေ့)** တွင် ပွဲရှင်၏ မိန်းကလေးဘက်မှ (နှမပေးယောက်ဖ) က နွားကို လှံဖြင့်ထိုးသတ်ပေးရသည်။ နွားထိုးလက်ဆောင်၊ စောင်တစ်ထည်ပေးရသည်။ နွားသတ်သည့်၎င်းနေ့တွင်လည်း တစ်နေ့လုံး စုပေါင်းကခုန်ကြသည်။ ညပိုင်းရောက်သည့်အခါ ပွဲရှင်၏အိမ်ပေါ်သို့ အားလုံးတက်ကကြရလေသည်။ ပွဲရက်များအတွင်း ထမင်းနှင့် ခေါင်ရည်ကို အလျှံပယ်ကျွေးမွေးတည်ခင်းဧည့်ခံကြသည်။

www.burmeseclassic.com

www.burmeseclassic.com



တတိယနေ့ (နောက်ဆုံးနေ့) ၄င်းနေ့တွင်လည်း မိုးလင်းမှသည် မိုးချုပ်သည်အထိ တစ်နေ့လုံးဆက်လက်တီးမှုတ် ကခုန်ကြသည်။ တပျော်တပါးခေါင်ရည်စုပေါင်းသောက်ကြသည်။ ညဦးပိုင်းတွင် ပွဲရှင်၏ အိမ်ပေါ်သို့ တဖြည်းဖြည်းရောက်သွားကြပြီး အားလုံး စိတ်ကျေနပ်လောက်အောင် စုပေါင်းကခုန်လိုက်ကြပြီး ပွဲသိမ်းကြလေသည်။ ပွဲရှင်က နွားခေါင်းခွံကို အိမ်၌အမှတ်တရ ချိတ်ဆွဲသိမ်းဆည်းထားလိုက်သည်။ အချို့ပုဂ္ဂိုလ်တို့က ၄င်းနေ့တွင် ကျောက်တိုင်၊ ကျောက်ပြားကြီးများ စိုက်ထူပြီး နွားတစ်ကောင်ပွဲ (ရိုင်စီး) ပြီးဆုံးထားကြောင်း မှတ်တမ်းပြုလေ့ရှိပေသည်။

(၂) ဒုတိယအဆင့် -နွားသုံးကောင်ပွဲ (ရိုင်တန်း)

ပထမနေ့ (ပွဲစသည့်နေ့) တန်းပျင်းကိုဝါးစိတ်မျှင်ပန်းဖွားများ၊ အလှပန်းများဖြင့် ဝေဆာစွာဆင်ယင်ကြသည်။ အလှပန်းများကို စဖွေတောင်နှင့် လောင်းလိန်တောင်မကြီးတို့မှ ရှာဖွေခူးယူကြသည်။ 'လမ္ဘလာ' ခေါ်တောင်ဇလပ်ပန်းနီကိုလည်း အထူးတလည် ဆင်ယင်ပေးကြသည်။ တန်းပျင်းအတွက် လိုအပ်သောပန်းများ ရှာဖွေခူးယူရန် မောင်း၊ ဇလားစသည့်ပစ္စည်းတို့ဖြင့်လည်းကောင်း၊ ငွေကြေးပေး၍လည်းကောင်း ရှာဖွေခူးစေကြရသည်။ 'လမ္ဘလာ' ပန်းအတွက် ဝက်တစ်ကောင်သတ်ပေးရလေ့ရှိသည်။ တန်းပျင်းကို အလှအစီအရင်များ ဆင်ယင်ပြီးသည့်အခါ ၄င်းတန်းပျင်းပေါ်တွင် ခွေး၊ ဆိတ်၊ ကြက်၊ ဘဲ၊ ခို၊ ယုန်၊ ကြောင် စသည့် ဟင်းကောင်တို့ကို သတ်ပေးရလေသည်။



ထိုသို့အစီအရင်များပြုလုပ်ပြီးသည့်အခါ တန်းပျင်းပေါ်သို့ တက်ရန် ယမနေ့သားလှေကားသစ် (လုမ္ဘလိန်း) ထောင်ပေးလိုက်ရသည်။ ၄င်းလှေကားသစ် (လုမ္ဘလိန်း) အတွက် ထပ်မံ၍ ဝက်တစ်ကောင် သတ်ရပြန်ပါသည်။

အားလုံးအဆင်အပြင်ပြီးစီးသည့်အခါ မြင်းယာဉ် (ကောင်နီအမ္ဘထင်း) အရုပ်ကို ပြုလုပ်၍ ပန်းဖွားစုံအလှအပများ ဆင်ယင်ပေးပြီးနောက် ညနေပိုင်းတွင် ပွဲရှင်က မြင်းယာဉ်ပေါ်တွင်စီးကာ အတီးအမှုတ်အကအခုန်များဖြင့် လှည့်ပတ်ဝိုင်းဝန်းကကြသည်။ တစ်ပတ်နှစ်ပတ်မျှ ကခုန်ကြပြီးနောက် ပွဲရှင်ကို ပရိသတ်က အခြံအရံများဖြင့် ဝန်းရံ၍ ဆွေမျိုးသားချင်းများအိမ်သို့ တပျော်တပါးလှည့်လည်ပြသကြလေသည်။ လှည့်လည်ရသော ဆွေမျိုးသားချင်းဆိုရာတွင် ၄င်းတို့၏ ဒေသအသုံးအနှုန်းအရ သွေးသောက်ဆွေမျိုးသားချင်းများ အိမ်ကိုသာ ဆိုလိုခြင်းဖြစ်ပါသည်။

သွေးသောက်ဆွေမျိုးသားချင်းတို့အိမ်များကလည်း ဝက်သတ်ပေးပြီး ခေါင်ရည်ဖြင့်ဧည့်ခံတည်ခင်းကာ စုပေါင်းကခုန်ကြသည်။ ထိုသို့သားချင်းတို့နှင့် ပွဲရှင်အဖွဲ့တို့ ကနေကြစဉ်တွင် ကဇာတ်အဖွဲ့ (ကမ်လမ်း) တို့ ရောက်ရှိလာကြပြီး ပွဲရှင်နှင့် သွေးသောက်ဆွေမျိုးအဖွဲ့တို့ လူစုပေါင်းဆုံကြကာ ရွာလမ်းတစ်လျှောက် စုပေါင်းကခုန်၍ နွားချည်တိုင် (ဆလိန်) ဘက်သို့တဖြည်းဖြည်း ပြန်လာကြလေသည်။ (ဆလိန်) နွားချည်တိုင်သို့ ရောက်ကြသည့်အခါ အကအဖွဲ့အားလုံး ပရိသတ်တို့သည် ကကွက်မများယွင်းရစေဘဲ နွားချည်တိုင်ကို နှစ်ပတ်ပြည့်အောင် ပတ်၍ကကြပြီး ညနေပိုင်းတွင် အကဖော်တွရပ်နား လိုက်ကြကာ ညစာစားသောက်ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ညပိုင်းတွင် မီးပုံ၍ "စပါးမောင်းကျည့်ပွေ့အက" (ဆိုင်ကရိုး) ကို ကကြသည်။ ကျည်ပွေ့ညှပ်အကခေါင်းဆောင်ကို သွေးသောက်ဆွေမျိုးသားချင်းတို့အထဲမှ သင့်တော်သူကို ရွေးချယ်သတ်မှတ်ရသည်။ ထို့အပြင် ပွဲတစ်ပွဲလုံး အစမှအဆုံးတိုင် ထိန်းသိမ်းရန်အတွက် ပွဲထိန်း (ခွေတမှုရိန်း) ကို ငါးယောက်မှ ခုနစ်ယောက်စသည်ဖြင့် ပွဲရှင်ကသူ၏ အမျိုးထဲမှ ရွေးချယ်တာဝန်ပေးထားရပေသည်။

**အလယ်နေ့ (ဒုတိယနေ့)**

ငှင်းနေ့ နံနက်မိုးသောက်သည်နှင့် ပွဲရှင်က ကဇာတ် ခေါင်းဆောင်နှင့်အတူ ပန်းဖွားဆင်ယင်ထားသော ပန်းဖွားဆင်ပလ္လင် (ကလပ်စိုး) ပေါ်သို့တက်၍ ခေါင်ရည်သောက်ကြသည်။ ဤသည်မှာ (အရိုင်စိုင်း) ခေါ်သည့်ပွဲခင်းတက်၍ ပလ္လင်ခံခြင်းအထိမ်းအမှတ်ဖြစ်ပေသည်။

ထိုသို့ပွဲရှင်ပလ္လင်တက်နေချိန်တွင် ဦးရီး (ပကုန်) တော်သူအတွက် ပန်းဖွားပန်းအလှများဖြင့် သီးသန့်စီမံထားသည့် စဥ့်အိုးခေါင်ရည်တစ်လုံးကို ပြတင်းပေါက်တစ်ပေါက်အနီးတွင် အသင့်ဖွင့်၍ တည်ပေးထားရပေသည်။

ထိုအခါ ဦးရီး (ပကုန်) က သီချင်းဆရာနှင့်အတူ ပွဲတော်အကြောင်းခြင်းရာနှင့် ပန်းဖွားဆင်စဥ့်ခေါင်ရည် တည်ခင်းရခြင်းနှင့် စပ်လျဉ်းပြီး သီချင်းသီဆိုယှဉ်ပြိုင်ရလေသည်။ အချို့သီချင်းမဖွဲ့နိုင်သူတို့က ဆိုတတ်သူတစ်ဦးကို အခကြေးငွေပေး၍ ငှားရမ်းသီဆိုစေရသည်။



သီချင်းသီဆိုပွဲပြီးဆုံးသည့်အခါတွင် ပွဲရှင်တို့ဇနီးမောင်နှံက ဆွေမျိုးမိတ်သင်္ဂဟများ ခြံရံလျက် ပွဲလာသည့်ပရိသတ်များကို ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာပါစေကြောင်း ရည်ရွယ်ဆုတောင်းခြင်းဖြင့် ဆန်ဖြူမှုန့်ကို ရေဖျော်ပြီး လိမ်းကျံပေးရသည်။ ထိုသို့ဆုတောင်းပတ္ထနာဖြင့် ဆန်ဖြူမှုန့်လိမ်းပေးပြီး လူစုံသွားသည့်အခါ ပွဲရှင်၏နှမပေးယောက်ဖက နွားကိုလှံဖြင့် ထိုးသတ်ပေးလိုက်ပြီး နံနက်စာထမင်းစားကြသည်။ ငှင်းနေ့တစ်နေ့လုံး ပွဲလာပရိသတ်များတပျော်တပါး တီးမှုတ်ကခုန်ကြပြီး ညနေပိုင်းတွင် ကဇာတ်အဖွဲ့ (ကမ်လမ်း) တို့ ပြန်သွားကြသည်။ ညပိုင်းတွင် ကျန်ရစ်သူရွာသားတို့နှင့် ဆွေမျိုးသားချင်းတို့က တစ်ညလုံးဆက်၍ကကြသည်။

ငှင်းအလယ်နေ့ကို 'ဘွေတလုတ်ကန်' ဟုခေါ်ကြသည်။

ဘွေ = နွား၊ တလုတ် = လဲ၊ ကန် = နေ့၊ 'နွားလဲနေ့' ဟု အဓိပ္ပာယ်ရပါသည်။

**တတိယနေ့ (အပြီးသတ်နေ့)** "လူးကန်" ဟုလည်းခေါ်ကြသည်။

လူး = ဦးခေါင်း၊ ကန် = နေ့၊ ဦးခေါင်းနေ့ (နွားခေါင်းကို သိမ်းဆည်း၍ ပွဲပြီးဆုံးသောနေ့ဖြစ်ပါသည်)

နောက်ဆုံးနေ့ဖြစ်ပြီး သတ်ပြီးနွား၏ ဦးခေါင်းခွံကို အိမ်နံရံတွင် အမှတ်တရ ချိတ်ဆွဲထားကြသည်။ ငှင်းနေ့တွင်လည်း တစ်နေ့လုံး တစ်ညလုံး မြူးတူးပျော်ပါးစွာကခုန်ကြသည်။ အချို့ပွဲရှင်တို့သည် သတ်သည့်နွားအကောင်အရေအတွက်အလိုက် ကျောက်တိုင် ကျောက်ပြားကြီးများကို နွားချည်တိုင်တွင် အမှတ်တရအခိုင်အမာ စိုက်ထူကြလေ့ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



လေးရက်မြောက်သည့်နောက်တစ်ရက် ခေါင်ထည့်သောနေ့မှ စ၍ ခုနစ်ရက်မြောက်နေ့တွင် ပွဲရှင်သည် ငပိ၊ ဆား၊ အမဲဟင်းလျာနှင့် မေထုန်အမှုကိုစွာရှောင်ကြဉ်ရခြင်းမှ ကင်းလွတ်သွားလေသည်။ (ဤပွဲပြီး နောက် တစ်လပြည့်သောနေ့တွင် နွားတစ်ကောင်ကိုလည်းကောင်း သုံးနှစ်ပြည့်သောနေ့၌ တန်းပျင်းဖြိုဖျက်ပွဲဟူ၍ နွားတစ်ကောင်ကို လည်းကောင်း သတ်၍ ပွဲထပ်မံကျင်းပပေးရသည်။ အချို့ငွေကြေး တတ်နိုင်သူတို့သည် တတိယအဆင့်ပွဲနှင့် တစ်ဆက်တည်းပေါင်း၍ လည်း ကျင်းပသွားလေ့ရှိပေသည်။

## (၃) တတိယအဆင့်- နွားငါးကောင်ပွဲ (ရိုင်ပွီး)

ပွဲရက် (၄) ရက် ကျင်းပကြသည်။

**ပထမနေ့ (အစရက်)** ၌ဒုတိယအဆင့် ပြီးမြောက်ပိုင်ဆိုင်ခဲ့သော အဆောင်အယောင် အစီအမံများအတိုင်း စီစဉ်ဆောင်ရွက်ကြသည်။

**ဒုတိယနေ့** တွင် ပွဲရှင်၏အိမ်နောက်တန်းပျင်း (အမွှတူထေး)ကို ဆောက်လုပ်ကြသည်။ နွားဖောင်တော် (ဆီပန်း) (နွားကိုသတ်၍ဖွဲ့ရ သောဖောင်) ကိုလည်း ဆောက်လုပ်ကြရသည်။ ပွဲရှင်သည် ဖောင်တော် (ဆီပန်း) ပေါ်၌ မြင်းယာဉ် (ကောင်နိုအမွှထင်း) ကိုစီး၍ တစ်ရပ် တစ်ကျေးနေ သွေးသောက်ဆွေမျိုးသားချင်းတို့ထံတွင် လှည့်လည်ပြသ သွားလာကြလေသည်။

**တတိယနေ့** တွင် ပွဲရှင်က ပန်းဖွားဆင်ပလ္လင် (ပန်းစင်) ကလာပ်စိုးပေါ်သို့ အကအဖွဲ့ခေါင်းဆောင်နှင့်အတူ ပွဲမင်းတက်ခြင်း သုံးကောင်ပွဲကကဲ့သို့ ဦးရီး (ပကုန်) နှင့်သီချင်းဆရာတို့ သီဆိုပြိုင်၍ ပန်းခေါင်းရည်သောက်ခြင်းတို့ကို ပြုကြသည်။ ၄င်းနေ့၌ပင် အကအဖွဲ့ (ကမ်လမ်း) တို့ပြန်ကြလေသည်။



**စတုတ္ထနေ့ (နောက်ဆုံးနေ့)** လူးကန့်နွားဦးခေါင်းနေ့ဖြစ်သည်။ ယခင်ပွဲများကကဲ့သို့ ဦးခေါင်းခွံကို သေချာစွာစီမံပြုလုပ်ပြီး သိမ်းဆည်း ကြသည်။ အမှတ်တရ ကျောက်တိုင်စိုက်ထူခြင်း၊ ကျောက်ပြားမှတ်သား ကြခြင်း ပြုကြပေသည်။ ပွဲရှင်သည် ပဥ္စမမြောက်နေ့မှစ၍ ဟင်းနှင့် မေထုန်အမှုရှောင်ကြဉ်ရက်ပြီးဆုံးသည်။

## (၄) စတုတ္ထအဆင့်-နွားဆယ်ကောင်ပွဲ (တမွှယန်း)

ပွဲတော်ရက်အရှည်ဆုံးပွဲဖြစ်သည်။ ငါးရက်တိုင်တိုင် စည်ကား စွာ ကျင်းပကြသည်။ ယခင်ပွဲများထက် ထူးခြားသည်မှာ အိမ်ပတ် လည် တန်းပျင်းဆောက်လုပ်ခြင်းဖြစ်သည်။

**ပထမနေ့ (အစနေ့)** တွင် အိမ်တန်းပျင်း၊ သစ်လှေကားနှင့် နွားနေဆောင်၊ ဇရပ်ဆောင်ကို ဆောက်လုပ်ကြသည်။

**ဒုတိယနေ့**တွင် အိမ်တန်းပျင်း မြင်းယာဉ်နှင့် နွားချည်တိုင်များ အပြီးစီစဉ်ဆောက်လုပ်ကြသည်။

**တတိယနေ့**တွင် ပတ်လည်တန်းပျင်းနှင့် ဖောင်တော် (ဆီပန်း) တို့ကို အပြီးစီစဉ်ဆောက်လုပ်ရလေသည်။

ထုံးစံအရ ပထမနေ့နှင့် ဒုတိယနေ့တို့တွင် အိမ်ပေါ်၌ ကကြပြီး တတိယနေ့မှသာ ကဇာတ်အဖွဲ့ (ကမ်လမ်း) နှင့် တူရိယာညွှင်းဇာတ် (တန်) နှစ်ဖွဲ့စလုံးရောက်လာကြပြီး နွားချည်တိုင်တို့တွင် ဝိုင်းပတ်ကကြ သည်။

**စတုတ္ထနေ့** ၄င်းနေ့သည် ဘွေဘလုတ်ကန် (နွားသတ်နေ့) ဖြစ်သည်။ နွားချည်တိုင် အရေအတွက်အလိုက်ရှိ နွားအားလုံးကို ထုံးစံအတိုင်း သတ်ကြသည်၊ နံနက်စာစားသောက်ပြီးသည်နှင့် အက

www.burmeseclassic.com

www.burmeseclassic.com



အဖွဲ့နှင့်တူရိယာအဖွဲ့နှစ်ဖွဲ့တို့သည် တန်းပျင်းပတ်လည် ကခုန်ကြသည်။ တန်းပျင်းပတ်လည်စေ့သွားသောအခါ ၄င်းအဖွဲ့များကို အိမ်ထဲသို့ ဝင်စေပြီး တံခါးပိတ်ထားကာ မီးခိုးများသွင်း၍ လှောင်ထားလိုက်ကြသည်။ ထိုအခါ တူရိယာအဖွဲ့တို့က ရိုးရာသီချင်းကို ဆက်လက်တီး မှုတ်ကြသည်။ ထိုသို့ပြုလုပ်ကြခြင်းမှာ တူရိယာအဖွဲ့တို့ ဆက်လက်၍ ကောင်းကောင်းမှုတ်နိုင်ခြင်းရှိမရှိ၊ ခံနိုင်ရည် အရည်အချင်း စမ်းသပ် ကြည့်ကြသည့်ပွဲဖြစ်လေသည်။ အိမ်ခန်းထဲတွင် တံခါးပိတ်၍ မီးခိုးလုံး များ မည်မျှရိုက်သွင်းနေစေကာမူ တူရိယာအဖွဲ့တို့က အရှုံးပေးလေ့ မရှိပေ။ ပင်ဆိုင်အားလုံး ပွဲကျသောအချိန်ဖြစ်လေသည်။ ၄င်းနေ့တွင် လည်း တစ်ညလုံး ကကြသည်။

ပဉ္စမနေ့ (နောက်ဆုံးနေ့) ယခင်ပွဲများအတိုင်း စီရင်ဆောင်ရွက် ကြပြီး ၆ ရက်မြောက်သောနေ့တွင် ပွဲရှင်သည် ဟင်းလျာနှင့် မေထုန် အမှုကိစ္စ၊ ရှောင်ကြဉ်ခြင်းမှ ကင်းလွတ်ကြသည်။

နောက်တစ်ဝေ (သို့မဟုတ်) သုံးနှစ်အကြာတွင် နွားတစ်ကောင် စီနှင့် အပြီးသတ်ပွဲကျင်းပပေးရလေ့ရှိပေသည်။ ဤအဆင့်ရောက်သည့် အခါတွင် အကြီးကျယ်ဆုံးပွဲဖြစ်သည်။ နွားအကောင်အရေအတွက် အနည်းအများ ပြိုင်ဆိုင်ကြသည်။ ကိုလိုနီခေတ်ကာလတွင် နွားကောင် ရေ (၁၀၀) အထိပင်သတ်၍ တန်းပျင်းပွဲ ကျင်းပခဲ့ဖူးခြင်းရှိသည်ဟု ဆိုကြသည်။

မှတ်တမ်းများအရ ၁၉၀၂ ခုနှစ်က ရေချမ်းသာရွာနေ ဦးအန် ဆက်ခွဲ။ ၁၉၀၃ ခုနှစ်တွင် ဥဿလင်းဝရွာမှ ဦးမွေးပေါင်နှင့် ၁၉၀၅ ခုနှစ်တွင် ကတ္တူးဝရွာမှ ဦးမန်းဆိုက်ဆိုသူတို့သည် နွားအကောင် ၁၀၀ ပွဲရှင်ကြီးများဖြစ်ကြောင်း လေ့လာသိရှိရပေသည်။



(၅) ပဉ္စမအဆင့်၊ နွားတစ်ကောင်ပွဲ (ကမ္မစန်း)

ပထမအဆင့်ကဲ့သို့ သမားရိုးကျဆင်ယင်မွမ်းမံကြသည်။ ထူးခြားသည်မှာ ဝေါယာဉ်ပြုလုပ်ပြီး ပွဲရှင်ဇနီးမောင်နှံတို့ကစီးကာ လူလေးဦးထမ်းလျက် သွေးသောက်ဆွေမျိုးသားချင်းများအိမ်သို့ လှည့်လည်သွားလာခြင်းဖြစ်သည်။

ပွဲရက်ကို သုံးရက်ကျင်းပကြ၏။ ကမ္မစန်းပွဲမှာ နောက်ဆုံးပွဲဖြစ် ပြီး ဤပွဲမျိုးကျင်းပပြီးလျှင် အခြားသော နွားစားပွဲများ မပြုလုပ်ရတော့ ချေ။ (အခြားသောရိုးရာပွဲများ ကျင်းပရန် မလိုတော့အောင် အဆင့် အားလုံးပွဲများလည်း ပိုင်ဆိုင်ပြီးမြောက်ပြီးဖြစ်၍ ဤကမ္မစန်းပွဲများကို ကျင်းပခြင်းဖြစ်လေသည်။)

ထိုသို့သောကမ္မစန်းပွဲမျိုးပြီးမြောက်သူများရှိခဲ့ဖူးကြောင်း လေ့လာ သိရှိရသည်။ ၁၉၆၆ ခုနှစ်က ကျင်းပနိုင်ခဲ့သော ဇဉ်ဘောင်းပြင်ရွာမှ ဘင်းမတူးမျိုးနွယ်ဝင် ဦးဆလင်းနှင့် ၁၉၈၁ ခုနှစ်က ကျင်းပနိုင်သော ခဝဲရွာမှ ဦးအာမြတ်ဆိုသူတို့ဖြစ်ကြောင်း မှတ်တမ်းများ၌ လေ့လာ တွေ့ရှိခဲ့ရသည်။

နွားစားပွဲတော်ကျင်းပရာ၌ လိုက်နာရသောထုံးစံ

- နွားစားပွဲတော်အဆင့်ဆင့် ကျင်းပသည့်နှစ်တိုင်းတွင် တောင် ယာခင်းများ၌လည်း နွားနှင့်ပင်တောင်ယာပွဲများ ကျင်းပကြ သည်။
- ပွဲကျင်းပရန် ခေါင်ထည့်သည့်နှစ်မှစ၍ သုံးနှစ်အတွင်း အသုဘပွဲများသို့ မသွားရချေ။ မလွဲမရှောင်သာကြုံရပါက ထိုပွဲမျိုးကို ပြန်လည်ပြုလုပ်ကြရသည်။

www.burmeseclassic.com

www.burmeseclassic.com



- ပန်းပွားဆင်ပလ္လင် (ပန်းစင်ကလပ်စိုး) ပေါ်သို့ ပွဲရှင်နှင့် အတူတက်၍ ခေါင်သောက်ခြင်း၊ မြင်းယာဉ်စီးခြင်း၊ ကျည်ပွေ့ညှပ်အက ကခြင်းတို့ကို ဒုတိယပွဲ (ရိုင်တန်း) ကျင်းပပြီးစီးသူများကသာ ပါဝင်ကနိုင်ကြသည်။ ထိုသို့ရိုင်တန်းအဆင့် မပြီးစီးသေးဘဲဝင်ရောက် ကပါက လူအများ၏ကဲ့ရဲ့ ရှုတ်ချခြင်းကိုခံရသည်။

မှတ်သားဖွယ်ရာ ဝေါဟာရရှင်းလင်းချက်

| | |
|---|---|
| မြင်းယာဉ် | - မြင်းနှင့်တူအောင်ရက်လုပ်ထားသော စီးယာဉ် |
| ဆောင်တော်ဆီပန်း | - နွားကိုသတ်၍ဖွဲ့ရသောဖောင် |
| ကျည်ပွေ့ညှပ်အက | - စပါးထောင်းသောမောင်းကျည်ပွေ့ကို အသုံးပြုပြီး ခုန်၍ကရသော ရိုးရာအက တစ်မျိုး |
| တူရိယာညွှင်းဓာတ် (တန်) | - အမှုတ်တူရိယာအတွက် သီးသန့်ငှားရသော တူရိယာအဖွဲ့ |
| ကဓာတ် (ကမ်လမ်း) | - ပွဲကျင်းပရာတစ်ချိန်လုံး ကပြဖျော်ဖြေရန် ခေါ်ထားသောအဖွဲ့ |
| သွေးသောက်ဆွေမျိုး | - ညီရင်းအစ်ကိုဖြစ်အောင် သစ္စာခံ၍ အသိအမှတ်ပြုထားသော ဆွေမျိုးသားချင်းထဲမှ ပုဂ္ဂိုလ်များဖြစ်ကြသည်။ |

ဏ ဏ ဏ ဏ ဏ

# မြို့နယ်အတွင်း ကျင်းပမြဲ ထင်ရှားသောရိုးရာပွဲများနှင့် ဓလေ့ထုံးစံများ

သာရေးနာရေး ဓလေ့ထုံးစံရိုးရာပွဲတော်များသည် လူမျိုးဘာသာတိုင်း၌ ရှိကြသည့်အလျောက် နေရာဒေသလူမျိုးဘာသာကွဲပြားသည့်အလိုက် အမျိုးမျိုးရှိနေကြပေသည်။

ပလက်ဝမြို့နယ်အတွင်းတွင် လှေပြိုင်ပွဲ၊ ရွာဦးနတ်ပူဇော်ပွဲ၊ ကောက်ဦးချပွဲ၊ တအိုင်စားပွဲခေါ် နှစ်သစ်ကူးပွဲ၊ မျိုးနွယ်ဓလေ့များအလိုက် မင်္ဂလာဆောင်ပွဲနှင့် အသုဘရှု ဓလေ့ထုံးစံများသည် စိတ်ဝင်စားဖွယ် လေ့လာမှတ်သားစရာများအဖြစ် ရှိနေပါသည်။

**လှေပြိုင်ပွဲ**။ ။ လှေပြိုင်ပွဲကို တောင်ယာတလင်းပြီးစီးချိန်၌ အခြားကျင်းပမြဲပွဲတော်တစ်ခုခုနှင့် တွဲဖက်၍ ကျင်းပလေ့ရှိသည်။ ဥပမာ- ဘုရားပွဲ၊ သင်္ကြန်ပွဲတော်များ၌ ကျင်းပလေ့ရှိကြောင်း သိရှိရသည်။

**ကောက်ဦးချပွဲ**။ ။ နှစ်စဉ်ဧပြီလ၊ ၁ ရက်နေ့တိုင်းတွင် ကျင်းပကြသည်။ တောင်ယာများမီးရှို့ပြီးစီးချိန် ဧပြီလ ၁ ရက်တွင် စပါးနှင့် သီးနှံမျိုးစေ့ချ စတင်စိုက်ပျိုးကြသဖြင့် မျိုးစေ့ချပွဲပြုလုပ်ကြခြင်းပင်ဖြစ်ပေသည်။ မြန်မာမှုတွင် ရှေးမြန်မာမင်းများလက်ထက်က လယ်ထွန်

www.burmeseclassic.com

www.burmeseclassic.com



မင်္ဂလာပြုလုပ်ကြသကဲ့သို့ မိမိတို့ယာခင်းစိုက်ခင်းများမှ သီးနှံအထွက်ကောင်း၍ စည်ပင်သာယာစေကြောင်း ရည်ရွယ်ဆုတောင်းကြခြင်းဖြင့် လူစုလူဝေးနှင့် တပျော်တပါးကျင်းပပြုလုပ်ကြသည်။ ကောက်ဦးချပွဲကို မိသားစုတစ်အိမ်ချင်းအလိုက်သော်လည်းကောင်း၊ ကျေးရွာအလိုက်သော်လည်းကောင်း၊ အိမ်နီးချင်းစုပေါင်း၍သော်လည်းကောင်း ကျင်းပလေ့ရှိသည်။ ၄င်းကောက်ဦးချပွဲ ကျင်းပသည့် ဧပြီလ၊ ၁ ရက်ကို ချင်းပြည်နယ်တစ်ဝန်းလုံးအတွက် ရုံးပိတ်ရက်တစ်ရက်အဖြစ် ရွေးယခင်ကသတ်မှတ်ပေးခဲ့ကြောင်း သိရှိရသည်။

**တအိုင်စားပွဲ (ခေါ်) နှစ်သစ်ကူးပွဲ။** ။ စပါးသီးနှံရိတ်သိမ်း၍ တလင်းပြီးစီးချိန် ကျင်းပကြသဖြင့် တလင်းသိမ်းပွဲတစ်ခုဖြစ်သည်။ **နောက်တစ်နှစ်** တောင်ယာသစ်မခုတ်မီ နှစ်စဉ် နိုဝင်ဘာ၊ ၁ ရက်နေ့တိုင်းတွင် ကျင်းပလေ့ရှိသည်။ မိသားစု တစ်အိမ်ချင်းသော်လည်းကောင်း၊ အိမ်နီးချင်းပေါင်း၍သော်လည်းကောင်း၊ ကျေးရွာအလိုက်စုပေါင်း၍သော်လည်းကောင်း ရိုးရာအကအတီးအမှုတ်များဖြင့် ကျင်းပကြသည်။

**ရွာဦးနတ်ပူဇော်ပွဲ။** ။ ၄င်းပွဲကို ကျေးရွာအသစ်တည်ထောင်သည့်နှစ်အခါတွင်လည်းကောင်း၊ ကျေးရွာအဟောင်းများတွင် သုံးနှစ်တစ်ကြိမ်ဖြင့်သော်လည်းကောင်း ကျင်းပရာ၌ ဝက်မကြီးတစ်ကောင်သတ်၍ အကျွေးအမွေးဖြင့် ရွာဦးနတ်ပူဇော်ပွဲပြုလုပ်ကြသည်။

ထ ဖ ထ ဖ ထ

# အသုဘရှုမလေ့များ

ချမ်းချင်းတို့ဒေသတွင် အသုဘချုပ်မလေ့များသည်အခြေခံအားဖြင့် တူညီမှုရှိကြသော်လည်း မျိုးနွယ်စုအလိုက် ထုံးစံပြုလုပ်ပုံများသည် ကွာခြားကြပေသည်။

ချမ်းချင်း၊ လေးမြို့ချင်း၊ မရာချင်းဓလေ့များသည် အဓိကကျကြသည်။ သို့ရာတွင် အခြားလူမျိုးတိုင်းရင်းသားတို့နှင့် လုံးဝမတူဘဲ ကွဲပြားခြားနား ထူးခြားချက်များရှိနေသည်ကို လေ့လာခဲ့ရပေသည်။

## ချမ်းချင်းဓလေ့အသုဘရှုပုံ

ပလက်ဝနယ်ရှိ ချမ်းချင်းဓလေ့အသုဘရှုပုံ အသုဘကိစ္စများဆောင်ရွက်ကြပုံကို အောက်ပါအတိုင်း လေ့လာရပေသည်။

## သေဆုံးသည့်နေ့တွင်

ပထမဦးဆုံးလူသေအလောင်းကို သီးသန့်အိုးနှင့်တည်ယူရသောရေနွေးဖြင့် မျက်နှာသစ် သန့်စင်ပေးရသည်။ ဖျာတစ်ချပ်ပေါ်တွင် စောင်ခင်းကာ ဦးခေါင်းကိုပြတင်းပေါက်ဘက်ထား၍ ပြင်ဆင်သိပ်ထားပေးရသည်။ သေသူအသက်ရှင်စဉ်က ဝတ်ခဲ့သောအဝတ်အစားကောင်းများကို ဝတ်ဆင်ပေးရသည်။ ပြီးလျှင် ဖြူကောင်မှရသော ဖြူဆုံး

www.burmeseclassic.com

www.burmeseclassic.com



တစ်ချောင်းကို ဦးခေါင်းတွင်လည်းကောင်း၊ လက်ဝဲလက်ယာနှစ်ဘက် စလုံးတွင်လည်းကောင်း ထည့်ပေးထားပြီးနောက် စောင်ဖြင့်လွှမ်းခြုံအုပ် ပေးထားလိုက်ကြသည်။

'ဖြူဆူးများထည့်ပေးထားခြင်းမှာ သေရွာလမ်း၌ တွေ့ရမည်ဖြစ် သော နတ်ဆိုး၏ဆံပင်များထဲမှ သန်းရှာခိုင်းရာတွင် အသင့်အသုံးပြုရန် အတွက်'ဟုအယူအမှတ်ဖြင့် ပြုလုပ်ရသော ထုံးစံဖြစ်ကြောင်း သိရှိရပေ သည်။

## လူသေစာထမင်း

အလောင်းကိုစွပြင်ဆင်ပြီးသည်နှင့် 'ထုတ်ပန်း' ခေါ် လူသေစာ ထမင်းကိုပြင်ဆင်ရလေသည်။ ရေနွေးတည်သော သီးသန့်အိုးဖြင့် စပါးသို့မဟုတ် ဆန်ကို ထောင်းရသော ဆန်သစ်ဖြင့်ချက်ယူရသည်။ ၎င်းထမင်းကို သီးသန့်ပန်းကန်တစ်ချပ်နှင့်ထည့်ရသည်။ အမွေးစင် အောင် မီးမြှိုက်ထားသောကြက်တစ်ကောင်ကိုလည်း အကောင်လိုက် ထည့်ကာ ဘူးခါးရေတကောင်းတစ်ဘူးကို အဝ၌ဌမ်းဆို့လျက် လူသေ ထမင်းကျွေးခြင်း အထိမ်းအမှတ်ပြုလုပ်ပေးကြသည်။

## ဝိညာဉ်လမ်းပြ

လူသေစာထမင်းကျွေးမွေးခြင်း ထုံးစံပြုလုပ်ပြီးသည့်အခါ သေသူ၏ဝိညာဉ်လိုရာခရီးသို့သွားရာတွင် လမ်းပြရန်အတွက် ခွေး တစ်ကောင်ကို သတ်ပေးရသည်။ ထို့အပြင် ဝက်တစ်ကောင်ကိုလည်း သတ်ပေးလေ့ရှိသည်။ ထိုသို့ ကြက်၊ ဝက်၊ ခွေးတို့ကို အကောင်လိုက် သတ်ပေးခြင်းဖြင့် သေသူ၏ဝိညာဉ်ကအဖော်ခေါ်ဆောင်သွားနိုင်ရန် အတွက် ဖြစ်သည်ဟုအယူအမှတ်ထားကြသည်။



## ငိုကြွေးမောင်းသံ

သေဆုံးသည့်ညနေပိုင်းမှစ၍ ဗုံမောင်းနှင့် ရိုးရာတူရိယာမျိုးစုံ တီးမှုတ်ကြသည်။ မောင်းကို အလောင်း၏ခေါင်းရင်းတွင်ထားပြီး အဆက်မပြတ်တီးပေးလေ့ရှိသည်။ ထိုမောင်းသံမှာ သေသူဝိညာဉ်အား ဘွယ်တာ၍ ငိုကြွေးသံအဖြစ် ကြားသိစေသည်ဟု ယူဆတီးခတ်ကြခြင်း ဖြစ်ပေသည်။

## ခေါင်းပြင်ဆင်ခြင်း

သေဆုံးချိန်သည် ညဖြစ်၍ ကြက်တွန်မိသွားပါက ထိုည နီးလင်းသည့်နေ့ မပါဝင်ဘဲ သေဆုံးသည့်နောက်တစ်နေ့တွင် 'တလန်' ခေါ် ခေါင်းကိုပြုလုပ်ကြသည်။ ခေါင်းပြုလုပ်ခြင်းကို ဝါးဖြင့်ပြုလုပ်ကြ သည်။ ဝါးအဟောင်းကိုမသုံးဘဲ တောမှဝါးစိမ်းကိုခုတ်ယူ၍ ပြုလုပ်ကြ ရသည်။ ဝါးအရင်းပိုင်းကို ဦးခေါင်းဘက်၊ ဝါးအဖျားပိုင်းကိုခြေရင်း ဘက် သတ်မှတ်ထားရှိပြီး ပြုလုပ်ရသည်။ ဝါးအရင်းအဖျား မှားယွင်း ရောနှောခြင်းမရှိစေရန် သတိပြုကြရသည်။ ထိုသို့ 'တလန်' ခေါ် ခေါင်းပြုလုပ်ခြင်းအတွက် ဝက်တစ်ကောင်သတ်ပေးရသည်။ ဝက် သတ်ဘဲ ခေါင်းမပြုလုပ်ရချေ။ တချို့က ခေါင်းပြီးလျှင် အလောင်းကို သွင်းပြီး အချို့သည် သင်္ဂြိုဟ်မည့်နေ့ကျမှလည်းသွင်းကြသည်။

ခေါင်းပြုလုပ်သည့်နေ့တွင် သေသူ၏သမက်ဘက်မှ ကြက်ပါ လာရပြီး ယောက္ခမဘက်မှ ဝက်ပါလာရသည်။ ဦးရီးတော်စပ်သူတို့က ဝက်အပြင်စောင်လည်းပါလာရသည်။ ထိုသို့ ကြက်၊ ဝက်နှင့် စောင်ပါ လာသူဆွေမျိုးတို့က သေသူ၏ နောက်ဆုံးလက်ဆောင်ကို ပေါင်းခံကြ သည်။ အစဉ်အလာအရ သေသူဘက်ကလည်း ပြန်လည်ပေးကမ်း

www.burmeseclassic.com

www.burmeseclassic.com



ရသော ထုံးစံရှိသည်။ ဦးရီးတော်သူအား 'တခေါက်' ဟူသော လက်ဆောင်ကိုလည်း ပေးရသည်။

## အသုဘပွဲ

သာမန်အားဖြင့် အသုဘရက်ကို သုံးရက် (သို့မဟုတ်) လေးရက်ထားကြသည်။ အချို့ငွေကြေးတတ်နိုင်သူတို့က ငါးရက်မှ ဆယ်ရက်အထိထားကြသည်။ ရက်ကြာကြာထားနိုင်သူတို့သည် သေဆုံးသူအသက်ရှင်စဉ်က စွမ်းဆောင်ပိုင်ဆိုင်နိုင်ခဲ့သော ပွဲသဘင်မျိုးစုံနှင့် ပစ်ခတ်ရရှိသောတိရစ္ဆာန်သားကောင်မျိုးစုံတို့ကို အလောင်းထားရက်၌ အစုံအလင် ပြန်လည်ခင်းကျင်း၍ကျင်းပကြသည်။

## သင်္ဂြိုဟ်ခြင်း

သင်္ဂြိုဟ်ခြင်းကို မြေမြှုပ်ခြင်းဖြင့်လည်းကောင်း၊ မီးသင်္ဂြိုဟ်ခြင်းဖြင့်လည်းကောင်း စီမံကြသည်။ မြေကျင်းနှင့် ယင်းကိစ္စများကို တစ်ရက်ကြိုတင်စီစဉ်ထားကြသည်။

ချမည့်နေ့တွင် အသုဘနှစ်ခုတိုက်ဆိုင်ပါက ပထမသေသူကို နောက်မှချရပြီး နောက်မှသေသူကို အရင်ချရသောထုံးစံရှိသည်။ ထိုသို့တိုက်ဆိုင်ခြင်းကို သချိုင်းလုသည်ဟုခေါ်ကြသည်။ သချိုင်းသို့မပို့မီ ကြက်တစ်ကောင်ကိုသတ်၍ တစ်ခြမ်းကို သေစာထမင်းနှင့်ထည့်၍ နောက်ဆုံးကျွေးခြင်းပြုရပြီး တစ်ခြမ်းကို တုတ်နှင့်ထိုးပြီး ဆန်ကော၌ ထမင်းပါထည့်၍ ရွာပြင်တွင်ထားခဲ့ရသည်။ သုသာန်သို့ရောက်သည့်အခါတွင် သေသည့်နေ့က ကျွေးသော ကြက်ကောင်လုံးနှင့် ထမင်းကို နောက်ဆုံးကျွေးခြင်းပြုရပြီး မြေမြှုပ်ခြင်း မီးသင်္ဂြိုဟ်ခြင်းပြုရသည်။ မီးသင်္ဂြိုဟ်ခြင်းပြုပါက နောက်ဆုံးတွင် အရိုးကောက်ခြင်းပြုရသည်။



သချိုင်းတဲကလေးတစ်ခုဆောက်လုပ်ပေးပြီး သေစာထမင်းနောက်ဆုံးခပ်၍ ကျွေးမွေးခြင်းအမှု ပြုရပြန်သည်။ ထို့နောက် သချိုင်းတဲထဲတွင် အရိုးစုတို့ကို ပုံစံမပျက်ထားပြီး တံခါးပိတ်ပြီးမှ အိမ်သို့ပြန်လာခဲ့ကြသည်။

## သချိုင်းတဲတံခါးဖွင့်ပွဲ

အသုဘချပြီး သုံးရက်မြောက်သောနေ့တွင် သချိုင်းသို့သွားပြီး အမဲဟင်းလျာဖြင့် ထမင်းကျွေးသွားကြရသည်။ ထို့နောက် တစ်လတစ်ခါ၊ တစ်နှစ်ပြည့်သည်အထိ သချိုင်းသို့သွား၍ ကြည့်ကြရသည်။ တစ်နှစ်ပြည့်သည့်အခါမှ သချိုင်းတဲ၏တဲတံခါးဖွင့်ပွဲပြုလုပ်ကြသည်။ တစ်နှစ်ပြည့်၍ တဲတံခါးဖွင့်ပေးရာတွင် တတ်နိုင်သူတို့က စားပွဲသောက်ပွဲများ အကြီးအကျယ်ပြုလုပ်ပြီးဖွင့်ကြသည်။ ဖွင့်ပွဲမှ ပြန်လာသောညတွင် အသုဘကိစ္စဆောင်ရွက်စဉ် အလောင်းထားရှိစဉ်က ထမင်းဝိုင်းအတွက် ထည့်ထားသည့် ထမင်းတောင်း (ပလိုင်း) ကို ညကိုးနာရီအချိန်ခန့်တွင် အိမ်နောက်ဘက်တံခါးပေါက်မှ လွှင့်ပစ်လိုက်ကြသည်။ ထိုအခါ အသုဘကိစ္စအဝဝသည် အဆုံးသတ်ပြီးစီးခြင်းသို့ရောက်တော့သည်။ ထို့ကြောင့် ခူမီးချင်းတို့ အသုဘဓလေ့ထုံးစံသည် တစ်နှစ်ပြည့်မြောက်မှသာ ပြီးပြည့်သည်ဟုဆိုရပေမည်။

## လေးမြို့ချင်းဓလေ့အသုဘပွဲ

လူသေဆုံးလျှင် ခင်းကျင်းမှုကို သာမန်လုပ်ရိုးလုပ်စဉ် အတိုင်းသာ ဆောင်ရွက်ကြပြီး အသုဘရက်မှာ ငါးရက် (သို့မဟုတ်) ဆွေမျိုးသားချင်းများစောင့်ရလျှင် ခုနစ်ရက်ထားရလေ့ရှိသည်။ ထုံးစံ အသုဘရက်မှာ သုံးရက်သာဖြစ်သည်။ သေသူအား အလှောင်းဖျာလိပ်

www.burmeseclassic.com

www.burmeseclassic.com



ပတ်ခြင်း၊ ချည်နှောင်ခြင်းကို ယောက္ခမမျိုးဘက်မှ လုပ်ကိုင်ရ၏။ သေဆုံးပြီဆိုလျှင် သေသူသုံးစွဲခဲ့သော ရေဘူး၊ တောင်း၊ ထမင်းဟင်းချက်သည့်အိုးတို့ကို လှေကားရင်းတွင်ခွဲပစ်ရသည်။ မောင်းထုပေးရသည်။ မသေမီက ကိုင်ဆောင်ခဲ့သော ဓား၊ လှံ၊ သေနတ်တို့ကို အလောင်းဘေး၌ ချထားပေးရသည်။ ထိုသို့ နံဘေး၌ ချထားပေးခြင်းသည် သေသူ၏လက်ချက်ဖြင့် သေကျေပျက်စီးခဲ့ရသော တောကောင်တိရစ္ဆာန်များ၏ လိပ်ပြာတို့ဘေးရန်မှ ကာကွယ်ရန်ဟူသောအယူအဆဖြစ်ပေသည်။ ထို့ပြင် စောင်၊ နံစောင်၊ ပုတီး၊ မောင်း၊ ဖလားစသည်များကိုလည်း အလောင်းအနီးတွင် စုပုံပေးထားရသည်။ မိသားစုဆွေမျိုးသားချင်းတို့၏ ပစ္စည်းများနှင့် မရောနှောစေရန် သေသူပစ္စည်းများကို အမှတ်အသားဖြင့် ထားရှိကြရသည်။

ထို့နောက် အမွေးစင်အောင်နုတ်ပြီး ကြက်ကောင်လုံးတစ်ကောင်ကို တုတ်ဖြင့်ထိုးကာ ချက်ပြီးသား ထမင်းအိုးတွင်စိုက်၍ အလောင်း၏ခေါင်းရင်းဘက်တွင် ထားရသည်။ ၎င်းကြက်နှင့် ထမင်းထားပေးခြင်းသည် သေသူ၏လိပ်ပြာအတွက် လမ်းပြရန်နှင့် ဘေးအန္တရာယ်မှ ကာကွယ်နိုင်ရန်ဟူ၍ အယူအဆဖြင့် ထားကြခြင်းဖြစ်သည်။

လေးမြို့ချင်းမလေ့ထုံးစံတွင် ကိုယ်ဝန်ဆောင်မိန်းမသားနှင့် ၎င်း၏ လင်ယောက်ျားတို့သည်လည်းကောင်း၊ မကျန်းမာ၍ နတ်နှင့်ဆေးကုခါစ လူမမာများသည်လည်းကောင်း၊ နာလန်ထစလူမမာတို့သည်လည်းကောင်း အသုဘကိစ္စအဝဝကို ရှောင်ကြဉ်ကြရသည်။

အသုဘကိစ္စများကို အနီးဝန်းကျင်ကျေးရွာတို့မှ လုပ်အား၊ ပစ္စည်းအားတို့ဖြင့် ကူညီပေးကြရသည်။ ကျေးရွာလူငယ် အပျို၊ လူပျို



တို့က အသုဘရှုရက်အတွင်း နေ့စဉ်လာရောက် လုပ်အားပေးလုပ်ကိုင်ကြသည့်အပြင် ပျော်ရွှင်မြူးတူးစွာ ကခုန်ဖျော်ဖြေကြရသည်။ သေသူ၏မိသားစုများ စိတ်ချမ်းသာမှုရရှိစေရန်နှင့် ပူဆွေးသောကမှ သက်သာစေရန် ရည်ရွယ်ချက်ဖြင့် ကခုန်ပေးရသည်ဟုသိရသည်။ အသုဘတွင် သေသူ၏ ယောက္ခမမျိုးဘက်မှ ဝက်နှင့် သမက်မျိုးဘက်မှ ခွေးသတ်ပေးပြီး ကူညီကြရသည်။

## အသုဘချသည့်နေ့

အသုဘချမည့်နေ့တွင် နံနက်သုံးနာရီမှစ၍ အစီအစဉ်များ စတင်လုပ်ဆောင်ကြရသည်။ နံနက်သုံးနာရီခန့်တွင် လူတစ်ဦးက မီးတုတ်ကိုင်လျက် နောက်လိုက်တစ်ဦးနှင့် သီးသန့်ရွေးချယ်ထားသူတစ်ဦးက ကြက်တစ်ကောင်၏ အမြီးကို မီးရှို့ပြီး ၎င်းကြက်ကိုကိုင်ကာ အလောင်းကို အပြန်အလှန်ခုန်ကျော်ရသည်။ မိန်းမဆိုလျှင် (၅) ကြိမ်၊ ယောက်ျားဆိုလျှင် (၆) ကြိမ် ခုန်ကျော်ပေးရသည်။ ထိုသို့ ခုန်ကျော်ပြီးသည့်အခါ အသုဘထားသည့်နေရာတည့်တည့်ရှိ အိမ်ခေါင်မိုးမှ ဝါး တစ်လုံးကို ဓားနှင့်တစ်ချက်တည်းပြတ်အောင်ခုတ်ရသည်။ ပြတ်မသွားလျှင် နိမိတ်မကောင်းဟုယူဆကြ၍ ဓားကိုထက်အောင်သွေးထားပြီး သတိနှင့်ပြတ်အောင်ခုတ်ကြရသည်။

သင်္ချိုင်းသို့ နံနက်စောစောငါးနာရီခန့် သွားကြရပြီး သေသူ၏ ပစ္စည်းများကို အရင်မြေမြှုပ်ရသည်။ အဝတ်အစားကို မီးရှို့ရသည်။ ထို့နောက်မှ သင်္ဂြိုဟ်ခြင်းပြုကြရသည်။ ၎င်းနေ့တွင်ပင် ဝက်တစ်ကောင်ကို သတ်၍ မကောင်းဆိုးဝါးများ နှင်ထုတ်ခြင်းထုံးစံကို ပြုလုပ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



## အရိုးပွဲခေါ် သချိုင်းပွဲ

သေဆုံးပြီးနောက်တစ်နှစ်မြောက်နေ့တွင် အရိုးပွဲခေါ် သချိုင်းပွဲ ပြုလုပ်ကြသည်။ သချိုင်းပွဲပြုလုပ်ရာတွင် အသုဘကိစ္စဆောင်ရွက်စဉ်က သေသူအလောင်းကို ဖျာနှင့်လိပ်ပတ်ချည်နှောင်လုပ်ကိုင်ပေးသူ ယောက္ခမမျိုးတို့ဘက်မှ ပါဝင်လုပ်ကိုင်ပေးရလေ့ရှိသည်။ ၎င်းသူတို့ မရှိမှ နီးစပ်ရာဆွေမျိုးတို့က ပါဝင်လုပ်ကိုင်ပေးကြသည်။

ထိုသို့အသုဘကိစ္စ အဝဝများရှိနေချိန်တွင် မိမိတို့အလုပ်ခွင်များကို ရပ်ထားကြရသည်။ အလုပ်ခွင်ဆင်းခြင်းကို ရှောင်ကြဉ်ကြရသည်။ မရှောင်ကြဉ်ပါက အမင်္ဂလာအဖြစ်များနှင့် ကြုံတွေ့ရသည်ဟု အယူအဆ ရှိကြသည်။

အသုဘချရာတွင်လိုက်နာရန် ထုံးစံတစ်ခုမှာ ရိုးရိုးသေသူကို နံနက်ပိုင်းတွင်ချ၍ အစိမ်းသေသူကို ညနေပိုင်းမှချရသည်။

## အောက်ပိုင်းလေးမြို့ချင်းခလေ့အသုဘရှုပွဲ

အောက်ပိုင်းလေးမြို့ချင်းမျိုးနွယ်တို့၏ ဓလေ့သည် တစ်မူထူးခြားသောထုံးစံများရှိနေပေသည်။ ပထမဦးစွာ သေသူအလောင်းကို ရေနွေးနှင့်ရေချိုးသန့်စင်ပေးရပြီး သေသူဝိညာဉ်သွားရာလမ်းအတွက် လမ်းပြပေးရန်ဟူသော အယူအဆဖြင့် ခွေးတစ်ကောင်ကိုချက်ချင်း သတ်ပေးရသည်။

အလောင်းခင်းရာတွင် ဖျာကိုခြေရင်းမှခေါင်းရင်းသို့ ပြောင်းပြန်ခင်းပေးရသည်။ လူသေစာထမင်းချက်ရာတွင် လူတိုင်းချက်၍ မရချေ။ အသွားအိုတစ်ဦးဦးက အိုးသစ်ဖြင့်ချက်ပေးရခြင်း ထုံးစံသတ်မှတ်ထားရှိ



သည်။ လူသေစာထမင်းကို အလောင်း၏ခေါင်းရင်းတွင်ထားပြီး အသုဘချမည့်နေ့ နံနက်ပိုင်းတွင် အပြီးလွှင့်ပစ်လိုက်ရသည်။

## သေစည်တီးခြင်း

လူသေသည်နှင့် အဝတ်အစားကောင်းများ ဝတ်ဆင်ပေးပြီးနောက် ရွာတွင်လူအများသိစေရန် စည်တီးပေးရသည်။ ၎င်းကို သေစည် တီးသည်ဟုခေါ်ကြသည်။ ကလေးသေဆုံးလျှင် ၃ ည ထားပြီး လူကြီးသေဆုံးလျှင် ၄ ညထားရသည်။ သေဆုံးပြီး စည်တီးသည်နှင့်တစ်ပြိုင်နက် ခရီးမည်မျှဝေးစေကာမူ ဆွေမျိုးများထံ အကြောင်းကြားရသည်။ တာဝန်မပျက်ရပေ။ သေသူကို ရည်စူး၍ နံနက်တစ်ကြိမ်၊ နေ့လယ်တစ်ကြိမ်၊ ညနေတစ်ကြိမ် သုံးကြိမ်တိုင် ကြက်၊ ဝက်၊ ကျွဲ၊ နွား စသည်တို့ကို တတ်နိုင်သလောက်သတ်ပေးပြီး ပရိသတ်ကို ထမင်းကျွေးရသည်။ အခြားလူမျိုးတို့၏ ထုံးစံနှင့်မတူဘဲ သေသူ၏ မျက်နှာကို ဖော်ပြထားရသည်။

သေဆုံးရာတွင် ရေနစ်သေခြင်း၊ သတ်သေခြင်း၊ သူတစ်ပါး လက်ချက်ဖြင့် သတ်၍ သေရခြင်းတို့ဖြစ်လျှင် အလောင်းကို ရွာပြင်မှာသာ ထားကြရလေ့ရှိသည်။ ရောဂါဆိုးတစ်ခုခုဖြင့် သေဆုံးလျှင် ချက်ချင်းချပစ်ကြရသည်။

## ခေါင်းဝါးခုတ်ရခြင်းထုံးစံ

သေဆုံးပြီးနောက်နေ့တွင် ဒေသအခေါ်အဝေါ် 'ခေါင်းဝါး' ခုတ်သွားကြရသည်။ ဝါးခုတ်မသွားမီထွက်ခါနီးတွင် 'ဇေ့ဆပ်' သုံးကြိမ်စုပေါင်း၍ အော်ကြရသည်။ ထိုသို့ 'ဇေ့ဆပ်' အော်လိုက်ရခြင်း

www.burmeseclassic.com

www.burmeseclassic.com



မှာ သေသူအတွက် ဝါးခုတ်သွားမည်ဟု ကြွေးကြော်ကြခြင်းဖြစ်သည်။ 'ခက်ဝါး' ခုတ်လာလျှင် ၄င်းဝါးနှင့် အခြားသူတို့၏ နေအိမ်များကို လုံးဝထိခိုက်စေခြင်းမရှိစေရပေ။

## အလောင်းပြင်ဆင်ခြင်း

နှစ်ရက်မြောက်နေ့တွင် အလောင်းထားရန် သီးသန့်အခန်းပြင်ဆင်တည်ဆောက်ပြီး ညနေပိုင်းတွင် ၄င်းအခန်းသို့ အလောင်းကို ရွှေ့ရသည်။ ခေါင်းပြုလုပ်သောနီးကို ဆေးရောင်စုံခြယ်၊ အရိပ်ကွက်များ ဖော်၍ ပြုလုပ်ကြသည်။ ထူးခြားသောထုံးစံတစ်ခုမှာ သေဆုံးသူ၏ ခင်ပွန်း သို့မဟုတ် ဇနီး၊ မိဘတို့သည် သေဆုံးသည့်နေ့မှစ၍ လိပ်ပြာခေါ်သည့်နေ့အထိ ထမင်းစားရာတွင် ပန်းကန်နှင့် မစားကြဘဲ ဖက်ခင်းဖြင့်သာစားရသော ထုံးစံရှိလေသည်။

၄င်းနေ့တွင် သေသူ၏ဦးလေးတော်သူ (အပူ) ကို ဝက်သတ်ပေးပြီး ထိုဝက်သားဟင်းကို ဦးလေးအကြီးဆုံးက သေသူ၏ခြေရင်း၌ ပထမဦးဆုံးစားရသည်။ ပြီးမှ ကျန်ဦးလေးများနှင့် အခြားသူတို့က စားကြရသည်။

## တောင်မင်းဇာတ်ကရခြင်း

အလောင်းပြင်ဆင်ပြီးနောက်တွင် ဒေသအခေါ် 'တောင်မင်းဇာတ်' ကို ကပြကြရသည်။ ယောကျ်ားတစ်ယောက်က စောင်တစ်ထည်ကို ခပ်ချွန်ချွန်အနေအထားဖြင့်ပတ်ရုံ၍ 'ချင်းတောင်မင်း' အဖြစ် သရုပ်ဆောင်စေပြီး အခြားယောကျ်ားနှစ်ဦးက ချင်းတောင်မင်း၏ လက်ဝဲလက်ယာဇနီးမယားအဖြစ်လည်းကောင်း သရုပ်ဆောင်စေပြီး မိုးအလင်းကပြကြရသည်။



## ရက်၊ လ၊ နှစ်ထိကြာသောအသုဘပွဲ

အချို့ကျေးရွာသားများသည် စျာပနကို ရက်၊ လ၊ နှစ်ကြာသည်ထိပင် ထားတတ်ကြသည်လည်းရှိသည်။ အကြောင်းမှာ ဆွေမျိုးသားချင်းများ မစုံလင်သေး၍ စုံလင်စွာရောက်ရှိသည်အထိ စောင့်ကြခြင်းဖြစ်သည်။ ထိုသို့ ကြာကြာထားလျှင် ထုံးစံများပိုမိုလာသည်။ ခမ်းခမ်းနားနားလည်း ပြုလုပ်ကြသည်။

ဆွေမျိုးသားချင်းတို့စုံလင်ပြီး အသုဘသင်္ဂြိုဟ်မည့်လတွင် ခွေး၊ ဝက်၊ နွား၊ ဆင်၊ ကျား၊ ဘီလူး စသော အရုပ်ကြီးများပြုလုပ်ကြကာ ထိုအရုပ်ကြီးများကို 'ချင်းတောင်မင်း' (စိုင်ကော) က ဝါးချွန် (လှံ) ဖြင့် လိုက်လံမောင်းထုတ်ထိုးနှက်ရပုံ သရုပ်ဆောင်သောအကဖြင့် ကပြရခြင်းဓလေ့ကို ကျင့်သုံးကြရသည်။

## သင်္ဂြိုဟ်ခြင်း

သင်္ဂြိုဟ်သည့်နေ့တွင် အလောင်း၏ခေါင်းရင်းတွင် ထမင်းထုပ်ထားပြီး လူသေစာထမင်းကျွေးခြင်းကို ပြုလုပ်ရသည်။ သင်္ချိုင်းသို့ အသုဘပို့ဆောင်ရာတွင် လမ်းခရီး၌ (၅) ကြိမ်တိတိ နားရသည်။ ထို့နောက် သင်္ချိုင်းရောက်သည့်အခါ မီးသင်္ဂြိုဟ်ခြင်းပြုကြသည်။

မီးသင်္ဂြိုဟ်ပြီးသည့်ညတွင် အမှိုက်သရိုက်များ မီးရှို့ပြီး ၄င်းသင်္ဂြိုဟ်ရာနေရာကိုဝိုက်၍ ခြံခတ်ပေးထားခဲ့ရသည်။ နောက်တစ်နေ့မိုးလင်းသည့်အခါ ထိုနေရာပြာပုံပေါ်တွင် ခြေရာလက်ရာတစ်စုံတစ်ရာကို တွေ့ရလျှင် သေသူသည် သတ္တဝါတစ်ခုခုဘဝသို့ရောက်သည်။ ခြေရာတစ်စုံတစ်ရာမတွေ့ရှိလျှင် သေသူ၏လိပ်ပြာလုံးဝပါလာတော့ဟု အယူအဆရှိကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



## အရိုးအိုးဖွင့်ပွဲပြုလုပ်ခြင်း

သင်္ဂြိုဟ်ခြင်းကိစ္စများပြီးစီးပြီးနောက် တလင်းပွဲပြုလုပ်ချိန်တွင် သင်္ဂြိုဟ်စဉ်က ကောက်ထားခဲ့သောအရိုးအိုးကို ဖွင့်ကြရန် ဆွေမျိုးမိတ်သင်္ဂဟများကို ဖိတ်ကြားကာ ကြက်၊ ဝက်၊ နွားတို့ကို သတ်၍ ဧည့်ခံကျွေးမွေးခြင်းဖြင့် အရိုးအိုးဖွင့်ပွဲပြုလုပ်ကြပြန်သည်။ ဤအချိန်တွင် သေသူ၏ဈာပနကိစ္စအဝဝ ပြီးပြည့်စုံခြင်းသို့ရောက်တော့သည်။

## မရာချင်းမလေ့အသုဘရှုပုံ

မရာချင်းလူမျိုးတို့သည် လူသေဆုံးလျှင် သေနတ်ပစ်ဖောက်ကြသည်။ သေနတ်သံကြားသည့်အခါ ရွာသားများ ဆွေမျိုးသားချင်းတို့ ရောက်လာကြ၏။ အသုဘအလောင်းကို ထုံးစံအားဖြင့် (၂) ရက်သာ ထားလေ့ရှိကြသည်။ အချို့တတ်နိုင်သူတို့က ခုနစ်ရက်ထားကြရာတွင် ဝက်၊ နွား၊ နွားနောက်များကို သတ်၍ ကျွေးမွေးဧည့်ခံကြသည်။ ထင်ပေါ်ကျော်ကြားသူတို့နှင့် စော်ဘွားမျိုးနွယ်ဝင်သူ ပုဂ္ဂိုလ်အလောင်းတို့ကို ခုနစ်ရက်ထားပြီး အသုဘပွဲပြုလုပ်ကြသည်။ နွား၊ နွားနောက်များကို သုံးကောင်၊ လေးကောင်မျှအထိ အကုန်အကျခံကာ သတ်၍ ကျွေးမွေးကြသည်။

သို့ရာတွင် အသုဘရက်သည် (၇) ရက်ထက် ကျော်လွန်ခြင်း မရှိစေရဘဲ ကန့်သတ်ချက်ထားကြသည်။



## ဈာပနပြင်ဆင်ပုံ

ပထမဦးစွာ အလောင်းကို ရေနွေးဖြင့်သန့်စင်ပေးပြီး အဝတ်အစားကောင်းများ ဆင်ပေးသည်။ အလောင်းကို အိမ်နောက်ဘက်နေရာတွင် အိမ်ရှေ့ဘက်သို့ ခေါင်းလှည့်၍ သိပ်ထားရသည်။

သေသူအတွက် ရည်စူး၍ ဝက်တစ်ကောင်သတ်ရသည်။ လူသေစာထမင်းကျွေးပေးပြီးမှ ပရိသတ်များစားကြရသည်။ ဦးလေးယောက္ခမတို့ကို အလောင်း၏ခေါင်းရင်းတွင်ထား၍ ထမင်းကျွေးမွေးရသည်။ ပြီးလျှင် သေသူအတွက် ခွေးတစ်ကောင်ကို ထပ်သတ်ပေးရသည်။

မောင်းနှင့် ရိုးရာအတီးအမှုတ်များ စုပေါင်းတီးမှုတ်ကြပြီး ဝါးညှပ်အကနှင့် အခြားရိုးရာအကမျိုးစုံတို့ဖြင့် ပျော်ရွှင်မြူးတူးစွာ ဖျော်ဖြေကပြကြသည်။ သို့မှသာ ကျန်ရစ်သူတို့ ပူဆွေးသောကမှ သက်သာရာရသည်ဟု မှတ်ယူထားကြသည်။ အစိမ်းသေခြင်းဖြစ်ပါက ရွာပြင်တွင် ဝါးရွက်အစိမ်းနှင့် တစ်ညအိပ်အုပ်ထားပြီး မိုးလင်းမှသာ ရွာတွင်းအိမ်ရှေ့သို့ အလောင်းကို သယ်ယူခွင့်ရပေသည်။ အစိမ်းသေအသုဘတွင် နွား၊ နွားနောက်တို့ကိုသတ်ပြီး ကျွေးမွေးကြခြင်းရှိသော်လည်း အတီးအမှုတ်အကအခုန်များနှင့်ဖျော်ဖြေမှု မပြုလုပ်ရချေ။ အလောင်းသင်္ဂြိုဟ်ရာတွင် ရွာ၏အနောက်ဘက်၌ ညဦးသန်းခေါင်ယံအချိန်မှသာ သင်္ဂြိုဟ်ရခြင်း ထုံးစံရှိလေသည်။

ကိုယ်ဝန်ဆောင်မိန်းမများသေဆုံးလျှင် အသုဘချရာ၌အလောင်းကိုအိမ်အဝင်တံခါးပေါက်မှ မထုတ်ရဘဲ အိမ်ဘေးနံရံကိုဖောက်ဖျက်သတ်ကြရသည်။ ထင်ပေါ်ကျော်ကြားသူများက အလောင်းကိုကိုင်၍

www.burmeseclassic.com

www.burmeseclassic.com



ကလျက် သချိုင်းသို့ ယူဆောင်စေကြ၏။ သေသူ၏ဦးလေးကိုယ်တိုင် အလောင်းကို ပါဝင်ထမ်းပြီးချရသည်။ ဦးလေးကိုယ်တိုင် မပါဝင်ဘဲ သချိုင်းသို့ မယူဆောင်ရချေ။

### မြေမြှုပ်သင်္ဂြိုဟ်ခြင်းထုံးစံ

မြေကျင်းကို ခြောက်ပေအနက်အထိတူးပြီး မတ်ရပ်မြှုပ်ကြသည်။ အရပ်အနိမ့်အမြင့်အလိုက် ကိုက်အောင် ခြောက်ပေအထိ သတ်မှတ်ထားကြခြင်းဖြစ်သည်။ အစိမ်းသေသူအလောင်းကို မြှုပ်ရာတွင် အလျားလိုက်တူးရပြီး အိပ်လျက်ပက်လက်အနေအထားဖြင့် မြှုပ်ကြရသည်။ ထင်ပေါ်ကျော်ကြားသူတို့အတွက် မြေကျင်းအတွင်း၌ ကျောက်စီဂူပြုလုပ်စီမံပြီး မြှုပ်ကြသည်။ အလောင်းသင်္ဂြိုဟ်သည့်ညတွင် သမက်နှင့်တူတော်စပ်သူတို့က ကြက်အကောင်လိုက်လာပို့ပေးရပြီး စုပေါင်းချက်ပြုတ်စားသောက်ကြခြင်း ထုံးစံရှိကြသည်။

## ပြန်ပေါင်းမင်္ဂလာပွဲတစ်ပွဲ

ချင်းဓလေ့မင်္ဂလာဆောင်ပွဲများသည် မျိုးနွယ်စုတို့အလိုက် ထုံးစံဓလေ့အမျိုးမျိုးရှိကြသည်။ ကျင်းပမြဲ မင်္ဂလာဆောင်ပွဲများနှင့် မကြုံဆုံလိုက်သော်လည်း ဟားခါးဒေသမှ 'လိုင်'ချင်းမျိုးနွယ်တို့၏ ကျင်းပမြဲမင်္ဂလာဆောင် ဓလေ့ထုံးစံတစ်ရပ်ကို အောက်ပါအတိုင်း ရှိကြောင်းလေ့လာမှတ်သားခဲ့ရသည်။ ဟားခါးဒေသတစ်ခွင်တွင် "လိုင်" ဓလေ့မင်္ဂလာဆောင်ထုံးစံကို ကိုယ်စားပြုကျင့်သုံးလိုက်နာခြင်းရှိပေသည်။

### လိုင်တို့၏ လက်ထပ်မင်္ဂလာပြုခြင်းအမျိုးမျိုး

(၁) အမျိုးသားနှင့် အမျိုးသမီးအကြားအောင်သွယ်ပြု၍ နှစ်ဦးသဘောတူညီမှုဖြင့် လက်ထပ်ခြင်း၊

(၂) အမျိုးသမီးက အမျိုးသားအိမ်တွင် မိမိဆန္ဒသဘောတူညီချက်ဖြင့် လက်ထပ်ထိမ်းမြားကြခြင်း၊

(၃) အမျိုးသားက အမျိုးသမီးအိမ်တွင် မိမိဆန္ဒ သဘောတူညီချက်ဖြင့် လက်ထပ်ထိမ်းမြားခြင်းဟူ၍ အဓိကအားဖြင့် သုံးမျိုးရှိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



## မင်္ဂလာအချိန်အခါ

တစ်နှစ်အတွင်း ၁၂ လရာသီအနက် ဇူလိုင်လတစ်လမှအပ ကျန်လအချိန်အခါများတွင် ရာသီမရွေးကျင်းပလေ့ရှိသည်။ (မင်းတပ်မြို့နယ်ဒေသမှ ချင်းတို့ကမူ မင်္ဂလာလက်ထပ်ပွဲများကို လဆုတ်ရက်များတွင်မပြုလုပ်ကြဘဲ အထူးရှောင်ကြဉ်ကြသည်။) အများအားဖြင့် လဆန်း (၂) ရက်မှ (၄) ရက်အတွင်း၌လည်းကောင်း၊ လဆန်း (၁၂) ရက်မှ (၁၄) ရက်အတွင်း၌လည်းကောင်း၊ ရွေးချယ်သတ်မှတ်ကျင်းပခြင်းထုံးစံရှိလေသည်။

လိုင်ချင်းအမျိုးသားတို့သည် ဇူလိုင်လကိုပြဿဒါးလအဖြစ်သတ်မှတ်ထားကြပြီး ၎င်းလတွင် လက်ထပ်ထိမ်းမြားခြင်းပြုခဲ့သော်လက်ထပ်သူဇနီးမောင်နှံတို့၏ သားသမီးများသည် ကျန်းမာရေးချို့တဲ့တတ်ကြသည်ဟု အယူအဆရှိကြသည်။

## မင်္ဂလာပွဲထုံးစံ

မင်္ဂလာပွဲကျင်းပရာတွင် အမျိုးသမီးဘက်မှ သတ်ရသောအကောင်များ၏ ပေါင်သားနှင့် ပခုံးသားကို အမျိုးသားဘက်ရှိ နှမများကို ပေးဝေရသည်။ ရင်ဘတ်သားများကို ဦးလေးဖြစ်သူအား ပေးဝေရသည်။

အမျိုးသားဘက်မှ သတ်သောဝက် (Arsa) ကို အမျိုးသမီးဘက်မှ အမျိုးများအား တစ်တုံးစီလိုးဖြတ်ဝေငှပေးရ၏။ မင်္ဂလာပွဲကျင်းပပြီးစီး၍ ထုံးစံအရ အမျိုးသမီးသည် အမျိုးသားဘက်သို့လိုက်၍ နေထိုင်



ရာတွင် လေးရက်မှငါးရက်ထိမျှမကြာဘဲ သူ၏မိဘများထံသို့ သွားလာခွင့်မရှိပေ။ သွားလာမိခဲ့သော် သတို့သမီးသည် သတို့သားအားမချစ်မနှစ်သက်ဟန်ရှိကြောင်း ထင်ရှားသည်ဟု မှတ်ယူထားကြသည်။

သတ်မှတ်ထားသည့်လေးရက် သို့မဟုတ် ငါးရက်စေ့ရောက်၍ သတို့သမီးက သူ၏မိဘများထံသွားရောက်ခဲ့လျှင် ချင်းထုံးစံအရ (Sul let thah) ဟုဆိုကာ သူမ၏မိဘများက ဝက်တစ်ကောင်ပေးလိုက်ပြီး သူ၏လင်ယောကျ်ား၏အိမ်သို့ ပြန်လည်စေလွှတ်လိုက်ရသည်။

'လိုင်' တို့၏မင်္ဂလာထုံးစံကို ဟားခါးနယ်အလယ်ပိုင်းချင်းဒေသတို့တွင် ကျင့်သုံးကြသည်။ သို့ရာတွင် ပြည်နယ်တစ်ခွင်လုံးတွင် အခြေခံအားဖြင့် တူညီမှုရှိပြီး ထုံးစံအချို့သာကွဲပြားကြလေသည်။ အလျဉ်းသင့်၍ မင်္ဂလာပွဲထုံးစံကို ထည့်သွင်းရေးသားခြင်းသာဖြစ်ပါသည်။ ယခု ကျွန်တော်ကိုယ်တွေ့ပွဲသည် သာမန်မင်္ဂလာဆောင်ပွဲမဟုတ်ဘဲ 'လိုက်တူ' ချင်းမျိုးနွယ်ဖြစ်သူ မောင်သောင်းဆိုသူ၏ပြန်ပေါင်းမင်္ဂလာပွဲတစ်ခုဖြစ်ပါသည်။ မိမိဌာနဆိုင်ရာ တပည့်တစ်ဦး၏ပွဲဖြစ်၍ လေ့လာခွင့်ကောင်းစွာကြုံလိုက်ပါသည်။

ပြန်ပေါင်းမင်္ဂလာပွဲဖြစ်ခြင်းကြောင့် နောက်ကြောင်းပြန်နှင့် သူတို့ဇနီးမောင်နှံ၏ဘဝဇာတ်ကြောင်းကို မောင်သောင်း၏ ပြောပြချက်အတိုင်းတစ်ဆင့်ပြန်၍ ရှင်းလင်းတင်ပြလိုပါသည်။ တစ်ချိန်က မောင်သောင်းက မိန်းကလေးရှင်၏မိဘများထံမှ ထုံးစံနှင့်အညီ ခွင့်ပြုချက်မရယူဘဲမိမိတို့ဆန္ဒသဘောအလျောက် အချို့မြန်မာလူငယ်များလိုပင် မိန်းကလေးကိုခိုးပြေးပြီး ပေါင်းသင်းခဲ့ပြီးနောက်မှ ထုံးစံအရ မိဘများထံပြန်လည်

www.burmeseclassic.com

www.burmeseclassic.com



အပ်နှံကြောင်း တောင်းပန်ပြီး လက်ထပ်သည့်အခါ မင်္ဂလာက ရိုးရိုးမဟုတ်ဘဲ တစ်မူထူးသွားသည်ဟုဆိုပါသည်။

သူတို့ ချင်းထုံးစံအရ မိန်းကလေးကို လက်ထပ်ယူသည်ဆိုလျှင် 'အသွင်းဖိုး' (မင်္ဂလာကြေး) အဖြစ် ထိုအချိန်အခါက ငွေသား ငါးထောင်ကျပ်မှ တစ်သောင်းအထိ အုပ်ထိန်းသူမိဘများထံကို ပေးသွင်းကြရသည်။

သည်တွင် အချို့လူတွေက နားလည်မှုတစ်မျိုးလွဲနေခဲ့ကြသည်။ ချင်းလေးမှာ မိန်းကလေးကို ငွေတန်ဖိုးသတ်မှတ်ချက်ထားပြီး ဝယ်ယူသည့် သဘောဟုမြင်ကြသည်။ အမှန်မှာမူ မိန်းကလေးအတွက် ငွေတန်ဖိုး ပေးယူခြင်းမဟုတ်ပေ။ မင်္ဂလာဆောင်ပွဲကျင်းပရာတွင် ကုန်ကျရမည့် စရိတ်သာဖြစ်ပါသည်။ မိန်းကလေးက သတို့သားကို လက်ထပ်ယူလိုက်ရသည်ကလွဲ၍ ဘာမျှမရပါ။ သူ၏မိဘနှစ်ပါးကလည်း မရပါ၊ အားလုံးအကျွေးအမွေးနှင့်သာ ကုန်စေကြပါသည်။

မောင်သောင်း၏မင်္ဂလာပွဲကျင်းပစဉ်ကဆိုလျှင် ထုံးစံအရ 'အသွင်းဖိုး' အဖြစ် ကျွဲလေးကောင်၊ မောင်းကြီးမောင်းငယ်ကိုးလုံး၊ လုံကြီးလုံငယ် ၂၄ ချောင်း ပေးရမည်ဖြစ်ပါသည်။ ကျွဲကိုမူ ဧည့်ခံပွဲတွင် အသုံးပြုပြီး မောင်းနှင့်လုံကိုမူ မိန်းကလေး၏ဆွေမျိုးရင်းချာတွင်းက အကြီးအကဲဖြစ်သည့် ဦးကြီး၊ ဦးလေး စသူတို့ကို ဝေငှရပါသည်။ မိန်းကလေး၏ မိဘတွေက ဘာမျှမရကြပါ။

ယခုမောင်သောင်း၏ပြောပြချက်အရ အသွင်းဖိုးကို သာမန်မင်္ဂလာပွဲ 'အသွင်းဖိုး' ထက်များစွာပိုနေသည်ဟု ဆိုပါသည်။ ခိုးယူ



ပေါင်းသင်းမိသည့်အတွက်ဖြစ်ပါသည်။ မိဘများထံခွင့်ပန်ပြီးမှ မင်္ဂလာပွဲပြုလုပ်ရာတွင် အုပ်ထိန်းသူများနဲ့ စီစဉ်ညှိနှိုင်းလုပ်ဆောင်မည်ဆိုပါက ယခုပေးသွင်းရသည့် အသွင်းဖိုးလောက်မရှိပါဘူးလို့ ပြောပါသည်။ ထို့ကြောင့်ခိုးယူပေါင်းသင်းခြင်းသည် အပြစ်သဘောမျိုး အလျော်သဘောမျိုး သက်ဝင်လျက်ရှိနေပါသည်။

သည်လိုနှင့် သူတို့ဇနီးမောင်နှံပေါင်းသင်းလာခဲ့ကြ ပြီး ခြောက်လခန့်အကြာတွင် အကြောင်းကြောင်းတွေကြောင့် လင်မယား ကွဲကွာကြလေသည်။ မိန်းကလေးကလည်း စိတ်လိုက်မာန်ပါနှင့် စိတ်ဆိုးပြီး မိဘများထံပြန်သွားလိုက်သည်။ မိဘများကလည်း လက်ခံထားလိုက်ရသည်။ ဤသို့ဖြင့် မိန်းကလေးသည် သူ့သဘောနှင့်သူ ပြန်ဆင်းသွားပါက ထုံးစံအရ မင်္ဂလာပွဲအတွက် ပေးသွင်းထားရသည့် အသွင်းဖိုး ကျွဲလေးကောင်၊ မောင်း (၉) လုံး၊ လုံ (၂၄) ချောင်းကို မိဘများက မောင်သောင်းတို့ဘက်သို့ အလျော်ပြန်ပေးလိုက်ရသည်။

ဤသို့ကွဲကွာခဲ့စဉ် မိန်းကလေးတွင် ကိုယ်ဝန်ပါသွားသည့်ကိစ္စကို မောင်သောင်းက ကွဲကွာပြီးအချိန်မှစ၍ သူနှင့်မသက်ဆိုင်ဘူး၊ နောင်ကို ဘာမျှမပတ်သက်ဘူး၊ တာဝန်မရှိဘူးဟု ပြောခဲ့ပြီး မောင်းတစ်လုံးနှင့် ခေါင်ရည်တစ်လုံးကို ပြန်လည်ပေးလိုက်သည်။ ထိုကိစ္စတွင် လူကြီးစုံရာများက သက်သေရှိနေခဲ့ကြပါသည်။

သူတို့၏ထုံးစံအရ ကွဲကွာထားခဲ့သည်မှာ (၅) နှစ်ရှိနေပါပြီ။ ယခု ကျွန်တော်နှင့်ဆုံစည်းသည့်အချိန်က နှစ်ဦးနှစ်ဖက်အကြောင်း

www.burmeseclassic.com

www.burmeseclassic.com



ကောင်းလာကြပြီး ပြန်လည်စေ့စပ်ကြသည့် ပြန်ပေါင်းမင်္ဂလာပွဲဖြစ်သည်။

ပြန်ပေါင်းပွဲမှာ မင်္ဂလာပွဲကြီးကဲ့သို့ အသွင်းဖိုးမရှိသော်လည်း လူကြီးစုံရာဖိတ်ကြား ထမင်းကျွေး၊ ခေါင်ရည်တိုက်ပြီး အသိအမှတ်ပြုကြရုံသာဖြစ်သည်။

သို့ပေမယ့် မောင်သောင်း၏ပြန်ပေါင်းပွဲက လွယ်လွယ်နဲ့မပြီးသည့် ပြန်ပေါင်းပွဲဖြစ်သွားပါသည်။ မင်္ဂလာပွဲကြီးမျိုး နှစ်ခါထပ်နွှဲရသလို ဖြစ်သွားရပါပြီ။

ကျွဲ (၄) ကောင်၊ မောင်း (၉) လုံး၊ လုံ (၂၄) ချောင်းကိုပဲ ပြန်ကုန်ကျရပြန်ပါသည်။ အဘယ်ကြောင့်ဆိုသော် လွန်ခဲ့သည့် ငါးနှစ်ကွဲကွာစဉ်မှာ သူ့၏ကလေးဖြစ်လာမည့် မိန်းကလေး၏ကိုယ်ဝန်ကို မောင်သောင်းကသူနှင့် မဆိုင်ဘူး၊ မပတ်သက်ဘူး၊ တာဝန်မယူဘူးဟု ပြောထားမိသည့် နှုတ်လွန်စကားရပ်ကြောင့် တစ်ဖက်မိဘများလက်ဝယ်တွင် ပိုင်ဆိုင်ထိန်းသိမ်းထားသည့် ငါးနှစ်သားအရွယ် သူ၏သားကလေးကို ပြန်ရလိုခြင်းကြောင့်ဖြစ်ပါသည်။ ယခုကဲ့သို့တစ်ဖက်က တောင်းခံသည့်ထုံးစံကို မပေးဘူးဆိုပါက သူ့သားကလေးကို သူပိုင်ဆိုင်ခွင့်မရှိပါဘူးဟု ဆိုပါသည်။ ကွဲစဉ်က သူတင်ထားသည့် မင်္ဂလာအသွင်းဖိုးကို ပြန်ရယူထားခြင်းလည်း ရှိခဲ့သည်မဟုတ်လား။

သည်တစ်ခါမှာ မောင်သောင်းက အရင်ကလို ပြန်မပေးနိုင်ဖြစ်နေခဲ့သည်။- စီးပွားရေးမပြေလည်မှုကလည်း ရှိနေသေးသည်။



လူကြီးသက်သေစုံရာများရှေ့တွင် တောင်းခံချက်ကို နောင်အခါတွင် အကျေအလည်ပေးပါ့မည်ဟူ၍ ကတိပြုလိုက်ရပါသည်။ ဤသို့ကတိပေးလိုက်ပြီးနောက် သူတို့၏ပြန်ပေါင်းမင်္ဂလာပွဲမှာ အောင်မြင်သွားခဲ့သည်။ နှုတ်ကတိသည် စာချုပ်စာတမ်းများထက် ခိုင်လုံသည်ဟုဆိုကြသည်။ ချင်းလူမျိုးများသည် ကတိကို အလွန်တန်ဖိုးထားတတ်ကြပါသည်။ သူတို့လူမျိုးမှာ ကတိတစ်လုံးကို အသက်တမျှ တန်ဖိုးထားလေ့ရှိသည့် ဗီဇစိတ်ထားကို ဂုဏ်ယူကြခြင်း မလေ့ စွဲမြဲမှုရှိနေခဲ့ပါသည်။

ကတိပျက်ကွက်သူ မရှိသလောက်ရှားပါးသည်ဟုဆိုပါသည်။ ကတိပျက်ပြီဆိုလျှင် ချင်းမျိုးနွယ်ထုထဲတွင် ဂုဏ်နိမ့်သူ၊ ယုတ်ညံ့သူအဖြစ် မဝင်ဆံ့တော့ဘဲ အသိုင်းအဝိုင်း၏အပြင်ကို ထုတ်ပယ်ထားခြင်းခံကြရသည်။

ဤကဲ့သို့ ကတိပေးထားသည့်အသွင်းဖိုးများ မကျေလည်ခင်တွင် သေဆုံးသွားခဲ့ပါမူ မည်သို့လုပ်မည်နည်းဟု ကျွန်တော် စူးစမ်းမိခဲ့ပါသည်။

သေသွားပါက မိန်းကလေးရှင်၏ မိဘအုပ်ထိန်းသူများ၊ ဆွေမျိုးများက အသုဘကိုမချရန် တားမြစ်ကန့်ကွက်ထားလေ့ရှိပါသည်။ သေသူ၏ ကျန်ရစ်သူ ဆွေမျိုးသားချင်းများဘက်က ကျန်ရှိသည့်အသွင်းဖိုး ကတိကို ကျေပွန်အောင်ဆက်လက်ပေးသွင်းပါမည်ဟု ကတိပြုမှသာ အသုဘကို ချခွင့်ရကြသည်။ ထို့ကြောင့်လည်း ကတိအတိုင်း မပျက်ကွက်ကြဘဲ 'အသွင်းဖိုး' ကိစ္စကို အကျေအလည်ပေးသွင်းလေ့ရှိကြသည်ကို တွေ့ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤမလေ့၏ထုံးစံကို ဦးကြာအောင်၏ အောင်ပွဲကအဖြေထုတ်၍ သက်သေထင်ရှားပြနေခြင်းကို တွေ့ခဲ့ရပါသည်။

**စကားချပ်**

ဤသည်မှာ ပလက်ဝဒေသမှ ပြန်ပေါင်းမင်္ဂလာပွဲတစ်ခုတွင် တွေ့ကြုံခဲ့ရသော ဖြစ်စဉ်ဖြစ်ရပ်မလေ့ဖြစ်ပါသည်။ ချင်းတောင်ပိုင်းဒေသမှာပင်ဖြစ်သည့် မင်းတပ်မြို့နယ်မှ အရှိုချင်းတို့၏ လင်မယားကွာရှင်းမှု၊ ပြန်ပေါင်းသင်းမှု၊ သားသမီးရရှိမှုကိစ္စရပ်များနှင့်ပတ်သက်၍ မှတ်သားဖွယ် လေ့လာတွေ့ရှိချက်တစ်ရပ်ကို အလျဉ်းသင့်၍ မှတ်တမ်းတင်ဖော်ပြအပ်ပါသည်။

ချင်းသမိုင်းရှာဖွေပြုစုရေးကော်မတီ (ရန်ကုန်မြို့)က ၂၀၀၁ ခုနှစ်တွင် ထုတ်ဝေခဲ့သည့် ချင်းလူမျိုးများ၏သမိုင်းဖြစ်စဉ်စာအုပ်တွင် မင်းတပ်ဘုန်းနှင့် မင်းတပ်ယူကျင်းတို့၏စာတမ်း၌ အောက်ပါအတိုင်း မှတ်သားထားရပေသည်။

**လင်မယားကွာရှင်းမှု**

အရှိုချင်းတို့တွင် လင်မယားကွာရှင်းမှုရှိခဲ့လှသည်။ အဘယ်ကြောင့်ဆိုသော် မင်္ဂလာကြေးများသည့်အပြင် သတို့သားနှင့် သတို့သမီးအမျိုးများက နှစ်ဖက်စလုံးဝိုင်း၍ ကူညီတတ်ကြသောကြောင့် ဖြစ်သည်။ အကယ်၍ အမျိုးသမီးကို အမျိုးသားကနှိပ်စက်သဖြင့် သည်းမခံနိုင်တော့၍ မိဘအိမ်သို့ပြန်သွားလျှင် လင်ယောကျ်ားက ဇနီးသည်၏မိဘများအား တောင်းပန်ပြီးပြန်ခေါ်ရသည်။ ဇနီးသည်က မည်သည့်လျော်ကြေးကို မိဘများအား ပေးမှသာလျှင် ပြန်လိုက်မည်ဟု



ဘွယ်ကပ်နေလျှင် လင်ယောကျ်ားကဇနီးသည် တောင်းဆိုသော လျော်ကြေးကို ယောက္ခမတို့အား ပေးပြီးမှပြန်ခေါ်ရသည်။

အကယ်၍ လင်ယောကျ်ားကစ၍ကွာရှင်းလျှင် ဇနီးဖြစ်သူသည် သားသမီးမထွန်းကားသေးပါက နွားနောက်မတစ်ကောင်တန် (Hlei Phu'hngan) ရွှေနားကပ်တစ်ရန်နှင့် (Maa Lei) 'မာလေး' ခေါ် ဆက်လက်မပေါင်းသင်းလိုတော့သဖြင့် ငြင်းပယ်သည့်လျော်ကြေး၊ ရွှေနားဘက် (Thumkip hngai) ၃၀ ကျပ်တန် (၂၀၀၀ ပြည့်နှစ်တွင် တန်ဖိုးအားဖြင့် ၆၀၀၀ ကျပ်၊ ၇၀၀၀ ကျပ်ခန့်) ပေးလျော်ရသည်။ ပေးပြီးသော မင်္ဂလာကြေးများကို ပြန်လည်တောင်းပိုင်ခွင့် မရှိတော့ချေ။ အကယ်၍ အမျိုးသမီးသည် သားသမီး ထွန်းကားပြီး ဖြစ်လျှင် နွားနောက်မ တစ်ကောင်တန် ရွှေနားဘက်တစ်ရန်ကို (ကာလတန်ဖိုးအားဖြင့် ၂၀၀၀ ပြည့်နှစ်တွင် ၂၀၀၀၀ ကျပ်) ခန့်နှင့် မာလေး (Maa Lei) အဖြစ် ဆက်လက်ပေါင်းသင်းလိုမှုအတွက် ကာလတန်ဖိုး ၆၀၀၀ ကျပ်၊ ၇၀၀၀ ကျပ်တန် ရွှေနားဘက်တစ်ရန်ပေးလျော်ရသည်။

**ကိုယ်ဝန်နှင့်ဖြစ်စေ၊ နို့စို့အရွယ်တွင်ဖြစ်စေ ကွာရှင်းကြလျှင် အရွယ်ရောက်သော် ကလေးအား ယောကျ်ားဘက်မှ ပြန်လည်ရယူခြင်း**

မည်သည့်အကြောင်းကြောင့်ဖြစ်စေ လင်မယားကွာရှင်းကြလျှင် သားသမီးကို လင်ယောကျ်ားကသာ ပိုင်ဆိုင်ခွင့်ရှိသည်။ သို့ဖြစ်၍ လင်မယားကွာရှင်းကြစဉ်တွင် ဇနီးသည်ကိုယ်ဝန်နှင့်ဖြစ်စေ၊ နို့စို့အရွယ်ကလေးရှိနေချိန်ဖြစ်စေ၊ ကွာရှင်းကြလျှင် ကလေးအရွယ်ရောက်သည်အထိ ဇနီးသည်က ပြုစုစောင့်ရှောက်ရန် တာဝန်ရှိသည်။ ကလေးအရွယ်ရောက်လျှင် (အမိပွာယ်မှာ မိခင်နှင့်ခွဲ၍နေနိုင်သည့်အရွယ်) ဖခင်က

www.burmeseclassic.com

www.burmeseclassic.com

ပြန်လည်ခေါ်ယူလိုသော် လင်ယောကျ်ားက မိခင်အား 'ထားမရှိမ်' (Hta M' Sam) ခေါ်ကလေးထိန်းခအတွက် နွားနောက်မတစ်ကောင် တန် (Hlei Hu Phu) ကာလတန်ဖိုး ၂၀၀၀၀ ကျပ် ပေးလျော်ပြီး ကလေးကို ပြန်ယူနိုင်သည်ဟူ၍ လေ့လာမှတ်သားရပါသည်။ ဒေသတွင်း ဓလေ့ထုံးစံများအပေါ် နှိုင်းယှဉ်ရှုမြင်နိုင်ရန် ဖော်ပြအပ်ပါသည်။

ஃ ஃ ஃ ஃ ஃ

## ပလက်ဝမှ မြို့တော်ဟားခါးသို့

ချင်းပြည်နယ်အတွင်းရှိ မြို့နယ်ကိုးမြို့နယ်စလုံးမှ အဖွဲ့အစည်း ဌာနဆိုင်ရာတို့သည် ပြည်နယ်အစည်းအဝေးများ တက်ရောက်ရသည့် အခါများတွင် ပြည်နယ်ရုံးတည်ရှိရာ မြို့တော်ဟားခါးသို့ သွားရလေ့ရှိသည်။ ကျွန်တော်တို့ဌာနဆိုင်ရာ အစည်းအဝေးသည် ဒီဇင်ဘာလထဲတွင်ခေါ်ယူထားသဖြင့် မြောက်ပိုင်းချင်းဒေသ ဟားခါးမြို့၏ ခရစ္စမတ်ပွဲတော်နှင့် ကြုံကြိုက်ခဲ့ရလေသည်။

ပလက်ဝမှ ဟားခါးသွားခရီးစဉ်သည် ဝန်ထမ်းများအတော် ...လေးသော ခရီးစဉ်ဖြစ်ပါသည်။ ခရီးစရိတ် မှန်းချက်နှင့်နှမ်းထွက် ...ကိုက်ဖြစ်တတ်ကြ၏။ ပလက်ဝမှစထွက်လျှင် လေဆိပ်ရှိရာစစ်တွေမြို့သို့ တစ်ညအိပ်သင်္ဘောစီးရသည်။ စစ်တွေမြို့တွင် ရန်ကုန်လေယာဉ် ...တ်မှတ်ရရှိရေးအတွက် စောင့်ဆိုင်းရသည်။ အဆင်ပြေပါမှ လေးရက် ငါးရက်မျှစောင့်လျှင် လက်မှတ်ရတတ်သည်။ စောင့်ဆိုင်းရက်ကြာ ...င်ကြာသလောက် စားစရိတ်တည်းခိုစရိတ် ကုန်ကျကြရသည်။ ...စရိတ်တင်ပြတောင်းခံကြသည့်အခါ ထမင်းတစ်နပ်စာဖိုး နေ့တွက် ...ပ်တစ်ဆယ်သာရကြ၍ ကုန်ကျစရိတ်မကာမိဖြစ်တတ်ကြပေသည်။

စစ်တွေမှ ရန်ကုန်မြို့လေယာဉ်ခရီးစဉ်သည် မိနစ်ငါးဆယ်မျှ ...င်း ရောက်နိုင်ပါသည်။ သို့ရာတွင် တစ်ခါတစ်ရံ မိုးလေဝသ

www.burmeseclassic.com

www.burmeseclassic.com



မကောင်းပါက လေယာဉ်မဆင်းနိုင်သဖြင့် ခရီးစဉ်ဖျက်ရသည့်ရက် များလည်း ကြုံရတတ်ပေသေးသည်။

ရန်ကုန်မြို့သို့ရောက်ပြီဆိုလျှင် ကလေးမြို့သို့ လေယာဉ်လက်မှတ် ရရှိရေးကြိုးပမ်းရပြန်၏။ ရန်ကုန်တွင် ရုံးချုပ်တည်ရှိသဖြင့် လက်မှတ် ငွေသားကို မျဉ်းသားချက်လက်မှတ်ဖြင့် လဲလှယ်ပြီးမှ ဝယ်ယူခွင့် သဖြင့် လက်မှတ်ရရေးအခက်အခဲသိပ်မရှိလှပေ။ သို့ရာတွင် လုပ်ငန်းသဘောအရ သုံးရက်မျှလောက်တော့ စောင့်ရတတ်ပေသည် ကလေးမြို့သို့ လေယာဉ်ခရီးစဉ်သည် တစ်ပတ်လျှင် (၃) ရက်သာ ၏။ (တစ်ရက်ခြားထွက်သည်။)

လက်မှတ်ရပြီဆိုလျှင် ရန်ကုန်မှ ကလေးခရီးစဉ်သည် မကွေး နှင့် မန္တလေး (နှစ်) မြို့သာဆင်းပြီး သုံးနာရီမျှဖြင့် ရောက်နိုင်ပါ၏ သို့သော် ကလေးမြို့ရောက်ပြီဆိုလျှင် ဆက်ရန်ခရီးကား တစ်စခန်းချ နားရတော့သည်။ ချင်းတောင်သို့တက်မည့်ကားများ တက်မည့်နေ့ရက် များကို စုံစမ်းလေ့လာရ၏။

ဟားခါး၊ ဖလမ်းစသည့် ချင်းတောင်သို့တက်လေ့ရှိသည် အာရ်တီစီကားပြာကြီးများ၊ အခြားကုန်ပို့ ဆန်တင်ကုန်ကားကြီးများ စုံစမ်းကြရ၏။ ကလေးမှ ချင်းတောင်သို့ ပုံမှန်ပြေးဆွဲသော ခရီးသည် တင်ကား သီးသန့်ဟူ၍မရှိခြင်းကြောင့်ဖြစ်ပေသည်။ သို့ကြောင့် ခရီး သည်မှန်သမျှ ကုန်တင်ကား၊ ဆန်ကားကြီးများပေါ်မှသာ လိုက်ပါ ကြရသည်ကများပေသည်။

ကလေးမှဟားခါးအရောက် တောင်တက်မိုင် (၁၂၀) ရှိ၏ လူတစ်ဦးလျှင် ကားခ (၃၅/-) မျှသာဖြစ်၏။ အာရ်တီစီကားပြာကြီး



သည် တစ်ပတ်လျှင် သုံးရက်မျှ ချင်းတောင်တက်ကြရသည်ဟု ရသည်။

ကလေးမှ (၇၇) မိုင် ဝေးသည့်ဖလမ်းမြို့တွင် တစ်ညအိပ်ပြီးမှ ားခါးသို့ရောက်သည်ဆို၏။ သို့ကြောင့် ပလက်ဝမှ ဟားခါး ည်နယ်ရုံးသို့လာကြရလျှင် အစဉ်မသင့်က အသွားအပြန်တစ်လမျှ ကြာတတ်ကြပေသည်။

ထိုနေ့က ကံကောင်းထောက်မစွာပင် အာရ်တီစီကားဂိတ်တွင် င်းတောင်တက်မည့် ဆန်တင်ကားတစ်စီးနှင့်ကြုံ၍ လိုက်ပါခွင့်ရခဲ့ သည်။ ၎င်းကားသည် ဆန်တင်ထားသော်လည်း ဆန်များမှာ ဟားခါး ၍ ပြည်ထောင်စုအလံတော်ကြိုဆိုရေးအတွက် ဟားခါး၊ ဂန့်ဂေါ ားလမ်းအခြေအနေလေ့လာကြည့်ရှုရန် တာဝန်ဖြင့်တက်သောကား စ်ပေသည်။ သို့ကြောင့် ကြာကြာမစောင့်လိုက်ရဘဲ အထူးကားဖြင့် ိုက်ခဲ့ရလေသည်။

ဤလမ်း၊ ဤခရီးတွင် ခရီးသည်တို့၏ စီးနင်းလိုက်ပါရမြဲ ုံးစံအတိုင်း ဆန်အိတ်များပေါ်မှ ကားအမိုးကိုင်းကို ခိုင်ခိုင်ကိုင်၍ ီးခဲ့ရတော့သည်။ ကျွန်တော့်အတွက်တော့ အပြင်ခရီးလေ့လာရေး ခွင့်ကောင်း ပိုမိုရရှိခဲ့သည်ဟု ဆိုရပေမည်။

ကျွန်တော်တို့ ယာဉ်တန်းကြီးသည် ကလေးမြို့မှ နံနက်ငါးနာရီ ွင် စထွက်ခဲ့၏။ ကြို့သုံးပင်ရွာ တောင်ဖီလာစေတီငယ်ကိုကျော်လာ ၍ အမှတ် (၂) ခံတပ် ရဲကင်းစခန်းအလွန်နားရောက်သည်တွင် လမ်းဘေးမှ ိုင်တိုင်သုညကို တွေ့ရ၏။ ထိုနေရာမှစ၍ ချင်းတောင်တန်းကြီးကို တောင်တက်ရတော့မည်ဟုသိရ၏။ တောင်ကြီးများကိုဖြို၍ ချပတ်

www.burmeseclassic.com

www.burmeseclassic.com



လမ်းဖောက်လုပ်ထားသော တောင်တက်လမ်းများသာဖြစ်သဖြ
လမ်းတစ်လျှောက်လုံးတွင် ကားများသည် ဂီယာ (၁) နှင့် (
ဂီယာကြီးများဖြင့်သာ တဝေါဝေါနှင့် အားကုန်တက်ကြရသည်။ လမ်
အကျယ်သည် (၁၂) ပေခန့်သာရှိသည်။ အများဆုံးအချို့နေရာများ
(၁၅) ပေခန့်မျှသာ ကျယ်ပေသည်။ သို့ကြောင့် လေးဘီးယက်ကား
များကသာ စိတ်ချရ၏။ အတော်အသင့်ကားကြံ့ခိုင်မှုဖြင့် တက်၍ရမည်
မဟုတ်ပေ။

ကားစီး၍သွားနေရသည်ဆိုသော်လည်း မြင့်မားလှသော
တောင်ထွတ်ကြီးများပေါ်မှ အချို့တိမ်ခိုးတိမ်လိပ်များကို တစ်ပြေး
တစ်တန်းတည်း မြင်တွေ့နေရ၏။ လေယာဉ်ပြတင်းပေါက်မှ ရှုမြင်
ရသည်အလား ထင်မှတ်ရသည်။

ထို့ကြောင့် မြင့်မားလှသည့်တောင်ထွတ်ကြီးများပေါ်က ခ
ပတ်ကားလမ်းကျဉ်းယာဉ်ကြောတွင် မျက်နှာချင်းဆိုင် ကားချင်းမရှော
တိမ်းရပါစေနှင့်ဟုသာ ဆုတောင်းရသည်။ ကားချင်းဆုံမိ၍ ရှောင်
ရပြီဆိုလျှင် ချောက်ကမ်းပါးဘက်က ကား၏ဘီးသည် တောင်ကမ်
ပါးစွန်းနှုတ်ခမ်းဖျားသာရှိ၍ အလွန်ကြောက်စရာကောင်း၏။ အချို့ခရီး
သည်တို့က ကားချင်းရှောင်လျှင် ကားကိုရပ်ခိုင်းပြီး အောက်ဆင်း
ပြီးမှ ပြန်တက်၍စီးကြသည်။ ဘေးကင်းသောကြိုတင်ကာကွယ်ခြင်း
သတိပင် ဖြစ်ပေသည်။

ကားလမ်းဘေးမှ ချောက်ကြီးများက သေးသေးမဟုတ်
အပေါ်မှစီးကြည့်ရလျှင် ထန်းပင်တစ်ဖျားမှ ကြည့်သည်နှယ်ဖြစ်၏
ဤလမ်းခရီးတွင် မောင်းနေကျယာဉ်မောင်းများသည် အတော်ကျွမ်း
ကျင်ကြသည်။ သို့သော် သတိကြီးစွာထား၍ မောင်းနှင်နေကြသည်



တွေ့ရ၏။ အံ့ဩဖွယ်ကောင်းသည်မှာ ချင်းတောင်တန်း တောင်တက်
တောင်ဆင်းခရီးကြမ်းတွင် ကားချင်းတိုက်မှု၊ လူသေစေမှု အလွန်
နည်းပါးလှသည် ဆိုခြင်းပင်ဖြစ်၏။

ချင်းပြည်နယ်တောင်တန်းဒေသ၏ ကားလမ်းများသည် တော
အထပ်ထပ် တောင်အလျှိုလျှိုကျော်လွှား၍လည်းကောင်း၊ တောင်ခါး
ပန်းများကို ဖြတ်သန်းရ၍လည်းကောင်း ခဲရာခဲဆစ်ဖောက်လုပ်ထားရ
ခြင်းဖြစ်ပေရာ သည်းထိတ်ရင်ဖိုသွားလာရသော နေရာများရှိနေမည်မှာ
သဘာဝပင်ဖြစ်ပေသည်။ သို့သော် တစ်ဖက်တစ်ချက်မှ လျှိုမြောင်
ဒိမ့်စမ်း မြိုင်စခန်းသာများနှင့် တောင်ပြာမှိုင်းတို့ကလည်းကောင်း၊
ငွားငွားစွင့်စွင့်ရောင်စုံဖူးပွင့်နေသော တောပန်း၊ တောင်ပန်းများနှင့်
ချင်းသစ္စာအလှပဂေး တောင်ဇလပ်နီသွေးအလှကလည်းကောင်း ခရီး
သွားများအဖို့ ရင်မောဖွယ်ရာ၊ ကြည်နူးနှစ်သိမ့်ဖြေသိမ့်စရာများအဖြစ်
စိတ်အာရုံဝယ် မွေ့လျော်ခံစားရလျက်ရှိပေသည်။

## လွှမ်ဗန်းရွာ

နံနက်ကိုးနာရီခွဲတွင် လွှမ်ဗန်းရွာသို့ရောက်ကြသည်။ ရွာလယ်
ကားလမ်းဘေးက မင်္ဂလာစားသောက်ဆိုင်တွင် ကားရပ်၍ယာဉ်မောင်း
ကခရီးသည်များ နံနက်စာအတွက် စီစဉ်ပေးလေသည်။ ယခုနေရာ
စားသောက်ဆိုင်မှမစားလျှင် ဖလမ်းမြို့ရောက်သည်အထိ လမ်းတွင်
ချည်သည့်စားသောက်ဆိုင်မျှ မရှိဟုဆိုသည်။ ဖလမ်းသို့ညနေမှရောက်
မည်ဟုပြော၍ မင်္ဂလာစားသောက်ဆိုင်တွင် နံနက်စာထမင်းစားလိုက်
ရသည်။ ဝက်သားနှင့် ကြက်သားဟင်းနှစ်မျိုးသာရှိ၏။ ဝက်သားဟင်း
နှင့်ထမင်းတစ်ပွဲ (၁၂) ကျပ်၊ ကြက်သားဟင်းက ပိုဈေးကြီးသည်ဟုဆို
သည်။ ဝက်သားဟင်းသည် သူ့ဆီနှင့်သူ ပြုတ်ချက်ချက်ထားသော

www.burmeseclassic.com

www.burmeseclassic.com



ဟင်းတစ်မည်သာဖြစ်သည်။ မုန်ညင်းရွက်ဟင်းချို တစ်ခွက်ပါသည် ဟင်းချိုဟုဆိုရသော်လည်း မုန်ညင်းပြုတ်ရေကို အသင့်ချပေးထား ဆားဖြင့်ခပ်သောက်ရသော မုန်ညင်းရွက်ပြုတ်ရေသာဖြစ်သည်။ နေရာမှာပင် ရိုးရိုးစမုန်စပါး၊ ဗမာဆေးကွမ်းတစ်ယာလျှင် ဖြ ငါးဆယ်နှင့် ဝယ်စားရသည်။

ဤနေရာသည် တောင်ပေါ်ဒေသ အမြင့်ပေ ၃၀၀၀ မျှ ရှိဦးမည်ထင်ပါသည်။ ပေ ၆၀၀၀ ကျော်သည့် ဟားခါးသို့ မရောက သေးပေ။ တောင်မြင့်ဒေသပေါ်ရောက်လေ စားသောက်စရိတ်ကြီးမြ လာမည်မှာ သဘာဝပင်ဖြစ်ပေသည်။

**မဏိပူရပေါ်က ဗားရ်စခန်းနှင့် ဗားရ်တံတား**

နေ့လယ် (၁၂း၃၀) ခန့်တွင် ဖလမ်းမြို့နယ် ဧရိယာအတွင်းသို့ ဝင်လာပေပြီ။ တဖြည်းဖြည်း ပို၍ပို၍မြင့်မားလာသော တောင်တွ ကြီးပေါ်မှ မြွေလိမ်မြွေကောက် ဇစ်ဇက်ကားလမ်းကွေ့ကောက်အတိုင်း အဆင်းလမ်းကို စတင်နေပေပြီ။ ယာဉ်မောင်းသည် အတော်သတိထား ၍ တစ်လိုမ့်ချင်းမောင်းနှင်နေသည်။ တောင်အောက်တွင် ရေတသွ သွင်စီးဆင်းနေသော မြစ်တစ်ခုပေါ်မှာ ဖြတ်ကျော်တည်ဆောက်ထား သည့် အလွန်လှပသော ကြိုးတံတားရှည်ကြီးကို မြင်တွေ့နေရ ထိုမြစ်သည် ဒေသအခေါ် နန်းကသဲချောင်း (ခေါ်) ဗားချောင်း Vaar(ခေါ်) မဏိပူရမြစ်ဖြစ်ပေသည်။ အပေါ်စီးမှနေ၍ မြင်သာမြင် ရသော်လည်း ၁၀ မိနစ်ခန့်မောင်းလိုက်မှ တံတားသို့ရောက်ပါ

တံတားအနီးတွင် ပြည်သူ့ရဲတပ်ဖွဲ့စခန်းတစ်ခုနှင့် ဈေးဆိုင် ငယ် (၂) ဆိုင်မျှ တွေ့ရ၏။ ဇလဗေဒစခန်းရုံးကလေးတစ်ရုံးလည်း



ရှိသည်။ ၎င်းနေရာကို ဗားရ်စခန်းဟုဆိုင်းဘုတ်ရေးသားထားသည်ကို တွေ့ရသည်။ စခန်းတွင် ယာဉ်မောင်းသူတို့ ခေတ္တနားကြသဖြင့် စိတ်ဝင်စားမိရာ ကြိုးတံတားကြီးနှင့် စခန်းကိုလေ့လာခဲ့ရသည်။ ဗားရ်တံတားကြီးသည် မဏိပူရမြစ်ပေါ်တွင် တည်ဆောက်ထားခြင်း ဖြစ်ပေသည်။ စတီးသံကြိုးဖြင့်တည်ဆောက်သော ဗေလီကြိုးဆွဲတံတား (Bailey Bridge) အမျိုးအစားဖြစ်ပြီး ပေပေါင်း ၃၄၀ ရှည်သည်။ ၁၉၆၀ ပြည့်နှစ်က စတင်တည်ဆောက်ပြီး ၁၉၆၂ ခုနှစ်တွင် ပြီးစီးခဲ့ သဖြင့် ၎င်းနှစ် ဖေဖော်ဝါရီ ၂၀ ရက် ချင်းပြည်နယ်နေ့၌ စတင် ဖွင့်လှစ်ခဲ့ကြောင်း မှတ်တမ်းလေ့လာရ၏။ တံတားကြီး၏ကုန်ကျစရိတ် သည် ငွေကျပ် (၂) သိန်း ဖြစ်ပေသည်။ ကြိုးတံတားပေါ်တွင် မော်တော်ယာဉ်ကြီးငယ်တို့သည် တစ်စီးကူးပြီးမှတစ်စီး စနစ်တကျ ဖြတ်ကြရသည်။

နိုင်ငံတော်အစိုးရ၏ဦးဆောင်မှုဖြင့် ၁၉၉၈ ခုနှစ်တွင် အဆင့် မြှင့်တင်ပြုပြင်တည်ဆောက်ပြီး ဖွင့်လှစ်ခဲ့ပြီးဖြစ်လေသည်။ တံတားကြီး နှင့်အတူ မဏိပူရမြစ်ရေကို အသုံးပြုထားသော ဆေစ်ဗားရ် ရေအား လျှပ်စစ်စက်ရုံကြီးများကိုလည်း တွေ့ရှိရသည်။

၁၉၈၈ ခုနှစ်ထိ ချင်းပြည်နယ်တွင် ပေ ၁၈၀ အထက် တံတားဟူ၍ တွန်းဇံမြို့နယ်တွင် ပေ ၂၇၀ ရှိ နတ်ဇံတံတားနှင့် မတူပီမြို့နယ်တွင် (၃၁.၁.၈၀) ရက်နေ့ဖွင့်လှစ်ခဲ့သော မတူပီမြို့မှ ၃ မိုင်ကွာ မင်းတပ်သွားလမ်းပေါ်ရှိ ပေ ၂၄၀ ရှည်သော လည်ပြို သံတံတား ၂ စင်းသာ ရှိခဲ့သည်။ တပ်မတော်အစိုးရလက်ထက်တွင် ၁၉၈၈ ခုနှစ်၌ ဖလမ်းမြို့နယ်တွင် ဟားခါး-ကလေးလမ်းပေါ်၌ မဏိပူရမြစ်ကိုဖြတ်လျှက် ပေပေါင်း ၃၄၀ ရှည် ဗားရ်တံတားကို

www.burmeseclassic.com

www.burmeseclassic.com



လည်းကောင်း၊ ၂၀၀၂ ခုနှစ်တွင် တီးတိန်မြို့နယ်တွင် (တီးတိန် ကပ်တဲလ်၊ ရိဒ်ရေကန်သွားလမ်းပေါ်၌) မဏိပူရမြစ်ကိုဖြတ်လျက် ပေ ၄၈၀ ရှိ ကပ်တဲလ်တံတားကိုလည်းကောင်း၊ ဆက်လက်၍ တီးတိန် ရိဒ်ရေကန်လမ်းအပိုင်းတွင် မဏိပူရမြစ်ကိုဖြတ်လျက် အရှည် ၄၆၀ ပေရှိ မံဆောင်းဘောလီကြိုးတံတားကြီးကိုလည်းကောင်း တည်ဆောက်ပေးခဲ့ရာ ယခင်ခေတ်များနှင့်မတူ။ ထူးခြားတိုးတက်မှု များသည် မျက်မြင်ထင်ရှားဖြစ်ခဲ့ပေသည်။

## ကီင်းပွေးတောင်ပေါ်က လက်ဝါးကပ်တိုင်ကြီး

နေ့လယ်ပိုင်းတွင် ဗားရ်စခန်းမှ ဆက်ထွက်ခဲ့ကြရာ ဖလမ်းမြို့ သို့ရောက်ရန် နီးလာပေပြီ။ ကားလမ်းဝဲယာပတ်ဝန်းကျင်တစ်ခွင် ဘယ်ဘက်ကိုပဲကြည့်ကြည့်၊ တောင်တံတိုင်းတို့က ပတ်လည်ဝိုင်းနေ သည်။ သည်နေရာတစ်ဝိုက်တွင် အမြင့်ဆုံးဟုထင်ရသော တောင်ထွတ် ကြီးတစ်ခုပေါ်၌ ထုံးဖြူဖြူဖွေးဖွေးနှင့် လက်ဝါးကပ်တိုင်ကြီးတစ်ခုကို မြင်တွေ့ရသည်။ ကားသည် ကွေ့ကာပတ်ကာ တစ်နာရီမျှမောင်းနေ သည့်တိုင် ဘယ်ဘက်ကကြည့်ကြည့် ပျောက်မသွားဘဲ မြင်နေရသော မှတ်တိုင်အမှတ်အသားကြီးဖြစ်နေသည်။

ထို့ကြောင့် ထင်ရှားနေသည့် ထိုလက်ဝါးကပ်တိုင်ကြီးနှင့် စပ်လျဉ်းပြီး စနည်းနာမိသည်။ ဗားရ်စခန်းမှထွက်လာခဲ့စဉ်က ကားပေါ် တွင်အတူပါလာသည့် မရွှေးလျှန်ဆိုသူ ဖလမ်း အမကမှ ကျောင်း ဆရာမ ချင်းအမျိုးသမီးတစ်ဦးကရှင်းပြသည်။ ''ဒီဗားရ်စခန်းရှိယာ နယ်မြေတစ်ဝိုက်မှာတော့ ဒီတောင်ဟာ အမြင့်ဆုံးပါပဲ၊ ကီင်းပွေးတောင် လို့ခေါ်ကြတယ်။ တောင်ထိပ်ပေါ်က လက်ဝါးကပ်တိုင်ကြီးဟာ



ကျောက်သားနဲ့မဟုတ်ပါဘူး၊ ကျွန်းသားထုကြီးတွေနဲ့ ပြုလုပ်စိုက်ထူ ထားတာပါ။ ကျွန်မတို့ ချင်းအမျိုးသားတွေအနေနဲ့ အထိမ်းအမှတ် ခံမှာယ်ကတော့ ဘုရားသခင်ရဲ့ကျေးဇူးတော်ကြောင့် ဒီဗားရ်တံတား ကြီးနဲ့ ရေအားလျှပ်စစ်စီမံကိန်းကြီးတွေ အောင်မြင်ဖြစ်ပေါ်လာတယ် ဆိုတဲ့သဘောနဲ့ အမှတ်တရစိုက်ထူထားခြင်းပါပဲ။ ဒီလက်ဝါးကပ်တိုင် ကြီး တောင်ထိပ်ပေါ်ရောက်ဖို့ လူအား၊ ငွေအားအတော်ကုန်ကျခံကြရ ပါတယ်။ စိုက်ထူပြီးတဲ့အထိ ကုန်ကျစရိတ်ငွေပေါင်း သိန်း ၄၀၀၀ လောက် ရှိတယ်လို့ သိရပါတယ်''။

ကျွန်တော်တို့ ဗုဒ္ဓဘာသာမြန်မာမှုတွင် တောင်ပေါ်တွင် စေတီ တည်ထားကိုးကွယ်ကြသကဲ့သို့ပင် ဖြစ်ပေမည်။

ညနေပိုင်းတွင် ဖလမ်းမြို့ထဲသို့ ရောက်ပါတော့သည်။ နောက် ဆပ် (၄၃) မိုင် သာဝေးတော့သည်။ ဟားခါးသို့တက်ရန် အချိန်မရှိ တော့ဟုဆိုကာ ဖလမ်းထမင်းဆိုင်တစ်ဆိုင်တွင် ခရီးသည်အားလုံး တစ်စခန်း ညအိပ်ရပ်နားကြရတော့သည်။ မြို့တော်ဟားခါးသို့ ကျွန်တော်စီးနင်းလိုက်ပါလာရသောကားကြီးသည် ဌာနဆိုင်ရာ သီးသန့် တာဝန်များဖြင့် လာရသောကားဖြစ်၍ ဟားခါးသို့ နောက်နေ့ ညနေပိုင်း ၃ နာရီလောက်မှသာ ဆက်တက်ရသည်။ ထိုနေ့က ခရစ္စမတ်အကြိုနေ့ ဒီဇင်ဘာ ၂၄ ရက်ဖြစ်သည်။ ည ၈ နာရီလောက်မှ ဟားခါးမြို့သို့ ရောက်ပါ၏။ တစ်ကြိမ်မျှမရောက်ဖူးသေးသော မြေပြန့် သားကျွန်တော့်အဖို့ ကားပေါ်ကဆင်းကတည်းကပင် အရာရာအသစ် အဆန်းများပင်ဖြစ်နေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



## ခရစ္စမတ်အကြိုည

တစ်မြို့လုံး မီးရောင်တထိန်ထိန်ညီးနေသည်။ ကားလမ်းတစ်လျှောက် လှူငယ်အုပ်စုများကို ဂီတာများဖြင့် အစုလိုက်အပြုံလိုက် စုပေါင်းသီချင်းဆို ကခုန်နေကြသည်ကို တွေ့ရ၏။ လမ်းပိတ်နေသဖြင့် သီချင်းတစ်ပုဒ်ဆုံးသည့်တိုင် ရပ်စောင့်၍နားထောင်နေမိသည်။ ပြီးမှ ကျွန်တော်တို့၏ ပြည်နယ်ရုံး ဝန်ထမ်းရိပ်သာရှိရာကို လူငယ်တစ်ဦးအား မေးမြန်းလိုက်ရသည်။ လူငယ်က ကလေးတစ်ဦးကို ချင်းစကားဖြင့် တာဝန်ပေးလိုက်သည်ထင်သည်။ ကလေးက ကျွန်တော်၏ အိပ်ရာလိပ်ကို သူ့ပခုံးပေါ်သို့ထမ်းယူပြီး ပြည်နယ်ရုံး တည်းခိုဆောင်အထိ လိုက်ပို့တော့သည်။ တည်းခိုဆောင်သည် ကားဆိပ်မှ ၂ ဖာလုံခန့် ဝေးမည်ထင်ပါသည်။ အတန်ငယ်မြင့်သော တောင်ကုန်းပေါ်တွင်ဖြစ်၍ တမောတက်ရသည်။ သို့ကြောင့် ကလေးကို ကျေးဇူးတင်ကြောင်းပြောပြီး မုန့်ဖိုးငါးကျပ်ထုတ်ပေးလိုက်ရာ ချင်းကလေးငယ်သည် ခေါင်းခါပြပြီး တောင်အောက်သို့ပြေးဆင်းသွားတော့သည်။

ဟားခါးမြို့ ဒီဇင်ဘာဆောင်းနံနက်ခင်းသည် ရှုရှုဒေသဆောင်းရာသီအလား ရုံးဘေးဝန်းကျင်တစ်ခွင် ဆီးနှင်းခဲများဖြင့် ဖြူဖွေးနေသည်။ ချင်းတောင်ဒေသသည် ဒီဇင်ဘာနှင့် ဇန်နဝါရီလတွင် အအေးဆုံးလများဖြစ်သည်။ နံနက်စောစောဆိုလျှင် အပြင်မထွက်နိုင်ကြ၊ အရိုးကွဲလုမတတ်ချမ်းလှသည်။ သို့သော် ဒေသခံတို့အဖို့ရိုးနေပြီထင်ပါသည်။ အနွေးထည်အထပ်ထပ်နှင့် ပါးစပ်ကအငွေ့တစ်ထောင်းထောင်းဖြင့် သွားမပြတ်လာမပြတ်ရှိကြ၏။ အပူပိုင်းမြေပြန့်သားများအဖို့ ယခုလို ဆောင်း၏အအေးဒဏ်မျိုးဆိုလျှင် အမြန်ဆုံးထွက်ပြေးချင်စိတ်ပေါက်သွားမည်သာဖြစ်သည်။



နံနက် ၉ နာရီထိပင် နေရောင်မမြင်ရသေး။ တစ်မြို့လုံးဆီးနှင်းမှိုင်းတောင်ခိုးငွေ့များက ပိန်းမှောင်နေအောင်ဖုံးအုပ်ထားသည်။ ၁၀ နာရီခန့်လောက်မှ နေရောင်ခြည်လာ၍ နှင်းမှုန်များတဖြည်းဖြည်းသွင့်ပျောက်စပြုသည်။ သို့တိုင်အောင် အအေးဓာတ်တစ်နေကုန်ရှိနေသည်။ မီးဖိုကတော့ ဖိုထားရမြဲဖြစ်၏။ စာရေးလိုလျှင်လည်း လက်ကိုအပူဓာတ်မီးကင်ပေးမှ ကောင်းစွာရေး၍ရသည်။ ထို့ကြောင့် ရုံးများတွင် အနွေးဓာတ်အတွက် မီးဖိုထားရန် မီးသွေးဝယ်ယူသုံးစွဲခွင့်ငွေကိုသီးသန့်ခေါင်းစဉ်တစ်ခုဖြင့် ခွင့်ပြုပေးထားခြင်းရှိပေသည်။

## ဟားခါးခရစ္စမတ်နေ့ (၁၉၈၆ ခု၊ ဒီဇင်ဘာ ၂၅ ရက်နေ့)

ဟားခါးခရစ္စမတ်ပွဲတော်နေ့က တောင်တွင်းကြီးမြို့ဇာတိသားဆောာအုပ်ကြီး ဦးဇော်ချိုလည်းရှိနေ၍ အဖော်ဖြစ်သွားသည်။ သူနှင့်အတူ ယောက်သား ဟားခါးခရစ္စမတ်ပွဲကို နှံ့နှံ့စပ်စပ်လည်ပတ်လေ့လာခွင့်ရခဲ့သည်။ ယခင်အခါများက ခရစ္စမတ်ပွဲတော်ကို မြို့နယ်မှစီစဉ်ကာကြီးကြပ်ကွပ်ကဲမှုဖြင့် တစ်မြို့နယ်လုံးအတိုင်းအတာနှင့် ကျင်းပခဲ့သည်ဟု သိရသည်။ မြို့နယ်လုံးကျွတ်ပွဲသည် လုပ်ရေးကိုင်ရေးငွေကြေးကအစ ကျယ်ပြန့်လွန်း၍ ယခုနှစ်တွင် ရပ်ကွက်အလိုက် အသင်းအဖွဲ့အလိုက် မိမိတို့အစီအစဉ်ဖြင့် ကျင်းပပြုလုပ်ကြသည်ဟုဆိုသည်။ ပွဲတော်နေ့က တစ်မြို့လုံး အိမ်တိုင်းလိုလိုပင် တံခါးပိတ်ထားကြပြီး ပွဲကျင်းပရာနေရာ ဘုရားရှိခိုးကျောင်းများ၊ လူကြီးတစ်ဦးဦး၏ အိမ်များတို့တွင် စုရုံးရောက်ရှိနေကြသည်။ အသံချဲ့စက်သံ၊ ကက်ဆက်သံ၊ ဂီတသံတို့ဖြင့် စည်ကားလှသည်။ ကလေးလူကြီးအားလုံး ပျော်ပွဲရွှင်ပွဲကစားခုန်စားပွဲများဖြင့် မြိုင်မြိုင်ဆိုင်ဆိုင်ရှိလှသည်။ ငါးစည်သွတ်၊ အာလူးကောက်၊ ဘော်လီဘော၊ သံပုံးရိုက်၊ ကြောင်နှင့် ကြွက်

www.burmeseclassic.com

www.burmeseclassic.com



စသည့်ကစားမျိုးစုံဖြင့် ပျော်စရာအလွန်ကောင်းလှသည်။ ပျော်ပွဲရွှင်ပွဲ ကစားပွဲအမျိုးမျိုးတို့သည် လူမျိုးတိုင်း ဘာသာတိုင်း ဓလေ့ဘာသာ အလိုက် ရှိကြပါသည်။ သို့သော် ဟားခါးဓလေ့တွင် ကြောင်နှင့် ကြွက်ကစားနည်းကားထူးခြား၍ စိတ်ဝင်စားစရာကောင်းပါသည်။ ပွဲအကျဆုံး အစည်ကားဆုံး ကစားပွဲလည်းဖြစ်သဖြင့် လေ့လာခဲ့သည်။

## ကြောင်နှင့် ကြွက်

မြန်မာဓလေ့ ဘုတ်တလုတ်ကစားနည်းကဲ့သို့ မျက်နှာပဝါ စည်း၍ အပြေး၊ အလိုက်ကစားခြင်းမျိုးနှင့်တူသည်။ သို့သော် ယောကျ်ားတစ်ဦး၊ မိန်းမတစ်ဦး ကစားကြသည်။ ယောကျ်ားလေး မျက်နှာပဝါစည်း၍ ကြောင်လုပ်လျှင် မိန်းကလေးက ကြွက်လုပ်ရ သည်။ ကြွက်လုပ်သူက သံပန်းကန်ပြားကို ကြက်ရိုးနှင့်ခေါက်ခါ အသံပေးပြီး တိမ်းရှောင်သည်ကို ကြောင်လုပ်သူက မိအောင်လိုက်ဖမ်း ရသည်။ ဝိုင်းဝန်းကြည့်ရှုအားပေးနေကြသော ပရိသတ်က ဘေးပတ် လည်၍ စည်းဝိုင်းကြီးကဲ့သို့ ဝိုင်းထားသည်။ လိုက်ဖမ်း၍မိပြီဆိုလျှင် မလွှတ်တမ်းဖက်ထားလိုက်တော့သည်။ ကြွက်ကအရှုံးပေးပါပြီဆိုမှ လွှတ်ပေးလိုက်ပြီး ထိုအတွဲ၏ ပွဲတစ်ပွဲပြီးဆုံးသွားလေရာ ပရိသတ် ကား လက်ခုပ်သြဘာများဖြင့် ပွဲကျသွားတော့သည်။

ညနေ ၅း၃၀ နာရီ အချိန်လောက်တွင် တောင်စွယ်နေကွယ် ပေပြီ။ သို့သော် ပြည်မြန်မာ၏ အနောက်မြောက်ဘက်စွန်းဒေသဖြစ်၍ တောင်ပြာတန်းကြီးနောက်ကွယ်မှာ နေမင်းကြီးသည် တိမ်ရောင် တောက်ဖြင့် ဝါရောင်လင်းလျက် မှောင်ရီယှက်ဖြင့် နှုတ်ဆက်နေသေး သည်။



ညနေပိုင်းမှစ၍ အအေးကပိုလာသည်။ အနွေးထည် အထပ် ထပ်ဝတ်ရပြန်သည်။ ရုံးပြန်ရောက်၍ စောင်ခြုံကွေးရုံရှိသေး။ ဦးဇော်ချို ရောက်လာပြန်သည်။ ယနေ့ည ဆုတောင်းပွဲကျင်းပမည့် ရပ်ကွက်လူကြီး တစ်ဦးအိမ်က ထမင်းစားဖိတ်ကြားထားသည်ဟု ဆိုပါသည်။ မမြင်ဖူး မမြင်စဖြစ်နေသေးသည့် မြေပြန့်သားကျွန်တော်က ဆုတောင်းပွဲဆို၍ လိုက်ချင်သည်။ အားတင်း၍ စောင်ကိုခွာလိုက်ပါတော့သည်။ အိမ်ရှင် အမည်ကိုတော့ မမှတ်မိခဲ့ပါ။ တစ်အိမ်လုံး ပြတင်းပေါက်ကအစ တံခါးအားလုံးပိတ်ထားသည်။ အိမ်ထဲတွင် လူအပြည့်ရောက်ရှိနေကြ သည်။ ကော်ဖီမှုန့်ကို ထန်းလျက်နှင့်ဖျော်၍ ကော်ဖီကြမ်းဖြင့် ဧည့်ခံ သည်။ ညနေစာ ထမင်းကျွေးသည်။

ညပိုင်းတွင်စုပေါင်း၍ ဓမ္မတေးသီချင်းသီဆိုကြသည်။ ဘာမျှ နားမလည်သူ ကျွန်တော်တို့နှစ်ဦးက စည်းချက်လိုက်ရင်း ငြိမ်၍သာ နားထောင်နေရတော့သည်။

Pastor ခေါ် သင်းအုပ်ဆရာက တစ်ပုဒ်ပြီးတစ်ပုဒ် ဦးဆောင် ဆိုသွားသည်ကို အားလုံးလိုက်ဆိုကြသည်။ ချင်းဘာသာဖြင့် ဓမ္မတေး သီချင်းစာအုပ်လည်း လူတိုင်းလိုလိုပင် ကိုင်ထားကြသည်။ သီချင်း အလိုက်ကို (ဗုံတုပ်) တီး၍ စည်းလိုက်သည်မှာ တစ်မျိုးနားထောင် ကောင်းလှသည်။ 'ဗုံတုပ်' ဆိုသည်မှာ မြန်မာလို ဘင်နှင့်တူသော ဗုံကြီးတစ်လုံးနှင့် ဗုံငယ်တစ်လုံးကို တီးခြင်းဖြစ်သည်။ ဗုံကြီးမှာ မျက်နှာဝအချင်း ၂ ပေခန့်ရှိပြီး ဗုံသေးမှာ မျက်နှာဝအချင်း ၁ ပေခန့်သာရှိသည်။ ထင်းရှူးသားဖြင့်ဗုံလုပ်ပြီး ဝက်ဝံသားရေဖြင့် ကျက်ထားသည်ဟုဆိုရသည်။ ဗုံအကြီးကို အရင်တစ်ချက်ခေါက်ပြီး နောက်တစ်ချက်က ဗုံသေးကို ခေါက်လိုက်သဖြင့် တစ်ချက်ချင်း

www.burmeseclassic.com

www.burmeseclassic.com



'ဗုံတုပ်၊ ဗုံတုပ်' ဟူ၍ စည်းချက်သံစဉ် ထွက်ပေါ်လာလေသည်။ သီချင်းသံနှင့် ဗုံတုပ်သံက လိုက်ဖက်လှသည်။ ထိုတစ်ညလုံး ဗုံတုပ်သံ၊ သီချင်းသံတို့ဖြင့် လွှမ်းနေတော့သည်။ ဗုံတုပ်သံကား ယနေ့တိုင် မမေ့နိုင်သေးပေ။

ဆုတောင်းပွဲတွင် မမွှေးသီချင်း သုံးပုဒ်၊ လေးပုဒ်မျှ အတော် ကြာဆိုပြီးကြလျှင် ဆုတောင်းကြသည်။ အားလုံးစုပေါင်း ဆုတောင်း ကြခြင်းဖြစ်သည်။ မမွှေးဆရာကဦးဆောင်၍ ချင်းဘာသာဖြင့် အစပြု လိုက်လျှင် ပရိသတ်များအားလုံးအချို့က ဒူးထောက်၍လည်းကောင်း မတ်တတ်ရပ်၍ လက်နှစ်ဖက်မြှောက်၍လည်းကောင်း၊ လက်တစ်ဖက် မြှောက်၍လည်းကောင်း လက်ချင်းယှက်၍လည်းကောင်း မျက်စိမှိတ် ထားပြီး ဆုတောင်းကြသည်။

အမျိုးမျိုးဆုတောင်းကြရာ၌-

- ဆေးရုံကလူများ လူနာများ၊ ကျန်းမာ၍ အသက်ဘေးမှ လွတ်မြောက်ကြပါစေ၊
- နိုင်ငံခေါင်းဆောင်ကြီးတွေ ကျန်းမာကြပါစေ၊
- ခရီးသွားသူများအတွက်လည်း ဘေးရန်ကင်း၍ ခရီးလမ်း ချောမောကြပါစေ

စသည်ဖြင့် ဆုတောင်းကြသည်ဟု ပြောပါသည်။ ပုဂ္ဂလိက မိမိကိုယ် အတွက် ဆုတောင်းခြင်းကား အလွန်နည်းသည်ဟု ပြောပါသည်။ ထို့ကြောင့် ကျွန်တော်တို့ မြန်မာမှုမှ မေတ္တာပို့ခြင်းနှင့် ဆင်တူလေသည်။

# နှင်းမှုန်ကြားက မြို့တော်ဟားခါး

ဒီဇင်ဘာဆောင်း၏ မြူနှင်းတို့အောက်ဝယ် မြို့တော်ဟားခါး၏ အအေးဓာတ်က လွန်ကဲလှသည်။ အရှေ့ဘက်ဆီမှ 'ရုန်း' တောင်မ ကြီးက ကာဆီးနေသည်မို့ ပြည်နယ်ရုံးရှိရာအရပ်သည် နံနက်ကိုးနာရီ ခန့်တွင်မှ နေရောင်ခြည်မြင်ရသည်။ နေရောင်ခြည်လာ၍ နှင်းငွေ့တန်း ကြီးလည်း တဖြည်းဖြည်းလွင့်ပျောက်စပြုနေပေသည်။ သို့ပါသော် လည်း အချိန်ကား ၃ နာရီ၊ ၄ နာရီကြာမျှသာ ပွင့်လင်းနေပါ၏။ ညနေ ၄ နာရီခန့်လောက်ဆိုလျှင် နှင်းမှုန်တို့က တိုက်လာပြန်သည်။ ရှေ့လှမ်းမျှော်ကြည့်လျှင် ၁၅ ကိုက်အကွာကိုပင် မမြင်ရတော့ပေ။ တစ်မြို့လုံး နှင်းမြူတို့က အုံ့ဆိုင်းရီမှိုင်းနေပြန်တော့သည်။ ထို့ကြောင့် နှင်းမှုန်ကြားက မြို့တော်ဟားခါးဟု အမည်တပ်ပေးလိုက်ခြင်းပါ။ မိမိဌာနဆိုင်ရာလုပ်ငန်းအခြေအနေအရ အကြောင်းအားလျော်စွာပင် ပြည်နယ်သစ်တောဦးစီးရုံးတွင် တစ်လခွဲမျှ တွဲဖက်တာဝန်ဖြင့်နေရ သဖြင့် မိမိရေးလက်စ ချင်းရိုးမအကြောင်းတွင် ဟားခါးအကြောင်း သိကောင်းစရာများကို လေ့လာခွင့်ရခဲ့သည်။

ဟားခါးမြို့နယ်နှင့်စပ်လျဉ်းသော သိသင့်သိထိုက်ရာ အကြောင်း အချက်များရရှိရေးအတွက် အကူအညီပေးကြသော ပြည်နယ်ပြည်သူ့ ကောင်စီရုံးအဖွဲ့မှူး (ငြိမ်း) ဦးပင့်ကိုနှင့် မြို့နယ်ပြည်သူ့ကောင်စီ

www.burmeseclassic.com

www.burmeseclassic.com



အတွင်းရေးမှူး (ငြိမ်း) ဦးတီလိန်နှင်းတို့အား အထူးပင်ကျေးဇူးတင်မိ[ကြောင်း] ကြောင်း မှတ်တမ်းတင်အပ်ပါသည်။

ထိုစဉ်က 'ချင်းတိုင်းရင်းသားမျိုးနွယ်စုအရေးကိစ္စများသည် များလည်းများ၊ ရှုပ်လည်းရှုပ်ထွေးသောကြောင့် ကျွန်တော်၏လေ့လာ ချက်များကို ဟားခါးမြို့နယ် တိုင်းရင်းသားသမိုင်းကြောင်း ယဉ်ကျေး စာစောင်နှင့် ညှိနှိုင်းပြီးရေးပါ' ဟု အကြံပြုခဲ့သော ဦးတီလိန်နှင်း၏ ဩဝါဒကိုလည်း ကျေးဇူးတင်ရှိပါသည်။

### ဟားခါးမြို့သမိုင်းအစ

မြန်မာနိုင်ငံကို နယ်ချဲ့အင်္ဂလိပ်တို့က ၁၈၈၅ ခုနှစ်တွင် သိမ်းပိုက်ခဲ့ပြီးသော်လည်း ချင်းတောင်ဒေသကို ၃ နှစ်ကျော် ၄ နှစ်တိုက်ယူပြီး ၁၈၉၀ ပြည့်နှစ်၊ ဇန်နဝါရီလ၊ ၁၉ ရက်နေ့တွင် နယ်ချဲ့အင်္ဂလိပ်စစ်တပ်တို့ ဟားခါးသို့ အခြေချရောက်ရှိပြီး နယ်ပိုင်ရုံး စိုက်ရာမြို့အဖြစ် သတ်မှတ်ခဲ့ပေသည်။ ဟားခါးမြို့၏ ပထမဦးဆုံး နယ်ပိုင်ဝန်ထောက်သည် မစ္စတာရို့စ်ဖြစ်ပေသည်။

မြို့တော်ဟားခါးသည် ချင်းပြည်နယ်အလယ်ဗဟိုကျကျ ပင်လယ်ရေပြင်အမြင့်ပေ (၆၁၂၀) ပေတွင် တည်ရှိသည်။ ရန်ကုန်မြို့မှ အနောက်ဘက်ကုန်းလမ်းခရီးဖြင့် မိုင်ပေါင်း (၈၄၁) မိုင်ခန့် ကွာဝေး ပါသည်။ မြောက်ဘက်တွင် ဖလမ်းမြို့နယ်၊ အရှေ့ဘက်တွင် ကလေး မြို့နယ်၊ အရှေ့တောင်ဘက်တွင် ဂန့်ဂေါမြို့နယ်၊ တောင်ဘက်တွင် မတူပီမြို့နယ်နှင့် အနောက်ဘက်တွင် ထန်တလန်မြို့နယ် ငါးမြို့နယ်နှင့် နယ်နိမိတ်ချင်း ထိစပ်ပိုင်းပတ်လျက်ရှိပေသည်။ မြို့နယ်၏အနေအထား သည် တောင်နှင့်မြောက် ၄၅ မိုင်ခန့်နှင့် အရှေ့နှင့်အနောက် ၃၇



မိုင်ခန့်ရှိရာ ဧရိယာစတုရန်းမိုင်အားဖြင့် (၁၆၀၈.၂) ကျယ်ဝန်းပေသည်။ အိမ်နီးချင်းမြို့နယ်များသို့ လမ်းပန်းဆက်သွယ်ရေးသည် ကလေးမြို့သို့ (၁၁၅) မိုင်၊ ဖလမ်းမြို့သို့ (၄၃) မိုင် ရာသီမရွေးသွားလာနိုင်သော ကားလမ်းဖြစ်သည်။ ဂန့်ဂေါမြို့သို့ (၇၀) မိုင် (၄) ဖာလုံ၊ မတူပီသို့ (၁၇၂) မိုင် (၇) ဖာလုံနှင့် ထန်တလန်မြို့သို့ (၂၀) မိုင်တို့သည် နွေရာသီကျောက်ခင်းလမ်းများဖြစ်သည်။ မော်တော်ယာဉ်များ မသွား လာနိုင်သည့် မိုးရာသီအခါများတွင် ခြေကျင်ခရီးဖြင့်သာ သွားလေ့ ရှိကြပေသည်။

### စကားချပ်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစိုးရ လက်ထက်တွင် ချင်းပြည်နယ်တစ်ဝန်းလုံး မြေလမ်းမှကျောက်ခင်း လမ်း၊ ကျောက်ခင်းလမ်းမှကတ္တရာလမ်း စသည်ဖြင့် တိုးချဲ့အဆင့်မြှင့် ဆောင်ရွက်လျက်ရှိသဖြင့် မိုးရာသီကာလများ၌ ကားများမသွားနိုင်ခြင်း၊ မြေပြိုလမ်းပိတ်ဆို့ခြင်း စသည့် ခရီးသွားလမ်းဒုက္ခများမှ ကင်းဝေးခဲ့ပေ သည်။ ပြည်နယ်၏ မြောက်ဘက်တံခါးဝဖြစ်သည့် ဟားခါး-ဖလမ်း (၁၁၅) မိုင်၊ ဟားခါး-ဂန့်ဂေါ (၇၀) မိုင် (၄) ဖာလုံ၊ ဟားခါး- မတူပီလမ်း (၁၇၂) မိုင် (၇) ဖာလုံ ပြည်နယ်၏ (အဓိကလမ်းမကြီး) တို့သည် အပိုင်းအလိုက် တိုးချဲ့ပြုပြင်ဆောင်ရွက်ထားရှိပြီးဖြစ်သည်။

မြို့နယ်၏ မြေမျက်နှာပြင်အနေအထားသည် မြင့်မားသော ဆောင်ထွတ်တောင်တန်းကြီးများထူထပ်ပြီး မြေပြန့်ဟူ၍ မတွေ့ရှိရပေ။ လေယာဉ်ကွင်းဖောက်လုပ်တည်ဆောက်နိုင်ရန် မြေပြန့်ဟူ၍မရှိသော တောင်လို့င်းများပင်ရှိပေသည်။ တောင်စွယ်၊ တောင်တန်းကြီးများ

www.burmeseclassic.com

www.burmeseclassic.com



အကြား နက်ရှိုင်းသောလျှိုမြောင်ကြီးများဖြင့်သာ အတိပြီးလျက်ရှိ၏။ တောင်စွယ်ကြီးများသည် အိန္ဒိယနိုင်ငံ၊ အာသံပြည်နယ်မြောက်ဘက်ရှိ ဟိမဝန္တာတောင်တန်းမှ အနောက်ဘက်သို့ ကွေ့ဝိုက်ဆင်းလာသော ပတ်ကွိုင်တောင်၊ နာဂတောင်တန်းများနှင့်တစ်ဆက်တည်း တောင်ကြောများပင်ဖြစ်သည်။ ချင်းပြည်နယ်၏ ထင်ရှားသော စိမ်းစိုလှပသည့် အမြင့်ပေ (၇၅၄၃) ပေရှိ 'ရုန်း' တောင်မကြီးသည် ဟားခါးမြို့၏ မြို့ကျက်သရေဆောင်အဖြစ် ထီးထီးမားမား မြင်တွေ့ရသည်။

ဟားခါးမြို့နယ်၏ ပြည်နယ်ကိုယ်စားပြု ရာသီဥတုသည် ပျမ်းမျှအမြင့်ဆုံးအပူချိန် (၇၀.၂) ဖာရင်ဟိုက်နှင့် အနိမ့်ဆုံး (၂၉.၆) ဖာရင်ဟိုက်ရှိပြီး တစ်နှစ်ပတ်လုံး မိုးရေချိန်လက်မ (၆.၄၇) ရှိ၏။ ဆောင်းရာသီအအေးဆုံးကာလဖြစ်သည့် ဒီဇင်ဘာ၊ ဇန်နဝါရီလများ၌ ကျလေ့ရှိသော ဆီးနှင်းများနှင့် တောတောင် တောင်ခြေရှိရေတို့ ခဲတတ်လေ့ရှိသည်။ ဟားခါးမြို့နယ်ရှိ လူဦးရေသည် နောက်ဆုံးကောက်ယူထားသော စာရင်းမှတ်တမ်းများအရ (၃၆၂၉၉) ရှိရာ မြို့ပေါ်နေဦးရေသည် (၁၂၆၇၃) ရှိပြီး ကျေးလက်ဒေသနေဦးရေသည် (၂၃၆၂၆) ရှိသည်။ မြို့ပေါ်ရပ်ကွက် (၆) ရပ်ကွက်နှင့် ကျေးရွာအုပ်စု (၃၀) သာ ရှိပေသည်။ ချင်းလူမျိုးစုနွယ်မျိုးစုံ အများဆုံးနေထိုင်ကြသည်။ လိုင် (Lai)၊ မီအဲ (Miei)၊ ထော်ရ် (Thawr)၊ ဆင်ထန် (Senthang)၊ ခွာလ်ဆင်းမ် (Khualsin)၊ ဇိုဖေ (Zoplie)၊ မိရမ် (Miram)၊ လောက်တူ (Lautu) စသည့်မျိုးနွယ်စုတို့နေထိုင်ကြသည်။ ၎င်းတို့ဘာသာစကားအရ မိမိကိုယ်ကို ချင်းဟုပြောဆိုလေ့မရှိကြဘဲ 'လိုင်မီး' ဟု သုံးစွဲခေါ်ဝေါ်ကြသည်။ ယုံကြည်ကိုးကွယ်ရာ ဘာသာအလိုက် ခရစ်ယာန်ဘာသာဝင်သည် တစ်မြို့နယ်လုံးလူဦးရေ၏ (၉၄.၉၁) ရာခိုင်နှုန်းရှိပြီး နတ်ကိုးကွယ်သူပေါင်းသည် (၃.၆၇) ရာခိုင်နှုန်းနှင့် ဗုဒ္ဓဘာသာဝင် (၁.၄၂) ရာခိုင်နှုန်းရှိကြောင်း ချင်းပြည်နယ်မှတ်တမ်းတွင် လေ့လာသိရှိရသည်။ ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးကျောင်းပေါင်း နှစ်ကျောင်းနှင့် သံဃာလေးပါးသာရှိသည်။ ကျောင်းထိုင်ဆရာတော်တို့သည် တောင်တန်းသာသနာပြုများဖြစ်ပြီး သာသနာ့ရက္ခိတရေးရာတို့ကို ဆောင်ရွက်တော်မူကြသည်။ ခရစ်ယာန်ဘာသာဝင်ဂိုဏ်းပေါင်းစုံတို့၏ ဘုရားရှိခိုးကျောင်းပေါင်းသည် မြို့ပေါ်တွင် (၁၀) ကျောင်းမျှနှင့် ကျေးရွာတိုင်း၌ လိုပင် တစ်ကျောင်းစီရှိကြသည်ဟုဆိုသည်။



ဒေသခံတို့၏ အဓိကအသက်မွေးဝမ်းကျောင်းသည် မိရိုးဖလာ တောင်ယာနှင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကိုသာ အများဆုံးလုပ်ကိုင်ကြသည်။ ဥယျာဉ်ခြံနှင့် တစ်နိုင်မွေးမြူရေးလည်း လုပ်ကိုင်ကြသည်။ ပုဂ္ဂလိကစီးပွားဖြစ် မွေးမြူရေးခြံကြီးများ နည်းပါးပေသည်။ အစိုးရလားမွေးမြူရေးခြံတစ်ခြံနှင့် ဇာထောင်ကျေးရွာ၌ မွေးမြူရေးကုန်ထုတ်သမဝါယမအသင်းတစ်သင်းကိုသာ စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းအဖြစ် တွေ့ရှိရပေသည်။

တစ်မြို့နယ်လုံး၌ စပါးစိုက်ဧကသည် တောင်ယာနှင့် လှေကားထစ်လယ်ယာအပါအဝင် (၄၄၇၅) ဧကသာရှိပြီး၊ မြို့နယ်စပါးစိုက်ပျိုးထုတ်လုပ်မှုမှတ်တမ်းအရ တစ်မြို့နယ်လုံးပျမ်းမျှ တစ်ဧကစပါးအထွက်နှုန်းသည် (၃၈.၀၁) တင်းသာရှိကြောင်း သိရသည်။ မြို့နယ်၏ ဒေသစပါးအထွက်နှင့် ဝမ်းစာဖူလုံမှုမရှိသေး၍ ပြည်မမှဆန်ကို အားထားနေရဆဲပင်ရှိသေးသည်။ သို့ကြောင့် ဌာနဆိုင်ရာတို့၏ ဦးဆောင်ကြိုးကြပ်မှုဖြင့် ဟားခါးမြို့နယ်တွင် (၁၉၉၂-၉၃) ခုနှစ်သို့ ရောက်သောအခါ လှေကားထစ်စိုက်ပျိုးမှုဖြင့် ဝမ်းစာဖူလုံစေရမည်ဟူ

www.burmeseclassic.com

www.burmeseclassic.com



သော ရည်မှန်းချက်ဖြင့် သမားရိုးကျရွှေ့ပြောင်းတောင်ယာစနစ်မှ အမြဲတမ်းစိုက်ကွက်ပျိုးကွက် လှေကားထစ်လယ်ယာစိုက်ပျိုးစနစ်သို့ အစားထိုးရေးစီမံချက်အရ လူထုလှုပ်ရှားမှုစွမ်းအားကိုရယူကာ ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိနေကြပေသည်။

မြို့နယ်တွင် အခြေခံပညာအဆင့်မြင့် အထက်တန်းကျောင်း (၂) ကျောင်း၊ အလယ်တန်းကျောင်း (၇) ကျောင်း၊ တွဲဖက်အလယ်တန်းကျောင်း (၆) ကျောင်းနှင့် မူလတန်းကျောင်းပေါင်း (၆၉) ကျောင်းရှိသည်။ စာမတတ်သူပပျောက်ရေး အ-သုံးလုံး လှုပ်ရှားမှုအကောင်အထည်ဖော်ရာတွင် မြို့နယ်အတွင်း စာမတတ်သူဦးရေ (၆၆၅၆) ဦး ရှိသည့်အနက် (၆၃၆၉) ဦး စာတတ်မြောက်မှု အောင်ပွဲခံယူပြီးဖြစ်ပေသည်။

ကျန်းမာရေးကဏ္ဍတွင် ခုတင် (၅၀) ဆံ့ မြို့နယ်ဆေးရုံတစ်ရုံနှင့်အတူ မိခင်နှင့် ကလေးစောင့်ရှောက်ရေးဌာန၊ ငှက်ဖျားရောဂါကာကွယ်တိုက်ဖျက်ရေးဌာန၊ အဆုတ်ရောဂါကာကွယ်တိုက်ဖျက်ရေးဌာနတို့ကိုလည်း တွဲဖက်ဖွင့်လှစ်ထားရှိသည်။ ကျေးလက်ကျန်းမာရေးဌာန (၄) ခုနှင့် ဌာနခွဲပေါင်း (၁၄) ခုကိုလည်း ဖွင့်လှစ်ပြီးဖြစ်သည်။ မြို့လယ်၌ ကျန်းမာရေးဝန်ကြီးဌာနက ဖွင့်လှစ်သော တိုင်းရင်းဆေးကုဌာနတစ်ခုကိုလည်း တွေ့ရှိရသည်။ ပြည်နယ်အဆင့် အစိုးရဌာနပေါင်း (၂၄) ဌာနနှင့် မြို့နယ်အဆင့် အစိုးရဌာနပေါင်း (၂၆) ဌာန တည်ရှိပေသည်။ သီးသန့်ဖွင့်လှစ်ထားရှိသော လူမှုဖွံ့ဖြိုးရေး ပရဟိတဂေဟာကိုလည်း ဝမ်းမြောက်ဖွယ်ရာတွေ့ရှိရသည်။

ဟားခါးမြို့နှင့် (၁၀) မိုင်အကွာ လောက်လုံးကျေးရွာတွင် သစ်လုပ်ငန်းကော်ပိုရေးရှင်းပိုင် 'လောက်လုံး ထင်းရှူးဆီစက်' တစ်စက် တည်ဆောက်လည်ပတ်လျက်ရှိရာ နှစ်စဉ်ပျမ်းမျှ ထင်းရှူးဆီကြမ်း ပိဿာ (၆) သောင်းကျော်၊ ဆီခဲပိဿာ (၄) သောင်းကျော်နှင့် တာပင်တိုင်ဆီ ဂါလန် (၃) သောင်းကျော်ကို ထုတ်လုပ်ပေးနိုင်လျက်ရှိသဖြင့် နိုင်ငံတော်စီးပွားရေးစီမံကိန်း၏ တစ်စိတ်တစ်ဒေသတွင် ဒေသထုတ်ကုန်စွမ်းအားဖြင့် ဖြည့်ဆည်းပေးနိုင်လျက်ရှိပေသည်။



မြို့ပေါ်တွင်ယခင်က အင်ဂျင်စက်မောင်း လျှပ်စစ်ဓာတ်အားဖြင့် သုံးစွဲလာခဲ့ရာမှ ယခုအခါတွင် ဒေါင်းဗားအသေးစား ရေအားလျှပ်စစ်စီမံကိန်းဖြင့် အသုံးပြုနိုင်ပြီဖြစ်ပေသည်။ ၁၉၈၈ ခုနှစ်နောက်ပိုင်းတွင် အဆင့်မြှင့်တင်ဆောင်ရွက်ပြီး လျှပ်စစ်မဂ္ဂါဝပ် (၀.၄၀၀) အထိ လျှပ်စစ်စွမ်းအားတိုးမြှင့် သုံးစွဲရလျက်ရှိနေပြီဖြစ်သည်။

ချင်းပြည်နယ်တစ်ခွင်သည် ၁၉၈၀ ပြည့်နှစ်ကပင် အေးချမ်းသော အဖြူရောင်နယ်မြေဖြစ်ခဲ့ပြီးသည့်အားလျော်စွာ မြို့တော်ဟားခါးဒေသ၏ တိုင်းရင်းသားအပေါင်းတို့သည် မိမိတို့အသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့်တကွ နှစ်စဉ်ခရစ္စမတ်ပွဲတော်၊ နှစ်သစ်ကူးပွဲတော်၊ တောင်ယာစပါးတင်းတစ်ရာပြည့် သီးနှံအောင်ပွဲများ (ကုမ်ထာရ်) နှင့် မျိုးနွယ်စုအလိုက် ရိုးရာဓလေ့ထုံးစံပွဲတော်များကို အေးချမ်းသာယာလွတ်လပ်စွာဖြင့် ရိုးရာမပျက် ကျင်းပနိုင်လျက်ရှိကြပေသည်။ အားလပ်ရက်များတွင် မြို့၏နောက်ခံတွင်ရှိသော အလှကျက်သရေဆောင် 'ရုန်း' တောင်မကြီးပေါ်သို့ အသင်းလိုက်အဖွဲ့လိုက် တပျော်တပါးစုဝေးတက်ရောက်ကြပြီး စားသောက်ပွဲ၊ ကခုန်ပွဲများဖြင့် အပန်းဖြေလေ့ရှိကြသည်မှာလည်း ဒေသခံတို့၏ ဖွဲ့မက်စရာ ဓလေ့တစ်ခုပင်ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဖော်ပြပါအကြောင်းအချက်များသည် လွန်ခဲ့သောအနှစ် (၂၀) ကအကြောင်း သမိုင်းဟောင်းများဖြစ်သည်။ ၂၀၀၆ ခုနှစ်၊ မျက်မှောက်ကာလ သမိုင်းသစ်တစ်ခေတ်သို့ ပြောင်းလဲခဲ့ပေသည်။ ပြည်နယ်ဒေသ၏ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ စီးပွားရေးနှင့် လမ်းပန်းဆက်သွယ်ရေးတို့သည် အံ့မခန်းပြောင်းလဲတိုးတက်နေပါပြီ။ ချင်းပြည်နယ်၏ အနှစ် (၂၀) ခရီး သမိုင်းသစ်ကာလနှင့် နှိုင်းယှဉ်လေ့လာကြည့်မြင်နိုင်စေရန် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုမှတ်တမ်း (၁၉၈၈-၁၂.၂.၂၀၀၅) ခကို နောက်ဆက်တွဲဖြင့် စုစည်းဖော်ပြအပ်ပါသည်။

မြို့နယ်အတွင်း ချင်းလူမျိုးနွယ်စုများအလိုက် ရိုးရာပွဲမျိုးစုံရှိသည့်အနက် 'လိုင်' မျိုးနွယ်တို့၏ ရာသီပွဲ ရိုးရာပွဲများတွင် ထာအိုပွဲ၊ လှူုလှာပွဲ၊ နှိယ်ပွဲ၊ ရောက်ဆောမ်သုခ်ပွဲ၊ လိုင်ရိုးရာနပန်းပွဲ စသည့် ထင်ရှားသောပွဲများကို တွေ့ရသည်။

'ထာအိုပွဲ' နှင့် 'လှူုလှာပွဲ' ကျင်းပခြင်းသည် ကျင်းပချိန်၌ သေသူတို့၏ဝိညာဉ်များ ရှင်ပြန်ထမြောက်လာသည်ဟု အယူအဆရှိကြသည်ဆို၏။ 'လှူုလှာပွဲ' ကို သီးနှံမစိုက်ပျိုးမီ ကျင်းပပြုလုပ်လေ့ရှိပြီး 'ထာအို' ပွဲကို တောင်ယာသီးနှံရိတ်သိမ်းပြီးစီးချိန်၌ ကျင်းပပြုလုပ်ကြပေသည်။ ၎င်းရိုးရာပွဲများကျင်းပရာ၌ သေဆုံးပြီးသူများအတွက် 'လမ်ဆဲရ်' ပွဲများ ကျင်းပပေးသည်။ ၎င်းကို မြန်မာလို 'ဝါးညှပ်အက' ဟုလည်း ခေါ်ကြသည်။ လူငယ်တို့၏ ရိုးရာနပန်းပွဲများလည်း ပါဝင်ပေသည်။ အပျို လူပျို ကာလသားသမီးတို့ကလည်း စုပေါင်းအကများဖြင့် ဖျော်ဖြေကြခြင်းများလည်းရှိသည်။ သက်ကြီးရွယ်အိုပိုင်းတို့က 'ထိတလောင်' အကဖြင့် ကပြကြသည်။ ကျင်းပရန်ကျေးရွာ ရွာလုံးကျွတ် ဆော်ဩကြပြီး ပွဲရက် (၃) ရက်တိုင် ကျင်းပကြသည်။



သေသူများအတွက် သတိတရအမှတ်ရသော အထိမ်းအမှတ်အဖြစ် ကျင်းပပြုလုပ်ကြခြင်းဖြစ်သည့်အပြင် ကျန်ရစ်သူမိသားစုဆွေမျိုးသားချင်းတို့၏ စိတ်နှလုံး နှစ်သက်ချမ်းမြေ့စေသည့်သဘောကို ရည်ရွယ်ကြခြင်းဖြစ်သည်ဟု သိရပေသည်။ ပရိသတ်များအတွက် ပျော်ပွဲရွှင်ပွဲလည်း ဖြစ်ပေသည်။

မြန်မာမှုလယ်ယာမလေ့တွင် စပါးသီးနှံဖြစ်ထွန်းအောင်မြင်၍ သာယာဝပြောစေမှုအတွက် ရှေးမြန်မာမင်းများ လက်ထက်ကပင် 'လယ်ထွန်မင်္ဂလာ' ယခုအခါ 'ထွန်ဦးချပွဲ' မင်္ဂလာအမှုကို ကျင်းပပြုလုပ်ကြခြင်းနှင့် စပါးရိတ်သိမ်းပြီးစီးချိန် နတ်တော်လ အခါသမယချိန်ခါတွင် မြန်မာအပါအဝင် တိုင်းရင်းသားအပေါင်းတို့တွင် ကောက်သစ်စားပွဲရှိကြ၏။ 'လနတ်တော် မုန့်ဆန်းလှော်' ဆိုစကားအတိုင်း ကျေးလက်တောရွာတို့တွင် မုန့်ဆန်းထောင်းကြသည်။ အုန်းနို့ဆမ်း၊ မုန့်ဆန်း၊ အုန်းသီးဖြူ၊ ကောက်ညှင်းမုန့်မျိုးစုံ စသည်တို့ကို တပျော်တပါးစုပေါင်းလုပ်ဆောင်ကြပြီး တစ်အိမ်နှင့် တစ်အိမ် ကမ်းလှမ်းပေးဝေကြသည်။ ဘုရားပွဲများ၊ ဘုန်းတော်ကြီးကျောင်းများတွင် အလှူဒါနပြုကြသည့် မြန်မာ့ရိုးရာဓလေ့၏ သဘောလက္ခဏာများကဲ့သို့ပင် ဖြစ်ပေသည်။

'ရောက်ဆမ်သုခ်ပွဲ' သည် တောင်ယာစပါးသီးနှံအထွက်ကောင်း၍ စပါးသီးနှံများစွာရရှိသည့်အခါ ဝမ်းသာပျော်ရွှင် အောင်မြင်ခြင်းအထိမ်းအမှတ်ပွဲအဖြစ် ကျင်းပကြခြင်းဖြစ်ပေသည်။

ထိုသို့သော ရိုးရာပွဲ၊ ရာသီပွဲနှင့်စပ်လျဉ်းသော ချင်းရိုးရာအကပွဲများကို အခြားအမည်အခေါ်အဝေါ်ဖြင့် ပြည်ထောင်စုပွဲ၊ တိုင်းရင်း

www.burmeseclassic.com

www.burmeseclassic.com



သားရိုးရာပဒေသကပွဲများတွင် ကြည့်ရှုခဲ့ရဖူးပါသည်။ ချင်းရိုးရာအကများကို (ဗိုကမ်လမ်) (ကျဲရော်) (ဒါ့ခ်လမ်) စသည့်ဖြင့် သိရှိခဲ့ရ၏။ ၎င်းရိုးရာအကများအနက် ကျဲရော်အကသည် ဝါးညှပ်အကပင်ဖြစ်သည်။ ဆပ်ဆန်တင်းတစ်ရာနှင့်အထက်ရရှိသူက သီးနှံအောင်ပွဲအထိမ်းအမှတ် ကျင်းပပေးရာတွင် မိန်းကလေးများကလုပ်အားပေးရင်း ဝါးညှပ်အကဖြင့် သရုပ်ဖော်ဆောင်ကပြခြင်းကို ကြည့်ရှုခဲ့ရဖူးသည်။ ထိုသို့တောင်ယာစပါး တင်းတစ်ရာပြည့်ပွဲကို ဟားခါးဒေသတွင် 'ကုမ်ထာရ်' ဟုခေါ်ကြသည်။ ဆပ်ဆန်တင်းတစ်ရာပြည့်အောင် စိုက်ပျိုးထုတ်လုပ်နိုင်သူတို့အား ဂုဏ်ပြုခြင်းအကမျိုးကို ချင်းပြည်နယ်နေရာအနှံ့တွင် တွေ့မြင်နိုင်ပေသည်။ စွမ်းဆောင်နိုင်သူဂုဏ်ထူးရှင်အားအလယ်တွင်ထား၍ ပရိသတ်က ဝိုင်းရံပတ်၍ကကြသည်။

ထိုသို့သော ဂုဏ်ပြုပွဲအကကို ဖလမ်းနယ်ဘက်တွင် 'ဖန်ဇာအိုက်အက' ဟုခေါ်ကြသည်။ တီးတိန်မြို့နယ်မှ ချင်းတိုင်းရင်းသားတို့ကမူ 'တောင်းအိုင်း' အကဟုခေါ်ကြသည်။ ဟားခါးချင်းတိုင်းရင်းသားတို့က 'ရောဆောင်သုခ်ပွဲ' ဟု အမည်ပေးထားသည်။

ထိုသို့သောကပွဲများသည် နယ်မြေဒေသအလိုက် အမည်မှည့်ခေါ်ပုံအမျိုးမျိုးကွဲပြားနေစေကာမူ ကပွဲ၏ရည်ရွယ်ချက် ကနည်းကဟန်နှင့် တီးမှုတ်ကြသောတူရိယာတို့မှာ တူညီကြပေသည်။ ထို့ပြင် ချင်းရိုးရာအကများတွင် တောင်ယာလုပ်ငန်း သရုပ်ဖော်အက၊ ရေကစားအက၊ သတိရပင်လုံအက၊ ဖောင်တော်ယာဉ်ထိန်းအက၊ ဒိုင်းလွှားအကနှင့် တိုင်းရင်းသားချစ်ကြည်ရေးအက စသည်တို့လည်းပါဝင်ပေသည်။ သတိရပင်လုံအကသည် အဓိပ္ပာယ်တစ်မူထူးခြား၍ နှစ်သက်စရာအကောင်းဆုံး ဖြစ်ပေသည်။



## 'ခွာဒိုပွဲ'

ခွာဒိုပွဲသည် အမည်နာမအားဖြင့်ထင်ပေါ်၍ လူသိများသောပွဲတစ်ပွဲဖြစ်သည်။ သို့သော် ခွာဒို၏အဓိပ္ပာယ်အကြောင်းအရာနှင့်အနှစ်သာရတို့ကို သိသူနည်းပါးပေသည်။ စိတ်ဝင်စားဖွယ် ပွဲတစ်ပွဲဖြစ်၍ လေ့လာမှတ်သားခဲ့ရသည်။

ခွာဒိုပွဲကို သီးနှံရိတ်သိမ်းပြီးစီးချိန် နှစ်ဟောင်းကုန် နှစ်သစ်ကူးတွင် ကျင်းပလေ့ရှိကြသည်။ နှစ်သစ်ကူးပွဲဟုလည်း မှတ်ယူခေါ်စမှတ်ပြုကြသည်။ နှစ်စဉ်ပွင့်လင်းရာသီ အောက်တိုဘာလတွင် ကျင်းပကြလေသည်။ ၎င်းပွဲကျင်းပချိန်ရက်ကို ချင်းပြည်နယ်အတွင်း မြို့နယ်အားလုံးတို့တွင် တရားဝင်ရုံးပိတ်ရက်အဖြစ် သုံးရက်သတ်မှတ်ခြင်းရှိသည်။ အဓိကအားဖြင့် မြန်မာလ သီတင်းကျွတ်လပြည့်နေ့ကို အလယ်ရက်နေ့ထားပြီး သုံးရက်ပိတ်ကြသည်ကိုသိရ၏။ ၁၉၈၇ ခု၊ အောက်တိုဘာလ ၇ ရက်သည် သီတင်းကျွတ်လပြည့်နေ့ဖြစ်သဖြင့် အောက်တိုဘာ ၆၊ ၇၊ ၈၊ ရက် သုံးရက်သည် ခွာဒိုပွဲနေ့ ရုံး ပိတ်ရက်အဖြစ် ချင်းပြည်နယ်ပြက္ခဒိန်တွင် ဖော်ပြပါရှိပေသည်။ ၎င်းပွဲကို အများအားဖြင့် ချင်းပြည်နယ်မြောက်ပိုင်း တီးတိန်မြို့တွင် အစည်ကားဆုံး ကျင်းပလေ့ရှိသည်။

ချင်းတိုင်းရင်းသားတို့၏ အယူအဆသည် 'ဤစကြဝဠာသည် ကောင်းကင်ဘုံ၊ လူ့ကမ္ဘာဘုံနှင့် မြေအောက်ဘုံ ဟူ၍ ဘုံသုံးထပ်ဖြင့် တည်ဆောက်ထားသည်ဟု မှတ်ယူခြင်းရှိသည်။ လူတို့နေထိုင်ရာအရပ် လူ့ကမ္ဘာဘုံကို 'ခွာ' ဟူ၍ ခေါ်ဆိုသည်။ ထိုလူ့ကမ္ဘာဘုံ 'ခွာ' ကို အုပ်စိုးသူ တန်ခိုးရှင်ကို 'ခွာရိန်' ဟူ၍ ခေါ်ဆိုကြသည်။ 'ဒို' ဟူသည်မှာ ဧည့်ခံခြင်းဟု အဓိပ္ပာယ်ရသဖြင့် 'ခွာဒို' ဆိုသည်မှာ

www.burmeseclassic.com

www.burmeseclassic.com



'ခွာ' တည်းဟူသော လွှကမ္ဘာဘုံလောက ရပ်ရွာကိုအုပ်စိုးစောင့်ရှောက်သူများအား ညှော့ခံဆက်ကပ်ပူဇော်ခြင်းဟု အဓိပ္ပာယ်ရသည်။

ထိုပွဲကျင်းပရာ၌ မိမိတို့ကြိုးပမ်းလုပ်ကိုင်ရရှိသော သီးနှံခဲဘွယ်များဖြင့် ရွာစောင့်ရှောက်သူများကို ဆက်ကပ်ပူဇော်ကြသည်။ ပူဇော်ပွဲတွင် သေလွန်ပြီးသော မိဘဘိုးဘွားများကို ရွာစောင့်ရှောက်သူများအဖြစ် ကိုယ်စားပြုစေပြီး ကျင်းပကြသည်။ သို့ကြောင့် ခွာဒိုပွဲနေ့တွင် သေလွန်ပြီးဆွေမျိုးတို့၏ ဦးခေါင်းခွံများကို အမြတ်တနိုးစုဝေးထားရှိပြီး ပူဇော်ဆက်ကပ်ခြင်း ပြုလေ့ရှိကြသည်။ ရွာစောင့်ရှောက်သူများ၏ ကိုယ်စားပြု သေလွန်ပြီးဘိုးဘွားများအတွက် မင်္ဂလာတော်တည်ခင်းပေးကာ မကောင်းဆိုးဝါးများကို ရွာမှနှင်ထုတ်ခြင်းဖြင့် နှစ်ဟောင်းကုန်၍ နှစ်သစ်ကူးကြလေသည်။

(မြို့နယ်၏ အခြေခံအချက်အလက်များကို သမိုင်းတန်ဖိုးအရ မူလအတိုင်း ဖော်ပြပါသည်။ မျက်မှောက်ကာလ ဖွံ့ဖြိုးတိုးတက်မှုများနှင့် နှိုင်းယှဉ်သိမြင်နိုင်ပါရန် တင်ပြအပ်ပါသည်။)

## ရိုးရာပွဲလမ်းသဘင်နှင့် ရိုးရာအကများနှင့်စပ်လျဉ်း၍

ရန်ကုန်မြို့ ချင်းသမိုင်းရှာဖွေပြုစုရေးကော်မတီက ဦးစီးထုတ်ဝေသော 'ချင်းလူမျိုးများ၏ သမိုင်းဖြစ်စဉ်နှင့် ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများအကျဉ်း (၂၀၀၁ ခုနှစ်)' စာအုပ်တွင် ရိုးရာဓလေ့ထုံးစံများကို ရှာဖွေဖော်ထုတ်ရေးသားပြုစုထားသည်ကို အောက်ပါအတိုင်း တွေ့ရှိလေ့လာရပါသဖြင့် မှတ်တမ်းတင်ဖော်ပြအပ်ပါသည်။

ဟားခါးနှင့် ထန်တလန်မြို့နယ်များတွင် ကျင်းပခဲ့ကြသည့် ရိုးရာပွဲလမ်းသဘင်များမှာ-



(၁) လောင့်ထလာခ်ပွဲ (Lawngthlak)

(၂) ခွန်ကျွဲပွဲ (Khuaugcawi)

(၃) ဘွေသေဘွေပွဲ (Bawitebawi)

(၄) ဓောင်နင်းပွဲ (PuanParkai)

(၅) ရန်သူ (လူ) အောင်ပွဲ (Milurel)

(၆) ကျားအောင်ပွဲ (Akeifim)

(၇) တိရစ္ဆာန်အောင်ပွဲ (Sasawmtuk)

(၈) သီးနှံအောင်ပွဲ (Rawlai)

(၉) ဝါးညှပ်ကပွဲ (Raukhartlak)

(၁၀) ငါးဖမ်းပွဲ (Hgahringdawi)

(၁၁) ကောက်သစ်စားပွဲ (Thaitharlawmh)

## လိုင်မီး (Laimi) ချင်းရိုးရာအကများ

(၁) လိုင်လမ်းခေါ်ဝိုင်းကြီးပတ်လည်အက (Lailam)

(၂) ဆာရ်လမ်းခေါ်အောင်ပွဲခံအက (Sarlam)

(၃) ကျောက်လိုင်ယွန်းခေါ် အသုဘအခမ်းအနားတွင် ကရသောအကဟူ၍ ဖော်ထုတ်ရေးသားထားခြင်းကို ဖတ်ရှုလေ့လာရပါသဖြင့် ဗဟုသုတအဖြစ် ဖော်ပြအပ်ပါသည်။

## ပြည်နယ်နောက်ခံသမိုင်းနှင့် ထူးခြားချက်များ

မြို့တော်ဟားခါးသို့ ရောက်ခိုက်ကာလ၌ ထိုစဉ်က ချင်းပြည်နယ်ရုံး၊ ရုံးအဖွဲ့မှူး ဦးပင့်ကိုထံမှ ပြည်နယ်နောက်ခံသမိုင်းနှင့်

www.burmeseclassic.com

www.burmeseclassic.com



သိကောင်းစရာအချက်အလက်များကို လေ့လာမှတ်သားခွင့်ရရှိခဲ့သည်။ ဦးပင့်ကို၏ နယ်ထွက်ခရီးစဉ်များတွင်လည်း အခွင့်အခါကြုံကြိုက်တိုင်း လိုက်ပါခွင့်ရခဲ့သည်။ ချင်းပြည်နယ်မှတ်တမ်း (GAZETTEER) စာအုပ်ကိုလည်း ဖတ်ရှုမှတ်သားခွင့်ရခဲ့ပေရာ ချင်းပြည်နယ်နောက်ခံသမိုင်းနှင့် ထင်ရှားထူးခြားချက်အချို့ကို မှတ်တမ်းတင်ခွင့်ရခဲ့ပေသည်။

## ချင်းပြည်နယ်၏နောက်ခံသမိုင်းကြောင်း

ပြည်ထောင်စုကြီးအတွင်း၌ ရှေးပဝေသဏီကပင် အေးအတူ ပူအမျှ ဥမကွဲသိုက်မပျက် နေထိုင်ခဲ့သော တိုင်းရင်းသားအပေါင်းတို့သည် ဆွေမျိုးပေါက်ဖော်များသာ ဖြစ်ကြပေသည်။

မူလဇာစ်မြစ်သည် သမိုင်းဦးကာလကတည်းက တိဗက်မွန်ဂို ကုန်းမြင့်မှတစ်ဆင့် မြန်မာနိုင်ငံအတွင်းသို့ ချင်းနင်းဝင်ရောက်လာခဲ့ကြသော တိဗက်မြန်မာနွယ်ဝင်များသာ ဖြစ်ပေသည်။ ချင်းတိုင်းရင်းသားတို့သည် ဆိုခဲ့သောအုပ်စုထဲမှ ချင်း၊ ကချင် အုပ်စုအနွယ်ဝင်များအဖြစ် နေထိုင်လာခဲ့ကြခြင်းဖြစ်သည်။

ပြည်နယ်အတွင်း၌ အမည်နာမအားဖြင့် ဇိုမီးချင်း (Zomi)၊ လိုင်မီးချင်း (Laimi)၊ မိန်ချင်း၊ အရှိုချင်း (A-Sho)၊ ချိုးချင်း (CHO)၊ ယောချင်း (Yaw)၊ ခမီးချင်း၊ ကုကီချင်း၊ တာဒိုချင်း စသည်ဖြင့် မျိုးနွယ်အစဉ်လိုက်သာမက တောင်ပိုင်းချင်း၊ မြောက်ပိုင်းချင်း၊ ဟားခါးချင်း၊ တီးတိန်ချင်းဟူ၍ နေရာဒေသအလိုက်စသည်ဖြင့် မည်သို့ပင် အမည်နာမအမျိုးမျိုး ခေါ်ဆိုနေကြစေကာမူ မျိုးနွယ်အားလုံး တို့သည် ပြည်ထောင်စုဖွား မြန်မာနိုင်ငံသား တိုင်းရင်းသား ချင်းလူမျိုးများသာဖြစ်ပေသည်။



မြန်မာနိုင်ငံ လွတ်လပ်ရေးမရမီက နယ်ချဲ့တို့သည် ချင်း တိုင်းရင်းသားတို့ကို တောင်းတန်းသားများဟူ၍ ခွဲခြားသတ်မှတ်ပြီး အုပ်ချုပ်ခဲ့ကြသည်။ ခေတ်သမိုင်းအဆက်ဆက် ချင်းလူမျိုးတို့စုပေါင်း၍ အခြေစိုက်နေထိုင်လာခဲ့ကြသော မြန်မာနိုင်ငံအနောက်တောင်ဘက် တောင်ကုန်းဒေသ ချင်းတောင်နယ်မြေသည် ၁၉၄၇ ခုနှစ်၊ မေလ ၁၉ ရက်နေ့တွင် (ဖဆပလ) ပြင်ဆင်မှုညီလာခံ၌ အမျိုးသား ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ ချင်းကိုယ်စားလှယ် ကြီးများ၏ ညှိနှိုင်းစီစဉ်မှုဖြင့် လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင် ဖွဲ့စည်း အုပ်ချုပ်ပုံအခြေခံဥဒေပုဒ်မ (၁၉၆) ၌ ပြဋ္ဌာန်းရည်ညွှန်းခဲ့သည့်အတိုင်း ၁၉၄၈ ခုနှစ် ချင်းဝိသေသတိုင်း အက်ဥပဒေအရ မူလက ချင်းတောင် ခရိုင်ဖြစ်သော တီးတိန်၊ ဖလမ်း၊ ဟားခါး၊ မြောက်ပိုင်းနှင့် တောင်ပိုင်း ဆပ်ဒီဗီဇံနယ်များကိုလည်းကောင်း၊ မူလက ပခုက္ကူတောင်တန်းနယ်မြေ ဖြစ်သော ကန်ပက်လက် ဆပ်ဒီဗီဇံနယ်ကိုလည်းကောင်း မူလက ရခိုင်တောင်တန်းနယ်မြေဖြစ်သော ပလက်ဝ ဆင်ဒီဗီဇံနယ်ကိုလည်း ကောင်း စုပေါင်း၍ 'ချင်းဝိသေသတိုင်း' ဟူ၍ စုရုံးဖွဲ့စည်း သတ်မှတ် ခဲ့ပေသည်။

ဤသို့ဖြင့် ၁၉၄၈ ခုနှစ်မှစ၍ ဆိုရှယ်လစ်ခေတ်ပြောင်း တော်လှန်ရေးကာလဟုဆိုခဲ့သော ၁၉၇၃ ခုနှစ်အထိ ချင်းဝိသေသ တိုင်းအဖြစ် ရပ်တည်ခဲ့သည်။ ထို့နောက် ၁၉၇၃ ခုနှစ်၊ ဒီဇင်ဘာလ တွင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပပြုလုပ်ပြီး အတည်ပြုပြဋ္ဌာန်းခဲ့ သော ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ အခန်း (၃)၊ ပုဒ်မ ၁၀ (ခ) အရ ချင်းဝိသေသတိုင်း အစား 'ချင်းပြည်နယ်' ဟူ၍ ပြောင်းလဲသတ်မှတ်ခေါ်ဝေါ်ခဲ့ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ပြည်နယ်၏မြို့တော် ဟားခါးနှင့် ဖလမ်း၊ တီးတိန်၊ တွန်းဇံ၊ ထန်တလန်၊ ပလက်ဝ၊ ကန်ပက်လက်၊ မင်းတပ်၊ မတူပီ စသည့် မြို့နယ်ဖြင့် ဖွဲ့စည်းတည်ရှိပေသည်။

## ထင်ရှားသောတောင်ကြီးများ

မြန်မာနိုင်ငံတွင် တတိယအမြင့်ဆုံးတောင်ဖြစ်သော ကန်ပက်လက်မြို့နယ်ရှိ ပေပေါင်း (၁၀၄၀၀) ရှိ ဝိတိုရိယတောင်ခေါ် နတ်မတောင်၊ ချင်းပြည်နယ်အတွင်း ဒုတိယအမြင့်ဆုံးဖြစ်သော မင်းတပ်မြို့နယ်ရှိ ပေပေါင်း (၉၂၂၉) ပေမြင့်သော မော်ဝီတောင်၊ တီးတိန်မြို့နယ်၌ရှိသော တစ်ချိန်က သမိုင်းဝင်နယ်ချဲ့တိုက်ပွဲများ ဆင်နွှဲခဲ့ရာဖြစ်သည့် ပေပေါင်း (၈၈၇၁) ရှိ 'တွမ်ဇွန်း' ခေါ် 'ကနေဒီ တောင်ထွတ်ကြီး' နှင့် ပလက်ဝမြို့နယ်ရှိ အမြင့်ပေ (၄၀၀၀) ကျော်ရှိသော တကောင်းဘုရင် အဘိရာဇာမင်းကြီး၏သားတော် ကံရာဇာကြီးမင်း (၂၄) နှစ်ကြာ ထီးနန်းစိုးစံခဲ့သည့် ခမီးဘာသာဖြင့် 'ကီမိုမွယ်' ခေါ် 'ကျောက်ပန်းတောင်းတောင်' တို့သည် ထင်ရှားကြပေသည်။

ချင်းတွင်းမြစ်နှင့် မဏိပူရမြစ်ကြား လေသာတောင်တန်း၏ မြောက်ဘက်ရှိ 'နော်ကိုဇွမ်းတောင်' သည် (၈၇၅၆) ပေ မြင့်၏။ အင်ဗွတ်ကလန်တောင်တန်းနှင့် ရောင်ကလန်တောင်တန်းများလည်း ထင်ရှားပေသည်။

## ထင်ရှားသောမြစ်ကြီးသုံးသွယ် မြစ်ငယ်သုံးတန်

ပြည်နယ်အတွင်း အကြီးဆုံးမြစ်ကြီးသည် မဏိပူရမြစ် (နန်းကသဲချောင်းကြီး) ဖြစ်ပြီး လုပ်တာတ်အိုင်တွင် မြစ်ဖျားခံ၍ ချင်းပြည်နယ်



အတွင်း လုံးဝစီးဆင်းပြီး ချင်းတွင်းမြစ်၏ လက်တက်တစ်ခုဖြစ်သော မြစ်သာမြစ်ထဲသို့ စီးဝင်သည်။ ဒေသအလိုက် မဏိပူရ၊ နန်းကသဲ၊ မေဇောရွှန်း၊ ဗားရ်စသည်ဖြင့် ငါးမည်ရမှည့်ခေါ်ထားသည်။ ဒုတိယမြစ်တစ်သွယ်မှာ မြန်မာပြည်ရှိမြစ်တို့၏ ရေစီးရိုးသဘာဝကိုဆန့်ကျင်လျက် တောင်မှမြောက်သို့စီးဆင်းလျက်ရှိသော မြစ်သာမြစ်ကြီးဖြစ်သည်။ တတိယမြစ်ကြီးသည် ပလက်ဝမြို့နယ် လမ်းပန်းဆက်သွယ်ရေး၊ စီးပွားရေးတို့အထောက်အကူပြုနေသော ကစ္ဆပနဒီခေါ် ကုလားတန်မြစ်ကြီးဖြစ်သည်။ ကစ္ဆပနဒီသည် ထူးခြားချက်များရှိပေသည်။ ဖလမ်းမြို့နယ်တွင်မြစ်ဖျားခံပြီး 'ဘွဲနူး' မြစ်အမည်ခံသည်။ မြစ်ကြီး၏ခါးတစ်ပိုင်းသည် အိန္ဒိယနိုင်ငံထဲသို့စီးဝင်သွားပြီး 'တီွပွီပါ' မြစ်ဟူ၍လည်း ခေါ်ဝေါ်ကြသည်။ ထိုမှတစ်ဆင့် မြစ်ကြီး၏အရင်းပိုင်းသည် ပလက်ဝမြို့နယ်ထဲသို့ဖြတ်သန်းပြီး ရခိုင်ပြည်နယ် ဘင်္ဂလားပင်လယ်အော်ထဲသို့ စီးဝင်လေသည်။ မြစ်အလျားအရှည်သည် (၃၈၀) မိုင်ရှိသည်။

ထိုမြစ်ကြီးတို့အပြင် တီးတိန်မြို့နယ်တွင်မြစ်ဖျားခံပြီး 'ဘွဲနူး' မြစ်မကြီးထဲသို့ စီးဝင်ပူးပေါင်းသော 'တီယိုး' မြစ်ငယ်သည်လည်းကောင်း၊ ဝိတိုရိယတောင်ကိုမြစ်ဖျားခံ၍ ဧရာဝတီသို့စီးဝင်သော မုန်းမြစ်ငယ်သည်လည်းကောင်း၊ ပလက်ဝမြို့မှ လေးမြို့မြစ်ငယ်သည်လည်းကောင်း၊ ချင်းပြည်နယ်၏ စီးပွားရေးဖွံ့ဖြိုးမှုအတွက် သွေးကြောသဖွယ်ဖြစ်လျက်ရှိကြပေသည်။

## ထူးခြားသောတောင်ပေါ်ရေကန်ကြီး

ဖလမ်းမြို့မှ မိုင် ၆၀ ကျော်ကွာဝေးသော 'ရီခေါဒါရ်' ကျေးရွာအနီးတွင် 'ရိဒ်ရေကန်' ဟူ၍ အမည်ထင်ရှားသည်။ သမိုင်းစဉ်လည်း

www.burmeseclassic.com

www.burmeseclassic.com



ထူးခြားမှုရှိခဲ့သည်။ ပြည်နယ်အတွင်း၌ အကြီးဆုံး ရေကန်ကြီးလည်း ဖြစ်သည်။ သဘာဝအလျောက် ရေကန်၏ပုံသဏ္ဌာန်သည် လူ့အသည်းနှလုံးပုံသဏ္ဌာန်ရှိပြီး အဝန်းပတ်လည် ၈ မိုင်ကျော် ကျယ်ဝန်းသည်။ အလွန်လှပခွတ်ပျံ့ကြည်နူးဖွယ်ကောင်းသော တောင်ပေါ်ရေကန်ကြီးတစ်ကန်ဖြစ်သည်။ ချင်းအမျိုးသားတို့က အမျိုးသားရေးဂုဏ်ယူမြတ်နိုးဖွယ်ရာအဖြစ် ထားရှိထိန်းသိမ်းစောင့်ရှောက်ကြသည်။ ရေကန်ကြီး၏ထူးခြားချက်သည် ယနေ့ထိတိုင် ကန်ထဲ၌ လူတစ်ဦးတစ်ယောက်မျှ သေဆုံးပျက်စီးခြင်း မရှိသေးပေ။ ရာသီအလိုက် ရေပြင်အရောင်ပြောင်းလဲတတ်ရာ ဆောင်းလရာသီအခါများ၌ ရေပြင်သည် သွေးနီရောင်ထနေတတ်သည်ကို တွေ့ရ၏။ တောရိုင်းတိရစ္ဆာန်တို့သည် ဒဏ်ရာအနာတရဖြစ်လာသည့်အခါ အသက်သေခါနီးတိရစ္ဆာန်တို့မှာ ရေကန်ထဲသို့ဆင်းသက် သေလေ့ရှိကြ၏။ ကိုလိုနီခေတ်အုပ်စိုးစဉ်ခေတ်ကာလ နယ်ချဲ့စစ်သားများသည် ရေကန်ကြီးတွင် မတော်မတရား စော်ကားခဲ့မိကြ၍ ထိုညချင်းပင် သေဆုံးခဲ့ကြသည်။ ရေကန်ကြီး၏ အတိတ်သမိုင်းကြောင်းများ ရှိနေသည်ကို လေ့လာသိရှိရသည်။ ဒေသခံတို့သည်လည်း ယနေ့တိုင် မမေ့မလျော့ပြောဆိုနေကြဆဲရှိသည်။ ထို့ကြောင့် ချင်းပြည်နယ်၏ ဂုဏ်ဒြပ်တစ်ခုအဖြစ် လေးစားစွာထိန်းသိမ်းထားသည်ဖြစ်၍ ဖလမ်းမြို့ နယ်သို့ရောက်လျှင် 'ရိ' ရေကန်သို့ အရောက်သွားပါဟု အကြံပြုလိုက်ပါသည်။

ꩫ ꩫ ꩫ ꩫ ꩫ

## မြို့တော်ဟားခါးမှ ခေါ်နူးစုမ်သို့

ဟားခါးမြို့ပေါ်၏ဓလေ့အတိုင်း တနင်္ဂနွေနေ့ဆိုလျှင် ဈေးဆိုင်သမျှ အားလုံးပိတ်လေ့ရှိ၏။ အိမ်ဆိုင်များလည်းပိတ်၏။ တနင်္ဂနွေ တိုင်းဆိုလျှင် ခရစ်ယာန်ဘာသာဝင်တို့ ဘုရားရှိခိုးကျောင်း တက်ကိုးကွယ်ဝတ်ပြုကြသောကြောင့် ဖြစ်သည်။ တနင်္ဂနွေနေ့သည် ခရစ်ယာန်ဘာသာဝင်တို့၏ ပုံမှန်ဘာသာရေးဆိုင်ရာရက်လည်းဖြစ်၏။ ယကစားသောက်ဆိုင်များလည်း ပိတ်ထားလေသည်။ သို့သော် ည်နယ်မှူးကြီး၏နေအိမ်တွင် ယနေ့ဆွမ်းကျွေးဒါနရှိ၍ ဖိတ်ကြားလာ ၍ င့် အတော်ဖြစ်သွားသည်။ ကျွန်တော်တို့ပြည်နယ်မှူးသည် 'လိုင်' အမျိုးသားဖြစ်သည်။ ပွင့်လင်းရိုးသား၍ ပျော်ပျော်နေတတ်သော ရှိကြီးတစ်ဦးဖြစ်ပါသည်။ ဇနီးဖြစ်သူက ဗုဒ္ဓဘာသာဝင် မြန်မာ ျိုးသမီးဖြစ်ရာ ဇနီး၏ကိုးကွယ်ရာဘာသာအလိုက် လိုက်လျော တွေ ကူညီဆောင်ရွက်ပေးခြင်းဖြစ်ပေသည်။

ထိုနေ့က ပြည်နယ်မှူးနေအိမ်တွင် ကူညီလုပ်ကိုင်ရင်း အချိန် လွန်ခဲ့သည်။ ညနေပြန်ခါနီးကျမှ ဆရာကြီးက ထူးထူးခြားခြား လာသတင်းဆိုလာသည်။

"ကဲ.. ဦးသောင်းညွန့်၊ ခင်ဗျားက ချင်းတောင်တန်းမှာ တာဝန် ာန်းကျခိုက် စာရေးချင်တယ်ဆိုလို့ သတင်းတစ်ခုပေးရဦးမယ်။"

www.burmeseclassic.com



'ဆိုပါဦးဆရာ၊ ဘယ်လိုသတင်းထူးများပါလိမ့်'

'ဒီလိုဗျာ ကန်ပက်လက်မြို့နယ်မှူးက လွှန်ခဲ့တဲ့လက အငြိမ်း ယူသွားပြီ၊ မြို့နယ်မှူးတစ်နေရာ လစ်လပ်နေတယ်။ ခင်ဗျား သွားချင် ဆန္ဒရှိရင်သွားမလား။ ရုံးချုပ်ကို ကျွန်တော် တင်ပေးမယ်'

ပြည်နယ်မှူးသည် စေတနာထက်သန်စွာ အားတက်သ ပြောနေခြင်း ဖြစ်ပေသည်။

'ကျွန်တော့်အတွက်ကတော့ ချင်းပြည်နယ်နေရာအနှံ့ရော လေ ပိုကောင်းလေပဲပေါ့ဆရာ။ ရေးကွက်တွေ အများကြီးရနိုင်တာ ကိုယ့်စရိတ်နှင့်ကိုယ်သာ သွားရလာရမယ်ဆိုရင် လွယ်တဲ့ကိစ္စ မဟုတ်ဘဲဆရာ။ တနင်္ဂနွေနေ့ အမိန့်စာသာထုတ်လိုက်ပါ။ ဒီက အပြန် ကန်ပက်လက်ဝင်ပြီး အလုပ်လက်ခံလိုက်ပါမယ်။'

'တယ်မြန်ပါလား၊ ကောင်းပါတယ်။ ခင်ဗျားနဲ့ဆိုရင် ကန်ပ လက်ဒေသက ပိုကိုက်ပါတယ်။ ရန်ကုန်နဲ့လည်း အနီးဆုံးဖြစ် ပြည်နယ်ထဲကမြို့တစ်မြို့ပါပဲ'

'ကျေးဇူးပဲဆရာ ကျွန်တော်တို့ ပြန်လိုက်ပါဦးမယ်'

ကျွန်တော် အလွန့်ဝမ်းသာမိ၍ ချက်ချင်းပင်လက်ခံလိုက်မိ သည်။ နယ်မြေဒေသအနှံ့ ခြေဆန့်နိုင်ပါမှ အတွေ့အကြုံရ ဗဟုသု မှတ်တမ်းမှတ်ရာများ ပို၍ပို၍ပြည့်စုံစွာရရှိမည် မဟုတ်ပါလား မြို့တော်ဟားခါးတွင် တစ်လခွဲမျှသာနေရပြီး ဌာနဆိုင်ရာပြဖွယ်ကိစ္စ ပြီးသည်နှင့် ကန်ပက်လက်မြို့နယ်သို့ ခရီးသစ်နှင်ခဲ့တော့သည်။

ချင်းပြည်နယ်အတွင်း ဟားခါးမြို့မှ ကန်ပက်လက်ခရီး သည် တိုင်းသုံးတိုင်းမျှ မဖြတ်ကျော်ရဘဲ မရောက်ရှိနိုင်ပေ။ ကလေး



 ကားဖြင့်ဆင်းပြီး လေယာဉ်ဖြင့် ရန်ကုန်မြို့သို့ပြန်လာရမည်။ ရန်ကုန် ခ မိုင်လေးရာကျော်ကားခရီးဖြင့် ချောက်မြို့သို့လည်းကောင်း၊ ချောက် တစ်ဖက်ကမ်း ဆိပ်ဖြူသို့ ကူးတို့ကူးပြီးနောက် ဆိပ်ဖြူမှ ၆၈ င်ဝေးသော ဆောမြို့သို့လည်းကောင်း၊ ကားစီး၍ ဆောမှတစ်ဆင့် တောင်တက် (ဖြတ်လမ်း) ခြေလျင်ခရီး ၉ မိုင် သို့မဟုတ် ကားကြုံ ကားလမ်း ၁၂ မိုင်) ဖြင့်သာ ရောက်ရှိနိုင်ပေသည်။ ထိုလမ်းခရီးကို လေးမြို့မှ ကလေးဝရေလမ်းဖြင့် မန္တလေးမြို့မှ ချောက်မြို့သို့ တစ်လမ်းလည်းရှိသည်။

ကျွန်တော်သည် ကလေးမြို့မှ ကလေးဝမုံရွာသို့ဆင်းပြီး မုံရွာမှ ခုက္ကူသို့ သဘော်တစ်တန် ကားတစ်တန်ဖြင့် လေးရက်ခရီးနှင့် ခုက္ကူသို့ ရောက်ခဲ့ပါ၏။ လမ်းအသွယ်သွယ် ယာဉ်အမျိုးမျိုးတို့ဖြင့် င်ပေါင်းငါးရာကျော်မျှရှိသည့် ပခုက္ကူထိ ချောမောစွာရောက်ရှိနိုင်ပြီ ဖြစ်သော်လည်း ပခုက္ကူမှ ၁၁၉ မိုင်ဝေးသော ကန်ပက်လက်သို့ ချင်းတောင်ခရီးထွက်တော့ ဆင်ပြောင်ကြီးအမြီးကြမှ တစ်နေရလေ တော့သည်။

ပခုက္ကူမှ ချင်းတောင်ဒေသ ကန်ပက်လက်၊ မင်းတပ်၊ မတူပီ များသို့ ပုံမှန်ပြေးဆွဲသော ခရီးသည်တင် မော်တော်ယာဉ်များမရှိ၍ ခက်တွေ့ရသည်။ ပခုက္ကူမြို့ပေါ်တွင် ချင်းတောင်သို့၊ ယောသို့ တက်မည့်ကုန်ကားများကို စုံစမ်းရ၏။ ဆန်ပို့ကား၊ ဈေးကုန်ကား သည်ရှိမရှိ၊ ရှိလျှင်မည်သူ့ကား မည်သည့်နေရာမှ မည်သည့်နေ့ တက်မည်၊ ဘယ်အချိန်ထွက်မည် စသည်ဖြင့် သေချာအောင်လိုက်လံ မြန်းစုံစမ်းရ၏။ ကျွန်တော်ကဲ့သို့ ချင်းတောင်တက်မည့်ခရီးသည် များလည်း မင်းတပ်မြို့နယ် သမဝါယမပိုင် ကြားစခန်းတည်းခိုဆောင် တွေ့ရ၏။ အချို့ခရီးသည်များမှာ ၄ ရက် ရက်မျှပင်

www.burmeseclassic.com

www.burmeseclassic.com



စောင့်နေရဆဲဖြစ်၏ဟု သိရ၏။ ပခုက္ကူ ချင်းတောင်ခရီးသည် နွေ ရာသီ လမ်းသာသည့်အချိန်များတွင်သာ ကားများရက်ခြားတက်တက် ဆင်းတတ်လေ့ရှိသည်။ မိုးရာသီလေးလအတွင်းဆိုလျှင် လုံးဝအသွား အလာရပ်ဆိုင်း ပြတ်တောက်လေ့ရှိသည်ဟုဆိုကြသည်။ ထိုအခါမျိုး ပခုက္ကူမှ ပေါက်မြို့ထိ ၄၇ မိုင်ကိုသာကားစီးပြီး ပေါက်မြို့မှ ချင်းရိုး မြို့များအရောက် မင်းတပ်၊ ကန်ပက်လက်သို့ မိုင် ၅၀ မျှနှင့် မတူ ထိမိုင် ၁၆၀ ခန့်ကို ခြေကျင်နှင့်ကြသည်ဟု သိရသည်။ ဤသည်မှာ ချင်းပြည်နယ်အတွင်း သွားလာရေး၊ လမ်းပန်းဆက်သွယ်မှုအခက်အခဲ တစ်စိတ်တစ်ဒေသပင်ရှိသေးပေသည်။

ကျွန်တော့်အဖို့ ကံကောင်းထောက်မစွာပင် ပခုက္ကူမြို့ပေါ်တွင် သုံးရက်ခန့်စောင့်လိုက်ရပြီး ဆော့မြို့သို့ ဆန်တင်ပို့မည့်ကုန်တင်ကားကြီး တစ်စီးကို ကြုံကြိုက်သဖြင့် လိုက်ပါခဲ့ရ၏။ ရက်များစွာ ကြိုတင် စောင့်ဆိုင်းလာခဲ့ကြသော ချင်းတောင်နှင့် ယောနယ်ခရီးသည်တို့သည် စုပြုံလိုက်ပါရတော့သည်။ သူ့ထက်ငါဦး အကျပ်အသိပ်လိုက်ပါကြ သည်။ သို့ကြောင့် ဤတောင်တက်ခရီးကြမ်းသည် ကားစီးရသည် ဒုက္ခသည် အန္တရာယ်မသေးလှပေ။ ထိုနေ့ည ၃ နာရီသာသာ ပခုက္ကူမှ စထွက်ဖြစ်ခဲ့ကြ၏။

ပခုက္ကူမှ ဆော့မြို့ ၁၀၄ မိုင် ခရီးသည် လမ်းပန်း၌ အဆင်ပြေ ချောမွေ့ပါလျှင် တစ်ညအိပ်နှင့်ရောက်နိုင်၏။ မိုးရာသီအခါများတွင် ကားဖွက်နစ်ခြင်း၊ လမ်းချော်ခြင်း၊ ချောင်းရေကျနေခြင်းများရှိလျှင် မြို့မနီး၊ ရွာမနီး လမ်းခုလတ်တွင် ညအိပ်ရပ်နားပြီးမှလည်း သွားရလေ့ရှိသည်။ သို့ကြောင့် ပွင့်လင်းရာသီ နွေဆောင်းအခါများ သာ ခရီးတွင်ကြလေသည်။



"ကဲ-ပေါက်မြို့တော့ရောက်ပြီ၊ ပုံတောင်ပုံညာကျော်ရဖို့ပဲ ကျန်တော့တယ်။ ကားကလည်းခပ်ချာချာနဲ့ ပုံတောင်ကိုကျော်နိုင် ပါ့မလား မသိပါဘူးဗျာ၊ ခရီးသည်နဲ့ ကုန်တွေကလည်းအပြည့်ပဲဗျို့"

ကားပေါ်တွင် အတူပါလာသောခရီးသည်တစ်ဦးက ညည်း ညူရင်းအော်ပြောသံကို ကြားလိုက်ရသည်။

"ပုံတောင်ပုံညာကို ကျော်ရမယ်ဆိုပါလား" သည်နာမည်ကို ကျွန်တော်တို့ မှတ်သားရဖူးသည်။ ရင်းရင်းနှီးနှီးသိထားသော နာမည် လည်းဖြစ်သည်။ သို့သော် ကိုယ်တိုင်ကိုယ်ကျ ယခုမှရောက်ရှိတော့ သည်။ ဖြတ်ကျော်ရတော့မည်။ သည်တောင်တန်းကြီးနှစ်သွယ်သည် အလွန်စိတ်ဝင်စားဖွယ်ရာကောင်းပါသည်။

## ပုံတောင်ပုံညာ

ပုံတောင်ပုံညာသည် တိုင်းရင်းသားတို့၏ နယ်ချဲ့တော်လှန်ရေး ဆင်နွှဲခဲ့စဉ်က သမိုင်းဝင်တိုက်ပွဲများ ဆင်နွှဲခဲ့ရာဒေသဖြစ်ခဲ့သည်။ နယ်ချဲ့အင်္ဂလိပ်ကို တော်လှန်ခြားနားခဲ့စဉ်က ယောနယ်မှ ထီးလင်း ဗိုလ်နေတင်၊ ပေါက်ဗိုလ်မှတ်ကြီး၊ ကြော့ဗိုလ်စကား၊ ဂန့်ဂေါဦးကြာ ဆင့်၊ ညောင်ရွာဗိုလ်အောင်သာ၊ ယောမြို့ဗိုလ်ထွန်းသာ၊ ဗိုလ်ကျူးတို့နှင့် လက်တွဲပူးပေါင်းကာ ချင်းဗိုလ်ကီးရောက်နိန်း၊ ဗိုလ်ထန်းပက်၊ ဗိုလ်ကီး အောင်သာတို့က အပြင်းအထန် သွေးမြေကျတွန်းလှန်တိုက်ခိုက်ခဲ့ကြ သော သမိုင်းဝင်တိုက်ပွဲများတွင် "ပုံတောင်ပုံညာတိုက်ပွဲ" သည် ထင်ရှားသောသမိုင်းဝင်တိုက်ပွဲတစ်ပွဲအဖြစ် ပါဝင်ခဲ့လေသည်။

ဤတောင်တန်းနှစ်သွယ်ကို လေ့လာသောအခါ ပုံတောင် ပုံညာဟု တွဲခေါ်ထားသော်လည်း ပုံတောင်ကတစ်တောင်၊ ပုံညာက တစ်တောင်ဖြစ်သည်။ မကွေးတိုင်း၊ ဆောမြို့အနီးမှ မြောက်ဘက်သို့

www.burmeseclassic.com

www.burmeseclassic.com



သွယ်တန်းသွားပြီး စစ်ကိုင်းတိုင်း ကလေးမြို့အနီးအထိ ရှည်လျားသွားပေသည်။ မြင့်မားလှသော ချင်းရိုးမတောင်တန်းကြီးအား အလှလိုက်ယှဉ်တွဲလျက်တည်ရှိနေသည်။ ပုံတောင်ပုံညာသည် တစ်တောင်နှင့် တစ်တောင် ပျမ်းမျှ ၈ မိုင်ခန့်ကွာခြားပြီး မျဉ်းပြိုင်တန်းကြီးသဖွယ် တောင်မြောက်သွယ်တန်းလျက်ရှိ၏။

အရှေ့ဘက်မှတောင်ကို ''ပုံတောင်'' ဟုခေါ်ပြီး အနောက်ဘက်မှတောင်ကို ''ပုံညာ'' ဟုခေါ်ကြသည်။ တောင်တန်းနှစ်သွယ်၏ အနိမ့်ဆုံးနေရာသည် အမြင့်ပေ (၁၅၀၀) ခန့်နှင့် အမြင့်ဆုံးနေရာသည် ပေ (၃၀၀၀) ကျော် မြင့်မားပေသည်။ ထိုတောင်တန်းနှစ်သွယ်ကို လေယာဉ်ပေါ်မှကြည့်လျှင် ချင်းရိုးမကြီး၏အခြေတွင် မီးရထားကြီးနှစ်စင်းယှဉ်၍ ရပ်ထားသည့်အလား လှပစွာမြင်တွေ့ရသည်။

''ကဲ… ခရီးသည်တွေ အောက်ဆင်းပေးကြပါဦး''

ယာဉ်မောင်းသူတို့က ကားကိုခေတ္တရပ်လိုက်ပြီး ခရီးသည်များကို ဆင်းခိုင်းနေသည်။ ကျွန်တော်လည်း မဆိုင်းမတွဆင်းလိုက်သည်။

''ပုံတောင်အတက်က ဒီနေရာဟာအမြင့်ဆုံးပဲ၊ လမ်းလဲအဆိုးဆုံးပဲ'' ခရီးသည်တစ်ဦးပြောနေသည်ကို စိတ်ဝင်စားမိ၍ မေးကြည့်လိုက်သည်။

''ဒီနေရာမှာ ခါတိုင်းဒီလိုပဲဆင်းပြီး ခြေကျင်တက်ကြရတာလား၊ ကားမတတ်နိုင်လို့လားဗျာ'' ကျွန်တော် စူးစမ်းမိလိုက်သည်။

''တက်တော့တက်နိုင်ပါတယ်။ ဒါပေမဲ့ လမ်းကမော့တက်ကြီးလည်းဖြစ်၊ အကွေ့အကောက်ကလည်းများနေတော့ ကားသမားတွေက စိတ်မချလို့ဆင်းနိုင်ကြတာပါပဲ။ အဲ-အဲဒီနေရာအကွေ့ပဲဗျ



ရင်တုန်းက အဆင်းကားတစ်စီး စက်ချို့ယွင်းပြီး ချောက်ထဲကျသွားတာ လူတွေအများကြီးသေလို့ နာမည်ကြီးသွားတာပေါ့ဗျာ။''

ခရီးသည်တစ်ဦးပြောပြ၍ သတိထားကြည့်မိရာ တောင်တက်တွင် ကားလမ်းက ဇစ်ဇက်ခေါက်ကွေ့ကြီး ဖြစ်နေသည်။ မတော်တဆချောက်ထဲသို့ ဘေးထိုးကျလျှင် လေယာဉ်ပျက်ကျသည့်အလား သေသွားရမည်မှာ သေချာပေသည်။

တောင်ထိပ်သို့ ၁၅ မိနစ်မျှ တက်လိုက်ရသဖြင့် အတော်ပင်မောသွားကြသည်။ အချို့ရောက်မလာကြသေး၍ စောင့်နေရသေးသည်။

''ဒါနယ်ခြားမှတ်တိုင်လေ၊ ပေါက်မြို့နယ်၊ ဆောမြို့နယ်ခွဲသွားတဲ့နေရာပေါ့''

''အော် ဟုတ်သားပဲ၊ မြေပုံတိုင်စိုက်ထူထားတာပဲ၊ နတ်စင်တွေ ဘာတွေလည်း အကျအနဆောက်ထားတာပါပဲလား''

ပုံတောင်ထိပ်သို့ရောက်ပေပြီ။ ခရီးသည်ပြောပြသည်ကို ကျွန်တော်အဆောင်ရင်း မကြာမီပင် ကားပေါ်လူစုံကြ၍ ဆောသို့ခရီးဆက်ခဲ့ကြသည်။ ပုံညာကိုဖြတ်ကျော်ရာတွင်တော့ ပုံတောင်လောက် မမြင့်သော် ဆင်ခြေလျှောပြေသော လမ်းများသာဖြစ်၍ ဖြောင့်ဖြူးခဲ့သည်။

ကျွန်တော်တို့စီးလာသောကားသည် ပုံညာကိုကျော်ပြီး ချောက်ထုသို့ရောက်ခါနီး (၁၂) မိုင်အလို တပြင်းရွာတွင် အချိန်ကုန်၍ ညအိပ်ခဲ့ကြသည်။ နောက်နေ့ ည ၆ နာရီမှ ဆောမြို့သို့ချောမောစွာ ရောက်ခဲ့ရလေသည်။ ထိုနေ့ညက ဆောမြို့မှ ထမင်းဆိုင်များတွင် ချင်းတောင်ခရီးသည်အားလုံး ညအိပ်တည်းခိုခဲ့ကြသည်၊ ဆောမြို့နယ်

www.burmeseclassic.com

www.burmeseclassic.com



ယောဒေသတစ်ခွင်ရှိ ထမင်းဆိုင်များသည် ညအိပ်ခရီးသည်များ တည်းခိုနိုင်ရန်အတွက် အိပ်ဆောင်များ သီးသန့်ထားရှိကြသည်။ မိမိတို့၏အိပ်ရာလိပ်ဖြင့် အခမဲ့တည်းခိုနိုင်ကြလေသည်။ ယောဒေသ ထမင်းဆိုင်များတွင် စားသောက်ဖွယ်ရာ ထမင်း၊ ဟင်းလျာများ ရောင်းချပုံမှာ အခြားဒေသများနှင့်လုံးဝမတူ တစ်မူထူးခြားသည်ကို တွေ့ရသည်။ ခရီးသွားဧည့်သည်များ ညဥ့်အချိန်မတော်ရောက်လာကြလျှင်လည်း လူငါးယောက်မျှစားလျှင်ရရာ၊ ရှိရာ ဟင်းလျာရှာဖွေ၍ ထမင်းချက်ကျွေးလေ့ရှိသည်။ ထမင်းအဝစား တစ်ပွဲလျှင် (၇ကျပ်) နှင့် ထမင်းသုပ် တစ်ပွဲ (၅ကျပ်) သာရှိသည်။

ထမင်းအဝစားဆိုသည်မှာ တကယ့်ကိုအဝစားဖြစ်ပါသည်။ မိသားစုထမင်းဝိုင်းမှာကဲ့သို့ ခရီးသည်များကို ဝိုင်းထိုင်စေပြီး ဟင်းပန်းကန်ကို အလယ်မှာထားကာ မဝမချင်းဟင်းများကို ထပ်ကာထပ်ကာထည့်ပေး၏။ ကြိုက်သလောက် စားနိုင်သလောက် ထမင်းဟင်းမည်မျှထပ်ယူစားရသော်လည်း (၇ကျပ်) ပင်ဖြစ်ပါသည်။ နောက်ထပ် ထပ်လိုက်ထည့်ပေးရသော ဟင်းဖိုးအတွက်မပေးရချေ။

ထမင်းသုပ်ဆိုသည်မှာ ကျွန်တော်တို့သိထားသည့် ပုစွန်ခြောက်၊ ပဲမှုန့်၊ ကြက်သွန်ကြော်၊ အဆာပလာမျိုးစုံဖြင့် သုပ်ခြင်းမျိုးမဟုတ်ပေ။ တစ်ပန်းကန်ထဲတွင် ကြိုက်ရာဟင်းတစ်မျိုးဖြင့် ထမင်းဟင်းပုံပေးလိုက်သော တစ်ခါပြင် (၅ကျပ်) တန်ပင်ဖြစ်ပေသည်။ သို့ကြောင့် ခပ်မြန်မြန် ခပ်သုတ်သုတ်ထည့်ပေးရသော ထမင်းသုပ်ဟု ကျွန်တော်အမည်တပ်ပေးလိုက်ပါသေးသည်။

ယောသူယောသားတို့သည် စကားပြောသံဝဲ၏။ ချိုသာ၏။ ယဉ်ကျေးသိမ်မွေ့၏။ ဧည့်သည်မျက်နှာစိမ်းများအပေါ်ပင် လူမှု



ဆက်ဆံရေး ဧည့်ဝတ္တရားကျေပွန်ကြ၏။ သို့ကြောင့်လည်း ‘မနောပြေတဲ့ယောမြေ’ ဟူ၍ ဂုဏ်ယူတင်စားပြောဆိုလေ့ရှိကြသည်။ ယောနယ်ရှင်းနောက်ခံပန်းချီကားဖြင့် ‘မနောပြေတဲ့ယောမြေ’ ဟူသော ဆိုင်းဘုတ်ကိုလည်း တွေ့ရ၏။

နံနက်မိုးမလင်းမီ လေးနာရီကျော်ကျော်တွင် ထမင်းဆိုင်ရှင်တို့အိပ်ရာမှထကြသည်။ အောက်လင်းဓာတ်မီးထွန်း၍ ဈေးဆွဲခြင်းကိုယူကာ ဈေးဝယ်သွားရန် ပြင်ဆင်ကြသည်ကိုတွေ့ရ၍ အံ့ဩနေမိသည်။ ကျွန်တော်လည်း ဆက်အိပ်မရတော့သဖြင့် အိပ်ရာလိပ်သိမ်း မျက်နှာသစ်ပြီး ဆိုင်ရှင်များနှင့်အတူ ဈေးသို့လိုက်ပါလာခဲ့သည်။

BURMESE CLASSIC .com

ဆောချောင်းမကြီးဘေးကမ်းနဖူးတွင် ဈေးတန်းကလေးကိုနောင်ရီဝိုးတဝါးမြင်တွေ့ရ၏။ အသားဆိုင်နှင့် ဟင်းသီးဟင်းရွက်ဆိုင်သာတွေ့ရ၏။ ဈေးဆိုင်မှာ အများဆုံးရှိလှ (၁၅) ဆိုင်လောက်သာရှိသည်။ မိုးမလင်းသေး၍ မီးတိုင်ခွက်ထွန်းပြီး ရောင်းကြ၊ ဝယ်ကြသည်။ ဝေလီဝေလင်း အလင်းရောင်လာချိန်တွင် တဖြည်းဖြည်းဈေးကွဲပြလာလေသည်။ မိုးစင်စင်လင်းသည့်အချိန်တွင်တော့ လုံးဝဈေးကွဲသွားတော့သည်။ ဘာဈေးဆိုင်မျှမရှိတော့ပေ။ သို့ကြောင့် စည်ပင်သာယာဈေးဟု ခေါ်မည့်အစား စည်ပင်သာယာအရုဏ်တက်ဈေးဟုအမည်ပေးရလျှင် ပိုမှန်မည်ထင်ပါသည်။ သည်ဒေသ၏ဈေးဓလေ့ကပင် မိုးမလင်းခင်သာ ရောင်းကြ၊ ဝယ်ကြပြီး မိုးလင်းမှဝယ်လျှင်ဘာမျှရမည်မဟုတ်ဟု ဆိုကြသည်။

ဆောမြို့နှင့် ကန်ပက်လက်မြို့သည် တောင်ပေါ်တောင်အောက်ဖြစ်ပြီး ခြေကျင်တောင်တက်ခရီး (ဖြတ်လမ်း) ခရီး (၉) မိုင်ဝေးပြီးဆောက်တက်ကားလမ်းခရီး (၁၂) မိုင်ဝေးသည်။ သည်နယ်မြေတွင်

www.burmeseclassic.com

www.burmeseclassic.com



ကားစီးရန်စောင့်နေ၍မဖြစ်။ ခရီးသည်တင်ပြေးဆွဲသော လိုင်းကားဟူ၍ မရှိ။ ဆန်ပို့၊ ကုန်ပို့ ဆောက်လုပ်ရေးဌာန လမ်းကားကြီးတွေကြုံပါက လိုက်ပါစီးနင်းကြရလေ့ရှိသည်။ မည်သည့်အချိန်ကြုံမည်ကိုလည်း မခန့်မှန်းနိုင်။ သို့ကြောင့် ဖြတ်လမ်းတောင်တက်ခရီး ခြေကျင်ဖြင့်သာ နှင်ရတော့သည်။ ထိုနေ့က မနက် (၇း၀၀) နာရီမှ ထွက်ရသဖြင့် ကန်ပက်လက်မြို့သို့ နေ့လယ် (၁၂း၀၀) နာရီမှ ရောက်တော့သည်။

ကျွန်တော်သည် မြန်မာပြည်တွင် တတိယအမြင့်ဆုံးဖြစ်သော နတ်မတောင်ရှိရာ (သို့မဟုတ်) ချင်းတို့အခေါ် ခေါ်နူးစုမ်နယ်မြေ ကန်ပက်လက်မြို့နယ်သို့ ရောက်ရှိအလုပ်လက်ခံပြီး ကျရာတာဝန်များကို ထမ်းဆောင်ရင်း မိမိရေးလက်စ ချင်းရိုးမ၏ဘာဝသရုပ်များကို ဆက်လက်အကောင်အထည်ဖော် မှတ်တမ်းတင်ခဲ့ရလေသည်။ ထို့ပြင် က မြို့နယ်သမိုင်းကြောင်းမှတ်တမ်းနှင့်တကွ လိုအပ်သောအချက် အလက်များရရှိရေးအတွက် အဘက်ဘက်မှ ကူညီဆောင်ရွက်ပေး ခဲ့သည့်ပြင် စာမူကိုလည်း ကူညီဖတ်ရှုလမ်းညွှန်မှုများပြုပေးခဲ့သော ထိုစဉ်က မြို့နယ်ပါတီယူနစ်ဥက္ကဋ္ဌ ဦးလှဖေနှင့်တကွ မြို့နယ်လမ်းစဉ် လူငယ်အတွင်းရေးမှူး ဦးလှမောင်၊ ပါတီယူနစ်ရုံးစာရေးကြီး ဦးကျော် မောင်တို့ကို အထူးကျေးဇူးတင်ရှိပါသည်။ ကန်ပက်လက်မြို့နယ်သမိုင်း ကြောင်း တည်နေပုံအနေအထား မှတ်ဖွယ်မှတ်ရာများကို လက်ရှိ ပကတိအခြေအနေမှန်များအပေါ်အခြေခံ၍ မှတ်တမ်းပြုစုရေးသား နိုင်ခဲ့ပါ၏။

**ခေါ်နူးစုမ်ဆိုသည်မှာ (Big Mountain) တောင်ကြီး**

ချင်းတို့ ဘာသာစကားအရ ခေါ် နူး=ကြီးမားခြင်း စုမ်=တောင်။ သို့ကြောင့် အချို့က 'တောင်ကြီး'၊ အချို့က



'နတ်မတောင်' နတ်ဘုရားမတောင်၊ နတ်မိမယ်စသည်ဖြင့် အဓိပ္ပာယ် ဖွင့်ဆိုကြပေသည်။

ချင်းပြည်နယ်တစ်ခွင်သည် ပြာရီမှိုင်းမှိုင်းစိမ်းရောင်ညို့နေသည့် တောင်တန်းတိုင်းတို့က အထပ်ထပ်ပတ်လည်ဝန်းရံနေသောကြောင့် တောင်ပြာလှိုင်းများဟု တင်စားကြသည်။ အလှကျက်သရေဆောင် တောင်တန်းပြာများအနက် အမြင့်ဆုံးအပိုင်းသည် ခေါ်နူးစုမ်ခေါ် ဗိတိုရိယတောင်ကြီးပင်ဖြစ်၏။ အများစုကခေါ်နူးစုမ်ဟုမခေါ်၊ ဗိတိုရိယ ဟုသာအသိများ၏။ သို့သော်ချင်းတိုင်းရင်းသားတို့က ခေါ်နူးစုမ်ဟုပင် ခေါ်ဝေါ်ပြီး စပ်ဖွားခွဲရေပန်းစား၏။

BURMESE CLASSIC .com

ခေါ်နူးစုမ်အမည်ရင်းမှသည် ဗိတိုရိယဟုမွေးစားလာသည်မှာ မြန်မာ့မြေကို အင်္ဂလိပ်တို့ပိုင်ဆိုင်သိမ်းပိုက်လိုက်နိုင်ချိန်က ဗြိတိသျှတို့၏ ဗိတိုရိယဘုရင်မကြီးအား ဂုဏ်ပြုစိမ့်သောငှာ ဘုရင်မကြီး၏ နှစ် (၅၀) ပြည့် မွေးနေ့အထိမ်းအမှတ်အဖြစ် ၁၈၈၈ ခုနှစ်၊ ဖွန်လ (၂၃) ရက်နေ့တွင် (Mt.Victoria) ဗိတိုရိယတောင်ဟု သတ်မှတ်မှည့် ခေါ်ခဲ့ရာမှ ယနေ့တိုင် ဗိတိုရိယတောင်ဟု အမည်တွင်ခဲ့ပေသည်။ မည်သို့ဆိုစေ ခေါ်နူးစုမ်သည် မြန်မာ့မြေပေါ်၌ ပြည်ထောင်စုဖွား ချင်းတိုင်းရင်းသားတို့နေထိုင်ရာ ကန်ပက်လက်မြို့နယ်၏ ကျက်သရေ ဆောင်အဖြစ် တည်နေပြီဖြစ်ပေသည်။

**နတ်မတောင်အမျိုးသားဥယျာဉ်ကြီးဖွင့်လှစ်ခြင်း**

ယခုအခါ ''နတ်မတောင်အမျိုးသားဥယျာဉ်'' ဟု အမည် တွင်နေပေပြီ။ စိမ်းစိုလှပသော တောင်ပေါ်ဒေသထင်းရှူးတောများသည် သဘာဝမပျက်တည်တံ့ရှိနေသဖြင့် မြန်မာနိုင်ငံ ခြေလျင်တောင်တက်

www.burmeseclassic.com

www.burmeseclassic.com



အသင်းအဖွဲ့များ၏ လေ့ကျင့်ရာလည်းဖြစ်ခဲ့သည်။ ပေပေါင်း (၁၀၀၁၈) ပေ အမြင့်သို့ ကန်ပက်လက်မြို့မှ (၁၀) မိုင်ခရီးကို မော်တော်ယာဉ်ဖြင့်တက်နိုင်၍ ခြေလျင်တောင်တက်ခရီး (၅) မိုင်ဖြင့် တောင်ထိပ်သို့ရောက်ရှိနိုင်ပေသည်။

သစ်တောရေးရာဝန်ကြီးဌာန၏ လေ့လာချက်မှတ်တမ်းများအရ သစ်တောများအတွင်းကုန်းတွင်းဌာန ငှက်ငါးမျိုးအပါအဝင် ငှက်အမျိုးပေါင်း (၁၅၉) မျိုးကျော် နေထိုင်ကျက်စားလျက်ရှိသည်။ ကမ္ဘာပေါ်တွင် မြန်မာပြည်၌သာရှိသည့် ငှက် (၄) မျိုးအနက် မြန်မာနိုင်ငံ၏ ဒေသရင်းငှက်မျိုးဖြစ်သည့် မျက်ခုံးဖြူ ငှက်ပြာခြောက် အခြား ဇာမဏီ ငှက်ပြာခြောက်နှင့် ဇာမဏီငှက် (ထရာဂိုပင်ရစ်နီ) စသည့်ရှားပါးငှက်မျိုးတို့ ပျော်ရွှင်မြူးထူးစွာ ကျက်စားလျက်ရှိသည်။

တောင်ထွတ်တောင်စွယ်၊ ကျောက်ဆောင်၊ လျှိုမြောင်တို့မှ ကျောက်စက်ရေတို့သည် ရာသီမပျက် တသွင်သွင်စီးဆင်းလျက်ရှိနေသည်။ သမပိုင်း အအေးပိုင်းသစ်တောသစ်ပင်များဖြစ်သည့် သစ်အယ်လောက်ယား၊ ဝက်သစ်ချနှင့် ဆေးဖက်ဝင် ကျောင်းထင်းရှူး (Yew Tree) ပင်များ၊ ထူထပ်စွာပေါက်ရောက်လျက်ရှိရာ တောရိပ် တောင်ရိပ်များက လေချိုသွေးလျက်အေးမြသည်။ ရှားပါးသစ်ခွနှင့် တောင်ဇလပ်နီတို့က တောင်မကြီး၏သဘာဝအလှကို ပိုမိုရပ်လုံးကြွစေသည်။

တောင်ပေါ်သစ်တောများအတွင်း တောဆိတ်၊ တောင်ဆိတ်ပြောင် စသည့်တောရိုင်းတိရစ္ဆာန်ကြီးများ ချောင်းရိုး၊ ကျောက်အိုးရေတံခွန်ငယ်၊ ရေကျစမ်းတို့တွင် ဒေသရင်းငါးမျိုးစုံနှင့် လှပသောရောင်စုံလိပ်ပြာမျိုး (၈၇) မျိုးခန့်ကိုလည်း လေ့လာကြည့်ရှုနိုင်ပေသည်။



ထို့အပြင် ဒေသခံတောင်ပေါ်သူ တောင်ပေါ်သားချင်းမျိုးနွယ် ၏ လူနေမှုစရိုက်ဓလေ့၊ သဘာဝရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံ သံအဆိုအကများဖြင့် ကောက်သစ်စားပွဲတော်၊ မီးပုံပွဲ၊ ရိုးရာခေါင်ပွဲ၊ အကအလှ ဖျော်ဖြေမှုများကိုလည်း မြင်တွေ့ခံစားကြည့်ရှုနိုင်သည်။ ချင်းတောင်ဒေသထွက် ရိုးရာပစ္စည်းများဖြစ်သည့် ချင်း ၊ ချင်းလွယ်အိတ်၊ ချင်းစောင်၊ ကျောက်ပုတီးရောင်စုံ စသည်ဖြင့် တ်တာရ ချင်းရိုးရာလက်ဆောင်ပစ္စည်းများမှာလည်း စိတ်ဝင်စားဖွယ် င်းလှသည်။

ထိုကဲ့သို့ နတ်မတောင်ဒေသ၏ ရေမြေသဘာဝ တောတောင် အပ ရှုခင်းများသည် သဘာဝမပျက် အံ့မခန်းတည့်တဲ့နေသည် ၍ နိုင်ငံတော်အစိုးရ သစ်တောရေးရာဝန်ကြီးဌာနက ကမ္ဘာလှည့်ခရီး ည်များ လည်ပတ်လေ့လာနိုင်သည့် သဘာဝခရီးသွားစခန်း အမျိုး ဥယျာဉ်ကြီးအဖြစ် ၁၉၉၄ ခုနှစ်တွင် စတင်၍ ဖွင့်လှစ်တည် င်ခဲ့လေသည်။

"နတ်မတောင်အမျိုးသားဥယျာဉ်ကြီး" ၏ ဧရိယာအကျယ် န်းသည် (၂၇၉) စတုရန်းမိုင်၊ ဧကအားဖြင့် (၁၇၈၅၆၀) ဧက ည်းထားပေသည်။

ရန်ကုန်မြို့မှာ ပုဂံ (ညောင်ဦး) မြို့သို့ လေယာဉ်ခရီးမိုင် ၂၀) စီး၍ ချောက်မြို့မှ ဆိတ်ဖြူ-ဆော-ကန်ပက်လက်မြို့အထိ းလမ်းခရီး (၉၃) မိုင်စီး၍လည်းကောင်း၊ ချောက်မြို့သို့ တိုက်ရိုက် းလမ်းခရီး (၄၀၅) မိုင် စီး၍လည်းကောင်း နေ့ချင်းရောက်ရှိနိုင် သည်။

www.burmeseclassic.com

www.burmeseclassic.com



## ဟားခါး-ခေါ်နူးစုမ်ခရီးစဉ်နှင့်စပ်လျဉ်း၍

မြို့တော်ဟားခါးမှ ခေါ်နူးစုမ်ခရီးစဉ်ဖြစ်သည့် ဟားခါး ကလေး၊ ပခုက္ကူ၊ ကန်ပက်လက်ထိ ထိုစဉ်က ခရီးစဉ်နှင့် ယခုခေတ် ခရီးစဉ်သည် အလွန်ကွာခြားသွားပေသည်။ ဆိုလိုသည်မှာ လွန်ခဲ့သော အနှစ်နှစ်ဆယ်က အလွန်ခက်ခဲဆင်းရဲပင်ပန်းလှသော ခရီးကြမ်းကြီး သည် ယခုအခါမှာတော့ လွယ်ကူဖြောင့်ဖြူးသာယာလှပသော ခရီး စဉ်ဖြစ်နေပေပြီ။ နိုင်ငံတော်အစိုးရသည် တောင်ပေါ်မြေပြန့် မခွဲခြား ပြည်ထောင်စုတစ်ဝန်းလုံး စည်ပင်ဖွံ့ဖြိုးတိုးတက်စေခြင်း၊ တိုင်းရင်းသား အချင်းချင်း ဆူကြွနိမ့်မြင့်ကွာဟမှု နည်းနိုင်သမျှနည်းအောင် ဟန်ချက် ညီစွာမြှင့်တင်ဆောင်ရွက်ပေးခြင်းကြောင့် မျက်မှောက်ကာလတွင် ချင်း ပြည်နယ်တောင်တန်းဒေသ လမ်းပန်း ဆက်သွယ်ရေးများသည် အလွန် ကောင်းမွန်တိုးတက်လာပြီဖြစ်ပေသည်။

## ပုံတောင်မီးရထားလမ်းနှင့် ပုံညာဥမင်

ချင်းပြည်နယ် တံခါးဝမြို့ဖြစ်သည့် ကလေးမြို့မှ ဂန့်ဂေါ ပခုက္ကူမြို့ခရီးစဉ်သည် ဒေသခံတို့၏ အိပ်မက်ပင်မမက်ဖူးခဲ့သော ဘူတာရုံများနှင့် မီးရထားလမ်းကြီးများပေါ်ပေါက်ခဲ့ပေပြီ။ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက်တွင် ၁၉၉ ခုနှစ်နောက်ပိုင်းမှစ၍ မီးရထားလမ်းဖောက်လုပ်ရေးစီမံချက် ရေးဆွဲ ဆောင်ရွက်ခဲ့သည်။ ချင်းပြည်နယ်နှင့်စပ်လျက် မကွေးတိုင်း ရေစကြို မြို့ မအူကျေးရွာမှ ပခုက္ကူမြို့သို့။ ထိုမှ မြိုင်မြို့နယ်၊ မြို့ဆိုးရွာမှတစ်ဆင့် ပေါက်မြို့နယ် ဇီးပြားရွာ၊ ခေါင်းပေါင်းရွာထိ မီးရထားလမ်းပေါက် ခဲ့သည်။



ခေါင်းပေါင်းရွာသည် ပုံတောင် တောင်ခြေတွင်တည်ရှိသည်။ မီးရထားလမ်းသည် ပုံတောင်တောင်ကြီးကို မည်သို့ဖောက်လုပ်ရမည် ကို အိပ်မက်ပင်မမက်နိုင်ခဲ့ကြချေ။ သို့ရာတွင် သဘာဝတရားက လမ်းညွှန် သင်ပြပေးခဲ့သည်။ ပုံတောင်နှင့် ပုံညာနှစ်တောင်ကြားတွင် ချောင်းကြီးသည် ပုံတောင်တောင်ကြီး၏ အမြင့်ပေ ၃၅၀၀ နှင့် မြင့်ရာမှနိမ့်ရာသို့ ရေလမ်းဖြတ်သန်းစီးဆင်းလျက်ရှိပေရာ သဘာဝရေစီးကြောင်းကိုအခြေပြု၍ ပုံတောင်တောင်ကြီး၏ ခါးလယ်မှ ထန့်လန့်ဖြတ်ပြီး မီးရထားလမ်းဖောက်လုပ်နိုင်ခဲ့ကြသည်။ ဇီးပြားရွာ ပုံတောင်ဒေသကျောရွာအထိ မီးရထားလမ်းပိုင်းကို (၉.၄.၁၉၉၇) ရက်နေ့တွင် ဖွင့်လှစ်နိုင်ခဲ့ပေသည်။ အလျဉ်းသင့်၍ ပုံညာတောင် မီးရထားလမ်းသမိုင်း တစ်စိတ်တစ်ဒေသကိုတင်ပြလိုပါသည်။

ပုံတောင်ပုံညာမီးရထားလမ်းသမိုင်းသည် အလွန်စိတ်ဝင်စား ဖွယ်ကောင်းလှသည်။ သမိုင်းတွင်သည့် စီမံကိန်းကြီးအဖြစ်လည်း မှတ်တမ်းတင်နိုင်ခဲ့ကြပါသည်။

ကျောကျေးရွာမှ ဂန့်ဂေါမြို့သို့ဆက်လက်ဖောက်ရာတွင် အမြင့် ပေ ၃၂၅၀ မြင့်မားသည့် ပုံညာတောင်ကြီးက ကာစီးနေပေသည်။ ပုံတောင်ကဲ့သို့ သဘာဝရေလမ်းလည်းမရှိပေ။ ထို့ကြောင့် တောင်ကြီး ၏ခါးလယ်မှ ဥမင်လိုဏ်ခေါင်းကြီးဖောက်ရပေတော့သည်။

စီမံကိန်းလျာထားချက် အချိန်မီပြီးစီးနိုင်ရေးအတွက် ပုံညာ တောင်ကြီး၏ အရှေ့ဘက်နှင့် အနောက်ဘက် တစ်ပြိုင်တည်း ဖောက် လုပ်ကြရသည်။ အရပ်သဘောအရစဉ်းစားကြရလျှင် တောင်ကြီး၏ ဟိုမှာဘက်မှသည် သည်မှာဘက်ကို နှစ်ဖက်ပြိုင်ပြီးဖောက်ကြတာ အလယ်မှာတည့်တည့်လာဆုံနိုင်ပါ့မလားဟူ၍ တွေးမိကြသည်။

www.burmeseclassic.com

www.burmeseclassic.com



မြန်မာပြည်တွင် အရှည်လျားဆုံးဥမင်ကြီးလည်းဖြစ်သည်။ မြန်မာ အင်ဂျင်နီယာများ၏ စွမ်းပကားသည်ကား ကမ္ဘာကျော်ခဲ့ကြပေသည်။ ဥမင်အလျားတစ်မိုင်ကျော် (၅၆၁၀) ပေရှိပြီး ကမ်းမမြင်လမ်းမမြင် ဟိုမှသည်ဘက် နှစ်ဖက်ဖောက်ခဲ့ကြသည်တွင် တောင်မကြီး၏ အလယ်ဗဟို၌ တည့်တည့်မတ်မတ် ထိပ်ချင်းတိုက်ဆုံစည်း၍ အောင်မြင်စွာ ဆင်နိုင်ခဲ့ကြသည်။ ပုံညာတောင်ကြီးပေါ်မှ စီးဆင်းသောချောင်းမြောင်း များသည် များပြားလှသဖြင့် တံတားအစင်းပေါင်း (၄၀) ကျော် တည်ဆောက်ရမည်ဖြစ်သည်။ အဆိုပါတံတားကြီးများပြီးစီးပါက မန္တလေးမြို့အထိ တိုက်ရိုက်မီးရထားလမ်းပေါက်ပြီဖြစ်ပေသည်။

ယခုအခါ ချင်းပြည်နယ်မြောက်ပိုင်း ဟားခါးမြို့တော်မှ ချင်း ပြည်နယ်တောင်ပိုင်း မင်းတပ်၊ ကန်ပက်လက် (ခေါ်နူးစုမ်) ခရီးသည် ကလေးမြို့မှ-ပခုက္ကူအထိ မီးရထားဖြင့် ခရီးလမ်းလုံခြုံချောမွေ့ စိတ် ချမ်းသာစွာရောက်ရှိတော့မည်ဖြစ်သည်။ ချင်းပြည်နယ် တောင်ပေါ် ကားလမ်းများသည်လည်း တစ်ချိန်ကကဲ့သို့ မကြာခဏ မြေပြိုပိတ်ဆို့ လေ့ရှိသော (၁၂) ပေ တောင်ပတ်လည်လမ်းကျဉ်းလေးများ မဟုတ် တော့ပေ။ ကားကြီး ၂ စီး ကောင်းစွာရှောင်နိုင်သော လမ်းကျယ်ကြီး များဖြစ်နေပေပြီ။

ချင်းပြည်နယ်၏ ဒုတိယတံခါးဝဖြစ်သော မကွေးတိုင်းနှင့် ဆက်စပ်နေသည့် မင်းတပ်-ကျောက်ထုလမ်းကိုလည်း တိုးချဲ့ပြုပြင် အဆင့်မြှင့်တင် ပေးလျက်ရှိနေပြီဖြစ်သည်။ မြို့တော်ဟားခါးမှ အရှေ့ ဘက်တံခါးဝ လမ်းဖြစ်သည့် ဂန့်ဂေါ-မုံရွာ၊ စစ်ကိုင်းမှ မန္တလေးထိနှင့် မင်းတပ်မှ ကျောက်ထု-တပုဉ်း-ပေါက်-ပခုက္ကူလမ်းပိုင်းတို့ကိုလည်း တိုးချဲ့အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိနေပေသည်။ နိုင်ငံတော်အစိုးရ၏



ကျေးဇူးတရားနှင့် မြန်မာအင်ဂျင်နီယာတို့၏ စွမ်းပကားတို့သည် ကမ္ဘာတည်သရွေ့ သမိုင်းမော်ကွန်းတည်နေမည်သာဖြစ်ပေသည်။

## ပခုက္ကူ-ကလေးမီးရထားလမ်း ဖောက်လုပ်မှုအခြေအနေ

ကလေးမြို့မှ ပခုက္ကူထိ မီးရထားလမ်းဖောက်လုပ်ရာတွင် ပုံညာတောင်ဥမင်သည် အမိုးပိုင်း၊ နံရံပိုင်း၊ ကြမ်းခင်းပိုင်းများ ဆောင် ရွက်ပြီးစီးပြီဖြစ်၍ နောက်ဆုံးကျန်ရှိသည့် ဥမင်အတွင်းပိုင်း သံလမ်း ခင်းခြင်း၊ ဘေးနံရံချောခြင်း၊ ရေမြောင်းပြုလုပ်ခြင်း၊ ဆေးသုတ်ခြင်း၊ မီးများတပ်ဆင်ခြင်း၊ လုံခြုံရေးအစီအစဉ်များတပ်ဆင်ခြင်းတို့ကို ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ဥမင်အရှေ့ဘက်နှင့် အနောက်ဘက် ချဉ်းကပ်လမ်း (၂၆) မိုင်၌ တံတားကြီးငယ် အစင်း (၁၃၀) ရှိသည့်အနက် (၁၂၈) စင်း မှာတည်ဆောက်ပြီးစီးနေပြီ။ ကျန်ရှိသည့်တံတား (၂) စင်းကို ဆက် လက်၍တည်ဆောက်လျက်ရှိသည်။ မြေသားလုပ်ငန်းအနေဖြင့် (၂၃) မိုင် ပြီးစီးနေပြီ။ (၃) မိုင်သာကျန်ရှိကာ သံလမ်းခင်းခြင်းအနေဖြင့် (၁၁) မိုင် ပြီးစီးနေပြီဖြစ်သည်။ သတ်မှတ်ကာလအတွင်း ဖွင့်လှစ်နိုင် ရေးအတွက် မြန်မာ့မီးရထားဝန်ထမ်းများက ကြိုးပမ်းခဲ့ကြပြီး ပုံညာ တောင်ဥမင်နှင့် ချဉ်းကပ်လမ်းများပြီးစီးသွားပါက ပခုက္ကူမှ ဂန့်ဂေါ ကလေးမြို့သို့ တောက်လျှောက်ရထားဖြင့် သွားလာနိုင်တော့မည် ဖြစ်ပေသည်။

*

www.burmeseclassic.com

www.burmeseclassic.com

# ကန်ပက်လက်မြို့နယ်

ကန်ပက်လက်မြို့နယ်အတွင်းရှိ မုန်းချောင်းဝဲယာနှင့် အချို့သော ဒေသတို့တွင် ကျောက်ခေတ်သုံးလက်နက်၊ ကျောက်ပုဆိန်စသည့်များကို တွေ့ရှိခဲ့ရဖူးခြင်းရှိသဖြင့် ရှေးဦးကျောက်ခေတ်လူမျိုးနွယ်တို့ နေထိုင်ခဲ့ဖူးကြောင်း ထင်ရှားပေသည်။ သမိုင်းအရ နောက်ဆုံးနေထိုင်ခဲ့သော လူမျိုးနွယ်စုသည် ''ကြံ့တူ' မျိုးနွယ်တို့ဖြစ်ပြီး ယင်းကြံ့တူမျိုးနွယ်စုတို့ နောက်ခေတ်ပိုင်းတွင်မှ ယခုနေထိုင်လျက်ရှိသော ချင်းတိုင်းရင်းသားမျိုးနွယ်ပေါင်းစုံတို့ ဆက်လက်နေထိုင်လာခဲ့ကြကြောင်း လေ့လာရသည်။

ကန်ပက်လက်မြို့နယ်သည် ရှေးမြန်မာမင်းများနှင့်ခေတ်ပြိုင်တစ်ချိန်တည်းတွင် ဒေသခံမျိုးနွယ်စုတို့သည် ကျေးရွာအလိုက် မိမိတို့ခေါင်းဆောင်များကိုတင်မြှောက်ကာ တစ်ရွာတစ်စုအုပ်ချုပ်မှုဖြင့် ရပ်တည်လာခဲ့ကြသည်။

မြန်မာမင်းဆက်နောက်ဆုံးနှစ်ဖြစ်သော ၁၈၈၅ ခုနှစ်နောက်ပိုင်းတွင် အင်္ဂလိပ်တို့ ချင်းတောင်ဒေသကို တဖြည်းဖြည်းသိမ်းပိုက်လာခဲ့ရာ ကန်ပက်လက်ဒေသကို ၁၈၈၆ ခုနှစ်က ပထမအကြိမ်အဖြစ် ယောနယ်မှတစ်ဆင့်ချီတက်လာစဉ် ကန်ပက်လက်မြို့နယ် စီဝေါ်ရွာ၊ ထုံငယ်ရွာတို့မှ ဦးတပ်နိုင်း၊ ဦးလောအွမ်နှင့် ဦးဟုမ်း



အုပ်တို့ဦးဆောင်သော ချင်းမျိုးချစ်လူငယ်တို့က ရရာလက်နက်ဖြင့် တိုက်ခိုက်ကာကွယ်နိုင်ခဲ့သဖြင့် အင်္ဂလိပ်တို့တပ်ဆုတ်ခဲ့ကြရသည်။

အင်္ဂလိပ်တို့သည် မကျေနပ်ကြ၍ ထိုနှစ်မှာပင် ဒုတိယအကြိမ်ပြန်လည်သိမ်းပိုက်ရန် ကြိုးပမ်းလာကြပြန်ရာ ဆောနယ်၊ ပေါင်ချောင်းနှင့် ကန်ချောင်းတစ်ဝိုက်၌ တိုက်ပွဲအပြင်းအထန်ဖြစ်ပွားပြီး အင်္ဂလိပ်တို့ကို အောင်နိုင်လိုက်ကြပြန်သည်။ ထိုတိုက်ပွဲ၏ သမိုင်းဝင်အောင်နိုင်ခြင်းအထိမ်းအမှတ်အဖြစ် ကန်ချောင်းရွာတွင် စေတီငယ်တစ်ဆူတည်ထားခဲ့ကြရာ ယနေ့တိုင် 'တောင်ပေါ်ဘုရား' ဟူ၍ အမည်ထင်ရှားခဲ့လေသည်။

ထို့နောက် မကျေမချမ်းဖြစ်နေသော အင်္ဂလိပ်စစ်တပ်ကြီးသည် တတိယအကြိမ်၌ ဆောနယ် ပဆုတ်ရွာတွင် အခြေစိုက်ခြေကုပ်စခန်းချကာ လူ၊ လက်နက် ရိက္ခာအင်အားစုဆောင်းပြီး ဝိတိုရိယစစ်ကြောင်းနှင့် ကျင်ချွေး၊ လောင်းရှည်၊ ဝံပေါ်ရိုး စစ်ကြောင်းကြီးများဖြင့် အပြင်းအထန်တိုက်ခိုက်သိမ်းယူကြပြီး ကန်ပက်လက်မြို့ဟောင်းနေရာကို ခြေကုပ်တပ်စွဲစခန်းချပြီး အုပ်စိုးခဲ့ကြသည်။ ထိုအချိန်မှစ၍ ၁၈၉၁ ခုနှစ်၌ ချင်းတောင်တန်းဒေသတစ်ခုလုံးကို အင်္ဂလိပ်တို့ သိမ်းပိုက်အုပ်စိုးနိုင်ခဲ့ကြသည်။

၁၈၉၂ ခုနှစ်တွင် ကန်ပက်လက်မြို့ကို စတင်တည်ထောင်၍ ချင်းဝီသေသတိုင်း တောင်ပိုင်းချင်းတောင်ခရိုင် ရုံးစိုက်ရာမြို့အဖြစ် အုပ်ချုပ်လာခဲ့သည်။ ထို့နောက် လွတ်လပ်ရေးရပြီးနောက်ပိုင်း ၁၉၄၈ ခုနှစ်၊ အောက်တိုဘာလတွင်မှ ခရိုင်ရုံးကို မင်းတပ်မြို့သို့ပြောင်းရွှေ့ဖွင့်လှစ်ထားခဲ့သည်။ ယနေ့မျက်မှောက်ခေတ်တွင် ကန်ပက်လက်မြို့သစ်နယ်၏တည်နေပုံကို အောက်ပါအတိုင်းလေ့လာတွေ့ရှိခဲ့ရပေသည်။

www.burmeseclassic.com

www.burmeseclassic.com



## တည်နေရာနှင့် အကျယ်အဝန်း

ကန်ပက်လက်မြို့သည် မြန်မာနိုင်ငံအနောက်ဘက်တောင်တန်းဒေသ ချင်းပြည်နယ်တောင်ပိုင်း၊ ပင်လယ်ရေပြင်အမြင့်ပေ (၄၅၆၀) ပေတွင် တည်ရှိပေသည်။ မြောက်ဘက်တွင် မင်းတပ်မြို့နယ်၊ အရှေ့ဘက်တွင် မကွေးတိုင်း ဆောမြို့နယ်၊ တောင်ဘက်တွင် မကွေးတိုင်း စေတုတ္တရာမြို့နယ်၊ အနောက်ဘက်တွင် ပလက်ဝမြို့နယ်တို့နှင့် နယ်နိမိတ်ချင်းဆက်လျက်ရှိပေသည်။ မြို့နယ်၏ဧရိယာသည် တောင်နှင့်မြောက်အလျား (၃၆) မိုင်၊ အရှေ့နှင့်အနောက် (၂၇) မိုင်ရှိရာ ဧရိယာစတုရန်းမိုင်အားဖြင့် (၉၆၃.၈၂) ကျယ်ဝန်းပေသည်။ (၉၃၈.၈၂ ဟုလည်းတွေ့ရသည်) ယခုတည်နေရာသစ်မြို့သစ်နေရာဖြစ်သည်။ (ယခင်မြို့ဟောင်းနေရာသည် အမြင့်ပေ ၆၂၇၀ တွင် တည်ရှိသည်)

## ကန်ပက်လက်မြို့အမည်

၁၈၉၂ ခုနှစ် မြို့ဟောင်းတည်စကနေရာသည် လူသူအနေနည်းပါးသောနေရာဖြစ်သည်။ ရေကန်ကြီးတစ်ကန်ရှိခဲ့ရာ ချင်းလူမျိုးတို့က ထိုရေကန်ကြီးကို 'လောက်နူး' ဟုခေါ်ကြသည်။ 'လောက်' ဆိုသည်မှာရေကန်ဖြစ်ပြီး 'နူး' ဆိုသည်မှာကြီးမားခြင်း (အဓိက အားဖြင့် (မိခင်) ဟု ခေါ်သည်ဟု အဓိပ္ပာယ်ရသဖြင့် 'လောက်နူး' ဟုဆိုရာတွင် 'ကြီးမားသောရေကန်ကြီး' ဟုခေါ်ကြပေသည်။ ထိုစဉ်က မြို့အမည်ကို လောက်နူးဟုပင်ခေါ်ဝေါ်ခဲ့ကြသည်။

နောက်ပိုင်းတွင် ရေကန်ကြီးထဲ၌ မြွေကြီးတစ်ကောင်ရှိနေသည့်အန္တရာယ်ကိုကင်းဝေးစေရန် 'တား' လူမျိုးနွယ်စုမှ ဦးမာနားလိန်းနှင့် 'မာထွီး' မျိုးနွယ်စုမှ ဦးဟုန်းလောဆိုသူတို့က မြွေကြီးကိုပစ်သတ်လိုက်



ကြပြီး ရေကန်ထဲမှရေများကို ပက်ထုတ်လိုက်ကြကာ ကန်ပက်လိုက်ဟု ပြောဆိုခဲ့ကြရာမှ ကာလကြာသော် 'ကန်ပက်လက်' ဟု အမည်တွင်လာခဲ့ကြောင်း လေ့လာသိရှိရသည်။

## မြို့နယ်မြေမျက်နှာသွင်ပြင် ပထဝီအနေအထား

မြို့နယ်အတွင်း တောတောင်ထူထပ်ပြီး ချောက်ကမ်းပါး၊ လျှိုမြောင်ကြီးများ ပေါများလှသည်။ အမြင့်ပေသုံးထောင်မှ တစ်သောင်းကျော်ထိ မြင့်မားလှသော တောင်တံတိုင်း၊ တောင်ထွတ်ကြီးများ ဝိုင်းရံလျက်ရှိသည်။ မြန်မာပြည်တွင် ဒုတိယအမြင့်ဆုံးဖြစ်သော ပေပေါင်း (၁၀၂၀၀) ပေရှိ နတ်မတောင်ကြီးသည် ကန်ပက်လက်မြို့နယ်၌ 'ခေါ်နူးစုမ်' ဟူသောအမည်ဖြင့် ထင်ရှားတည်ရှိပေသည်။ အခြားထင်ရှားသော တောင်တန်းကြီးများလည်းရှိရာ မောင်တော်နမတော်တောင်၊ ဆွဲလဲတောင်၊ လုံပိုးတောင်၊ စံပေါ်ရိုးတောင်၊ အာဖူးတောင်၊ ချောင်းလုံးတောင်၊ ဗုံချီးတောင်၊ ယန်းတောင်၊ ဗွီတောင်၊ မဟူရာတောင်နှင့် ရင်ရွဲတောင်တို့သည် မြို့နယ်၏အလှကျက်သရေဆောင်များဖြစ်ပေသည်။

ချောင်း၊ မြောင်း ရေစီးရေလာသည် အနောက်ဘက်နှင့် အနောက်မြောက်ဘက်ဆီမှ မြစ်ဖျားခံကာ အရှေ့နှင့် အရှေ့တောင်ဘက်သို့စီးဆင်းကြသည်။ ချောင်းများအားလုံး ရေစီးအလွန်သန်သည်။ ကျောက်စစ်ချောင်း၊ ရဲလောင်းချောင်း၊ ဆောချောင်း၊ ချုပ်ချောင်း၊ စလင်းချောင်း၊ မောချောင်း၊ ဒအားချောင်း၊ ရန်ချောင်းနှင့် မုန်းချောင်းကြီးတို့ ထင်ရှားကြသည်။ မုန်းချောင်းမကြီးသည် အထင်ရှားဆုံးဖြစ်ပြီး အကြီးမားဆုံးလည်းဖြစ်သည်။ မင်းတပ်မြို့နယ် မော်ဝိတောင်ထွတ်ကြီး

www.burmeseclassic.com

www.burmeseclassic.com



မှ ချောင်းဖျားခံကာ ကန်ပက်လက်မြို့နယ်သို့ (၄၆) မိုင် ဖြတ်သန်း စီးဆင်းပြီး စေတုတ္တရာမြို့နယ်မှတစ်ဆင့် ဧရာဝတီမြစ်ကြီးထဲသို့စီးဝင်သည်။

## ရာသီဥတု

မုတ်သုံရာသီဥတုရရှိပြီး မိုးများသည်။ မိုးရေချိန်လက်မ တစ်နှစ်လျှင် (၉၀ မှ ၁၀၀) ထိရရှိသည်။ ပျမ်းမျှ (၄၅) လက်မ ရွာသွန်းသည်။ အပူချိန်ပျမ်းမျှအမြင့်ဆုံး (၈၅.၁၆) ဒီဂရီဖာရင်ဟိုက်နှင့် အနိမ့်ဆုံးအပူချိန် (၃၀.၆) ဒီဂရီဖာရင်ဟိုက်ရှိသည်။ ဆောင်းရာသီ အအေးဆုံးလများဖြစ်သော ဒီဇင်ဘာနှင့် ဇန်နဝါရီလများတွင် တောင်မြင့်ပိုင်းဒေသတို့၌ ရေခဲလေ့ရှိသည်။ အနောက်မြောက်ဆောင်းလေ တိုက်ခတ်မှုကြောင့် တစ်ခါတစ်ရံဆီးနှင်းမိုးများ ရွာတတ်လေ့ရှိသည်။

## သဘာဝပေါက်ပင်နှင့် သစ်တော

မြို့နယ်အတွင်း ကြိုးဝိုင်းသစ်တောဧရိယာ စတုရန်းမိုင် (၁၈၈.၀၇) ရှိသည်။ မုတ်သုံသစ်တောကြီးများဖြစ်ပြီး ရွက်ပြတ် ရောနှောသောတော၊ တောင်ပေါ်တောနှင့် တောင်ပေါ်မြက်ခင်းများကို တွေ့ရှိရသည်။ ကျွန်း၊ ပျဉ်းကတိုး၊ အင်၊ အင်ကြင်း၊ ပိတောက်၊ သပြေ၊ ရှားစသည်များနှင့် အခြားသစ်မာမျိုးစုံပေါက်ရောက်သည်။ အမြင့်ပေသုံးထောင်ကျော်တွင် ထင်းရှူး၊ ချယ်ရီ၊ ဝက်သစ်ချ၊ သစ်အယ်၊ မတောက်စသည်များနှင့် တောင်ပေါ်မြက်ခင်းတောအမျိုးအစားများကို တွေ့ရသည်။

သဘာဝသစ်တောကြီးများအတွင်း အဖိုးတန်အစွမ်းထက် ဆေးဖက်ဝင်သော သဘာဝပေါက်ပင်များစွာရှိသည်။ ဘုမ္မရာဇာ၊



တော့ဝါ၊ နန္တင်း၊ မင်းကိုးကာ၊ လင်းနေ၊ သစ်ကြံပိုး၊ ဒီရို၊ ဆင်သမန်းနွယ်၊ သက်ရင်းကြီး၊ ဘူးခါး၊ ဂမုန်းအမျိုးမျိုး၊ ဆေးပုစွန်၊ တောင်ဇလပ်အနီ၊ တောင်ဇလပ်အဖြူ၊ ကရဝေးနှင့် အဖိုးတန်သစ်ခွမျိုးစုံတို့လည်း ပေါက်ရောက်ပေသည်။ ရှားပါးလှသော လေသိုက်နှင့် ကျောက်သွေးများကိုလည်း မြင့်မားသောတောင်ထွတ်ကြီးများတွင် ရှာဖွေတွေ့ရှိနိုင်သည်ဟု သိရသည်။

## လူဦးရေ၊ ကျေးရွာနှင့် ရပ်ကွက်

မြို့ပေါ်ရှိ ရပ်ကွက် (၂) ရပ်ကွက်သာရှိသည်။ ကျေးရွာအုပ်စု (၂၆) အုပ်စုရှိပြီး ကျေးရွာခွဲပေါင်း (၁၁၃) ရွာရှိသည်။ လူနေအိမ်ခြေမှာ ကျဲပြန့်လှပါသည်။ နောက်ဆုံးကောက်ယူထားသော စာရင်းမှတ်တမ်းများအရ လူဦးရေတစ်သောင်းလေးထောင်ကျော်ရှိရာ မြို့ပေါ်နေဦးရေသည် (၁၄.၃) ရာခိုင်နှုန်းသာရှိသည်။ ဒေသခံမှာ ချင်းလူမျိုးတို့ အများဆုံးနေထိုင်ကြသည်။ ချင်းမျိုးနွယ်စုအလိုက် ထွင်၊ ချင်းပုံ၊ ကွမ်း၊ ရှင်ကွမ်းရမ်၊ ကောက်တူ၊ စိတ်တူ၊ ချိုင်စာ၊ ဗနားတူ၊ ပဲထွီး၊ မနာထွီး၊ တာဆိုး၊ တပ်ကာ၊ ထမ်းကုမ်း၊ ဒါသာ၊ ယန်းသာ၊ ဘော်တူ၊ မာတွီ၊ မာန်ထန်၊ ပူးတူ၊ ရှီတူ၊ ဘော်တုတ်၊ ရှီလောင်း၊ ရပ်စာ၊ ရှင်နုံး၊ ဟက်ဒေး၊ ရှိုင်တွီး၊ ရှယ်ပါ၊ ရမ်း၊ ရောင်း၊ ခေါ်၊ ရိုင်၊ လွယ်၊ လှာ၊ လုံးစာ၊ ချောင်းစာ၊ လုံပျော့၊ အမ်လောင်း၊ အုံးတွီး၊ ဟုန်းတွီးနှင့် စလင်းချောင်းဝန်းကျင်တွင် ယန်းသာမျိုးနွယ်တို့ရှိကြသည်။ ထို့ပြင် ကွီးတွီ၊ မိုတွီ၊ ခေးတို၊ ထန်းကွီး၊ ဝိုင်းစာ၊ စုံတွီ၊ ဆိုတွီ၊ ထမ်းစာ၊ လိန်းစာ စသည်တို့လည်းရှိရာ မျိုးနွယ်စုပေါင်းလေးဆယ် ကျော်ခန့်နေထိုင်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



## အသက်မွေးဝမ်းကျောင်း

ဒေသခံတို့သည် တောင်ယာစိုက်ပျိုးမှုလုပ်ငန်းများဖြင့်သာ အသက်မွေးဝမ်းကျောင်းပြုကြသည်။ မွေးမြူရေးလုပ်ငန်းကို ကျွဲ၊ နွား၊ နွားနောက်၊ မြင်း၊ ကြက်၊ ဘဲ၊ ဝက်စသည်တို့ကို မိသားစုတစ်နိုင်သာ မွေးမြူကြသည်မှအပ စီးပွားဖြစ်မွေးမြူရေးခြံများကို မတွေ့ရပေ။ ကျွဲ၊ နွား၊ နွားနောက်မွေးကြရာ၌လည်း အသားစားအတွက်သာ အဓိက ထားမွေးမြူကြခြင်းဖြစ်ပြီး လုပ်ငန်းခွင်သုံးစွဲခြင်း အလွန်နည်းပါးသည်ကို တွေ့ရသည်။ မိမိတို့ဝတ်ဆင်စရာအတွက် တောင်ယာထဲတွင် စိုက်ပျိုး ရရှိသောဝါမှ အိမ်တွင်းလက်မှုရိုးရာ ဂျုပ်ခုတ်ရက်ကန်းဖြင့် ရက်လုပ် ဝတ်ဆင်ကြသည်။ ခြုံထည်စောင်မှစ၍ ကိုယ်ထူကိုယ်ထကိုယ့်လုပ် အားဖြင့်သာ ရက်လုပ်ကြသည်။ မိသားစုတိုင်း၌ မိန်းကလေးများ၏ ရိုးရာလက်မှုပညာတစ်ရပ်အဖြစ် မတတ်မနေလုပ်ကိုင်ကြလေ့ရှိသဖြင့် အထူးတလည် မြို့သို့တက်ဝယ်ယူရခြင်းမရှိကြပေ။ သို့ကြောင့် အဝတ် အစားစောင်ခြုံထည်ဈေးကြီး၍လည်း ၎င်းတို့အဖို့ မပူပင်ရဟုဆိုကြသည်။

## ယုံကြည်ကိုးကွယ်ရာဘာသာ

ကန်ပက်လက်မြို့နယ်တွင် နတ်ကိုးကွယ်သူအများဆုံးဖြစ် သည်။ တစ်မြို့နယ်လုံးလူဦးရေ၏ ထက်ဝက်ကျော်ရှိသည်။ ဗုဒ္ဓ ဘာသာဝင် ၃၀ ရာခိုင်နှုန်းခန့်နှင့် ခရစ်ယာန်ဘာသာဝင် ၁၅ ရာခိုင်နှုန်း ခန့်ရှိကြောင်း သိရသည်။

နတ်ကိုးကွယ်သူတို့သည် တောစောင့်နတ်၊ တောင်စောင့်နတ်၊ သစ်ပင်စောင့်နတ်၊ တောင်ယာစောင့်နတ်၊ အိမ်စောင့်နတ်၊ ချောင်းစောင့် နတ် စသည်တို့ကို ကိုးကွယ်ကြပြီး နတ်ဆရာ၊ နတ်ပဆန်းတို့က



ဦးဆောင်ဦးရွက်ပြုပြီး ကြက်၊ ဝက်၊ နွား၊ နွားနောက်စသည့်တိရစ္ဆာန် များ သတ်ဖြတ်ပူဇော်ပသမှုပြုလေ့ရှိကြသည်။

တစ်မြို့နယ်လုံးတွင် ဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်းပေါင်း (၁၆) ကျောင်းနှင့် သံဃာသာသနာဝန်ထမ်း (၁၆) ပါးသာရှိသည်။ ခရစ်ယာန်ဘုရားရှိခိုးကျောင်းပေါင်း (၂) ကျောင်းနှင့် ခရစ်ယာန် ဘာသာ သာသနာဝန်ထမ်း (၁၆) ဦးခန့်ရှိကြောင်းသိရသည်။

## စိုက်ပျိုးရေး

မြို့နယ်အတွင်း၌ အသားတင်စိုက်ပျိုးနိုင်သော ဧရိယာဧက ပေါင်း (၉၈၅၀) အနက် စပါးကို (၄၉၁၇) ဧကသာ စိုက်ပျိုးနိုင်ပြီး ပြောင်း၊ ဆပ်၊ နှမ်း၊ ဝါ၊ နေကြာနှင့် အခြားဟင်းသီးဟင်းရွက်မျိုးစုံကို လည်း စိုက်ပျိုးကြသည်။ ဆပ်နီ၊ ဆပ်ဝါကို ရိုးရာခေါင်အတွက်အဓိက ထား၍ ယာသမားတိုင်းစိုက်ပျိုးကြသည်။

## လူမှုရေး၊ ပညာရေး

ကန်ပက်လက်ဒေသသည် ရှေးမြန်မာမင်းများလက်ထက်က ပင် စာပေသင်ကြားလာခဲ့ရခြင်းမရှိဘဲ ၁၉၃၁ ခုနှစ်ခန့်လောက်မှစ၍ ရှိမ်အက္ခရာဖြင့် ချင်းစာသင်မူလတန်းကျောင်းတစ်ကျောင်းကို ဖွင့်လှစ် သင်ကြားခဲ့ရဖူးသည်ဟု လေ့လာသိရှိရသည်။ ၁၉၄၇ ခုနှစ်နောက်ပိုင်း တွင်မှ မြန်မာစာသင်ကျောင်းများကို စတင်ဖွင့်လှစ်သင်ကြားခဲ့ရပေရာ ၁၉၄၉ ခုနှစ်အထိ ကန်ပက်လက်မြို့တွင် တစ်ကျောင်းနှင့် ကျင်ဒွေးရွာ တွင် တစ်ကျောင်းသာရှိခဲ့သည်။ သို့ကြောင့်ပင် စာမတတ်သူဦးရေ များပြားလာခဲ့လေသည်။ မြို့နယ်လုံးကျွတ်စာတတ်မြောက်ရေး၊

www.burmeseclassic.com

www.burmeseclassic.com



အသုံးချ လှုပ်ရှားမှုများကိုလည်း အကောင်အထည်ဖော်ကြိုးပမ်းခဲ့ကြပေသည်။

ထို့ပြင် ခေါန္နးစုမ် ပရဟိတလူငယ်ဂေဟာနှင့် အောက်ကန့် ကျေးရွာ ပရဟိတဂေဟာများတွင် မိဘမဲ့ကလေးသူငယ်များကို ထိန်းသိမ်းစောင့်ရှောက်လျက် လူငယ်များ၏စားဝတ်နေရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် စာရိတ္တဖွံ့ဖြိုးရေး၊ ပရဟိတလုပ်ငန်းများကိုလည်း တာဝန်ရှိသူများ၏ကြီးကြပ်မှုဖြင့် ဆောင်ရွက်လျက်ရှိသည်။

အခြေခံပညာအထက်တန်းကျောင်း (၁) ကျောင်း၊ အလယ်တန်းကျောင်း (၂) ကျောင်း၊ ယခု (၃) ကျောင်းနှင့် မူလတန်းကျောင်းပေါင်း (၇၅) ကျောင်း ယခု (၈၀) ကျောင်းအထိ ဖွင့်လှစ်သင်ကြားနိုင်ပြီဖြစ်ပေသည်။

မြို့နယ်အတွင်း အစိုးရရုံးဌာနပေါင်း (၁၂) ခုရှိသည်။ မြို့ပေါ် လျှပ်စစ်၊ အိမ်မီး၊ လမ်းမီးများသည် ၁၉၈၆ ခုနှစ်မှစ၍ အင်ဂျင်စက်မောင်းလျှပ်စစ်ဓာတ်အားဖြင့် ရရှိသုံးစွဲနိုင်ပြီဖြစ်ပေသည်။ မြို့ပေါ် လူထုရေသုံးစွဲရေးသည် တောင်ပေါ်ရေစမ်းထွက်ပေါက်များမှ ထင်းရှူးသားရေတံလျှောက်ဖြင့် အဆင့်ဆင့်လိုရာသို့ သွယ်ယူသုံးစွဲကြသည်။ မြို့နယ်စည်ပင်သာယာအဖွဲ့မှလည်း ပိုက်ဖြင့်သွယ်တန်းဖြန့်ဖြူးပေးခြင်းလည်းရှိသည်။ နှစ်ပေါင်းများစွာကပင် ရေသည်နှစ်ပတ်လည် ပြတ်လတ်ရှားပါးမှုမရှိဘဲ သုံးစွဲလာခဲ့ကြရသော်လည်း ယခုအခါ မြို့ဝန်းကျင်သစ်တောများ၌ ရွှေ့ပြောင်းတောင်ယာခုတ်ထွင်မှုနှင့် နှစ်များစွာ နိုင်စက်လာမှုဒဏ်ကြောင့် သစ်တောများတစ်စတစ်စပြုန်းတီးလာကာ အချို့တောင်ကတုံးများပင်ဖြစ်ပေါ်လာရာမှ ရေစမ်းထွက်ပေါက်များ ရေအထွက်ယုတ်လျော့လာရသည်။ ထို့ကြောင့် ရေစမ်းနှင့်အလှမ်းဝေးသော ရပ်ကွက်ရေသွယ်ပေါက်များသည် နွေအခါရေပြတ်လပ်မှုနှင့် ကြုံတွေ့ကြသည်။ ထို့ကြောင့် မြို့နယ်ကောင်စီနှင့် သစ်တောဦးစီးဌာနတို့မှ မြို့ဝန်းကျင်ရှိ မြို့ပတ်မိုးသစ်တောများ၊ ကြိုးဝိုင်းတောများတွင် တောင်ယာခုတ်လှဲခြင်းကို ကျပ်တည်းစွာ တားမြစ်ထိန်းသိမ်းလျက်ရှိနေသည်။ သစ်တောများထိန်းသိမ်းနိုင်မှသာလျှင် တောတောင်စိမ်း၍ စမ်းရေရွှင်ရွှင်ရရှိနိုင်မည်သာဖြစ်ပေသည်။



## ကျန်းမာရေး

ကန်ပက်လက်မြို့နယ်တွင် မြို့နယ်ဆေးရုံတစ်ရုံ၊ တိုက်နယ်ဆေးရုံတစ်ရုံနှင့် ကျန်းမာရေးဌာနလေးခု ဌာနခွဲ (၁၆) ခုဖွင့်လှစ်ထားရှိသည်။ ဆေးရုံတွင် မိခင်နှင့် ကလေးကျန်းမာရေးဌာနနှင့် တိုင်းရင်းဆေးခန်းတစ်ခန်းကိုလည်း ဖွင့်လှစ်ထားရှိသည်။ မြို့နယ်ကြက်ခြေနီ သူနာပြု တပ်ဖွဲ့တစ်ဖွဲ့ကိုလည်း ဖွဲ့စည်းထားရှိသည်ကိုတွေ့ခဲ့ရသည်။

## လမ်းပန်းဆက်သွယ်ရေး

ကန်ပက်လက်မြို့မှ ၉ မိုင်ဝေးသော ဆောမြို့တစ်မြို့သို့သာလျှင် နွေရာသီသုံးကျောက်ခင်းကားလမ်း တစ်လမ်းတည်းသာရှိသည်။ ဆောမြို့မှတစ်ဆင့် ဆိပ်ဖြူသို့လည်းကောင်း၊ ၄င်းမှကူးတို့ကူးကာ ချောက်မြို့မှတစ်ဆင့် ရန်ကုန် မန္တလေးမြို့ကြီးများသို့ ဆက်သွယ်သွားလာနိုင်ကြသည်။ မြို့နယ်အတွင်း ကျေးရွာတစ်ရွာနှင့် တစ်ရွာ ခြေကျင်ခရီးဖြင့်သာ သွားလာကြသည်။ ငွေကြေးတတ်နိုင်သူတို့က မြင်းများဝယ်ထားကြခြင်းရှိသည်။

၁၉၀၅ ခုနှစ်က ကြိုးမဲ့ကြေးနန်းရုံးတစ်ရုံးနှင့် ၁၉၈၃ ခုနှစ်တွင် မြို့တွင်းတယ်လီဖုန်းများကို ဖွင့်လှစ်ထားခဲ့ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



အခြားမြို့နယ်များနှင့် ခြေကျင်ခရီးဆက်သွယ်သွားလာရာတွင် မင်းတပ်သို့ (၃၂) မိုင်၊ ဆောသို့ (၉) မိုင်၊ မတူပီသို့ (၁၃၄) မိုင်စသည်ဖြင့်ရှိသည်။ ၁၉၈၈ ခုနှစ်မှစ၍ မော်တော်ကားလမ်းများ အဆင့်မြှင့်တိုးချဲ့ဖောက်လုပ်ဆောင်ရွက်ခဲ့ပါသည်။

ဿ ဿ ဿ ဿ ဿ

# ကန်ပက်လက်မြို့နယ်အတွင်းရှိ ထင်ရှားသော ဓလေ့ထုံးစံအချို့

မြို့နယ်အတွင်း၌ ကျင်းပမြဲဓလေ့ထုံးစံ ရိုးရာပွဲများမှာ မျိုးနွယ်စုတို့အလိုက် ပုံစံအမျိုးမျိုးရှိကြသော်လည်း အခြေခံအားဖြင့် တူညီကြခြင်းရှိပါသည်။ ၄င်းတို့အနက်မှ မိမိလက်လှမ်းမီသမျှ လေ့လာစုဆောင်းရရှိသော ရိုးရာဓလေ့ထုံးစံအချို့ကို ဖော်ပြအပ်ပါသည်။

ကန်ပက်လက်မြို့နယ်တွင် ချင်းဓလေ့မင်္ဂလာဆောင်ပွဲ၊ ကျောက်ပျဉ်ချိုပွဲ၊ အရိုးပွဲ၊ အသုဘပွဲတို့မှာ ကျင်းပမြဲထင်ရှားသော ရိုးရာဓလေ့များဖြစ်ပါသည်။ လူမျိုးဘာသာတိုင်း၌ရှိကြသော ဓလေ့ထုံးစံများပင်ဖြစ်ကြသော်လည်း မတူညီသောထူးခြားသည့် စိတ်ဝင်စားဖွယ်ထုံးစံဓလေ့များဖြစ်၍ လေ့လာခဲ့ရသည်။

## မင်္ဂလာဆောင်ပွဲ

မြို့နယ်အတွင်းရှိ ချင်းမျိုးနွယ်စုများစွာတို့ ကျင်းပပြုလုပ်သော မင်္ဂလာပွဲများအနက်မှ အုပ္ပူးခေါ် ချင်းပုံမျိုးနွယ်တို့၏ ရိုးရာမင်္ဂလာဆောင်ဓလေ့ကို စံထားလေ့လာတင်ပြပါသည်။ (အုပ္ပူးချင်းကို ချင်းပုံဟုခေါ်ကြသည်)

www.burmeseclassic.com

www.burmeseclassic.com



## ကြိုက်ခုံ၊ သုံးအိမ်လည် သမီးပေးစနစ်

အူပူးချင်းတို့တွင် သမီးပေးရသောအမျိုးဘက်ကို 'အပူး' ဟုခေါ်ပြီး သမီးတောင်းရမ်းယူရသောအမျိုးဘက်ကို 'အကွေး' ဟုခေါ်ဝေါ်အသိအမှတ်ပြုကြသည်။ သမီးပေးထိမ်းမြားရသောထုံးစံအရ ကြိုလည်စနစ်ကိုကျင့်သုံးကြသည်။

(ဥပမာ) မောင်ရွှေက မောင်ငွေထံသို့ သမီးပေးပြီးလျှင် မောင်ငွေက မောင်စိန်ထံ သမီးပေးရပြီးနောက် မောင်စိန်က မောင်ရွှေထံသို့ သမီးပြန်ပေးရသော သုံးပွင့်ဆိုင်ထုံးစံရှိလေသည်။

မောင်ရွှေ

မောင်စိန် မောင်ငွေ

ထိုသို့ ထိမ်းမြားခြင်းစနစ်ကြောင့် အလိုအလျောက်စုစည်းသော မျိုးနွယ်ထုကြီးအဖြစ်သို့ ရောက်ရှိသွားစေလေသည်။ သမီးရယူရသော မျိုးနွယ်ဘက်က သမီးပေးရမည်ဖြစ်သော မျိုးနွယ်ဘက်တို့အပေါ် အစစ်အရာရာအလေးပေး ဦးစားပေးဆက်ဆံကြရသည်။ သည်းခံခွင့်လွှတ်ရလေ့ရှိသည်။ သို့မဟုတ်ပါက သမီးတောင်းရမ်းသောအခါ စကားဆိုရန် အခက်ကြုံတွေ့ရတတ်ပေသည်။

အူပူးချင်းမျိုးနွယ်တို့၏ ထိမ်းမြားမင်္ဂလာ လက်ထပ်ခြင်းမလေ့သည် တခြားသောလူမျိုးဘာသာတို့ကဲ့သို့ အရွယ်ရောက်မှသာ မင်္ဂလာကိစ္စကို စီစဉ်ကြသည်မဟုတ်၊ မွေးဖွားစကလေးအရွယ်ကပင် ထိမ်းမြားမင်္ဂလာမှုအရေးကို အစပြုကြသည်ဟုဆိုရပေမည်။



## မဲလ်လှိုင်စိန် (မဲလ်လှိုင်-ချက်-စိန်-ချည်သည်) ချက်ကြိုးချည်ပွဲ

အသံထွက်အားဖြင့် မဲလ်လှိုင်စိန်၊ မဲင်လှိုင်= ချက်၊ စိန်= ချည်သည်ဟူ၍ဖြစ်သည်။ သမီးတောင်းရမ်းယူရသော အမျိုးသားဘက် အကွေးမျိုးနွယ်စုတို့သည် အပူးမျိုးနွယ်စုတို့တွင် သမီးရတနာဖွားမြင်လာပြီဆိုလျှင် 'လှိုင်စိန်ခေါ် ချက်ကြိုးချည်ပွဲ' ကျင်းပပြုလုပ်ပေးကြရသည်။ ဤပွဲသည် သားအတွက် ချွေးမလောင်းအဖြစ် ကြိုတင်အသိအမှတ်ပြုထားခြင်းပင် ဖြစ်ပေသည်။

သမီးမွေးဖွားသူအိမ်ရှင်ထံသို့ ခေါင်ရည်တစ်လုံးနှင့် ကြက်ဖသို့မဟုတ် ကြက်မတစ်ကောင်ယူသွားပြီး ကြက်သားနှင့် ခေါင်ရည် တိုက်ကျွေးကာ သမီးအား ချွေးမလောင်းအဖြစ် သတ်မှတ်ခွင့်ပြုပါမည့်အကြောင်း တောင်းဆိုခွင့်ပန်ရလေသည်။

## 'စောင်ရှောက်ရှိုး' ကျင်းပရပုံ

ချွေးမလောင်းသည် အသက် ၁၈ နှစ်ပြည့်မြောက်သည့်အခါ အကွေးမျိုးနွယ်တို့ဘက်က 'စောင်ရှောက်ရှိုး' ခေါ် ချွေးမလောင်းအဖြစ် အတိအကျသတ်မှတ်သည့်ပွဲကို ဒုတိယအကြိမ်ကျင်းပရသည်။ အကွေးမျိုးနွယ်တို့က ခေါင်ရည်အိုးတစ်လုံးယူသွားပြီး အပူးမျိုးနွယ်တို့ကို တိုက်ကျွေးရသည်။ ထိုအခါ အပူးမျိုးနွယ်တို့ဘက်ကလည်း ခေါင်တစ်အိုးပြန်တိုက်ကျွေးရသည်။ ညှိခံဝတ်ပြုရသည်။ 'စောင်ရှောက်ရှိုး' ပွဲတွင် ချွေးမလောင်းကို မည်သူ့ကိုမျှ မပေးစားရပါကြောင်း၊ ချွေးမလောင်းအတွက် သင့်တော်သော သတို့သားလောင်းအသင့်ရှိကြောင်း အတိအလင်းပြောဆိုကြသည်။ ပဏာမစေ့စပ်ကြောင်းလမ်းပွဲတစ်ပွဲပင်ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



## မုန်းဟီးရှ် (ခေါ်) စေ့စပ်ကြောင်းလမ်းပွဲ

မုန်း=ပါးစပ်၊ ဟီးရှ်=မေးသည် (နှုတ်) နှုတ်ဖြင့်မေးသည်။ ကလေးများ၏အသက် ၁၆ နှစ်၊ ၁၇ နှစ် အရွယ်ရောက်ကြသည့်အခါ မုန်းဟီးရှ်ခေါ် အတိအလင်းစေ့စပ်ကြောင်းလမ်းခြင်း ပြုလုပ်ကြသည်။ သို့သော် ထိမ်းမြားရက်သတ်မှတ်ရခြင်းမရှိပေ။ နှစ်ဖက်မျိုးတို့ဘက်မှ ပေးစားနိုင် မပေးစားနိုင် အတိအလင်းစေ့စပ်ဆွေးနွေးကြသည်။ မပြေလည်မှု မကျေနပ်မှုများရှိနေလျှင်လည်း ပြေလည်ကျေနပ်ကြသည်အထိ ဆွေးနွေးစေ့စပ်ကြရသည်။

## 'အာဖြေး (ခေါ်)' မင်္ဂလာရက်သတ်မှတ်ခြင်း

စတုတ္ထအကြိမ်မြောက်ပွဲသည် ထိမ်းမြားမင်္ဂလာရက် ရွေးချယ်သတ်မှတ်ကြခြင်းဖြစ်သည်။ အမျိုးသားဘက် အကွေးမျိုးတို့က ခေါင်ရည်နှင့် ခွေးတစ်ကောင်ကို အပူးမျိုးတို့ထံယူသွားပြီးမှ ခွေးကိုသတ်ရသည်။ ချက်ပြုတ်ကျွေးမွေးကြသည်။ ချက်ပြုတ်ကြစဉ်အခါ၌ အပူးမျိုးဘက်အိမ်ရှင်အမျိုးသမီးတို့က ခွေးသားချက်ပြုတ်သည့်မီးဖိုကို အကြိမ်ကြိမ်မီးများငြိမ်းသတ်ကြပြီး ကျီစယ်ကစားကြသည်။ အကွေးမျိုးတို့ဘက်ကလည်းသည်းခံပြီး ခွဲနုပ်နှင့် ခွေးသားမကျက်မချင်းချက်ပြုတ်ကြရသည်။ ဟင်းကျက်ပြီဆိုလျှင် အပူးမျိုးတို့ကို လူစုံတက်စုံလိုက်လံကျွေးမွေးရသည်။ အပူးမျိုးတို့ကလည်း အကွေးတို့ဘက်ကို ခေါင်ရည်ကြက်သားဟင်းတို့ဖြင့် ပြန်လည်ဧည့်ခံကျွေးမွေးကြရလေသည်။ အကွေးမျိုးတို့ဘက်အနေဖြင့် သူတို့ယူလာခဲ့သော ခွေးသားဟင်းကို မစားသင့်ဟု အယူအမှတ်ရှိကြသည်။ ထိုသို့ တစ်လှည့်တစ်ပြန်ကျွေးမွေးဧည့်ခံကြပြီးနောက် နှစ်ဦးနှစ်ဖက်မင်္ဂလာရက် အပြီးသတ်မှတ်လိုက်တော့သည်။



## မန်ကျောက် (ခေါ်) မင်္ဂလာကြေး (အသွင်းဖိုးဟုလည်းခေါ်သည်)

သတို့သမီးအတွက် အသွင်းဖိုးအဖြစ် လှံမည်မျှ၊ ကျွဲမည်မျှ မင်္ဂလာပွဲအတွက် ကုန်ကျရမည့်ငွေပမာဏ မည်မျှယူဆောင်လာရမည်ကို သတ်မှတ်ကြသည်။ တစ်ခါတည်းမှာပင် သတို့သမီးရှင်ဘက်မှ အမျိုးသားချင်းများက မည်သူကကျွဲ၊ မည်သူကလှံ၊ မည်သူက ငွေကြေးမည်မျှ စသည်လက်ခံရယူရမည်ကို သတ်မှတ်လိုက်ကြသည်။ ထိုသို့သတ်မှတ်ခြင်းကို မန်ကျောက်ဟုခေါ်ကြသည်။

အသွင်းဖိုးမင်္ဂလာကြေးဟူသောစည်းကမ်း -

- သမီးရှင်မိဘများအား ကျွဲတစ်ကောင် (ဒေသအခေါ် မန်တံ့)
- သမီးရှင်နှင့် ဘသားညီနောင်တော်စပ်သူတစ်ဦးအား ကျွဲတစ်ကောင် (ဟိုသာအေ)
- သမီးရှင်မိခင်၏မောင်တော်စပ်သူအား ကျွဲတစ်ကောင် (ဒေသအခေါ် (လွှီမန်အေ))
- သမီးရှင်မျိုးနွယ်ဘက်မှ သမီးရှင်၏ကိုယ်စား လုပ်ကိုင်ဆောင်ရွက်ပေးသူအား ကျွဲတစ်ကောင် (ဒေသအခေါ် စိုးမြစ်သုံအေး)
- သမီးရှင်၏မိခင်ဖခင်တို့အား နို့ဖိုးအဖြစ်ငွေကြေး (ဒေသအခေါ် စွေ့ဖှူး) တို့ကို ပေးအပ်ရလေသည်။

အကြမ်းအားဖြင့် အသွင်းဖိုးမှာ ကျွဲ (၄) ကောင်၊ လှံအချောင်း (၂၀) ခန့်၊ မောင်းတစ်လုံးနှင့် ငွေသားငါးရာကျပ်ခန့် ဖြစ်ပါသည်။ ထိုသို့သော မင်္ဂလာကြေး၊ မင်္ဂလာစကား၊ မင်္ဂလာကိစ္စများဆောင်ရွက်ကြရာတွင် အကယ်၍ တစ်ချိန်က သတို့သားမျိုးနွယ်ဘက်မှ သတို့

www.burmeseclassic.com

www.burmeseclassic.com



သမီးမျိုးနွယ်ဘက်ကို အခဲမကျေနိုင်ဖွယ်ရာ အပြောအဆို၊ အပြုအမူ အများအပြား တစ်စုံတစ်ရာပြုခဲ့သည်များရှိလျှင် ၄င်းအပြစ်ကျေအေး ပါရန်အလို့ငှာ ကျွဲတစ်ကောင် (ဒေသအခေါ် (လုံမှု) ကို ပေးဆောင်ရ သောထုံးစံလည်းရှိပေသည်။)

တစ်ဖက်က 'လုံမှု' အဖြစ် အထောက်အထား အခိုင်အလုံဖြင့် ပြဆိုလာပါလျှင် သာမန်အသွင်းဖိုး မသတ်မှတ်မီကတည်းကပင် 'လုံမှု'ကို ဦးစွာညှိနှိုင်းပြောဆိုပေးအပ်ထားကြရသည်။ 'လုံမှု' ကိစ္စပြီးငြိမ်းမှသာ အသွင်းဖိုးသွင်းကြရသော ထုံးစံရှိကြလေသည်။

## စိုလောက်ပွေး (မင်္ဂလာဆောင်ပွဲ) ကျင်းပခြင်း

စို=သမီး၊ လောက်=ယူသည်၊ ပွေး=ပွဲ (သမီးယူပွဲ)

သတ်မှတ်ခဲ့သော ထိမ်းမြားရက်အတွင်း မင်္ဂလာဆောင်ပွဲကို အစည်ကားဆုံး ကျင်းပသောအခါဖြစ်သည်။ ပထမဦးစွာ ဧည့်တက်ပွဲ ပြုလုပ်ကြသည်။

## ဧည့်တက်ပွဲ (ခေါ်) ချဉ်ကွိုင်-ပြုလုပ်ရခြင်း

သတို့သားမျိုးဘက် အကြွေးအုပ်စုတို့သည် အသင့်ထည့်ထား ပြီးသော ခေါင်ရည်ဘူးများနှင့် ခွေး၊ ကြက်များကို ဆွဲယူလာကြပြီး သတို့သမီးအိမ်သို့ အပေါင်းအဖော်အသင်းအဖွဲ့များနှင့် တပျော်တပါး လာကြသည်။ ထိုသို့လာသည်ကို (ချဉ်ကွိုင်) ဧည့်တက်သည်ဟု ခေါ်ကြသည်။ သတို့သမီးဘက်ရှိအပူးမျိုး အမျိုးသမီးများက ချဉ်ကွိုင်ပွဲ တက်လာသူများကို အိမ်ခြံဝင်းအဝင်အဝတွင်တစ်ကြိမ်၊ လှေကားဦးတွင် တစ်ကြိမ် နှစ်ကြိမ်တံခါးပိတ်ဟန့်တားကြသည်။ မြန်မာမှုမင်္ဂလာပွဲမှ ရွှေကြိုး၊ ငွေကြိုးတားသည့်သဘောမျိုးဖြစ်လေသည်။



ထိုသို့တားဆီးသည်ကို သတို့သားဘက်မှ ငွေကြေးလက်ဆောင် ပေးကာတောင်းပန်၍ ဝင်ခွင့်ရမှဝင်ကြရသည်။ အိမ်ပေါ်ရောက်သည့် အခါ သတို့သားဘက်က သမီးရှင်ဘက်မျိုးနွယ်မှ ဝါကြီးဝါငယ် အလိုက် ခေါင်ရည်တိုက်ကျွေးရသည်။ ဝါစဉ်အလိုက် ပထမခေါင် ရည်ခွက် (အလူ)၊ ဒုတိယခေါင်ရည်ခွက် (အလွန်လွေ)၊ တတိယ ခေါင်ရည်ခွက် (အလွေ) စသည်ဖြင့် သတ်မှတ်ချက်အတိုင်း တိုက် ကျွေးကြရသည်။

အပူးမျိုးနွယ်တို့ဘက်ကလည်း တစ်ဖန်ပြန်၍ခေါင်ထည့်ပြီး အလားတူထုံးစံအတိုင်း ပြန်၍ဝေငှတိုက်ကျွေးရပြန်ပါသည်။ ထို့နောက် သတ်မှတ်ထားသော 'အသွင်းဖိုး' များကို မူလသတ်မှတ်ထားသူများက အစဉ်အတိုင်းလက်ခံရယူကြသည်။ အသွင်းဖိုးပေးချေရာတွင် သတ် မှတ်ချက်အားလုံးကို တစ်ကြိမ်တည်း ပေးချေစေခြင်းမပြုဘဲ အများ ဆုံးသုံးကောင်အထိသာပေးချေလေ့ရှိပြီး ကျန်အသွင်းဖိုးကို တစ်နှစ် (သို့မဟုတ်) နှစ်နှစ်အတွက် ပေးချေကြရသောထုံးစံရှိလေသည်။

မင်္ဂလာဆောင်ပွဲတွင် သတို့သားဘက်မှယူလာသော ခွေး၊ ကြက်စသည်များကို ချက်ပြုတ်လုပ်ကိုင်ကြရာတွင် ယခင်ပွဲများက ကဲ့သို့ သတို့သမီးမျိုးတို့ဘက်က မီးငြိမ်းသတ်ကျီစယ်ကစားကြခြင်းကို သည်း ပြုကြ၏။ မင်္ဂလာဆောင်ပွဲအတွင်းဖြစ်၍ အကြိမ်ကြိမ်ငြိမ်းသတ် ခြင်းမပြုရအောင် စိတ်ရှည်လက်ရှည်သည်းခံကာ ခေါင်ရည်ဖြင့် ဆောင်းပန်ကြရသည်။ သို့ဖြင့် ဟင်းကျွေးများချက်ပြုတ်ပြီးစီးကြသည့် အခါ အကြွေးမျိုးတို့ဘက်မှသတ်သော ခွေး၊ ကြက်များကို အပူးမျိုးတို့ ဘက်က စားသောက်ကြပြီး အပူးမျိုးတို့ဘက်မှ ချက်ပြုတ်သော ကြက်၊ ခေါင်ရည်တို့ကို အကြွေးမျိုးတို့အုပ်စုက စားသောက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



၎င်းပွဲတွင် သမီးရှင်မျိုးစုတို့က တစ်အိမ်လျှင် ခေါင်အိုးတစ်လုံး ကြက်တစ်ကောင် ကူညီကြလေ့ရှိသဖြင့် ခေါင်အိုးများသည် လှေကား ဦးမှသည် အိမ်အခန်းထဲသို့ရောက်အောင်ပင် များပြားလှစွာ စီတန်းထား တော့သည်။ ၎င်းခေါင်အိုးတန်းကြီးတွင် အပူးမျိုးရော အကွေးမျိုးတို့ ပါဝင်လျက် ဧည့်ပရိသတ်တို့နှင့်အတူ ပျော်ရွှင်မြူးတူးစွာ ကခုန်ကျီစယ် နောက်ပြောင်ကစားကြရင်းဖြင့် သောက်စားကြလေသည်။

ထိုသို့ဖြင့် မင်္ဂလာပွဲ (လောက်ပွေး) သည် ၄ ရက်မှ ၅ ရက်ထိ စည်ကားသိုက်မြိုက်စွာကျင်းပကြသည်။ ထိုပွဲတွင် အသွင်းဖိုး လုံများကို ကျွဲမရရှိသူ အပူးမျိုးတို့က တစ်ချောင်းစီ၊ နှစ်ချောင်းစီ စသည်ဖြင့် ဝေငှယူကြသည်။

## ကွမ်မေ (လက်ဖွဲ့ပစ္စည်းပေးအပ်ခြင်း)

နောက်ဆုံးတွင် သတို့သမီး၏မိဘများက မိမိတို့ပိုင်ဆိုင်သော လယ်၊ ယာ၊ ကျွဲ၊ နွား၊ စောင် စသည်ရှိသမျှတို့မှ အချိုးကျခွဲဝေပြီး သမီးအားလက်ဖွဲ့ရသည်။ ၎င်းလက်ဖွဲ့ကို (ကွမ်မေ) ဟုခေါ်ကြသည်။

သတို့သမီးက ကွမ်မေပစ္စည်းများကိုလက်ခံပြီးနောက် ဒေသ အခေါ် (ဝုစ္စမ်) ဟုခေါ်သည့် စောင်ထည့်သည့် 'တို' ထဲသို့ထည့် ထားလိုက်ရသည်။ ('တို' ဆိုသည်မှာ နဖူးတွင် သိုင်းလွယ်ဖြင့်ဆွဲလွယ် သော နောက်ကျောပိုး ပလိုင်းချင်းကိုခေါ်ခြင်းဖြစ်သည်။)

မင်္ဂလာဆောင်ပွဲတစ်ပွဲလုံးကျင်းပချိန်တွင် မောင်းငယ်နှစ်ခုနှင့် လင်းကွင်းကို ရိုးရာတူရိယာအဖြစ်တီးခေါက်၍ ကခုန်ကြလေ့ရှိသည်။ သက်ကြီးရွယ်အိုလူကြီးပိုင်းတို့က ရှေးဟောင်းနှောင်းဖြစ် ဆွေမျိုး ရေးရာကိစ္စများကို ဖွဲ့ဆိုသီကျူးသော (အွဲ့အေး) ခေါ် သီချင်းများကို



အပြန်အလှန်ပြောဆိုသီဆိုကြသည်။

မင်္ဂလာပွဲပြီး၍နောက်ဆုံးရက်၌ သတို့သမီးကိုခေါ်သွားရမည့် အချိန်တွင် 'ကွမ်မေ' ပစ္စည်းထည့်သော 'တို' ကိုထမ်းသူက ရှေ့ဆုံးမှ ထွက်ရသည်။ ၎င်းနောက်မှ သတို့သမီးက အခြွေအရံများနှင့်လိုက်ပါရ သည်။ အကွေးမျိုးတို့အုပ်စုက ဝမ်းသာပျော်ရွှင်စွာဖြင့် တီးမှုတ်ကခုန် ကာလိုက်ပါကြသည်။ အပူးမျိုးတို့ဘက်အုပ်စုက ရွာအပြင်အထိ လိုက်ပါပို့ဆောင်ပြီး သတို့သားနှင့် သတို့သမီးတို့ ရာသက်ပန်ပျော်ရွှင် စွာ ပေါင်းသင်းနေထိုင်နိုင်ကြပါကြောင်း ဆုမွန်ကောင်းများတောင်းပေး ပြီး နှုတ်ဆက်ကာ ပြန်လာခဲ့ကြပါတော့သည်။

## ဖိတားကွိုင် (ခေါ်) ချွေးမတက်ပွဲပြုလုပ်ခြင်း

သတို့သားနေအိမ်သို့ရောက်သောအခါ အိမ်တက်ပွဲပြုလုပ်ကြ သည့်အိမ်တွင် ခေါင်ထိပ်ပြီးသတ်လိုသောအကောင်များကို တတ်နိုင် သည့်အတိုင်းအတာအရသတ်၍ ကျွေးမွေးဧည့်ခံခြင်းပြုကြသည်။ ၎င်းပွဲတွင် အကွေးမျိုးတို့ဘက်က အစစအရာရာတာဝန်ကျေပွန်အောင် ဧည့်ခံကျင်းပပေးရသည်။ အဘယ်ကြောင့်ဆိုသော် သတို့သားနှင့် သတို့သမီးတို့မှ မွေးဖွားလာမည့်သမီးရတနာရှိလာခဲ့သော် ၎င်းတို့ကပင် ပြန်လည်တောင်းခံယူကြရမည်ဖြစ်သောကြောင့်ဖြစ်၏။

## အခန်းသွင်းပွဲ (အာချုရှုန်း)

အိမ်တက်ပွဲနေ့ညနေပိုင်းတွင် အကွေးမျိုးတို့ဘက်က သတို့ သား သတို့သမီးတို့ကို အခန်းသွင်းပွဲ (အာချုရှုန်း) ပြုလုပ်ပေးကြ သည်။ အကွေးမျိုးတို့ဘက်က ခေါင်ထိပ်ပြီး ကြက်တစ်ကောင်သတ်၍ ကျွေးမွေးရသည်။ သတို့သားနှင့် သတို့သမီးကို ခေါင်ရည်တစ်ခွက်စီ

www.burmeseclassic.com

www.burmeseclassic.com



ကိုင်၍ တစ်ပြိုင်တည်းသောက်ခိုင်းကြသည်။ ပြိုင်တူသောက်ကြသ
အခါ သတို့သားက ခေါင်ရည်အရင်ကုန်သည်ဆိုလျှင် ယောက်
ကလေးက မိန်းကလေးအပေါ်ကောင်းစွာအုပ်ချုပ်နိုင်ပြီး သတို့သမီး
အရင်ကုန်သွားလျှင် မိန်းကလေးက ယောကျ်ားကလေးအပေါ် အုပ်
နိုင်လိမ့်မည်ဟု အယူအမှတ်ထားရှိကြသည်။ မြန်မာမှုမင်္ဂလာဆော
ဓလေ့တွင် လက်ဖက်စားပြိုင်ဆိုင်ကြခြင်းနှင့် ဆင်တူပေသည်။

ညပိုင်းအချိန်ရောက်လာသည့်အခါ သတို့သား၏အစ်မကြီး
သတို့သားတို့ဇနီးမောင်နှံနှစ်ဖော်တို့ အိပ်စက်မည့် အိပ်ရာ ခမ်းနာ
စောင်၊ ခြင်ထောင်၊ အိပ်ရာခင်းအပြင်အဆင်တို့ကို စီမံဆောင်ရွက်ပေး
သည်။ သတို့သား သတို့သမီးတို့က အာချွန်းပွဲပြုလုပ်ပေးသူတို့အ
တဘက်၊ စောင်၊ အိပ်ရာခင်း၊ ခေါင်းပေါင်း စသည့်တို့ကို တစ်ထည်
လက် ဆောင်ပြန်ပေးကြသည်။ ထိုသို့ပွဲကျင်းပနေချိန်အတွင်း တစ်
လုံး ပရိသတ်အားလုံးတို့က ကခုန်သီချင်းဆိုကြခြင်းဖြင့် ပျော်ပွဲရွှင်
တစ်ခုသဖွယ် ဖျော်ဖြေကြလေ့ရှိသည်။ ကခုန်သီဆိုပျော်မြူးကြရင်းဖြ
ညပိုင်း၌ သတို့သား သတို့သမီးတို့အိပ်ရာဝင် အိပ်စက်အနားယူပြီး
လျှင် မင်္ဂလာပွဲကြီးကား ပြီးဆုံးသွားလေသည်။ ပရိသတ်တို့လည်
အသီးသီးနေအိမ်သို့ပြန်ကြလေတော့သည်။

**လက်ထပ်ထိမ်းမြားကြရာ၌ မှတ်သားဖွယ်လိုက်နာရသော ဓလေ့
ထုံးစံစည်းကမ်း**

(၁) အပူးချင်းမျိုးနွယ်တို့သည် မိမိတို့ဦးလေးတော်စပ်သ
အပူးမျိုးတို့ကို အစဉ်အဆက် မိဘသဖွယ် ရှိသေ
လေးစား အလေးထားဆက်ဆံကြရသည်။ (မျိုးနွယ်
တစ်လျှောက်လုံးတွင် မိမိတို့နှင့်အပူးတော်သူများ



သမီးများကိုသာ ကြင်ယာဇနီးအဖြစ် လက်ထပ်ယူပိုင်ခွင့် ရှိသောကြောင့်ဖြစ်သည်။)

(၂) မိမိတို့ဘသားညီနောင် သားသမီးအချင်းချင်းတို့နှင့် မိမိတို့နှင့် အကွေးကျသူများ၏သမီးကို လုံးဝလက်ထပ်ထိမ်းမြားယူပိုင်ခွင့်မရှိကြပေ။

(၃) အကယ်၍ အပူးကျသူ၊ အကွေးကျသူ၊ စည်းကမ်းအတိုင်းလိုက်နာမှုမရှိဘဲ၊ ဖောက်ဖျက်ပြီး အိမ်ထောင်ပြုကြလျှင် သတို့သမီး၏အသက်ဖိုးကိုသတ်မှတ်ပြီး တစ်နေ့တည်းဖြင့် အကျေပေးလျော်စေကာ ဆွေမျိုးအဝိုင်းတို့က ဝိုင်းပယ်ခြင်းကိုခံကြရလေ့ရှိ၏။ ပြန်ခွဲနိုင်စွမ်းရှိလျှင်လည်း ပြန်ခွဲကြလေ့ရှိသည်။

(၄) ဦးလေးတော်စပ်သူဘက်မှ သမီးမရှိ၍ အခြားအမျိုးဘက်မှ မိန်းကလေးနှင့်လက်ထပ်မည်ဆိုလျှင် ဦးလေး၏ သဘောတူခွင့်ပြုချက်တောင်းခံရယူပြီးမှ လက်ထပ်ခွင့်ရှိသည်။ သို့ရာတွင် မိမိတို့နှင့် ဘသားညီနောင်၏ သမီးများ၊ မိမိတို့နှင့် အကွေးကျသူများတို့၏ သမီးများကိုရှောင်ကြဉ်ရသည်။

(၅) အချုပ်အားဖြင့် အပူးချင်းအမျိုးသားတို့၏ လက်ထပ်ထိမ်းမြားခြင်းစနစ်သည် မျိုးနွယ်စုအလိုက် အကန့်အသတ်ဖြင့်ထိမ်းမြားကြရန် သတ်မှတ်ထားသော စနစ်ဖြစ်ပြီး သားစဉ်မြေးဆက် လိုက်နာကြရသည်။

(၆) အိမ်တစ်အိမ်တွင် မောင်နှစ်မနှစ်ယောက်ရှိသည့်အခါက နှမအိမ်ထောင်ပြုလိုက်ပြီဆိုလျှင် အကွေးမျိုးဖြစ်ပြီး

www.burmeseclassic.com

www.burmeseclassic.com



မောင်သည်အပူးမျိုးဖြစ်သွားသည်။ ထို့ကြောင့် နှ မွေးဖွားလာသော သားယောက်ျားလေးသည် မောင် သမီးကိုလက်ထပ်ယူနိုင်သည်။ မောင်၏သားသည် နှ ၏သမီးကို လက်ထပ်ယူနိုင်ခွင့်မရှိပေ။

(၇) တစ်အိမ်ထောင်မိသားစုထဲတွင် ထို့ထက်မောင်နှမမျ ကြလျှင် ယောက်ျားကလေးများဘက် သားသ အချင်းချင်းသည် မောင်နှမများဖြစ်ကြပြီး မိန်းကလေ များဘက်မှ သားသမီးအချင်းချင်းများသည် မောင်နှ များသာဖြစ်ကြသည်။ သို့ကြောင့် ယောက်ျားကလေ ဘက်မှ သားသမီးချင်းသော်လည်းကောင်း၊ မိန်းကလေ ဘက်မှ သားသမီးအချင်းချင်းသော်လည်းကောင် လက်ထပ်ထိမ်းမြားခွင့်မရှိကြပေ။

(၈) သို့ဖြစ်၍ နှမ၏ မည်သည့်သားယောက်ျားကလေးဖြစ် မောင်များ၏ မည်သည့်သမီးမိန်းကလေးများကိုမ လက်ထပ်ယူနိုင်ကြသည်။ အဓိကအားဖြင့် အပူးမျိုး အကွေးမျိုးဟုဆိုရာတွင် မောင်ရင်းနှမရင်းတို့မှ ဆင် သက်လာသူအမျိုးများဟု ဆိုခြင်းပင်ဖြစ်ပေသည်။

(၉) အပူးမျိုး၊ အကွေးမျိုးကျရာတွင် အမြဲတမ်းအပူးမျိုးမဖြ သလို အမြဲတမ်းအကွေးမျိုးလည်း မကျတတ်ပေ။

(၁၀) ကန်ပက်လက်မြို့ပေါ်ရှိ မျိုးနွယ်စုအချို့၏ ဓလေ့သည် ယောက်ျားကလေးဘက်က အဘိုးတူလျှင်, မောင်နှမ ဖြစ်၍ လက်ထပ်ယူခြင်းမပြုကြပေ။ ကြာသွေး၊ သောဒိုး ခိုသွီး၊ ယမ်သူးစသည့်မျိုးနွယ်တို့သည် မူလဇာစ်မြ



ရိုးရာတူများဖြစ်ကြသည်။ ၎င်းမျိုးနွယ်ဖွားတို့သည် မျိုးနွယ်မည်မျှကွာခြားလာစေကာမူ မျိုးနွယ်တူချင်း လက်ထပ်ကြခြင်းမရှိ

ဟု ထိုမျိုးနွယ်ဇာတိဝင်ယောင်း တစ်ဦးဖြစ်သူ ဆရာဦးလှဖေကရှင်းပြ၍ ဟုသုတအဖြစ် သိရှိခဲ့ရသည်။

## အိမ်ထောင်ရေးအယူအဆများ

သတို့သား၊ သတို့သမီးတို့ လက်ထပ်ထိမ်းမြားပြီးနောက်ပိုင်း တွင် မိမိတို့၏အိမ်ထောင်ရေး၌ ကျန်းမာရေးချို့တဲ့ခြင်း၊ သားသမီးများ ချာခြင်း၊ အလုပ်အကိုင်ချွတ်ချော် အဆင်မပြေမှုများဖြစ်ပေါ်ခြင်း ရှည်းဥစ္စာနွမ်းပါးဆင်းရဲလွန်းခြင်း စသည်တို့ဖြစ်နေကြလျှင် ထုံးစံအရ န်းကလေးဘက်မှမိဘများကို ပူဇော်ပသကန်တော့ခြင်း ပြုကြရလေ သည်။ ဆိုခဲ့သောချို့ယွင်းချက်အကြောင်းရပ်များဖြစ်ပေါ်လာခြင်းသည် (ချို) ခေါ် လိပ်ပြာက ပြုစားခြင်းရှိသည်ဟု အယူအဆရှိကြသည်။ သို့ကြောင့် ပြုစားခြင်းမှလွတ်ကင်းပပျောက်စေရန် သမီးရှင်မိဘများထံ သွားရောက်ပြီး (ချိုပို့) ခေါ် လိပ်ပြာပူဇော်ပွဲပြုလုပ်ကြရလေသည်။

## ချိုပို့ (လိပ်ပြာ) ပွဲပြုလုပ်ကျင်းပပုံ

သတို့သားနှင့် သတို့သမီးတို့သည် သမီးရှင်၏မိဘများထံသို့ ခေါင်အိုးတစ်လုံး၊ ဝက်တစ်ကောင်ယူသွားပြီး မိဘနေအိမ်၌ ခေါင်ရည် နှင့် ဝက်သားချက်ပြုတ်ကျွေးမွေးခြင်း ဝတ်ပြုကြရသည်။ မိမိတို့အနေ ဖြင့် ကာယကံ၊ ဝစီကံ၊ မနောကံ၊ ကံသုံးပါးမှတစ်ပါးပါးသောကံဖြင့် ပြစ်မှားကျူးလွန်မှောက်မှားခြင်းရှိခဲ့သော် ခွင့်လွှတ်သည်းခံကြပါရန် ဝန်ချတောင်းပန်ခြင်းပြုကြသည်။

www.burmeseclassic.com

www.burmeseclassic.com



အိမ်ရှင်မိဘတို့က ကိုယ်တိုင်ခပ်ယူရသောရေစင်ကို သီးသ ရေဘူးတစ်ဘူးတွင်ထည့်ပြီး စောင်တစ်ထည်ပေါ်တွင်တင်၍ ရော ချည်မျှင်များရစ်ပတ်ချည်နှောင်ကာ သတို့သမီးအား မိမိတို့ကိုယ်တ ပေးမည့်စောင်နှင့်အတူ ရယူစေပါသည်။ ထိုသို့ သမီးအားလက်ခံယူ သည်မှာ မိမိတို့မျိုးနွယ်အားလုံးက သားတို့သမီးတို့အပေါ် အပြစ် သမျှ မြူမျှမကျန် ကြည်ဖြူခွင့်လွှတ်ပါသည်ဆိုသည့် သဘော လက္ခဏာကို ဆောင်ခြင်းဖြစ်သည်။

ထိုအခါ ဇနီးမောင်နှံနှစ်ဦးသည် မိဘတို့ကပေးလိုက်သော 'ရေစင်' ကိုယူလာကာ ကိုယ်တိုင်လည်းသောက်ပြီး သားသမီးများ လည်း မျက်နှာဆံစသုတ်လိမ်းပေးပြီး ရေကိုတိုက်ခြင်းပြုကြသည် ပါလာခဲ့သော ရောင်စုံချည်များကိုလည်း အဝတ်အထည်ရက်လု ဝတ်ဆင်ခြင်း၊ လက်တွင်ရစ်ပတ်ထားခြင်း စသည်ဖြင့် အဆော သဘောမျိုးအသုံးပြုကြသည်။

မိန်းကလေးရှင်မျိုးဆွေများဖြစ်သည့် အပူးတို့က သတို့သာ သတို့သမီးအပေါ် ကျေနပ်မှုရှိမှသာ လိပ်ပြာပွဲပြုလုပ်ခွင့်ပြုပြီး ကျေနပ် မရှိပါက ရာသက်ပန်ပင် ပိတ်ပင်ထားတတ်ခြင်းလည်းရှိကြသည်

အပူးချင်းတို့၏ အိမ်ထောင်ဓလေ့ထုံးစံသည် သားစဉ်မြေးဆက် အစဉ်တစိုက်လိုက်နာခဲ့ကြရသဖြင့် ယနေ့တိုင် စနစ်များအတိုင်း ကျင့်သုံး လိုက်နာလျက်ရှိသည်။ ၎င်းဓလေ့ထုံးစံအရ လိုက်နာကျင့်သုံးကြခြင်း ဖြင့် အများအားဖြင့် အိမ်ထောင်ရေးရာသက်ပန်ခိုင်မြဲကြသည်ကို အများ ဆုံးတွေ့ရှိရ၏။ အိမ်ထောင်ပြိုကွဲခြင်း၊ လင်မယားကွာရှင်းပြတ်စဲခြင်း စသည့် အိမ်ထောင်ရေးဝိရောဓိပြဿနာများ အလွန်နည်းပါးလှသည်ကို တွေ့ရသည်။ မျိုးနွယ်၏သွေးစည်းညီညွတ်မှု ခိုင်မြဲမှုသည်လည်း အခွန့်ရှည်လျက်ရှိနေပေသည်။



တို့ Lung Koh (ခေါ်) ကျောက်ပျဉ်ချီပွဲ (လုံ-ကျောက်၊ -ထမ်းသည်)

င်းတပ်မြို့နယ်ဘက်တွင် လုံယူး Lonyu ဟုလည်းခေါ်သည်။

ကန်ပက်လက်မြို့နယ်ဒေသရှိ ချင်းမျိုးနွယ်အများစုသည် ကျောက်ပျဉ်ချီပွဲ (လုံကို) ကို ရိုးရာဓလေ့ပွဲတစ်ပွဲအဖြစ် တခမ်းတနား ည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိကြသည်။ အူပူးချင်းမျိုးနွယ်အချို့ ၌သာ ဗုဒ္ဓဘာသာကူးပြောင်းလာချိန်မှစ၍ ကျောက်ပျဉ်ချီပွဲကို ပြုလုပ်ကြတော့ချေ။

## ကျောက်ပျဉ်ချီပွဲ ပြုလုပ်ခြင်း၏ရည်ရွယ်ချက်

အဓိကရည်ရွယ်ချက်မှာ မိမိတို့သေဆုံးသည့်အခါတွင် အရိုးကို ဆိုကျောက်ပြားကြီး၏အောက်၌ ကောင်းမွန်လုံခြုံစွာ သိမ်းဆည်းထားနိုင် ရန်နှင့် အမှတ်တရဖြစ်စေရန်အတွက်သာ ရည်ရွယ်ကျင်းပပြုလုပ်ခြင်း ဖြစ်ပေသည်။

## ကျောက်ပျဉ်ချီပွဲ၏ဒဏ္ဍာရီ

ကန်ပက်လက်မြို့နယ်ရှိ ချင်းတိုင်းရင်းသားတို့သည် အစဉ် အဆက်ယုံကြည်မှတ်ယူကြခြင်းဖြင့် သက်ကြီးစကား သက်ငယ်ကြား သက်ဆင့်ကမ်းပြောဆိုလေ့ရှိကြသော ကျောက်ပျဉ်ချီပွဲ၏ နိဒါန်းပျိုးခဲ့ သောဒဏ္ဍာရီများ ရှိခဲ့လေသည်။

ကမ္ဘာဦးကာလ လူသားများခေတ်က အိမ်တစ်အိမ်မှလူတစ်ဦး သည် ပထမဦးဆုံးအဖြစ်သေဆုံးခဲ့ရာ ကျန်ရစ်သူများက လူသေ

www.burmeseclassic.com

www.burmeseclassic.com



အလောင်းကို မည်သို့လုပ်ရမည်မသိဘဲရှိနေရာ 'နမ်နူး' ခေါ် သိကြားမင်းအား မေးမြန်းကြသည်ဆို၏။ သိကြားမင်းက လူသေအလောင်းကို တောတစ်နေရာ ဝေးရာ၌သွား၍ ပစ်ထားလိုက်ပါ။ မကြာမီ ရေသတ္တဝါများတဲ့သို့အရည်ခွဲလဲပြီး အသက်ရှင်လျက်ပြန်လာလိမ့်မည်ဟု မိန့်ကြားလိုက်သည်။ ထိုသို့မိန့်ကြားစဉ်မှာ အနီးရှိကြက်ဖတစ်ကောင်က အကြိမ်ကြိမ်တွန်နေလိုက်ခြင်းကြောင့် လူသားတို့က သိကြားမင်း၏ အမိန့်စကားကို ကောင်းစွာမမှတ်မိလိုက်ကြတော့ချေ။ နောက်တစ်ကြိမ် ထပ်၍မေးကြရပြန်သည်။ ထိုသို့ဖြင့် လူသားတို့ကမေးမြန်းလိုက် သိကြားမင်းကဖြေကြားလိုက် ကြက်ဖကတွန်နေလိုက်ဖြင့် မသဲမကွဲ ရှုပ်ထွေးလျက်ရှိနေကြရာ နောက်ဆုံးတွင် ကြက်ဖကိုရိုက်သတ်လိုက်ကြပြီး သေချာစွာမေးမြန်းကြသည့်အခါ 'နမ်နူး' သိကြားမင်းကြီးက လည်း အကြိမ်ကြိမ်မေးမြန်းသည်ကို စိတ်မရှည်လာနိုင်တော့သဖြင့် 'သင်တို့အလောင်းကြီးကို မီးရှို့ပစ်လိုက်ပါ၊ ကြွင်းကျန်တဲ့အရိုးတွေကို အိုးထဲကောက်ထည့်ပြီး ကျောက်ပြားအောက်တွင်သာ သိမ်းဆည်းထား လိုက်ကြပါတော့' ဟုမိန့်ကြားလိုက်လေသည်။

ထိုအခါမှ လူသားတို့သည် နမ်နူး၏နောက်ဆုံးစကားကို ကောင်းစွာမှတ်မိလိုက်ကြပြီး လူသေဆုံးသည့်အခါတိုင်း မီးရှို့၍အရိုးကိုအိုးထဲထည့်ကာ ကျောက်ပျဉ်ကြီးများ ကျောက်ပြားကြီးများအောက်တွင် သိမ်းဆည်းလာခဲ့ကြရာမှ ယခုတိုင် လူသေသည့်အခါတိုင်း အရိုးသိမ်းဆည်းထားကြရန်အတွက် အသင့်ရှိစေရန် ကျောက်ပျဉ်ချိုင့်ကို ပြုလုပ်ကြလျက်ရှိသည်ဟုသိရပေသည်။



## နောက်တစ်မျိုးဒဏ္ဍာရီ

အချို့သော ချင်းတိုင်းရင်းသားတို့ကလည်း ၎င်းဒဏ္ဍာရီကိုပင် တစ်မျိုးတစ်ဖုံပုံပြင်တစ်ပိုဒ် ပြောဆိုကြခြင်းရှိသေးပေသည်။

လူသားများ၏ မေးမြန်းချက်ကို နမ်နူးက မိန့်ကြားရာတွင်-

'လူသေကောင်ကို ပါးစပ်မှလေမှုတ်သွင်းပါ၊ အသက်ပြန်ရှင်လာပါလိမ့်မည်' ဟုပြောကြားလိုက်စဉ် အနီးရှိကြက်ဖတွန်လိုက်သဖြင့် မသဲမကွဲမမှတ်မိကြ၍ ထပ်မံမေးမြန်းကြသည့်အခါ နမ်နူးကဖြေကြားလိုက် ကြက်ဖကအကြိမ်ကြိမ်တွန်လိုက်ဖြစ်နေ၍ နောက်ဆုံးကြက်ဖကိုသတ်ပစ်လိုက်ပြီး မေးမြန်းကြသည့်အခါ နမ်နူးက စိတ်တိုလာကာ "လူသေအလောင်းကို မီးရှို့ပစ်လိုက်ပါ၊ ကြွင်းကျန်သောအရိုးကို အိုးတစ်လုံးထဲထည့်ပြီး ကျောက်ပြားအောက်တွင်သိမ်းဆည်းထားလိုက်ပါ" ဟူ၍ မိန့်ကြားလိုက်သည်ဆိုကြသည်။ သို့ကြောင့် နောက်ဆုံး ရှင်းရှင်းလင်းလင်းကြားလိုက်ရသော အမိန့်စကားအတိုင်း လိုက်နာကျင့်သုံးလာခဲ့ကြသည်ဟုလည်း ပြောဆိုကြလေသည်။

နောင်တွင် တဖြည်းဖြည်းကာလကြာသော် လူသားတို့သည် သေသူကို နောက်တစ်ကြိမ်ပြန်၍ အသက်သွင်းမရတော့ကြောင်းကို သိကြသည်။ သို့ရာတွင် ကြက်တစ်ကောင်၏လည်မျိုကို တအားညှစ်၍ဆုပ်ကိုင်ထားလျှင် မကြာမီ ကြက်သည်ဆန့်ငင်ရင်းသေသွားသည်။ ငါးမိနစ်ခန့်ထားပြီးနောက် ကြက်၏ပါးစပ်ထဲလေကိုခြောက်ကြိမ်ခန့် မှုတ်သွင်းပေးလိုက်သည့်အခါ ကြက်သည်ပြန်ရှင်လာသည်ဆို၏။ ဤအချက်ကို လူသားများက နမ်နူးအမှန်စကားမိန့်ကြားချက်ကို ကြက်က နည်းယူပြီး ပြောစကားမမှတ်မိစေရအောင် အကြိမ်ကြိမ်တွန်၍ဟန့်တား

www.burmeseclassic.com

www.burmeseclassic.com



ခြင်းဖြစ်သည်ဟု ယူဆလာခဲ့ကြောင်း နောက်တစ်မျိုးအဋ္ဌာရီတစ်ပိုဒ်တွင်လည်း ပြောဆိုကြသည်။

မည်သို့ပင် ပုံပြင်ဒဏ္ဍာရီတို့ကဆိုကြစေ၊ လူသေလျှင် အရိုးကို သိမ်းဆည်းထားနိုင်ကြရန်အတွက် ကျောက်ဖျဉ်၊ ကျောက်ပြားကြီးများ အသင့်ရှိကြစေရန်၊ ကျောက်ဖျဉ်ချီပွဲပြုလုပ်ကြသည်မှာ ထင်ရှားနေပေသည်။ ထိုသို့သော ယုံကြည်သက်ဝင်မှုများဖြင့် ချောင်းထဲမှ ကျောက်ပြားကြီးများကို လူစုလူဝေးဖြင့်ဝိုင်းဝန်းမချီယူပြီး သင့်တော်ရာ မိမိတို့ ကြိုက်နှစ်သက်ရာနေရာတို့တွင် အမှတ်အသားထားရှိလာကြသည့် ဓလေ့မှာ ကာလရှည်ကြာသော် အမြစ်တွယ်ခိုင်မာလာခဲ့ပြီး ပွဲလမ်းဖြင့် စည်ကားစွာကျင်းပကြသည့် ရိုးရာဓလေ့ထုံးစံပွဲတစ်ပွဲဖြစ်လာပေသည်။

လူသေဆုံးလျှင် အသုဘရျာပနကိစ္စများကိုလည်း မဖြစ်မနေ ဆောင်ရွက်ကြရသည်ဖြစ်ရာ အသင့်ဖြစ်စေရန်အတွက် ကျောက်ဖျဉ်ချီ ပွဲကိုကြိုတင်စီစဉ်၍ မိမိတို့မျိုးနွယ်စုအလိုက် တခမ်းတနားကျင်းပပြုလုပ်ထားရှိကြလေသည်။

### ကျောက်ဖျဉ်ချီပွဲကျင်းပပြုလုပ်ပုံ

ကျောက်ဖျဉ်ချီပွဲကို ပွဲရက် ၆ ရက်ကျင်းပကြသည်။ ပွဲရှင်သည် မိမိချီမည့်ကျောက်ဖျဉ်ကြီးကို ချောင်းများ၌ ကြိုတင်ရှာဖွေကြည့်ရှုမှတ်သားထားကြရသည်။

### လွန်အွမ် (ခေါ်) အကြိုပွဲကျင်းပခြင်း

ကျောက်ဖျဉ်ကြီးချီမပွဲမပြုလုပ်မီ လွန်အွမ်ခေါ် အကြိုပွဲပြုလုပ်ကြရသည်။ ၄င်းနေ့တွင် 'ခွန်ထုံ' ခေါ် နတ်တိုင်စိုက်ထူရပြီး ကျွဲ (သို့မဟုတ်) နွားနောက်တစ်ကောင်ကိုချီပြီး သတ်ရသည်။



မိမိချီမည့် ကျောက်ဖျဉ်ကြီးရှိရာချောင်းအတွင်းမှ ကျောက်ရေစ်ခဲအစအနများကိုထုခွဲပြီး ခြင်းတောင်းငယ်နှင့်ထည့်ယူလာကာ 'ခသူး' ခေါ် နတ်ပဆန်းတို့က သတ်မှတ်ထားသော နွား၊ ဆိတ်၊ ခွေး၊ ကြက် စသည့်တိရစ္ဆာန်တို့၏သွေးများနှင့် ပက်ဖျန်းပေးပြီး ဆိုင်ရာနတ်များကို ပင့်ဆောင်ကြခြင်း၊ ဆုတောင်းကြခြင်းများ ပြုလုပ်ပေးကြသည်။ အိမ်စောင့်နတ်၊ ရွာစောင့်နတ်၊ တောစောင့်နတ်၊ တောင်စောင့်နတ်၊ ချောင်းစောင့်နတ်၊ ကောင်းကင်စောင့်နတ်၊ ကိုယ်စောင့်နတ် စသည်ဖြင့် တိုင်တည်ပသလေ့ရှိကြသည်။

### ဒုတိယနေ့ 'တီလွှဲတိုထား'

အဓိပ္ပာယ်မှာ ရေသွယ်ယူခြင်းနှင့် စက်ကွင်းတပ်ဆင်သောနေ့ဟုခေါ်သည်။ ပွဲကျင်းပစဉ် ရေကိုလုံလောက်စွာသုံးစွဲနိုင်ရန်အတွက် ရေစမ်းထွက်ပေါက်များမှရေကို ပွဲကျင်းပရာနေအိမ်အရောက် ဝါးတံလျှောက်များဖြင့် အဆင့်ဆင့်သွယ်ယူကြသည်။ ရေမသွယ်ယူနိုင်သောနေရာများတွင် အိမ်အနီး၌ ရေတံလျှောက်ပြုလုပ်ထားပြီး ချောင်းထဲမှ ရေကိုခပ်ယူကာ လောင်းထည့်ကြသည်။ (ရေတံလျှောက်နှင့် ရေသွယ်ယူခြင်းသဘော (စတီ) ပြုလုပ်ကြခြင်းဖြစ်သည်။)

ထို့နောက် ပွဲလာပရိသတ်တို့အနက်မှ လေးပစ်ဝါသနာပါသူများ လက်တည့်စမ်းပစ်ခတ်ကြရန်အတွက် သစ်သားဖြင့်ပြုလုပ်ထားသော စက်ဝိုင်းပုံပစ်မှတ်တစ်ခုကို အိမ်ပေါ်မှမြင်သာသည့် သစ်ပင်တစ်ပင်တွင် ချိတ်ဆွဲပေးထားရသည်။ (စက်ကွင်းတပ်ဆင်ခြင်းဟုခေါ်သည်။)

ပွဲကျင်းပရန်အတွက် ကြိုတင်ရှာဖွေဖြင်ဆင်ထားသော နတ်တိုင်များကို သတ်မှတ်နေရာတွင်စိုက်ထူကြသည်။ နွားခြောက်ကောင်

www.burmeseclassic.com

www.burmeseclassic.com



သတ်မည်ဆိုလျှင် နတ်တိုင်ခြောက်တိုင်စိုက်ထူကြရသည်။ ရေသွယ်ဖျ ခြင်း ခက်တွင်း၊ ပဲမှတ်ချိတ်ဆွဲခြင်း၊ နတ်တိုင်များစိုက်ထူခြင်းအတွက် တိရစ္ဆာန်တစ်ကောင်ကောင်ကိုသတ်ပြီး ကျွေးမွေးဧည့်ခံကြသည်။

**ကျောက်ထည့်ချိမခြင်း**

ပွဲကျင်းပရာသို့ ဆွေမျိုးပရိသတ်တို့ စုံညီစွာရောက်ရှိလာကြ သောအခါ (လုံ့အွမ်) ကျင်းပစဉ်က ကြိုတင်ရှာဖွေသတ်မှတ်ထားပြီး သော ကျောက်ပြားကြီးကို ချောင်းထဲမှတင်မည့် ရည်မှန်းသတ်မှတ် ထားသောနေရာသို့အရောက် ဝိုင်းဝန်းမယူသယ်ရွှေ့ကြသည်။ ၎င်းနေ့၌ ရွာစောင့်နတ်အတွက် ဝက် (၄)၊ ကြက် (၅) ကောင်၊ ကောင်းကင် စောင့်နတ်အတွက် ဝက် သို့မဟုတ် ဆိတ်တစ်ကောင်နှင့် ကြက် တစ်ကောင်၊ အိမ်စောင့်နတ်အတွက် ကြက်တစ်ကောင်တို့ သတ်ပေးကြ ပြီး ၎င်းသတ်သောတိရစ္ဆာန်တို့၏အသွေးအသားဖြင့် နတ်ဆရာ၊ နတ် ပဆန်းတို့က ဆိုင်ရာနတ်များကို ပူဇော်ပသတင်မြှောက်ပေးကြ လေသည်။

**တတိယနေ့ (ပွိစုံ) နေ့ဟုခေါ်သည်**

အဓိပ္ပာယ်မှာ လူစုံသောနေ့ဟုဆိုသည်။

၎င်းနေ့တွင် ကြွရောက်လာသောဧည့်ပရိသတ်များကို ဝက်ထီး ကြီးတစ်ကောင် (သို့မဟုတ်) နွားတစ်ကောင်သတ်၍ နံနက်စာဖြင့် ကျွေးမွေးဧည့်ခံသည်။ ထိုနေ့ပွဲ၌ပင် ပရိသတ်များအား ခေါင်ရည်ငင်ပြီ ဝေငှပေးရသူနှင့် သီချင်းဆိုကခုန်ရာတွင် ဦးစွာပထမသီဆိုကပြရမည့် သူကို ရွေးချယ်သတ်မှတ်၍ တာဝန်ပေးကြသည်။ (ထိုသို့ ရွေးချယ် သတ်မှတ်တာဝန်ပေးခံရသူက ဦးစွာကခုန်သီဆိုမှသာ ကျန်လူများက လိုက်ပါသီဆိုကခုန်ရခြင်း ထုံးစံရှိသည်။)



**စတုတ္ထနေ့ (ခိန်ထီး)**

အဓိပ္ပာယ်မှာ အကောင်များသတ်သည့်နေ့ဟုဆိုသည်-

၎င်းနေ့၌ လေးပစ်ဝါသနာရှင်တို့သည် ပွဲရှင်တပ်ဆင်ပေးထား သောပစ်မှတ် (စက်ကွင်း) ကို တပျော်တပါး ဝိုင်းဝန်းပစ်ခတ် လက် တည့်စမ်းကြသည်။ ပွဲတစ်ပွဲလုံးတွင် လင်းကွင်း၊ မောင်း၊ စည်၊ ရိုးရာတူရိယာသုံးမျိုးကို စည်းချက်ကျတီးခတ်ပေးပြီး ကခုန်ပျော်မြူး ကြသောနေ့ဖြစ်ပေသည်။

နံနက်ကိုးနာရီခန့်တွင် နတ်တိုင်များ၌ သတ်ဖြတ်ရမည့်ကျွဲနွား များကို နတ်တိုင်တစ်တိုင်လျှင်တစ်ကောင်ကျ သတ်မှတ်အရည် အတွက်အတိုင်း ချည်နှောင်ရသည်။ ၎င်းနတ်တိုင်များ၏နောက်တွင် ဝက်တစ်ကောင်နှင့် ဆိတ်တစ်ကောင်ကိုသတ်ပြီး ချက်ပြုတ်ကျွေးမွေး ကြသည်။ နတ်ဆရာ နတ်ပဆန်းတို့က ဦးစွာအရင်ဆုံး ကခုန်ရပြီး နောက် ဒုတိယအလှည့် အိမ်ရှင်ပွဲရှင်တို့က (ခြောက်ချီ) ကပြရသည်။ ထို့နောက် အကခေတ္တရပ်နားပြီး နတ်တိုင်တွင်ချည်ထားသော အကောင် များကို တစ်ကောင်ပြီးတစ်ကောင် သတ်ရလေသည်။

ထိုသားကောင်များ၏ အသားများကိုကြိုက်သလိုချက်ပြုတ် စားသောက်စေလျက် ခေါင်ရည်အိုးကို ပွဲလာပရိသတ်တို့အား အလုံ အလောက်တိုက်ကျွေးကြသည်။

www.burmeseclassic.com

www.burmeseclassic.com



## ထွမနေ့ (လုံထောင်)

အခ်ိဳ႕ဟာယ်မှာ ကျောက်ပျဉ်တင်သောနေ့ဖြစ်သည်။

ဒုတိယနေ့ကသယ်ယူထားရှိသော ကျောက်ပျဉ်ကြီးကို သတ်မှတ်ရွေးချယ်ထားသောနေရာတွင် ကျောက်တုံးရှည်ကြီးများကို ဖိုခနောက်ဆိုင်စိုက်ထူပြီး ၎င်းအပေါ်သို့ ဝိုင်းဝန်းချီမတင်ကြသည်။ ထိုသို့မချီမတင်ခင်တွင် ပွဲရှင်ကို ကျောက်ပြားကြီးပေါ်သို့တက်စေ၍ ထိုင်ခိုင်းပြီး ပရိသတ်လူထုကြီးက မချီလိုက်၊ ချလိုက်ဖြင့် ခြောက်ကြိမ် တိတိပြုလုပ်ကြပြီး ဂုဏ်ပြုကြသည်၊ ပြီးမှ ကျောက်ပြားကြီးကို တင်ထားလိုက်ကြတော့သည်။ ပြီးလျှင်ဝက်တစ်ကောင်ကိုသတ်၍ ချက်ပြုတ်စားသောက်ကြပြီး အရိုးနှင့်ဦးခေါင်းခွံများ၊ သတ်ခဲ့ပြီးသော ကျွဲနွားတို့၏ခွာများကို ကျောက်ပြားကြီးပေါ်တင်၍ နတ်ဆရာ နတ်ပဆန်းတစ်ဦးက ကျောက်ပြားပေါ်သို့တက်ကာ ခေါင်ရည်များအနှံ့ ပက်ဖျန်းပြီး ဆိုင်ရာ ပိုင်ရာနတ်များကို ပင့်ဖိတ်ကြတော့သည်။

နတ်များပင့်ဖိတ်နေကြ ကျောက်ပြားကြီးကိုလည်းကောင်း၊ ပွဲရှင်မိသားစုတို့ကိုလည်းကောင်း၊ အစစအရာရာကူညီစောင်မကြည့်ရှုပါရန် တိုင်တည်ပြောဆိုပေးကြသည်။ ထိုသို့ တိုင်တည်ဆုတောင်းပေးပြီးသည့်အခါ နတ်ဆရာကသီချင်းဆိုပြီး တဖြည်းဖြည်းချင်းလှမ်း၍ အိမ်သို့ပြန်သွားရာ ပရိသတ်များကလည်း နောက်မှတစ်ပါတည်းလိုက်သွားကြလေသည်။

ရွာအတွင်းသို့ရောက်ပြီး အိမ်ပေါ်သို့မတက်မီ လှေကားဦးတွင် နတ်ဆရာများနှင့် ရွာရှိလူကြီးလူကောင်းများကို အိမ်တွင်ကျန်ရစ်နေသူများက ထမ်းပိုးပြီးအိမ်တွင်းသို့ခေါ်ယူကြသည်။ ထိုအချိန်တွင် ဆိုင်းအဖွဲ့က မြိုင်မြိုင်ဆိုင်ဆိုင်တီးခတ်ပေးကြသည်။ ထမ်းသူက အိမ်



ခန်းကိုလက်ျာရစ်လှည့်ပတ်ကကြရသည်။ ဆိုင်းသံရပ်သွားလျှင် အထမ်းဖြင့်လူတို့က အိမ်ရှေ့ကြမ်းပြင်သို့ အလျှင်အမြန်ပြန်ထွက်ကြသည်။ ထိုသို့ထွက်လိုက်ကလိုက်ဖြင့် ခြောက်ချီပြီးဆုံးပါက ကျောက်ပျဉ်ချီပွဲကြီးသည် အောင်မြင်စွာပြီးဆုံးလေသည်။

## ဆဌမနေ့

နောက်ဆုံးရက် နံနက်စောစောတွင် ကြက်ဥတစ်လုံးဖြင့် အိမ်ရှေ့နတ်ကိုပူဇော်ပသပြီး ပွဲအတွင်းက သတ်ဖြတ်သော တိရစ္ဆာန်များ၏ အားရှက်၊ အူ စသည့်အညစ်အကြေးဟူသမျှကို ဝေးရာတောထဲရှိ သစ်ပင်တစ်ပင်သို့ သွားရောက်ပို့ဆောင်ကြလေသည်။ ဤတွင် ကျောက်ပျဉ်ချီပွဲကား ဆုံးခန်းတိုင်ပါ၏။

ထိုသို့သော ကျောက်ပျဉ်ချီပွဲသည် ချင်းတို့ရိုးရာဓလေ့ထဲတွင် အကုန်အကျအတော်များများခံကာ တတ်နိုင်သမျှအစည်ကားဆုံးဖြစ်အောင် ကျင်းပကြလေ့ရှိပေသည်။ တစ်ကြိမ်ကျင်းပကြလျှင် ခေါင်အိုးအလုံး (၅၀) ခန့်၊ ကျွဲနွား အနည်းဆုံး (၂) ကောင်ခန့်ဖြင့် ကျင်းပကြသည်။ တတ်နိုင်သူတို့ကလည်း ပိုမိုကျင်းပကြရာတွင် ကျွဲနွား (၃) ကောင်၊ (၅) ကောင်၊ (၁၀) ကောင်မှ အကောင် (၆၀) ထိပင် သတ်ဖြတ်ကျင်းပကြလေ့ရှိပေသည်။ ထို့ပြင် ဆိတ် (၅) ကောင်၊ ဝက် (၁၀) ကောင်၊ ကြက်အကောင် (၃၀) ခန့်အထိလည်း ကုန်ကျကြရသည်။ ငွေကြေးပမာဏအားဖြင့် အနည်းဆုံး ကျပ် (၂၀၀၀) ခု (၅၀၀၀) အထိပင် အကုန်အကျခံကာ ကျင်းပကြသည်။ (ယခုခေတ်ဆိုလျှင် ကျပ်သိန်း (၂၀) မှ (၅၀) ခန့်အထိ ရှိနိုင်ပါသည်။)

ကန်ပက်လက်မြို့နယ်တွင် တစ်ကြိမ်တည်းဖြင့် နွားအကောင်

www.burmeseclassic.com

www.burmeseclassic.com



(၆၀) သတ်၍ ကျောက်ပျဉ်ချိုပွဲကျင်းပနိုင်သူမှာ လွယ်ဒုတ်ရွာ ချောင်းအုပ်ထုံနိုင် (ကွယ်လွန်) နှင့် မကြားရွာမှ ဟုန်းကွီး (ကွယ်လွန်) တို့ဖြစ်ကြောင်း မှတ်တမ်းတင်ထားခြင်းကို လေ့လာရသည်။

အချုပ်အားဖြင့် ကျောက်ပျဉ်ချိုပွဲသည် ယုံကြည်မှုရိုးရာဓလေ့အရ မိမိတို့သေဆုံးသည့်အခါ အရိုးများကို ကျောက်ပျဉ်အောက်၌ လုံခြုံကျနစွာသိမ်းဆည်းထားနိုင်ရေးအတွက် မသေမီကပင်အသင့်ဖြစ်အောင် ကြိုတင်စီမံကြခြင်းသာဖြစ်ပေသည်။ ထို့ကြောင့် မျိုးနွယ်စုတစ်ခုမှချိုထားသော ကျောက်ပျဉ်ကြီးအောက်တွင် သက်ဆိုင်သူမျိုးနွယ်စုတို့မှအပ အခြားသောမျိုးနွယ်စုတို့မှ သေသူ၏အရိုးများကို သိမ်းဆည်းခြင်း မပြုကြရပေ။ အကယ်၍ စည်းကမ်းဖောက်ဖျက်၍ လာရောက်ထားရှိပါက လျော်ကြေးပေးရခြင်းထုံးစံရှိပေသည်။ သို့ကြောင့် မိမိတို့ဘ၀တစ်သက်တာ မျက်နှာမငယ်ရစေရေးအတွက် ကျောက်ပျဉ်ချိုမထားခြင်းကို အလေးအနက်ထားကြရသည်။

အကုန်အကျအနည်းအကျဉ်းမျှဖြင့် ကျင်းပ၍ရသည့်တိုင် တတ်နိုင်သလောက် မိမိတို့ဂုဏ်သိက္ခာအဆင့်အတန်းအလိုက် ဂုဏ်သတင်းကျော်စောစေခြင်း၊ နာမည်ကျော်ကြားစေခြင်းဖြင့် ဘ၀မှတ်တမ်းသမိုင်းတင်ရစ်စေရအောင် များစွာအကုန်အကျခံကာ အစည်ကားဆုံးဖြစ်အောင် ကျင်းပကြလေ့ရှိပေသည်။

## အသုဘချပုံဓလေ့များ

ကန့်ပက်လက်မြို့နယ်တွင် အဓိကလူမျိုးနွယ်အားဖြင့် (၅) ခုရှိပြီး အသေးစိတ်မျိုးနွယ်စုပေါင်းသည် (၄၁) မျိုးပင်ရှိကြရာ ရိုးရာဓလေ့ထုံးစံအလိုက် အသုဘချပုံ၊ အသုဘခံပုံအမျိုးမျိုးတို့မှာ အနည်း



ငယ်စီကွဲပြားခြားနားမှုရှိကြသည်။ သို့ရာတွင် အခြေခံအားဖြင့် တူညီမှုများပါသည်။ ကန့်ပက်လက်ဒေသ ချင်းတိုင်းရင်းသားမျိုးနွယ်စုတို့အလိုက် အသုဘရှုဓလေ့ထုံးစံအမျိုးမျိုးအနက်မှ ဒိုင်ချင်းမျိုးနွယ်တို့၏ အသုဘရှုဓလေ့ထုံးစံတစ်ခုကို လေ့လာခဲ့ရသည်။ ပလက်ဝမြို့နယ် ခမီးချင်းတို့ဒေသမှ အသုဘရှုပုံဓလေ့ထုံးစံများနှင့် အသွင်မတူခြားနားမှုများကို နှိုင်းယှဉ်လေ့လာနိုင်ပေသည်။

## ဒိုင်ချင်းမျိုးနွယ်တို့၏ အသုဘရှုဓလေ့

ဒိုင်ချင်းမျိုးနွယ်တို့၏ အသုဘရှုဓလေ့တွင်-

- ရိုးရိုးသေသူအသုဘနှင့်
- အစိမ်းသေသူအသုဘဓလေ့ထုံးစံကို နှစ်မျိုးကွဲပြားစွာတွေ့ရှိရသည်။

**အခြားရွာတွင် ရိုးရိုးသေဆုံးလျှင်။** ။ ကျေးရွာသားတစ်ဦးသည် အကြောင်းကိစ္စတစ်ရပ်ရပ်ဖြင့် ခရီးသွားလာစဉ် အခြားရွာ၌ ရိုးရိုးဖျားနာသေဆုံးသွားခဲ့သော် အိမ်ရှင်ဖြစ်သူက မိမိတို့တတ်အားသမျှဖြင့် တစ်ညဖြစ်စေ၊ နှစ်ညဖြစ်စေ အသုဘခံပေးရသည်။ သေသူ၏ ကျေးရွာသို့လည်း အလောင်းကိုပြန်ပို့ပေးကြရသည်။

ရိုးရိုးကျန်းမာရေးအရ သေဆုံးခြင်းမျိုးမဟုတ်ဘဲ သောက်စားမှုလွန်ကျူး၍ အိမ်ပေါ်မှလိမ့်ကျသေဆုံးခြင်း၊ ချော်လဲဒဏ်ရာရမှုဖြင့် သေဆုံးသွားခြင်းတို့ဖြစ်လျှင် အိမ်ရှင်ကသေဆုံးသူ၏ ကျန်ရစ်သူမိသားစုတို့အား ရွှေနားဘက်နှစ်ကျပ်သား (သို့မဟုတ်) နွားနောက်အထီးကြီးတစ်ကောင်ဖြင့် သေသူ၏အသက်ဖိုးသုံးပုံတစ်ပုံအဖြစ် ပေးလျော်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် သေဆုံးသူသည် အိမ်ရှင်ဖြစ်သူက ယင်း၏ကိစ္စအကြောင်းကြီးငယ်ဆောင်ရွက်ပေးနိုင်ရန် အောင်တမန်သဘောဖြင့်ဖြစ်စေ အခြားပစ္စည်းတစ်စုံတစ်ရာကို မည်၍မည်မျှပေးပါမည်ဟု ဝန်ခံကတိပြုကာ ခေတ္တခဏခေါ်ယူထားရင်း သေဆုံးခြင်းဖြစ်ပါလျှင် အသက်ဖိုး ထက်ဝက်ကျော်ပေးလျော်ကြရပေသည်။ ထို့ပြင် အိမ်ရှင်က တစ်ည (သို့မဟုတ်) နှစ်ညမျှ အသုဘခံပေးရသည်။ အသက်ဖိုးထက်ဝက်သည် ရွှေနားဘက်သုံးကျပ်သား တစ်ရန့်၊ နွားနောက်ထီးကြီး တစ်ကောင်နှင့် နွားနောက်မကြီးတစ်ကောင် ပေးလျော်ရခြင်း ဖြစ်ပေသည်။

**ကျေးရွာချင်း မနီးကပ်ခဲ့သော်။** ။ သေဆုံးသူ၏ နေထိုင်ရာကျေးရွာသည်ဝေးလံ၍ အလောင်းကိုပြန်ထမ်းပို့ရန် အခက်အခဲရှိလျှင် သက်ဆိုင်သူဆွေမျိုးသားချင်းများကို အကြောင်းကြားခေါ်ယူ၍ အသုဘခံကာ မီးသင်္ဂြိုဟ်ပေးကြသည်။ သေသူ၏အရိုးကိုကောက်၍ မြေအိုးတွင်ထည့်ကာ အလောင်းထမ်းပြန်ကြသည့်သဘောဖြင့် သယ်ယူသွားကြသည်။

## နေထိုင်ရာကျေးရွာတွင် ရိုးရိုးသေဆုံးလျှင်

ကျေးရွာသားတစ်ဦးသည် ၎င်းနေထိုင်ရာကျေးရွာနေအိမ်တွင် သေဆုံးခဲ့သော် ပထမဦးစွာ -

- အသက်ပြတ်သည်နှင့်တစ်ပြိုင်နက် သေနတ်ကိုတတ်နိုင်သမျှ ပစ်ဖောက်ပေးကြပြီး မောင်းတီးကြသည်။
- သေနတ်ဖောက်ပြီးလျှင် အသုဘပဆန်းဆရာကို ခေါ်ကြသည်။ ထိုအသုဘတို့တွင် အများအားဖြင့် အမျိုးသမီး



ပဆန်းဆရာများကိုသာ ခေါ်လေ့ရှိကြသည်။

- ပဆန်းဆရာရောက်လာသည့်အခါတွင် အသုဘခေါင်းရင်းတွင် ခေါင်အိုးတစ်လုံး၊ ခြေရင်းဘက်တွင် ခေါင်အိုးတစ်လုံးထိပ်ပြီး ပဆန်းဆရာက ၎င်းခေါင်ရည်တို့ဖြင့် အသုဘခေါင်းရင်းတွင်တစ်ကြိမ်၊ ခြေရင်းတွင်တစ်ကြိမ် ပက်ဖျန်းပေးသည်။ ကြက်တစ်ကောင်ကိုလည်းသတ်ပြီး အနည်းငယ်မီးမြှိုက်၍ အလောင်း၏ခေါင်းရင်းသို့ ဦးစောက်ချိတ်ဆွဲပေးထားလိုက်သည်။

ထိုသို့သော သေသူအလောင်းကိုစီမံပြီးသည့်အခါ ရိုးရာတူရိယာမောင်းများကိုတီးခတ်၍ ပဆန်းဆရာကစပြီး အရင်ဆုံးကရပေသည်။ ကရာတွင်လည်း သတ်မှတ်ချက်ရှိကြသည်။ သေသူသည် ယောက်ျားဖြစ်ပါက ပဆန်းဆရာက ခြောက်ကြိမ်တိတိကပေးရပြီး မိန်းမဖြစ်ပါက ငါးကြိမ်တိတိကပေးကြသည်။ အသုဘခံနေစဉ်ရက်အတွင်း ညပိုင်းတွင် အသုဘရှုလာပရိသတ်များကလည်း ထုံးစံအရ မိုးလင်းကပေးကြရသည့် အသုဘပွဲခလေ့ရှိပေသည်။

### ဒုတိယနေ့

၎င်းနေ့တွင် အိမ်ရှင်က မိမိတို့တတ်အားသမျှ ကြက်၊ ဝက်၊ ဆိတ်၊ ခွေး စသည်တို့သတ်၍ ဧည့်ပရိသတ်များကို ဧည့်ခံကျွေးမွေးကြရသည်။

### တတိယနေ့

၎င်းနေ့တွင် အသုဘသို့ရောက်လာသော ဆွေမျိုးသားချင်းများက မိမိတို့တတ်အားသရွေ့ တိရစ္ဆာန်များကိုသတ်ပြီး ဧည့်ပရိသတ်များ

www.burmeseclassic.com

www.burmeseclassic.com



ကိုကျွေးမွေးဧည့်ခံကာ အသုဘခံပေးကြရသည်။ ထိုသို့ဆွေမျိုးများက အသုဘခံပေးရာတွင် -

- သေဆုံးသူသည် သမက်မျိုးဖြစ်ပါက ယောက္ခမမျိုးဘက်မှ ဝက်သတ်၍ အသုဘခံပေးရသည်။ သေသူအမျိုးတို့ဘက်ကလည်း ခေါင်တစ်လုံးထိပ်ပေးပြီး ကြက်တစ်ကောင်သတ်၍ကျွေးမွေးကာ ဓားတစ်ချောင်းပြန်ပေးအပ်ကြသည်။ ထိုသို့ ပြန်လည်တုံ့ပြန်ပေးခြင်းသည် သေသူကောင်းရာ သုဂတိလားပါစေကြောင်း ရောက်ရာဘဝ၌ သာယာဝပြော၍ အေးချမ်းစွာနေထိုင်နိုင်ပါစေကြောင်း ရည်ရွယ်ဆုတောင်းဖြင့် ပြုလုပ်ကြခြင်းဖြစ်လေသည်။
- သေသူသည် ယောက္ခမမျိုးဖြစ်ပါက သမက်မျိုးဘက်မှ ဆိတ် (သို့မဟုတ်) နွား၊ နွားနောက်တို့ကိုသတ်၍ အသုဘခံပေးကြရသည်။ သေဆုံးသူအမျိုးတို့ဘက်ကလည်း ပြန်၍ခေါင်တစ်လုံးထိပ်ပေးပြီး ဝက်တစ်ကောင်သတ်၍ ကျွေးမွေးဧည့်ခံကြရသည်။ ချင်းရိုးရာစောင်တစ်ထည်တုံ့ပြန်ပေးသည်။ သေသူအတွက် ကောင်းရာသုဂတိလားပါစေကြောင်း ရည်ရွယ်ဆုတောင်းဖြင့် ပြုလုပ်ကြခြင်းဖြစ်လေသည်။

## စတုတ္ထနေ့

မီးသဂြိုဟ်သောနေ့ဖြစ်သည်။ ၄င်းနေ့၌ အလောင်းကိုအိမ်ထဲမှ အပြင်သို့မထုတ်မီ အသုဘပဆန်းဆရာက ယောကျ်ားအသုဘဖြစ်လျှင် (၆) ကြိမ်၊ မိန်းမအသုဘဖြစ်လျှင် (၅) ကြိမ် ကပေးပြီးမှအပြင်သို့



ထုတ်ကြသည်။ သေနတ်ကိုလည်း တတ်နိုင်သလောက်ပစ်ဖောက်ပေးကြပြီး အတီးအမှုတ်များဖြင့် အသုဘချကြသည်။ သင်္ချိုင်းသို့ရောက်၍ မီးသဂြိုဟ်နေကြစဉ်အတွင်းလည်း သေနတ်ပစ်ဖောက်ပေးကြသည်။ မီးသဂြိုဟ်ပြီးစီးသည့်အခါ ကြွင်းကျန်သောအရိုးများကိုကောက်၍ မြေအိုးနှင့်ထည့်ကာ အစဉ်အဆက်မှ သတ်မှတ်ထားရှိလာခဲ့သော ကျောက်ဖျဉ်ကြီးအောက်တွင် ကောင်းစွာမြှုပ်နှံသိမ်းဆည်းပြီး ပြန်လာခဲ့ကြတော့သည်။

အိမ်သို့ပြန်ရောက်သည့်အခါ အသုဘသဂြိုဟ်ရာတွင် အစိုက ကူညီလုပ်ကိုင်ပေးသူများကိုရည်ရွယ်၍ ခေါင်တစ်လုံးထိပ်ပြီး ဧည့်ခံကျွေးမွေးကြသည်။ လိုက်ပါသူပရိသတ်များကိုလည်း ခေါင်ရည်ဖြင့် ကျွေးမွေးဧည့်ခံကြသည်။

## လိပ်ပြာလွှတ်ပွဲ

သေဆုံးသူသည် အမျိုးသမီးဖြစ်ပါက ကျန်ရစ်ခဲ့သောအဝတ်အစား၊ ပုတီး၊ လက်ကောက်၊ နားတောင်း၊ ဆံထိုး စသည့်အသုံးအဆောင်တို့ကိုလည်းကောင်း၊ သေဆုံးသူသည် အမျိုးသားဖြစ်ပါက ခေါင်းပေါင်း၊ ပုတီး၊ လက်ကောက်၊ နားဘက်၊ ဓား၊ ပလိုင်း စသည့်အသုံးအဆောင်တို့ကိုလည်းကောင်း တောင်းတစ်လုံးပေါ်တင်၍ အိမ်ရှေ့အိမ်ဦးတိုင်ရှေ့တွင် အဆင်အယင်များဖြင့် စီရင်တင်ထားကြရသည်။

ထိုသို့ပြုလုပ်ခြင်းမှာ သေသူ၏ဝိညာဉ် (လိပ်ပြာ) သည် ကျန်ရစ်သူမိသားစုများထံပါး၌ ရှိနေသေးသည်ဟူသော အယူအဆ အမှတ်အသားဖြင့် လိပ်ပြာချုပ်ထားခြင်းဖြစ်သည်ဟု ဆိုကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက်မှ သေဆုံးသူသည် အပယ်ဘုံသို့မကျရောက်စေရအောင် လွတ်လပ်စွာဖြင့် ကောင်းရာမွန်ရာဘဝသို့ရောက်စေရန် ရည်ရွယ်ချက်ဖြင့် လိပ်ပြာဖျက်ပွဲဟူ၍ ပြုလုပ်ပေးလေ့ရှိကြသည်။

## လိပ်ပြာဖျက်ပွဲ

လိပ်ပြာဖျက်ပွဲကို ရက်အကန့်အသတ် ထားခြင်းမရှိကြပေ။ အိမ်ရှင်တို့က တတ်နိုင်သလောက် ဝက်၊ ဆိတ်၊ နွားနောက်တို့ကိုသတ်၍ တစ်ညဖြစ်စေ၊ နှစ်ညဖြစ်စေ ကျင်းပပြုလုပ်ပေးကြသည်။ ခေါင်ဖြင့် တိုက်ကျွေးဧည့်ခံကြသည်။

နွား၊ နွားနောက်တို့ဖြင့် ကျွေးမွေးပြီးပွဲလုပ်ပါက ရိုးရာအတီးအမှုတ်အကအခုန်များပါဝင်ပြီး သို့မဟုတ်ပါက အတီးအမှုတ်အကအခုန်များမပါဝင်ဘဲလည်း ကျင်းပနိုင်ကြသည်။

ထိုပွဲ၌ တောင်းပေါ်တွင်တင်ထားသော သေသူ၏ကျန်ရစ်သော အသုံးအဆောင်ပစ္စည်းများကို ပြန်လည်ဖျက်သိမ်းပေးပြီး လိပ်ပြာဖျက်ပွဲပြုလုပ်ခြင်းကို ပြီးဆုံးစေကြသည်။ သေဆုံးစဉ်ကကဲ့သို့ သေနတ်များပစ်ဖောက်ပေးလေ့ရှိကြလေသည်။

## အစိမ်းသေသူ အသုဘရှုဓလေ့

အစိမ်းသေသူသည် တောထဲတောင်ထဲတစ်နေရာတွင် သေဆုံးခြင်းဖြစ်ပါက အလောင်းတွေ့ရသည့်နေရာတွင် ခွေးထီးဖြစ်စေ၊ ခွေးမဖြစ်စေ တစ်ကောင်ယူသွားပြီး သတ်ပေးရသည်။ ထိုသို့ အလောင်းအနီးတွင် ခွေးသတ်ပေးခြင်းဖြင့် သေဆုံးသူ၏ဝိညာဉ် (လိပ်ပြာ) သည် ကျန်ရစ်သူမိသားစု ဆွေမျိုးသားချင်းတို့အား အနှောင့်အယှက် ဘေးအန္တရာယ် တစ်စုံတစ်ရာမပေးနိုင်စေရန် ကာကွယ်သည့်သဘော



ရည်ရွယ်သတ်ပေးခြင်းဖြစ်ပေသည်။ ထိုသို့ထုံးစံအရ သတ်သောခွေးကို လုံးဝမစားရချေ။

သေသူသည် ယောက္ခမမျိုးဘက်ဖြစ်ပါက ယောက္ခမမျိုးဘက်ရှိသူများနှင့် ဆွေမျိုးရင်းချာများကသာ အလောင်းကိုကိုင်ဆောင်စီမံခွင့်ရှိပြီး သမက်မျိုးဘက်မှ မည်သူမျှအလောင်းကို ကိုင်ဆောင်လုပ်ကိုင်ခွင့်မရှိကြချေ။ ထို့ကြောင့် ကိုင်ဆောင်ခွင့်ရှိသူတို့ကသာ အလောင်းကို ရွာတွင်းသို့ ထမ်းယူလာခဲ့ကြပြီး အသုဘခံပေးကြရလေသည်။

ထိုသို့သက်ဆိုင်သူများက အလောင်းကိုထမ်းယူလာကြပြီး အိမ်ပေါ်မတင်မီတွင် ခွေးတစ်ကောင်နှင့် ကြက်တစ်ကောင်၊ ကြက်ဥတစ်လုံးတို့ဖြင့် လှေကားရင်းတွင် သတ်ပေးကြရသည်။ ထိုသတ်ရသောအကောင်များ၏သွေးဖြင့် ထမ်းယူလာသူအားလုံး၏ နဖူးတွင် သုတ်လိမ်းပေးကြရသည်။ ထိုသို့ပြုလုပ်ခြင်းမှာ အလောင်းထမ်းယူရာတွင် လိုက်ပါသူအားလုံးအတွက် နောင်တွင်ထိခိုက်ဒဏ်ရာအနာတရ တစ်စုံတစ်ရာမဖြစ်ပွားကြရအောင် ရည်ရွယ်ပြုလုပ်ကြသည်ဟုဆိုသည်။ နဖူးတွင် သွေးသုတ်လိမ်းပြီးမှသာ အလောင်းကိုအိမ်ပေါ်သို့ ထမ်းယူဆောင်ကြရသည်။ ၄င်းသတ်သော ခွေး၊ ကြက်စသည်တို့ကို မစားကြရဘဲ တောထဲသို့သွားရောက်ပို့ဆောင်ကြရသည်။

အိမ်ပေါ်သို့အလောင်းရောက်ပြီးသည့်အခါ နေသားတကျခင်းကျင်းထားပေးပြီး သေဆုံးသူ၏ သားသမီး၊ ဆွေမျိုးသက်ဆိုင်ရာကာယကံရှင်တို့က အသုဘ၏ခေါင်းရင်းတွင် ခေါင်အိုးတစ်လုံး၊ ခြေရင်းတွင် ခေါင်အိုးတစ်လုံး ထိပ်ပေးရသည်။ အိမ်ရှင်တို့၏ကိုးကွယ်စားပဆန်းဆရာက ကြက်တစ်ကောင်သတ်ပြီး မီးဖို့ကျ၍ အသုဘခေါင်းရင်းတွင် ဦးခေါက်ဆွဲချည်ပေးထားလိုက်ရသည်။ ခေါင်းရင်းတွင်ဆိပ်

www.burmeseclassic.com

www.burmeseclassic.com



ထားသော ခေါင်ရည်အိုးနှင့်ကြက်ကို ပဆန်းဆရာကသာစုပ်၍ ပါးစပ်ဖြင့်မှုတ်ပေးသည်။ ခေါင်းရင်းမှခေါင်ရည်အိုးကိုမသောက်ရဘဲ ခြေရင်းမှခေါင်ရည်အိုးကိုသာ သောက်ကြရသည်။

ကျန်ရစ်သူမိသားစုတို့က အသုဘကိုရှည်ရှူးပြီး ကောက်ညှင်းနှင့် ကြက်ဥကို အိုးတစ်လုံးထဲတွင်ရောချက်၍ ပန်းကန်တစ်လုံးဖြင့်ထည့်ကာ အသုဘခေါင်းရင်းတွင် ထားပေးကြရသည်။ ထို့အပြင် ခြေရင်း၌ထားသော ခေါင်အိုးမှခေါင်ရည်ကိုငင်ယူ၍ ခွက်တစ်လုံးဖြင့်ထည့်ကာ ခေါင်းရင်းမှ ကောက်ညှင်း၊ ကြက်ဥပန်းကန်နှင့်အတူ ထည့်ပေးထားရသည်။ ထို့နောက် မူလခွက်ဖြင့်တင်ထားသော ခေါင်ရည်ကိုဘူးကြီးဖြင့်လှယ်၍ ထည့်ရပြန်သည်။ ခြေရင်းမှခေါင်ရည်အိုးကို ပဆန်းလုပ်သူက အရင်ဆုံးစားသောက်ပြီးနောက် ၎င်းကပင် ကျန်လူများကို လိုက်လံဝေငှတိုက်ပေးရသည်။ ခေါင်ရည်တိုက်ပြီးနောက်တွင် ရိုးရာအတီးအမှုတ်များဖြင့် ပဆန်းဆရာကအရင်ဆုံးက၍ ကျန်လူများကလည်း လိုက်၍ကပေးရလေသည်။

**ကတ်အွီး**

အသုဘအလောင်းရောက်သည့် ပထမနေ့တွင် တတ်နိုင်သူအချို့က ဝက်၊ ခွေး၊ ဆိတ် စသည်များသတ်ပေးပြီး ကျွေးမွေးကြသည်။ ထိုသို့သတ်ပေးသော ခွေး၊ ဝက်၊ ဆိတ် စသည်တို့ကို ကတ်အွီးဟုခေါ်သည်။

ထိုသို့တိရစ္ဆာန်များ သတ်ဖြတ်ကျွေးမွေးခြင်းသည် သေသူကောင်းရာသုဂတိဘုံဘဝသို့ ရောက်ပါစေဟူ၍လည်းကောင်း သွားလေရာဘဝတစ်ပါး၌ စားနပ်ရိက္ခာအပြည့်အစုံပါသွားပါစေရန်ဟူ၍ ရည်ရွယ်ကြကြောင်းသိရသည်။



**ဒုတိယနေ့**

အသုဘခံသောနေ့ဖြစ်ပေသည်။ ၎င်းနေ့တွင် တတ်အားသမျှ ဝက်၊ ဆိတ်၊ နွား၊ နွားနောက် စသည်တို့ကိုသတ်ဖြတ်၍ ဧည့်ခံကျွေးမွေးကြသည်။

- အသုဘခံရာ၌ သေသူသည် သမက်မျိုးဖြစ်လျှင် ယောက္ခမမျိုးဘက်မှ ဝက်ဖြင့်အသုဘခံပေးသည်။
- သေသူသည် ယောက္ခမမျိုးဘက်မှဖြစ်ပါက သမက်မျိုးဘက်မှ ဆိတ်၊ နွား၊ နွားနောက် စသည်တို့ဖြင့် သတ်ဖြတ်၍ အသုဘခံပေးရသောထုံးစံရှိလေသည်။
- ယောက္ခမမျိုးဘက်မှသတ်သောဝက်ကို သမီးမျိုးဘက်ရှိသူတို့က ဝက်ပေါင် (သို့မဟုတ်) ဝက်လက်၊ ခေါင်း စသည်ပေးကြရပြီး
- သမက်မျိုးဘက်မှသတ်ရသော ဆိတ်၊ နွား၊ နွားနောက်တို့၏ ပေါင် (သို့မဟုတ်) လက်ကို ယောက္ခမမျိုးဘက်အား ဝေငှပေးရသည်။ အကယ်၍သေသူသည် သမက်မျိုးဖြစ်ခဲ့သော် ယောက္ခမမျိုးဘက်ရှိ အသက်ဆိုင်ဆုံးဖြစ်သူ ယောက္ခမတစ်ဦးဦးက ခေါင်ရည်အိုးတစ်လုံးထိပ်ပေးရပြီး ကြက်တစ်ကောင်သတ်ပေးရသည်။ စားနှင့်ပလိုင်းတစ်စုံကိုလည်း သမက်မျိုးဘက်မှ ပြန်ပေးရသောထုံးစံရှိသည်။

ထိုသို့သော ခေါင်ထိပ်ပေးခြင်း၊ ကြက်တစ်ကောင်၊ စား ပလိုင်း စသည့်ပေးကြရသောသဘောမှာ သေသူအလောင်းကို မီးသဂြိုဟ်ခွင့်ပြုရန် ရည်ရွယ်ပြုလုပ်ကြခြင်းဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



### တတိယနေ့

မီးသင်္ဂြိုဟ်သောနေ့ဖြစ်သည်။ ထိုနေ့တွင် အသုဘမချမီ အလောင်းကို အိမ်ထဲမှအပြင်ထုတ်သည့်အခါ ခွေးတစ်ကောင်နှင့် ကြက်တစ်ကောင်သတ်၍ ကြက်ဥတစ်လုံးထည့်ပေးရသည်။ အသုဘ ပဆန်းဆရာက ကျန်ရစ်သူမိသားစုများ၏နဖူးတွင် အကောင်များ၏ သွေးဖြင့်သုတ်လိမ်းပေးသည်။ ထိုသို့ သွေးသုတ်လိမ်းပေးခြင်းသည် ဘေးအန္တရာယ်ကင်းရှင်းစေရန်၊ ကျန်းမာအသက်ရှည်စေရန် ရည်ရွယ် ပြုလုပ်ပေးခြင်းဖြစ်သည်ဟု သိရသည်။

ထိုသို့ထုံးစံအတိုင်း အစီအမံများပြုလုပ်ပြီးစီးသည့်အခါ သင်္ချိုင်း သို့အသုဘပို့ဆောင်ကြပြီး မီးသင်္ဂြိုဟ်ကြလေသည်။ ကြွင်းကျန်သော အရိုးတို့ကိုကောက်ပြီး အိုးတစ်လုံးနှင့်ထည့်ကာ ဘိုးဘွားမိဘစဉ်ဆက် ကထားခဲ့သော ကျောက်ပျဉ်ကြီးအောက်၌ ကောင်းစွာမြှုပ်နှံသိမ်းဆည်း ခဲ့ကြပြီး အိမ်သို့ပြန်လာခဲ့ကြတော့သည်။

အိမ်ပြန်ရောက်သည့်အခါ အိမ်ရှင်ကသော်လည်းကောင်း၊ အသုဘ ပဆန်းဆရာကသော်လည်းကောင်း၊ အိမ်ဦးတွင်ကြက် တစ်ကောင်သတ်ပေးပြီး အိမ်သားများကျန်းမာသက်ရှည် ဘေးရန် ကင်းကြပါစေကြောင်း ရည်ရွယ်ဆုတောင်းပြီး ပူဇော်ပသမှုပြုကြရ ပြန်လေသည်။

### လိပ်ပြာဖျက်ပွဲပြုလုပ်ခြင်း

သေဆုံးသူသည်မိန်းမသားဖြစ်လျှင် အသုံးပြုခဲ့သော ပုတီး၊ လက်ကောက်၊ နားတောင်း၊ ဆံထိုး၊ ဘီးစသည်များကိုလည်းကောင်း၊ ယောကျာ်းဖြစ်လျှင် လက်ကောက်၊ ပုတီး၊ နားဘက်၊ ခေါင်းပေါင်း စသည်များကို ဘောင်းတစ်လုံးပေါ်တွင် အဆင်အယင်များဖြင့်



…င်ထားပြီး သေသူ၏လိပ်ပြာချုပ်ထားသည့်သဘောမျိုး ထုံးစံကို ပြုလုပ်ကြသည်။ ထိုသို့ လိပ်ပြာချုပ်ထားခြင်းကို ကင်းလွတ်ခွင့်ပေးရန် အခါမလည်မီ 'လိပ်ပြာဖျက်ပွဲ' ရိုးရာဓလေ့ထုံးစံတစ်ခုကို ပြုလုပ်ရလေ သည်။

ကာယကံရှင်တို့ တတ်နိုင်သလောက် တိရစ္ဆာန်များကိုသတ် ဖြတ်ပြီး တစ်ညတာဧည့်ခံကျွေးမွေးခြင်းပြုကြသည်။ ထိုသို့ပွဲလုပ်ပြီး အိမ်ရှင် (ပွဲရှင်) က သေဆုံးသူ၏လိပ်ပြာသည် ခုချိန်မှစ၍လိုရာသို့ လွတ်လပ်စွာထွက်ခွာသွားနိုင်ပြီဖြစ်ကြောင်း တိုင်တည်ပြောဆို၍ လိပ်ပြာလွှတ်ပွဲပြုလုပ်ပေးလိုက်လေသည်။

အစိမ်းသေသူ၏အသုဘပွဲကို (နှစ်) ရက်မှ (သုံး) ရက်ထိသာ ပြုလုပ်လေ့ရှိကြသည်။ ရက်ရှည်ကြာကြာ ထားခြင်းမပြုကြရပေ။ အသုဘပွဲအတွင်း သေနတ်လည်းပစ်ဖောက်ပေးကြသည်။

အစိမ်းသေသူ၏ အလောင်းကိစ္စအဝဝကို ပထမဆုံး စတင် လုပ်ကိုင်ပေးသူများအား ဈာပနကိစ္စပြီးဆုံးသည့်အခါ အိမ်ရှင်ကာယကံ ရှင်တို့က အနည်းဆုံး ကျောက်မီးတစ်လက်၊ နွားနောက်တစ်ကောင်ဖြစ် စေ ငွေနားဘက် ၃၀ ကျပ်တန် တစ်ရန်ကိုဖြစ်စေ ပေးဆောင်ကြရ ပေသည်။

◈ ◈ ◈ ◈ ◈

www.burmeseclassic.com

www.burmeseclassic.com

# တောင်ပိုင်းမြို့တော် မင်းတပ်သို့

၁၉၈၆ ခုနှစ်၊ နိုဝင်ဘာလ ကျွန်တော် ချင်းတောင်သို့ရောက်ရှိသည်မှာ တစ်နှစ်ပြည့်ပေပြီ။ သစ်တောဦးစီးဌာန၏ အစဉ်အလာအတိုင်း နှစ်စဉ် နိုဝင်ဘာ၊ ဒီဇင်ဘာ (ဆောင်းရာသီ) ဆိုလျှင် ကျွန်းသင်းသတ်ခြင်းလုပ်ငန်း ဆောင်ရွက်ရခြင်းရှိသည်။ တိုင်း/ပြည်နယ် ဦးစီးမှူးများက လက်ရွေးစင် သစ်တောဝန်ထမ်းများကို ရွေးချယ်ပြီး ကျွန်းသင်းသတ်ခြင်းအမိန့် ( Girdling Order) ထုတ်ပြန်ရသည်။ သင်းသတ်လုပ်ငန်းကို လေ့လာသင်ကြားပြီး သစ်တောသိပ္ပံဘွဲ့ရနှင့် သစ်တောကျောင်းဆင်းအရာရှိများကသာ ဆောင်ရွက်ရခြင်းရှိရာ မင်းတပ်မြို့နယ်ဦးစီးမှူး ဦးသောင်းထွန်း၊ ဒုဦးစီးမှူး ဦးစောကျော်မြနှင့် မိမိတို့သည် ၁၉၈၆ ခုနှစ် သင်းသတ်စီမံချက်တွင် ပါဝင်ရပေသည်။ ဦးသောင်းထွန်းက သင်းသတ်အရာရှိချုပ်အဖြစ် တာဝန်ယူရသဖြင့် ဦးသောင်းထွန်းရှိရာ မင်းတပ်မြို့သို့ နိုဝင်ဘာလ ကုန်ရက်တွင် သွားရောက်ခဲ့ရသည်။ ကန်ပက်လက်မှ ဆောမြို့သို့ တောင်ဆင်း (၉) မိုင် ခြေကျင်ခရီးဖြင့် ဆင်းရပြီး ဆောနှင့်မင်းတပ် ကားကြုံစောင့်ရသည်။ ခရီးသည်တင်ပြေးဆွဲသောလိုင်းကား သတ်သတ်မှတ်မှတ်မရှိသေးသဖြင့် မင်းတပ်ကားကြုံစောင့်ရသည်။ ကန်ပက်လက်မှ မင်းတပ်သို့ လစာထုတ်အစည်းအဝေး စသည်ဖြင့်



ကြသော ဌာနဆိုင်ရာကားကြုံများဖြင့် လိုက်ပါကြရသည်။ ထိုနေ့ ဆောက်လုပ်ရေးဌာန ကျောက်ကားကြီးဖြင့်လိုက်၍ မင်းတပ်သို့ ောက်ရပေသည်။

## နောက်သားဟင်းဝယ်

မင်းတပ်သစ်တောရုံးတွင် ကျောင်းဆင်းဖက်သူငယ်ချင်း ဒု စီးမှူး ဦးစောကျော်မြ မိသားစုထံတွင် တည်းခိုခွင့်ရခဲ့သည်။ ဦးစော ျော်မြ၏ဇနီး ဒေါ်နန်းသည် တောင်ငူဘက်က ရှမ်းအမျိုးသမီး ်သည်။ တစ်ရက်တွင် ဒေါ်နန်းက နွားနောက်သားချက်ကျွေးရန် ဥ်ရာ ဟင်းဝယ်လိုက်ပါရန်ခေါ်သဖြင့် နွားနောက်သားဟင်းဝယ် လေ့တစ်ခုကို အတွေ့အကြုံတစ်ခုအဖြစ် မှတ်မှတ်သားသားဖြစ်ခဲ့ရ သည်။

မင်းတပ်မြို့၏ မြို့လယ်လမ်း မြလေးရုံကျောင်းဘက်သို့ သွားရာလမ်းအတိုင်း လိုက်သွားရသဖြင့် မင်းတပ်ဈေးနှင့် ဖီလာ န့်လန့်ဖြစ်နေသည်။ ဈေးကတောင်ဘက်ဆိုလျှင် နွားနောက်သား င်းဝယ်ဖို့က မြောက်ဘက်မှာဖြစ်နေသည်။

မကြာမီ လမ်းဘေးတစ်နေရာတွင် လက်ဆွဲခြင်းကိုယ်စီနှင့် ှင်းအမျိုးသမီးငယ်လေးများ ဆယ့်လေးငါးယောက်ကို တွေ့ရသည်။ ဒေါ်နန်းခေါ်ရာ အဆိုပါလမ်းဘေးတွင် ရောယောင်ပြီး ထိုင်စောင့်နေ ိုက်ရ၏။

မကြာလှပါ။ လူနှစ်ယောက်က နွားနောက်ကြီးတစ်ကောင်ကို ရှေ့ကတစ်ယောက် နောက်ကတစ်ယောက် မောင်းနှင်ပြီးခေါ်လာ သည်။ နွားနောက်ကြီးသည် အမွေးအတောင်တောက်ပြောင်ပြီး အနက်

www.burmeseclassic.com

www.burmeseclassic.com



အဖြူအကျား အလွန်လှပသည်။ အမြီးတယမ်းယမ်းဖြင့် လမ်းဘေ
ထင်းရှူးပင်နားမှာ ရပ်ခိုင်းလိုက်သည်။ မြန်မာနွားများကဲ့သို့ နဖား
မရှိပေ။ ယဉ်ပါးနေပြီဖြစ်၍ ထွက်ပြေးရန်းကန်ခြင်းလည်း မရှိ
အမြီးသာတစ်ဖျပ်ဖျပ်ခတ်ပြီး ရပ်နေသည်။

မကြာမီ လူတစ်ယောက်က တူမီး (ချင်းဒေသသုံး တစ်
ထိုးပြောင်းရှည်သေနတ်) ဖြင့် နွားနောက်၏ နံဘေးလက်ပြင်
တည့်သို့ ချိန်ရွယ်ကာ ခလုတ်မောင်းဖြုတ်ချလိုက်သည်။ "ဒိုင်း"
ဟူသော သေနတ်သံဟိန်းသွားသည်။ နွားနောက်ကြီးထံမှအော်သံ
တိတ်ဆိတ်လျက် ဘာသံမှထွက်မလာ။ ရုတ်တရက် ဘာမှမဖြစ်သ
နေရာမှ တစ်ဖြည်းဖြည်းဒူးညွတ်ထောက်ကျသွားသည်။ သေသွ
သောနွား၏ နီရဲနေသောအသားတုံးများကို ခုတ်လှီးလျက် လက်
ခြင်းများထဲသို့ ဝေငှထည့်ပေးနေလေသည်။ ကျွန်ုပ်သည် မြင်ကွင်း
ကြည့်ပြီး မည်မျှကြာအောင်ရပ်နေမိသည်မသိ၊ ဒေါနန်းကလက်
ခေါ်လိုက်မှ သတိရလိုက်သည်။ ဒေါနန်းလက်ဆွဲခြင်းထဲတွင် နွား
နောက်သားတွဲတစ်တွဲ (တစ်ပိဿာ) ခန့်ပါလာသည်။ ရုံးပြန်ရော
သည့်တိုင် အမြင်အတွေးက မပြီးပြတ်နိုင်သေးပေ။ သူတို့မလေ့
နွားနောက်သားပေါ်တော့မည်ဆိုလျှင် အိမ်တိုင်ရာရောက် စာအု
တစ်အုပ်ဖြင့် လိုက်မေးသည်။ ဝယ်ယူမည့်ပိဿာချိန် ကြိုတင်စာရင်း
မှတ်ကြသည်။ အနည်းဆုံး (တစ်ရာ) ပိဿာလိုက် ယူမည့်သူစာရင်း
မည်ဆိုမှ နွားနောက်တစ်ကောင်ကို ပေါ်ကြခြင်းဖြစ်သည်။ နွား
နောက်သားဝယ်စားမည့်သူများ စုဆုံပြီး ပေါ်စားကြသလိုဖြစ်နေသည်

သို့ဖြစ်၍ ချင်းတောင်ရောက်ခိုက် ချင်းပြည်နယ်၏ သင်္ကေ
အမှတ်လက္ခဏာတစ်ခုဖြစ်သည့် နွားနောက်အကြောင်း လေ့လာခွင့်



သည်။ မိမိနှင့်ရင်းနှီးသူ နွားနောက်ခြံရှင်တစ်ဦးအား မေးမြန်းလေ့လာရ
သည်။ သူသည် ၁၉၇၁ ခုနှစ်က နွားနောက်မအကြီး၊ အငယ် (၇)
ကောင်နှင့် အထီးကြီး (၁၀) ကောင်ကို တန်ဖိုး (၁၅၀၀၀ ကျပ်)
ဖြင့်ဝယ်ပြီး မွေးမြူခဲ့ရာ ၁၉၈၆ ခုနှစ် (၁၅) နှစ်အကြာတွင် ခြံ၌
ထက်ကျန်ကောင်ရေ (၆၀) ကျော်လောက် ကျန်နေသေးသည့်အပြင်
၁၅) နှစ်အတွင်း အကောင်ရေ (၁၀၀) ကျော် ရောင်းချခဲ့ပြီးဖြစ်ကြောင်း
အစားဖိုးမကုန်ဘဲ သစ်တောထဲလွှတ်ကျောင်းရင်း သူ့ဖာသာသူ
ပေါက်ဖွားပြီး အတော်ပင်စီးပွားဖြစ်ကြောင်း၊ ငွေကျပ်သိန်းလေးငါး
ဆယ်လောက် အကျိုးအမြတ်ရရှိခဲ့ကြောင်း၊ ချမ်းသာသော ချင်းအမျိုး
သားကြီးတစ်ဦးဖြစ်နေပြီဖြစ်ကြောင်း၊ ဂုဏ်ယူအားကျဖွယ် သိမြင်ခဲ့ရ
သည်။ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံးသို့လည်း သွားရောက်
လေ့လာရသည်။ သစ်တောဘာသာရပ်တွင် သဘာဝတောရိုင်းတိရစ္ဆာန်
များအကြောင်း လေ့လာရာ၌ ပြောင်၊ ဆိုင် စသောနွားမျိုးများအကြောင်း
လေ့လာရာ နွားနောက်ကိုလည်း အကြမ်းဖျင်းလေ့လာခဲ့ဖူးသည်။
အကောင်ကို မမြင်ဖူးခဲ့။ ယခုတော့ မျက်မြင်ကိုယ်တွေ့ လေ့လာခွင့်ရခဲ့
သည်။ နွားနောက်နှင့်ပတ်သက်၍ လေ့လာရာတွင် အဘက်ဘက်
ကူညီပံ့ပိုးပေးခဲ့သော မင်းတပ်မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီး
ဌာန ဦးစီးမှူးနှင့် ဦးဆောကျော်မြအား အထူးကျေးဇူးတင်ရှိရပါကြောင်း
မှတ်တမ်းတင်အပ်ပါသည်။

◊ ◊ ◊ ◊ ◊

www.burmeseclassic.com

www.burmeseclassic.com

# ချင်းပြည်နယ်၏ဂုဏ်ဒြပ် နွားနောက် (သို့မဟုတ်) နတ်နွား

နွားနောက်သည် သတ္တဗေဒဘာသာရပ် သိပ္ပံအခေါ်အား[illegible] တောရိုင်းနွားမျိုးစိတ်များဖြစ်သည့် Gavarus Frontalis.(Mithun နွား နောက်) Gavarus Gaurus (Gaur ပြောင်) နှင့် Gavarus Sondicus (Banteng စိုင်) သုံးမျိုးတွင် အပါအဝင်ဖြစ်ပေသည်။ နွားနောက်[illegible] ချင်းတို့ဘာသာစကားအရ (Sial) ဟုအသံထွက်ဖြင့် ခေါ်ကြသည်[illegible] ၄င်းတောနွားရိုင်းတို့၏ ထူးခြားချက်သည် ဘို့မရှိခြင်းပင်ဖြစ်သည်[illegible]

နှာဖျားသေးသွယ်ပြီး နဖူးချိုင့်ဝင်သည်။ ဦးခေါင်းပိုင်းကို [illegible] တည့်တည့်မှကြည့်လျှင် ကြိုက်ပုံနှင့်ဆင်တူသည်။ လည်ပင်းတွဲမကျ[illegible] ချပ်ချပ်ရပ်ရပ်ရှိသည်။ ဦးချိုအရင်းပိုင်း အနည်းငယ်ပြားသည်။ အ[illegible] အရင်းပိုင်းတိုတုတ်သော်လည်း အမွေးအမှင်များက ခြေထော[illegible] ခြေချင်းဝတ်နားထိရှည်လျားသည်။ ကျောကုန်းရိုးတစ်လျှောက်သ[illegible] မို့မောက်သည်။ အမွေးအတောင်များ လုပတောက်ပြောင်သည်[illegible] မီးခိုးရောင်၊ အနက်၊ ဖြူနက်ကျား အရောင်များရှိပြီး မီးခိုးရောင်အများ[illegible] ဆုံး တွေ့ရသည်။ ဒူးအောက်ခြေပိုင်းသည် လေးဖက်စလုံး အဖြူရောင်[illegible] နေတတ်သည်။ တစ်ခါတစ်ရံ ရင်ဘတ်ဖြူကျားကြီးနှင့် အလွန်ကြည့်[illegible] ကောင်းလှပေသည်။



ပင်လယ်ရေမျက်နှာပြင်အမြင့်ပေ (၃၀၀၀) မှ (၁၀၀၀၀) အကြား အရိပ်အာဝါသကောင်းသော လှိုမြောင်သစ်တောများ စား ကျက်များကို နှစ်သက်ကြသည်။ နွားနောက်ကို မြန်မာနိုင်ငံတွင် ချင်းပြည်နယ်၏ မြို့နယ်တိုင်းတွင်တွေ့ရှိသည်။ ကချင်ပြည်နယ်တွင် မြောက်များပိုင်းဒေသနှင့် စစ်ကိုင်းတိုင်းတွင် မြောက်ပိုင်းလေရှီးမြို့နယ် ဒေသပိုင်း၌သာ တွေ့ရှိနိုင်ပေသည်။

## နတ်နွားဟူသောအမည်

ရှမ်းပြည်နယ် ကျိုင်းတုံဒေသဘက် ဝမ်ရှန်၊ ဝမ်အော၊ ဝမ်ထန်လူး၊ မိုင်းလားဒေသ သစ်တောများအတွင်း နွားနောက်များ အုပ်စုဖွဲ့နေထိုင်ကြသည်။ ဒေသခံရှမ်းတိုင်းရင်းသားတို့က နွားနောက် များကို ဖမ်းဆီးခြင်း သတ်ဖြတ်ခြင်းမပြုကြပေ။ တောင်စောင့်နတ်၊ တောစောင့်နတ်များက ပိုင်ဆိုင်ကြသည်။ ဖမ်းဆီးသတ်ဖြတ်လျှင် အပိုင်ဆိုင်ရာနတ်များက အပြစ်ဒဏ်ခတ်မည်ဟု အယူအဆရှိကြ သည်။ ထို့ကြောင့် နွားနောက်ကို နတ်ပေးသောနွား နတ်နွားဟု သတ်မှတ်ထားကြခြင်း ဖြစ်ပေသည်။ သတ်ဖြတ်ခြင်း၊ မွေးမြူခြင်း၊ စားသုံးခြင်း မပြုကြပေ။ ထို့ကြောင့် အဆိုပါဒေသမှ နွားနောက်များ က ဘေးမဲ့ရကြပေသည်။

## အရွယ်ပမာဏနှင့် စရိုက်သဘာဝ

နွားနောက်သည် မြန်မာနွားများထက် ကြီးမားထွားကျိုင်း သည်။ မေထုန်စနစ်ဖြင့်မွေးမြူသော ဖရီရှန်နွားမျိုးများလောက်ရှိ သည်။ အလေးချိန်အားဖြင့် ပေါင် (၈၀၀) မှ ပေါင် (၁၃၀၀) ခန့်ရှိလေသည်။ မြေပြန့်ကိုမနှစ်သက်ဘဲ တောင်ပေါ်ဒေသများတွင် သာ အုပ်စုဖြင့်နေတတ်ကြသည်။ မြန်မာနွားများကဲ့သို့ မြက်၊ ကောက်

www.burmeseclassic.com

www.burmeseclassic.com



ရိုးကို မနှစ်သက်ဘဲ တောတောင်ထဲတွင် သစ်ရွက်စိမ်း၊ နွယ်ရွက် ဝါးရွက်စသည်ဖြင့် တောရိုင်း 'ပြောင်' 'စိုင်' သတ္တဝါများကဲ့သို့ သစ်တောစားကျက်တွင် စားသောက်နေထိုင်တတ်ကြသည်။ အထူး သဖြင့် ဆားကိုအလွန်နှစ်သက်သည်။ ဆားကျွေးလျှင် အငမ်းမရလျှာ ဖြင့်လျက်၍စား၏။ ဆားကိုအချိန်မှန်မှန်ကျွေးပေးပါက ဆားကျွေးချိန် ဆိုသျှင် ပြန်လာတတ်ကြသည်။

မြန်မာနွားများထက် ကြီးထွားနှုန်းပိုမြန်သည်။ အသက်တစ်နှစ်ခွဲ ခန့်မှစ၍ အရွယ်ရောက်ပြီးအမများ သားတင်နိုင်သည်။ အထီးများ သည် ပျမ်းမျှ (၇) နှစ်သားမှ (၈) နှစ်သားအထိသာ မိတ်လိုက်လေ့ ရှိသည်။ (၈) နှစ်ကျော်လျှင် သားလိုက်နိုင်စွမ်းမရှိတော့ပေ။ အမသည် တစ်နှစ်လျှင်တစ်သား၊ တစ်ကြိမ်မွေးလျှင်တစ်ကောင်သာ မွေးတတ် သည်။ အမြွှာမွေးတတ်လေ့ရှိသော်လည်း အလွန်ရှားပါးသည်။ နွားနောက်မများသည် သက်တမ်း (၁၅) နှစ်သားခန့်အထိသာ မွေးနိုင် ကြသည်။ သားတင်နှုန်းသည် ရာနှုန်းပြည့်နီးပါး အောင်မြင်မှုရှိသည်။ အပျက်အစီး အလွန်နည်းပါးပေသည်။ နွားနောက်သားငယ်များသည် လေးလသား အရွယ်ခန့်တွင် နို့မစို့တော့ဘဲ သားခွဲတတ်လေ့ရှိပြီး အစာစိမ်းများကို စတင်စားကြသည်။ မြန်မာနွားများ သားပေါက်ချိန် တွင် နွားနို့ကောင်းစွာရ၍အသုံးဝင်သော်လည်း နွားနောက်နို့ကို သောက်သုံးခြင်းမတွေ့ရပေ။

ချင်းတောင်ဒေသတွင် သစ်တောများ ကျယ်ဝန်းစွာရှိသဖြင့် သစ်တောအတွင်း ခြံကြီးများခတ်၍ မွေးမြူကြသည်။ နွားနောက်ခြံဟု ဆိုရာတွင်လည်း လုံလုံခြုံခြုံမဟုတ်၊ ထင်းရှူးကိုင်းများကို ရင်စို့အမြင့် လောက်သာ ခွတိုင်စိုက်ပြီး မျောချောင်းများကိုတန်းတင်ခြင်း၊ နှီးချည် ခြင်းဖြင့် (၃) တန်း (၄) တန်းမျှဖြစ်သလို အကာအရံပြုလုပ်ထားခြင်း



ဖြစ်ပေသည်။ နွားနောက်ခြံရှင်များက ခြံတစ်ခြံကို (၆) နှစ် (၇) နှစ်သာအသုံးပြုပြီး ခြံအိုလာလျှင် နေရာသစ်သို့ပြောင်းရွှေ့ မွေးကြ သည်။ နှစ်စဉ် ဇွန်လမှ ဒီဇင်ဘာလအထိသည် လွှတ်ခြံထဲတွင် ကျောင်းထားပြီး ဇန်နဝါရီ၊ ဖေဖော်ဝါရီလမှစ၍ သစ်တောများအတွင်း သို့ လွှတ်ကျောင်းစနစ်ဖြင့် ထားရှိကြပေသည်။

## မွေးဖက်စနစ်

နွားနောက်မွေးမြူရေးလောကတွင် မွေးဖက်ပေးမွေးမြူသော စနစ်တစ်ခုရှိသည်။ မွေးဖက်ပေးထားသည့် နွားနောက်အုပ်စုမှ သား ပေါက်လျှင် ပထမဆုံးပေါက်သော နွားနောက်သားပေါက်ကို မွေးမြူ ထိန်းသိမ်းရသူက ပိုင်ဆိုင်ခွင့်ရသည်။ ဒုတိယအကြိမ်ပေါက်သော နွားနောက်ကို ပိုင်ရှင်ကယူရသည်။ တတိယအကြိမ်ပေါက်လျှင် နှစ်ဦး ပိုင်ဆိုင်၍ တစ်ယောက်တစ်ဝက်ယူကြသည်။ အဆိုပါမွေးဖက်စနစ် ကြောင့် ချင်းတောင်ဒေသတွင် နွားနောက်မွေးမြူခြံများ တိုးပွားများပြား လျက်ရှိပေသည်။

ကျေးရွာတစ်ရွာတွင် အိမ်ခြေ (၁၀၀) ရှိလျှင် (၇၀) လောက် သာ နွားနောက်မွေးမြူကြသည်။ နွားနောက်မွေးမြူခြင်းသည် ချင်းအမျိုး သားတို့၏ ဂုဏ်ဒြပ်တစ်ခုအဖြစ်လည်း မှတ်ယူထားကြသည်။ နွား နောက်များများပိုင်သူသည် ချမ်းသာကြွယ်ဝသူအဖြစ် သတ်မှတ်ကြသည်။ သာရေး၊ နာရေး၊ ဘာသာရေး၊ ပွဲလမ်းသဘင်အခမ်းအနားများတွင် နွားနောက်ဟင်းလျာသည် အဓိကပါဝင်ရသည်။ လူမှုရေးပြဿနာများ ဖြေရှင်းရာတွင် အပေးအလျော်ပြုရာ၌ နွားနောက်များဖြင့်လည်း ပေးကမီးဆုံးဖြတ်ကြခြင်းရှိပေသည်။

ရှမ်းပြည်နယ်၌ နတ်နွားဟု ဘေးမဲ့ထားရှိသော နွားနောက် သည် ချင်းပြည်နယ်၌ စီးပွားဖြစ် မွေးမြူရေးလုပ်ငန်းတစ်ခုဖြစ်နေပေ

www.burmeseclassic.com

www.burmeseclassic.com



သည်။ အဓိကအသားထုတ်လုပ်ရန်အတွက်ဖြစ်သည်။ သားဆက်ခြင်း ယဉ်ပါးအောင် လေ့ကျင့်ခိုင်းစေခြင်းများကို မတွေ့ရပေ။ နွားနောက်များ သည် မြန်မာနွားများကဲ့သို့ ယဉ်ပါးလွယ်ခြင်းမရှိပေ။ အလွန်ထုံထိုင်း ရိုင်းစိုင်းပေသည်။ တောတွင်းစားကျက်များ၌လွှတ်ရာတွင် မြန်မာနွားများ ကဲ့သို့ ရှေ့ဆောင်နွားလား ဖြောင့်ဖြောင့်သွား နောက်နွားတစ်သိုက် ဖြောင့်ဖြောင့်လိုက် ဆိုသကဲ့သို့ မည်သည့်အခါမျှ ရှေ့နွားနောက်သို့ မလိုက်ဘဲ ခြေဦးတည့်ရာသို့ အုပ်လိုက်ပြန့်ကျဲလျှောက်သွားတတ်ကြ သည်၊ တောတွင်းစားကျက် အစားအစာများကြောင့် ရောဂါဘယဖြစ် ပွားမှု အလွန်နည်းပါးသည်။ သက်တမ်းစေ့နေနိုင်သည်ကများသည်။ မွေးခါစသားပေါက်ကလေးများကို ခွေးအဆွဲခြင်း၊ တစ်ခါတစ်ရံ ကျား ဆွဲခံရခြင်းကြောင့်သာ အပျက်အစီးရှိပေသည်။ ခွာကွဲနို့တိုက်သတ္တဝါ များဖြစ်၍ မြန်မာနွားများကဲ့သို့ ထောင့်သန်းနှင့် ပေါင်ပုပ်၊ လက်ပုပ် ရောဂါ ဖြစ်ပွားတတ်သော်လည်း အလွန်နည်းပါးလှသည်။ ကောင်ရေ များစွာ မွေးမြူသောခြံများတွင် ဖွန်လ၌ ကာကွယ်ဆေးထိုးပေးကြလေ့ ရှိသည်။ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနဝန်ထမ်းများက လှည့်လည် ထိုးပေးကြသည်။

မြန်မာနိုင်ငံတွင် ကချင်ပြည်နယ်၌ ဗန်းမော်၊ ခေါင်လန်ဖူး၊ နောင်မွန်းနှင့် စစ်ကိုင်းတိုင်းတွင် လေရှီးတစ်မြို့နယ်၌သာ နွားနောက်ကို မွေးမြူကြသည်။ ချင်းပြည်နယ်၌ တစ်ပြည်နယ်လုံး မြို့နယ်တိုင်း နွားနောက်ကို စီးပွားဖြစ် မွေးမြူကြသည်။ နွားနောက်ကောင်ရေအများ ဆုံးမှာ ချင်းပြည်နယ်၌သာရှိပေသည်။

နွားနောက်သည် ချင်းပြည်နယ်၏ အမျိုးသားဂုဏ်ဒြပ် တစ်ခုပင်ဖြစ်သည်။

◈ ◈ ◈ ◈ ◈

## မြလေးရုံတောင်တော်၏ သာသနာ့နယ်မြေသို့တစ်ခေါက်

ချင်းတောင်၏ နိုဝင်ဘာဆောင်းသည် အရိုးကွဲလုမတတ် အေးလွန်းလှ၏။ ဆောင်းမနက်၏နေခြည်ကို ၉ နာရီလောက်မှ မှုန်ဝါးဝါးဖြင့် တွေ့နိုင်သည်။ ဝေလီဝေလင်းအိပ်ရာထက်၌ ဂွမ်းစောင် အထပ်ထပ်ဖြင့် ကွေးနေရဆဲ အိပ်ရေးဝနေပြီ။ သို့သော် အပြင်မှာ လူသူအသံဗလံများ လုံးဝမကြားရသေးပေ။ တိတ်ဆိတ်ငြိမ်သက် နေချိန် ကြေးစည်သံတဝေဝေဖြင့် ဆက်တိုက်ဆိုသလိုထိုးဖောက်လာ သည်။ အသံကတိတ်မသွား၊ ရုံးရှေ့တစ်နေရာတည်းတွင်ရပ်၍ တီးနေပုံ ရသည်။ အသံကို ခန့်မှန်းနားစွင့်နေမိသည်။ ပြတင်းပေါက်မှန်မှ အပြင်သို့ အသာအကဲခတ်ထကြည့်လိုက်သည်တွင် ဝတ်ဖြူစင်ကြယ် ရုံလျက် ဆယ်ကျော်သက်အရွယ်ဖိုးသူတော်လေးတစ်ပါး ရပ်၍ ကြေးစည်ထုနေသည်ကိုတွေ့ရ၏။ အိပ်ရာမှလူးလဲထလျက် စောင် တစ်ထည်ကိုယ်မှာပတ်ခြုံပြီး အိပ်ခန်းအပြင်သို့ ထွက်လိုက်သည်တွင်-

"ဦးသောင်းညွန့်၊ မိုးမလင်းသေးဘူးလေ၊ ထတော့မလို့ လား"

ဦးစောကျော်မြက ညှိခန်းဆက်တီကုလားထိုင်ပေါ်မှ လှမ်း ပြောလိုက်ခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အေးဗျာ၊ အိပ်မရတော့တာနဲ့ အိမ်ရှေ့ကကြေးစည်သံ ကြားလို့ ထွက်ကြည့်မလို့"

ကျွန်တော့်အမေးကြောင့် ဦးစောကျော်မြက ရှင်းပြသည်။ သူ့ ဇနီးဒေါ်နန်းလည်း မီးဖိုချောင်ကထွက်လာသည်။ ဆွမ်းအုပ်နှင့် ဟင်း ပန်းကန်လည်းပါလာသည်။ ပြီးမှ ရုံးရှေ့သို့ ကျွန်တော်တို့ ၃ ဦးစလုံး ထွက်လိုက်ကြသည်။ မကြာမီ မြန်မာဗုဒ္ဓဘာသာဝင် ဘုန်းတော်ကြီး တစ်ပါးနှင့် နောက်လိုက်သံဃာ ၇ ပါးတို့ ဆွမ်းလာရပ်ကြသည်။ ဦးကျော်မြနှင့်ဒေါ်နန်းတို့က သပိတ်ထဲသို့ ဆွမ်း၊ ဆွမ်းဟင်းများ လောင်းလှူနေကြသည်။

ဆွမ်းရပ်တော်မူနေသောဆရာတော်သည် ဦးပြည်းခေါင်းတုံး တစ်ခုလုံး နှင်းခဲများဖြင့် ဖြူဖွေးနေသည်။ မျက်ခုံးမွေးများနှင့်ဖက် စလုံး၌ ဆီးနှင်းဥများက အဖတ်လိုက် ဖျစ်ခဲကပ်နေသည်ကိုတွေ့ရ၏။ ဆွမ်းရပ်သံဃာအားလုံးတို့သည် စက္ကူမျက်လွှာကို အောက်သို့ချထား သဖြင့် ကြည်ညိုဖွယ်ဣန္ဒြေကို သတိထားမိ၏။ သည်တောင်ပေါ် တွင် မြေပြန့်ဟူ၍မရှိ။ တောင်တက်တောင်ဆင်းလမ်းများသာရှိ၏။ လမ်းမျက်နှာပြင်သည်လည်း ဂဝံကျောက်ခဲကလေးများက အမြဲ ပြန့်ကြဲရှိနေရာ ဖိနပ်မပါခြေဗလာဖြင့် ခြေဖဝါးနုနု သွေးခြည်ဥလောက် သည်။ ဆရာတော်တို့ဆွမ်းခံပုံသည် နေအိမ်ရှေ့တွင် ခေတ္တခဏ ခြေစုံ ငြိမ်သက်စွာရပ်သည်။ လောင်းလှူလျှင်လည်း ခံယူသည်။ မလောင်းလှူလျှင်လည်း မေတ္တာပို့ပြီး ရှေ့ခရီးဆက်လျှောက်ကြခြင်း စနစ်ဖြင့်သာ ခံယူလေ့ရှိပေသည်။

ချစ်စရာဖိုးသူတော်လေး၏ ကြေးစည်သံတဝေဝေသည် ရှေ့ တစ်ခေါ်လောက်သို့ ရောက်နှင့်ထားပေပြီ။ ဆွမ်းခံဆရာတော်တို့သည်



ဆက်ကြပ်မကွာ ဆက်လက်ထွက်ခွာသွားကြသည်။ ဒေါ်နန်းသည် သည်း ဆွမ်းအုပ်ဟင်းပန်းကန်များ သိမ်းဆည်းပြီး ရုံးထဲသို့ ပြန်ဝင်လိုက် သည်။ ကျွန်တော့်အတွေးက မေးစရာများဖြင့် ဦးကျော်မြနောက်သို့ အပ်လိုက်ပြီး စူးစမ်းရပေသည်။

မင်းတပ်မြို့၏ကျက်သရေဆောင် ဗုဒ္ဓဘာသာသာသနာ ပြန့်ပွားရာ "မြလေးရုံတောင် ဘုန်းတော်ကြီးကျောင်း သာသနာ့ နယ်မြေ" အကြောင်း တစ်စေ့တစ်စောင်း လေ့လာခွင့်ရခဲ့ပေသည်။ ဦးကျော်မြတို့မိသားစုနှင့်အတူ မြလေးရုံတောင်ပေါ်ရှိ ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးကျောင်းကို ရောက်ရှိခဲ့သည်။ မင်းတပ်မြို့ပေါ်တွင် ဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်း အလွန်ရှားပါးလှသည်။ ခရစ်ယာန် ဘုရားရှိခိုးကျောင်း (Church) အတော်များများ ရှိသည်။ အဆောက် အအုံများသည်လည်း ခမ်းနားထည်ဝါလှပါ၏။ မြလေးရုံတောင်သည် မင်းတပ်မြို့မ၏ အမြင့်ဆုံးနေရာတွင် တည်ရှိနေသည်။ ကျောင်းဝင်း အတွင်းတည်ထားသော နောက်ပါရဟန်းသံဃာများဖြင့် မြတ်ဗုဒ္ဓ၊ ဗုဒ္ဓဒေသစာရီကြွချီတော်မူဟန် မတ်ရပ်ရုပ်တုပုံတော်များသည် တောင် တန်းအမြင့်ပေါ်တွင်ဖြစ်၍ ပြာလဲ့သောကောင်းကင်နောက်ခံတွင် ထင်းရှူးတောတောင် သဘာဝရှုခင်းတို့ဖြင့် ဆွတ်ပျံ့သာမောဖွယ် ကောင်းလှသည်။

ချင်းပြည်နယ်သည် တစ်ချိန်က ချင်းတောင်တန်းနယ်ဟု သတ်မှတ်ခဲ့ပြီး၊ ဗြိတိသျှနယ်ချဲ့တို့ မြန်မာနိုင်ငံကိုသိမ်းပိုက်ပြီးနောက်ပိုင်း ၁၈၉၈ ခုနှစ်ခန့်လောက်မှစ၍ ခရစ်ယာန်သာသနာပြုပုဂ္ဂိုလ်များ ရောက်ရှိလာကာ သာသနာပြုခဲ့ကြကြောင်း လေ့လာရသည်။

www.burmeseclassic.com

www.burmeseclassic.com



အမေရိကန် နှစ်ခြင်းသာသနာပြုဂိုဏ်းများ (American Baptist) မှစ၍ ကာသိုလစ်ဂိုဏ်း (Catholic)၊ ပရက်စ်ဘီတီရီယန်ဂိုဏ်း (Presbyterian)၊ မက်သဒစ်ဂိုဏ်း (Methodist)၊ ဂျေဟိုဝါဝစ်တနက်ဂိုဏ်း (Jehovah Witness)၊ ဆဲဗင်းဒေးအက်ဒ်ဗဲင်းတစ် (Seven Day Adventist)၊ အင်ဒီပဲန့်ဒဲန့်ချာ့ချ် (ဘားမား) ဂိုဏ်း (Independent Church (Barma)၊ စသည်ဖြင့် ခရစ်ယာန်သာသနာပြုဂိုဏ်းအုပ် သင်းအုပ်များဖြင့် တည်ထောင်လာခဲ့ကြကြောင်း မှတ်တမ်းများအရ လေ့လာရသည်။ မြန်မာနိုင်ငံလွတ်လပ်ရေးရခဲ့သည့် ၁၉၄၈ ခုနှစ်ထိ နှစ်ပေါင်း ၅၀ မျှ ခရစ်ယာန်သာသနာပြုလုပ်ငန်းများ ထိရောက်စွာ ဆောင်ရွက်နိုင်ခဲ့ကြသဖြင့် အောင်မြင်ခြင်းရှိပေသည်။

ဆရာတော်သီတင်းသုံးရာ ကျောင်းအဝင်နတ်လမ်းအတိုင်း လျှောက်လာခဲ့ရာ ဆယ်ကျော်သက်ရွယ် ချင်းကိုရင်လေးတစ်ပါးနှင့် မယ်တော်ဖြစ်သူချင်းအမျိုးသမီးကြီးတစ်ဦးတို့ ထိုင်နေသည်ကို တွေ့ရသည်။ မိမိတို့အား မျက်နှာစိမ်းမြန်မာဧည့်သည်များဖြစ်သည်ကို ကြည့်ရုံဖြင့် သိနေပုံရသည်။ ပျာပျာသလဲထ၍ ဒေါနန်းအား နှုတ်ဆက်ခရီးကြိုပြီး ဆရာတော်ထံ ဦးဆောင်ခေါ်သွားသည်။

ဘုရားခန်းတွင် ဆရာတော်သည် မတ်တတ်ရပ်လျက် သပိတ်ကို လက်နှစ်ဖက်ပေါ်တင်မြှောက်ကာ မြတ်စွာဘုရားအား ဆွမ်းတော်ကပ်နေသည်ကို နောက်ကျောမှ ဖူးတွေ့ရသည်။ ဆွမ်းတော်ကပ်ပြီး နောက်သို့လှည့်၍ ဖြည်းဖြည်းချင်းထိုင်လိုက်သည်။ တင်ပလ္လင်ခွေပေါ်၌ ဘယ်လက်ဖြင့်သပိတ်ပိုက်ကာ ဆွမ်းဘုဉ်းပေးသည်။ သပိတ်တွင်းသို့ တိုက်ရိုက်လက်ထည့်ပြီး ခန့်မှန်း ဆွမ်းလုတ် ၂၀ ခန့်လောက် ဘုဉ်းပေးသည်။ သပိတ်ထဲ၌ နယ်ခြင်း၊ ရွေးချယ်ခြင်း



မပြုဘဲ ဆွမ်းလုတ်တစ်လုတ်ပြီးမှတစ်လုတ်ကို လက်နှိုက်ကျရာမှယူ၍ ဆင်ခြင်သတိအမှတ်ဖြင့် ဖြည်းညင်းစွာဘုဉ်းပေးသည်ကို တွေ့ရသည်။ ဓုတင်ဆောင်ရဟန်းဖြစ်သဖြင့် ''ပတ္တပိုက်ရှုတင်'' ကျင့်စဉ်အတိုင်း ဘုဉ်းပေးနေခြင်းဖြစ်ပေသည်။

မကြာမီ ဆွမ်းဘုဉ်းပေးပြီးချိန်၌ ကိုရင်လေးတစ်ပါး သပိတ်ကို လာယူသည်။ ဆရာတော်လက်ဆေးဖို့ ရေနှင့်လက်သုတ်ပဝါ ကပ်သည်။ ချင်းအမျိုးသမီးကြီးက ဧည့်သည်များ ဆရာတော်ထံ ဖူးမြော်တွေ့ဆုံပါကြောင်း လျှောက်ထားပြီး မိတ်ဆက်ပေးသည်။

ဆရာတော်သည် တောင်ပုလုဆရာတော်ကြီး၏ လက်ရင်းတပည့်ဖြစ်ပြီး ဘွဲ့အမည်ဦးပညာသီရိဟု သိခွင့်ရသည်။ တောင်ပုလုဆရာတော်နှင့်အတူ သီတင်းသုံးစဉ်က အနောက်ဥရောပခုနစ်နိုင်ငံသို့ သာသနာပြုခရီး ထွက်ခွာရန်ခွင့်တောင်းစဉ် ဆရာတော်ကြီးက နိုင်ငံခြားကိုနောက်မှသွားပါ၊ ချင်းတောင်မှာ ၇ နှစ် သာသနာပြုပါဦးဟု အမိန့်ရှိခဲ့သည့်အတိုင်း ဆရာတော်ဦးပညာသီရိက ''မြလေးရုံသာသနာနယ်မြေ''ကို ထူထောင်ခဲ့ကြောင်း၊ ကျောင်းဝင်းအရှေ့အဝင်နားက တွေ့ခဲ့သည့် ခြောက်ပေပတ်လည် ဝါးတဲကျောင်းလေးကို ဆရာတော်က ပြလျက် ရောက်စက သီတင်းသုံးခဲ့သော တောရကျောင်းဖြစ်၍ ထိန်းသိမ်းထားကြောင်း၊ ယခုကဲ့သို့မဖွံ့ဖြိုးခင်က သစ်တောကြီးသက်သက် ဖြစ်ကြောင်း . ယာယီတောရတဲကျောင်းလေးမှာ သီတင်းသုံးပြီး တဖြည်းဖြည်း တည်ထောင်လာခဲ့တာ ခုလို သာသနိကအဆောက်အအုံများနှင့် မြလေးရုံသာသနာ့နယ်မြေ ဖြစ်တည်လာခဲ့ကြောင်း အမိန့်ရှိ၍ သိရပေသည်။ ဘုရားစင် ဗုဒ္ဓရုပ်ပွားတော်ရှေ့တွင် သက်နှင်းထောက် အထူကြီးတစ်ထပ်ကို တွေ့ရသည်။ ဆရာတော်ရှင်းပြလျက်အရ

www.burmeseclassic.com

www.burmeseclassic.com



တောင်ပုလုဆရာတော်ကြီး ပျံလွန်တော်မူစဉ်က ဆရာတော်ကြီး၏ သာသနာ့အမွေ တစ်သက်တာအမှတ်တရ ကိုးကွယ်ဆည်းကပ်ရန် ရရှိသိမ်းဆည်းထားကြောင်း သိရပေသည်။

ဆရာတော် ဦးပညာသီရိနှင့် မိနစ် ၂၀ ခန့်မျှသာ ဆွေးနွေးခွင့် ရလိုက်သည်။ ဆရာတော်သည် တရားထိုင်ရန် အခန်းအတွင်းသို့ ပြန်ကြွသွားခဲ့လေသည်။ မကြာမီ ကျောင်းသားလေးများက အသင့် ခူးခပ်ပြင်ပြီး ထမင်းစားပွဲဝိုင်းကြီးကို လာချပေးသည်။ ထိုနေ့က မြလေးရုံကျောင်း၌ပင် နံနက်စာ အပြီးစားခဲ့သည်။ နေ့လယ် အေးအေး ဆေးဆေး ကျောင်းဝင်းအတွင်း လှည့်လည်လေ့လာရသည်။ ဆရာတော်၏ တောင်တန်းသာသနာပြုလုပ်ငန်းများမှာ အောင်မြင်မှုများ ရရှိနေပေပြီ။ ဗုဒ္ဓဘာသာဝင်တိုင်းရင်းသား အများအပြားရှိလာသည်။ များသောအားဖြင့် ဝေးလံသီခေါင်ချောင်ကျ သွားလာရေးခက်ခဲသော ကျေးရွာများ၌ ဗုဒ္ဓဘာသာဝင်များ ဖြစ်လာကြသည်။ နတ်မတောင် ပေါ်ရှိ "လုပ်ပဲကျေးရွာ"၊ "အိမ်မွန်းကျေးရွာ"၊ "ပူးကူးကျေးရွာ" စသည်များသို့ တစ်တောင်ကျော် တစ်တောင်တက်ဆင်း ခြေကျင်ခရီး ဖြင့်သာ အနေအစား ဆင်းရဲပင်ပန်းကြီးစွာ သာသနာပြုလုပ်ငန်းများကို ဆောင်ရွက်တော်မူလျက် ရှိနေသည်ကို လေ့လာသိရှိခဲ့ရပေသည်။ ဆရာတော်၏ ဖွဲ့သတ္တိ စိတ်နှလုံးတို့ကို ချီးကျူးပူဇော်မိပါသည်။ ဆရာတော်ကိုယ်စိတ်နှစ်ပါး ချမ်းသာစွာဖြင့် သာသနာ့အကျိုး ဆတက် ထမ်းပိုးတိုး၍ ဆောင်ရွက်နိုင်ပါစေဟု ဆုမွန်တောင်းခဲ့ပါသည်။

# မုန်းချောင်းက ပြန်ခဲ့တယ်

ပြည်မြန်မာ၏ ပင်မအသက်သွေးကြောဖြစ်သော မြစ်ဧရာ ဆဲသို့ အားဖြည့်ပေးနေသည့် မြစ်ကြီး၊ မြစ်ငယ်၊ ချောင်းအသွယ်သွယ် တွင် မုန်းချောင်းကြီးသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ မြန်မာ ပြည်အနောက်မြောက်ဘက်စွန်း ချင်းရိုးမဆီက အမြင့်ပေပေါင်း ၁၀၂၀၀ ပေမြင့်သော နတ်မတောင်နှင့် ပေပေါင်း ၉၂၂၆ ပေမြင့် သည့် မော်ဓီတောင်ထွတ်ကြီးများမှာ အဖျားခံပြီး မြောက်မှတောင်သို့ စီးဆင်းလျက်ရှိသည်။ ချင်းတောင်တန်းဒေသ ကန်ပက်လက်မြို့နယ် အတွင်း ၄၆ မိုင်နှင့် မကွေးတိုင်း၊ စေတုတ္တရာမြို့နယ်ထဲတွင် ၇၅ မိုင် ဖြတ်သန်းပြီးနောက် ပွင့်ဖြူမြို့နယ်သို့ရောက်သည့်အခါ မုန်း ဆည်တော်ကြီးအဖြစ် အသုံးချခံလျက် မင်းဘူးမြို့အထက်နားဆီတွင် မြစ်ကြီးဧရာနှင့်ပေါင်းစည်းလက်ဆက်သော ချောင်းကြီးဖြစ်လေသည်။ အချို့က မုန်းမြစ်ဟူ၍လည်း ခေါ်ဝေါ်ပြောဆိုရေးသားကြသည်။ ချောင်းကြီးကလည်း မြစ်လောက်နီးနီးကြီးပြီး ချောင်းဖျားမှသည် ဧရာဝတီဆီသို့အရောက် အလျားမိုင်ပေါင်း (နှစ်ရာ) ကျော်မျှ ရာသီ မပြတ် ရေစီးသန်သန်စီးနေသည့် ချောင်းကြီးဖြစ်ပါသည်။

မုန်းချောင်းကြီး၏ အဖျားပိုင်းဒေသများသည် လမ်းပန်း ဆက်သွယ်ရေးအလွန်ခက်ခဲပြီး ဝေးလံသီခေါင်လှသည့်အတွက် ရောက်နိုင်ခဲကြသည်။ သို့ရာတွင် စာရေးသူနှင့်အဖွဲ့တို့သည် ကျွန်း

www.burmeseclassic.com

www.burmeseclassic.com



သင်းသတ်စီမံကိန်းလုပ်ငန်းဖြင့် ချင်းရိုးမ၏ အအေးဆုံးလဖြစ်သည့် ဒီဇင်ဘာလထဲတွင် ရောက်ခဲ့လေသည်။

မုန်းချောင်းကြီး၏ အဖျားပိုင်းဒေသသည် ချင်းတောင်တန်းဒေသဖြစ်ပြီး အောက်နားဆီတွင် ယောနကတိုင်းဟု တင်စားအမည်တွင်သည့် ယောမြို့နယ်နှင့်တကွ မကွေးတိုင်းအနောက်မြောက်ဘက်ခြမ်း ကျေးလက်ဒေသများနှင့် နယ်ချင်းစပ်လျက်ရှိနေသည်။ သို့ကြောင့် မုန်းချောင်းဒေသဟုဆိုရာတွင် တောင်တန်းဒေသများအပြင် ချင်းရိုးမ အခြေမှကပ်လျက် ယောနယ်၊ စေတုတ္တရာနယ်ဒေသ အစွန်အဖျားများကိုလည်း ထည့်သွင်းတင်ပြအပ်ပါသည်။

အဆိုပါဒေသများသို့ရောက်ရှိရန် ရန်ကုန်မြို့မှ မိုင် ၄၀၀ ကျော်ကွာဝေးသည့် ချောက်မြို့သို့ကားစီးပြီး ချောက်မြို့တစ်ဖက်ကမ်း ဆိပ်ဖြူသို့ ကူးတို့ကူးရသည်။ ထိုမှတစ်ဆင့် နွေရာသီ (ကျောက်ခင်း) ကားလမ်းမိုင် ၆၈ မိုင်ဝေးသည့် ယောနယ်မြေ ဆောမြို့သို့ ကားဆက်စီးပြီး ဆောမှတစ်ဆင့် လောင်းရှည်ကစပြီး တစ်တောဝင် တစ်တောင်ကျော်ဖြင့် ချင်းရိုးမအရောက် ၂ ညအိပ် ခြေကျင်ခရီး ပြင်းပြင်းနှင်မှသာ ရောက်နိုင်ပေသည်။ ရောက်နိုင်ခဲ့လှသောဒေသမှ အတွေ့အကြုံများကို အခွင့်သာ၍ တင်ပြသွားနိုင်ခြင်းဖြစ်ပါသည်။ သစ်တောဦးစီးဌာန၏ ကွင်းဆင်းလုပ်ငန်းများဆောင်ရွက်ရာတွင် ချင်းပြည်နယ်၏ (၁၉၈၆-၈၇) ခုနှစ် စီးပွားရေးလျာထားချက်အရ နိုင်ငံခြားရောင်းတန်းဝင်စံချိန်မှ ကျွန်းသစ်ပင်ထောင်ပေါင်း ၅၂၀၀ ရွေးချယ် သင်းသတ်ပေးရမည်ဖြစ်ပေသည်။ ပြည်နယ်၏ ညွှန်ကြားချက်အရ မင်းတပ်မြို့နယ် သင်းသတ်အဖွဲ့နှင့်ပူးပေါင်း၍ မြို့နယ်မှူးကြီး ဦးသောင်းထွန်း၏ စီစဉ်ဦးဆောင်မှုဖြင့် မုန်းချောင်းကြီးပြင်သစ်တော



တစ်ခွင်တွင် ကွင်းဆင်းရန် သင်းသတ်ကွက် ရွေးချယ်ခဲ့ကြသည်။

မုန်းခွင် သင်းသတ်ကွက်ခရီးစဉ်သည် ယောနယ်ကိုဖြတ်သန်းရသည်။ မုန်းချောင်းများတွင် အူးပူးချင်းမျိုးနွယ်များနှင့် တောင်ပေါ်ချင်းမျိုးနွယ်များစွာတို့ နေထိုင်ရာဒေသလည်းဖြစ်သည့်အလျောက် ယောနယ်ယောစကား၊ ယောလေ့နှင့် တောင်ပေါ်ချင်းလေ့ ဘာသာစကားစသည်တို့ကို ကျွမ်းကျင်နားလည်နိုင်ရန် လိုအပ်ပေသည်။ ထို့ကြောင့်လည်း သင်းသတ်အဖွဲ့တွင် ကျွန်တော်နှင့်အတူ သင်းသတ်အရာရှိ ကရင်အမျိုးသား ဦးစောကျော်မြ၊ ချင်းအမျိုးသားတောခေါင်း ဦးတာတီး၊ ဦးဟုမ်တမ်၊ ဦးထွန်းဖေ၊ ယောသားလှူငယ်လုပ်အားပေး တောခေါင်း မောင်ခင်မောင်ဦး၊ မောင်ခင်မောင်ငွေး၊ ချင်းလူငယ် မောင်ခွေရှိန်းဝေတို့ ပါဝင်သည့်အဖွဲ့ဝင် ၉ ဦးကို မြို့နယ်မှူးကြီးက အမြော်အမြင်နှင့် ဖွဲ့စည်းပေးလိုက်သည်။

သို့ရာတွင် ရိုးမတောင်ပေါ် တောတွင်းခရီးများတွင် လူ ၉ ဦး သွားလာရသည့်အလေ့အထကို လူအတော်များများ ရှောင်ကြဉ်ကြသည်။ ထို့ကြောင့် မုန်းချောင်းတစ်ခွင်ပြဲပြဲစင်အောင် နှံ့စပ်ကျွမ်းကျင်လှသည့် ယောသား တောခေါင်းကြီးဦးမဲကြီးကိုလည်း ဒေသခံနယ်မြေကျွမ်းကျင်သူ ခရီးဦးဆောင်အဖြစ် ပါဝင်စေခဲ့ရသည်။ အဖွဲ့ဝင် ၁၀ ဦးနှင့် ဒီဇင်ဘာလ ၁ ရက်နေ့ကစပြီး မင်းတပ်မြို့မှ စတင်ထွက်ခဲ့ကြသည်။

## ယောနယ်ကိုဖြတ်၍

မင်းတပ်မှကျောက်ထုသို့ ၁၈ မိုင်၊ ကျောက်ထုမှ ဆောမြို့သို့ ၂၅ မိုင် စုစုပေါင်း ၄၃ မိုင်ခရီးကို နံနက် ၈ နာရီမှ ထွက်ခဲ့ရာ ညနေ ၇ နာရီမှ ဆောမြို့သို့ရောက်ကြရ၍ ၄င်းနေ့ ဆောတွင်

www.burmeseclassic.com

www.burmeseclassic.com



(တစ်ညအိပ်ရပ်ဆိုင်း) တစ်စခန်းချခဲ့ရသည်။ ပြည်မထဲတွင်ဆိုလျှင် ၄၃ မိုင်ခရီး ကားစီးသွားရလျှင် ၁ နာရီသာသာဖြင့် ရောက်နိုင်ပေမည်။ ဤဒေသတွင်မူ နာရီပေါင်း ၁၁ နာရီကြာမျှပင် အချိန်များစွာကုန်မှ ရောက်လေသည်။ မည်မျှလမ်းပန်းဆက်သွယ်မှု ခက်ခဲသည်ကို သိရှိနိုင်ပေသည်။

နောက်နေ့နံနက် ဆောမြို့ဈေးဆိုင်များတွင် အဖွဲ့အတွက် တစ်လစာ ရိက္ခာဝယ်ယူကြပြီး ဆောမှ ၁၂ မိုင်ဝေးသော လောင်းရှည်သို့ ခြေကျင်ခရီးဖြင့် စတင်ရတော့သည်။ ရိက္ခာများကို လှည်းငှားခ ၇၀ ကျပ်ပေး၍ တင်လာခဲ့ကြရသည်။

ဆောမြို့တွင်နံနက်စာ ထမင်းစားပြီး မွန်းလွဲ ၁ နာရီထိုးမှ ထွက်ကြသည်။ နွားလှည်းနှင့် အတူတကွလျှောက်လာခဲ့ကြရ၍ လောင်းရှည်သို့ ညနေ ၆ နာရီထိုးခန့်မှ ရောက်ကြသည်။ သို့ကြောင့် လောင်းရှည်တွင် (တစ်ညအိပ်ရပ်ဆိုင်း) တစ်စခန်းနားရသည်။

လောင်းရှည်မှတစ်ဆင့် ရှေ့ဆက်ရမည့်ခရီးအတွက် ဒေသခံ လှည်းတစ်စီး ထပ်ငှားရပြန်သည်။ ဆောနယ်မှလှည်းသည် သူ့တာဝန်ကုန်ဆုံးပြီဖြစ်သည်။ ကျေးရွာပြည်သူ့ကောင်စီ၏ အကူအညီများစွာရယူခဲ့ရ၏။ ယခုကဲ့သို့ လောင်းရှည်ကိုဖြတ်၍ မှန်းချောင်းခရီးသွားအဖွဲ့အစည်း ဌာနဆိုင်ရာအသီးသီးတို့အတွက် တည်းခိုရေး ခရီးဆက်လက်သွားနိုင်ရေးအတွက် လိုအပ်သည်များကို ကျေးရွာပြည်သူ့ကောင်စီဥက္ကဋ္ဌ ဦးမြင့်နိုင်နှင့်အဖွဲ့က ကူညီကြပါသည်။

ယောနယ်တစ်ခွင်တွင် အမည်ထင်ရှား ကြားဖူးနားဝရှိခဲ့သော "လောင်းရှည်"အကြောင်းကို စိတ်ဝင်စားမိ၍ ရောက်တုန်းရောက်ခိုက်ကြုံကြိုက်သမျှ လေ့လာခဲ့ရသည်။ ယခုအခါ ဆောမြို့နယ်အတွင်း



ပါဝင်သည့် လောင်းရှည်ကျေးရွာကြီးသည် တစ်ချိန်က ထီးလင်း၊ ဂန့်ဂေါ၊ ဆော၊ လောင်းရှည်ဟူ၍ ယောလေးမြို့နယ်အနက် ထင်ရှားသော သမိုင်းဝင်မြို့တစ်မြို့ ဖြစ်ခဲ့သည်။ ယင်း ယောလေးမြို့ကို ယောနကတိုင်းဟု အမည်တွင်ခဲ့သည်။ "ယောနက" ဟူသော ဝေါဟာရသည် အနောက်မဇ္ဈိမဒေသမှ ယောနကတိုင်းနယ်မြေနှင့် ရေမြေဒေသသဘာဝချင်း တူမျှသောကြောင့် ယောနကတိုင်းဟု ခေါ်ဝေါ် အမည်သမုတ်ခဲ့ကြောင်းသိရသည်။

ကျွန်တော် လိုရာသုံးနိုင်ရန်အတွက် ထိုစဉ်က ကျေးရွာပြည်သူ့ကောင်စီဥက္ကဋ္ဌ ဦးမြင့်နိုင်က သူ့ထံမှ ပေ၊ ပုရပိုက် မှတ်စုမှတ်ရာအချို့ကို လေ့လာဖို့ ကူညီပံ့ပိုးပေးခဲ့ပါသည်။ ပေ၊ ပုရပိုက်မှတ်စုမှတ်ရာ အချက်အလက်များအရ ရှေးဟောင်းလောင်းရှည်၏ အတိတ်သမိုင်း မြို့တည်နှစ်ကို အောက်ပါအတိုင်း လေ့လာမှတ်သားခဲ့ရသည်။

"သာသနာတော် သက္ကရာဇ် (၅၆၂) ခု၊ ကောဇာသက္ကရာဇ် (၃၈၀) ပြည့်နှစ်၊ ကဆုန်လပြည့်နေ့၊ တနင်္လာနေ့ နက္ခတ် (၁၉) လုံးနှင့်ယှဉ်လျက် ပုဂံနော်ရထာမင်းစောလက်ထက်တွင် အမတ်သိမ်းစည်းနှင့် မြို့သူကြီး ဘယတေဇဘွဲ့ခံ မောင်ကာအား စစ်သူရဲတစ်ရာနှင့် လောင်းရှည်မြို့ကို ပြုစုတည်ထောင်စေသည်။" ဟု တွေ့ရှိရပါသည်။ ယခုတိုင် တွေ့မြင်နေရသေးသော ရှေးဟောင်းမြို့ အုတ်ရိုးစေတီပုထိုးပေါင်းများစွာက သမိုင်းကို သက်သေထင်ရှား ညွှန်ပြလျက် ရှိနေသေးပေသည်။

ယောနယ်တစ်ခွင် ခြေချမိသည်ဆိုလျှင် "ကျွန်တော်တို့ယင်းစဉ်က ဆိုခဲ့ဖူး၊ နားယဉ်ခဲ့ဖူးသည့် ယောမလေ့သီချင်းတစ်ပုဒ်၏ နောက်ခံသဲလွန်စကိုလည်း လေ့လာသိရှိခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



"လုံမလေးကိုနော်ဗျာ… သူ့အမေရိုက်ရင်ဖြင့်… လာလာ လေလိုက်ခဲ့တော့… မောင်တို့ရွာ… မောင်တို့ရွာမှာ… ဘာတွေပေါ ပင်နီချောနှင့်ယောထဘီ… ပိတ်အင်္ကျီမှာကွယ်… ဘော်ကြယ်တွေ စီလို့… ပျိုမဒီတွေချောပါတဲ့… တို့ယောပြည်"

အထက်ပါ သီချင်းအပိုဒ်ကလေးကိုဆိုခဲ့ဖူး၊ ကြားခဲ့ဖူး ကြပေမယ့် ဘယ်လိုအကြောင်းခံ၍ ဘယ်သူက စပ်ဆိုခဲ့သည်ကို မသိခဲ့ကြပေ။ ယောနယ်ကို ကိုယ်တိုင်ကိုယ်ကျ ရောက်ခဲ့တော့မှ လောင်းရှည်မှတ်တမ်းတွင် အောက်ပါအတိုင်း သိရှိခဲ့ရသည်။

ထိုသီချင်းသည် "ဒုတိယအင်းဝခေတ်ဟုဆိုအပ်သော ညောင်ရမ်းခေတ်၏ ညောင်ရမ်းမင်းဆက် (၁၁) ဆက်မှာ (၇) ဆက်မြောက်မင်းဖြစ်သော မင်းရဲကျော်ထင် (ခေါ်) ဝမ်းဘဲအင်း စံမန်းဟုလည်းခေါ်တွင်သော နှစ်မည်ရမင်းလက်ထက် မြန်မာသက္ကရာဇ် (၁၀၅၀) ခုနှစ်က ယောဒေသဂန့်ဂေါမြို့အနီး လောင်စကာရွာ (ယခုရွာပျက်ပြီး) ယောသားလုလင်ပျိုမောင်ထွားက သူ၏ရည်းစားဖြစ်သူ အင်းဝရွှေမြို့တော် ရွှေညောင်ပင်ရပ်နေ အဘ (ကွယ်လွန်) စာရေး တော်ကြီးနှင့် အမိခေါ်ရွှေမှုန်တို့၏သမီးပျို မခင်လေးအား အကြောင်းပြု စပ်ဆိုခဲ့ကြောင်း၊"

အနောက်ဂန့်ဂေါ စွယ်တော်ရှင်မြတ်စွာဘုရားသမိုင်း တစ်စိတ် တစ်ဒေသတွင် ထည့်သွင်းဖော်ပြထားသည်ကို လေ့လာရပေသည်။

အခိုက်အတန့် လောင်းရှည်တစ်စခန်းတွင် သည်မျှသာ လေ့လာခဲ့ရပြီး နောက်နေ့နံနက် ၈ နာရီမှာ မုန်းချောင်းခရီးကို ဆက်ထွက်ခဲ့ကြသည်။ မုန်းခရီးသည် ယောဒေသဖြစ်သည့် ဆောမြို့ နယ်အတွင်း၌ လောင်းရှည်မှစပြီး ကြိမ်ကြီး၊ ပေန့်ကျင်း၊ ဟောင်၊



ကျောက်အ အစရှိသည့်ကျေးရွာများအထိ ၈ မိုင် ခြေကျင်ခရီး ဖြတ်သန်းလာကြရပြီး စေတုတ္တရာမြို့ထဲသို့အဝင် ဖျင်ကြီးရွာတွင် "တတိယတစ်ည (ညအိပ်ရပ်ဆိုင်း)"တစ်စခန်းရပ်နားရပြန်သည်။

### စေတုတ္တရာနယ်မြေမှတစ်ဆင့်

နောက်တစ်ရက်နံနက် ဖျင်ကြီးမှစပြီး မဟောတောင်၊ ယန်းတောင်၊ စင်းချောင်း၊ ခေတ်သုတ်နှင့် အပေါစသည့် ကျေးရွာများ အရောက် ၈ မိုင်ခရီးလမ်းသည် စေတုတ္တရာမြို့နယ်ဧရိယာအတွင်းမှ ဖြတ်သန်းသွားရသည့်ခရီးလမ်းတစ်လျှောက် လှည်းလမ်း၊ လူသွား လမ်းဟူ၍ ကောင်းကောင်းမရှိပေ။ နွေရာသီ ခြောက်သွေ့ချိန်သာ သွားလာရ၍ လမ်းကြောင်းဟောင်းများအတိုင်း တောင်ကိုကျော်၊ မြောင်ကိုဖြတ် ချောင်းတွေ့လျှင်ကူးနှင့် အချို့ ချောင်းရိုးအတိုင်း ကျောက်တုံးကျောက်ခဲများကြားမှ ခက်ခဲစွာသွားကြရသည်။

ညနေ ၄ နာရီခန့်မှာ မုန်းချောင်းမကြီးဘေးက အပေါ ကျေးရွာသို့ ရောက်ကြသည်။ သင်းသတ်ကွက် မုန်းခွင်ခရီးကား မဆုံးသေးပေ။ အပေါရွာ၌ စတုတ္ထတစ်ည (ညအိပ်ရပ်ဆိုင်း) တစ်စခန်းချကြရပြန်သည်။

အပေါရွာသည် မုန်းချောင်းခရီး၏ အစဟုဆိုရပေမည်။ မုန်းရေကိုလည်း သောက်ရပြီ၊ မုန်းချောင်းရေကိုလည်း ချိုးရသည်။ မုန်း၏အစ သည်နေရာမှပင် စိတ်ဝင်စားစရာများကို လေ့လာရတော့သည်။

အလာခရီးတွင် စင်းချောင်းကျေးရွာအနီးမှစပြီး အပေါရွာ ရောက်သည်အထိ ၄ မိုင်နီးပါးမျှကို စင်းချောင်းကြီးအတိုင်းသာ စုန်လာခဲ့ကြရသည်။ စင်းချောင်းကြီး၏ အနောက်ဘက်မှစီးဝင်လာ

www.burmeseclassic.com

www.burmeseclassic.com



သော ဓားချောင်းကြီးတို့သည် အပေါ်ရွာအဝင်အဝတွင် ပေါင်းစုံပြီး မုန်းချောင်းကြီးထဲသို့ နှစ်ကိုယ်တူ စီးဝင်ကြသည်။ စင်းချောင်း ဓားချောင်းနှင့် မုန်းချောင်းကြီးတို့ ချောင်းသုံးမွာဆုံ ရှုခင်းနေရာပသာဒ သည် မှုခင်းဖွယ် တောတောင်သဘာဝအလှနှင့် ယှဉ်ရလှသည်။

ချောင်းဆုံအလယ်ဗွေတွင် သုံးပင်တစ်ထပ်အိမ်တစ်လုံးစာမျှ ကြီးမားသော "မှိုင်းလုံးကျောက်တောင်"ခေါ် ကျောက်တုံးကြီး အပေါ်၌ ကိုးတောင်ပြည့် မှိုင်းလုံးလွှမ်းစေတီငယ်တစ်ဆူကို အပေါ်ရွာ ဝင်လိုက်သည်နှင့် အထင်းသား ကြည်ညိုသပ္ပာယ်စွာဖူးတွေ့ရပေ သည်။ အင်္ဂလိပ်အစိုးရလက်ထက်က ဖူးကားကုမ္ပဏီ သစ်ထုတ် လုပ်သား ဆင်သမားများက စုပေါင်းတည်ထားခဲ့သည့် စေတီတစ်ဆူ ဖြစ်ကြောင်းသိရှိရသည်။

လောင်းရှည်မှအပေါ်အရောက် တစ်ညအိပ်လာကြသည့် ခရီး လမ်းကြမ်းတစ်လျှောက်လုံးတွင် ကျွန်တော်တို့ သင်းသတ်အဖွဲ့အား ရွာစဉ်ရွာဆက် လှည်းဖြင့်လည်းကောင်း၊ လှည်းမသွားနိုင်လျှင် လူ့အထမ်းလုပ်အားဖြင့်လည်းကောင်း၊ အလှည့်ကျ ရွာစောင့်လုပ်အား တာဝန်ကျများက လိုက်ပါပို့ဆောင်ပေးကြသည့်အတွက် အခက်အခဲ များစွာကို ကျော်လွှားနိုင်ခဲ့ကြပါသည်။

ရွာစဉ်အလိုက် လိုအပ်သည်များကို စီစဉ်ပေးကြသည့် ကျေးရွာ ပါတီ၊ ပြည်သူ့ကောင်စီအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၏ တာဝန် ကျေပွန်မှု၊ ဧည့်ဝတ်ကျေပွန်မှုနှင့် စည်းရုံးရေး၊ စီမံခန့်ခွဲရေး ဆောင်ရွက် ချက်များသည် စံနမူနာယူလောက်ဖွယ် တွေ့ရသည်။ တစ်ပြေးညီ စနစ်တကျစီစဉ်ထားရှိသည့် လုပ်နည်းလုပ်ဟန် စနစ်ဖယားများနှင့် စပ်လျဉ်း၍ အပေါ်ရွာကို ကိုယ်စားပြုတင်ပြလိုပါသည်။



အပေါ်ကျေးရွာ ပြည်သူ့ကောင်စီရုံးသည် လေးပင်ပတ်လည် နှစ်ထပ်အမြင့် ဆောက်လုပ်ထားပြီး အောက်ထပ်၌ ကျေးရွာ သမ ဝါယမအသင်းဆိုင်ကို ဖွင့်လှစ်ထားရှိသည်။ ကျွန်တော်တို့ သင်းသတ် အဖွဲ့ ရောက်ကြ၍ ကျေးရွာပြည်သူ့ကောင်စီဥက္ကဋ္ဌ ဦးဆင့်ကဲသည် မောင်းကြီးကို တဒူဒူနှင့်ထုတော့သည်။ ခဏမှာပင် ရေခပ်သူ၊ ထင်းလာပို့သူ၊ ထမင်းဟင်းချက်ပြုတ်သူ၊ ဝိုင်းဝန်းကူညီကြမည့် အဖွဲ့များရောက်လာပြီး ဧည့်သည်များအတွက် ညစာအချိန်မီ ချက်ပြုတ် ကျွေးမွေးကြသည်။ လူ ၁၀ ဦးစာ ဖျာ၊ ခေါင်းအုံး၊ စောင်များလည်း ဖောဖောသီသီထုတ်ပေးနိုင်ကြသည်။ ရွာနှင့်မလိုက်အောင်ပင် အံ့သြဖွယ်စည်ပင်ဝပြောမှု ညီညွတ်မှုများနှင့်ပတ်သက်၍ သိလိုသော အချက်အလက်များကို ဦးဆင့်ကဲတို့အဖွဲ့ထံမှ ဆွေးနွေးခဲ့ရသည်။

နယ်ဒေသများသို့ အဖွဲ့အစည်းဌာနဆိုင်ရာ တာဝန်ရှိသူများ ရောက်လာကြသည့်အခါများတွင် အရေးပေါ်ဧည့်ခံချက်ပြုတ်ကျွေး မွေးခြင်း၊ စာပို့ခြင်း၊ သတင်းဆက်သားဆက်သွယ်ခြင်း၊ အထမ်း လုပ်အားလိုက်ပါခြင်း စသည့် ဧည့်သည်များ၏လိုအပ်ချက်မှန်သမျှကို ကူညီဆောင်ရွက်ကြရန် ရွာတိုင်းမှာလိုပင် နေ့စဉ်ရွာစောင့် ၃ ဦးကို အလှည့်ကျ ကင်းစာအုပ်ဖွင့်ပြီး တာဝန်များတွဲဖက်ပေးထားခြင်း ရှိလေ သည်။

မိမိတို့ကျေးရွာအတွက် ကိစ္စကြီးငယ်ပေါ်ပေါက်လာသည့် အခါများတွင် ကျေးရွာအကြီးအကဲဖြစ်သူက မောင်း ၄ ချက်ထုလျှင် ရွာစောင့်၊ မောင်း ၆ ချက်ထုလျှင် ကျေးရွာကောင်စီဝင်အားလုံး၊ မောင်း ၁၀ ချက်ထုလျှင် ကျေးရွာသားအားလုံးဖြစ်ပြီး နွေရာသီ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးမွှေးရန်နှင့် မီးငြိမ်းသတ်ရန်

www.burmeseclassic.com

www.burmeseclassic.com



ခေါင်း ၅ ချက် စသည်ဖြင့် သတ်မှတ်ထားကြသည်။ အထမ်းလုပ်အားလိုက်ပါရန်အတွက်ကိုလည်း တစ်အိမ်ထောင်တစ်ဦးကျ တန်းစီထားသောအလှည့်ဖြင့် အမည်စာရင်းဖွင့်လှစ်ထားပြီး အလှည့်ကျရာ အစဉ်အတိုင်း ခနိုမကပ်လိုက်ပါလေ့ရှိကြသည်။

ယခုကဲ့သို့ စည်းစနစ်ကျနစွာ ဖွဲ့စည်းထားရှိမှုကြောင့်လည်း မည်သည့်အချိန် မည်သည့်ဧည့်သည်အဖွဲ့အစည်းများပင် ရောက်လာပါစေ၊ အစစအရာရာ လိုလေသေးမရှိရအောင် ကူညီဆောင်ရွက်ပေးနိုင်ခြင်း ဖြစ်ပေသည်။

ကျွန်တော်တို့အဖွဲ့သည် နောက်နေ့နံနက် ၈ နာရီမှစ၍ ဆက်ထွက်နိုင်ခဲ့ကြသည်။ အပေါ်မှစပြီး လူအထမ်းများဖြင့်သာ သွားလာ၍ရတော့သည်။ အထမ်းလုပ်အား လူဆယ်ဦးကို ဦးဆင့်ကဲ၏ စီစဉ်ပေးမှုဖြင့်ရရှိခဲ့သည်။

အပေါ်ရွာမှစအတွက် မှန်းချောင်းကြီးကို ဖြတ်ကူးကြရသည်။ တစ်ဖက်ကမ်းတွင် လယ်ကျင်းပြန့် တစ်မိုင်သာသာခန့်သာ လျှောက်လိုက်ရပြီးနောက် အမြင့်ပေ ၁၀၀၀ နှင့် ၃၀၀၀ ခန့် မြင့်မားလှသည့် တောင်ကြီးများအထပ်ထပ်ကို ကျော်ဖြတ်ရသည်။ တောင်ခြေမှအဆင်း မှန်းကမ်းဘေးတစ်လျှောက် ကမ်းစပ်ကနေလျှောက်ရသည့်လမ်းများတွင်လည်း ကျောက်တုံးကျောက်ဆောင် ကျောက်ကမ်းပါးယံများပေါ်က ဆက်ရက်ခုန်သလို ခုန်ပျံကျော်လွှားသွားရသည်များလည်း ရှိပေသည်။

ရင်ခွဲတောင်ကြီးမရောက်ခင် တောင်ကြောတစ်ခုတွင် ကျောက်ကမ်းပါးယံစောင်း၌ ဖောက်ထားသည့် ၂ ပေအကျယ်မျှသာရှိသော လူသွားလမ်းကလေးပေါ်မှ သွားရသည်။ အောက်သို့ငုံ့ကြည့်လျှင်



ပေ (၃၀၀) (၄၀၀) ခန့်မျှ နက်ရှိုင်းလှသည့် လျှိုချောက်ကြီးများကို တွေ့ရသည်။ ကျောက်နံရံကို လက်ဝါးဖြင့်ကပ်၍ သက်စွန့်ဆံဖျား သွားရသည်။ အချို့ တောင်ကမ်းပါးယံနှစ်ဖက်ကို မျှောချောင်း ၃ ချောင်းမျှဖြင့် တံတားထိုးထားသည့်အပေါ်မှ ရင်တမမ ဖြတ်ကူးကြရသည်။ နှလုံးရောဂါ၊ သွေးတိုးရောဂါရှင်များသာသွားရလျှင် အကြောက်လွန်၍ မူးပြီးလိမ့်ကျသွားနိုင်လေသည်။ အလောင်းပင် မနည်းကောက်ယူကြရမည့် လျှိုချောက်ကြီးများ ဖြစ်ပေသည်။

အထမ်းလိုက်ပါသူ ဒေသခံလုပ်အားပေးတို့သည် အတော် ကျွမ်းကျင်နေကြပေပြီ။ ပခုံးထက်မှ ဝန်ထုပ်အလေးကြီးဖြင့် တောင်ကမ်းပါးယံတွင်လည်း လက်လွှတ် လျှောက်နိုင်၏။ ကျောက်ဆောင်များပေါ်တွင်လည်း ခုန်ကာလွှားကာဖြင့် ကျွမ်းကျင်စွာသွားနိုင်ကြ၏။ ဤမျှ ခက်ခဲပင်ပန်းစွာ စွန့်စားရသောခရီးကြမ်းတွင် လာလာသမျှသော အဖွဲ့အစည်းပေါင်းစုံတို့မှပုဂ္ဂိုလ်များနှင့် အလေးအပင်ဝန်စည်စလယ်များကို အိုးအခပဓာနမထားဘဲ အချိန်အခါမရွေး အဆင်ပြေချောမော အောင် လိုရာခရီးသို့ လိုက်ပါပို့ဆောင်ပေးနေကြသည့် ဒေသခံတို့၏ စေတနာ စည်းလုံးညီညွတ်မှုဖြင့် တစ်ပြေးညီစီစဉ်ထားရှိကြသည့် စည်းစနစ်များသည် နမူနာယူလောက်ဖွယ်ပင်ဖြစ်သည်။

## မှန်းထဲသို့ဝင်ပြီ

ရင်ကွဲတောင်ကြီးကို ကျော်လိုက်ပြီး တစ်ဖက်ဆင်းလိုက်သည်နှင့် ချင်းပြည်နယ်ထဲသို့ ဝင်လာပြီဖြစ်ပေသည်။ ရဲချောင်းရွာသို့ နေ့လယ် ၂ နာရီတွင် ရောက်ကြသည်။ အပေါ်ရွာမှ အထမ်းလုပ်အား ၁၀ ဦးတို့၏တာဝန် ကုန်ဆုံးပေပြီ။ အထမ်းတစ်ဦးလျှင် လုပ်အားခကျပ် (၁၀) သာ ပေးရ၏။ ထမ်းသူတို့၏ ပြောပြချက်အရ အထမ်းငွေများကို

www.burmeseclassic.com

www.burmeseclassic.com



ကျေးရွာရန်ပုံငွေအဖြစ် ကျေးရွာကောင်စီအဖွဲ့ထံ အပ်နှံထားကြရ သည်ဟု သိရသည်။ ရဲချောင်းအုပ်စုကောင်စီက ကျွန်တော်တို့အဖွဲ့ လိုရာခရီးအတွက် ဆက်လက်တာဝန်ယူ ဆောင်ရွက်ပေးကြသည်။

ရဲချောင်းရွာတွင် ဆက်ရမည့်ခရီးအတွက် ကျေးရွာကောင်စီ အတွင်းရေးမှူး ဦးစံလှနှင့် ဆွေးနွေးသည့်အခါ ညမအိပ်ရဘဲ ဆက်ရန် စီစဉ်ရသည်။ ရဲချောင်းမှစ၍ ရှေ့မုန်းချောင်းဖျားခရီးသည် အထမ်း အားဖြင့် ပို့ဆောင်ပေးလေ့မရှိပေ။ လူနှစ်ဦးနှင့် လှေတစ်စီးဖြင့် လိုက်ပါ ပို့ဆောင်ပေးလေ့ရှိသည်။

ရိက္ခာပစ္စည်း ဝန်စည်စလယ်များကို လှေပေါ်တင်ပြီး ကြိုးရှည် ကြီး တစ်ချောင်းဖြင့် ကုန်းပေါ်တစ်လျှောက်မှ ဆွဲတက်ကြရသည်။ ပုဆိုးကွင်းတွင် ကြိုးစချည်၍ ဆွဲသူက ပခုံးနှစ်ဖက်ကို သိုင်းချိတ်ပြီး အားကုန် ဆွဲတင်ရခြင်းဖြစ်သည်။ ကျောက်ဆောင်များ ကျောက်တုံးကြီး များကြားမှ ခက်ခက်ခဲခဲ ဆွဲတက်ရသည်။ မုန်းရေစီးသည် အဖျားပိုင်း ရောက်လေ ပို၍ကြမ်းလေဖြစ်၏။ လှိုင်းလုံးကြီးများပင် တဟဲဟဲနှင့် အမောက်ထောင်လျက်ရှိနေ၏။ ကျွန်တော်တို့အဖွဲ့သားအားလုံး ကုန်းပေါ်မှလိုက်ကြသည်။

ရဲချောင်းမှ မိနစ်အတန်ကြာ ပွက်လိုက်သည်နှင့် ကျောက် တောင်တန်းကြီးတစ်ခု ပိတ်နေသည်ကိုတွေ့ရ၏။ လှေပေါ်တွင် ဝန်စည်စလယ်များ အောက်ကိုပြန်ချ၍ လှေကိုပါ ကုန်းပေါ်ဆွဲတင်ပြီး ကျော်ယူရသည်။ ကျောက်ဆောင်တန်းကြီး၏အလယ်၌ လက်တစ်လုံး သာသာမျှ ရေစီးနေသည့်အပေါက်မှ လှေကို ခက်ခဲစွာမတင်ပြီး ဆွဲယူကြရသည်။ ၄င်းကျောက်ဆောင်တန်းကြီးကိုကျော်မှ ဝန်စည် စလယ်များကိုပြန်တင်ပြီး ယခင်အတိုင်း ကြိုးနှင့်ဆွဲဆန့်တက်ကြရ ပြန်သည်။



## သွေးကောက်ကျောက်ဆောင်ကြီး

၄င်းကျောက်တောင်တန်းကြီးကို "သွေးကောက်" ဟုခေါ်ကြသည်။ မုန်းချောင်းမကြီး၏ ထင်ရှားသောအမှတ်သင်္ကေတတစ်ခုလည်း ဖြစ်သည်။ မုန်းမှတ်တမ်းတွင် ထင်ရှားသောဖြစ်ရပ်တစ်ခုလည်း ရှိခဲ့သည်ဟုဆိုသည်။ အင်္ဂလိပ်အစိုးရလက်ထက် သစ်ကုန်သည်များ ခေတ်ကာလ မုန်းချောင်းတစ်ခွင်မှ ကျွန်းသစ်များထုတ်ယူပြီး မုန်း ချောင်းမကြီးအတိုင်း သစ်မျှောရာတွင် မျှောလမ်းပိတ်ဆို့နေသည့် သွေးကောက်ကျောက်တန်းကြီးကို မိုင်းခွဲဖျက်ဆီးပြီးဖွင့်ရန် စီစဉ်ခဲ့ကြ သည်။ ထိုစဉ်က အနီးအနားဝန်းကျင် ရွာသားများကို ဒုက္ခပေးလိမ့်မည် ဆိုပြီး မိုင်းခွဲလုပ်ငန်းကို ကန့်ကွက်ရာက ကုန်သည်များနှင့်အချင်းများပြီး ကန်ပက်လက်နယ်ပိုင်ရုံးတွင် တရားစွဲဆိုခဲ့လေသည်။ နယ်ပိုင်ရုံး တရားသူကြီးက ရဲချောင်းသူကြီးကို အနိုင်ပေးလိုက်ပြီး၊ သွေးကောက် ကျောက်တောင်ကြီးကို မိုင်းခွဲခြင်းမှ ကင်းလွတ်ခွင့်ပေးခဲ့ကြောင်း ဦးစံလှနှင့်ရွာသားတို့က ပြောပြ၍သိရသည်။ သို့ကြောင့်လည်း ယနေ့ တိုင် မုန်းချောင်းရေစီးခရီးလမ်းတွင် အပိတ်အဆို့ အဟန့်အတားအဖြစ် ကျန်ရှိနေဆဲဖြစ်ပေသည်။ ကျွန်းသင်းသတ်စီမံကိန်းနှင့် သစ်ထုတ်လုပ် ရေးစီမံကိန်းကြီးများဝင်ပြီဆိုလျှင် ၄င်းကျောက်တန်းကြီးပိတ်ဆို့မှုကို ဖယ်ရှားနိုင်မှသာ အောင်မြင်နိုင်မည် ဖြစ်ပေသည်။ သို့ကြောင့် သွေးကောက်ကြီး၏ပိတ်ဆို့မှုကို နှစ်ကိုးဆယ်အတွင်း ဒုတိယအကြိမ် ကြိုးစားကြရဦးမည်ဖြစ်ပေသည်။

မုန်းခွင်ဧရိယာ၏ ကျွန်းသင်းသတ်စီမံကိန်းနှင့် သစ်ထုတ် လုပ်ရေးစီမံကိန်းကြီးများဝင်လာခြင်းဖြင့် မုန်းရေလမ်းခရီးလည်း ပွင့် မည်။ သစ်ထုတ်လမ်း၊ မော်တော်ယာဉ်လမ်းများကိုလည်း ဖောက် ကြရမည်။ ဒေသခံတို့အတွက် ဝင်ငွေတိုးစေမည့် အလုပ်အကိုင်

www.burmeseclassic.com

www.burmeseclassic.com



များလည်း ဖွံ့ဖြိုးလာမည်သာဖြစ်ပေသည်။ နိုင်ငံတော်၏စီမံကိန်းလုပ်ငန်းကြီးများသည် ဒေသတစ်ခု၏ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုမည်မှာ မလွဲပေ။ ကျွန်ုပ်တော်တို့အဖွဲ့ စကားတပြောပြောနှင့် အပေါ်မှ ၇ မိုင်ဝေးသည့် မှန်းကမ်းဘေးရှိ လဲပုံရွာသို့ ညနေ ၃ နာရီမှာ ရောက်ရှိကြသည်။ ရှေ့ခရီးမဆက်နိုင်ကြတော့သဖြင့် လဲပုံတွင် ''ပဌမတစ်ည''ရပ်ဆိုင်း တစ်စခန်းချ ရပ်နားလိုက်ကြရသည်။

နောက်တစ်နေ့တွင် အဖွဲ့ဝင်အားလုံးတို့ ခြေကုန်လက်ပန်းကျနေကြပြီ ဖြစ်သည်။ အနားယူအားမွေးသည့်အနေဖြင့် လဲပုံတွင် စခန်းချရပ်နားလိုက်ကြရသည်။

ဆဋ္ဌမမြောက်သောနေ့နံနက် လဲပုံမှ ၄ မိုင်ကွာဝေးသည့် ခေါက်ပုံကျင်းရွာသို့ ခရီးဆက်ကြရသည်။

အဖွဲ့ဝင်အားလုံး ကုန်းပေါ်မှသာ ခြေကျင်သွားရသော်လည်း လဲပုံကျေးရွာကောင်စီဥက္ကဋ္ဌ ဦးစံလှတို့အဖွဲ့မှာ လှေငယ်နှစ်စီးကို လူ ၄ ဦး အကူအညီဖြင့် ယခင်အတိုင်း မှန်းရေစီးကို ဆန်တက်ကြရသည်။ သည်ခရီးတွင် ရေစီးကြမ်းလှသည့် မှန်းချောင်း၏လှိုင်းလုံးများကြားမှ ဟိုဘက်ကမ်းသည်ဘက်ကမ်း သုံးကြိမ်မျှ ဖြတ်ကူးသွားကြရသည်။ ခြေမခိုင် ဒူးယိုင်၍လဲကျသွားလျှင် ရုတ်ချည်းပင် ကိုက် ၃၀ မျှ တလိမ့်ခေါက်ကွေး မျောပါသွားနိုင်သည်။ မတော်တဆ ကျောက်ဆောင်နှင့်ဆောင့်မိလျှင်လည်း အသက်အန္တရာယ်ရှိနိုင်ပေသည်။ ဒီဇင်ဘာလ ရေစစ်ချိန်တွင်ပင် လူတစ်ရပ်မြုပ်သည့်နေရာများ ရှိနေသည်။ ပျှမ်းမျှ ရင်စို့အထိနက်သည်။ ရေအောက်ကြမ်းပြင်တွင် ကျောက်ခဲ၊ ကျောက်သားများနှင့် ပြည့်နှက်၏။ ရေသည် အလွန်ကြည်လင်လှသဖြင့် ငါးများကိုပင် မြင်နိုင်၏။



ချောင်းဖျားပိုင်းနီးလာလေ ရေစီးကကြမ်းလေ၊ လှိုင်းလုံးကထန်လေဖြစ်သည်။ ရေစီးသံကလည်း ကြောက်ခမန်းလိလိ တဟဲဟဲနှင့် ဟိန်းဟောက်နေ၏။ လှေဆွဲသူတို့နှင့်အတူတူပင် နံနက် ၁၁ နာရီတွင် ခေါက်ပုံကျင်းရွာသို့ ရောက်ကြ၏။

မိမိတို့၏လုပ်ငန်းခွင် သင်းသတ်ကွက်နှင့် အနီးဆုံးရွာဖြစ်သဖြင့် ခေါက်ပုံကျင်းရွာ စာသင်ကျောင်းဟောင်းကလေးတစ်ခုတွင် အခြေစိုက် အလုပ်စခန်းချ နားကြရလေသည်။

မှန်းချောင်းကြိုးပြင်တော သင်းသတ်ခွင်သို့ရောက်ရန် မင်းတပ်မြို့မှ စထွက်သည့်ရက်ကိုတွက်လျှင် ငါးညအိပ်နှင့်တစ်နံနက်ခရီးလာကြရသည်။ သင်းသတ်လုပ်ငန်းမစမီ အလုပ်သမားရရှိရေး၊ အကွက်စစ်ဆေးခြင်း၊ မြေပုံထုတ်ခြင်းစသည့် ပြင်ဆင်မှုလုပ်ငန်းများအတွက် ၃ ရက် နားလိုက်ရသည်။ မှန်းချောင်းတောင်ပေါ်ရွာများ၏ တည်နေပုံနှင့် နယ်မြေအခြေအနေကို ကျေးရွာကောင်စီမှပုဂ္ဂိုလ်များနှင့် ဒေသခံများထံမှ လေ့လာခဲ့ရသည်။ မှန်းချောင်းဖျားနယ်မြေကို ''မှန်းချောင်း''ဟုလည်းခေါ်ကြသည်။ စကားအဖြစ် ''မှန်းထဲသွားမလို့'' ''မှန်းထဲမှာနေတယ်'' စသည်ဖြင့် ပြောလေ့ရှိကြသည်ဟုသိသည်။

ယခုအခါ မှန်းခွင်ဧရိယာ၌ ချင်းမျိုးနွယ်များဖြစ်သည့် ချင်းပုံ (အူပူး)၊ ချုပ်သူ၊ ဂုတ်သူ စသည့်မျိုးနွယ်စုများ နေထိုင်ကြသည်။ ချင်းပုံမျိုးနွယ်စုက အများဆုံးဖြစ်ပြီး ဗုဒ္ဓဘာသာသို့ ကူးပြောင်းကိုးကွယ်သူများကို တွေ့ရသည်။ အခြား နတ်ကိုးကွယ်သူနှင့် ခရစ်ယာန်ဘာသာဝင်များလည်းရှိသည်။ မှန်းချောင်းဖျားတွင် ကန်ပက်လက်မြို့ထဲပါဝင်သော ကျေးရွာအုပ်စု (၃) အုပ်စုသာ ရှိပေသည်။

www.burmeseclassic.com

www.burmeseclassic.com



မျိုးနွယ်စုတို့၏ အိမ်ခြေနှင့်လူဦးရေကို အောက်ပါအတိုင်း လေ့လာတွေ့ရှိရသည်။ (သမိုင်းမှတ်တမ်းအရ တည်ရှိခဲ့သော အိမ်ခြေ လူဦးရေစာရင်းကို ဖော်ပြအပ်ပါသည်။)

| စဉ် | ကျေးရွာအမည် | အိမ်ခြေ | လူဦးရေ | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ကျင်ခွေးအုပ်စု | ၈၁ | ၆၀၂ | ဗုဒ္ဓဘာသာ |
| ၁။ | ကျင်ခွေးရွာ | ၁၃ | ၇၆ | ။ |
| ၂။ | ကျောက်ပုံကျင်း | ၁၈ | ၁၇၃ | ။ |
| ၃။ | ပုံခွေးကျင်း | ၈ | ၆၀ | ။ |
| ၄။ | ဟုတ်ပုံကျင်း | ၈ | ၆၀ | ။ |
| ၅။ | အောက်လှယ်ရွာ | ၁၄ | ၉၅ | ဗုဒ္ဓ+ခရစ်ယာန် |
| ၆။ | ထန်းကုန်း | ၁၃ | ၉၄ | ခရစ်ယာန် |
| | | ၁၅၅ | ၁၁၆၀ | |

| | | | | |
|---|---|---|---|---|
| ၂။ | အောက်ကန်အုပ်စု | | | |
| ၁။ | အောက်ကန်ရွာ | ၂၅ | ၁၃၃ | ဗုဒ္ဓဘာသာ |
| ၂။ | အုံရွာ | ၁၁ | ၆၇ | နတ်ကိုးကွယ်သူ |
| ၃။ | ရှိငေါ့ကျင်း | ၁၁ | ၅၈ | ဗုဒ္ဓဘာသာ |
| ၄။ | ငါးအော်ကျင်း | ၅ | ၃၃ | ။ |
| ၅။ | ခေါက်ပုံကျင်း | ၁၅ | ၉၉ | ။ |
| ၆။ | စပ်စံကျင်း | ၂၂ | ၁၁၀ | ။ |
| | | ၈၉ | ၅၀၀ | |



| | | | | |
|---|---|---|---|---|
| ၃။ | လဲပုံကျေးရွာအုပ်စု | | | |
| ၁။ | လဲပုံရွာ | ၄၅ | ၂၄၅ | ဗုဒ္ဓဘာသာ |
| ၂။ | ခီးပင်ကျင်း | ၁၀ | ၅၁ | ။ |
| ၃။ | ရဲချောင်းရွာ | ၁၉ | ၁၀၄ | ။ |
| | | ၇၄ | ၄၀၀ | |

ကျေးရွာအုပ်စု (၃) ခုတွင် ရွာပေါင်း (၁၅) ရွာ အိမ်ခြေပေါင်း (၃၁၀) နှင့် လူဦးရေ (၁၉၆၀) သာ နေထိုင်ကြသည်ကို တွေ့ရ၏။ အများအားဖြင့် ချင်းပုံမျိုးနွယ်စုတို့ အများဆုံးဖြစ်ပြီး ထန်းကုန်းရွာတွင် တောင်ပေါ်သားချင်းတို့ အများဆုံးနေထိုင်ကြသည်။ တောင်ပေါ်သားတို့၏ ကျေးရွာများသည် မိသားစုအိမ်ခြေ ၅ အိမ်၊ ၁၀ အိမ် မျှနှင့်လည်း တစ်ရွာတည်ထားသည်ကို တွေ့ရ၏။ အဆိုပါ ရွာငယ်ကလေးများသည် ရှေးနှစ်ပေါင်းများစွာကတည်းကပင် အခြေတကျ နေထိုင်ခဲ့ကြသော ရွာများဖြစ်သည်။

## စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးဝမ်းကျောင်း

တောင်ပေါ်သားတို့၏ အဓိကအသက်မွေးဝမ်းကျောင်းသည် မိရိုးဖလာတောင်ယာစိုက်ပျိုးခြင်းနှင့် အမဲလိုက်ခြင်းသာဖြစ်သည်။ စပါးကို ဝမ်းစာတစ်နိုင်သာ စိုက်ပျိုးကြသည်။ မုန်းချောင်းဘေး ကမ်းပြန့်ကလေးများ၌ လယ်တည်ကျင်းအနည်းငယ်ကိုသာ တွေ့ရပြီး တောင်ယာစပါးကိုသာ အဓိကထားကြ၏။ မွေးမြူရေးကို ကျွဲ၊ နွား၊ ဝက်၊ ကြက်၊ ဘဲ စသည်များကို တစ်နိုင်မိသားစုအတွင်း၌သာ

www.burmeseclassic.com

www.burmeseclassic.com



မွေးမြူကြပြီး၊ စီးပွားဖြစ်မွေးမြူရေးကို လုံးဝမတွေ့ရပေ။ ကျွဲ၊ နွားကို စိုက်ပျိုးရေးနှင့်လုပ်ငန်းခွင်အတွက် မွေးမြူခြင်းမဟုတ်ဘဲ သားစားသက်သက်အဖြစ် မွေးမြူကြသည်။ မြေပြန့်လယ်တည်ကျင်း တောင်သူဆယ်ဦးမျှတို့သာ ထယ်ရေး၊ ထွန်ရေး၌ ခိုင်းကြသည်။

စပါးနှင့် အခြားသီးနှံမှန်သမျှ တောင်မြင့်ပိုင်းပေါ်၌ ရွှေ့ပြောင်းတောင်ယာစနစ်ဖြင့်သာ စိုက်ပျိုးကြသဖြင့် ကျွဲ၊ နွား၊ ထွန်၊ ထယ်ကိစ္စ အသုံးပြုရန်မလွယ်ကူပေ။ ယခုအခါ အစိုးရအဖွဲ့အစည်းများ၏ စည်းရုံး ပညာပေးပံ့ပိုးမှုများဖြင့် အကောင်အထည်ဖော်ခဲ့ကြရာ မုန်းချောင်းကမ်းဘေးတစ်လျှောက်၌ တောင်သူ ၇၅ ရာခိုင်နှုန်းသည် လေ့ကား ထစ်လယ်ယာစနစ်ကို ကျင့်သုံးလာပြီဟုသိရသည်။

## နွေရာသီစပါးစိုက်၊ မိုးရာသီစပါးရိတ်

မုန်းချောင်းခွင်လယ်ယာများသည် အခြားလယ်ယာများနှင့် တူဘဲ တစ်မူထူးခြားသည်ကိုတွေ့ရ၏။ မိုးမရွာသည့်နွေအခါတွင် န်းချောင်းကြီးမှရေကို ကိုယ်ထူကိုယ်ထစနစ်ဖြင့် ရေလွှဲဆည်မြောင်း ား ပြုလုပ်သယ်ယူပြီး စိုက်ပျိုးကြသည်။ ရေသွင်းမည့်လယ်ကွက်၏ ထက်အမြင့်ပိုင်းကမ်းနေရာမှ ရေလွှဲဆည်မြောင်းသွယ်ရာတွင် ချောင်းထဲရှိ ကျောက်တုံး၊ ကျောက်ခဲများကို အသုံးပြုကြသည်။ ချောင်းရေ စီးဆင်းနိုင်ရာ အနိမ့်ပိုင်းလယ်ကွက်များထဲသို့ တသွင်သွင် း‌စေခြင်းဖြင့် လယ်ရေကောင်းစွာရ၏။ အချို့ သစ်သားရေတံလျှောက် ျားဖြင့် ဆက်ကာဆက်ကာသွယ်ယူ ရေသွင်းကြခြင်းလည်းရှိ၏။

မုန်းချောင်းရေကိုသာ အားထားစိုက်ပျိုးကြခြင်းကြောင့် မိုးကြို ပါး စိုက်ပျိုးကြရသည်။ မုန်းချောင်းမကြီးသည် မိုးရာသီအချိန်များ၌ ာင်ကျရေစီး အလွန်ကြမ်းလှသဖြင့် တမံများပျက်စီးသည့်အပြင် ရေစီးကြောင်းလည်း နှစ်စဉ်ဆိုသလို ပြောင်းလဲတတ်ခြင်း ရှိပေသည်။ သို့ကြောင့် တပို့တွဲ၊ တပေါင်းလ ရေနည်း၍ ရေစီးသာချိန်၌ ရေသွင်း ယူပြီး တန်ခူးလတွင် စိုက်ပျိုးရသည်။ ဝါဆိုလတွင် အပြီးရိတ်သိမ်းပြီး ားတော်ပဲ ဆက်ကြထားလိုက်လေ့ရှိကြသည်။ ထို့ကြောင့် နွေခေါင် ခေါင်စပါးစိုက်ပြီး ဝါဆိုဝါခေါင်ရေဖောင်ဖောင်ကျမှ ရိတ်သိမ်းကြ သည်ကို တစ်မူထူးခြားစွာ တွေ့ရှိရ၏။

www.burmeseclassic.com

www.burmeseclassic.com



ပြာသိုလထဲတွင် ချောင်းကမ်းဘေးမှရသမျှ မြေကွက်မြေပြ ကလေးများ၌ ကျောက်ခဲများကိုယက်ဖော်ပြီး မြေဩဇာထည့်ကာ စိုက်ကွက်ငယ်ကလေးများပြုလုပ်၍ ကြက်သွန်နီ၊ ကြက်သွန်ဖြူတို့ကို ဝမ်းစာအဖြစ် အိမ်ထောင်စုတိုင်းလို စိုက်ပျိုးကြသည်ကိုလည်း တွေ့ ရ၏။ ဝယ်စားလေ့ အလွန်နည်းပေသည်။

ဝါဆို၊ ဝါခေါင် ရေသွင်းလယ်များ ရိတ်သိမ်းပြီးသည်နှင့် တစ်ပြိုင်နက် တောင်ယာလုပ်ငန်းက ဝင်ရပြန်လေသည်။ ချင်းပြည် နယ်တစ်ခွင်တွင် တော်သလင်း၊ သီတင်းကျွတ်၊ တန်ဆောင်မုန်းလ များသည် တောင်မြေပျော့စ ကာလများဖြစ်ရာ လေ့ကားထင်း လယ်ယာသစ်များ တူးဖော်ခြင်းတို့ကို ဆောင်ရွက်ကြရသည်။ ထိုသို့ စုပေါင်းလှုပ်ရှား ဘုံလုပ်အားသည် ချင်းတို့၏ ရိုးရာစနစ်တစ်ရပ်ပင် ဖြစ်သည်။ ၄င်းကို (လျှဖန်း) ဟူ၍ ချင်းတိုင်းရင်းသားတို့က ခေါ်ဆို ကြသည်။

ကျွဲ၊ နွား မွေးမြူကြပုံတွင် ထူးခြားချက်တစ်ရပ်တွေ့ရသည်။ လုံခြုံစွာ တင်းကုပ်ဆောက်လုပ်မွေးမြူကြခြင်းမဟုတ်ဘဲ ရွာပြင် တောထဲ၊ တောင်ထဲတွင် အချိန်ပြည့်လွှတ်ကျောင်းထားပြီး အသုံးလို မှသာ ခြေရာခံ လိုက်ရှာဖမ်းလေ့ရှိကြ၏။ သို့တိုင်အောင် မုန်းခွင်ဒေသ တစ်လျှောက်၌ ကျွဲနွားခိုးမှု၊ ခိုးယူသတ်စားမှုများ မရှိသလောက် နည်းပါးသည်ဟုဆို၏။ မသမာသူ ခိုးယူမှုကို လုံးဝမပူပန်ရပေ။ တစ်ခါတစ်ရံ ကျားဆွဲခံရလေ့ရှိခြင်းကိုသာ ကာကွယ်ကြရသည်။

မုန်းဒေသ တောင်ပေါ်သားများနေထိုင်ရာရွာများသည် အခြား မြို့ပြကျေးရွာများနှင့် အလွန်အလှမ်းကွာ ဝေးလံသီခေါင်လှသဖြင့် ၄င်းတို့၏ စားသောက်ရေးဘဝကို လေ့လာစူးစမ်းမိသည်။ သူတို့ဘဝ



သူတို့ဓလေ့နှင့် သူတို့ဒေသတွင် ဘာကိုမျှအပူအပင်မရှိ အလွန်ချမ်းမြေ့ သာယာလှသည့် ဘဝပိုင်ရှင်များအဖြစ် တွေ့ရလေသည်။

ဒေသထွက်ဆန်နှင့် ရာသီအလိုက် စိုက်ပျိုးရရှိသည့် သီးနှံမျိုးစုံ တို့အပြင် သစ်တောကြီးများမှလည်း ပဒေသာပင်သဖွယ် ရှာဖွေစား သောက်နိုင်နေကြသည်။ ငွေကြေးနှင့်ဝယ်စားရသည်က အလွန်နည်း ပါးသည်။ မဖြစ်မနေလိုအပ်သည့် ဆားနှင့် အချို့ ငါးပိလိုအပ်သူများ သည် အနီးဆုံးမိုင် ၅၀ အကွာခန့်ရှိ လောင်းရှည်သို့ဆင်း၍ ဝယ်ကြရ သည်။

လောင်းရှည်ရွာသို့ နွေရာသီတွင် ခြေကျင်ခရီး အထမ်းဖြင့် လည်းကောင်း၊ မိုးရာသီတွင် သစ်လုံးထွင်းလှေကြီးများဖြင့် မုန်းရေစီး အတိုင်း စုန်ဆင်းကြ၍လည်းကောင်း၊ သွားကြသည်။ အပြန်တွင် လှေပေါ်ကုန်တင်ပြီး လှေကိုကြိုးဖြင့်ဆွဲ၍ ဆန်တက်ကြရသည်။ သို့ကြောင့် မိုင် ၅၀ ကို အနည်းဆုံး ၃ ညအိပ်မျှ ဆန်တက်ကြရ သည်။

မိမိတို့ပစ်ခတ်ရရှိသော အမဲသားကောင်တို့ကို အခြောက်ပြုလုပ် ရောင်းချခြင်းဖြင့်လည်းကောင်း၊ တောင်ယာမှထွက်သော ဝါဂွမ်းဖြင့် စောင်ရက်လုပ် ရောင်းချ၍လည်းကောင်း၊ ဝင်ငွေကိုရှာကြပြီး တစ်နှစ် လျှင် နှစ်ကြိမ်မျှသာ မြို့သို့ဆင်း၍ ဈေးဝယ်ကြလေ့ရှိ၏။ ထို့ကြောင့် လည်း ကုန်ဈေးနှုန်းများ မည်သို့ပြောင်းလဲကြီးမြင့်နေစေကာမူ ၄င်းတို့ အဖို့ တုန်လှုပ်စရာမရှိပေ။

**စားသုံးဆီမလို ပြာဆီနှင့်ပြီး၏**

မုန်းချောင်းတစ်လျှောက်ရှိ ချင်းတိုင်းရင်းသားတို့သည် ဟင်း ချက်ရာ၌ ဆီနှင့်ချက်စားလေ့မရှိကြပေ။ ပြာဆီနှင့်သာ ချက်စားလေ့

www.burmeseclassic.com

www.burmeseclassic.com



ရှိကြသည်။ သို့ကြောင့် စားဆီအတွက် ငွေကြေးလုံးဝမကုန်ကျ တော့ပေ။ ပြာဆီဆိုသည်မှာ မီးရှို့၍ရလာသောပြာမှုန့်တို့ကို ရေစိမ် စစ်ယူရသည့် ပြာရည်များသာဖြစ်ပေသည်။ သို့သော်တွေ့သမျှ ရသမျှ ပြာမှုန့်များဖြင့်မဟုတ်ပေ။ ဟင်းချက်ရန်ပြာဆီကို သီးသန့် စီမံယူ သည်။

အသုံးပြုလေ့ရှိသော အကောင်းဆုံးပြာများမှာ တစ်နှစ်သားခန့် ဝါးပင်ဖျို၊ ဝါးပင်နုများမှရသောပြာ၊ ချောင်းကမ်းဘေးတို့တွင် ပေါက် တတ်သော ကိုင်းပင်တစ်မျိုးမှရသော ပန်းပြာ၊ နှမ်းပင်ပြာ၊ ခပေါင်း ပြာနှင့်၊ ငှက်ပျောပြာတို့သာဖြစ်သည်။ ၎င်းအပင်မျိုးတို့မှ မီးရှို့၍ ရလာသောပြာမှုန့်ကို ကန်တော့စစ်ခွက် (ပလုံး) ထဲသို့ထည့်ပြီး ရေလောင်းစစ်ချ၍ ခံယူခြင်းဖြင့် ပြာရေဆီကိုရပေသည်။ ထိုသို့ပြာရေ ဆီနှင့်ချက်သော ဟင်းခလေ့သည် မုန်းချောင်းအပါအဝင် မုန်းချောင်းနှင့် လေးမြို့မြစ်အကြားတွင်နေထိုင်ကြသော မင်းတပ်မြို့နယ်အတွင်းမှ မကားရ်၊ ဒိုင်၊ ချင်းပုံ၊ ချူပ်သူ၊ ဂုတ်သူစသည်တို့နှင့် ပလက်ဝမြို့နယ်မှ ခမီး၊ မရိုး၊ မြို၊ ဟန်နှင့် အလှူးချင်း မျိုးနွယ်တို့လည်း စားသုံးကြသည်။ ပြာဆီနှင့်ချက်သောဟင်းသည် နူးလွယ်ပြီး မပုပ်သိုးလွယ်ပေ။ အဆီ ဓာတ်လည်း ပါဝင်လျက်ရှိသည်။ မုန်းခွင်ဒေသတွင် ဟင်းကျွေး ဟင်းလျာအလွန်ပေါသည်။ ဈေးနှုန်းများကလည်း အံ့ဖွယ်ဈေးနှုန်းများ ဖြစ်သည်။ ကျွန်တော်တို့အဖွဲ့ရောက်ချိန်တွင် ကြက်တစ်ပိဿာ ၁၀ ကျပ်၊ ချေ၊ ဆတ် စသည့်တောကောင်အသားများလည်း တစ်ပိဿာ ၁၀ ကျပ်သာရှိသည်။ မုန်းချောင်းငါးများမှာ တစ်ပိဿာ ၅ ကျပ်သာ ရှိ၏။ တစ်ခါတစ်ရံ ၄ ကျပ်နှင့်လည်း ရခဲ့သည်။

သားငါးဈေးနှုန်းကို သက်ဆိုင်ရာကျေးရွာကောင်စီတို့က



သတ်မှတ်ကြေညာပေးထားသည့်အတိုင်း ရောင်းကြသည်ဆို၏။ ကြက်ဥ၊ ဘဲဥ ရောင်းဝယ်လေ့မရှိသဖြင့် ဈေးနှုန်းသတ်မှတ်ချက်လည်း မရှိပေ။ သို့ကြောင့် ကျွန်တော့်အဖွဲ့အတွက် ရွာလူကြီးများက တစ်လုံး လျှင် ၅၀ ပြားနှုန်းဖြင့်သာ သတ်မှတ်ဝယ်ယူခွင့်ပြုကြရ၏။

## သစ်လုံးတပ်ကာ စာသင်ကျောင်းနှင့် ဆေးခန်းများ

မုန်းချောင်း၊ မောချောင်း၊ စင်းချောင်း ဧရိယာတစ်လျှောက် ကျေးရွာကြီးတိုင်းမှာလိုပင် ရွာဦးရွာထိပ်တို့၌ စာသင်ကျောင်းများကို တွေ့၏။ ကျောင်းအဆောက်အအုံများကို ကိုယ်ထူကိုယ်ထ ရွာလုပ် အားဖြင့် စုပေါင်းဆောက်လုပ်ထားသည်ကများ၏။ အစိုးရက ကျောင်း ဆရာထားပေးရုံသာဖြစ်၏။ သစ်ပေါ၊ ဝါးပေါ၊ ကျွန်းတောကြီးများမှ ကျွန်းတိုင်လုံးကြီးများဖြင့် အခိုင်အမာအဆောက်အအုံများကို တွေ့ရ၏။ ကျောင်းခြံစည်းရိုးများကို ကျွန်းသစ်လုံးကြီးများ မြေမြှုပ်ထောင်စီ၍ ခံတပ်သဖွယ် ကာရံထားကြသည်။ အချို့ ဘုန်းတော်ကြီးကျောင်း တပ်စည်းရိုးများသည်လည်း ကျွန်းလုံးတပ်ကာများပင်ဖြစ်သည်။

ကျေးလက်ကျန်းမာရေးဌာနခွဲ ဆေးပေးခန်းအဆောက်အအုံ များသည် ကျွန်းသစ် ထုကြီးထည်ကြီးနှင့် အခိုင်အမာဆောက်ထား ကြသည်။ ဆေးခန်းတာဝန်ကျဝန်ထမ်းအတွက် နေအိမ်ကိုပါတွဲ၍ ဆောက်လုပ်ပေးထားကြ၏။ အဆောက်အအုံတို့သည် ရက်လျှို၊ ရက်ဖောက်၊ သပ်လျှို၊ သပ်ရိုက်ဖြင့် သံမသုံးရဘဲ ခံ့ညား ခိုင်ခံ့စွာ တွေ့ရ၏။ ဤဒေသအရောက် အိမ်ရိုက်သံရဖို့ပင် မလွယ်ကူလှ ခြင်းကြောင့် ဤသို့ဆောက်ကြ၏။ သစ်လုံးတပ်ကာကြ၏။ စင်းချောင်း၊ မောချောင်း၊ မုန်းချောင်းသားတို့၏ လက်မောင်းကြောတင်း စေတနာလုပ်အားကို ဂုဏ်ယူချီးကျူးမိပါ၏။

www.burmeseclassic.com

www.burmeseclassic.com

## မုန်းချောင်းချိုင့်ဝှမ်း ချင်းပုံ ခေါ် အူပူးချင်းတို့နှင့်စပ်လျဉ်း၍

မုန်းချောင်းချိုင့်ဝှမ်း ချင်းပုံခေါ် အူပူးချင်းတို့နှင့်စပ်လျဉ်း၍ ဦးမြင့်နိုင်လေ့လာခွင့်ပြုသော ပုရပိုက်နှင့် မှတ်တမ်းများမှ လေ့လာ ချက်အရ မုန်းချောင်းဖျားဒေသများသည် ရှေးမြန်မာမင်းများလက် ထက်ကပင် လောင်းရှည်မြို့ဝန်မင်း၏စီရင်အုပ်ချုပ်မှုဖြင့် နေထိုင် လာခဲ့သော ချင်းပုံခေါ် အူပူးချင်းကျေးရွာများဖြစ်ခဲ့ကြောင်း လေ့လာ ရသည်။

တောင်ကိုင်၊ ချောင်းကိုင်များက ဦးစီးအုပ်ချုပ်ပြီး လောင်းရှည် မြို့ဝန်ထံ အခွန်တော်ဆက်သကြရသည်။ သို့ကြောင့် ချင်းပုံ တိုင်းရင်း သားတို့သည် တောင်ယောနယ် ဓလေ့ထုံးတမ်းစဉ်လာနှင့် ရင်းနှီး ကျွမ်းဝင်ခဲ့ပြီးဖြစ်သည်။ ကလေးသူငယ်များသည် တောင်ယောနယ် လောင်းရှည်အပိုင် ကဲရွာ၊ စွဲလဲကျင်းရွာ၊ လောင်းရှည်မြို့မတို့ရှိ ဘုန်းတော်ကြီးကျောင်းများတို့တွင် ပညာသင်ကြားခဲ့ကြခြင်းရှိသည်။ နတ်ကိုးကွယ်မှုရှိကြသော်လည်း ထေရဝါဒဗုဒ္ဓသာသနာအဆုံးအမနှင့် မကင်းကြချေ။

နယ်ချဲ့အင်္ဂလိပ်ခေတ်မတိုင်မီက ချင်းတောင်တန်းဒေသဟူ၍ သီးခြားသတ်မှတ်ခြင်းမရှိသေးပေ။ ၁၈၉၆ ခုနှစ်တွင်၊ နယ်ချဲ့တို့က



ချင်းတောင်တန်းဥပဒေပြဋ္ဌာန်းပြီး တောင်ပိုင်းချင်းတောင်ကို ယောနယ်မှ ခွဲထုတ်လျက် သီးခြားအုပ်ချုပ်ခဲ့ကြသည်။ ထိုစဉ်က ပခုက္ကူ ချင်း တောင်တန်းဝန်က အုပ်ချုပ်ခဲ့သည်။ မြောက်ပိုင်းချင်းနယ်ဒေသကိုကား ရာနှုန်းအုပ်ချုပ်ခြင်းမရှိခဲ့ချေ။ သို့သော် ချင်းပုံတို့အား မြောက်ပိုင်း ချင်းတို့ကဲ့သို့ ရောမအက္ခရာဖြင့် စီစဉ်ထားသည့် ချင်းစာပေကို သင်ကြားစေခဲ့သည်။ သို့ရာတွင် ချင်းပုံတို့က မိမိတို့ရိုးရာစဉ်လာ ဘုန်းကြီးကျောင်းသင် မြန်မာစာကိုသာ သင်ကြားခဲ့ကြသည်။ ကျောင်း က သင်ခန်းစာများကိုလည်း မြန်မာစာဖြင့်သာ သတ်မှတ်ပြဋ္ဌာန်းခဲ့ခြင်း ရှိခဲ့ကြောင်း လေ့လာသိရှိခွင့် ရခဲ့သည်။

### ဘုရားကု ဆေးကုသကြပုံ

မုန်းချောင်းခွင်နရိယာထဲသို့ ဝင်လာကတည်းကပင် ကျွန်တော် သတိပြုမိသည့် ထူးခြားချက်တစ်ခုရှိပါသည်။ ချုံကြိုချုံကြားမှစ၍ လှသွားလမ်းဘေး ချောင်းဘေးစသဖြင့် နေရာအနှံ့တို့တွင် သဲပုံစေတီ၊ ကျောက်ခဲပုံစေတီငယ်ကလေးများကို ရံဖန်ရံခါ တွေ့နေရခြင်းဖြစ်ပါ သည်။ ဤကိစ္စကိုလည်း လဲပုံကျေးရွာလူကြီး ဦးစံလှနေအိမ်၌ တစ်ည တည်းခိုလိုက်သည့်အခါမှ သိခွင့်ရတော့သည်။

နံနက်ပိုင်း အိမ်သာသွားရင်းမှ ဦးစံလှ၏အိမ်အောက် ရေစွန့် ချောင်းနားတွင် ငှက်ပျောဖက်နှင့် လေးထောင့်ပုံစံအဆင့်ဆင့်ခွေ၍ သဲပုံစေတီငယ်တစ်ဆူကို လောလောလတ်လတ် အလံတံခွန်ကလေး များ စိုက်ထူထားသည်ကိုတွေ့ရ၏။

"ဒီနားမှာ သဲပုံစေတီကလေးက ဘာဖြစ်လို့တည်ထားတာ ပါလဲ"ဟု မေးမိရာ ဦးစံလှက ကျွန်တော်၏ရှုးစမ်းသည့်အမေးကို ပြုံးစိစိနှင့်ဖြေပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တလောက ဒီရေစွန့်ချောင်းပေါ်ကနေ ကြမ်း ပေါက်ကျပြီး အောက်ကိုလိမ့်ကျလိုက်တာ ခါးနာသွားတယ်။ တစ်လ နီးပါးရှိတာတောင် ခုထိမပျောက်သေးတာနဲ့ ထုံးစံအရ ဘုရားက ကုထားတာလေ"

"ဘုရားက ကုတယ်ဆိုတာဘာလဲ၊ နည်းနည်းရှင်းပြပါ လား"

"ကျုပ်တို့ဆီမှာတော့ ဒါဟာ ဓလေ့ထုံးစံတစ်ခုပါပဲ၊ ရောဂါ ဘယ၊ အနာတရတစ်ခုခုဖြစ်လာရင် နတ်ဆရာဆီမှာ သွားမေးကြ တယ်။ နတ်ဆရာက ဘယ်အရပ်ဘယ်ထောင့်က မကောင်းဆိုးဝါး နတ်မိစ္ဆာများက ဖမ်းစားထားတာဖြစ်တယ်လို့ ပြောတဲ့အခါမှာ အဲဒီ အရပ် အဲဒီထောင့်နေရာဘက်ကိုသွားပြီး ဘုရားတည်လိုက်ကြတယ်။ ဒါဆိုရင် မကောင်းဆိုးဝါးက ရှေ့ကိုတိုးမလာနိုင်အောင် ဘုရားက ကာကွယ်ပေးတယ်။ ခုလည်း ကျုပ်လိမ့်ကျတဲ့နေရာက မြေဖုတ်ဘီလူး ဖမ်းစားထားတယ်ဆိုလို့၊ ခုလို ဘုရားတည်ထားရတာကွ"ဟု ဦးစံလှကရှင်းပြသည်။

"အော် ဒါကြောင့် လမ်းဘေးတွေမှာ အဲဒီလို သဲပုံ၊ ကျောက်ပုံ စေတီငယ်ကလေးတွေကို တွေ့ရတာကိုး၊ ဒီလိုလုပ်လိုက်တော့ ဦးစံလှရဲ့ ခါးနာဝေဒနာက ပျောက်ကင်းသွားပါသလား"

"အေးကွဲ့ နည်းနည်းတော့သက်သာလာတယ်"

နိုင်မာနေပြီဖြစ်သော စိတ်အစွဲအလမ်းအယူအဆက ကုစား လေပြီထင်ပါသည်။ အမှန်ဖြစ်နိုင်သည်ကတော့ ခါးနာလို့ တစ်လ လောက်အနားယူနေလိုက်သည့်အတွက် သက်သာလာခြင်းဖြစ်ပေ သည်။ ဦးစံလှတို့ လဲပုံရွာတွင် ချင်းလူမျိုးအများစုဖြစ်ပြီး ဗုဒ္ဓဘာသာ



ကိုးကွယ်သူများ ဖြစ်ကြပေသည်။ သို့ကြောင့် ကျွန်တော်ဆက်လက် ဆွေးနွေးလိုက်ပါသည်။

"ဦးလေးတို့ ဗုဒ္ဓဘာသာကိုးကွယ်ကြသူတွေဆိုတော့ မိမိ စိတ်နှင့်ရည်မှတ်ပြီး အထွတ်အမြတ်ကိုးကွယ်ရတဲ့ဘုရားကို မသန့် မပြန့်တဲ့နေရာတွေ၊ ယုတ်ညံ့တဲ့နေရာတွေမှာ တည်ထားလိုက်ခြင်းဟာ အပြစ်မကင်းဖြစ်နိုင်တယ်ဦးလေး၊ ကိုယ့်အိမ်မှာ အမြင့်အမြတ်ဖြစ်တဲ့ ခေါင်းရင်းမှာဘုရားစင်ထားပြီး ကိုးကွယ်ကြတယ်မဟုတ်လား။ ဘယ်လူမျိုး ဘယ်ဘာသာပဲဖြစ်ဖြစ် မိမိကိုးကွယ်တဲ့ဘုရားကိုတော့ အထွတ်အမြတ် ပူဇော်သမှုသာ ပြုကြရပါတယ်။ နောက်ပြီး မြတ်စွာ ဘုရားဟာ မေတ္တာပွားများခြင်းကိုသာပြုပါတယ်။ ဦးလေးတို့စီစဉ်သလို ရန်သူကိုတိုက်ထုတ်ဖို့မဟုတ်ပါဘူး၊ မကောင်းဆိုးဝါးနတ်မိစ္ဆာများနဲ့ ပတ်သက်လာရင် ဘုရားမှာ ဆီမီး၊ ရေချမ်း၊ ဆွမ်း၊ ပန်း ကပ်လှူဒါန်း ခြင်း ကောင်းမှုပြုပြီး အမျှပေးဝေခြင်းကသာ အကောင်းဆုံး ကုစားချက် ပါပဲ ဦးလေး"

"အေး ငါလဲ လုပ်သာလုပ်နေရတယ်၊ စိတ်ထဲမှာတော့ သိပ်မရှင်းဘူးကွ၊ အရပ်ဓလေ့ထုံးစံမို့သာ လုပ်နေရတာကွ၊ မသင့်တော် တာတော့အမှန်ပဲ"

ဦးစံလှစိတ်ဝင်စားလာပုံရသဖြင့် ကျွန်တော်ဆက်၍ဆွေးနွေး လိုက်ပါသည်။ "ခုနက ကျွန်တော်ပြောသလို ကောင်းမှုကုသိုလ်တွေ ပြုပြီး အမျှပေးဝေ မေတ္တာပို့လိုက်တယ်ဆိုရင် မကောင်းဆိုးဝါးနတ်မိစ္ဆာ တွေကလည်း ပြန်ပြီး မေတ္တာထားလာကြတယ်။ ဒါကြောင့် တိုက်ဆိုင်မှု ရှိတယ်ဆိုရင် ရောဂါဝေဒနာတွေ သက်သာလာနိုင်ပါတယ်။ စေတနာ မှန် မေတ္တာရောင်ပြန်ဟပ်တဲ့သဘောပါပဲ။ ကျွန်တော်တို့မြန်မာ့ဓလေ့

www.burmeseclassic.com

www.burmeseclassic.com



မှာလဲ ခေါပစ်တယ်ဆိုတဲ့ဓလေ့ရှိပါတယ်။ ခေါစာ ကျွေးတာ လို့လည်း ဆိုကြတယ်။ ဆန်ပြာတဲ့ဆန်ကောအလယ်မှာ မီးသွေးခဲ စည်းဝိုင်းဝိုင်းပြီး ထမင်း၊ ဟင်းလျာ မုန့်စတဲ့ အစားအသောက်တွေ ထည့်ပြီး ညနေ နေဝင်ဖျိုးဖျအချိန် ကွင်းတစ်နေရာမှာ သွားပစ်ထား လေ့ရှိပါတယ်။ ပေးကမ်းစွန့်ကြဲ ဒါနပြုတဲ့သဘောပါပဲ။ ဒီလိုလှူဒါန်း ဒါနပြုတဲ့အကျိုးကြောင့် နတ်မိစ္ဆာများဘက်ကလည်း စေတနာပြန်ထား တဲ့တွက် ဘေးရန်ဥပဒ်က ကင်းဝေးစေရတာပေါ့ ဦးလေးရယ်။ ဒါကြောင့် ခုလိုတွေ့ရာနေရာမှာ ဘုရားတည်နေကြမယ့်အစား ဘုရားစင်မှာပဲ ကောင်းမှုကုသိုလ်ပြုတာက အကောင်းဆုံးပါပဲဦးလေး"

"ဟုတ်တယ်ကွာ၊ တို့ထုံးစံကလဲ အိမ်သာနားမှာချော်လဲလို့ ဖြစ်သွားရင် အဲဒီနေရာတစ်ဝိုက်မှာ ဘုရားတည်ရတယ်ဆိုတော့ မဟုတ်တော့ဘူးပေါ့ကွာ။ တချို့ကျတော့လည်း ရောဂါပေးလိုက်တယ် ဆိုတဲ့အရပ်က မြေကြီးကိုသွားယူလာပြီး သီးသန့်ဘုရားတည်လိုက် တာလည်းရှိတယ်ကွ၊ ဘုရားကုထုံးစံက ဘယ်တုန်းကစပြီး ပေါ်လာ တယ် မသိပါဘူးကွာ၊ တို့ငယ်ငယ်ကတည်းကပဲ လူတွေ အတော် များများ လုပ်လာကြတာပဲကွ ငါ့တူရ"

လူကြီးပိုင်း အချို့ပုဂ္ဂိုလ်များသည် တဖြည်းဖြည်း သဘော ပေါက်လာကြသော်လည်း အများစုမှာ အရိုးစွဲနေပြီဖြစ်သော ဘုရားကု စနစ်ကို ယနေ့တိုင် လက်မလွှတ်နိုင်ကြသေးပေ။ ဘုရားကုကို မုန်းချောင်းတစ်လျှောက် ရွာများအားလုံးတွင် တွေ့ရ၏။ ဘုရားကု စနစ်၏ ဇာစ်မြစ်အစမှာ ကျင်းခွေးနှင့် လဲပုံရွာဘက်သို့ ဘုန်းကြီးတစ်ပါး ရောက်လာပြီး လမ်းညွှန်ပြသခဲ့ရာမှ အစပြုခဲ့ကြောင်း သိရပေသည်။ သို့ရာတွင် ကနဦးမူလရည်ရွယ်ချက်မှာ ဘုရားနှင့်နတ်မိစ္ဆာများကို



ဘားထားခြင်း၊ တိုက်ထားခြင်းမဟုတ်ဘဲ အတူတကွ ဘုရားဖူးကြ စေပြီး ကောင်းမှုကုသိုလ်အမျှယူကြရန် မေတ္တာစိတ်နှင့် ဖိတ်ခေါ်ရခြင်း ကိုသာ ညွှန်ပြလုပ်ကိုင်စေခဲ့သည်ဟု သိရသည်။

ကာလရွေ့လျောလာသော် ဘုရားနှင့်နတ်မိစ္ဆာကို တိုက်ခိုင်း သည့်သဘော အယူအမှတ်တစ်မျိုး စွဲနေကြတော့သည်။ အမှန်တော့ ဘာမျှ ခြေခြေမြစ်မြစ်မရှိသော ထုံးစံတစ်ခုသာဖြစ်ပေသည်။ သို့ကြောင့် အကျိုးမပြုသောထုံးဓလေ့တို့သည် လူမှုဘဝဖွံ့ဖြိုးတိုးတက်လာသည် နှင့်အမျှ တိမ်ကောပပျောက် ပျောက်ကွယ်သွားမည်သာ ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com

## ပါးရဲထိုးခလေ့

ပါးရဲထိုးခြင်းကို (ပယဲ၊ ပါးယဲ၊ ပါးမည်းဟုလည်း ရေးသည်ကိုတွေ့ရ၏) ရှမ်းပြည်နယ်ဘက်တွင် ဆေးနီရောင်နှင့်ထိုးသော ပါးရဲလည်းရှိ၏။ ချင်းတို့၏ ပါးရဲသည် ဆေးမည်းများနှင့်ထိုးသော ပါးရဲသာဖြစ်သည်။ ပါးရဲထိုးထားခြင်းကို ချင်းအမျိုးသမီးများ၌ အများဆုံးတွေ့ရှိရသည်ဆိုသော်လည်း၊ ချင်းအမျိုးသမီးတိုင်းလည်း မထိုးကြချေ။ ချင်းပြည်နယ်၊ ကိုးမြို့နယ်အနက် မင်းတပ်၊ ကန်ပက်လက်မြို့နယ်ဒေသများမှ ချင်းပုံ၊ မကားရ်၊ မွင်း၊ ဒိုင် စသည့် ချင်းမျိုးနွယ် အမျိုးသမီးများ၌သာ တွေ့ရလေသည်။ မုန်းချောင်းခွင်၌ အသက် (၃၀) အထက် အမျိုးသမီးပိုင်း၌ ပါးရဲထိုးခြင်းများစွာတွေ့ရ၏။ ငယ်ရွယ်သူ ခေတ်မိန်းကလေးများသည် ပါးရဲထိုးထားခြင်း နည်းပါးလာသည်ကို တွေ့ရသည်။

ရှေးမြန်မာမင်းများလက်ထက် နှစ်များစွာကပင် ပါးရဲထိုးခြင်းဓလေ့သည် ကာလရှည်ကြာစွာ ခိုင်မြဲလာသည့်အတွက် ပါးရဲထိုးထားသူ အမျိုးသမီးဦးရေမှာ အတော်အတန်များနေသေးပေသည်။ သို့ဖြစ်၍ ချင်းပျိုဖြူတို့၏ နဂိုအလှကို ပုံမကျအောင် အကျည်းတန်စေခဲ့သည်။ ပါးရဲထိုးခြင်းဓလေ့၏ သမိုင်းကြောင်းကိုသိလို၍ ချင်းတောင်ရောက်ခိုက် လေ့လာခဲ့ရသည်။



ပါးရဲဓလေ့နှင့်စပ်လျဉ်း၍ သမိုင်းကြောင်းကို စာပေအထောက်အထားများနှင့် အခိုင်အမာပြောပြနိုင်သူများကို မတွေ့ခဲ့ရသေးပေ။ ခေါက်ပုံကျင်းရွာတွင် ဆုံတွေ့ခဲ့ရသော သူကြီးဟောင်း သက်ကြီးရွယ်အိုတစ်ဦး၏ ပါးစပ်သမိုင်းတစ်ပိုင်းတစ်စကို နားထောင်ခဲ့ရသည်။ အခြားသော အဘိုးအဘွားတို့ကလည်း တစ်ဆင့်စကား တစ်ဆင့်ကြားလက်ဆင့်ကမ်းစကားဖြင့်သာ ပြောပြနိုင်ကြ၍ သက်ကြီးစကားသက်ငယ်ကြားရသော သမိုင်းများသည်သာ ရှိပေသည်။

ခေါက်ပုံကျင်းရွာမှ ဦးတင်မောင်တို့ ဖိတ်ကြားဧည့်ခံသော ကောက်ညှင်းပေါင်းနှင့် ဆိတ်သားခြောက်ကြော်နှင့် ဧည့်ခံဝိုင်းတွင် သူကြီးဟောင်းဆိုသူ အဘဦးမြသောင်း၏ ပါးစပ်ရာဇဝင်ကို ကြားဖူးခဲ့ရသည်။

"ပါးရဲရာဇဝင်ကတော့ ဆရာမေးသလို စာအုပ်စာပေကျမ်းဂန်များနဲ့တော့ မပြောပြနိုင်ဘူး၊ သက်ကြီးစကား သက်ငယ်ကြား အစဉ်တစိုက် မှတ်သားမိခဲ့ကြတာကတော့ ဒီလို ဆရာရဲ့"

ဘကြီးဦးမြသောင်းက လက်သုတ်ပဝါနှင့် လက်ကိုသုတ်ရင်း ပါးရဲရာဇဝင်ကို အစချီပါတော့သည်။

"ရှေးမြန်မာမင်းတစ်ပါးဖြစ်တဲ့ အလောင်းစည်သူမင်းဟာ တိုင်းခန်းလှည့်လည်ရင်း ဒီ မုန်းခွင်ကိုရောက်လာခဲ့ဖူးတယ်။ လဲပုံရွာကို ရောက်တော့ အခု ဆရာတို့တွေ့ခဲ့တဲ့ရေချိုးဆိပ်က ကျောက်ပြားကြီးပေါ်မှာ ရေချိုးနေတဲ့လဲပုံသူ ချင်းပျိုဖြူချောလေးမယ်ပပကို မင်းကြီးတွေ့မြင်ရာက သဘောကျသွားမိတယ်။ တိုတိုပြောရရင် အဲဒီခေတ်ကတော့ မယ်ပပကို တော်ကောက်တော်မူသွားခဲ့တယ်ပေါ့ဗျာ၊ မင်းကြီးကလည်း မယ်ပပကို အတော်ချစ်ခင်နှစ်သက် မြတ်နိုးရှိပုံရ

www.burmeseclassic.com

www.burmeseclassic.com



ပါတယ်၊ ဒါပေမယ့် နောက်ပိုင်းမှာ မယ်ပပဟာ နေပြည်တော်ပါသွားပြီး မိဘများနဲ့ တစ်ကွဲတစ်ပြားဖြစ်နေပြီး ရင်ကွဲပက်လက်ခံစားလာခဲ့ရတယ်။ နောက်တော့ မယ်ပပနဲ့ပတ်သက်ပြီး စိတ်မချမ်းမြေ့စရာ စိတ်နာကြည်းစရာတွေ ဖြစ်လာတာတွေလည်း ရှိသတဲ့။ ဒီတော့ မုန်းသူ ချင်းပျို့ဖြူတို့ဟာ ချင်းရိုးမကြီးကို ခင်တွယ်ကြသူတွေလည်း ဖြစ် ဒေသစွဲ၊ လူမျိုးစွဲ စိတ်ဓာတ်တွေကလည်း ကြီးမားကြသူတွေမို့ နောင်ရေး စိတ်အေးရအောင်ဆိုပြီး မျက်နှာအလှကို ပါးရဲနဲ့ဖျက်ပြီး အကျည်းတန်အောင်လုပ်ခဲ့ကြတယ်။ နောက်ပြီး ချင်းမျိုးနွယ် အမျိုးသမီးတွေကို ဘာသာခြား၊ လူမျိုးခြားတွေနဲ့ မဆုံကြလေအောင်ကိုလည်း စီစဉ်ကြတဲ့သဘောပါပဲ၊ ဒါကြောင့် မိန်းကလေးတွေ ၁၀ နှစ်အရွယ်ဆိုရင် ပါးရဲကို စထိုးလာကြတာပဲဆရာ၊ ဒီရာဇဝင်မျိုးကို ဆရာတို့လည်း ကြားဖူးမှာပါ၊ လူအတော်များများကတော့ ချင်းမတွေကို ဘုရင်တွေ တော်မကောက်နိုင်အောင် ပါးရဲထိုးတယ်လို့ပဲ လူသိများကြတယ်''

ကျွန်တော်လည်း ဤသို့ကြားဖူးပါသည်၊ ထို့ပြင် ပါးရဲထိုးရခြင်း၏ အကြောင်းတစ်ခုမှာ အခြားလူမျိုးများက ဖမ်းဆီးသွားခဲ့သော် အလွယ်တကူရှာဖွေတွေ့ရှိနိုင်အောင် မှတ်သားထားသည်ဟုလည်း ကြားဖူးခဲ့ပါသည်။ ဘကြီးဦးမြသောင်း၏ပါးစပ်ရာဇဝင်ကို မှန်းခွင်နှင့် အနီးဆုံးဖြစ်သည့် စေတုတ္တရာမြို့နယ်သမိုင်းတွင် အနီးစပ်ဆုံး လေ့လာရသည်။ စေတုတ္တရာမြို့သည် ပုဂံခေတ်အလောင်းစည်သူမင်းကြီး လက်ထက်၌ မုန်းချောင်းအပါအဝင် တောင်စဉ်ခုနစ်ခရိုင်ကို အုပ်စိုးရသော ကျွန့်စစ်သား၏သားတော် မင်းသီရိခေတ္တရာ (ဧယျခေတ္တရာ) မင်းက မြန်မာသက္ကရာဇ် ၄၆၀ တွင် တည်ထောင်ခဲ့ကြောင်း တွေ့ရသည်။ ကုန်းဘောင်ခေတ်မှာလည်း မင်းနေပြည်တော် အမရပူရ၊



ခန္တီလေးနှင့် စေတုတ္တရာမြို့တို့သည် ကျယ်ကျယ်ပြန့်ပြန့် ဆက်သွယ်မှုရှိခဲ့ကြောင်း ပေ၊ ပုရပိုက် စာမူရာဇဝင်မှတ်တမ်းများအရ သမိုင်းသင်ရှားရှိခဲ့သည်ကို လေ့လာရသည်။ (စေတုတ္တရာမြို့နယ် မှတ်တမ်းမှ ကောက်နုတ်ချက်)

သို့ကြောင့် ပါးစပ်ရာဇဝင်များအကြားအရ ဘုရင်များ တော်ကောက်မည်စိုး၍ ပါးရဲထိုးခြင်းဆိုသည်မှာလည်း စဉ်းစားစရာပင်ဖြစ်ပေသည်။

**ပါးရဲထိုး ပုံစံအမျိုးမျိုး**

ပါးရဲထိုးထားပြီးသည့် ချင်းအမျိုးသမီးများ၏ မျက်နှာပေါ်မှ ပုံစံများသည် သူတို့စိတ်ကြိုက်ပုံစံများကို ထိုးကြ၍ အမျိုးမျိုးတွေ့ရ၏။

- မျက်နှာတစ်ပြင်လုံး၊ နားရွက်၊ ပါးစပ်၊ နှုတ်ခမ်းသားနှင့် မျက်လုံးအတွင်းသားနေရာများမှလွဲ၍ မွေးညင်းပေါက်မလပ် အပြည့်လုံးဝ မည်းမည်းကြီးသက်သက် ထိုးကြသည်။
- မျက်နှာကို ဒေါင်လိုက်အစင်းကျားများ ထိုးကြသည်။
- ပါးတစ်ဖက်တစ်ချက်၌ ဒေါင်လိုက်စင်း သုံးကြောင်းစီထိုးပြီး မေးစေ့နှင့်နဖူးတို့တွင် ကန့်လန့်စင်းများလည်း ဆွဲကြသည်။
- ဒေါင်လိုက်စင်းများဘေးမှ အစက်အပြောက်များ ဝလုံးကွင်းများလည်း ထိုးကြသည်။

ပါးရဲထိုးဆရာ၏ စိတ်ကူးစုတ်ချက်အတိုင်း ပုံစံအမျိုးမျိုးထိုးပေးကြခြင်းဖြစ်သည်။ ပါးရဲထိုးဆရာသည် အများအားဖြင့်

www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးဆရာမများသာဖြစ်၏။ ဒေသခံတို့၌ အမျိုးသားပါးရဲထိုးဆရာကို မတွေ့ရပေ။ ပါးရဲထိုးခအဖြစ် နေ့စားခ ပေးကြရ၏။ ပါးရဲထိုးခံရသူ မိန်းကလေးသည် ခံနိုင်ရည်ရှိမည့် အနည်းဆုံး ၁၀ နှစ်သမီးအရွယ်မှ စ၍ထိုးလေ့ရှိ၏။

## ပါးရဲထိုးရာတွင် အသုံးပြုသောပစ္စည်းများ

ပါးရဲထိုးပစ္စည်းနှင့် ဆေးဆီများသည် မည်သည့်ဓာတုဗေဒ ဆေးဝါးမျှ မပါဝင်ဘဲ ဒေသထွက်သဘာဝပစ္စည်းများဖြင့်သာ အသုံးပြုကြပေသည်။

**စုတ်။** ။ဆေးထိုးသည့်စုတ်တံကို ကြေးစုတ်၊ သံစုတ်များကို အသုံးမပြုကြပေ။ ၄င်းတို့၏ ဘာသာစကားအခေါ်အရ မွီးဟုခေါ်သော ကြိမ်နွယ်ပင်တစ်မျိုးမှရသည့်ဆူးဖြင့် ထိုးကြသည်။ ၄င်းကြိမ်ဆူးရရန်အတွက် ရေစမ်းကောင်းသော ချောင်းဘေး၊ မြောင်းဘေး၊ လျှိုများတွင် ရှာဖွေရ၏။ သီးသန့်စိုက်ပျိုးထားပြီး မှတ်သားခြင်းလည်းရှိ၏။ တောထဲ တောင်ထဲ လျှိုစိမ့်စမ်းကောင်းသောနေရာများတွင် အလေ့ကျပေါက်သည်ကိုလည်း ရှာဖွေရယူနိုင်၏။

မွီးခေါ် ကြိမ်ပင်သည် နွယ်တက်သော နွယ်ပင်ကြီးတစ်မျိုးဖြစ်သည်။ မတ်လတွင် အသီးရင့်မှည့်လေ့ရှိပြီး အသီးကိုလည်း စားရသည်။

## ပါးရဲထိုးဆေးဆီပြုလုပ်ပုံ

ပါးရဲထိုးဆေးဆီကို-

- ထင်းရှူးပင်အစိမ့် ရသောအသားကို မီးရှို့မီးမြှိုက်ပြီး ကျပ်ခိုးကို စုရသည်။



- ၄င်းကျပ်ခိုးများကို ပဲရင်းရွက်၊ ပဲလွန်းရွက်၊ ပဲကြီးရွက် သုံးမျိုးဖြင့် ရောစပ်ကြိတ်နယ်သည့်အခါ ရလာသော သတ္တုရေသည် မည်းနက်တောက်ပြောင်သောဆေးရည်ကို ရ၏။

## ပါးရဲထိုးခြင်း

ပထမဦးစွာ မျက်နှာပေါ်တွင် ကြိုက်နှစ်သက်ရာပုံစံကို ဆေးဆီဖြင့် လျာထားရေးဆွဲပြီးမှ စုတ်ချက်လိုက်ပေါက်၍ ရေးထိုးကြသည်။ မျက်နှာအပြည့် တစ်ကြိမ်တည်းအပြီး အထိုးခံရသူ အလွန်နာသည်။ တစ်နှစ်တစ်ခါထိုးလျှင် ပုံစံအနည်းငယ်ဖြင့်သာ ထိုးသွားပြီး သုံးနှစ်ဆက်တိုက် (သို့မဟုတ်) အချို့ လေးနှစ်ဆက်တိုက်ထိုးသွားခြင်းဖြင့် မျက်နှာအပြည့်ပုံစံကို ပြီးမြောက်ရ၏။ ဆေးထိုးသည့်အခါ မျက်နှာတစ်ပြင်လုံး သွေးရဲရဲဖြင့် ကြိတ်မှိတ်ခံစားကြရသည်။ နာကျင်မှုပြင်းထန်လှသည့်အပြင် အနာများဖြစ်ပြီး အချို့ ဖျားနာမှုများလည်းရှိသဖြင့် တစ်ကြိမ်တွင် နည်းနည်းနှင့် နှစ်နှင့်ချီ၍ ထိုးသွားကြခြင်းဖြစ်သည်။

ဆေးထိုးပြီးနောက်နေ့တွင် မျက်နှာတစ်ခုလုံး ဖူးရောင်နေသဖြင့် ပဲရွက်ညှစ်ရည်များဖြင့် ဆက်လက်လိမ်းပေးရသည်။ ဆေးဆီဖြင့် တစ်ပတ်ခန့်လိမ်းပေးလိုက်မှသာ အနာဖေးကွာကျပြီး ပျောက်ကင်းရသည်။ တစ်ခါတစ်ရံ ကလေးငယ်များက အထိုးမခံနိုင်၍ ရုန်းကန်ကြသည်ကို ဝိုင်းဝန်းဖိနှိပ်ချုပ်ပေးရာမှ အချုပ်လွန်၍ ဆေးထိုးလည်းပြီး အသက်ပါပျောက်သွားခြင်းများလည်း ရှိခဲ့ဖူးကြောင်း ပြောပြ၍ သိရသည်။

www.burmeseclassic.com

www.burmeseclassic.com



ပါးရဲထိုးခြင်းကို ဆောင်းရာသီနှင့် နွေရာသီတို့၌ လုံးဝ မထိုးကြပေ။ မိုးရာသီ မိုးရွာနေစဉ်အခါများ၌သာ ထိုးပေးကြ၏။ မင်းဘူး၊ မကွေးဒေသများမှ မိုးရာသီချိန်တွင် ပါးရဲဆရာအမျိုးသားများလည်း လာရောက်ထိုးပေးကြသည်ဟု သိရသည်။ ထိုဆေးထိုးဆရာများသည် ပြည်မ၌ မြန်မာထိုးကွင်းဆေးမင်ကြောင် ထိုးကြသောဆရာများဟု သိရပေသည်။ ၎င်းဆရာများ ပါးရဲထိုးပေးလျှင် ဆေးထိုးခအဖြစ် အနည်းဆုံး ချင်းစောင်တစ်ထည် ပေးရလေ့ရှိသည်။ (ထိုအချိန်က စောင်တစ်ထည်ကို တန်ဖိုး ၁၀၀ ကျပ်ခန့် ပေးရသည်။)

ပါးရဲထိုးခြင်းသည် တစ်ခေတ်တစ်ချိန်က ချင်းအမျိုးသမီးထုအတွင်း၌ ဂုဏ်ထည်ကြီးစွာ နေရာယူခဲ့ကြသည်။ ပါးရဲမထိုးရသေးသော ချင်းပျိုဖြူကလေးများကိုမြင်လျှင် ကာလသားများက သည်အပျိုပါးရဲထိုးလိုက်လျှင် သိပ်လှမှာပဲဟူ၍ပင် ဆိုခဲ့ကြရ၏။ ပါးရဲကို အလှတစ်ပါးအဖြစ် သတ်မှတ်ခဲ့ပုံရသည်။ ယခုအခါ ပြောင်းလဲလာခဲ့ပေပြီ။ မျက်နှာပေါ်ပါးရဲထိုးခြင်းသည် မျက်နှာယန်းမလှ အကျည်းတန်သွားတာကလွဲ၍ ငွေကုန် အသားနာပြီး မည်သည့်အကျိုးကျေးဇူးမျှမရှိဟူ၍ အသိဝင်လာကြပေသည်။ သို့ကြောင့် ခေတ်ကာလ ချင်းအမျိုးသမီးထုအတွင်း၌ ပါးရဲသည် နေရာယူ၍မရတော့ပေ။

လဲပုံရွာမှ အဒေါ်ကြီးတစ်ဦးဆိုလျှင် ဘုရားကျောင်းကန်အလှူပွဲစသည့်သွားကြလျှင် အခြားသောအမျိုးသမီးများ၏ မျက်နှာမှ သနပ်ခါးအလှများကိုအားကျပြီး မိမိမျက်နှာမှ ပါးမည်းကြီးများကို ဖျက်ပစ်ချင်နေချေပြီ။ သို့သော် ''အိမ်ထောင်မှု ဘုရားတည် ဆေးမင်ရည်စုတ်ထိုး၊ ဤသုံးမျိုး ချက်မပိုင်လျှင် နောင်ပြင်ရန် ခက်သည့်အမျိုး'' ဟု ဆိုရိုးအတိုင်း ယနေ့တိုင် ဆေးမင်ကြောင်များကို



ဖျက်နိုင်သောဆေး မတွေ့ရသေးဘဲ စိတ်ပျက်လျက်ရှိကြသည်။ သို့ကြောင့် လွတ်ကျူ ကွဲသွားပြီဖြစ်သော ပုလင်းထဲမှနွားနို့များအတွက် ပူဆွေးသောကရောက်နေဖို့ မလိုတော့ချေ။ နောက်ဆက်၍ အမှားမဖြစ်ရန်သာ အရေးကြီးပေသည်။

ယခုအခါ သက်ဆိုင်ရာနယ်မြေ အစိုးရအဖွဲ့အစည်းတို့ကလည်း စည်းရုံးပညာပေး တားမြစ်နေကြပြီဖြစ်သည်။ ပါးရဲထိုးဆရာများကိုခေါ်၍ မေတ္တာရပ်ခံ စည်းရုံးဆွေးနွေးပြီး ပါးရဲထိုးခြင်းကို တားမြစ်လျက် ရှိနေကြပြီဖြစ်သည်။ လူသားတို့အတွက် ထာဝစဉ် မှန်ကန်စွာအကျိုးမပြုသော ထုံးစလေ့စနစ်မှန်သမျှသည် ကာလကြာသော် မေးမှိန်ပျောက်ကွယ်လာမည်မှာ ဓမ္မတာပင်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

## စတုဂံနယ်မြေနှင့် ကျားမုဆိုးများ

ချင်းပြည်နယ်အတွင်း ကန်ပက်လက်မြို့နယ်၊ မင်းတပ်မြို့နယ်၊ မတူပီမြို့နယ်နှင့် ရခိုင်ပြည်နယ် မင်းပြားမြို့နယ်တို့သည် စတုဂံပုံ လေးပွင့်ဆိုင်တည်ရှိကြရာ လေးမြို့နယ်စလုံးတို့မှ လက်လှမ်းကွာ ဆေးသော ချင်းရခိုင်နှစ်ပြည်နယ်စပ်မှ လေးမြို့မြစ်ဖျား ရေဝေသစ်တော ကြီးများသည် အရေးပါသော စတုဂံနယ်မြေတစ်ခုဖြစ်ကြောင်း တွေ့ရ သည်။ ထိုဧရိယာသည် သစ်တောကြီးများထူထပ်ခြင်း၊ တောင် တံတိုင်းကြီးများ မတ်စောက်ခြင်း၊ သွားလာရေးခက်ခဲခြင်းနှင့် သားရဲ တိရစ္ဆာန်များပေါများခြင်းတို့ကြောင့် လူသူအရောက်အပေါက်နည်းလှ သည်။ ထို့အပြင် ချင်းပြည်နယ်တစ်ခွင် အေးချမ်းသော အဖြူရောင် နယ်မြေအဖြစ်မသတ်မှတ်မီ ၁၉၈၀ ပြည့်နှစ်မတိုင်မီက သောင်းကျန်း သူတို့ နိုအောင်းစခန်းချခြေရှုပ်ခဲ့သော နယ်မြေလည်းဖြစ်ခဲ့ဖူးပေသည်။

သို့ရာတွင် ရှာမှရှား ကြောက်စရာကျားဆိုးသတ္တဝါကြီးကို လိုက်လံရှာဖွေဖမ်းဆီးနေသော ကျားမုဆိုးများ ခြေရှုပ်လျက်ရှိနေပေ သည်။ ချင်းဝိသေသတိုင်း အုပ်ချုပ်ရေးခေတ်က ချင်းပြည်နယ် သစ်တောများတွင် ကျား ပစ်ခတ်သတ်ဖြတ်နိုင်သူများအား ဆုလာဘ် များပင် ချီးမြှင့်ပေးပြီး ကျားနှိမ်နင်းခြင်းကို အားပေးခဲ့ကြ၏။ ကျား သတ်ဖြတ်နိုင်သူသည် ကျားသားရေတစ်ချပ် ပြသနိုင်ပါက သားရေ တစ်ချပ်လျှင် သေနတ်ကျည်ဆန် ၁၅ တောင့် ရရှိခဲ့ကြသည်။ ထို့ပြင်



ကျေးရွာထဲတွင်မွေးမြူထားသော ကြက်၊ ဘဲ၊ ဝက် စသည့် အိမ်မွေး တိရစ္ဆာန်များကို အလစ်သုတ် ခိုးယူစားသောက်တတ်သော တောခွေး များကိုသတ်ဖြတ်နိုင်လျှင်လည်း တစ်ကောင်လျှင် ကျည်ဆန် ၁၀ တောင့် ရရှိပြီး တောင်ယာစိုက်ခင်းများ၌ သီးနှံများကို ဖျက်ဆီး တတ်သော ဖြူကောင်များကို သတ်ဖြတ်နိုင်ပါကလည်း ကျည်ဆန် ၅ တောင့် စသည်ဖြင့် ဆုချီးမြှင့်ခဲ့ခြင်း ရှိပေသည်။

ယခုအခါတွင် ထိုသို့သောဆုများကို လိုချင်ကြ၍ လိုက်လံ သတ်ဖြတ်နေကြခြင်းမဟုတ်ပေ။ ဖြတ်လမ်းက သူဌေးဖြစ် ကြံနေကြသူ လောဘသား ခေတ်သစ်မုဆိုးများက သက်စွန့်ဆံဖျား လိုက်လံဖမ်းဆီး သတ်ဖြတ်နေကြခြင်းဖြစ်သည်။ ထိုသို့ သဲသဲမဲမဲ ကျားများကို ရှာဖွေ သတ်ဖြတ်နေကြခြင်းသည် ပြည်ပသို့ ကျားရိုး၊ ကျားသားရေ မှောင်ခို နိုးထုတ်မည့် ငွေရှင်ကြေးရှင်တို့က တန်ဖိုးကြီးကြီး ပေးဝယ်နေကြခြင်း ရှိ၍ဖြစ်ကြောင်း သိရသည်။ ကျားတစ်ကောင်ရလျှင် ထိုခေတ် ကာလ တန်ဖိုး သုံးသောင်းကျော်မှ ငါးသောင်းကျော်အထိ ဈေးပေါက်နေသည် ဆို၏။ (ယခုခေတ်ဆိုလျှင် (၅) သိန်းမှ (၁၀) သိန်းခန့်လောက်ရှိ၏။)

မှောင်ခိုစီးပွားရေးနယ်ပယ်တွင် ကျားတစ်ကောင်မှ ကျောရိုး၊ နံရိုး၊ လက်တံ၊ ခြေတံ အရိုးများသည် တစ်ပိဿာလျှင် ကျပ် တစ်သောင်းမှ တစ်သောင်းငါးထောင်အထိလည်းကောင်း၊ ခေါင်းရိုး တစ်ပိဿာလျှင် ကျပ်တစ်သောင်းခုနစ်ထောင်အထိ လည်းကောင်း၊ ကျားသားရေတစ်ချပ်သည် အကြီးအသေးပေါ်မူ၍ ကျပ်ခုနစ်ထောင် အထိလည်းကောင်း ဈေးပေါက်နေကြ၍ အသက်အန္တရာယ်ကို မမှုနိုင်ဘဲ လိုက်လံသတ်ဖြတ်နေကြခြင်း ဖြစ်သည်။ ထိုနယ်မြေတွင် ကျားသတ္တဝါသာမက အသေးဆုံးအလေးချိန် တစ်ကျပ်ခွဲသားခန့်ရှိ

www.burmeseclassic.com

www.burmeseclassic.com



သော ဝက်ဝံသည်းခြေတစ်လုံးကို တစ်ကျပ်သား တစ်ထောင့်ငါးရာကျပ်နှုန်းဖြင့် အရောင်းအဝယ်ဈေးကွက် ရှိနေသည်ဟုသိရသည်။

သို့ကြောင့် သဘာဝတောရိုင်းတိရစ္ဆာန်မျိုးစုံတို့ လွတ်လပ်စွာပျော်ပါးကျက်စားရာ စတုဂံနယ်မြေမှ ဆင်၊ ပြောင်၊ ဆိုင်၊ ဆတ်၊ တောဆိတ်၊ တောင်ဆိတ်၊ ကျား၊ ကျားသစ်၊ ဝက်ဝံ စသည့် အမိုးတန်မြန်မာ့သဘာဝအရင်းအမြစ် တိရစ္ဆာန်များအတွက် စိုးရိမ်ရဖွယ်အန္တရာယ်မကင်း ရှိနေပေသည်။ ပွင့်လင်းရာသီများ၌ အနယ်နယ်အရပ်ရပ်မှ မုဆိုးများသည် စားရေရိက္ခာအပြည့်အစုံတို့ဖြင့် ထိုစတုဂံနယ်မြေအတွင်း စခန်းချလျက် 'ဘနဖူးသိုက်တူးသည့်' ကျားဖမ်းလုပ်ငန်းကို စီးပွားဖြစ်လုပ်ငန်းတစ်ခုသဖွယ် တွင်ကျယ်လျက်ရှိနေပေသည်။ ကြောက်စရာသတ္တဝါကြီးများကို သက်စွန့်ဆံဖျား ရှာဖွေသတ်ဖြတ်နေကြပုံများသည် စိတ်ဝင်စားဖွယ်ရာ တွေ့ရပါသည်။ ထို့ကြောင့် ဘယ်လူမျိုးတွေ ဘယ်လိုလုပ်ပြီး ကျားဖမ်းကြသည်ဆိုသည်ကို အလျဉ်းသင့်၍ လေ့လာခဲ့ရသည်။

ထိုအချိန်က နယ်မြေအုပ်ချုပ်ရေးဆိုင်ရာ လဲပုံကျေးရွာပြည်သူ့ကောင်စီဥက္ကဋ္ဌ ဦးစံလှနှင့် မုဆိုးအတွေ့အကြုံရှိပြီး မုဆိုးအမဲလိုက်ဒေသထုံးစံအချို့ကိုသိရှိထားသူ ချင်းအမျိုးသား တောခေါင်းကြီးဦးရှင်းလိန်းတို့ထံမှသိရှိရသော အနီးစပ်ဆုံးဖြစ်ရပ်များနှင့်တကွကျားထောင်ချောက်ခွင်တစ်ခုသို့လိုက်ပါပြီး လေ့လာခဲ့ရသည်။ ဦးစံလှပြောပြချက်အရ လွန်ခဲ့သောလအတွင်းက မင်းဘူးနယ်ဘက်မှ ချင်းအမျိုးသားမုဆိုးတစ်စု သူတို့ဆီမှာညှော်စာရင်းတိုင်ရင်း ရောက်ရှိလာသည်ဟုဆိုပါသည်။ ကျားတစ်ကောင်ရရန် စတုဂံနယ်မြေတောထဲ၌ တစ်လနီးပါးခန့် ကြာသွားကြသည်။ သူတို့အုပ်စုထဲမှ



လူတစ်ယောက် ငှက်ဖျားမိပြီးသေသွားသဖြင့် တောထဲ၌ပင် သင်္ဂြိုဟ်ခဲ့ကြသည်။ သေသူ၏မိသားစု ဆွေမျိုးသားချင်းများကိုပြရန်နှင့် အသုဘခံရန်ဆိုပြီး လူသေ၏ဆံပင်နှင့် ညာလက်တစ်ဖက်ကို ဖြတ်ယူလာခဲ့ကြ၍ လူသေလက်ပြတ်ကြီးပါလာသဖြင့် ဦးစံလှက သူတို့ဆီမှာတည်းခိုခွင့်မပြုဘဲ၊ ၎င်းတို့နယ်မြေကို အမြန်ဆုံး တိုက်ရိုက်ပြန်နိုင်းလိုက်ရသည်ဟုသိရသည်။

## ကျားထောင်ဖမ်းကြပုံ

သားကောင် ထောင်ချောက်ဖမ်းနည်းအမျိုးမျိုးအနက် ထိုနယ်မြေတွင် ကျားကို သံညှပ်ကြီးများဖြင့် ထောင်ဖမ်းလေ့ရှိသည်ကို တွေ့ရပါသည်။ ချင်းတောင်တွင်မူ ဟိုယခင်နယ်ပိုင်ခေတ်က ဆုချပေးနေစဉ်ကတည်းကပင် ကျားကို သံညှပ်ကြီးများဖြင့်သာ ထောင်ဖမ်းလေ့ရှိခဲ့သည်ဟု ဆိုပါသည်။ ကျားထောင်သည့်သံညှပ်ပုံစံမှာ ချွန်ထက်သည့် ခွေးသွားစိတ်များပါသော လခြမ်းသဏ္ဌာန်အဝိုင်းနှစ်ခုကို သန်မာသည့် ပတ္တာမောင်းဖြင့်ပြုလုပ်ထားသော ညှပ်ထောင်ချောက် မျိုးပင်ဖြစ်သည်။ အကြီးအသေးအလိုက် တစ်မျိုးကို သုံးပိဿာမှ ဆယ်ပိဿာကျော်လေးသည့် ထောင်ချောက်အရွယ်အစား အမျိုးမျိုးရှိပါသည်။ လခြမ်းဝိုင်း၏ ထိပ်တစ်ဖက်တစ်ချက်စီတွင် သံကြိုးတပ်ထားပြီး နီးရာခိုင်ခံ့သည့်သစ်ငုတ်၊ သစ်ပင်များ၌ ချည်ထားရပါသည်။ သို့မှသာ သံညှပ်မိနေသောကျားသည် သံကြိုးတန်းလန်းဖြင့် ထွက်မပြေးနိုင်တော့မှာ ဖြစ်ပါသည်။

သံညှပ်ကြီးကိုအာဖြဲပြီး ထောင်ထားသည့်အခါ အလယ်မှမောင်းခလုတ်ကို တက်နင်းမိပါက ခွေးသွားစိတ်လခြမ်းကြီးနှစ်ဖက်က ကျား၏ နင်းမိသောခြေ (သို့မဟုတ်) လက်တစ်ဖက်ကို တအား

www.burmeseclassic.com

www.burmeseclassic.com



ညှပ်မိနေတော့သည်။ တချို့ မောင်းသန်လွန်သည့်ညှပ်ကြီးများနှင့်ဆိုလျှင် ကျားက တစ်အားရုန်းကန်ရင်း ခြေထောက်ပြတ်ကျန်ရစ်ခဲ့ကြသည်ဟုပင် ဆိုပါသည်။

ကျားထောင်ဖမ်းပုံမှာ ပထမဆုံး ကျားများ ကျက်စားသွားလာလေ့ရှိသည့်နေရာကို ခြေရာခံပြီး ထောင်ချောက်ခွင်ကို ရှာရသည်။ ထောင်ချောက်ခွင်ပတ်လည်တွင် သစ်ကိုင်းသစ်ခက်များနှင့် ခြံစည်းရိုးသဘောမျိုး ဝိုင်းပေးရသည်။ ဝင်လာနိုင်ရန် လမ်းပေါက်နှစ်ပေါက် သုံးပေါက်ခန့် ဖွင့်ပေးထားပြီး ဝင်လမ်းများ၌ ညှပ်ကြီးများကို သစ်ရွက်သစ်ခက်များ ဖုံးအုပ်ပြီး ချထားရသည်။ ထိုသို့ ထောင်ချောက်စီစဉ်ပြီးသည့်အခါ ထောင်ချောက်ခွင်စည်းဝိုင်းအလယ်၌ ဆိတ်တစ်ကောင် (သို့မဟုတ်) နွား၊ ကျွဲတို့ကို ငုတ်တိုင်၌ချည်ထားပြီး အစာအနည်းငယ်သာကျွေး၍ တည်ကောင်အဖြစ် ထောင်ထားရပါသည်။ တည်ကောင်ဖြစ်သည့် ဆိတ်၊ နွား တို့သည် အစာငတ်ရေငတ်ဖြင့် တောကောင်ကိုလည်းကြောက်၍ တပဲပဲနှင့် အော်မြည်နေကြပြီဆိုလျှင် ဟင်းကောင်ရှာနေသည့်ကျားသည် ဆိတ်ကိုကိုက်ချီရန် ထောင်ချောက်ဝင်လမ်းမှ ဝင်ဆဲ့တော့သည်။ ဝင်လမ်းမှာချထားသည့် သံညှပ်တစ်ခုခု၏ခလုတ်ထဲသို့ ကျားခြေထောက် (သို့မဟုတ်) လက်တစ်ဘက်နင်းမိသည့်အခါ ခွေးသွားစိတ်လခြမ်းညှပ်ကြီး နှစ်ဖက်ထဲ၌ တန်းလန်းမိနေပြီး မပြေးနိုင်တော့ပေ။

သံညှပ်မိနေသောကျားသည် အသားနာသွားသည်နှင့် တစ်ပြိုင်နက် ဒေါသတဟုန်းဟုန်းတောက်ပြီး ခုန်ပေါက်ကျွမ်းထိုးကျွမ်းပြန်ဖြင့် လူးလိမ့်နေသည့်အခါ မုဆိုးများက ဝင်မဖမ်းကြသေးဘဲ အသာကြည့်နေကြသည်။ ရုန်းရင်းကန်ရင်း မောလာပြီး ခြေကုန်လက်ပန်းကျသည့်အခါကျမှ ကျားကြီးကို လေး၊ မြား၊ လုံစသည်တို့နှင့်



ဝိုင်းဝန်းပစ်ခတ်ထိုးသတ်ကြပြီး အချို့ကလည်း သေနတ်နှင့် ပစ်သတ်လိုက်ကြသည်။ ကျားသေပြီဆိုသည့်အခါကျမှ အသားကို လုံးဝမယူကြဘဲ၊ ခေါင်းရိုး၊ ကျောရိုး၊ ခြေတံရိုးများကိုဖြတ်ယူကြပြီး သားရေကို အကောင်မပျက် ရုပ်လုံးသွင်းဖော်၍ရစေရန် စိတ်ရှည်လက်ရှည်လွှာပြီး ယူကြသည်။ ယခင်ကမူ ကျားရိုး ကျားသားရေများကို ပြည်တွင်း၌ သယ်ယူနိုင်သည့် သစ်တောမှော်စာထုတ်ပေးခဲ့ကြသော်လည်း ယခုအခါတွင် တိရစ္ဆာန်ထွက်ပစ္စည်းများကို ပြည်ပသို့ မှောင်ခိုခိုးထုတ်သည့်လုပ်ရပ်များ ကြီးထွားလာသောကြောင့် သစ်တောဌာနက ပိတ်ပင်ထားဆီးနေပြီဖြစ်သည်။

## ဒေသခံတို့၏ အမဲလိုက်ထုံးစံတချို့

နေရာဒေသ တောတောင်အလိုက် မုဆိုးအမဲလိုက်ရာတွင် လိုက်နာကျင့်သုံးရသည့် ထုံးစံအမျိုးမျိုးရှိကြရာ မင်းတပ်နှင့် ကန်ပက်လက်နယ် တောင်တန်းဒေသများ၌ ရှိကြသည့် ချင်းမျိုးနွယ်အချို့တွင်လည်း သားကောင်များကိုသတ်ဖြတ်ကြလျှင် လိုက်နာလုပ်ဆောင်ရသည့် ထုံးစံအချို့ရှိကြောင်း အမှုထမ်းသက် (၃၀) ကျော်ပြီဖြစ်သည့် တောခေါင်ကြီး ဦးရှိုင်းလိန်းက သူ့အတွေ့အကြုံကို ပြောပြပါသည်။ ယနေ့တိုင်လည်း အယူအစွဲအလမ်းထားရှိသူအချို့တို့က လိုက်နာကျင့်သုံးနေကြဆဲရှိသည်ဟု သိရပါသည်။ ကျား၊ ဝက်ဝံများကို စည်းကမ်းမဲ့ သတ်ဖြတ်နေကြခြင်းနှင့်ပတ်သက်ပြီး အလျဉ်းသင့်၍ ကျွန်တော်နှင့် ဦးရှိုင်းလိန်းတို့ ဆွေးနွေးမိခဲ့ကြပါသည်။

ဦးရှိုင်းလိန်း ။ ။တလောတုန်းက ကျွန်တော်တို့ဆီမှာ ကျားရိုး၊
ကျားသားရေ၊ ဆတ်ချိုတွေကို သယ်ယူခွင့်မှော်စာ
လာယူကြလို့ ပေးနေကြရပါသေးတယ်၊

www.burmeseclassic.com

www.burmeseclassic.com



နောက်ပိုင်းမှာ သစ်တောရုံးချုပ်ကနေပြီး ပိတ်ပင်တားဆီးဖို့ ညွှန်ကြားလာတာနဲ့ ခွင့်မပြုတော့ပါဘူး။ ကျွန်တော်တို့ မြို့နယ်ကလည်း ပိတ်ပင်တားဆီးနေကြပါပြီ။ ကျွန်တော်ဆိုရင် ငယ်ငယ်ကတည်းက မွေးရာပါဝါသနာအရ မုဆိုးအလုပ်လုပ်လာခဲ့တာပဲ။ ကျားကိုတော့ တွေ့ရခဲသလို သတ်လည်းသတ်ခဲပါတယ်။ ဆရာရောက်ခဲ့တဲ့ စတုဂံနယ်မြေဘက်က တောင်တန်းသားတွေလည်း ကျားကို သတ်ခဲပါတယ်။ အကြောင်းအားလျော်စွာသတ်ခဲ့မိလျှင်လည်း လိုက်နာရတဲ့ ထုံးစံတွေ ရှိတယ်ဆရာ။

ကျွန်တော် ။ ။ဘယ်လိုထုံးစံတွေလည်း ရှင်းပြပါဦး ဦးရှိုင်းလိမ်း။

ဦးရှိုင်းလိမ်း ။ ။မင်းတပ်နဲ့ ကန်ပက်လက်နယ်ထဲမှာရှိကြတဲ့ နီးဒူ၊ မဲင်၊ မကားရ်စတဲ့ ချင်းမျိုးနွယ်တို့ဆီမှာ ကျားသတ်မိရင် ရှောင်ကြဉ်ရတာတွေရှိသလို ဝက်ဝံသတ်မိရင်လည်း လိုက်နာရတဲ့ထုံးစံတွေ ရှိတယ်ဆရာ။ လူတစ်ယောက်က တောထဲမှာ ကျားတစ်ကောင်ကို သတ်မိခဲ့ပြီဆိုရင် ရွာသားတွေ အကူအညီနဲ့ ကျားကို ဝိုင်းထမ်းသယ်ယူလာပြီး ရွာပြင်က ရွာဦးထိပ်က သစ်ပင်တစ်ပင်မှာ ကျားသေကြီးရဲ့လည်ပင်းကို ကြိုးနဲ့ တန်းလန်းချည်ဆွဲထားခဲ့ရပါတယ်။ အိမ်ပြန်ရောက်တဲ့အခါမှာ အဆင်သင့်ရှိတဲ့ခေါင်အိုးကိုဖွင့်ရေဖြည့်ပြီး ပလူတံနဲ့ ကိုယ်တိုင်စုပ်ရတယ်။



ခေါင်အိုးနားမှာ ပဲရင်းစေ့ (၂၀) စေ့ခန့်၊ ချင်းတက် (၂) ကျပ်သားလောက်ကို ထုချေပြီး ကျားသတ်ခဲ့သူရဲ့လက်မောင်း၊ ခြေထောက်တို့ကို သုတ်လိမ်းပေးရပါတယ်။ ပဲရင်းစေ့ကိုလည်း နည်းနည်းဝါးစားပြီး လိမ်းပေးရသေးတယ်။ ပြီးမှ ဝက်ထီးကြီးတစ်ကောင်ကို သတ်ပြီး ဝက်ရဲ့အသည်းအမြစ်များကို ကျားသတ်ခဲ့တဲ့ တောဘက်ကို ပို့ပေးရတယ်။ ကျန်တဲ့အသားကိုတော့ ဝိုင်းဝန်းစားသောက်လိုက်ကြပြီးတဲ့နောက် ကျားသတ်သူဟာ ပဲပုပ်၊ ပဲရင်းစားခြင်းမှ တစ်သက်လုံးရှောင်ကြဉ်သွားရတယ်။ ကျားတို့အသားကိုတော့ လုံးဝမစားကြပါဘူး။ ကျားသေကြီးကို ရွာပြင်မှာ ချည်ဆွဲထားတဲ့သစ်ပင်အနီးအနားက ဖြတ်သွားတဲ့ ယောကျ်ားမှန်သမျှဟာ လေးမြားတို့နဲ့ ပစ်ခတ်သွားကြရတယ်။ အချို့ကလည်း ခဲနဲ့ပေါက်သွားကြတယ်။ အဲဒီလို ပစ်ခတ်ကြရတဲ့သဘောကတော့ "မင်းကို တို့သတ်တာမဟုတ်ဘူး၊ တို့ကို အန္တရာယ်မပြုပါနဲ့၊ ကျားသတ္တဝါမှန်သမျှနဲ့ ရင်ဆိုင်ကြုံတွေ့ရလျှင်လည်း တို့ကအောင်နိုင်ပါစေ" ဆိုတဲ့ အယူအမှတ်နဲ့ ပြုလုပ်လေ့ရှိကြပါတယ်။

ကျွန်တော် ။ ။သူတို့ဓလေ့ထုံးစံတွေက ကျားကို မလွဲမရှောင်သာမှပဲ သတ်ဖြတ်ကြရတဲ့သဘောဆောင်နေတာပဲ ဦးရှိုင်းလိမ်း၊

ဦးရှိုင်းလိမ်း ။ ။ဟုတ်ပါတယ်။ ဒီသဘောရှိသလို တချို့ကလည်း ကျားသတ်နိုင်တဲ့ဂုဏ်ကိုယူပြီး သတ်ကြတာလည်း

www.burmeseclassic.com

www.burmeseclassic.com



ရှိတယ်။ သို့ပင်မယ့် နည်းပါတယ်။ ခုလို စီးပွားဖြစ်လိုက်သတ်နေတာမျိုးကတော့ ခုမှပဲ ပေါ်လာတယ်။ နောက်ပေါ်မုဆိုးများနဲ့ တစ်နယ်တစ်ကျေးကမုဆိုးတွေလာပြီး သတ်နေကြတာ ဆရာ။

မှန်ပါသည်။ ကျားနှင့်ပတ်သက်ပြီး ချင်းပြည်နယ်တစ်ခွင်မှ တိုင်းရင်းသားတို့၏ အယူအဆအမျိုးမျိုးရှိသည်ကို မှတ်သားမိခဲ့သည်။ နတ်ကိုးကွယ်သူအချို့ကျတော့လည်း ကျားရိုး၊ ကျားစွယ်ကို ဆောင်ထားလျှင် မကောင်းဆိုးဝါး၊ စုန်း၊ တစ္ဆေစသည်တို့ မပူးကပ်နိုင်ဟု ယုံကြည်စွဲလမ်းကြသောကြောင့် ကလေးများကို ကျားရိုး ကျားစွယ်များ ဆွဲပေးထားလေ့ရှိသည်ကို တွေ့ရပါသည်။

ထို့အပြင် တောထဲက ကျားသတ္တဝါများမှာ နတ်ဆိုးများက လိုက်ပါတွယ်ကပ်နေကြသည်ဟုလည်း ယုံကြည်ကြသေးသည်။ သို့ကြောင့် အမြဲဒုက္ခပေးမည့်ကျားကို အမြဲတမ်း ကြိုးစားပြီး သတ်ဖြတ်နေခြင်းလည်း ရှိပါသေးသည်။ သတ်ပြီးလျှင်လည်း ကျားသေကို ရွာထဲသို့မယူရဲကြဘဲ ရွာထဲမှ ကျွဲ၊ နွား၊ တိရစ္ဆာန်များနှင့် လူများကို လက်စားချေ ပြန်လည်ကိုက်သတ်လိမ့်မည်ဟု အယူအမှတ်ထားကြသည်ကို တွေ့ရပြန်ပါသည်။ အတွေ့အကြုံအရ မုဆိုးကြီးများသည် ဘဝတူကျားကို သတ်ဖြတ်ခဲကြသလို ကျားသည်လည်း လူကို ဝေးရာကသာ ရှောင်ကွင်းတတ်လေ့ရှိသည်ကို တွေ့ရသည်။ ကျား၏ စရိုက်သဘာဝသည် ဇန်နဝါရီလမှ မတ်လအတွင်း မိတ်လိုက်ချိန်နှင့် သားပေါက်နေသည့်အခါ၊ ဒဏ်ရာအနာတရ ရနေသည့်အခါတို့တွင်သာ လူကို ရန်မူတတ်လေ့ရှိပေသည်။

**ကျွန်တော်** ။ ။ဝက်ဝံသတ်မိတဲ့အခါ ထုံးစံကိုလည်း ပြောပြစမ်းပါဦး။



**ဦးရှိုင်းလိန်း** ။ ။လူတစ်ယောက်က တောထဲမှာ ဝက်ဝံတစ်ကောင်ကို သတ်ခဲ့မိပြီဆိုလျှင် နောင်လာနောက်သားတို့အဆက်ဆက်မှာ မင်းတို့မျိုးနွယ်မှာရော ငါတို့မျိုးနွယ်မှာပါ အန္တရာယ်အမျိုးမျိုးက ကင်းဝေးကြပါစေဟူသောအဓိပ္ပာယ်ဖြင့် ရေရွတ်ပြောဆိုပြီး ဝက်ဝံရဲ့ဦးခေါင်းကို ခဏမထူလိုက်ပြီး ပြန်ချထားခဲ့ရပါတယ်။ ဒီလိုထုံးစံပြောဆိုပြီး ရွာကလူများကိုခေါ်ကာ ဝက်ဝံရဲ့အသားကို လှီးဖြတ်ယူပြီး ရွာကိုထမ်းယူသွားကြတယ်။ ရွာရောက်တဲ့အခါ ရွာသားဆွေမျိုးသားချင်းတို့ကသာ ဝက်ဝံရဲ့အသားကို စားကြရပြီး ဝက်ဝံသတ်သူက မစားရပါဘူး။ ဝက်ဝံသတ်သူက သူ့ရဲ့လက်နက်ကို အိမ်ဦးခန်းမှာထောင်ထားလိုက်ပြီး ကြက်ဖအဖြူတစ်ကောင်ကို လည်မျိုညှစ်သတ်ပြီး ခြေထပ်တဲ့နိမိတ်ကောက်ခြင်းကို ပြုရပါတယ်။ အဲဒီကြက်ကိုတော့ ဝက်ဝံသတ်သူတစ်ယောက်တည်းကပဲ စားရပါတယ်။ ကျားသတ်ခဲ့မိသူလိုတော့ အစားရှောင်ကြဉ်ရတာတွေမရှိပါဘူး။ သည်နယ်တစ်ဝိုက်မှာတော့ ဝက်ဝံသတ်တာ၊ ကျားသတ်တာကိုပဲ ထုံးစံရှိတာ သိရပါတယ်ဆရာ။

www.burmeseclassic.com

www.burmeseclassic.com

## မုန်းချောင်းသစ်တောများနှင့် ကျွန်းသစ်ထုတ်လုပ်ရေး

မုန်းကမ်းဘေး၊ ဘယ်ညာမှ ရေဝေသစ်တောကြီးများသည် ကြိုးဝိုင်းသစ်တောဧရိယာထက် ကြိုးပြင်သစ်တောများက ပိုမိုများပြား ကျယ်ဝန်းပါသည်။ အဖိုးတန်ကျွန်းနှင့် မျိုးကောင်း သစ်မာမျိုးစုံတို့ ပေါက်ရောက်၏။ ၎င်းသစ်တောများသည် စီးပွားဖြစ်သစ်ထုတ်လုပ်ခြင်း၊ လောင်စာ၊ ထင်း၊, မီးသွေး၊ ထုတ်ယူခြင်းနှင့် လူသုံးကုန် သစ်တောထွက်ပစ္စည်းများ ထုတ်ယူခြင်း နည်းပါးသေးသောကြောင့် သစ်တောများ အတန်းအစားကောင်းမွန်နေသေးသည်ကို တွေ့ရသည်။

ကမ္ဘာ့သစ်တောများနည်းတူ မြန်မာ့သစ်တောများသည်လည်း တစ်စတစ်စနှင့် အနည်းနှင့်အများဆိုသလို ပြုန်းတီးလျော့ပါးလျက်ရှိရာတွင် မုန်းချောင်းသစ်တောကြီးများသည် ပြောပလောက်အောင် ပြုန်းတီး ပျက်စီးခြင်းမရှိသေးဘဲ၊ နေပြောက်မထိုးအောင် ညို့နေသေးသောတောများ ကျန်ရှိနေသေးသည်ကိုတွေ့ရ၍ ဝမ်းသာပီတိဖြစ်မိသည်။

ကျွန်တော်တို့ သင်းသတ်အဖွဲ့သည် ၁၉၈၆-၈၇ ခုနှစ် စီမံကိန်းလျာထားချက်အရ ကျွန်းပင် ၅၂၀၀ သင်းသတ်ရမည်ဖြစ်သည်။ သာမန်အားဖြင့် သစ်တောများတွင်ဆိုလျှင် ဤမျှများပြားသော ကျွန်းပင်အရေအတွက်ကို မိမိအင်အားနှစ်ဖွဲ့တည်းဖြင့် ရှာဖွေ



သင်းသတ်ရန်ကား လွယ်ကူသောအလုပ်မဟုတ်ပေ။ အနည်းဆုံးတစ်ဖွဲ့လျှင် ဝန်ထမ်း ၃ ဦး ပါဝင်သောအဖွဲ့ (၅) ဖွဲ့ဖြင့် (၂) လ (၃) လ ကြာမျှ ကွင်းဆင်းတောနင်း ရှာဖွေရမည်ဖြစ်သည်။

သို့ကြောင့်လည်း မြင့်မားလှသော ချင်းရိုးမတောင်တန်းပြာကြီးကို မော့ကြည့်ရင်း စံချိန်မီ ကျွန်းသစ်ပင်ပေါင်းငါးထောင်ကျော် ရှာဖွေရမည်ကို ရင်လေးမိပါသည်။

သို့သော် ကျွန်တော်တို့နှစ်ဖွဲ့ ကွင်းဆင်းလိုက်ကြသည့်အခါ အထင်နှင့်အမြင် ပါစင်အောင်လွဲတော့သည်။ စံချိန်မီနိုင်သည့် ကျွန်းပင်ကြီးများကို စိုက်ခင်းသဖွယ်၊ ဖယောင်းတိုင်များစီထားသည့်အလားအားရဖွယ်တွေ့ရသည်။ ကျွန်းပင်များကို အုပ်စုလိုက် "အစုလိုက်၊ အစုလိုက်"ပေါက်သည်ကို ထူးခြားစွာတွေ့ရသည်။ ကျွန်းမပေါက်သည့်နေရာတို့တွင် အဖိုးတန် သစ်မာအင်ကြင်းတောကြီးများကိုလည်း ကျယ်ပြန့်စွာတွေ့ရသည်။ ကျွန်းပေါက်ရောက်မှုကောင်းသောတောများဖြစ်သည်။ ဤမျှပေါများစွာ စည်ပင်ဖွံ့ဖြိုးနေခြင်းသည် နှစ်ပေါင်းများစွာက သစ်ထုတ်လုပ်ခဲ့ခြင်းမရှိသည့်အပြင် မသမာသူစီးပွားရေးသမားများ နယ်မချသေးခြင်းကြောင့်လည်းဖြစ်သည်။ သို့ကြောင့် ရောင်းတန်းဝင် ကန့်သတ်လုံးပတ် (၆ ပေ ၆ လက်မ) နှင့်အထက် ကျွန်းပင်ပေါင်း ၅၂၀၀ ကို အချိန်တိုတိုဖြင့် ရွေးချယ်သင်းသတ်နိုင်ခဲ့သည်။

မိမိလုပ်သက် အနှစ် ၂၀ ကျော်ကာလ သင်းသတ်စအတွေ့အကြုံထဲတွင် ယခုလောက်မြင့်မားသော တောင်ထွတ်ကြီးများနှင့် လမ်းပန်းဆက်သွယ်ရေးအခက်အခဲဆုံးဒေသတွင် အချိန်အတိုတောင်းဆုံးဖြင့် အပင်အများဆုံးကို ပြီးမြောက်အောင်မြင်ခြင်းမှာ

www.burmeseclassic.com

www.burmeseclassic.com



အထူးခြားဆုံးပင်ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် သင်းသတ်အရာရှိတစ်ဦးသည် တစ်နေ့လျှင် ကျွန်းပင် ၁၀၀ ကျော်မှ ၂၀၀ အထိ ရှာဖွေသင်းသတ်နိုင်သည်ဟုဆိုပါလျှင် သစ်တောအရာရှိတိုင်းက အိမ်မက်ထဲမှာလားဟု မေးကြမည်သာဖြစ်သည်။ ဤမျှပေါများသော အဖိုးတန်ကျွန်းပင်များတည်ရှိရာ သင်းသတ်ကွက်သည် ခြေကျင်ခရီးဖြင့် ခက်ခက်ခဲခဲ ခြောက်ညအိပ်ခရီးဖြင့် သွားလာရသော တောတောင်များဖြစ်၍တစ်ကြောင်း၊ အနီးဆုံးသစ်ဆိပ်ရှိရာ ဧရာဝတီမြစ်ကမ်းရိုးသည် စံပေါ်ရိုးခေါ် ချင်းရိုးမတောင်တန်းကြီးခြားနေ၍ တစ်ကြောင်း၊ မတ်စောက်သော တောင်ကျချောင်းများကြောင့်လည်းကောင်း၊ သစ်ထုတ်ယူခြင်းလုပ်ငန်းအတွက် အကောင်းဆုံးနည်းလမ်းကို အဘက်ဘက်မှ ရှာဖွေစဉ်းစားမိသည်။ ၎င်းသစ်ကွက်မှ သစ်လုံးများသည် ဧရာဝတီမြစ်ကမ်းအနီးဆုံး ဆိပ်ကမ်းသို့ရောက်ဖို့ရာပင် မိုင် ၂၀၀ နီးပါးမျှ ခရီးကြမ်းကို အခက်အခဲများစွာ ကျော်ဖြတ်ရမည် ဖြစ်သည်။ မည်သို့ပင်ဆိုစေ မဖြစ်သေးတာသာရှိပေမည်။

ဤမုန်းခွင်မှ သစ်ထုတ်လုပ်ခြင်းကို စက်ယန္တရားမတိုးတက်သေးမီ ရှေးနှစ်ပေါင်း ၁၀၀ ကျော်ကပင် ဝင်ရောက်လုပ်ကိုင်ခဲ့ဖူးကြောင်း သမိုင်းအထောက်အထားများကို လေ့လာတွေ့ရှိရသည်။ ထို့ကြောင့်လည်း ကျွန်းသင်းသတ် အဆုံးသတ်အစီရင်ခံစာတွင် သစ်ထုတ်လုပ်ရေးနည်းလမ်းများကို အကြံပြုရေးသား တင်ပြနိုင်ခဲ့ပါသည်။

သစ်ကွက်မှ ငုတ်ထုတ်ခြင်းကို ဆင်၊ ကျွဲကိုအသုံးပြုပြီး မုန်းချောင်းမကြီးထဲသို့ ချယူစုသိမ်းပြီး "လုံးချင်း" ရေမျှောချနိုင်သည်။ ဧရာဝတီအရောက်လမ်းခရီးတွင် သစ်ဆယ် ကြိုးတန်း သစ်ဆိပ်ကမ်း



များကို အလုံအလောက် ဖွဲ့စည်းချမှတ်ပေးပြီး ထုတ်ယူနိုင်ကြောင်း ယေဘုယျတွေ့ရှိရသည်။ သို့မဟုတ်ပါက အပေါ်ရွာတွင် သစ်ဆယ် ကြိုးတန်းဖြင့် ဖမ်းယူစုသိမ်းပြီး အပေါ်နှင့်လောင်းရှည်-ဆောမြို့သို့ ကားလမ်းဖောက်လုပ် ထုတ်ယူကလည်း ရနိုင်သည်။

**မုန်းခွင်သစ်ထုတ်လုပ်ငန်း နောက်ခံသမိုင်း**

မင်းတုန်းမင်းသည် ၁၈၇၈ ခုနှစ်တွင် အင်္ဂလိပ်သစ်ကုန်သည် မစ္စတာစုဟာလင်းဆိုသူကို တောင်ယောနယ်အတွင်း ကျွန်းသစ် ခုနစ်နှစ်ထုတ်လုပ်ရန် ခွင့်ပြုလိုင်စင် ထုတ်ပေးခဲ့ဖူးသည်။ မစ္စတာစုဟာလင်းသည် ဆင် ၈ စီးဖြင့် ချီချောင်း၊ ယောချောင်း၊ ကျောက်ဆစ်ချောင်း ရေဝေတောများတွင်သစ်ထုတ်ရာ ဆင်များသေဆုံး၍ မအောင်မြင်သဖြင့် လက်လျှော့ကာ တပ်ဆုတ်ခဲ့ရဖူးပေသည်။ ၎င်းသစ်ထုတ်လိုင်စင်ကို မော်လမြိုင်မှ ဗမာလူမျိုးများဖြစ်သော သစ်ကုန်သည် မစန်းကြီးနှင့် မောင်ထူးတို့ကိုလွှဲပြောင်းခဲ့ရာ မောင်ထူးတို့က ၁၈၇၉ ခုနှစ်မှစပြီး ယောချောင်း၊ စလင်းချောင်းနှင့် ယခု မုန်းချောင်း ဒေသခွင်မှ ကျွန်းသစ်များကိုထုတ်လုပ်ကြပြီး အဓိက သစ်ဖောင်ဖွဲ့ရာ သစ်ဆိပ်စခန်းကြီးအဖြစ် ဧရာဝတီအနောက်ဘက်ကမ်းရှိ ဆိပ်ဖြူရွာ ယခုဆိပ်ဖြူမြို့နယ်ကို အခြေစိုက်အသုံးပြုခဲ့ကြသည်။

၁၈၈၂ ခုနှစ်တွင် ဘုံဘေဘားမားက လွှဲပြောင်းဆောင်ရွက်ခဲ့ရင်း ပျဉ်းမနားမြို့နယ် နင်းကြမ်းသစ်တောကြိုးဝိုင်းသစ်ခိုးမှုကို အကြောင်းပြုပြီး တတိယအင်္ဂလိပ်မြန်မာစစ်ပွဲဖြစ်ပွားမှသာ မုန်းချောင်းခွင်၊ ယောနယ် သစ်ထုတ်လုပ်ငန်းများ ရပ်ဆိုင်းသွားခဲ့ရသည်။ ထို့နောက် သီပေါမင်းပါတော်မူပြီး နှစ်နှစ်ခန့်အကြာ ၁၈၈၇ ခုနှစ်၌ အင်္ဂလိပ်အစိုးရက ပခုက္ကူသစ်ထုတ်လုပ်ငန်းကို ပြန်လည်စိတ်ဝင်စား

www.burmeseclassic.com

www.burmeseclassic.com



လာပြီး ပခုက္ကူမြို့ ကုန်းတန်းနယ်ဟုအမည်တွင်ခဲ့သော ယခုကန့်ပက် လက်နှင့် မင်းတပ်နယ်အရှေ့ပိုင်းသစ်တောများတွင် သစ်ထုတ်ရေးခရိုင် ပြန့်လည်ဖွဲ့စည်းခြင်းရှိခဲ့လေသည်။ ကျွန်းသစ်သာမက မုန်းချောင်း ကမ်းဘေးတစ်လျှောက် တစ်ခွင်တစ်ပြင် သဘာဝအလျောက် ပြန့်ပွား ပေါက်ရောက်နေသော ရှားပင်များမှ ရှားစေးထုတ်ယူခြင်းကို ၁၈၈၉ ခုနှစ်၌ ဗြိတိသျှအစိုးရလက်ထက်က လုပ်ကိုင်ခဲ့ဖူးရာ ဆော့နှင့် လောင်းရှည်တွင် များစွာစုသိမ်းပြီး ဧရာဝတီမြစ်ကမ်းရှိ ဆင်ဖြူကျွန်းသို့ တင်ပို့ရောင်းချခဲ့ဖူးကြောင်း မှတ်တမ်းများတွင် လေ့လာတွေ့ရှိရပေ သည်။ ထို့ပြင် အင်္ဂလိပ်တို့သည် နှစ်ရှည်ရှားထုတ်လုပ်ရေးကို အမြော် အမြင်ကြီးစွာဖြင့် ရှားစိုက်ခင်းများ တည်ထောင်ခဲ့သည်ကိုလည်း တွေ့ရှိ ရ၏။

၁၉၄၆ ခုနှစ်က ဒူချောင်းနှင့် ကြောင်ချောင်းကြား နန်းအိုး သစ်တောရွာ (ယခုရွာပျက်) ကို တည်ထောင်ပေးပြီး ရှားစိုက်ခင်းများ အကြီးအကျယ်စိုက်ပျိုးစေခဲ့ပေသည်။ ၎င်းရှားစိုက်ခင်းမှအပင်များကို ၁၉၇၆ ခုနှစ်မှစ၍ မြို့နယ်သမဝါယမအသင်းများက ထုတ်ယူခဲ့ကြ သည်။ ထိုနှစ်မှစ၍ နှစ်စဉ်သမဝါယမပိုင်ကဏ္ဍနှင့် ပုဂ္ဂလိကပိုင် ကဏ္ဍတို့မှ ထုတ်လုပ်လာခဲ့ကြသော်လည်း အစားထိုးပြန်လည် စိုက်ပျိုးခြင်း မရှိခဲ့ကြ၍ ယခုအခါ ရှားပင်တောများ ပြုန်းတီးလျက် ရှိနေပေသည်။ ယခုအတိုင်းသာ ဆက်လက်ထုတ်ယူသွားပါက နောင်တွင် ၎င်းဒေသ၌ ရှားမျိုး ပြုန်းတီးသွားနိုင်ပေသည်။

မုန်းခွင်သစ်တောကြီးများတွင် ကျွန်တော်တို့ ကျွန်းသင်းသတ် စီမံကိန်းလုပ်ငန်းနှင့်စပ်လျဉ်းပြီး လေ့လာရာတွင်လည်း ယခုမှမဟုတ် လွတ်လပ်ရေးမရမီ ရှေးနှစ်များစွာကပင် သင်းသတ်ခဲ့ဖူးကြောင်း



သိရသည်။ ၁၉၃၇ ခုနှစ်က ဒု တောအုပ် ဦးငွေသီးနှင့်အဖွဲ့တို့သည် ခေါက်ပုံကျင်းကျေးရွာတွင် အခြေစိုက်စခန်းချလျက် သင်းသတ်ပေးခဲ့ ဖူးရာ ဖူးကားကုမ္ပဏီက ထုတ်ယူခဲ့သည်။

လဲပုံကျေးရွာအုပ်စုအတွင်း ရင်ကွဲတောင်ကြိုးဝိုင်းတွင် ၁၉၃၂ ခုနှစ်မှ ၁၉၄၀ ပြည့်နှစ်အတွင်း သစ်တောဝန်ထောက် ဦးဘချစ်နှင့် သစ်တောအဖွဲ့သားတို့က သင်းသတ်ခဲ့သည့်ကျွန်းပင်များကို ဖူးကား ကုမ္ပဏီက ထုတ်လုပ်နေစဉ်မှာ ဒုတိယကမ္ဘာစစ်ကြီးဖြစ်ပွား၍ သစ်ထုတ်လုပ်ငန်းများ ရပ်ဆိုင်းသွားခဲ့သည်ဟု ခေါက်ပုံကျင်းရွာမှ သက်ကြီးရွယ်အို ရှေ့မီနောက်မီလူကြီးတစ်ဦးဖြစ်သည့် အဘ ဦးဇော်က ပြောပြ၍သိရသည်။

ထို့အပြင် ထိုအချိန်ကထုတ်လုပ်ခဲ့သော ကျွန်းသစ်လုံးဟောင်း အရေအတွက် ခန့်မှန်း (၃၀၀) ကျော်လောက်သည် ယင်းချောင်း ကြီးထဲ၌ ကျန်ရှိနေခဲ့သည်ကို ယနေ့တိုင် တွေ့ခဲ့ဖူးကြောင်း အပေါ်တွေ ရွာကောင်စီဥက္ကဋ္ဌ ဦးဆင့်ကဲကပြောပြ၍ သိခဲ့ရသည်။ တစ်ဖန် တော် လှန်ရေးကောင်စီတက်ပြီး ၁၉၆၃-၆၄ ခုနှစ်က မောချောင်းသစ်တော ကြိုးဝိုင်း သစ်ကွက်အမှတ် (၁၁)၊ (၁၂)၊ (၁၃)၊ (၁၆) တို့တွင် ချင်းတောင်သစ်တောဌာနက သင်းသတ်ခဲ့ဖူးပြီး ၁၉၇၂-၇၃ နှင့် ၁၉၇၃-၇၄ ခုနှစ်များတွင် ကမ္ဘာ့ဘဏ်စီမံကိန်းဖြင့် သစ်ထုတ်ရေးက ဝင်ရောက်ထုတ်လုပ်ခဲ့ကြသည်။ သို့ရာတွင် အကွက်အမှတ် (၁၁)၊ (၁၂)၊ (၁၃) နှင့် (၁၆) အစောတို့၌သာ အကုန်အစင် ထုတ်ယူနိုင်ခဲ့ပြီး အကွက် (၁၆) စီတွင် မထုတ်ယူနိုင်သေးသော ပင်ထောင် ၉၀၀ ခန့် ကျန်ရှိနေခဲ့သည်ဟု သိရသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ပြင် မောချောင်းဝမှ ဆူးပုတ်ကျုင်းရွာအကြား၌ ထုတ်ယူပြီး သစ်အလုံး (၇၀၀) ခန့် ကျန်ရှိနေခဲ့ရာ ရေလိုက်ခြင်းလုပ်ငန်း မလုပ်ခဲ့သည်မှာ ၃ နှစ်မျှပင်ရှိပြီဖြစ်ကြောင်း ဆူးပုတ်ကျုင်းရွာ ကျေးရွာကောင်စီဥက္ကဋ္ဌ ဦးအုန်းဖေနှင့် ရွာသားများက သူတို့၏အတွေ့အကြုံများကိုပြောပြကြ၍ သိရှိမှတ်သားခဲ့ရသည်။ သို့ဖြစ်၍ မုန်းခွင်သစ်တောကြီးများသည် အစဉ်အလာရှိခဲ့သောတောများဖြစ်ခဲ့ပေရာ မည်မျှပင် အခက်အခဲများရှိပါစေ။ တောင်တွေ့ရင်လမ်းဖောက် မြစ်တွေ့ရင်တံတားဆောက်နိုင်သော စက်ယန္တရား၊ တိုးတက်နေသည့် ယနေ့ခေတ်အခါတွင် တိုင်းပြည်၏ နိုင်ငံခြားဝင်ငွေ အများဆုံးရရှိနိုင်သော ကျွန်းသစ်ထုတ်လုပ်ခြင်း၊ နိုင်ငံပိုင်စီမံကိန်းလုပ်ငန်းကြီးများကို နှစ်တို နှစ်ရှည်စီမံကိန်းကြီးများ ရေးဆွဲချမှတ်ဆောင်ရွက်ကြရမည်ဖြစ်ပေသည်။

နိုင်ငံပိုင်သစ်ထုတ်လုပ်ရေး စီမံကိန်းလုပ်ငန်းကြီးများ မုန်းခွင်သို့ ဝင်လာပြီဆိုလျှင် မုန်းချောင်းဖျား တောင်တန်းဒေသ တိုင်းရင်းသားတို့ ဌာနေအတွက် ဖွံ့ဖြိုးရေးလမ်းမကြီးတစ်ပေါက် ပွင့်သွားမည်သာ ဖြစ်ပေသည်။

## လောင်းရှည်-ကျင်ခွေးလမ်း

မုန်းချောင်းဖျားဒေသများသို့ ကားလမ်းဖောက်လုပ်ရေးနှင့်ပတ်သက်ပြီး လောင်းရှည်မှ မုန်းကမ်းဘေး ကျင်ခွေးကျေးရွာအရောက် (လောင်းရှည်-ကျင်ခွေး) ကားလမ်းဟောင်းတစ်ခု ရှိခဲ့ဖူးကြောင်း လေ့လာတွေ့ရှိရသည်။ လောင်းရှည်နှင့် ကျင်ခွေးကားလမ်းဟောင်းသည် ၃၂ မိုင်ရှိပြီး ချင်းရိုးမတောင်ကန်း စံပေါ်ရိုးကြီးကို ဖြတ်ကျော်



သွားသည်။ လွန်ခဲ့သော နှစ်ပေါင်း ၉၀ ကျော်က အင်္ဂလိပ်တို့ ချင်းတောင်ကိုသိမ်းပိုက်ခဲ့ရာတွင် စစ်ကြောင်းလမ်းကြီးအဖြစ် အသုံးပြုခဲ့ဖူးသော လမ်းတစ်လမ်းဖြစ်ပေသည်။

သို့ရာတွင် မော်တော်ယာဉ်များ ကောင်းစွာမသွားလာနိုင်ခဲ့သေးဘဲ ၁၉၇၁ ခုနှစ်အထိ ဆင်လမ်း၊ မြင်းလမ်း အဆင့်မျှသာရှိခဲ့သည်။ ၁၉၇၁ ခုနှစ်အတွင်းက ဆောမြို့နယ် မဟာင်ကြိုးဝိုင်းကြီးအတွင်း ကမ္ဘာ့ဘဏ် သစ်ထုတ်လုပ်ငန်းစီမံကိန်းနှင့် စပ်လျဉ်း၍ ကန့်ပက်လက်မြို့နယ် ပါတီ၊ ပြည်သူ့ကောင်စီတို့နှင့် ညှိနှိုင်းကြပြီး သစ်လုပ်ငန်းကော်ပိုရေးရှင်းပိုင် မြေညှိစက်ကြီးများဖြင့် သစ်ထုတ်လုပ်လမ်းဖောက်လုပ်ခဲ့ခြင်းကြောင့် မော်တော်ယာဉ်ကြီးငယ်တို့ သွားလာနိုင်ခဲ့ဖူးပေသည်။ နောက်ပိုင်းတွင် ပြုပြင်ထိန်းသိမ်းမှုမရှိတော့၍ တဖြည်းဖြည်းပျက်စီးလာခဲ့ရာ နွေရာသီအခါ၌သာ လှည်းဖြင့်ခက်ခဲစွာ သွားလာနိုင်သော်လည်း မိုးရာသီအခါများတွင် လှည်းမသွားနိုင်တော့ဘဲ၊ ခြေကျင်ခရီးဖြင့်သာ သွားလာနိုင်တော့သည်။ နီးစပ်ရာ ကျေးရွာများမှ ကိုယ်ထူကိုယ်ထ စုပေါင်းပြုပြင်ကြခြင်းရှိခဲ့သော်လည်း ထိရောက်မှုမရှိပေ။ ယခုအခါ တောင်ပြိုခြင်း ချုံနွယ်ပိတ်ပေါင်းတို့ ပြန်လည်ပေါက်ရောက် ဖုံးအုပ်ခြင်းတို့ကြောင့် ခြေကျင်တောလမ်း ခရီးသာ ဖြစ်နေပေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## ဧနီးမယား တစ်ဦးထက်ပိုယူရခြင်းသည်

ချင်းတောင်တန်းဒေသတွင် ချင်းအမျိုးသားယောကျ်ားကောင်းတစ်ဦး၏ ဂုဏ်သိက္ခာနှင့်ပြည့်စုံစေရန် မိမိတို့ ကြိုးစားရှာဖွေလုပ်ကိုင်ရရှိသော ငွေကြေးဖြင့် သွပ်မိုး၊ ပျဉ်ထောင်၊ အိမ်ကောင်းတစ်လုံး ဆောက်လုပ်ထားရှိနိုင်ရမည်။ သေနတ်တစ်လက်လည်း ပိုင်ဆိုင်ထားရမည်။ လိမ္မာသော ကြင်သူသက်ထား ဧနီးမယားလည်းရှိရမည်ဟူသော ဂုဏ်အင်္ဂါသုံးရပ်ကို ပိုင်ဆိုင်ဖြစ်အောင် ကြံဆောင်ကြိုးစားကြလေ့ရှိ၏။

ပို၍ထူးခြားသည်က ဧနီးမယားတစ်ဦးမက ဒုတိယ၊ တတိယစသည်ဖြင့် တစ်ယောက်ထက်ပို၍ တရားဝင်လက်ထပ်ယူသည့်ဓလေ့ကိုလည်း တွေ့ရှိရသည်။ လူမှုရေးနယ်ပယ်မှ မဆန်းသောအိမ်ထောင်ရေးကိစ္စဖြစ်သော်လည်း ထူးခြားသည့်ထုံးစံတစ်ရပ် ရှိနေခြင်းကြောင့် လေ့လာမှတ်သားခဲ့ရသည်။ မယားတစ်ဦးထက်ပိုယူထားပြီးသော အာဂမိတ်ဆွေကြီးအတော်များများနှင့် အတူတွဲ၍ နေထိုင်ခဲ့ဖူးပါသည်။ သူတို့အထဲမှ ကျွန်တော်နှင့်အရင်းနှီးဆုံး မိတ်ဆွေလုပ်ဖော်ကိုင်ဖက်ဖြစ်သူ အသက် ၅၈ နှစ်ရှိသော တောခေါင်းကြီး ဦးဟုမ်းအွမ်ကို စံထားရေးသားအပ်ပါသည်။ သူ့ကို စံထားရေးသားရသည်မှာလည်း တူညီသောထုံးစံများ ရှိနေခြင်းကြောင့်ပင် ဖြစ်ပါသည်။

ဦးဟုမ်းအွမ်ကို ကျွန်တော်က အန်ကယ်ဟုမ်းဟု ခေါ်ပါသည်။



သူက ကျွန်တော့်ကို ဆရာညွှန့်ဟု အဖျားစွတ်၍ခေါ်လေ့ရှိပါသည်။ ရင်းနှီးသူများဖြစ်၍ အန်ကယ်ဟုမ်းကို မေတ္တာရပ်ခံပြီး မယားတစ်ဦးထက်ပို၍ယူလေ့ရှိသော ချင်းအမျိုးသားတို့၏ထုံးစံအချို့ကို ဆွေးနွေးခဲ့ရသည်။

ကျွန်တော် ။ ။ ''ကဲ အန်ကယ်ဟုမ်း၊ မနေ့က အန်ကယ်ဟုမ်းက ကျွန်တော့်ကို ခေါင်ထိပ်တဲ့အတွက် သည်နေ့ ကျွန်တော်ကပြန်ပြီး ခေါင်ထိပ်ပေးပါ့မယ်။'' (ဤဒေသတွင် တစ်ဦးနှင့် တစ်ဦး ခင်မင်မှုဖြင့် ခေါင်ဖြင့် ဧည့်ခံကျွေးမွေးသည်ကို ခေါင်ထိပ်သည်ဟု ခေါ်ကြပါသည်။)

အန်ကယ်ဟုမ်း။ ။ ''ဒါဆိုရင်တော့ အတော်ပေါ့ဗျာ၊ ဒီနေ့ ကျွန်တော် တောင်ယာမသွားဘူး။ နားတဲ့နေ့လေ ကျွန်တော့် အမျိုးသမီးပဲသွားတယ်။''

ကျွန်တော် ။ ။ ''ဘယ်အမျိုးသမီးလဲ အန်ကယ်၊ (ပ) လား၊ (ဒု) လား။''

အန်ကယ်ဟုမ်း။ ။ ''ဟဲဟဲ ဆရာညွှန့်ကလည်း၊ ထုံးစံအတိုင်းပေါ့ဗျ (ဒု) ပဲ တောင်ယာသွားတယ်လေ။ (ပ) က အိမ်မှာ အထွေထွေတာဝန်ပေါ့ဗျာ။''

ကျွန်တော် ။ ။ ''ဒါဆိုရင် ပိုပြီးဟန်ကျသဗျာ၊ ခေါင်ထိပ်ရင်း ကျွန်တော်သိချင်တာလေးတွေ အန်ကယ်ဟုမ်း ဆီမှာ စပ်စုပြီး မေးရဦးမယ်။''

အန်ကယ်ဟုမ်း။ ။ ''ရပါတယ်။ ဆရာညွှန့် မေးတာတွေ စုံစုလုပြီး ဘာတွေကျန်သေးသတုံး။''

www.burmeseclassic.com

www.burmeseclassic.com



**ကျွန်တော်** ။ ။ "ခေါင်အိုးရောက်လာရင် စကြတာပေါ့ဗျာ။"

မကြာလှပါ၊ ခေါင်အိုးရောက်လာပါသည်။ အန်ကယ်ဟုမ်းက ထုံးစံအတိုင်း ခေါင်အိုးအဖုံးကိုဖွင့်၍ ခေါင်စာဖတ်နည်းနည်းယူ၍ မြည်းကြည့်လိုက်သည်။ ကျွန်ဖက်ရွက်တွေကို အိုးထဲသို့ ဆို့ထည့်လိုက်သည်။ နောက် ရေနွေးအနည်းငယ် လောင်းထည့်လိုက်ပြီးမှ ရေအေးသန့်သန့်အိုးတစ်လုံး အနားတွင်ချထားပြီး ခေါင်အိုးထဲသို့ ရေများထပ်ဖြည့်ထားလိုက်သည်။ ဆို့ထားသောဖက်များပေါ်မှ ဖောက်၍ ပလူတံကို အိုးဖင်ထိစိုက်သွင်းလိုက်ပြီး ပလတ်စတစ်ပိုက်ပျော့ငယ်တစ်ချောင်းဖြင့်စုပ်ယူ၍ ခေါင်ရည်ကြည်များငင်ယူကာ ဇလုံထဲသို့ ခံယူလိုက်သည်။ ကျွန်တော်တို့ ခေါင်ဝိုင်းသည် ပလူတံနှင့် အိုးမှ တိုက်ရိုက်စုပ်ယူမသောက်ကြဘဲ၊ ဖန်ခွက်ဖြင့်ငှဲ၍ သောက်ကြသည်။

ကျွန်တော်က အန်ကယ်ဟုမ်းကိုရည်ရွယ်၍ ခေါင်ထိပ်ခြင်းဖြစ်ရာ ချင်းထုံးစံအရ ကျွန်တော်ကိုယ်တိုင် ခေါင်ရည်ခွက်ကိုကိုင်၍ အန်ကယ်ဟုမ်း၏ပါးစပ်ကိုတေ့ကာ ဦးစွာတိုက်လိုက်ပါသည်။ တစ်ခါ အန်ကယ်ဟုမ်းက ကျွန်တော့်ကို ထုံးစံအရပြန်တိုက်ပါသည်။ ခေါင်ဝိုင်း ချင်းထုံးစံဟုဆိုပြီး တစ်ဦးကိုတစ်ဦးဖက်၍ ကိုယ်တိုင်ကိုယ်ကျ တိုက်လေ့ရှိ၏။ ကုန်အောင်လည်းသောက်လိုက်ရ၏။ ထုံးစံပြီးကြ၍ ကျွန်တော်တို့ဆွေးနွေးပွဲဝိုင်း စလိုက်ကြသည်။

**ကျွန်တော်** ။ ။ "ကဲ-အန်ကယ်ဟုမ်း၊ တခြားထွေထွေထူးထူး တော့ မဟုတ်ပါဘူး၊ ဓာတ်ပြားယောင်း ပြန်ဖွင့်သလိုပါပဲ၊ ရင်းနှီးသူတွေမို့ ဆွေးနွေးရတာပါ၊ အန်ကယ်ဟုမ်းက ဒုတိယကြင်သူသက်ထားချစ်မယားဖြစ်တဲ့ ဒေါ်လောထုန်ကို ဘယ်လိုလက်ထပ်ခဲ့ရသလဲဆိုတာရယ်၊ ဒီလို ဒုတိယ



တတိယစသဖြင့် ယူကြတာဟာ ချင်းဓလေ့မှာ ဘယ်လိုထုံးစံတွေရှိတယ်ဆိုတာ ပြောပြပါဦး။"

**အန်ကယ်ဟုမ်း**။ ။ "ဩော်-ဒီကိစ္စက ဆရာညွန့်ကလည်း၊ ဒါတွေက ကျွန်တော်တို့ချင်းဓလေ့မှာ ရှက်စရာကိစ္စမဟုတ်ပါဘူး၊ ကျွန်တော်တို့ ချင်းထုံးစံအရ ကိုယ်လက်ထပ်ယူထားတဲ့ဇနီးမှာ ကလေးမမွေးဖွားဘူးဆိုလျှင် နောက်အိမ်ထောင်သည်ဇနီးတစ်ယောက်ကို တရားဝင်လက်ထပ်ယူမယ်ဆိုရင် ယူလို့ရပါတယ်၊ ကိုယ်ကြိုက်တာရွေးချယ်၊ ကိုယ့်ဇနီးနဲ့တိုင်ပင်၊ ဒါမှမဟုတ် သူကစိတ်ကြိုက်ပေးစားပေါ့ဗျာ။ ခု ဒေါ်လောထုန်ကိုတော့ ကျွန်တော့်မယားကြီး ဒေါ်ရှုန်းထုန်က ကြည်ကြည်ဖြူဖြူ ရှာဖွေပေးစားထားတာလေ"ဟု အနီးရှိ ဒေါ်ရှုန်းထုန်ကို မေးငေါ့ပြရင်း ပြောပြသည်။ ဒေါ်ရှုန်းထုန်က ဆေးတံကြီးကိုခဲရင်း ပြုံးပြုံးကြီးနားထောင်၍ ထောက်ခံဟန် ပြုလိုက်သည်။

**ကျွန်တော်** ။ ။ "အဒေါ်က ယောကျ်ားကလေးမမွေးဖွားလို့လား အန်ကယ်"

**အန်ကယ်ဟုမ်း**။ ။ "ဒီလိုဆရာ၊ သူနဲ့ကျွန်တော်က အသက် ၂၀ နဲ့ ၂၄ မှာ ယူကြပြီး သမီးတစ်ယောက်တော့မွေးပါတယ်။ သမီးခုနစ်နှစ်အရွယ်လောက်မှာ တောင်ယာခုတ်ကြရင်း ဒေါ်ရှုန်းထုန်က ခါးကို သစ်ပင်ပိခံရတယ်။ ခါးချည့်သွားပြီး အလုပ်ကြမ်း

www.burmeseclassic.com

www.burmeseclassic.com



မလုပ်နိုင်တော့ဘူး။ ကျွန်တော်လည်း ငါးနှစ်လောက်နေပြီး ကြိုးစားဆေးကုပေးပါတယ်။ ဒါပေမဲ့ သူက အလုပ်ကြမ်းလည်း မလုပ်နိုင်တော့ဘူး၊ သားသမီးလည်းမမွေးနိုင်တော့တာနဲ့ ဒေါ်ရှိန်းထုန်ကိုယ်တိုင်ပဲ စိတ်ကြိုက်ပေးစားထားတဲ့ ဒေါ်လောထုန်ကို လက်ထပ်ယူခဲ့ရပါတယ်။ သူနဲ့ကတော့ ယောကျ်ားကလေးသုံးယောက်နဲ့ မိန်းကလေးနှစ်ယောက် မွေးဖွားပါတယ်။

ကျွန်တော် ॥ ॥ "ဒါဆိုရင် ယောကျ်ားလေးဘက်က အခွင့်အရေးအများကြီးသာတာပါပဲလား။

"ဒါနဲ့ အန်ကယ်ဟုမ်း အားနာနာနဲ့ပဲ ဆက်မေးပါရစေဦး။"

အန်ကယ်ဟုမ်း။ ॥ "ရပါတယ်ဆရာရဲ့။ အားမနာရပါဘူး၊ ကျွန်တော်တို့ဒေသမှာ ဒါမျိုးတွေဟာ ရိုးနေကြပါပြီ၊ မတော်မတရားဖောက်ပြန်ကြတာမှမဟုတ်ဘဲ။ မိသားစုအပေါင်းအသင်းတွေစုံမိကြရင်တောင် လယ်ပွဲအတွက် ဘယ်နကောင်သတ်ပြီးပြီ၊ မိန်းမ ဘယ်နယောက်ယူတယ်၊ အသွင်းဖိုးဘယ်လောက်သွင်းနိုင်တယ်၊ ကျေတယ် မကျေဘူး စသည်ပေါ့ဗျာ၊ သမားရိုးကျပြောနေကြတာတွေပါပဲ။"

ကျွန်တော် ॥ ॥ "ဟုတ်ကဲ့၊ အန်ကယ်ဟုမ်း အခုနကပြောသလို မဟုတ်ဘဲနဲ့ လက်ရှိအိမ်ထောင်ရှိလျက်နဲ့ နောက်မိန်းမ ယူကြတာမျိုးတွေရော မရှိနိုင်ဘူးလား။ ယူရင်ရော မယားကြီးက ကန့်ကွက်တရားစွဲနိုင်သလား။"



အန်ကယ်ဟုမ်း။ ॥ "ဒါမျိုးကတော့ ယောကျ်ားတစ်ယောက်ကတော့ သူ့အသွင်းဖိုး တတ်နိုင်လို့ ယူမယ်ဆိုရင်လည်း ယူနိုင်တာပါပဲ၊ မယားကြီးက မကန့်ကွက်နိုင်ပါဘူး၊ အတူပေါင်းသင်းနေထိုင်ရမှာပဲ၊"

ကျွန်တော် ॥ ॥ "မယားကြီးက နှစ်ယောက်မပေါင်းချင်ဘူး၊ မကျေနပ်ဘူးဆိုရင်ရောဗျာ။"

အန်ကယ်ဟုမ်း။ ॥ "ဒါဆိုလည်း ဘယ်တတ်နိုင်မလဲ၊ သူ့သဘောအတိုင်း မနေနိုင်ရင်လည်း သူဆင်းသွားရုံပေါ့ဗျာ၊ ဆရာတို့ မြန်မာတွေမှာလို မယားစရိတ် သားစရိတ်ဆိုတာတွေ မရှိပါဘူး၊ လင်ယောကျ်ားက မတရားသဖြင့် မခံရပ်နိုင် ညှဉ်းပန်းနှိပ်စက်လို့ ဆင်းသွားရတာမျိုးဆိုရင်သာ လူကြီးစုံရာနဲ့ ရှင်းလင်းဖြေရှင်းကြရပြီး လူကြီးမိဘများဆုံးဖြတ်ပေးတဲ့အတိုင်း ယောကျ်ားကလေးက မိန်းကလေးဘက်ကို အလျော်ပေးလိုက်ရင် ပြီးပြတ်သွားပါတယ်။ ဒီလိုအလျော်ပေးရတာတောင် မိန်းကလေးကရတာမဟုတ်ဘူး။ သူ့ရဲ့ မိဘအုပ်ထိန်းသူတို့ကပဲ သိမ်းဆည်းရယူပြီး မိန်းကလေးကို တာဝန်ယူထိန်းသိမ်းစောင့်ရှောက်ပေးကြတာပါပဲ၊ တစ်ခုတော့ရှိတယ်၊ ညှဉ်းပန်းခြင်းကြောင့်မဟုတ်ပဲ သူ့သဘောနဲ့သူ ဆင်းသွားမယ်ဆိုရင် ဘာမှ ပိုင်ခွင့်မရှိတဲ့အပြင် လင်ယောကျ်ားက မကျေနပ်ဘူးဆိုရင် လက်ထပ်စဉ်ကသွင်းခဲ့တဲ့ မင်္ဂလာကြေး (အသွင်းဖိုး) ကို ပြန်လျော်ရတဲ့ထုံးစံ ရှိပါတယ်။"

www.burmeseclassic.com

www.burmeseclassic.com



**ကျွန်တော်** ။ ။ "ဒါဆိုရင် ယောက်ျားလေးဘက်က အခွင့်အရေး အများကြီးသာတာပါပဲလား၊ မယားနှစ်ယောက် သုံးယောက် အချိန်မရွေးယူနိုင်တဲ့သဘော ရှိနေတာပဲ။"

**အန်ကယ်ဟုမ်း**။ ။ "ဟုတ်တယ်။ အဆက်ဆက်ကထုံးစံပဲ ဆရာ ညွန့်ရဲ့။"

**ကျွန်တော်** ။ ။ "ဒီလိုယောက်ျားလေးဘက်က ဘာကြောင့် အခွင့် အရေးတွေ သာနေရတာလဲ။"

**အန်ကယ်ဟုမ်း**။ ။ "ဒီလို ဆရာညွန့်ရဲ့၊ ကျွန်တော်တို့ ချင်းထုံးစံအရ မျိုးနွယ် ဆက်လက်ထွန်းကား ရှင်သန်ရေးမှာ ယောက်ျားကလေးကိုသာ အဓိကထားကြတယ်။ ယောက်ျားကလေးဟာ သူ့မျိုးနွယ်စုအတွက်ပဲ ဖြစ်ဖြစ်၊ သူ့မိသားစုအတွက်ပဲဖြစ်ဖြစ် ပတ်သက် လာရင် -

- အကြွေးပေးစရာရှိရင်လဲ သူကပဲ လုပ်ကိုင်ပေး ဆပ်ရတယ်။ ရစရာရှိရင်လဲ သူကပဲ ရအောင် စွမ်းဆောင်ပြီး ယူရမယ်။
- အမွေကိစ္စတွေမှာလဲ ယောက်ျားလေးကသာ အမွေဆက်ခံပိုင်ခွင့်ရှိတယ်။
- နောက်ပြီး ချင်းထုံးစံအရ လက်ထပ်မင်္ဂလာပြုပြီး တယ်ဆိုရင် သမက်တက်ဆိုတာမရှိဘူး၊ ချွေးမ တက်ပဲရှိတယ်။ သျှောင်နောက်ဆံထုံးပါဆိုတဲ့



ဆိုရိုးစကားကို အခိုင်အမာလိုက်နာကြတဲ့ သဘောပါပဲ၊ ဒါကြောင့် မိန်းကလေးဟာ အရွယ်ရောက်လာလို့ ယောက်ျားယူတယ်ဆိုရင် တခြားတစ်ဖက် မျိုးနွယ်ထဲကိုသာ လိုက်ပါ သွားရတဲ့ထုံးစံက တည်မြဲနေပြီး၊ လိုက်သွားတဲ့ အခါမှာ မိဘတွေက ဆင်ယင်ပေးထားတဲ့ လက်ဝတ်လက်စား အရာရာပစ္စည်းတွေကို အပြီး ထည့်ပေးလိုက်ရတာရှိသလို သဘော မတူသူနဲ့ယူတယ်ဆိုရင် အားလုံး ပြန်သိမ်းထား နိုင်တယ်။ မိန်းကလေးက ဘာအမွေမှ ဆက်ခံ ရပိုင်ခွင့်မရှိပါဘူး။ အမွေနဲ့ပတ်သက်ရင် ယောက်ျားလေးကပဲ ရပိုင်ခွင့်ရှိတယ်။ ဒါကြောင့် ယောက်ျားကလေးကသာ မျိုးနွယ် စုထဲမှာ အဓိကအရေးပါသူဖြစ်ပါတယ်။ မိန်းကလေးကတော့ ခုနကိစ္စတွေနဲ့ ဘာမှမပတ် သက်ပါဘူး။

**ကျွန်တော်** ။ ။ "ဒီလိုဆိုရင် မိန်းကလေးက ပိုက်ဆံချမ်းသာတဲ့ လူနဲ့ အိမ်ထောင်ကျသွားလို့ သူ့ရဲ့မိသားစုအကြွေး တွေကို ဆပ်ပေးနိုင်မယ်ဆိုရင်ကောဗျာ။"

**အန်ကယ်ဟုမ်း**။ ။ "မိန်းကလေးက သူ့ရဲ့မိသားစုအကြွေးကို ဆပ်ဖို့ တာဝန်မရှိပါဘူး။ ပေးဆပ်ခွင့်လဲ မရှိပါဘူး။ ဆပ်ပေးချင်ရင်တောင် သူ့ရဲ့မိဘ အစ်ကိုမောင်ဖွား များကိုပဲ ပေးကမ်းထောက်ပံ့ရပါတယ်။ ဒါကြောင့် ဆပ်ရန်လည်းမလို၊ ရရန်လည်းမလိုပါဘူး။"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ။ ။ ''ခုထုံးစံအတိုင်းသွားနေရင် အိမ်ထောင်ရေး ရှုပ်ထွေးလာတာတွေရှိတဲ့အခါ ဘယ်လိုဖြေရှင်းကြသလဲ၊ တရားရုံးတွေမှာ တရားစွဲတာတွေရော ရှိသလား။''

အန်ကယ်ဟုမ်း။ ။ ''တရားရုံးတွေရောက်ကြတာ နည်းပါတယ်။ ဒီဒေသတွေမှာတော့ အောင်တမန်နဲ့ဖြေရှင်းကြတာများပါတယ်။ အောင်တမန်ဆိုတာ ချင်းလိုတော့ ငရှိုးလို့ခေါ်တယ်။ ရပ်ထဲရွာထဲမှာ အတွေ့အကြုံရှိပြီး ဗဟုသုတပြည့်စုံသူ၊ ပြောရေးဆိုတာမှာလည်း လူမှုရေးကျွမ်းကျင်သူ လူကြီးတွေကို သတ်မှတ်ထားကြပါတယ်။''

ကျွန်တော် ။ ။ ''အဲဒီ အောင်တမန်ခေါ်ငရှိုးနဲ့ အမှုအခင်းရှင်းကြပုံလည်း ပြောပြစမ်းပါဦး။''

အန်ကယ်ဟုမ်း။ ။ ''အောင်တမန်ကတော့ အမှုလိုက်ရှေ့နေ ငှားသလိုပါပဲ၊ အမှုဆိုင်မယ်၊ အောင်တမန်ငှားတော့မယ်ဆိုရင် ကာယကံရှင်တွေက အရင်ဆုံး ကြက်ဥဗေဒင်ဆရာထံမှာ မေးမြန်းကြရတယ်။ ဗေဒင်ဆရာရဲ့ ညွှန်ကြားချက်အရ နတ်ပူဇော်ကြရတယ်။ အမှုကာလအတွင်းမှာ မဖျားရ၊ မနာရအောင် လုပ်ကြံသတ်ဖြတ်ခြင်းမခံရအောင်၊ အမှုလည်းနိုင်ရအောင်ဆိုပြီး ပူဇော်ပသကြတဲ့ သဘောပါပဲ။ ဗေဒင်ဆရာက ကြက်ဖို၊ ကြက်မ သို့မဟုတ် ဝက်၊ နွားစသည့် သတ်ပေးရမယ့်အကောင်ကို ဟောတဲ့အတိုင်း သတ်ပေးရလေ့ရှိတယ်။



ကိုယ်ငှားမယ့်အောင်တမန်ကို အနားမှာခေါ်ထားပြီး ကြက်ဥတစ်လုံးနဲ့ ခေါင်တည်ပေးရတယ်။ နတ်တင်မြှောက်ပသရပါတယ်။ ပြီးတာနဲ့ ခေါင်ရည်ဝိုင်းဖွဲ့သောက်ကြတယ်။ အောင်တမန်တွေက အိမ်ထောင်ရေးကိစ္စ၊ အမွေကိစ္စ၊ ယာမှု၊ မြေမှု၊ လူသတ်မှု၊ ကျွဲနွားအမှုစတဲ့ အမှုအခင်းတွေအားလုံးမှာ ဖြေရှင်းပေးကြပါတယ်။''

ကျွန်တော် ။ ။ ''အောင်တမန်လိုက်ပေးတဲ့လူက အမှုလိုက်ခရသလား အန်ကယ်။''

အန်ကယ်ဟုမ်း။ ။ ''အမှုပြီးတဲ့အခါကြမှ ငှားတဲ့လူက အနိုင်ရသွားရင် အခပေးရတယ်။ ရှုံးသွားရင်တော့ မရကြတော့ပါဘူး။ အခကြေးငွေကိုတော့ အတိအကျသတ်မှတ်ထားတာမရှိပါဘူး။ အမှုအခြေအနေအလိုက် ရာကနေ ထောင်အထိ ရှိကြပါတယ်''

အန်ကယ်ဟုမ်းနှင့်ဆွေးနွေးခဲ့သော ထုံးစလေ့များသည် စာအုပ်စာတမ်း မှတ်တမ်းမှတ်ရာများနှင့် ရေးသားမှတ်တမ်းတင်ထားသော ထုံးတမ်းဥပဒေများမဟုတ်ပေ။ ရပ်ရွာဓလေ့များအဖြစ်သာ တွေ့ရှိရသည်။ သို့သော် ကန်ပက်လက်မင်းတပ်မြို့နယ်ဒေသရှိ ချင်းတိုင်းရင်းသား အတော်များများသည် နှစ်ပေါင်းများစွာကပင် အစဉ်အဆက်ကျင့်သုံးလာခဲ့သော ထုံးဓလေ့များဖြစ်နေ၍ ခိုင်မာနေပြီဖြစ်ပေသည်။

သားယောကျ်ားကလေးနှင့် သမီးမိန်းကလေးတို့၏ လူမှုအခွင့်အရေးထုံးစံဓလေ့တို့သည် ချင်းတောင်တစ်ခွင် ဒေသအားလုံးလိုလိုပင် တူညီသည်ကများပေသည်။ သားနှင့်သမီးနှိုင်းယှဉ်လျှင် သားသည်မိဘ၏ ကောင်းမွေဆိုးမွေမှန်သမျှကို ဆက်ခံရသူဖြစ်သဖြင့် အမွေပေးရကြောင်း၊ သမီးသည် အိမ်ထောင်ပြုလျှင် အခြားအမျိုးဖြစ်သွား၍

www.burmeseclassic.com

www.burmeseclassic.com



အမွေမရထိုက်ကြောင်း မှတ်သားထားကြသဖြင့် သမီးများကို အိမ်မြေ မရွှေ့ပြောင်းနိုင်သည့်ပစ္စည်းတို့ကို လုံးဝ လွှဲပြောင်းပေးကြခြင်းမရှိပေ။ သို့ကြောင့် အမွေဆက်ခံခြင်းနှင့်စပ်လျဉ်းသည့်အခါ သားမရှိပါက သမီးရမည့်အစား ကျန်ဆွေမျိုးများကသာ ပစ္စည်းအမွေအားလုံးကို သိမ်းယူကြခြင်းများဖြစ်ပေါ်နေပေသည်။ သမီးသည်လည်း ရသင့် ရထိုက်သည်ကို ရရှိခံစားနိုင်ခွင့် ရှိစေသင့်ပေသည်။

ထိုထုံးနည်းအစဉ်အလာကြောင့် လင်ယောကျ်ားသေဆုံးသူ မုဆိုးမတစ်ဦးသည် သားယောကျ်ားကလေး မထွန်းကားခဲ့သော် နောက်အိမ်ထောင်မပြုခဲ့ပါလျှင် သူမ၏ အိမ်၊ မြေပစ္စည်းများကို ဆွေမျိုးများက သိမ်းယူကြခြင်းမျိုး ဖြစ်ပေါ်လာခြင်းမှာ မသင့်လျော်ပေ။ သူတို့လင်ယောကျ်ားနှင့်အတူ ရှာဖွေခဲ့သည့် လင်နှင့်မယား လက်ထက်ပွားပစ္စည်းများကို သူမလည်းပိုင်ဆိုင်သင့်ပေသည်။ထို့ထက် ဆိုးသည်က မုဆိုးမများ နောက်အိမ်ထောင်ပြုလျှင် ကလေးများကို ခေါ်ဆောင်ခွင့်မရှိခြင်းပင်ဖြစ်သည်။ ကလေးများ၏ဘဝသည် မိခင်၏ မေတ္တာရိပ်မှ ကင်းကွာ၍ မသွားသင့်ပေ။

ထို့ပြင် နောက်အိမ်ထောင်ပြုသူအမျိုးသမီးသည် ယခင် ကွယ်လွန်သူခင်ပွန်း၏ ပစ္စည်းမှန်သမျှ ဆွေမျိုးများထံ အားလုံးပြန်အပ် ရခြင်းထုံးစံရှိပေသည်။ ဤထုံးစံသည် အမျိုးသမီးတစ်ဦးအဖို့ အလွန် ကျပ်တည်းပြင်းထန်လှသည်။ သူနှင့်ထိုက်တန်ရာ ရသင့်သည်များကို ရစေသင့်ပေသည်။

ရန်ကုန်မြို့၊ ချင်းသမိုင်းရှာဖွေပြုစုရေးကော်မတီက ၂၀၀၁ ခုနှစ်တွင် ထုတ်ဝေသော ချင်းလူမျိုးများ၏ သမိုင်းဖြစ်စဉ်နှင့် ရိုးရာ ယဉ်ကျေးမှုဓလေ့ထုံးစံများ (အကျဉ်း) စာအုပ်မှ မင်းတပ်ဘူနိမ်းနှင့် မင်းတပ်ယူဂျင်းတို့၏စာတမ်းတွင် အောက်ပါအတိုင်း လေ့လာတင်ပြ ထားသည်ကို မှတ်သားလိုက်နာဖွယ် ဖော်ပြအပ်ပါသည်။



**သားသမီးများနှင့် မိဘအမွေ**

မိဘအမွေကို သားယောကျ်ားများကသာ ခံစားခွင့်ရှိပြီး သမီးများက ခံစားခွင့်မရှိပေ။ သားယောကျ်ားများတွင် အထွေးဆုံးက မိဘနေအိမ်ကိုပိုင်ဆိုင်ရပြီး ကျန်ပစ္စည်းများကို ဝေပုံကျ ကျန်သား များက ခံစားခွင့်ရှိသည်။ အကယ်၍ သားယောကျ်ားမထွန်းကားခဲ့လျှင် အနီးစပ်ဆုံးဆွေမျိုးများက အမွေခံစားခွင့်ရှိသည်။ သို့သော် သမီးများကို အမွေမပေးရခြင်း၏ အဓိကအချက်မှာ-

(က) အကယ်၍ ရန်သူများက ကလဲ့စားချေမည်ဆိုလျှင် သားယောကျ်ားများကသာ သေခွင့်ရှိသည်။

(ခ) မိဘများ၏ ကြွေးမြီကိုဆပ်ရန် သားယောကျ်ားများ တွင်သာ တာဝန်ရှိပြီး ကြွေးမြီများကုန်ဆုံးသည်အထိ သားစဉ်မြေးဆက် ပေးဆပ်ရန်တာဝန်ရှိသည်။

(ဂ) မိဘများ အိုမင်းမစွမ်းဖြစ်လာကြလျှင် သားယောကျ်ား များက ကြည့်ရှုစောင့်ရှောက်ရန် တာဝန်ရှိသည်။ သမီးများသည် အိမ်ထောင်ပြုသည်နှင့်တစ်ပြိုင်နက် ခင်ပွန်းသည်ယောကျ်ားများ၏ အမျိုးအမည်ကိုသာခံယူ ရပြီး မိမိမျိုးနွယ်စု (Clan) နှင့် မပတ်သက်တော့ ချေ။

ဤသည်များကြောင့် သမီးများကို ချိုးချင်းတို့က မိဘအမွေ များကို မခံစားခဲ့စေကြခြင်းဖြစ်သည်။ သို့သော် ချိုးချင်းတို့တွင် ပညာတတ်ပုဂ္ဂိုလ် များပြားလာပြီဖြစ်၍ ခေတ်မီစွာဖြင့် သားသမီးများ အားလုံးကို သင့်တင့်လျောက်ပတ်အောင် အမွေများပေးစေခြင်းကို ကျင့်သုံးလျက်ရှိနေကြပြီဖြစ်ကြောင်း မှတ်သားရပေသည်။

www.burmeseclassic.com

www.burmeseclassic.com

# ချင်းတို့၏ အတိတ်နိမိတ်ဖတ်ပုံနှင့် အယူအဆများ

မြန်မာပြည်သည် ဇမ္ဗူထိပ်နိမိတ်ထွန်းသည်ဟူ၍ ရှေးအခါကပင် ယုံကြည်မှတ်သားခဲ့ကြ၏။ နိမိတ်ဟူသောစကားသည် 'နိမိတ္တ' ဟူသော ပါဠိစကားမှ မြန်မာလိုနိမိတ်ဟူ၍ဖြစ်လာခြင်းဖြစ်သည် 'နိမိတ္တ' ဟူသောစကား၏အနက်မှာ ဖြစ်လတ္တံ့သော အနာဂတ်အရေး၏အကြောင်းကို အရိပ်လက္ခဏာ ကြိုတင်ပြသခြင်းဟူ၍ဖြစ်သည်။

အတိတ်ဟူသောစကားမှာ 'အတီတ' ဟူသော ပါဠိစကားမှလာသည်။ နောင်တွင် မြန်မာလိုအတိတ်ဟူ၍ဖြစ်သည်။ အဓိပ္ပာယ်မှာ ဖြစ်ခဲ့ပြီးသောအကြောင်းကို ချင့်ချိန်ထောက်ဆ၍ နောင်အနာဂတ်ရေး၌ မည်သို့ဖြစ်မည်ကို ကြိုတင်ဟောပြောနိုင်သော အကြောင်းချင်းရာဟု ဆိုပေသည်။

လူမျိုးဘာသာတိုင်း၌ အတိတ်နိမိတ်ကောက်ယူမှုကို ယုံကြည်ခြင်းသည် အနည်းနှင့်အများဆိုသလိုရှိကြ၏။ မြန်မာမှုတွင်လည်း များစွာရှိ၏။ ရှေးမြန်မာမင်းများပင်လျှင် အတိတ်နိမိတ်ဖတ်ယူခြင်းကို အစဉ်တစိုက် လက်ခံကျင့်သုံးခဲ့ကြသည်။ သာဓကအားဖြင့် မြန်မာမင်းတစ်ပါးဖြစ်သည့် အနော်ရထာမင်းသည် ကိုးခရိုင်ကိုတည်ပြီးသောအခါ နေပြည်တော်ပုဂံသို့ အပြန်လမ်း ကွန်းထောက်စခန်းအောက်မှ



ဖားအော်သံကိုကြား၍ ဟူးရားဖြူ ညိုတို့ကိုမေးမြန်းရာ ဟူးရားဖြူ ညိုတို့က ဖားအဖိုသေသဖြင့် ဖားမသည် လင်ဖားသေကိုပိုး၍ ငိုကြွေးအော်မြည်သံဖြစ်ကြောင်း လျှောက်၏။ မြေကိုတူး၍ကြည့်လေသော် ဖားမက ဖားဖိုသေကို ကျောပိုး၍ ငိုကြွေးမြည်တမ်းနေပုံကို တွေ့ရ၏။ ထိုအခြင်းအရာကို မင်းကြီးက နမိတ်ကောက်ခိုင်းရာ မင်းကြီးသည်ဘဝဟောင်းက ကောင်းမှုကံကုန်ပြီဖြစ်သဖြင့် ပုဂံနေပြည်တော်သို့မရောက်မီ နတ်ရွာစံမည်ဖြစ်ကြောင်း နိမိတ်ဖတ်လိုက်၏။ ထိုနိမိတ်ဖတ်သည့်အတိုင်းပင် ပုဂံမရောက်မီ မင်းကြီးနတ်ရွာစံခဲ့ရ၏။

မင်းတုန်းမင်း၏ညီတော် ကနောင်မင်းသား အိမ်ရှေ့မင်း ဦးကောက်သည် လွှတ်တော်သို့လာရာ ချောင်းအကူးတွင် ဖောင်းတော် ကျွတ်ကျသဖြင့် နိမိတ်မကောင်း၍ ပညာရှိများက လွှတ်တော်မတက်ရန် တားမြစ်သော်လည်း မနာခံမိ၍ မြင်ကွန်းစားတို့၏ လုပ်ကြံ သတ်ဖြတ်ခြင်းကိုခံရ၏။

အလောင်းမင်းတရားကြီးသည် မွန်တို့ကိုလုပ်ကြံသည့်အခါ ဖောင်တော်ရှေ့တွင် မိုးမရွာလေမထန်ဘဲ ထန်းပင်လဲကျသည်ကို နိမိတ်ဖတ်ခိုင်းရာ ထန်းဟူသောစနေနံက အလောင်းဘုရား၏ခြေတော်ရင်းသို့ ဝပ်စင်းလဲလျောင်းဦးခိုက်သည့် အလိုနိမိတ်ကြောင့် မွန်တို့ကို အောင်မြင်ရသည်။

နောက်တစ်ကြိမ် အလောင်းမင်းတရားသည် ယိုးဒယားသို့ ချီတက်နေစဉ် နေပြည်တော်၌ မိခင်သားချော့တေးတစ်ပိုဒ်ပေါ်၏။ "မျက်ရည်ကိုသုတ် နောက်ဆုတ်ပြန်" အစချီ၍ ဆိုကြ၏။ ထိုနိမိတ် ပေါ်လာပြီးနောက်တွင် မင်းကြီးနတ်ရွာစံသဖြင့် သားတော်ကြီးတို့က အလောင်းကိုယူကာ နောက်ဆုတ်ပြန်လာခဲ့ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



အင်္ဂလိပ်လူမျိုးများ၌ပင် ထမင်းစားရာ၌ စားပွဲပေါ်သို့ ဆားကျသွားပါက နိမိတ်မကောင်းဟုအယူရှိကာ ဘယ်ဘက်ပခုံးပေါ်မှနေ၍ ဆားကို နောက်ပြန်ပစ်ရခြင်းရှိ၏။ မင်္ဂလာဆောင်ပွဲမထုတ်မီ သတို့သားသတို့သမီးတွေ့လိုက်လျှင် နိမိတ်မကောင်းဟု အယူရှိကြခြင်းသည် နိမိတ်ကိုယုံကြည်သောကြောင့်ပင်ဖြစ်သည်။

ဗုဒ္ဓဝင် ဘုရားဟောကျမ်းဂန်များ၌လည်း မြတ်စွာဘုရားဖြစ်လာမည့်အခါ ထင်လာသောနိမိတ်နှင့် နိမိတ်ကြီးလေးပါး မယ်တော်မာယာ၏ အိပ်မက်နိမိတ်၊ သားတော်ဇာလီနှင့် သမီးတော်ကဏှာဇိနတို့ကို စုဇကာပုဏ္ဏားအလှူခံလာမည်ကို မယ်တော်မဒ္ဒီအေဝီမက်သောအိပ်မက်နိမိတ် စသည်ဖြင့် နိမိတ်နှင့်စပ်လျဉ်း၍ အဆက်ဆက် လက်ခံလာခဲ့ကြ၏။

သို့ကြောင့် ချင်းလူမျိုးတို့၏ အတိတ်နိမိတ်ကောက်ခြင်းအယူအဆများသည်လည်း ယနေ့တိုင် ပစ်ပယ်၍မရချေ။ လက်ခံယုံကြည်သူ များပြား၏။ ချင်းလူမျိုးတို့သည် သူတစ်ပါး၏မကောင်းကြောင်း ရန်ဖြစ်သည့်အကြောင်း စသည်ဖြင့် မိမိတို့နေအိမ်၌ပြောဆိုကြလျှင် ထိုအိမ်မျိုးကဲ့သို့ မိမိအိမ်ကိုလည်း ကူးစက်ဖြစ်ပွားလိမ့်မည်ဟု ယူဆကြ၏။ ထို့ကြောင့် သူတစ်ပါးအတွင်းရေးပြဿနာများကို ဝင်ရောက်စွက်ဖက်ပြောဆိုခြင်း အလွန်နည်းပါးကြ၏။ သက်ကြီးရွယ်အို၊ သူဆင်းရဲ၊ မိဘမဲ့ကလေး၊ မုဆိုးမ စသည့် အားနည်းချို့တဲ့သူတို့ကို ကူညီမစခြင်းကြောင့် မိမိတို့တွင်လည်း ကောင်းကျိုးချမ်းသာရရှိလိမ့်မည်ဟု နိမိတ်ကောက်ယူကြလေ့ရှိ၏။

လျှောင်လှုပ်လျှင် ရောဂါဘယထူပြောသည်ဟု နိမိတ်ကောက်ယူကြ၏။ သိပ္ပံနည်းကျ တွက်ဆရလျှင်လည်း လျှောင်လှုပ်



ပြီးလျှင် ရောဂါဖြစ်ပွားကြခြင်းသည် နောက်ဆက်တွဲပြဿနာများပင်ဖြစ်ပေသည်။ မိုးရွာနေဆဲ တိမ်တောက်ချိန် များပါက ရာသီဥတုဖောက်ပြန်တတ်သည်။ သီးနှံဖျက်ပိုးကျတတ်သည်ဟု ကောက်ယူကြသည်။ သို့ကြောင့် ကြိုတင်ပြင်ဆင်မှုပြုနိုင်ကြ၏။

တောင်တန်းသားများအနေဖြင့် နတ်ကိုးကွယ်ခြင်းနှင့် မကင်းကြပေ။ အမဲလိုက်ရာတွင်ပင် သက်ဆိုင်ရာနတ်ကိုပင့်၍ ခွင့်တောင်းပြီးမှ လိုက်လေ့ရှိကြ၏။ ကျားကို အလေးထားကြရ၏။ ကျားရိုး၊ ကျားစွယ်များကိုဆောင်လျှင် မကောင်းဆိုးဝါးများမကပ်နိုင်ဟု အယူအဆရှိကြသည်။ ကျားအရှင်များတွင် နတ်ဆိုးများ အမြဲတွယ်ကပ်နေသည်ဟု ယုံကြည်ထားကြ၏။ ယခုအခါ ကျားသည် ကောင်းကျိုးမပေးသော ကြောက်စရာသတ္တဝါအဖြစ် လိုက်လံဖမ်းဆီး သတ်ဖြတ်နေကြသည့်တိုင် ကျားသေကို ရွာတွင်းသို့ ယူမလာဝံ့ကြချေ။ ပွဲပေးပြီးမှ ယူဝံ့ကြသည်။ ထိုသို့မဟုတ်ပဲ ရွာတွင်းသို့ စည်းကမ်းမဲ့ ယူငင်လာခဲ့လျှင် အိမ်မွေးတိရစ္ဆာန်များကို သတ်ဖြတ်ကလဲ့စားချေလိမ့်မည်ဟု ယူဆကြသည်။

ချေ၊ ဒရယ်၊ ဆတ်၊ ဝက် စသဖြင့် တောကောင်အမဲကို ပစ်ခတ်ကြရာ၌ အမဲကောင်သည် သစ်ပင်ပေါ်တင်နေလျှင်လည်းကောင်း၊ သစ်ကိုင်းကိုမှီတွယ် သေနေလျှင်လည်းကောင်း မယူကြတော့ပေ။ တောစောင့်နတ်များက မပေးလို၍ ပြန်ယူထားလိုက်သည်ဟု နိမိတ်ဖတ် မှတ်ယူထားကြ၏။ ချင်းလူမျိုးတို့တွင် မမာမကျန်းဖြစ်ပါက ဗမာတို့ကဲ့သို့ ယတြာချေသည့်သဘောမျိုး ပြုလုပ်လေ့ရှိကြ၏။ မကောင်းဆိုးဝါးနတ်များ အမျက်ပြေစေရန်ဟုရည်မှန်း၍ ကျွဲရုပ်၊ နွားရုပ်၊ ကြက်ရုပ်၊ ဝက်ရုပ်၊ ပုတီးစေ့မောင်းရုပ် စသည်တို့ကို လမ်းများတွင် သွား၍ပစ်ချထားခြင်းရှိကြ၏။

www.burmeseclassic.com

www.burmeseclassic.com



ခရီးထွက်ခြင်း၊ အလုပ်အကိုင်အမှုအခင်းဖြေရှင်းခြင်း စသည်ဖြင့် အရေးပါသည့်ကိစ္စများ ဆောင်ရွက်ကြလျှင် 'ပွဲကိုင်' ခေါ် ကြက်ဥဗေဒင် မေးလေ့ရှိ၏။ ပွဲကိုင်ဗေဒင်ဆရာသည် အခကြေးငွေရသည် မဟုတ်ပေ။ သို့ရာတွင် ချင်းတို့သည် ကျေးဇူးတရားသိကြသူများဖြစ်သည့်အားလျော်စွာ နတ်ပူဇော်ခြင်းပြုလျှင် ယဇ်ကောင်၏ ပေါင်တစ်ပေါင်ကို ပွဲကိုင်ဆရာထံသို့ ပို့ပေးကြလေ့ရှိ၏။ ပလက်ဝနယ်ရှိ ချင်းတို့သည် ခရီးလမ်းသွားရင်း မြွေတွေ့ပါက နိမိတ်မကောင်းဟု မှတ်ယူကြသည်။ မြန်မာတို့သည် သွားရာခရီး၌ မြွေကို အလျားလိုက်တွေ့ပါက ခရီးရှည်မည်။ ကန့်လန့်ဖြတ်တွေ့ပါက ခရီးတိုမည်။ မိတ်လိုက်နေသည်ကိုတွေ့ရက လာဘ်ကောင်းသည်၊ မျက်နှာပွင့်မည် စသည်ဖြင့် မြွေနှင့်ငွေကို အသံထွက်ချင်း ဆင်တူနေ၍ အယူရှိသလော မသိပေ။ ကောင်းခြင်းနိမိတ်ကိုယူကြ၏။

ချင်းဓလေ့တွင် မြွေတွေ့လျှင် မကောင်းသောနိမိတ်များဖြင့်သာ မှတ်သားယူဆထားကြ၏။ အိမ်ပေါ်မြွေတက်ပါက သေဘေးနှင့် ကြုံတတ်သည်ဟု နိမိတ်ယူကြသည်။ ယုတ္တိအရတွေးကြည့်လျှင် မြွေသတ္တဝါသည် အဆိပ်ရှိသောသတ္တဝါဖြစ်၍ ချင်းတို့၏အယူအဆသည် လက်တွေ့၌ သဘာဝကျသည်။ လမ်းခုလတ်တွင် သစ်တောက်ငှက်အော်သံကြားရလျှင် ဘေးအန္တရာယ်ကြုံရတတ်သည်ဟု မှတ်ယူကြပြီး အော်သံမဟုတ်ဘဲ သစ်ပင်ကို တစ်ခေါက်ခေါက်ခေါက်နေသံကြားရလျှင် နိမိတ်ကောင်းသည်ဟု ယူဆကြသည်။

နေအိမ် (သို့မဟုတ်) အနီးအနားသစ်ပင်တို့တွင် ပျားစွဲလျှင် နိမိတ်မကောင်း ဖျားနာတတ်သည်ဟု ယူဆကြသည်။ ပျားတုပ်ခံရသည်ဟု အိပ်မက်လျှင် ဖျားတတ်သည်ဟု မှတ်ယူကြသည်။ ထိုသို့



အိပ်မက်ကို ပြေပျောက်စေရန် အနက်ရောင်ရှိသော ကြက်မနှင့် ယတြာချေလေ့ရှိကြ၏။ အိမ်ခေါင်မိုးပေါ် ခွေးတက်လျှင် လူသေတတ်သည်။ မီးဖိုတွင်မှိုပေါက်လျှင် လူသေတတ်သည်။ ခြအုံတွင် မှိုပေါက်လျှင် ချမ်းသာမည်။ အိမ်နောက်ဘေးတံခါးဝမှ ငှက်ပျံထွက်သွားလျှင် လူသေတတ်သည်။ အိမ်ရှေ့တံခါးဝမှပျံထွက်လျှင် ချမ်းသာမည် စသည်ဖြင့် နိမိတ်ကောက်ယူကြသည်။

အန်ကယ်ဟုမ်းနှင့်ဆွေးနွေးခဲ့စဉ်က သိခဲ့ရသော ကြက်ခြေထပ်ပုံ နိမိတ်ကောက်ခြင်းနှင့်စပ်လျဉ်း၍ တောင်တန်းဒေသတို့တွင် တွေ့ရလေ့ရှိပါသည်။ နိမိတ်ကောက်ပုံ ဟောပြောပုံသာ ကွာကြသည်။ ဗေဒင်ကောက်ချက် ဟောပြောကြသည်မှာ မြန်မာမှုနယ်ပယ်မှ ကြက်ရိုးဗေဒင်နှင့် ဆင်ပေသည်။ ကာလဒေသ ကွာခြားရွေ့လျောလာသည်နှင့် အမျှ အမျိုးမျိုးကွဲပြားသွားဟန်ရှိပေသည်။ မြန်မာတို့ ကြက်ရိုးဗေဒင်သည် နည်းနှစ်နည်း ရှိခဲ့သည်။ တစ်နည်းမှာ ကြက်အရှင်၏ ခြေထောက်နှစ်ချောင်းကို ပေါင်နှင့် ဒူးဆစ်မှဖြတ်၍ နှီးစနှင့်ထိုးပြီး နိမိတ်ကောက်သော နည်းဖြစ်၏။ နောက်တစ်နည်းမှာ ကြက်ခြေထောက်ရိုးကို သိမ်းထားပြီး နိမိတ်ဖတ်ဟောပြောလိုသည့်အခါမှသာ ပေစာ၊ ထန်းဖူးစာများအကြားကို အရိုးနှင့်ထိုး၍ ကျရာစာ၏ ဟောချက်ကို ဖတ်ယူရသောနည်းဖြစ်လေသည်။ ၎င်းနည်းပညာသည် ပုဂံခေတ် အရည်းကြီးများလက်ထက်မှ စတင်ပြန့်ပွားလာခဲ့ဟန်ရှိကြောင်း၊ မြန်မာမင်းအုပ်ချုပ်ပုံစာတမ်းတွင် ဆိုထားပေသည်။ ကုန်းဘောင်ရာဇဝင်ပုံပြင်တစ်ခု၌ ဗေဒင်ပညာ တစ်ဖက်ကမ်းခတ်အောင် တတ်ကျွမ်းသည်ဆိုသော မှန်ကန်းဆိုသူသည် ရှင်ပေါ်တစ်ဦးအား ဗေဒင်ဟောရာမှ မမှန်သဖြင့် မိမိဗေဒင်ကျမ်းဂန်များကို မီးရှို့ပစ်လိုက်ရာ

www.burmeseclassic.com

www.burmeseclassic.com



ပြာကို ကြက်က လုယက်စားသောက်သည်ကို ငမုန့်ကန်း၏ဖခင်က တွေ့မြင်ရပြီးနောက် ဗေဒင်ကျမ်းဂန်ပြာကို ကြက်သည် လုသည်၊ ယက်သည်၊ စားသည်ဖြစ်ခြင်းကြောင့် ကြက်ရိုးကိုကမ္ဘာပြု ကြက်ရိုးထိုး၍ ဟောပြောခြင်းဖြင့် အဆက်ဆက်ကျင့်သုံးလာသည်ဟု အဆိုရှိသည်။ ထို့ကြောင့် ထိုအခါမှစ၍ မင်္ဂလာကိစ္စ၊ အမှုကိစ္စ မည်သည့်ကိစ္စတို့တွင်မဆို ကြက်ရိုးထိုး၍ နိမိတ်ကောက်သော ကြက်ရိုးဗေဒင်ဓလေ့သည် ကျန်ရစ်ခဲ့ပေသည်။

နောက်တစ်နည်းဖြစ်သော ကြက်ရိုးထိုးဗေဒင်မှာ ဗေဒင်ဆရာသို့မဟုတ် နတ်ဆရာက ဆိုင်ရာကိစ္စအတွက် အဓိဋ္ဌာန်ပြုကာ ကြက်တစ်ကောင်ကိုသတ်၍ ပေါင်နှင့်ဒူးဆစ်မှဖြတ်ပြီး ဒူးဆစ်ဘက်မှနေ၍ နှီးစဖြင့် အရိုးခေါင်းထဲသို့ ထိုးသွင်းလိုက်ရသည်။ အရိုးပေါ်ရှိ အပေါက်များထဲမှ သွေးများစို့ထွက်လာသောအခါ သွေးရစ်အပေါက်ကလေးများကို ကြည့်ရှုမှတ်သားရ၏။ ညာဘက်ခြေထောက်တွင် သွေးစို့ထွက်သောအပေါက်က ဘယ်ဘက်ခြေထောက်တွင် သွေးစို့ထွက်သောအပေါက်ထက် မြင့်နေသည်ကိုတွေ့ရလျှင် အောင်မြင်မည်။ နိမိတ်ကောင်းသည်ဟု ယူဆကြသည်။ အကယ်၍ ဘယ်ခြေထောက်အပေါက်က မြင့်နေလျှင် နိမိတ်မကောင်း၊ မအောင်မြင်နိုင်ဟုယူဆကောက်ချက်ချကြသည်။

ရှေးအခါကပင် ကြက်ရိုးဗေဒင်သည် ထင်ရှားခဲ့ကြောင်း မြန်မာစာပေအချို့တွင် တွေ့ရှိခဲ့ရသည်။ မုံရွေးဆရာတော်ရေးသားသော ပဏ္ဏာဝုဓပျို့တွင် 'ဘုရားဟော နတ်မေးကာနှင့် မှန်စာကြက်ရိုးထိုးကာ ဖွင့်ကာ အိတ်ထုံပါသော်' ဟူ၍လည်းကောင်း၊ ဦးကြင်ဥ၏ တပေါင်းလဘွဲ့တွင် 'ငွေနားပန့်ရှင်၊ တောင်မီးခင်လည်း၊ မနှင်ထွန်တိုက်၊ ချွန်စူး



ငယ်စိုက်လို့၊ အလိုက်ငယ်စာရေ၊ စဉ်ဆက်မျိုးလာ၊ ကြက်ရိုးစာနှင့် ဘာသာငယ်မွေသည်' ဟူ၍လည်းကောင်း၊ စဥ့်ကူးမင်း မိဖုရားကြီးရှင်မင်းသည် မောင်တော်ဘုရားမလာသောကြောင့် စိတ်သောကဖြစ်လှ၍ ကြက်ရိုးထိုးခြင်း မှန်စာချခြင်း၊ ဗေဒင်မေးခြင်းများကို ပြုလုပ်ခဲ့ကြောင်းဖော်ပြသည့် မျှော်တော်စိုက်တေးထပ်တွင် 'စောင့်စားလို့တာရှည်သည်၊ နေခြည်မှာပန်းကဲ့သို့ညှိုး၊ ချနေကျမှန်စာကို အခါခါမယ်ထိုး။ စံနည်းပုံရွှေကြက်ရိုးရယ်က၊ အကျိုးငယ်မထင်၊ ရွှေတိုင်သူနတ်ထိန်းက၊ အိမ်းယိမ်းလို့မမှန်လေကျင်' ဟူ၍လည်းကောင်း စာပိုဒ်များကို လေ့လာတွေ့ရှိရပေသည်။

www.burmeseclassic.com

www.burmeseclassic.com

## ချင်းဓလေ့ခေါင်ရည်

မြန်မာပြည်၏ မြေပြန့်ပြည်မသားများအဖို့ ခေါင်ရည်ဟုဆိုလျှင် သောက်သုံးဖူးဖို့ဝေးစွ၊ မြင်ဖူးတွေ့ဖူးသူပင် နည်းပါးလှသည်။ ထို့ကြောင့် ခေါင်ရည်အကြောင်း၊ ချင်းတို့၏ ခေါင်ဓလေ့အကြောင်းများကို သူတို့ကြားဖူးနားဝရှိသလို စကားစ၍ပြောတတ်ကြ၊ မေးမြန်းတတ်ကြလေသည်။ စိတ်ဝင်စားကြခြင်းလည်းရှိ၏။ ထို့ကြောင့် ချင်းတောင်အကြောင်း ရေးရပြောရလျှင် ခေါင်ရည်၊ ခေါင်ဓလေ့ကို ချန်လှပ်ထား၍မရပေ။ ပြည်နယ်တစ်ခွင်လုံး၌ ချင်းမျိုးနွယ်ဟူသမျှ ခေါင်ဓလေ့ကို မိရိုးဖလာရိုးရာကဲ့သို့ လိုက်နာကျင့်သုံးကြ၏။ မင်းတပ်ကန်ပက်လက်ဒေသမှ ခေါင်ရည်တည်နည်း၊ ခေါင်ဓလေ့တို့ကို အနီးကပ်ဆုံး လေ့လာခဲ့ရသမျှ တင်ပြလိုက်ပါသည်။

### ခေါင်ရည် (ယူး)

ခေါင်ရည်ကို သူတို့ဘာသာစကားအရ ယူးဟု အသံထွက်၏။ ခေါင်ရည်သည် သေရည်တစ်မျိုးဖြစ်၏။ အရောင်ဖြူ၍ အနည်းငယ်နောက်ကျူ၏။ ထန်းရည်ခါးကဲ့သို့တူ၏။ အရသာမှာ ချို၍ အချဉ်ပေါက်သောအနံ့မျိုးရှိ၏။ ခေါင်ရည်တည်ရာတွင် ချင်းတို့အခေါ် (ဖိုး) ဟု အသံထွက်သော ခေါင်တဆေးတစ်မျိုး ပါဝင်ရ၏။ ခေါင်တဆေးမှာ အရက်ချက်ရာ၌သုံးသော တဆေးကဲ့သို့ဖြစ်၏။ သို့ရာတွင်



ခေါင်တည်သူတို့က ကိုယ်တိုင်စီမံဖော်ယူလေ့ရှိကြ၏။ တချို့လည်း လုပ်၍ ဈေးတွင်ချရောင်းသော ခေါင်တဆေးများလည်းရှိ၏။

### ခေါင်တဆေးပြုလုပ်နည်း —

ခေါင်တဆေးသည် ဂျုံ၊ ဆန်၊ ကောက်ညှင်း၊ သကြား၊ ထန်းလျက်ကဲ့သို့သောပစ္စည်းများကို အရက်ချက်ရာတွင် အသုံးပြုသည့် ကစော်ဖောက်ပစ္စည်းတစ်မျိုးပင်ဖြစ်သည်။ တဆေးသည် မှိုတစ်မျိုးသာဖြစ်၏။ အင်ဖိုင်းခေါ် ပရိုတင်းတစ်မျိုးသည် တဆေး၌ပါရှိသည်။ ထိုပရိုတင်းဓာတ်က သူနှင့်ရောစပ်သောပစ္စည်းများကို ဓာတ်ပြောင်းလဲမှု မြန်ဆန်စေရန် ကူညီပေးခြင်းဖြစ်ပေသည်။

### ခေါင်ဆေးတွင်ပါဝင်သောပစ္စည်းများ

မင်းတပ်နယ်တွင် အောက်ပါတို့ကိုအသုံးပြု၏-

(၁) ဆန်တစ်ပြည်

(၂) ပတဲကောဥအစို ၄ ဥခန့်

(၃) စပ်သီး (ငရုတ်သီး) ၁၀ တောင့်ခန့်

(၄) ဆားတစ်ဇွန်း

(၅) ခရမ်းကစော့သီး လက်တစ်ဆုပ်စာ

(၆) ဗိုင်လုလဲခေါ် နွယ်တစ်မျိုး အစုံ ၅ ကျပ်သားခန့်

အထက်ဖော်ပြပါပစ္စည်းများကို တစ်မျိုးစီ ညက်အောင်ထုထောင်းပြီးနောက် အားလုံးကို မောင်းဆုံ သို့မဟုတ် လက်ဆုံတွင် ထည့်၍ ထောင်းရသည်။ ထို့နောက် ညက်ညောလာအောင် လက်ဖြင့်

www.burmeseclassic.com

www.burmeseclassic.com



နယ်၍ အနေတော်အလုံးကလေးများ (ခုံညင်းဒိုးခန့်) လုံးပြီး လေလုံရာတွင် ၇ ရက်ခန့် သွေ့စေပြီးမှ နေပူတွင်ထုတ်၍ ခြောက်သွေ့သည်အထိ လှန်းပေးရသည်။ ထိုအခါမှ ခေါင်ဆေးများကိုရလေသည်။

## လိုက်နာလေ့ရှိသောထုံးစံတစ်ခု

ခေါင်တဆေးလုပ်ရာတွင် မိန်းမများသာ လုပ်ကိုင်စီမံကြလေ့ရှိသည်။ ခေါင်ဆေးလုပ်နေစဉ်တွင် ယောက်ျားများ အနီးအနားမလာရ မရှိစေရပေ။ အိမ်တံခါးပိတ်၍ မိန်းမများက လုပ်လေ့ရှိကြသည်။ ယုတ်စွအဆုံး ခေါင်ဆေးပြုလုပ်ရာအနီး၌ ယောက်ျားတို့၏ ဓား၊ ပလိုင်း၊ သေနတ်၊ အဝတ်အစားမှအစ အသုံးအဆောင်များကို မရှိစေရပေ။ တတ်နိုင်သမျှ ကင်းရှင်းအောင် စီမံဆောင်ရွက်ကြသည်။ ထိုအယူအဆမှာ ခေါင်ဆေးပြုလုပ်ခြင်းသည် ယောက်ျားများအတွက် ဂုဏ်သိက္ခာနိမ့်ပါးစေသည်။ တောလမ်းခရီးသွားရာတွင်လည်း တစ်စုံတစ်ခုဖြစ်တတ်သည်ဟု ယူဆကြ၍ဖြစ်သည်။

## ခေါင်ရည်တည်နည်း

ခေါင်ရည်အိုးကို မြေအိုး (သို့မဟုတ်) အခေါင်းကျယ် ဝါးပိုးကျည်တောက်များကို အသုံးပြုကြသည်။ သန့်ရန်လိုပေသည်။ ငါးပိ၊ ဆားဟင်းကျွေးချက်ပြီး အနံ့မကောင်းသောအိုးများကို လုံးဝမသုံးရပေ။ အိုးသစ် (သို့မဟုတ်) ခေါင်တည်ပြီး ရေဆေး နေပူလှန်းထားသော ခေါင်ရည်အိုးဟောင်းများကို သုံးနိုင်သည်။

## ခေါင်စာဖတ်

ခေါင်တည်ရန် ခေါင်စာဖတ်အဖြစ် ဆန်ကြမ်း၊ ကောက်ညှင်းဆန်၊ ဆပ်နီ၊ ဆပ်ဝါ၊ ပြောင်း၊ လူး စသည်တို့ကို



အသုံးပြုနိုင်သည်။ (၄င်းတို့ကို ခေါင်စာဟုခေါ်သည်)

### ပထမအဆင့်

ခေါင်စာဖတ်ချက်မည့်ဆန်များကို နေလှန်းပေးရသည်။ (ပြောင်းကို နေလှန်းရန်မလိုပေ)

### ဒုတိယအဆင့်

ခေါင်စာများကို မနူးမနပ်ချက်ပြုတ်ပြီးနောက် ဖျာပေါ်တွင်ဖြစ်စေ၊ ဆန်ခါထဲ၌ဖြစ်စေ ဖြန့်ကြဲအအေးခံထားရသည်။ (အချို့က ခေါင်စာအအေးခံထားချိန်၌ သံမဏိ၊ သံစသည်တို့ကို အပေါ်မှထားကြသည်။ မကောင်းဆိုးဝါးဘေးအန္တရာယ်မှ ကင်းဝေးစေရန်ဟူသောအယူအဆဖြင့် လုပ်ကြခြင်းဖြစ်သည်။)

### တတိယအဆင့်

အအေးခံပြီးနောက် ခေါင်ဆေးမှုန့်ကို နှံ့စပ်အောင်ဖြူး၍ နယ်ပေးရသည်။ ပြီးမှ ခေါင်အိုးထဲသို့ထည့်၍ အပေါ်မှ ကျွန်းဖက်၊ ငှက်ပျောဖက်တို့ကို အတော်အုပ်၍ လေလုံအောင် ပိတ်ထားလိုက်ပြီး ခေါင်တည်ထားလိုက်ရသည်။

## ခေါင်ရည်ဓလေ့

ချင်းလူမျိုးတို့၏ ခေါင်ရည်သောက်သုံးကြသော ဓလေ့သည် အမိဝမ်းတွင်းမှ ကလေးဘဝကပင် စခဲ့လေသည်။ မွေးကင်းစကလေးငယ်သည် မိခင်၏နို့ရည်ဦးအစား ခေါင်ရည်၏အရသာနှင့် ဦးစွာတွေ့ရ၏။ ရိုးရာထုံးစံအရ မိခင်က ခေါင်ရည်ကို တစ်ငုံစာငုံ၍

www.burmeseclassic.com



ကလေးငယ်၏ပါးစပ်ထဲသို့ ထွေးထည့်ပေးပြီးနောက်မှသာ နို့ရည်ကို ဆက်လက်တိုက်ကျွေးလေ့ရှိပေသည်။ ထို့အပြင် ကြက်မွေး မီးမြှိုက်၍ ကလေး၏နှာခေါင်းဝကို တေ့ပေးပြီး ရှူစေသည့်ဓလေ့လည်း ရှိကြသည်။ မင်္ဂလာဆောင်ပွဲ၊ အိမ်သစ်တက်မင်္ဂလာ၊ နှစ်သစ်ကူးပွဲ၊ စုပေါင်းကပွဲများ၊ စုပေါင်းလုပ်အားပေးပွဲ၊ စပါးရိတ်၊ စပါးရုပ်၊ စပါးသယ် လုပ်ငန်းခွင်များ၌လည်းကောင်း၊ အသုဘပွဲများနှင့် မိတ်ဆက်၊ မိတ်ဆုံစားပွဲများတွင်လည်းကောင်း ခေါင်ပါကြ၏။ ခေါင်ပွဲများမှ ဖြစ်ပွားသည့် ရန်ငြိုးရန်စွယ်ပြဿနာများကို ကျေအေးသည့်အခါ ခေါင်နှင့်ပင် ကျေအေးကြ၏။ နာမည်ပေးကင်ပွန်းတပ်မင်္ဂလာ၊ အိမ်မြေ၊ နွားနောက် အလဲအလှယ် အရောင်းအဝယ်အသိအမှတ်ပြုကြရာတွင်လည်း ခေါင်နှင့်မှ အသိအမှတ်ခိုင်မာစေကြသည်။

အမှုအခင်းဖြေရှင်းရာတွင်လည်းကောင်း၊ သမီးတောင်းရမ်းရာတွင်လည်းကောင်း၊ တောင်ထိပ် ကျောက်ဖျာတင်ပွဲတို့တွင်လည်းကောင်း ခေါင်ရည်ပွဲများဖြင့် တခမ်းတနားအသုံးပြုလေ့ရှိကြ၏။ သို့ကြောင့် ခေါင်ရည်သည် ချင်းမျိုးနွယ်ထု၏ မိရိုးဖလာ ရိုးရာထုံးစံအားလုံး၌ အသုံးချရာ ရိုးရာပစ္စည်းတစ်ခုပင် ဖြစ်ပေသည်။ သေရည်အဖြစ် သတ်မှတ်ပါဝင်သော်လည်း နေရာဒေသအလိုက် မျိုးနွယ်ရိုးရာဓလေ့လျော်ညီစွာ ခွင့်ပြုထားရလေသည်။ ချင်းပြည်နယ်အတွင်း ခေါင်ရည်တည်ခြင်း၊ ရောင်းချခြင်းသည် ယစ်မျိုးဥပဒေကို ချိုးဖောက်ခြင်းမမည်ပေ။ သို့သော် ပြည်မရောက် ချင်းလူမျိုးတို့ကမူ ခေါင်ရည်တည်ခြင်း၊ ရောင်းချခြင်းကို ဥပဒေအရ ခွင့်ပြုချက်မရနိုင်ပေ။ အဘယ်ကြောင့်ဆိုသော်-



"ခေါင်ရည်ဓလေ့သည် လူမျိုးအပေါ်မှီ၍ ခွင့်ပြုထားပေးခြင်း မဟုတ်ဘဲ အတည်ဖြစ်ရာ အရပ်ဒေသအပေါ်မှီ၍ ခွင့်ပြုထားခြင်းကြောင့် ဖြစ်ပေသည်။" ထို့ကြောင့် သာဓကအားဖြင့် ချင်းတောင်ခြေနှင့် အနီးစပ်ဆုံးသော စစ်ကိုင်းတိုင်းအတွင်းရှိ ကလေးမြို့နယ် တာဟန်ရွာမှ ချင်းလူမျိုးတို့က ခေါင်ရည်တည်ခွင့်ကို တရားဝင်တောင်းခံခြင်းအပေါ် နိုင်ငံတော်အစိုးရက ခွင့်မပြုခဲ့ပေ။ ယင်းအကြောင်းကို စာရေးဆရာဟသာင်္ကက 'ထင်းရှူးနံ့သင်းတဲ့ ချင်းတို့မြေ' စာအုပ်တွင် ဖော်ပြရေးသားထားသည်။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# လေးစားထိုက်ပါသည် အောက်ချင်းဇာနည်

ပြင်ဦးလွင်မြို့၊ သစ်တောကျောင်း ၁၉၆၉-၇၁ ခုနှစ်၊ (၆၈) ကြိမ်မြောက် အပတ်စဉ်သင်တန်း နှစ်နှစ်တာကာလတွင် နေ့စဉ် မြင်တွေ့နေခဲ့ရသော ကျောင်းပြတိုက်ထဲရှိ အလှပဆုံး အထင်ရှားဆုံးသော အောက်ချင်းငှက်ကြီးတစ်ကောင်၏ရုပ်သွင်ကို ယနေ့တိုင် မျက်စိထဲတွင် စွဲထင်နေမိသည်။

ထိုစဉ်အချိန်ကတော့ အလွန်လှပကျက်သရေရှိလှသော ငှက်ကြီးတစ်ကောင်ကို ကြည့်၍ကောင်းလှသည်ဆိုသည့် အသိသာ ရှိသည်။ သူ့အကြောင်းကို စေ့စေ့စပ်စပ်မလေ့လာ မစပ်စုမိခဲ့ပေ။ ပြတိုက်ကြီးထဲတွင် ကြက်ငှက် သားရဲတိရစ္ဆာန်မျိုးစုံတို့ကို ပကတိသက်ရှိအတိုင်း တွေ့မြင်ရဘိသကဲ့သို့ သဘာဝကျအောင် တက်စီဒါမီ (Texi dermy) ခေါ် အတတ်ပညာဖြင့် သားရေရုပ်လုံးသွင်းသတ္တဝါန်ပုံဖော်စီမံ ပြသထားခြင်းရှိသည်။ အောက်ချင်းကြီးသည် အကြီးဆုံးနှင့် အလှပဆုံးဖြစ်ပါသည်။ မြန်မာမှုနယ်ပယ်တွင် အောက်ချင်းရင်အောက်၊ ဥကပေါက်သည်၊ တောင်ရောက်နှနယ်၊ သနားဖွယ်ဟူသောစာပိုဒ်များကို တွေ့ရသဖြင့် ရှေးမြန်မာပညာရှင်များ သတိပြုလေ့လာမိသော ငှက်တစ်ကောင်ဖြစ်ပေသည်။

အင်္ဂလိပ်လူမျိုးတို့က ခြင်္သေ့၊ ရုရှားလူမျိုးတို့က လင်းယုန်၊ လာအိုလူမျိုးတို့က ဆင်၊ မြန်မာက ဒေါင်း၊ မွန်တို့က ဟင်္သာ၊ ရှမ်း



တို့က ကျား စသည်ဖြင့် လူမျိုးအသီးသီးတို့၏ အထိမ်းအမှတ်သင်္ကေတများ သတ်မှတ်ထားရှိသကဲ့သို့ အောက်ချင်းငှက်သည် ချင်းတိုင်းရင်းသားတို့၏ အထိမ်းအမှတ်သင်္ကေတဖြစ်ပေသည်။ အောက်ချင်းငှက်မျိုးတွင် ကြီးမားပြီး အောက်ဘက်သို့ကောက်နေသော နှုတ်သီးကြီးရှိသည်။ နှုတ်သီးမာပေါ်၌ အမောက်ကဲ့သို့ဖြစ်နေသည်။ အာရှနှင့် အာဖရိကသစ်တောများတွင် အများဆုံး နေထိုင်ကြသည်။ သစ်ခေါင်းများတွင် ရွှံ့ဖြင့် အသိုက်လုပ်တတ်ကြသည်။ အပေါက်တစ်ခုထဲရှိသော အသိုက်တွင်းရှိ ဥအုသည့်အမကို အဖိုက အစာရှာကျွေးသည်။ သားငယ်များ ကြီးပြင်းသည်အထိ မိခင်သည် အသိုက်ထဲတွင် နေလေ့ရှိသည်။ ညောင်သီး၊ အင်းဆက်ပိုးမွှားများကိုသာ စားသည်ဟူ၍ ငှက်များအကြောင်း လေ့လာစဉ်က ယေဘုယျ သိထားခဲ့ဖူးပေသည်။

ကျောင်းတော်ကြီးမှဆင်းခဲ့ပြီးနောက် သစ်တောဝန်ထမ်းဘဝနှင့် အနယ်နယ်အရပ်ရပ် တောအနှံ့ တောင်အနှံ့ ရောက်ခဲ့ရာတွင် တောစခန်းအသီးသီးတို့၌ ကြက်၊ ငှက် သားကောင်များကို အမဲလိုက်စားသောက်ရာတွင်လည်း ရံဖန်ရံခါ အောက်ချင်းငှက်ကြီးများကိုပါ ချက်စားခဲ့ဖူးပါသည်။ သို့ရာတွင် ၁၉၈၅-၈၆ ခုနှစ် ချင်းပြည်နယ် ချင်းရိုးမတောင်ပေါ်ဒေသ၌ အမှုထမ်းရွက်ခဲ့ရစဉ် ချင်းအမျိုးသားများနှင့် ဘဝချင်းနီးနီးစပ်စပ် နေထိုင်ခဲ့ရာက အောက်ချင်းငှက်ကို ချင်းအမျိုးသား အထိမ်းအမှတ်သင်္ကေတအဖြစ် အလံများတွင် အသုံးပြုရပုံနှင့် အောက်ချင်း၏ မြတ်နိုးတွယ်တာဖွယ်ရာ ဘဝသရုပ်များကို ချင်းတိုင်းရင်းသားတို့၏ ဘဝနှင့်ထင်ဟပ်၍ သိခွင့်ရခဲ့ပေသည်။ အောက်ချင်းငှက်ကြီးများကို ချက်စားသည့်အဖြစ်ကိုလည်း တွေးမိတိုင်း ရင်ထုမနာဖြစ်ခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



## အောက်ချင်း၏ ဘဝသရုပ်စရိုက်လေ့ကို လေ့လာသောအခါ

အောက်ချင်းငှက် (INDIAN PIED HORNBILL) သည် -

(၁) သစ်တောအတွင်း ကျက်စားသောငှက်မျိုးဖြစ်ပြီး ညောင်သီး၊ အင်းဆက်ပိုးမွှားများကိုသာ ရှာဖွေစားသောက်လေ့ရှိသည်။ (သားကြီး၊ ငါးကြီးမစားဟု ဆိုပါသည်။)

(၂) သီးနှံစိုက်ခင်းများကို သူ့အစာရလိုမှုဖြင့် မဖျက်ဆီး၊ ရန်လိုမှုမရှိ၊ သူတို့ဘဝ သူတို့လောကကို ပကတိအေးချမ်းစွာ တည်ဆောက်မွေ့ပျော် နေကြပေ၏။

(၃) အောက်ချင်းတို့သည် တစ်ကောင်တည်းနေလေ့မရှိ၊ မောင်နှံနှစ်ဖော် တွဲစုံတွဲ၍သာ နေလေ့ရှိ၏။

(၄) အကယ်၍ အဖိုသော်လည်းကောင်း၊ အမသော်လည်းကောင်း သေဆုံးသည်ကို မြင်တွေ့ရပြီဆိုလျှင် ကျန်တစ်ကောင်သည် ပူဆွေးသောက ဗျာပါဒကြီးစွာဖြင့် ဆောက်တည်ရာမရ ဖြစ်တော့သည်။ ခေါက်တုံ့လူးလာ ပျားပန်းခတ်မျှ ပျံကာဝဲကာတစာစာဖြင့် အော်မြည်တမ်းလျက် ကောင်းကင်အမြင့်သို့ ပျံတက်သွားပြီးနောက် အတောင်မခတ်တော့ဘဲ၊ မြေပြင်သို့ တစ်ရှိန်ထိုး ထိုးစိုက်ချကာ မိမိကိုယ်ကို အဆုံးစီရင်သွားတတ်သည်များလည်း ရှိပေသည်။

(၅) အမသည် ဥများကိုဝပ်ပြီဆိုလျှင် အဖိုကသာ အစာရှာထွက်ပြီး သားပေါက်သည်အထိ ကျွေးမွေးစောင့်ရှောက်သည်။ ရန်အသွယ်သွယ်မှလည်း မပြတ်ကာကွယ်စောင့်ရှောက်၏။ သားပေါက်ပြီး အပျံသင်ချိန်ကြမှ ဖိုမနှစ်ဖော်နှင့် သားသမီးတစ်စုတို့ တပျော်တပါး ပျံဝဲသွားကြလေ့ရှိပေသည်။ မည်မျှ ချစ်စရာ မြတ်နိုးစရာ လေးစားဖွယ်ရာ ကောင်းပါသနည်း။ သို့ကြောင့်လည်း ချင်းတိုင်းရင်းသားတို့က အောက်ချင်းကို မှတ်တမ်းတင်ကြသည်။



"သစ္စာရှိသော၊ သေတူရှင်မကွာ တိုက်ပွဲဝင်သော၊ ရဲရင့်တည်ကြည်သော၊ မေတ္တာတရားကြီးမားပြီး သစ္စာတရားကို တန်ဖိုးထားသော အောက်ချင်းငှက် (VOKKOK) သည် ချင်းတိုင်းရင်းသားတို့၏ အမျိုးသားအထိမ်းအမှတ် သင်္ကေတဖြစ်သည်။" ဟူ၍ လေးနက်သော အဓိပ္ပာယ်ဖွင့်ဆို ပြဋ္ဌာန်းထားကြပေသည်။

မြန်မာတို့၏ အမျိုးသားအထိမ်းအမှတ် မြန်မာ့ဒေါင်းသည် ဥပဒေအရ ထာဝစဉ် လုံးဝကာကွယ်ထားခဲ့သော ဆောမှုတိရစ္ဆာန်စာရင်းတွင် ပါဝင်ခဲ့သည်။ ယခုအခါ ၁၉၉၄ ခုနှစ်၊ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေအရ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က (၂၆·၁၀·၉၄) ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၅၈၃/၉၄ ဖြင့် အောက်ချင်း၊ အောင်လောင်ငှက်ကြီးများကို ထာဝစဉ် လုံးဝကာကွယ်ထားသော တောရိုင်းတိရစ္ဆာန်စာရင်းတွင် ပြဋ္ဌာန်းထားရှိပြီး ဖြစ်ပေသည်။ လုံးဝကာကွယ်ထားသော တိရစ္ဆာန်ဆိုသည်မှာ လိုင်စင်ဖြင့်ပင် ပစ်ခတ်ဖမ်းဆီးခွင့်မရှိသော တိရစ္ဆာန်ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com

# ကျမ်းကိုးစာရင်း


၁။ ခင်မောင်ဝင်း၊ ဦး -ဗုဒ္ဓ၏ လူမှုရေးတရားတော်များ လှမေ စာပေတိုက်၊ ရန်ကုန်၊ ၁၉၇၅

၂။ သောင်းလွင်၊ ဦး -ချင်းရိုးရာ ချင်းဓလေ့ ပြည်တော်ကျက်သရေပုံနှိပ်တိုက် အမှတ် ၉၁၊ ၂၁ လမ်း၊ ရန်ကုန်၊ ၁၉၆၇

၃။ သိန်းဖေမြင့်၊ ဦး -ချင်းဝိသေသတိုင်း သမိုင်းအစ ဓွဲစာပေ၊ ၁၉၅၊ ၃၃ လမ်း၊ ရန်ကုန်၊

၄။ ဟသ်ာ -ထင်းရှူးနဲ့သင်းတဲ့ ချင်းတို့မြေ စာပေဗိမာန် ပုံနှိပ်တိုက်၊ ၁၉၈၁

၅။ အောင်မွန်၊ မောင် -သားချင်းတို့အကြောင်း တစေ့တစောင်း စာပေဗိမာန်ပုံနှိပ်တိုက်၊ ၁၉၈၅

၆။ ချင်းပြည်နယ် -ပြည်ထဲရေးဝန်ကြီးဌာန၊ ရန်ကုန်၊ ၂၀၀၄

၇။ ချင်းလူမျိုးများသမိုင်း ဖြစ်စဉ်နှင့် ရိုးရာဓလေ့ ထုံးစံများ (အကျဉ်း) -ချင်းသမိုင်း ရှာဖွေပြုစုရေးကော်မတီ ရန်ကုန်၊ ၂၀၀၁

၈။ တိုင်းရင်းသားယဉ်ကျေးမှု ရိုးရာဓလေ့ထုံးစံများ(ချင်း) -မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ဗဟိုကော်မတီဌာနချုပ်၊ ရန်ကုန်၊ ၁၉၇၇

၉။ တပ်မတော်အစိုးရ လက်ထက် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုမှတ်တမ်း (၁၉၈၈ မှ ၃၁.၁၂.၂၀၀၆) -ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေး လုပ်ငန်း၊ ပြန်ကြားရေးဝန်ကြီး ဌာန၊ ရန်ကုန်၊ ၂၀၀၇

၁၀။ မြန်မာ့စွယ်စုံကျမ်း အတွဲ (၂) -စာပေဗိမာန် ပုံနှိပ်တိုက်၊ ရန်ကုန် ၁၉၇၃

၁၁။ ယဉ်ကျေးမှုစာစောင် -ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရန်ကုန် ၂၀၀၅

၁၂။ သိမှတ်ဖွယ်ရာပြည်မြန်မာ -ပြန်ကြားရေးဝန်ကြီးဌာန၊ ရန်ကုန် ၁၉၉၉

၁၃။ မြို့နယ်မှတ်တမ်းများ -ကန်ပက်လက်မြို့နယ် မှတ်တမ်း

၁၄။ ။ -စစ်တုံ့ရွာရာမြို့နယ် မှတ်တမ်း

၁၅။ ။ -ပလက်ဝမြို့နယ် မှတ်တမ်း

၁၆။ ။ -မင်းတပ်မြို့နယ် မှတ်တမ်း

၁၇။ ။ -ဟားခါးမြို့နယ် မှတ်တမ်း

၁၈။ စာစောင်မှတ်တမ်းများ -ပလက်ဝမြို့နယ် ယဉ်ကျေးမှု စာစောင်

၁၉။ ။ -ဟားခါးမြို့နယ် ယဉ်ကျေးမှု စာစောင်

၂၀။ ဌာနဆိုင်ရာအစီရင်ခံစာများ -ကန်ပက်လက်မြို့နယ်၊ သစ်တော ဌာန၊ ကျွန်းသင်းသတ်ခြင်း အစီရင်ခံစာ

၂၁။ ။ -မင်းတပ်မြို့နယ်၊ သစ်တောဦးစီး ဌာန၊ ကျွန်းသင်းသတ်ခြင်း အစီရင်ခံစာ


www.burmeseclassic.com

www.burmeseclassic.com

## ဒေသခံများ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခြင်း

၁။ ဦးပင့်ကို၊ ချင်းပြည်နယ် ရုံးအဖွဲ့မှူး၊ ဟားခါးမြို့

၂။ ဦးတီလ်နှင်း၊ အတွင်းရေးမှူး၊ ပြည်သူ့ကောင်စီ၊ ဟားခါးမြို့

၃။ ဦးဇေခ္ခိုရိုန်း၊ ချင်းပြည်နယ် တရားသူကြီးအဖွဲ့ဥက္ကဋ္ဌ၊ ဟားခါးမြို့

၄။ ဦးစံလှ၊ ဥက္ကဋ္ဌ၊ လဲပုံကျေးရွာ ပြည်သူ့ကောင်စီ၊ ကန်ပက်လက်မြို့

၅။ ဦးမြသောင်း၊ သူကြီးဟောင်း၊ ခေါက်ပုံကျင်းရွာ၊ ကန်ပက်လက်မြို့

၆။ ဦးဟုမ်းတမ်၊ တောခေါင်းကြီး၊ သစ်တောဌာန၊ မင်းတပ်မြို့

၇။ ဦးဟုမ်းအွမ်၊ တောခေါင်းကြီး၊ သစ်တောဌာန၊ မင်းတပ်မြို့

၈။ ဦးမဲကြီး၊ တောခေါင်းကြီး၊ သစ်တောဌာန၊ ကန်ပက်လက်မြို့

၉။ ဒေါ်ရွှေးလျှန်၊ ကျောင်းဆရာမ၊ အ.မ.က၊ ဖလမ်းမြို့

၁၀။ ဦးကြာအောင်၊ မန်းခွဲရွာ၊ ပလက်ဝမြို့နယ်

◊ ◊ ◊ ◊ ◊

BURMESE CLASSIC .com




နတ်ဆရာကဦးဆောင်၍ တောင်တက်ခရီးတစ်ခု သွားရောက်ကြစဉ်



ရိုးရာနားပန်ဖြင့် ချင်းအမျိုးသမီးကြီး

www.burmeseclassic.com

www.burmeseclassic.com



ချင်းကျေးလက်ကျေးရွာတစ်ရွာ၏ရှုခင်း



ချင်းတိုင်းရင်းသားကလေးငယ်များ



ရိုးရာစလေ့ပွဲတော်တစ်ခု၏မြင်ကွင်း



မင်္ဂလာဆောင်ပွဲ ရိုးရာထုံးစံတစ်ခုတွင် သတို့သားသတို့သမီးတို့အား တွေ့ရပုံ

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ရိုးရာဝတ်စုံဖြင့် ချင်းအမျိုးသမီးကြီး




ရိုးရာဝတ်စုံဖြင့် ချင်းအမျိုးသားကြီး

## မှတ်တမ်းတင်ဓာတ်ပုံများ



တွန်းဇံမြို့နယ်သို့အဝင်



ချင်းအမျိုးသမီးသုံး ရိုးရာပုတီးနှင့် လက်ဝတ်ရတနာများ


www.burmeseclassic.com

www.burmeseclassic.com

မင်းတပ်မြို့၌ ဖာသာရ်ဖေလိန်းလေး၏
ရဟန်းသိက္ခာတင်ပွဲ (၃၀.၁၁.၂၀၀၃)



မင်းတပ်မြို့၌ ဖာသာရ်ဖေလိန်းလေး၏ ရဟန်းသိက္ခာတင်ပွဲ
(၃၀.၁၁.၂၀၀၃)



မိသားစုပိုင် ချင်းလိမ္မော်ခြံတွင်းမှ စီးပွားဖြစ်သဘောသီးများ

၁၈လ/၅၈၁/၀၉/စာပေ (စာတည်း)/၁၅၀၀ အုပ်/အောင်ဆန်း

www.burmeseclassic.com